| | play | plays | ကစားသည်။ |
| | obey | obeys | နာခံသည်၊ နားထောင်သည်။ |

4. အထက်မှာ ဖော်ပြထားတဲ့ အချက်တွေကလွဲရင် ကျန်တဲ့ **Verb** တွေကိုတော့ (များသောအားဖြင့်) s ကိုပဲ ထည့်ပေးရပါတယ်။

| | | | |
|---|---|---|---|
| ဥပမာ | sleep | sleeps | အိပ်သည်။ |
| | meet | meets | တွေ့ဆုံသည်။ |
| | open | opens | ဖွင့်သည်။ |
| | shut | shuts | ပိတ်သည်။ |

*Exercise No. (5)*

**Add s, es or ies where necessary.**
**s, es, ies** တို့ကို သင့်သလို ပေါင်းထည့်ပေးပါ။

| | | | |
|---|---|---|---|
| 1. | ပျံသန်းသည် | fly | ........... |
| 2. | နာခံသည် | obey | ........... |
| 3. | ကယ်ဆယ်သည် | save | ........... |
| 4. | ပေးသည် | give | ........... |
| 5. | မြင်သည် | see | ........... |
| 6. | ရယ်မောသည် | laugh | ........... |
| 7. | စောင့်ကြည့်သည် | watch | ........... |
| 8. | ရောက်ရှိသည် | reach | ........... |
| 9. | ကူညီသည် | help | ........... |
| 10. | တူးဆွသည် | dig | ........... |
| 11. | ထားသည်၊ ဥ ဥသည် | lay | ........... |
| 12. | သယ်ဆောင်သည် | carry | ........... |
| 13. | ရောင်းသည် | sell | ........... |
| 14. | ပြိုင်ဆိုင်သည် | match | ........... |
| 15. | (ဆီနှင့်) ကြော်သည် | fry | ........... |
| 16. | (မုန့်) ဖုတ်သည် | bake | ........... |
| 17. | ရပ်တန့်သည် | stop | ........... |
| 18. | (ခွေး) ဟောင်သည် | bark | ........... |
| 19. | တပ်ဆင်သည် | fix | ........... |
| 20. | သွား၍ယူသည် | fetch | ........... |
| 21. | ငိုသည် | cry | ........... |
| 22. | ဖျက်ဆီးသည် | destroy | ........... |
| 23. | (အမြဲ) နေထိုင်သည် | live | ........... |
| 24. | (တည်းခို) နေထိုင်သည် | stay | ........... |
| 25. | ကျီဆယ်သည် | tease | ........... |
| 26. | လျှောက်ထားသည် | apply | ........... |
| 27. | ငြင်းဆိုသည် | deny | ........... |
| 28. | ခွင့်ပြုသည် | allow | ........... |
| 29. | ဖြေဆိုသည် | answer | ........... |
| 30. | လက်ထပ်သည် | marry | ........... |



*Exercise No. (6)*

**Choose the correct form of the verb.**
မှန်ကန်တဲ့ ကြိယာပုံစံကို ရွေးပေးပါ။

1. She (wish, wishes) to learn English.
2. The nurse (watch, watches) the patient in the hospital.
3. Our father (work, works) very hard.
4. He always (try, tries) to come to school on time.
5. U Khin (drive, drives) the car carefully.
6. Phyo Win (study, studies) Physics every day.
7. A bird (fly, flies) very high in the sky.
8. U Kyaw (speak, speaks) softly.
9. Hla Htay (play, plays) football cleverly.
10. My friend (catch, catches) a wild parrot.
11. The flood (destroy, destroys) many houses.
12. The teacher (punish, punishes) the bad boy.
13. The baby (cry, cries) very loudly.
14. Everybody (want, wants) money.
15. She (obey, obeys) her elders.

*Exercise No. (7)*

**Write the correct form of the verbs in brackets.**
ကွင်းထဲမှာရှိတဲ့ ကြိယာရဲ့ပုံစံအမှန်ကို ရေးသားဖြေဆိုပါ။

1. She (play) the piano every night.
2. I also (play) the piano every night.
3. The sun (shine) brightly.
4. Careless boys always (make) mistakes.
5. An honest man never (tell) a lie.
6. The brave soldiers (die) in the battle.
7. We (read) the newspaper every day.
8. He (come) to school by bus.
9. Our aunt (live) in Mandalay.
10. The food (taste) good.
11. Daw Su always (walk) to work.
12. Than Than and her friend (go) to school together.
13. Yin Yin (sell) good cakes.
14. Ni Ni Win Shwe (sing) a sweet song.
15. Daw Aye (love) her husband.

**Verb to do** တွေနဲ့ ရေးတဲ့အခါ **Subject** အနည်းကိန်းဆိုရင် **verb** မှာ **s, es** စသည် ထည့်ပေးရတယ်ဆိုပေမယ့် **I, you** တို့နဲ့တွဲပြီး ရေးတဲ့ကြိယာမှာတော့ (**s, es**) မထည့်ရပါဘူး။ (အခြား ကြိယာ တွေနဲ့ ရေးတဲ့ အခါမှာလဲ ကြိယာအများကိန်းပဲ သုံးရပါတယ်။)

ဥပမာ

1. I ***like*** to study English.
2. You ***tell*** her everything.
3. I ***have*** two brothers.
4. You ***have*** a good book.

**I** တို့၊ **you** တို့နဲ့ ရေးထားတဲ့ဝါကျတွေကို **He** တို့၊ **She** တို့နဲ့ ပြန်ရေးမယ်ဆိုရင်တော့ ကြိယာ အနည်းကိန်းကို သုံးရပါတယ်။ (**s, es** စသည် ထည့်ပေးရပါတယ်။)

ဥပမာ

1. I ***swim*** well.
   He ***swims*** well.



2. You ***have*** a new watch.
   He ***has*** a new watch.
3. I ***am*** very busy today.
   He ***is*** very busy today.
4. You ***are*** a good teacher.
   She ***is*** a good teacher.
5. I ***watch*** television every night.
   She ***watches*** television every night.

*Exercise No. (8)*

**Change each of the sentences below so that it begins with "He" instead of "I".**
အောက်ပါ ဝါကျများတွင် ကတ္တား "I" အစား "He" ဖြင့် ပြန်ရေးပါ။

1. I wash the clothes.
2. I try to understand.
3. I play tennis very often.
4. I prepare my lessons every day.
5. I study English with Lwin Lwin.
6. I am a good student.
7. I am waiting for the bus.
8. I carry my books to school in a bag.
9. I go to the movies very often.
10. I write to them every month.
11. I have time to do it.
12. I keep the money in the pocket.
13. I pass Thein Thein on the street every day.
14. I see Phyu Phyu on the bus every day.
15. I do my homework carefully.

*

Some special points to note are :

1. Old English plurals :
   (a) Formed by adding *en* : *oxen.*
   (b) Formed by change of root vowel : *men, women, feet, mice.*
2. Words ending in *o.* No definite rule can here be given, but it will generally be found, says the *Concise Oxford Dictionary,* that words of which the plural is very commonly used form the plural in *oes,* but those that are still felt to be foreign form the plural in *os* : *potatoes, heroes, echoes* ; *cantos, sopranos, oratorios.*
3. Nouns which have the same form in both singular and plural : *sheep, deer, swine.*
4. Nouns which have two plural forms which differ in meaning : *brothers, brethren* ; *cloths, clothes* ; *dice, dies* ; *pennies, pence* ; *fish, fishes* ; *indexes, indices* ; *geniuses, genii.*
5. Nouns not used in the singular : *shears, trousers, victuals.*
6. Singular Nouns used in the plural : *eaves, alms, riches.*
7. Plural Nouns usually treated as singular : *means, news, tidings, innings, amends.*
8. Compound Nouns usually form their plural by pluralising the most important element : *mothers-in-law, courts-martial, men-of-war, maid-servants.* But some have double plurals ; *lords-justices, knights-templars, men-servants.*
9. Foreign Words often have both an English and a foreign plural. Otherwise, when they have become fully naturalised they take an English plural ; but when not, a foreign plural. Observe particularly the plural forms of *formula* (formulæ, formulas), *agendum* (agenda), *basis* (bases), *hypothesis* (hypotheses), *series* (series), *bandit* (banditti, bandits), *rhinoceros* (rhinoceroses), *genus* (genera), *cherub* (cherubim, cherubs), *analysis* (analyses), *syllabus* (syllabuses), *hippopotamus* (hippopotamuses, hippopotami), *fungus* (fungi, funguses).

*A General Certificate English Course* ( p-36-37 )





# CHAPTER IV

# FORMATION OF THE NEGATIVE

# FORMATION OF THE NEGATIVE
# ငြင်းဆိုဝါကျရေးဖွဲ့နည်း

## VERB TO BE နှင့် ရေးထားသော ဝါကျများအား ငြင်းဆိုဝါကျပြောင်းနည်း

am, is, are စတဲ့ **V/be** တွေပါတဲ့ဝါကျကို ငြင်းဆိုဝါကျအဖြစ် ပြောင်းချင်ရင်တော့ **V/be** နားမှာကပ်ပြီး **not** ထည့်ရပါတယ်။

ဥပမာ
1. He and she ***are*** cousins.
   He and she ***are not*** cousins.
2. He ***is*** a clever boy.
   He ***is not*** a clever boy.
3. The cat ***was*** *sitting* near the fire.
   The cat ***was not*** *sitting* near the fire.

### *Exercise No. (9)*

**Change the following sentences into the negative form.**

ငြင်းဆိုဝါကျပုံစံသို့ပြောင်းပါ။

1. I am very busy now.
2. They are old friends.
3. It is raining.
4. He is an officer.
5. They are having their dinner.
6. She is a beautiful girl.
7. There are many students absent today.
8. It was a good movie.
9. U Nu is a good teacher.
10. Today is a holiday.
11. Her name is Su Su.
12. I am in the eighthstandard.
13. My father is a trader.
14. My father's name is U Than.
15. It was your box.

16. Zaw Zaw was kicking a ball.
17. They were brave soldiers.
18. Yin Yin is waiting for the bus.
19. Kyi Kyi is walking to the door.
20. They are clever school boys.

## VERB TO DO နှင့် ရေးထားသော ဝါကျများအား ငြင်းဆိုဝါကျပြောင်းနည်း

go, eat, sleep စတဲ့ **Verb to do** (Present Tense) တွေနဲ့ ရေးထားတဲ့ဝါကျတွေကို ငြင်းဆိုဝါကျအဖြစ် ပြောင်းချင်ရင်တော့ **do, does** သင့်ရာဖော်ပေးပြီး **not** တွဲထည့်ပေးရပါတယ်။

(do နဲ့ does ရဲ့နောက်ကပ်လိုက်တဲ့ ကြိယာဟာ s, es နဲ့ ယှဉ်တွဲနေတဲ့ ကြိယာပုံစံ မလိုက်ရပါဘူး။ s, es ပါရင် ဖြုတ်ရပါတယ်။)

ဥပမာ
1. He ***studies*** English well.
   He ***does not study*** English well.
2. Ko Lay ***goes*** to the football match.
   Ko Lay ***does not go*** to the football match.
3. We ***drink*** tea every day.
   We ***do not drink*** tea every day.

### *Exercise No. (10)*

**Change the following sentences into the negative form.**
ငြင်းဆိုဝါကျပုံစံသို့ပြောင်းပါ။

1. I do my homework every day.
2. We buy a new car.
3. They speak English well.
4. You hope to see me.
5. The dog wags its tail.
6. They live in Mandalay.
7. The book costs ten kyats.
8. The class begins at 7 o' clock.
9. She brings the book to me.
10. She sings very well.
11. The boys run across the road.
12. The girl walks on the pavement.
13. Daw Nwe teaches the children.



14. The teacher draws a map.
15. The workers paint the wall.
16. I want some books.
17. They live in a small village.
18. We dig a well near the road.
19. The dog chases the cat.
20. The cat climbs up the tree.

Verb to do (**Past Tense**) နဲ့ ရေးထားတဲ့ ဝါကျတွေကို ငြင်းဆိုဝါကျအဖြစ် ပြောင်းချင်ရင်တော့ **did** ဖော်ပေးပြီး၊ **not** တွဲထည့်ပေးရပါတယ်။ **"Past Tense"** ကြိယာကိုလည်း **"Present Tense"** အဖြစ် ပြောင်းရပါတယ်။

ဥပမာ
1. She ***bought*** a longyi yesterday.
   She ***did not buy*** a longyi yesterday.
2. He ***slept*** with us last night.
   He ***did not sleep*** with us last night.
3. The boy ***carried*** the books in a bag.
   The boy ***did not carry*** the books in a bag.

### *Exercise No. (11)*

**Change the following sentences into the negative form.**
ငြင်းဆိုဝါကျပုံစံသို့ပြောင်းပါ။

1. Khin Khin got up late this morning.
2. They watched television last night.
3. It rained heavily last night.
4. He went to his friend's house yesterday.
5. The chairman gave a speech at the meeting.
6. The dog barked at night.
7. She spoke very slowly.
8. I met my old friend yesterday.
9. The cat sat near the fire.
10. The child cut his finger badly.
11. He shut the door and windows.
12. I did my homework last night.
13. She woke up at six o'clock yesterday.

14. They lived in Padauk street.
15. The girls combed their hair.
16. She wore a white blouse yesterday.
17. The teacher cleaned the blackboard.
18. They bought a car last week.
19. The boys sat at the back of the class.
20. Thi Thi put on her school uniform.

## VERB TO HAVE နှင့် ရေးထားသော ဝါကျများအား ငြင်းဆိုဝါကျပြောင်းနည်း

**Verb to have** (has, have, had) မှာ ပိုင်ဆိုင်မှုပြနဲ့ ဆောင်ရွက်မှုပြဆိုပြီး အသုံးနှစ်မျိုး ရှိပါတယ်။

**ပိုင်ဆိုင်မှုပြ Verb to have**

1. She has a pencil.
   သူမမှာ ခဲတံတစ်ချောင်းရှိသည်။
2. He has a dog.
   သူ့မှာ ခွေးတစ်ကောင်ရှိသည်။
3. We have a house.
   ကျွန်ုပ်တို့မှာ အိမ်တစ်လုံးရှိသည်။
4. I have two daughters.
   ကျွန်ုပ်မှာ သမီးနှစ်ယောက်ရှိသည်။

**ဆောင်ရွက်မှုပြ Verb to have**

1. He has a bad cold.
   သူ အအေးမိသည်။
2. She has her lunch.
   သူမ နေ့လယ်စာစားသည်။
3. I have a bad headache.
   ကျွန်တော် ခေါင်းကိုက်သည်။

အဲဒီလို ပိုင်ဆိုင်မှုနဲ့ ဆောင်ရွက်မှုပြ Verb to have တွေကို ငြင်းဆိုဝါကျအဖြစ် ပြောင်းချင်ရင်တော့ **do, does, did** သင့်ရာဖော်ပြပေးပြီး **not** ထည့်ရပါတယ်။

(**do, does, did** ရဲ့နောက်က **have** သာလျှင် လိုက်ရကြောင်း သတိပြုပါ)



ဥပမာ
1. She ***has*** black hair.
   She ***does not have*** black hair.
2. The birds ***have*** wings.
   The birds ***do not have*** wings.
3. He ***had*** a headache.
   He ***did not have*** a headache.

### *Exercise No. (12)*

**Change the following sentences into the negative form.**

ငြင်းဆိုဝါကျပုံစံသို့ပြောင်းပါ။

1. I have a beautiful purse.
2. She has her dinner.
3. Win Win has much money.
4. We have a walk after dinner.
5. Aye Aye has many good friends.
6. She has a bad cold.
7. The elephant has a trunk.
8. They have many relatives in Taunggyi.
9. They have a big garden in front of their house.
10. The monkey has a long tail.
11. He has his copybook with him.
12. I have many friends here.
13. The teacher has many pupils in the town.
14. We have a good time at the party.
15. You have a new fountain pen.
16. They have a new television set
17. The child has a pretty doll.
18. I have five books in my bag.
19. I have one brother and two sisters.
20. The students have their vacation in April.

မှတ်ချက် ပိုင်ဆိုင်မှုပြ Verb to have တွေကို ငြင်းဆိုဝါကျ ပြောင်းတဲ့အခါ Verb to have နားမှာ not ကပ်ထည့်ပေးလို့လည်း ရပါတယ်။

ဥပမာ 1. She ***has*** much money.
She ***has not*** much money.
2. They ***have*** many friends.
They ***have not*** many friends.
3. He ***has*** a new shirt.
He ***has not*** a new shirt.

ဒါကြောင့် ပိုင်ဆိုင်မှုပြ **Verb to have** ကို ငြင်းဆိုဝါကျ ပြောင်းတဲ့အခါ...
(1) **do,does,did** ဖော်ပြီး **not** ထည့်ပေးခြင်းအားဖြင့် ပြောင်းလဲရေးသားလို့ ရသလို
(2) **Verb to have** နားမှာကပ်ပြီး **not** ထည့်ပေးခြင်းအားဖြင့်လည်း ရေးလို့ရပါတယ်။
နှစ်မျိုးပြောင်းလို့ ရတာပေါ့။

ဥပမာ 1. She ***has*** black hair.
She **does not have** black hair.
She **has not** black hair.
2. He **has** a book.
He **does not have** a book.
He **has not** a book.

ဆောင်ရွက်မှုပြ Verb to have တွေကိုတော့ အထက်မှာ ဖော်ပြခဲ့တဲ့ ပုံစံအတိုင်း (do, does, did ဖော်ပြပေးပြီး) တစ်မျိုးပဲ ပြောင်းလို့ရပါတယ်။

ဒီနေရာမှာလည်း အမေရိကန်သုံး အင်္ဂလိပ်စာနဲ့၊ အင်္ဂလန်ပြည်သုံး အင်္ဂလိပ်စာ (American Usage and English Usage) ကွဲပြားပုံကို သတိပြုရပါမယ်။ အမေရိကန်သုံးဆိုရင်တော့ အမြဲတမ်းလိုလို (do, does, did) ဖော်ပြီးမှ ငြင်းဆိုဝါကျ ပြောင်းလေ့ရှိပါတယ်။

❀

***AMERICAN USAGE***

**American usage is different. Americans would not treat "have" as a special finite in these nagative or interrogative sentences. They would say -**

- **How many brothers and sisters *do you have*?**
- **You *don't have* much room here.**
- **He *doesn't have* a lot of time to spare.**
- ***Does* your sister *have* blue eyes or brown eyes?**
- **We *don't have* much money but we do see life.**



AMERICAN USAGE

American usage is different. Americans would not treat "have" as a special finite in these negative or interrogative sentences. They would say –

- How many brothers and sisters *do you have*?
- You *don't have* much room here.
- He *doesn't have* a lot of time to spare.
- *Does* your sister *have* bl · eyes or brown eyes?
- We *don't have* much money but we do see life.

ENGLISH USAGE

When it is "(HAVE)" used as a full verb, it sometimes, but not always, behaves like a special finite, for example *forming its interrogative "by inversion"* and its *negative simply by adding "not"*.

It behaves like a special finite when it is denoting possession.

- How many brother and sisters *have you*?
- You *haven't* much room here.
- He *hasn't* a lot of time to spare.
- *Has* your sister blue eyes or brown eyes?
- We *haven't* much money, but we do see life.

It does not behave like a special finite when it has meanings other than "possession"., e.g.

- *Did* you *have* (= receive) a letter from home this morning?
- *I didn't have* (= eat) any breakfast this morning.
- Did you have (= drink) tea or coffee for breakfast?
- *I don't have* (=find, experience) much difficulty with English grammar.
- *Did* you *have* (= experience, enjoy) a good time at the dance last night?

*A COMPREHENSIVE ENGLISH GRAMMAR (PAGE 194-195)*
*C. E. ECKERSLEY and J. M. ECKERSLEY*

## PERFECT TENSE နှင့် ရေးထားသော ဝါကျများအား ငြင်းဆိုဝါကျပြောင်းနည်း

Verb to have ကို **ed / en (V3)** တွေနဲ့ ပေါင်းစပ်ပြီးရေးရင် **Perfect Tense** လို့ ခေါ်ပါတယ်။

ဥပမာ 1. She ***has eaten*** rice.
သူမ ထမင်းစားပြီးပြီ။
2. They ***have bought*** a car.
သူတို့ ကားတစ်စီး ဝယ်ပြီးပြီ။
3. We ***have sold*** the house.
ကျွန်ုပ်တို့အိမ်ကို ရောင်းပြီးပြီ။

အဲဒီလို Perfect Tense နဲ့ ရေးထားတဲ့ဝါကျတွေကို ငြင်းဆိုဝါကျအဖြစ် ပြောင်းချင်ရင် တော့ **Verb to have** နားမှာကပ်ပြီး **"not"** ထည့်ရပါတယ်။

ဥပမာ
1. He ***has studied*** English for five years.
   He ***has not studied*** English for five years.
2. I ***have been*** in this school since 1985.
   I ***have not been*** in this school since 1985.
3. Kyaw Kyaw ***has ridden*** a bicycle since last year.
   Kyaw Kyaw ***has not ridden*** a bicycle since last year.

*Exercise No. (13)*

**Change the following sentences into the negative form.**

အောက်ပါဝါကျများကို ငြင်းဆိုဝါကျပုံစံသို့ပြောင်းပါ။

1. John has lived in that house for many years.
2. She has been sick since Wednesday.
3. I have seen that movie since Monday.
4. They have visited Mandalay three times.
5. I have done my homework.
6. He has read that novel several times.
7. We have learnt many new words in this course.
8. They have looked everywhere for the thief.
9. They have travelled all over Asia.
10. It has rained all day long.
11. He has finished his work since 3 o'clock.
12. He has worked very hard.
13. I have known this girl for a long time.
14. She has been our class teacher since July.
15. They have been married for ten years.
16. We have been waiting here a long time.
17. Father has returned home recently.
18. We have used this Grammar book for three years.
19. I have been sick since yesterday.
20. They have been discussing the matter all day long.



## Will, Shall စသည့် အကူကြိယာများနှင့် ရေးထားသော ဝါကျများအား ငြင်းဆိုဝါကျပြောင်းနည်း

**Will, would, shall, should, can, could, may, might, must** စတဲ့ အကူကြိယာတွေပါတဲ့ဝါကျတွေကို ငြင်းဆိုဝါကျအဖြစ် ပြောင်းချင်ရင်တော့ အကူကြိယာနားမှာ **not** ထည့်ရပါတယ်။

ဥပမာ
1. She ***will buy*** a car next year.
   She ***will not buy*** a car next year.
2. We ***should do*** our homework every day.
   We ***should not do*** our homework every day.
3. She ***can sing*** a song.
   She ***cannot sing*** a song.
4. I ***can tell*** you the truth.
   I ***cannot tell*** you the truth.

(**cannot** ကို တွဲရေးရတယ်ဆိုတာ သတိပြုပါ။)

CANNOT is one word, unless you want to emphasize the *not* very strongly, when it is two words. CAN'T is pronounced ka:nt. There is also the noun and regular verb *cant* (pronounced *kant*), meaning *tilt*.

*NOTES ON LEARNING ENGLISH (PAGE. 32)*
*RALPH COOKE*

The Negative of these special verbs is very easy. We put "not" after the special verb, e.g.,

| | |
|---|---|
| He *must* work hard - | He *must not* be lazy.<br>He *mustn't* be lazy. |
| She *will* visit Sydney - | She *will not* visit Perth.<br>She *won't* visit Perth. |
| He *can* speak English - | He *cannot* speak Chinese.<br>He *can't* speak Chinese. |

Note: When we write we usually write "cannot" instead of "can not". When we write we do not join "not" to the other special verbs. When we speak, we use the short forms "can't, mustn't," etc ...

*MODERN ENGLISH (PAGE. 2)*
*NEILE OSMAN*

> *can, could* and *cannot* are followed by an infinitive without to.
>
> I *can* row.
>
> He *cannot* walk well.
>
> *A GUIDE TO CORRECT ENGLISH (PAGE. 317-318)*
> *L. A. HILL*

*Exercise No. (14)*

**Change the following sentences into the negative form.**

အောက်ပါဝါကျများကို ငြင်းဆိုဝါကျပုံစံသို့ပြောင်းပါ။

1. He will be back on Tuesday.
2. You should spend more time on your lessons.
3. The train will arrive soon.
4. She can make good cakes.
5. She will telephone us later.
6. You should study more.
7. I will be ready soon.
8. The weather will be fine tomorrow.
9. They will sign the contract the next day.
10. The meeting will last an hour.
11. They should look after the old parents.
12. She will like to watch television.
13. Our father will be back in the evening.
14. We will need some warm clothes there.
15. The teacher will teach us English grammar.
16. We can see some good shows in Mandalay.
17. She will have some pretty dresses in that shop.
18. They should like to listen to the radio.
19. I will buy some stamps at the post office.
20. There will be some good seats in the front of the theatre.



## မေးခွန်း၊ ငြင်းဆိုဝါကျများနှင့်ပတ်သက်၍ SOME နှင့် ANY ၏ အသုံး

some = အချို့၊ အနည်းငယ်

any = တစ်စုံတရာ၊ တစ်ခုခု၊ အနည်းငယ်

အဲဒီစကားလုံး (၂) လုံးရဲ့ မြန်မာအဓိပ္ပာယ်ကိုကြည့်ရင် တူသလိုလိုရှိပေမယ့် အင်္ဂလိပ်လို ရေးတဲ့အခါမှာတော့ အသုံးမတူပါဘူး။ (အခြေခံအဆင့်အနေနဲ့ ရှင်းရရင်တော့...)

some = ကို (affirmative statement) ရိုးရိုးဝါကျတွေမှာ သုံးရပါတယ်။

any = ကို (negatives) ငြင်းဆိုဝါကျတွေနဲ့ (questions) မေးခွန်းဝါကျတွေမှာ သုံးရပါတယ်။

ဥပမာ
- I have ***some*** money with me.
- I don't have ***any*** money with me.
- Do you have ***any*** money with you?

> *Some* is usually used in affirmative sentences, *any* in negative and interrogative ones.
>
> I have *some* books.
> I haven't *any* books.
> Have you *any* books?
>
> *A GUIDE TO CORRECT ENGLISH (PAGE. 219)*
> *L. A. HILL*

*Exercise No. (15)*

**Insert *some* or *any* where required.**

**some (သို့) any** သင့်တော်ရာဖြင့်ကွက်လပ်ဖြည့်ပါ။

1. I have .......... new magazines with me.
2. I didn't have .......... time to prepare my homework yesterday.
3. Phyu Phyu has .......... pretty dresses.
4. Are there .......... flowers in the vase?
5. Do you have .......... time to study your lessons?
6. We saw .......... policemen on the street.
7. He gave Htwe Htwe .......... money to buy rice.
8. I can't eat .......... more food.
9. He wants .......... more pudding.
10. She asked me for .......... flowers, but I can't find .......... .

ရိုးရိုးဝါကျ (အဟုတ်ဝါကျ) **Positive sentence** တွေမှာ **some** ကို သုံးကြောင်း၊ ငြင်းဆိုဝါကျ (မဟုတ်ဝါကျ) **Negative sentence** နဲ့ မေးခွန်းဝါကျ (**Question**) တွေမှာ any ကိုသုံးကြောင်း အပေါ်မှာ ရှင်းပြခဲ့ပြီး ဖြစ်ပါတယ်။

ထို့နည်းအတိုင်းပါပဲ...

| | | |
|---|---|---|
| တစ်ယောက်ယောက် | - | somebody, anybody |
| တစ်ယောက်ယောက် | - | someone, anyone |
| တစ်စုံတရာ၊ တစ်ခုခု | - | something, anything |
| တစ်နေရာရာ | - | somewhere, anywhere, etc.. |

စသည်တို့ကိုလည်း (some နဲ့ any အသုံးပြုပုံအတိုင်း) ရေးသားရပါတယ်။

There is ***something*** wrong with the telephone.
Is there ***anything*** wrong with the telephone?
There isn't ***anything*** wrong with the telephone.

## သတိပြုဖို့

အထက်မှာ ရှင်းပြခဲ့တဲ့၊ ရိုးရိုးဝါကျမှာ some ကိုသုံးပြီး မေးခွန်းဝါကျနဲ့ ငြင်းဆိုဝါကျမှာ any ကိုသုံးရတယ်ဆိုတာက၊ အခြေခံအဆင့်မှာသာဖြစ်ပါတယ်၊ ပုံသေမှတ်မထားရပါဘူး။

အသုံးအနှုန်း usage အရ၊ အဲဒီစကားလုံး နှစ်လုံးစလုံးကို သင့်သလို ရိုးရိုးဝါကျ၊ ငြင်းဆိုဝါကျ၊ မေးခွန်းဝါကျတွေမှာ ထည့်သွင်းရေးသားနိုင်ပါတယ်။

> We use both words in affirmatives, negatives and questions.
>
> *NOTES ON LEARNING ENGLISH (PAGE. 50)*
> *RALPH COOKE*

### *Exercise No. (16)*

**Choose the correct word.**

မှန်ကန်သော စကားလုံးကို ရွေးချယ်ပေးပါ။

1. Is there (somebody, anybody) who can help the poor woman?
2. He promised that he would not speak to (someone, anyone).
3. She did not say (something, anything) to me about it.
4. Su Su told me (something, anything) about her new neighbours.
5. Is there (something, anything) in your box?
6. Ni Ni left her umbrella (somewhere, anywhere) in the shop.
7. I am sure that he won't go (somewhere, anywhere).
8. I saw (someone, anyone) on the road with Thi Thi.
9. Is there (someone, anyone) at the door?
10. Is there (something, anything) else more?



11. There isn't (something, anything) else more.
12. Is there (somebody, anybody) here?
13. Are you going (somewhere, anywhere) tomorrow?
14. There was (something, anything) that I wanted to show you.
15. Th-re's (somebody, anybody) who wants to speak to you.
16. I am sure I have seen him (somewhere, anywhere).
17. You will find your book (somewhere, anywhere) in the other room.
18. I want to go (somewhere, anywhere) quiet. It must be (somewhere, anywhere) near here.
19. It needs (somebody, anybody) younger and stronger.
20. I'm hungry. I want (something, anything) to eat.

### *Exercise No. (17)*

**Make the following sentences into (a) negative forms (b) interrogative forms.**

အောက်ပါဝါကျများကို (က) ငြင်းဆိုဝါကျပုံစံ၊ (ခ) မေးခွန်းဝါကျပုံစံ များသို့ ပြောင်းပါ။

1. There is some news.
2. There are some pictures on the wall.
3. She has some pencils.
4. They have some new books.
5. We want some paper.
6. He knows something.
7. She will buy some magazines.
8. He must sell some old books.
9. She gave him some sugar.
10. She put some more sugar in the tea.
11. They bought some magazines yesterday.
12. I saw some soldiers on the corner.
13. There were some flowers in the vase.
14. She wrote some letters yesterday.
15. I can do something soon.
16. We saw somebody in the park with Wai Mar.
17. There is someone at the door.
18. He will put his box somwhere in this house.
19. He should tell somebody about it.
20. The doctor gave her somthing for her headache.

## 115 *Some* and *any*

1 We use *some* and *any* before plural nouns and uncountable nouns to talk about an indefinite quantity:

*some letters* — *any letters*
*some money* — *any money*

2 In general, we use *some* mostly in affirmative sentences and *any* mostly in negative sentences.

| | |
|---|---|
| *There are **some** letters for you.* | *There aren't **any** letters for you.* |
| *I've got some money.* | *I haven't got **any** money.* |

But see 3, 4 and 6 below.

3 We use *any* after words with a negative meaning eg *without, never, seldom, rarely, hardly.*

*I found a taxi **without** any trouble.*
*You **never** do any homework.*
*There are **hardly** any eggs left.*

4 We can use *some* or *any* after *if.*

*If you need some/any money, tell me.*

5 We normally use *any* in 'open' questions (when we do not expect a particular answer).

*Have you got any writing paper?*
*Is there any tea in the cupboard?*

But we often use *some* in questions when we expect people to say 'yes'.

*Have you got some paper I could have, please?* (I think you have got some paper; I expect you to say 'yes')

We also use *some* in questions when we want to encourage people to say 'yes', for example in requests and offers.

*'Can you let me have some paper?'* *'How much do you want?'*
*'Would you like some more tea?'* *'Oh, yes, please.'*

6 We can also use *any* to mean 'it doesn't matter which' or 'whichever you like'.

*You can get the tickets from any travel agency.*
*I can come and see you any day next week.*

7 We also use *some* (with the strong pronunciation /sʌm/) to make a contrast.

*Some people like lying in the sun, others don't.*

The Heinemann **English Grammar** ⟨ P 176 177 ⟩



# CHAPTER V

# SHORT FORM NEGATIVE

# SHORT FORM NEGATIVE
## အတိုကောက်၊ အကျဉ်းချုံး၊ ငြင်းဆိုဝါကျပုံစံ

is not, are not, will not, shall not, have not, do not, does not စသည်ဖြင့် ကြိယာအမျိုးမျိုးကို ငြင်းဆိုဝါကျအဖြစ် ပြောင်းလဲတတ်ခဲ့ပြီ။

အဲဒီကြိယာလေးတွေကို အတိုကောက် ငြင်းဆိုပုံစံနဲ့ ရေးချင်ရင်တော့ ဒီလိုရေးရပါတယ်။

| | | | |
|---|---|---|---|
| 1. | am | am not | (I)'m not |
| 2. | is | is not | isn't |
| 3. | are | are not | aren't |
| 4. | was | was not | wasn't |
| 5. | were | were not | weren't |
| 6. | have | have not | haven't |
| 7. | has | has not | hasn't |
| 8. | had | had not | hadn't |
| 9. | do | do not | don't |
| 10. | does | does not | doesn't |
| 11. | did | did not | didn't |
| 12. | shall | shall not | shan't |
| 13. | should | should not | shouldn't |
| 14. | will | will not | won't |
| 15. | would | would not | wouldn't |
| 16. | can | cannot | can't |
| 17. | could | could not | couldn't |
| 18. | may | may not | mayn't |
| 19. | might | might not | mightn't |
| 20. | must | must not | mustn't |
| 21. | ought | ought not | oughtn't |
| 22. | need | need not | needn't |
| 23. | dare | dare not | daren't |
| 24. | used | used not | usedn't |

### *Exercise No. (18)*

**Change the following sentences into the negative form. Use contracted forms only.**

အတိုကောက်၊ အကျဉ်းချုံးပုံစံကိုသုံး၍ ငြင်းဆိုဝါကျပုံစံ ပြောင်းပါ။

1. I am fifteen years old.
2. I have many friends.
3. I have my lunch with my family.
4. I will go to school tomorrow.
5. I went to school yesterday.
6. I go to school every day.
7. She is my dearest friend.
8. She has long hair.
9. She has her dinner with her friends.
10. She writes a letter to me.
11. She wrote a letter to me.
12. She can write a letter to me.
13. We are good students.
14. We must study our lessons regularly.
15. We telephoned him yesterday.
16. They have painted their house green.
17. They watch television every night.
18. They may tell us about their trip.
19. He could drink a lot of wine at the party.
20. He was absent from school yesterday.

**CONTRACTIONS**

Contractions of verb forms are frequently used in English especially in spoken English. Such contractions are difficult for the foreign student and are often avoided. The student, however, should practice contractions and cultivate them in his speech, because they are of particular importance in the establishment of correct intonation patterns.

*GRADED EXERCISES (PAGE. 56)*
*R. J. DIXSON*



# CHAPTER VI

# SHORT FORM AFFIRMATIVE

# SHORT FORM AFFIRMATIVE
# အတိုကောက်၊ အကျဉ်းချုံး၊ ရိုးရိုးဝါကျပုံစံ

အင်္ဂလိပ်စကားပြော (Spoken English) ကို ပါးစပ်ကပြောတဲ့အခါနဲ့၊ Dialogue အပြန်အလှန် စကားပြောပုံများကို စာနဲ့ရေးသားဖော်ပြတဲ့အခါ၊ တချို့ စကားလုံးလေးတွေကိုဖျောက်ပြီး စာလုံးချင်းပေါင်းစပ် အတိုကောက်၊ အကျဉ်းချုံးပြီး ပြောဆိုရေးသားရပါတယ်။

ဘယ်လို အကျဉ်းချုံးပြီး အတိုကောက် ရေးသားရတယ်ဆိုတာကို သတိပြုလေ့လာထားသင့်ပါတယ်။

| | | | |
|---|---|---|---|
| 1. | I am | = | I'm |
| 2. | I will | = | I'll |
| 3. | I have | = | I've |
| 4. | I had | = | I'd |
| 5. | I would (should) | = | I'd |
| 6. | We are | = | We're |
| 7. | We will (shall) | = | We'll |
| 8. | We have | = | We've |
| 9. | We had | = | We'd |
| 10. | We would (should) | = | We'd |
| 11. | He is | = | He's |
| 12. | She is | = | She's |
| 13. | It is | = | It's |
| 14. | He will | = | He'll |
| 15. | She will | = | She'll |
| 16. | It will | = | It'll |
| 17. | He has | = | He's |
| 18. | She has | = | She's |
| 19. | It has | = | It's |
| 20. | They are | = | They're |
| 21. | They have | = | They've |
| 22. | They will | = | They'll |
| 23. | Win Win is | = | Win Win's |
| 24. | Min Min has | = | Min Min's |
| 25. | Thin Thin will | = | Thin Thin'll |
| 26. | Someone is | = | Someone's |
| 27. | Someone has | = | Someone's (etc....) |

### သတိပြုရန် (၁)

**I'd, We'd** တို့ရဲ့နောက်က (**ed/en V3**) လိုက်ရင် **I had, We had** ကို (အတို) အကျဉ်းချုံးထားကြောင်း သတိပြုပါ။

**I'd, We'd** ရဲ့နောက်က (**Present Tense V1**) လိုက်ရင် **I would, We would** ကို (အတို) အကျဉ်းချုံးထားကြောင်း သတိပြုပါ။

ဥပမာ

- I'd ***eaten*** rice. = I ***had eaten*** rice.
- I'd ***give*** you some money. = I ***would give*** you some money.
- We'd ***done*** our homework. = We ***had done*** our homework.
- We'd ***do*** our homework. = We ***would do*** our homework.

### သတိပြုရန် (၂)

He's = He is, He has

She's = She is, She has

နှစ်မျိုးဖြစ်နိုင်ပါတယ်။ နောက်ကလိုက်တဲ့ ကြိယာအမျိုးအစားကိုကြည့်ပြီး ခွဲခြားရပါတယ်။

ဥပမာ

1. He's ***writing*** a letter. = He is ***writing*** a letter. (continuous)
2. He's ***written*** a letter. = He ***has written*** a letter. (Perfect)
3. He's ***beaten*** by the teacher. = He ***is beaten*** by the teacher. (Passive)

### သတိပြုရန် (၃)

He'd = He had, He would

She'd = She had, She would

နှစ်မျိုးဖြစ်နိုင်ပါတယ်။ နောက်ကလိုက်တဲ့ ကြိယာအမျိုးအစားကိုကြည့်ပြီး ခွဲခြားရပါတယ်။

She'd ***tell*** the truth. = She ***would tell*** the truth.

She'd ***told*** the truth. = She ***had told*** the truth.



*Exercise No. (19)*

**Change the following to contracted form.**

(အတိုကောက်) အကျဉ်းချုံးပုံစံသို့ ပြောင်းလဲရေးသားပါ။

1. She ***will*** call me tomorrow.
2. I ***shall*** be glad to be there.
3. ***He is*** a new student.
4. ***It is*** on the floor.
5. ***They are*** taking a walk in the park.
6. ***I am*** reading the newspaper now.
7. ***You had*** better hurry up. *It is* going to rain in a moment.
8. ***I will*** tell you what really happened.
9. I ***do not*** think ***he is*** telling the truth.
10. ***Do not*** open the window. ***It is*** very cold.
11. If I tell him, ***he will*** be hurt and angry.
12. If he ***had not*** been driving so fast, ***he would not*** have lost control of the car.
13. ***She does not*** know that her brother is arrested.
14. I think ***I had*** better do it just in time.
15. He ***should not*** have drunk so much.
16. If he ***had not*** been drunk, he ***would not*** have bumped against the tree.
17. He ***did not*** know that he was going to hit the bus stop.
18. He ***did not*** want to eat anything.
19. My ***name is*** Thuzar.
20. ***I have*** been working in this office for the past three years.
21. ***She has not*** got any experience in teaching.
22. ***Who is*** sitting in front of the class?
23. ***I am*** watching a television programme.
24. ***I have*** never done this sort of work.
25. ***I will*** tell you what I see. I **will not** tell you what I think.
26. I hope ***you will*** excuse me for being late.
27. ***We have*** known for hundreds of years that the earth is round.
28. ***What is*** this? ***It is*** the map of America.
29. ***Who is*** singing a song?
30. ***Where is*** he hiding the book?
31. ***That is*** very kind of you but you ***need not*** bother.
32. Why ***did*** you ***not*** go to school?

33. ***It is*** very small, ***is not*** it?
34. ***You are*** too young. You ***cannot*** understand it.
35. It ***does not*** rain enough. The plants ***do not*** grow properly.

❀❀❀

*Exercise No. (20)*

**Change the following to contracted form.**

အတိုကောက် အကျဉ်းချုံးပုံစံသို့ ပြောင်းလဲရေးသားပါ။

1. ***Let us*** study our lessons.
2. ***Let us*** go to the theatre this evening.
3. The ***sun is*** hot. The ***weather is*** rather unpleasant now.
4. I ***would not*** do that if I were you.
5. ***What is*** the name of your friend?
6. ***Who is*** there? ***It is*** your friend, Aung Aung.
7. ***There is*** a quarrel between Ko Ko and Ni Ni.
8. ***She has*** done the work of a whole day.
9. ***She is*** very tired now.
10. ***Did I not*** give you any money yesterday?
11. Why ***do*** you ***not*** go to the post office to buy stamps?
12. I ***have not*** any time to do this.
13. ***You are*** expecting someone to call, ***are not*** you?
14. ***Will*** you ***not*** have any more cake?
15. ***Have*** I ***not*** given any money this week?
16. He ***ought not*** to make such a mistake.
17. ***She is*** making tea for the guests.
18. ***She has*** washed her clothes.
19. ***Do not*** ask for another book if you ***have not*** finished this one.
20. ***It is*** quite definite ***I shall not*** buy it at that price.

❀❀❀

# CHAPTER VII



# FORMATION OF THE INTERROGATIVE

# FORMATION OF THE INTERROGATIVE
# မေးခွန်းဝါကျ ရေးဖွဲ့နည်း

**VERB TO BE နှင့် ရေးထားသောဝါကျများအား မေးခွန်းဝါကျပြောင်းနည်း**

am, is, are, was, were စသည်တို့ကို **Verb to be** လို့ ခေါ်ပါတယ်။ **V/be** နဲ့ ရေးထားတဲ့ ဝါကျတွေကို မေးခွန်းဝါကျအဖြစ် ပြောင်းချင်ရင် **V/be** ကို ဝါကျရဲ့ရှေ့သို့ ပို့ရပါတယ်။ ဥပမာ

1. ***She is*** a beautiful girl.
   ***Is she*** a beautiful girl?
2. ***They are*** brothers.
   ***Are they*** brothers?

*Exercise No. (21)*

**Change the following sentences into the question form.**

အောက်ပါဝါကျများကို မေးခွန်းဝါကျပုံစံပြောင်းပါ။

1. He is an excellent student.
2. She is a good cook.
3. He is studying to be a lawyer.
4. He is an American.
5. There is a book on the table.
6. Mary is angry with you.
7. They were interested in playing tennis.
8. They are both good students.
9. The exercises are easy for me.
10. There are two lamps in the room.
11. There are four windows in this room.
12. There is something in the bottle.
13. There are many flowers in the garden.
14. The garden is five minutes' walk.
15. It is the front of the book.

16. That is the back of a car.
17. She was writing with a pen.
18. Htay Htay is helping her mother.
19. There was some grass in the garden.
20. This girl is taller than that boy.

## VERB TO DO နှင့် ရေးထားသောဝါကျများအား မေးခွန်းဝါကျပြောင်းနည်း

go, eat, sleep စတဲ့ **Verb to do (Present Tense)** နဲ့ ရေးထားတဲ့ ဝါကျကို မေးခွန်းဝါကျအဖြစ် ပြောင်းချင်ရင်တော့ သင့်တော်သလို **Do** (သို့) **Does** တစ်လုံး ဖော်ပေး ရပါတယ်။

**ဥပမာ**

1. She ***goes*** to school.
   ***Does*** she ***go*** to school?
2. She ***buys*** a car.
   ***Does she buy*** a car?
3. They ***play*** tennis.
   ***Do they play*** tennis?

**မှတ်ချက်။** Do, Does နောက်ကလိုက်တဲ့ ကြိယာဟာ ဘယ်တော့မှ s, es ပါတဲ့ အနည်းကိန်း ကြိယာ မဖြစ်ရပါဘူး။ s, es မပါတဲ့ simple present tense အများကိန်းဖြစ်ဖို့ လိုပါတယ်။ ဒါကြောင့် goes, buys အစား go နဲ့ buy ပြောင်းရတာ သတိပြုပါ။

### *Exercise No. (22)*

**Change the following sentences into the question form.**

1. He comes to class on time.
2. They live on the second floor.
3. Their father smokes very much.
4. She studies her lessons regularly.
5. Mya Mya brings her sister to school.
6. John speaks English very clearly.



7. Soe Soe plays the piano very well.
8. This new pen writes very well.
9. He makes many mistakes in spelling.
10. She spends much money on clothes.
11. That house belongs to her.
12. This road leads to Mandalay.
13. I prefer the summer holidays.
14. She often cooks the meal.
15. He drives a car to school.
16. Dogs make better pets than cats.
17. The boys play football every day.
18. The men go to work daily.
19. The neem leaf tastes bitter.
20. The little children often cry.

**Verb to do (Past Tense)** နဲ့ ရေးထားတဲ့ဝါကျတွေကို မေးခွန်းဝါကျအဖြစ် ပြောင်းချင်ရင်တော့ **Did** ဖော်ပေးရပါတယ်။ **Past Tense** ကြိယာကိုလည်း **Present Tense** အဖြစ် ပြောင်းပေးရပါတယ်။

**ဥပမာ**

1. She ***went*** to school.
   ***Did*** she ***go*** to school?
2. They ***killed*** a mad dog.
   ***Did*** they ***kill*** a mad dog?

### *Exercise No. (23)*

**Change the following sentences into the question form.**

1. The doctor gave her the pills to take.
2. He bought some stamps at the post office.
3. We saw an accident yesterday.
4. U Lwin told us something about his trip.
5. I left my umbrella on the table.
6. Mother gave us something to eat.
7. She answered the phone.

8. They brought me a present.
9. The villagers caught the thief after a long search.
10. Zaw Zaw rode his bicycle to school yesterday.
11. U Khin taught them English.
12. She won the first prize last year.
13. The headmaster wanted to speak to your father.
14. They sold the old house last week.
15. The hunter told his followers to follow him.
16. He ate more than he needed.
17. I met him two days ago.
18. The girl did the homework yesterday.
19. We watched television last night.
20. The boys enjoyed the football match yesterday.

## VERB TO HAVE နှင့် ရေးထားသောဝါကျများအား မေးခွန်းဝါကျပြောင်းနည်း

**Verb to have (has, have, had)** မှာ ပိုင်ဆိုင်မှုပြ **Verb to have** နဲ့ဆောင်ရွက်မှုပြ **Verb to have** လို့ဆိုပြီး အသုံးနှစ်မျိုးရှိပါတယ်။

**ပိုင်ဆိုင်မှုပြ Verb to have**

| | |
|---|---|
| I have many books. | ကျွန်ုပ်မှာ စာအုပ်များစွာရှိသည်။ |
| She has a dog. | သူ(မ)မှာ ခွေးတစ်ကောင်ရှိသည်။ |
| They have a car. | သူတို့မှာ ကားတစ်စီးရှိသည်။ |
| He has many toys. | သူ့မှာ အရုပ်များစွာရှိသည်။ |

**ဆောင်ရွက်မှုပြ Verb to have**

| | |
|---|---|
| She has her dinner. | သူ(မ) ညစာစားသည်။ |
| I have a dream. | ကျွန်ုပ် အိပ်မက်မြင် မက်သည်။ |
| They have a walk. | သူတို့ လမ်းလျှောက်သည်။ |

အထက်မှာ ဖော်ပြခဲ့တဲ့ ပိုင်ဆိုင်မှုနဲ့ ဆောင်ရွက်မှုပြ **Verb to have** တွေကို မေးခွန်းဝါကျအဖြစ် ပြောင်းချင်ရင်တော့ **Do, Does, Did** သင့်တော်ရာ တစ်လုံးလုံး ဖော်ပေးရတယ်။ **Do, Does, Did** ရဲ့နောက်က have တစ်လုံးသာ လိုက်ခွင့်ရှိကြောင်း သတိပြုပါ။



ဥပမာ

1. She ***has*** much money.
   ***Does she have*** much money?
2. He ***has*** his dinner.
   ***Does he have*** his dinner?
3. The girl ***has*** white teeth.
   ***Does the girl have*** white teeth?
4. He ***had*** many friends.
   ***Did he have*** many friends?
5. She ***had*** much money.
   ***Did she have*** much money?

### *Exercise No. (24)*

**Change the following sentences into the question form.**

1. He has a pretty cat.
2. He has a drink.
3. They have many friends.
4. Cats have bright eyes.
5. Cho Pyone has beautiful lips.
6. This room has four windows.
7. I have a red car.
8. Yin Yin has her breakfast.
9. She has one sister and two brothers.
10. The sky has many stars tonight.
11. I have five kyats in my pocket.
12. He has an orange after lunch.
13. Kyaw Thu has a cup of coffee for breakfast.
14. The boy has a book and a pencil.
15. The dog has something to eat.
16. The little boy has some cakes.
17. The tree has some leaves.
18. The patient has a bad cold.
19. I have two brothers.
20. The children have a bath.

**မှတ်ချက်။** ပိုင်ဆိုင်မှုပြ **V/have** နဲ့ရေးထားတဲ့ ဝါကျကို မေးခွန်းဝါကျပြောင်းတဲ့အခါ **V/have** ကို ဝါကျရဲ့ ရှေ့သို့ပို့ခြင်းဖြင့် လဲ ပြောင်းလို့ရပါတယ်။

ဥပမာ

1. The teacher has long hair.
   Has the teacher long hair?
2. She has beautiful eyes.
   Has she beautiful eyes?
3. The cat has a short tail.
   Has the cat a short tail?

ဒါကြောင့် ပိုင်ဆိုင်မှုပြ **Verb to have** ကို မေးခွန်းဝါကျပြောင်းချင်ရင်

1. **Do, Does, Did** ဖော်ပေးပြီး ဝါကျရဲ့ရှေ့သို့ ပို့ပေးခြင်းအားဖြင့် ပြောင်းလဲရေးသားလို့ ရသလို၊
2. **V/have (Has, Have, Had)** ကို ဝါကျရဲ့ရှေ့ဆုံးသို့ ပို့ပေးခြင်းအားဖြင့်လဲ ပြောင်းလဲ ရေးသားလို့ ရပါတယ်။

ဥပမာ

1. She has black hair.
   Does she have black hair?
   Has she black hair?
2. He has a book.
   Does he have a book?
   Has he a book?

ဆောင်ရွက်မှုပြ **V/have** တွေကိုတော့ (**Do, Does, Did** ဖော်တဲ့နည်းနဲ့ပဲ) ပြောင်းရပါတယ်။

> You can also use "do" with "have" when "have" is a main verb:
> *Does Bob* have any furniture?
>
> *COMPOSITION THROUGH GRAMMAR (PAGE. 25)*
> *MURIEL HIGGINS*



## PERFECT TENSE နှင့် ရေးထားသောဝါကျများအား မေးခွန်းဝါကျပြောင်းနည်း

**Verb to have** ကို **ed/en (V3)** တွေနဲ့ ပေါင်းစပ်ပြီးရေးရင် **Perfect tense** လို့ ခေါ်ပါတယ်။ မေးခွန်းဝါကျပြောင်းတဲ့အခါ **V/have** ကို ရှေ့သို့ပို့ခြင်းဖြင့် ပြောင်းရပါတယ်။

ဥပမာ

1. I ***have done*** my homework.
   ***Have you done*** your homework?
2. She ***has swept*** the room.
   ***Has she swept*** the room?
3. He ***has written*** a letter.
   ***Has he written*** a letter?

### *Exercise No. (25)*

**Change the following sentences into the question form.**

1. I have known him for a long time.
2. She has been in England since 1988.
3. Hla Hla has broken three cups so far this week.
4. They have returned home.
5. Kyaw Kyaw has done very little work recently.
6. He has worked in that firm for many years.
7. John has already bought the tickets for the game.
8. They have lived there since 1980.
9. They have already finished their work.
10. He has driven a car many years.
11. The boy has studied this lesson over and over again.
12. I have told my mother about it.
13. We have read that book many times.
14. He has seen that play four times.
15. Mother has been sick since Monday.
16. He has bought the new books.
17. I have waited for you for an hour.
18. I have found my lost pen.
19. He has left for Mandalay since yesterday.
20. They have been married for a long time.

## WILL, SHALL စသော အကူကြိယာများနှင့် ရေးထားသောဝါကျများအား မေးခွန်းဝါကျပြောင်းနည်း

**will, would, shall, should, can, could, may, might, must** စတဲ့ အကူကြိယာတွေပါတဲ့ ဝါကျကို မေးခွန်းဝါကျအဖြစ် ပြောင်းချင်ရင်တော့ အကူကြိယာတွေကို ဝါကျရဲ့ရှေ့သို့ ပို့ရပါတယ်။

ဥပမာ

1. ***They will*** go to Sagaing tomorrow.
   ***Will they*** go to Sagaing tomorrow?
2. ***She can*** answer the question.
   ***Can she*** answer the question?
3. ***He should*** look after the children.
   ***Should he*** look after the children?

### *Exercise No. (26)*

**Change the following sentences into the question form.**

1. I will wash all the dishes.
2. She must leave immediately.
3. You may smoke out of the cinema.
4. Daw Marlar can speak five different languages.
5. They can go to Mandalay by plane.
6. I can understand the lessons easily.
7. She should stay at home.
8. I must go to the dentist.
9. We must learn at least ten new words every day.
10. He will finish the work tomorrow.
11. He will do something remarkable.
12. She will be the best student in this class.
13. I will tell you all about it.
14. They will be married next year.
15. The nurse will take good care of the patient.
16. We will walk home from work tomorrow.
17. The girls will learn how to swim.
18. They will finish the bridge in one year.
19. He will write the composition in twenty minutes.
20. Cho Pyone will put on her make-up in half an hour.



## INTERROGATIVE-NEGATIVE QUESTIONS
## ငြင်းဆိုဝါကျများအား မေးခွန်းဝါကျပြောင်းနည်း

ရိုးရိုးဝါကျ (statement) တွေနဲ့ပတ်သက်ပြီး မေးခွန်းဝါကျအဖြစ် ပြောင်းနည်းကို အထက်မှာ ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ ငြင်းဆိုဝါကျတွေကို မေးခွန်းဝါကျအဖြစ် ပြောင်းရင်လည်း ဖော်ပြခဲ့တဲ့ စည်းကမ်းတွေအတိုင်းပဲ ဖြစ်ပါတယ်။

ဥပမာ

1. **She isn't** reading a book.
   **Isn't she** reading a book?
2. **He didn't** go to school yesterday.
   **Didn't he** go to school yesterday?

### *Exercise No. (27)*

**Change each of the negative sentences below to question form.**

1. They aren't going to Mandalay tomorrow.
2. He isn't a good swimmer.
3. She wasn't given enough money.
4. The boys won't be here on Monday.
5. This man can't buy this expensive car.
6. They shouldn't sell the house.
7. He doesn't do the homework regularly.
8. They didn't come to me last night.
9. The girls don't want to play tennis.
10. She doesn't live in this town.
11. Thazin hasn't studied her lessons yet.
12. They haven't repaired the engine yet.
13. He hasn't watered the flowers.
14. She never comes to class on time.
15. The weather isn't warm today.
16. I won't be in class tomorrow.
17. It isn't raining now.
18. This girl didn't take her examination last year.
19. He never looks up new words in the dictionary.
20. They haven't built a new house yet.

## [illegible] မေးခွန်းပါကျနဲ့ပုံစံနည်း

လူတစ်ယောက်က မေးခွန်းတစ်ခုကို မေးတဲ့အခါ -

- တစ်ခုခုကို တကယ်မသိလို့ မေးတာနဲ့
- သိတော့သိတယ်၊ ဒိုပြီး သေချာချင်လို့ အတည်ပြုတဲ့သဘောနဲ့ မေးတာဆိုပြီး ရည်ရွယ်ချက် နှစ်မျိုး ရှိပါတယ်။

ဥပမာ

Did he come yesterday?

သူ မနေ့က လာသလား။

ဆိုတဲ့ မေးခွန်း က လာတာ မလာတာ မသိလို့ စုံစမ်းတဲ့သဘောနဲ့ သိချင်လို့မေးတာဖြစ်ပါတယ်။

* He didn't come yesterday, did he?

သူ မနေ့က မလာပါဘူး။ ဟုတ်သလား။

* He came yesterday, didn't he?

သူ မနေ့က လာပါတယ်။ မဟုတ်ဘူးလား။

ဆိုတဲ့မေးခွန်းတွေမှာတော့ လာတာ၊ မလာတာကို သေချာသလောက်သိတယ်၊ ဒါပေမယ့် ဒိုပြီးသေချာအောင် အတည်ပြုတဲ့သဘောနဲ့ မေးခြင်းသာဖြစ်တယ်။ အဲဒီလို ဒုတိယအမျိုးအစား မေးခွန်းမျိုးကို **Question-tag** လို့ ခေါ်ပါတယ်။

**Question-tag** နဲ့ မေးခွန်းဝါကျပြောင်းမယ်ဆိုရင် -

**I.** ရှေ့ဘက်ကဝါကျဟာ ရိုးရိုးဝါကျဆိုရင် (**comma (or) dash** ခံပြီး) နောက်ဘက်က ငြင်းဆိုဝါကျ (**Negative question-tag**) နဲ့ မေးရပါတယ်။

ဥပမာ

1. He is rich.
   He is rich, ***isn't he***?
2. They are clever.
   They are clever, ***aren't they***?

ရှေ့ဘက်ကဝါကျဟာ ငြင်းဆိုဝါကျဆိုရင် ကော်မာခံပြီး၊ နောက်ဘက်က (**Affirmative Question-tag**) နဲ့ မေးရပါတယ်။

ဥပမာ

1. He isn't rich.
   He isn't rich, **is he**?
2. They aren't clever.
   They aren't clever, **are they**?



**II.** **Question-tag** ကို (**spoken English**) အင်္ဂလိပ်စကားပြောမှာသာ အသုံးများတာမို့ အတိုကောက် အကျဉ်းချုံးပုံစံနဲ့ပဲ ရေးသားရပါတယ်။

**III.** ပထမဝါကျဟာ အကူကြိယာတွေနဲ့ ရေးဖွဲ့ထားတာဆိုရင် အကူကြိယာနဲ့ နာမ်စားပုဒ်ကို ယှဉ်တွဲပြီး၊ မေးခွန်းပုံစံ လုပ်ရပါတယ်။

- အကူကြိယာမပါရင် **do, does, did** သင့်တော်ရာ တစ်လုံးလုံးဖော်၊ နာမ်စားပုဒ်နဲ့ ယှဉ်တွဲပြီး မေးခွန်းပုံစံ လုပ်ရပါတယ်။

**IV.** အောက်မှာဖော်ပြထားတဲ့ အတိုကောက်၊ အကျဉ်းချုံးပုံစံလေးတွေကို အလွတ်ကျက်မှတ်ထားရပါမယ်။

| *AFFIRMATIVE TAGS* | *NEGATIVE TAGS* |
|---|---|
| Am I? | Aren't I? (Amn't I မသုံးရ ) |
| Is he? | Isn't he? |
| Are they? | Aren't they? |
| Will you? | Won't you? |
| Shall I? | Shan't I? |
| Would you? | Wouldn't you? |
| Can he? | Can't he? |
| Does he? | Doesn't he? |
| Do you? | Don't you? |
| Did they? | Didn't they? |
| Has he? | Hasn't he? |
| Have you? | Haven't you? |

"I am" usually has the tag "aren't I" "Used to" has a question-tag with "did".

*LIVING ENGLISH STRUCTURE (P. 165)*

ကဲ...အောက်က ဥပမာလေးတွေကို သဘောပေါက်အောင် လေ့လာပါ။

1. They **are** brothers.
   They are brothers, **aren't they**?
2. They **are not** brothers.
   They are not brothers, **are they**?
3. She **is** beautiful.
   She is beautiful, **isn't she**?
4. She **is not** beautiful.
   She is not beautiful, **is she**?
5. He **will come** to me.
   He will come to me, **won't he**?
6. He **won't come** to me.
   He won't come to me, **will he**?
7. He **has come** to me.
   He has come to me, **hasn't he**?
8. He **hasn't come** to me.
   He hasn't come to me, **has he**?
9. He **comes** to me.
   He comes to me, **doesn't he**?
10. He **doesn't come** to me.
    He doesn't come to me, **does he**?
11. He **came** to me.
    He came to me, **didn't he**?
12. He **didn't come** to me.
    He didn't come to me, **did he**?
13. You **needn't stay** long.
    You needn't stay long, **need you**?
14. He **used to** live here.
    He used to live here, **didn't he**?
15. I **am** older than you.
    I am older than you, **aren't I**?
16. I **ought to** ring him up.
    I ought to ring him up, **oughtn't I**?



In English this has to be practised, as we have a variable form.

1. Positive statement, negative tag; negative statement, positive tag.
2. The auxiliaries repeat themselves in the tag.
3. Other verbs use "do" in the tag.

Example

- He is here, isn't he?
- He isn't here, is he?
- You will come, won't you?
- You won't tell him, will you?
- He came yesterday, didn't he?
- He didn't go, did he?

*LIVING ENGLISH STRUCTURE (P. 164)*

The tag ending is a construction added to the end of a sentence in order to express a weak form of question or to invite confirmation for a fact already known by the speaker.

She can speak English well – can't she?

John is a good student – isn't he?

*REGENTS ENGLISH WORKBOOK - 2 (PAGE. 84)*
*ROBERT J. DIXSON*

*Exercise No. (28)*

**Rewrite the following statements, adding the appropriate question-tag.**

1. He is learning English.
2. I am very stupid.
3. They are interested in drawing.
4. She is very curious.
5. The boy can swim well.
6. She must answer the question.
7. They will be late for school.
8. He should study his lessons.

9. She has done the housework.
10. They have repaired the roof.
11. You want some more money.
12. He bought a new car.
13. He doesn't love fishing.
14. I shan't be in your way.
15. I haven't met you before.
16. She didn't hurt you.
17. U Ni drinks too much.
18. They didn't see the accident.
19. He has been to Ngapali.
20. He hasn't been to Pyin-Oo-Lwin.
21. She likes tea and coffee.
22. She doesn't like tea and coffee.
23. They went to Mandalay.
24. They did not go to Mandalay.
25. They used to go to Mandalay.



## TAG - ANSWERS

မေးခွန်းဝါကျတစ်ကြောင်းကို ဖြေဆိုတဲ့အခါ မေးခွန်းဝါကျတစ်ခုလုံးကို အပြည့်အစုံ ပြန်ဖြေတဲ့အခါလည်း ရှိသလို၊ အတိုကောက် အကျဉ်းချုံးပြီး၊ ဖြေတဲ့အခါလည်း ရှိပါတယ်။

ဥပမာ

1. Do you like tea?
   မင်းလက်ဖက်ရည် ကြိုက်သလား။
   Yes, I like tea.
   ဟုတ်ကဲ့၊ ကျွန်တော်လက်ဖက်ရည် ကြိုက်ပါတယ်။
   Yes, I do.
   ဟုတ်ကဲ့၊ ကြိုက်ပါတယ်။

2. Is she beautiful?
   သူမ လှသလား။
   No, she is not beautiful.
   ဟင့်အင်း၊ သူမ မလှပါဘူး။
   No, she isn't.
   ဟင့်အင်း၊ မလှပါဘူး။

အတိုကောက်၊ အနှစ်ချုပ်ပြီးဖြေတဲ့ ဒုတိယအဖြေမျိုးကို **Tag - answer** လို့ ခေါ်ပါတယ်။ ဟုတ်ရင်ဟုတ်တယ်၊ မဟုတ်ရင် မဟုတ်ဘူးလို့ မိမိရဲ့သဘောဆန္ဒအရ ဖြေဆိုနိုင်ပါတယ်။ **Tag - answer** နဲ့ ဖြေတဲ့အခါ နာမ်စားရယ်၊ အကူကြိယာရယ် ပေါင်းစပ်ပြီး အတိုကောက် ဖြေရပါတယ်။

အောက်က ဥပမာလေးတွေကို သဘောပေါက်အောင် လေ့လာပါ။

1. Can you play the piano?
   Yes, I can. (or) No, I can't.
2. Will the girl come tomorrow?
   Yes, she will. (or) No, she won't.
3. Are they making a new road?
   Yes, they are. (or) No, they aren't.
4. Do you read the newspaper?
   Yes, I do. (or) No, I don't.
5. Did the boy pass the examination?
   Yes, he did. (or) No, he didn't.

*Exercise No. (29)*

**Answer each of the questions below in the way shown in the following examples. *Notice that only a pronoun and an auxiliary verb are used in each answer.***

**Example-**

(a) Do they live in Yangon? **Yes, they do.**
(b) Does Hay Mar speak English? **No, she doesn't.**
(c) Are you interested in drawing? **Yes, I am.**
(d) Will you lend me your book? **No, I won't.**

1. Will you come to me tomorrow?
2. Can they repair the old bridge?
3. Should we look after the old parents?
4. Is this table made of wood?
5. Are you married?
6. Is the girl writing an essay?
7. Do they buy a new car?
8. Does the boy like to read aloud?
9. Did you go to the party last night?
10. Does it often rain in July?
11. Does your father drive to work every day?
12. Did the girl leave her book at home?
13. Have they studied these lessons?
14. Has Su Su sold the old books?
15. Has the lesson begun since seven o'clock?
16. Have the villagers dug a canal?
17. Did the waitress fill the cup with tea?
18. Will the visitors arrive tonight?
19. Would you go for a walk in the park?
20. Has he already left for Pyin-Oo-Lwin?



# CHAPTER VIII

# INTERROGATIVES

# (QUESTION WORDS)

# INTERROGATIVES (Question Words)
# အမေးစကားလုံးများ

I. **Who, Whom, Whose, What, Which** စတဲ့ ပုဂ္ဂုလ်နာမ်စား (သို့) အမေးနာမ်စား (**Interrogative Pronoun**) စကားလုံးလေးတွေ၊

II. **Which, What, Whose** စတဲ့ ပုဂ္ဂုလ် နာမဝိသေသန (သို့) မေးခွန်းပြ နာမဝိသေသန (**Interrogative Adjective**) စကားလုံးလေးတွေ၊

III. **Where, When, How, Why** စတဲ့ ပုဂ္ဂုလ်ကြိယာဝိသေသန (သို့) မေးခွန်းပြ ကြိယာဝိသေသန (**Interrogative Adverb**) စကားလုံးလေးတွေ၊

စသည်တို့ဟာ ဝါကျတစ်ခုရဲ့ ရှေ့ဆုံးမှာထားပြီး၊ မေးမြန်းရတဲ့အတွက် **Interrogatives (or) Question Words** အမေးစကားလုံးများလို့ ခေါ်ပါတယ်။

ဒီ **Question Words** ကလေးတွေအကြောင်းကို အကျဉ်းချုံးပြီး၊ လေ့လာကြရအောင်။ အကျယ်ကိုတော့ **Chapter (IX) Framing Question** အခန်းမှာကြည့်ပါ။

## INTERROGATIVE PRONOUNS
## ပုဂ္ဂုလ်နာမ်စား (အမေးနာမ်စားများ)

အမေးနာမ်စားဆိုတာ နာမ်တစ်ခုခုရဲ့အစား အသုံးပြုပြီး မေးခွန်းမေးတဲ့ နာမ်စားဖြစ်ပါတယ်၊

1. ***Who*** = မည်သူသည်၊ မည်သူတို့သည်
   - လူ **Subject** အဖြစ်နဲ့ သုံးပါတယ်။

2. ***Whom*** = မည်သူ့ကို၊ မည်သူတို့ကို
   - လူ **Object** အဖြစ်နဲ့ သုံးပါတယ်။
   (**Who** ကိုလည်း **Object** နေရာမှာ သုံးနိုင်ပါတယ်။)

3. ***Whose*** = မည်သူ၏၊ မည်သူတို့၏
   - လူ (ပိုင်ဆိုင်မှု) အဖြစ်နဲ့ သုံးပါတယ်။

4. ***What*** = ဘာ (သည်)၊ ဘာ (တို့သည်)
ဘာ (ကို)၊ ဘာ (တို့ကို)
- လူမဟုတ်တဲ့ (အရာဝတ္ထု၊ တိရစ္ဆာန်) Subject, Object (၂) မျိုးလုံးအတွက် သုံးပါတယ်။

5. ***Which*** = မည်သည့်အရာသည်/ကို (ဘယ်ဟာ)
မည်သည့်အရာတို့သည်/ကို (ဘယ်ဟာ)
- ရွေးချယ်မှုပြ နာမ်စားအနေနဲ့ **Subject, Object** (၂) မျိုးလုံး အတွက် သုံးပါတယ်။
**Who, whom, whose, what, which** အားလုံးကို အနည်းကိန်း၊ အများကိန်း (၂) မျိုးလုံးအတွက် သုံးပါတယ်။
**Who, whose, what**- တို့ကို မေးမြန်းသူကိုယ်တိုင်က မသိတဲ့ သူ၊ (မသေချာတဲ့)သူတွေနဲ့ ပတ်သက်ပြီးတော့ သုံးရပါတယ်။
- **Who stole the books?**
မည်သူ (မည်သူတို့)သည် စာအုပ်ကို ခိုးသွားသနည်း။
- **Whom do you love?**
မည်သူ (မည်သူတို့) ကို သင်ချစ်သနည်း။
- **Whose is this book?**
ဤစာအုပ်သည် (မည်သူ/ မည်သူတို့) ၏ စာအုပ်နည်း။
( **Interrogative Adjective** မဟုတ်သဖြင့် **Whose book is this?** ဟု မရေးရသည်ကို သတိ ပြုပါ၊)
- **Which** ကိုတော့ မေးမြန်းသူကိုယ်တိုင် သိကျွမ်းတဲ့ (သေချာတဲ့) လူ၊တိရစ္ဆာန်၊ အရာဝတ္ထုတို့နဲ့ ပတ်သက်ပြီးတော့ သုံးပါတယ်။ အများ အပြားရှိသည့်အနက်က တစ်ခု (သို့) အများကို ရွေးချယ်တဲ့သဘောနဲ့ သုံးပါတယ်။
- **Which is he?** သူက မည်သူလဲ။
(မောင်ဘ၊ မောင်လှ၊ မောင်ဝ စတဲ့သိပြီးသားသူတွေထဲကဘယ်သူလဲလို့ မေးတာ)

## WHO IS HE? WHAT IS HE? WHICH IS HE?

***Who is he?*** = သူသည် မည်သူဖြစ်သနည်း။
(သူ၏ အမည် (သို့) မျိုးရိုးကိုသိလို၍ မေးခြင်းဖြစ်သည်။)
He is Maung Win. = သူသည် မောင်ဝင်းဖြစ်သည်။



He is U Lwin's son. = သူသည် ဦးလွင်၏သားဖြစ်သည်။
စသည်ဖြင့် ဖြေဆိုရမည်။

***What is he?*** = သူသည် ဘာဖြစ်သနည်း။
(သူ၏ အလုပ်အကိုင်၊ အခြေအနေ၊ အဆင့်အတန်း သိလို၍ မေးခြင်းဖြစ်သည်။)
He is a doctor.= သူသည် ဆရာဝန်တစ်ယောက်ဖြစ်သည်။
ဟုဖြေဆိုရမည်။

***Which is he?*** = သူသည် ဘယ်သူဖြစ်သနည်း၊ သူသည် ဘယ်ခင်းလဲ။
(သိပြီးသားလူတစ်စုထဲက သီးခြားလူတစ်ယောက်အကြောင်းမေးခြင်းဖြစ်သည်။)
He is the boy in the red shirt.
ရှပ်အင်္ကျီအနီရောင်ဝတ်ထားတဲ့ ကောင်လေး။

He is the boy near the window.
ပြတင်းပေါက်နားက ကောင်လေး။

The tall boy is he. (or) He is the tall boy.
အရပ်ရှည်တဲ့ကောင်လေး။
ဟု ဖြေဆိုရမည်။

## INTERROGATIVE ADJECTIVE
## ပုစ္ဆာ နာမဝိသေသန (ဝါ) မေးခွန်းပြ နာမဝိသေသန

မေးခွန်းပြ နာမဝိသေသနဆိုတာ နာမ်တစ်လုံးကို ပေါ်လွင်လေးနက်လာအောင် ဖော်ပြ အထူး ပြုပြီးမေးခွန်းမေးတဲ့ နာမဝိသေသနတစ်မျိုး ဖြစ်ပါတယ်။

**what, which, whose** တွေကို **Interrogative pronoun** လို့ခေါ်ကြောင်း အပေါ်မှာ ဖော်ပြခဲ့ပြီး ဖြစ်ပါတယ်။ ဒါပေမယ့် မေးခွန်းဝါကျတွေ ရေးဖွဲ့တဲ့အခါ အဲဒီစကားလုံးတွေကို (noun) တွေနဲ့ ယှဉ်တွဲရေးဖွဲ့မယ်ဆိုရင်တော့ **Interrogative adjective** လို့ ခေါ်ပါတယ်။

ဥပမာ

| | | | |
|---|---|---|---|
| 1. What animal | = ဘာတိရစ္ဆာန် | What book | = ဘာစာအုပ် |
| 2. Which animal | = ဘယ်တိရစ္ဆာန် | Which book | = ဘယ်စာအုပ် |
| 3. Whose son | = မည်သူ၏သား | Whose daughter | = မည်သူ၏သမီး |

> The Interrogative pronouns *"what, which and whose"* when used with nouns in asking questions, are called Interrogative Adjectives.
>
> *G. E (P. 83)*

> what, which, whose တို့ကို noun များနဲ့ မတွဲဘဲ သီးသန့် သူတို့ချည်း ဝါကျတစ်ခုအတွင်းမှာ အသုံးပြုရေးသားမယ်ဆိုရင် Interrogative Adjective မခေါ်ပါဘူး။
>
> When *which, what and whose* are not followed by a noun but stand alone in a sentence, they are not adjectives.
>
> *L. OLIPHANT*

**Interrogative adjective** တွေဖြစ်တဲ့ **what, which, whose** တို့နဲ့ မေးခွန်းဝါကျ ရေးဖွဲ့တဲ့အခါ

(၁) **Subject** ကို သိချင်လို့မေးရင် သူတို့နောက်က (**Verb**) ကပ်ပြီးလိုက်ပါတယ်။ (သူတို့ နောက်မှာ **Verb** ရှိပါတယ်။)

1. ***The red longyi*** is beautiful. (Subj.)
   Which longyi ***is*** beautiful?
2. ***The clever boy*** can answer this question. (Subj.)
   Which boy ***can*** answer this question?
3. ***English Grammar*** *books* are difficult. (Subj.)
   *What books* ***are*** difficult?
4. ***U Aye's son*** is very clever. (Subj.)
   Whose son ***is*** very clever?
5. ***U Aye's son*** studies the lessons regularly. (Subj.)
   Whose son ***studies*** the lessons regularly?

(၂) Object ကို သိချင်လို့မေးရင် သူတို့နောက်က အမေးဝါကျ ကပ်ပြီးလိုက်ပါတယ်။

1. She likes ***the red*** longyi. (Obj.)
   Which longyi ***does she like***?
2. They love ***the clever*** *boy.* (Obj.)
   Which boy ***do they love***?
3. They are studying ***English Grammar*** *books.* (Obj.)
   What books ***are they studying***?
4. The teacher praised ***U Aye's son***. (Obj.)
   Whose son ***did the teacher praise***?



## INTERROGATIVE ADVERB
## ပုစ္ဆာ ကြိယာဝိသေသန (ဝါ) မေးခွန်းပြ ကြိယာဝိသေသန

မေးခွန်းပြ ကြိယာဝိသေသနဆိုတာ ကြိယာတစ်လုံးကို ပေါ်လွင်လေးနက်လာအောင် ဖော်ပြအထူးပြုပြီး မေးခွန်းမေးတဲ့ ကြိယာဝိသေသနတစ်မျိုး ဖြစ်ပါတယ်။

မေးခွန်းဝါကျလေးတွေ တည်ဆောက်တဲ့အခါ –

**Where** = ဘယ်နေရာမှာလဲ (နေရာပြပုဒ်ကို သိချင်ရင် အသုံးပြုပါတယ်)
**When** = ဘယ်အချိန်မှာလဲ (အချိန်ပြပုဒ်ကို သိချင်ရင် အသုံးပြုပါတယ်)
**Why** = ဘယ်အကြောင်းကြောင့်လဲ (အကြောင်းပြပုဒ်ကို သိချင်ရင် အသုံးပြုပါတယ်)
**How** = ဘယ်ပုံဘယ်နည်းလဲ (လုပ်ပုံလုပ်နည်း၊ သွားနည်းသွားဟန် စသည်တို့ကို သိချင်ရင် အသုံးပြုပါတယ်)။

**သတိပြုရန်**

အဲဒီစကားလုံး (**Interrogative Adverbs**) တွေရဲ့နောက်က အမြဲတမ်း မေးခွန်းဝါကျသာလျှင် လိုက်ရပါတယ်။

ဥပမာ

1. Where ***do you live***?
2. When***was he born***?
3. Why ***did they kill Bogyoke Aung San***?
4. How ***do you go to school***?

**How** နဲ့ ပတ်သက်လို့တော့ အခြားအသုံးအနှုန်းကလေးတွေကို သတိထားရပါမယ်။

***How many*** = ဘယ်လောက်များများ
(ရေတွက်၍ရသော နာမ်နှင့်တွဲ၍သုံးသည်။)

***How much*** = ဘယ်လောက်များများ
(ရေတွက်၍မရသော နာမ်နှင့်တွဲ၍သုံးသည်။)

ဥပမာ

1. How many ***boys*** are there in the class?
   အတန်းထဲမှာ ယောက်ျားလေး ဘယ်နှစ်ယောက် (ဘယ်လောက်များများ ရှိသလဲ။)

2. How much ***salt*** did you put in the curry?
ဟင်းထဲကို ဆားဘယ်လောက် (များများ) မင်းထည့်လိုက်သလဲ။

***How much*** = ဘယ်ဈေးလဲ

- ***How much*** is the red longyi?
လုံချည်အနီလေးက ဘယ်ဈေးလဲ။
- ***How much*** is this car?
ဒီကားက ဘယ်ဈေးလဲ။

***How + adjective***

| | | | |
|---|---|---|---|
| 1. | How fat | = | ဘယ်လောက်ဝဝ။ |
| 2. | How thin | = | ဘယ်လောက်ပိန်ပိန်။ |
| 3. | How long | = | ဘယ်လောက်ရှည်ရှည်။ |
| 4. | How far | = | ဘယ်လောက်ဝေးဝေး။ |
| 5. | How high | = | ဘယ်လောက်မြင့်မြင့်။ |
| 6. | How low | = | ဘယ်လောက်နိမ့်နိမ့် သေည်ဖြင့် |

ဥပမာ

1. How big is that house?
2. How narrow is this lane?
3. How deep is that well?
4. How old is your father?
5. How tall is Tun Tun?

***How + adverb***

| | | | |
|---|---|---|---|
| 1. | How long | = | ဘယ်လောက်ကြာကြာ။ |
| 2. | How often | = | ဘယ်နှစ်ကြိမ် |
| 3. | How fast | = | ဘယ်လောက်မြန်မြန် |

သေည်ဖြင့် -

ဥပမာ

1. How long will you take to go to school?
2. How often do you go to the movie?
3. How fast does he drive his car?



*Exercise No. (30)*

**Add a question - word to the following questions.**
**အောက်ပါ မေးခွန်းဝါကျများတွင် သင့်လျော်ရာ အမေးစလုံးကလေးများဖြင့် ဖြည့်ပေးပါ။**

1. .......... does U Kyaw live?
2. .......... do you feel today?
3. .......... much does it cost to go to Mandalay by plane?
4. .......... many hours do you read every day?
5. .......... did you buy this car, this year or last year?
6. .......... will the next train arrive?
7. .......... time do you go to bed?
8. .......... do they work very hard?
9. .......... often does it rain during the month of June?
10. .......... killed Bogyoke Aung San?
11. .......... are you trying your best?
12. .......... will she go to work?
13. .......... will she go on foot?
14. .......... did you want to see me? I want to know the reason?
15. .......... was she born, in Sagaing or Mandalay?
16. .......... long is this river?
17. .......... was she born, in 1962 or 1963?
18. .......... are you going to do tomorrow?
19. .......... well does Daw Nu speak English?
20. .......... does she walk to school alone every day?

*Exercise No. (31)*

**Add the question - word to the following questions.**

**အောက်ပါ မေးခွန်းဝါကျများတွင် သင့်လျော်ရာ အမေးစလုံးဖြင့် ကွက်လပ်ဖြည့်ပေးပါ။**

1. .......... do you want?
2. .......... book do you like, this or that?
3. .......... went to school with you?
4. .......... can I do for you?
5. .......... pencil is this, mine or yours?
6. .......... has stolen the money?

7. .......... longyi do you like?
8. .......... are you eating?
9. .......... is your favourite teacher?
10. .......... did you buy him?
11. .......... of these books is your favourite?
12. .......... do you love, Tun Tun or Aung Aung?
13. .......... did the police catch yesterday?
14. .......... are they beating now?
15. .......... room is the largest?
16. .......... is the weather like today?
17. .......... sister did you give the present?
18. .......... shirts are old and dirty?
19. .......... are you thinking about?
20. .......... street do you live in?
21. .......... time do they go to bed?
22. .......... does a fish live?
23. .......... desk is behind your desk?
24. .......... do we brush our teeth with?
25. .......... is the man with glasses?
26. .......... do the farmers plough the fields to grow paddy?
27. .......... time do you go to bed every night?
28. .......... story was the most interesting?
29. .......... does Kyaw Kyaw like doing?
30. .......... do the boys do their sums?

## *Exercise No. (32)*

**Add the question - word to the following questions.**

အောက်ပါ မေးခွန်းဝါကျများတွင် သင့်လျော်ရာ မေးခွန်းစကားလုံးဖြင့် ကွက်လပ်ဖြည့်ပါ။

1. .......... speaks English well?
2. .......... tall is your brother?
3. .......... buy fruits from the market?
4. .......... do they do?
5. .......... do they buy from the market?
6. .......... do they buy the fruit?



7. .......... book costs five kyats, this or that?
8. .......... book costs five kyats, mine or yours?
9. .......... do they learn at school?
10. .......... do they learn English, at home or at school?
11. .......... do they learn English, in the morning or in the evening?
12. .......... were you born, in Yangon or Mandalay?
13. .......... is the rainy season?
14. .......... are the students working hard?
15. .......... do you wear warm clothes?
16. .......... caught the thief?
17. .......... did the police catch the thief, today or yesterday?
18. .......... teacher teaches you English?
19. .......... do they go to school, on foot or by car?
20. .......... do you eat for breakfast?
21. .......... of these books is your favourite?
22. .......... would like a glass of milk?
23. .......... is your mother's name?
24. .......... is your brother, a doctor or a teacher?
25. .......... subject is the easiest to learn for you?
26. .......... son won the first prize?
27. .......... is smoking there?
28. .......... school is nearest to your house?
29. .......... has taken my glasses?
30. .......... people live in this country?

1 A *Wh-* question begins with a question word: *what, where, who, whose, when, why, which, how* (see 145).

***What** is she reading?*
***Where** do they live?*

2 We form questions by changing the position of the subject (eg *she, they, we*) and the auxiliary verb (eg *be, have, can*).

*She is reading.* → *What **is she** reading?*
*They have gone.* → *Where **have they** gone?*
*We can start.* → *When **can we** start?*

We form questions with the full verb *be* in the same way.

*He is here.* → *Why **is he** here?*

We form questions with *have got* by changing the position of the subject and *have*.

*He has got your key.* → *Why **has he** got your key?*

If there are two or more auxiliary verbs, we change the position of the subject and the first auxiliary.

*He has been reading.* → *What **has he** been reading?*

In the present simple and past simple there is no auxiliary verb, so we use *do/does* in present simple questions and *did* in past simple questions (but see 144).

*They start work.* → *When **do they** start work?*
*She goes to school.* → *Where **does she** go to school?*
*He arrived.* → *When **did he** arrive?*

Note that after *do, does* and *did* the verb is always the infinitive without *to* eg *start, go, arrive.*

## 144 Subject and object questions

1 *Who* can ask about the subject or the object. Compare:

| Asking about the object | | Asking about the subject | | |
|---|---|---|---|---|
| SUBJECT | OBJECT | SUBJECT | | OBJECT |
| *Frank loves* | *someone.* | *Someone* | *loves* | *Frank.* |
| ***Who** does Frank love?* | | ***Who** loves Frank?* | | |
| SUBJECT | OBJECT | SUBJECT | | OBJECT |
| *Tina phoned* | *someone.* | *Someone* | *phoned* | *Tina.* |
| ***Who** did Tina phone?* | | ***Who** phoned Tina?* | | |
| SUBJECT | OBJECT | SUBJECT | | OBJECT |
| *Ken is helping* | *someone.* | *Someone* | *is helping* | *Ken.* |
| ***Who** is Ken helping?* | | ***Who** is helping Ken?* | | |

When *who* asks about the subject, the verb has the same form as a statement eg *loves, phoned, is helping*, and we do not use *do, does* in the present simple or *did* in the past simple.





# CHAPTER IX

# FRAMING QUESTIONS

# FRAMING QUESTIONS
# မေးခွန်းဝါကျများ တည်ဆောက်ခြင်း

***Who*** = မည်သူသည်

ဝါကျတစ်ခုအတွင်းမှာရှိတဲ့ ပြုလုပ်သူ (လူ) ကတ္တား **Subject** ဟာ ဘယ်သူလဲလို့ သိချင်ရင် **Who** နဲ့ မေးရပါတယ်။

ဥပမာ

1. ***U Thukha*** is a famous writer.
   ဦးသုခသည် ကျော်ကြားသော စာရေးဆရာတစ်ယောက်ဖြစ်သည်။
   Who is a famous writer?
   မည်သူသည် ကျော်ကြားသော စာရေးဆရာတစ်ယောက်ဖြစ်သလဲ။
2. ***Cho Pyone*** sings a lovely song.
   Who sings a lovely song?
3. ***Win Oo*** has written many books.
   Who has written many books?
4. ***U Sein*** will come tomorrow.
   Who will come tomorrow?

လူ (**Subject**) ကို သိချင်လို့မေးတဲ့ အမေးဝါကျဆိုရင် ဝါကျရဲ့ရှေ့ဆုံးမှာ **Who** ကို ထားပေးလိုက်ရုံပါပဲ။ မူလဝါကျကို မေးခွန်းဝါကျပုံစံ ပြန်ပြောင်းပေးစရာ မလိုပါဘူး။

**Who** ကို လုပ်ကတ္တား (**Subject**) နေရာမှာ သုံးတယ်ဆိုပေမယ့် အင်္ဂလိပ်စကားပြောမှာတော့ **Subject** နဲ့ **Object** နှစ်နေရာလုံးမှာ သုံးပါတယ်။

> In the spoken language *"who"* serves for both subject and object.
> *LIVING ENGLISH STRUCTURE (P. 209)*

ဥပမာ

1. Who are you meeting at four o'clock?
   လေးနာရီမှာ မင်းဘယ်သူကို တွေ့မလို့လဲ။
2. Who did you want to see?
   မင်း ဘယ်သူကို တွေ့ချင်တာလဲ။
3. Who is your daughter going to marry?
   မင်းရဲ့သမီးက ဘယ်သူကို လက်ထပ်မလို့လဲ။
4. Who did you visit yesterday afternoon?
   မနေ့ နေ့လယ်က မင်းဘယ်သူ့ဆီကို သွားလည်ပတ်ခဲ့တာလဲ။
5. Who were you speaking to?
   မင်း ဘယ်သူကို စကားပြောနေခဲ့တာလဲ။

**_Whom_**= မည်သူကို

ဝါကျတစ်ခုအတွင်းမှာရှိတဲ့ ပြုလုပ်ခံရသူ (လူ) (**Object**) ကဲ့ဟာ ဘယ်သူလဲလို့ သိချင်ရင် **Whom** နဲ့ မေးရပါတယ်။

ဥပမာ

1. They love ***Htat Htat Moe Oo.***
   Whom do they love?
2. She loved ***Win Lwin.***
   Whom did she love?
3. Daw Aye is beating ***the child.***
   Whom is Daw Aye beating?
4. The police have caught ***the thief.***
   Whom have the police caught?
5. Daw Mya will punish ***her son.***
   Whom will Daw Mya punish?

လူ (object) ကို သိချင်လို့မေးတဲ့ အမေးဝါကျတွေမှာ ဝါကျရဲ့ရှေ့ဆုံးက **whom** ကိုထားပြီး မေးရပါတယ်။ ဝါကျအတွင်းမှာရှိတဲ့ ကြိယာအချိုးအစားကိုကြည့်ပြီး မူလဝါကျကို မေးခွန်းဝါကျပုံစံ ပြောင်းမေးရပါတယ်။



**မှတ်ချက်။**

လူ **Object** ကို **whom** နဲ့ မေးရတယ်ဆိုပေမယ့် **spoken English** မှာတော့ **who** ကိုပဲ သုံးပါတယ်။

> Whom? - For about four hundred years this form has been dropped from the spoken language.
>
> Form :
>
> Subject - who
> Object - who (verb inversion)
>
> *LIVING ENGLISH STRUCTURE (P. 211)*

လူ **Subject** ရော **Object** ရော **who** နဲ့ သုံးလို့ရတယ်ဆိုပေမယ့် ဝါကျဖွဲ့တဲ့နေရာမှာတော့ ကွာခြားပါတယ်။

**Subject** အနေနဲ့ မေးချင်ရင် (ကြိယာအချိုးအစားကို ကြည့်စရာမလိုပါဘူး) ဒီအတိုင်း ပြန်မေးရပါတယ်။ **who** နောက်မှာ **verb** လိုက်ပါတယ်။

**Object** အနေနဲ့ မေးချင်ရင် (ကြိယာအချိုးအစားကို ကြည့်ရပါမယ်)၊ မူလဝါကျကို မေးခွန်းဝါကျပုံစံ ပြန်ပြောင်းရပါမယ်။ **Who** နောက်မှာ အမေးဝါကျလိုက်ပါတယ်။

တစ်နည်းအားဖြင့် **who** နဲ့ မေးထားတဲ့ မေးခွန်းမှာ **who** နောက်က (**verb**) လိုက်သလား၊ အမေးဝါကျလိုက်သလားဆိုတာ ကြည့်ခြင်းအားဖြင့် **Subject** ကို မေးသလား၊ **Object** ကို မေးသလားဆိုတာ သိနိုင်ပါတယ်။

ဝါကျနှစ်မျိုးကို ယှဉ်ပြီးပြထားပါတယ်။ သေသေချာချာ လေ့လာကြည့်ပါ။

| | | |
|---|---|---|
| 1. | (Subject) | ***Ko Ko*** wants to speak to Mar Mar. |
| | | Who wants to speak to Mar Mar? |
| | (Object) | Ko Ko wants to speak to ***Mar Mar.*** |
| | | Who does Ko Ko want to speak to? |
| 2. | (Subject) | ***Thi Thi*** saw Ko Ko yesterday. |
| | | Who saw Ko Ko yesterday? |
| | (Object) | Thi Thi saw ***Ko Ko*** yesterday. |
| | | Who did Thi Thi see yesterday? |

3. (Subject) ***Daw Mya*** is beating the child.
Who is beating the child?
(Object) Daw Mya is beating ***the child.***
Who is Daw Mya beating?

4. (Subject) ***They*** have seen Phyu Phyu in the market.
Who have seen Phyu Phyu in the market?
(object) They have seen ***Phyu Phyu*** in the market.
Who have they seen in the market?

5. (Subject) ***My friend*** will wait for me.
Who will wait for you?
(Object) My friend will wait for ***me.***
Who will your friend wait for?

***Whose*** = မည်သူ၏

ဝါကျတစ်ခုအတွင်းမှာရှိတဲ့ ပိုင်ဆိုင်သူဟာ ဘယ်သူလဲ၊ (ဘယ်သူ့သမီးလဲ၊ ဘယ်သူ့ စာအုပ်လဲ၊ ဘယ်သူ့ပိုက်ဆံလဲ) လို့ သိချင်ရင် **whose** နဲ့ မေးရပါတယ်။(**Whose daughter, Whose book, Whose money** စသည်ဖြင့်-)

ဝါကျအတွင်းမှာ ပိုင်ရှင်ပုဒ်ဟာ ဘယ်နေရာမှာရှိသလဲလို့ သတိပြုရပါတယ်။

(၁) ပိုင်ရှင်ပုဒ်ဟာ ဝါကျရဲ့ ရှေ့ (**Subject**) ရဲ့ရှေ့ နေရာမှာရှိနေရင် -

ပိုင်ရှင်ပုဒ်နေရာမှာ **Whose** နဲ့ အစားထိုးပေးလိုက်ရုံပါပဲ။ ဝါကျအတွင်းမှာရှိတဲ့ ကြိယာကို ကြည့်ပြီး မေးခွန်းပုံစံပြောင်းဖို့ မလိုပါဘူး။ (**Whose books, Whose dog**) စသည်တို့ရဲ့ ကပ်လျက်မှာ ကြိယာရှိနေတာကို သတိပြုပါ။

ဥပမာ

1. ***Daw Htay's*** books are new.
Whose books are new?
2. ***The boy's*** dog barks at the strangers.
Whose dog barks at the strangers?
3. ***Tin Tin's*** father will come to see her.
Whose father will come to see her?



4. ***His*** son has broken the glasses.
Whose son has broken the glasses?

(၂) ပိုင်ရှင်ပုဒ်ဟာ ဝါကျရဲ့အလယ် (**Object**) ရဲ့ရှေ့နေရာမှာရှိနေရင် -

ပိုင်ရှင်ပုဒ်ကို ***Whose*** နဲ့ အစားထိုးပြီး ဝါကျရဲ့ရှေ့သို့ ပို့ရပါမယ်။ ***Whose*** နဲ့ ကပ်လျက်မှာ ပိုင်ဆိုင်ခံ ***noun*** ကို တွဲပြီး ရေးရပါမယ်။ ***Whose daughter, Whose son*** တို့နဲ့ ကပ်လျက်မှာ မေးခွန်းဝါကျရှိနေတာကို သတိပြုပါ။

ဥပမာ

1. I see your daughter.
***Whose daughter*** do you see?
2. They killed *U Kyi's* son.
***Whose son*** did they kill?
3. He has stolen ***U Net's*** money.
***Whose money*** has he stolen?
4. Sein Sein is reading ***Moe Moe's*** book.
*Whose* ***book*** is Sein Sein reading?
5. She will buy ***Daw Nyein's*** house.
***Whose house*** will she buy?

*Exercise No. (33)*

**Change each sentence below into a question. Begin your question with the word given in brackets.**

**အောက်ပါ ဝါကျတိုင်းကို မေးခွန်းဝါကျပုံစံပြောင်းပါ။ ထိုသို့ပြောင်းရာတွင် ကွင်းအတွင်း ပေးထားသော အမေးစကားလုံးဖြင့် စ၍ရေးပါ။**

1. Htwe Htwe is reading a book. (Who)
2. The pupils are listening to the teacher. (Whom)

3. Daw Win left for Mandalay. (Who)
4. This is my dog. (Whose)
5. It is Sandar's pencil. (Whose)
6. I wrote your telephone number in the note book. (Whose)
7. The boys like the English class. (Who)
8. The farmers have ploughed the fields. (Who)
9. They are chasing the thief. (Whom)
10. Daw Mar loves her children very much. (Whom)
11. U Than's daughters are very curious. (Whose)
12. The robbers killed the rich man. (Whom)
13. U Thein's house will be sold next year. (Whose)
14. Someone stole Daw Mar's books. (Whose)
15. I saw Win Aung last month. (Whom)

### *What* = ဘာ

#### I. *What* = ဘာသည်

ဝါကျတစ်ခုအတွင်းမှာရှိတဲ့ လူမဟုတ်တဲ့ (**Subject**) ဟာ ဘာလဲလို့ သိချင်ရင် **what** နဲ့ မေးရပါတယ်။

ဥပမာ

1. ***Dogs*** are faithful.
   What are faithful?

2. ***The book*** is on the table.
   What is on the table?

3. ***Birds*** fly in the sky.
   What fly in the sky?

4. ***Dogs*** will fight for their masters.
   What will fight for their masters?

**Subject** ကိုသိချင်လို့ မေးတာနဲ့ မူလဝါကျကို မေးခွန်းဝါကျပြောင်းဖို့ မလိုဘူး။ ဝါကျရဲ့ရှေ့ဆုံးမှာ **what** ထည့်ပေးလိုက်ရုံပါပဲ။



#### 2. *What* = ဘာကို

ဝါကျအတွင်းမှာရှိတဲ့ လူမဟုတ်တဲ့ (**Object**) ကဟာ ဘာလဲလို့ သိချင်ရင် **what** နဲ့ မေးရပါတယ်။ (ဝါကျအတွင်းမှာရှိတဲ့ ကြိယာအမျိုးအစားကိုကြည့်ပြီး မူလဝါကျကို မေးခွန်းဝါကျပုံစံ ပြန်ပြောင်းပေးရပါတယ်)။

1. They want ***useful books.***
   What do they want?

2. She is writing ***a letter.***
   What is she writing?

3. U Ko Gyi will buy ***a car.***
   What will U Ko Gyi buy?

4. He has eaten ***the sandwich.***
   What has he eaten?

#### 3. *What* = ဘာ

လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဟာ ဘာလုပ်နေသလဲလို့ သူ့ရဲ့ဆောင်ရွက်မှု၊ လုပ်ဆောင်မှုကို မေးချင်ရင်လည်း **what** နဲ့ မေးရပါတယ်။

ဥပမာ

1. They are ***playing.***
   သူတို့ကစားနေကြသည်။
   What ***are*** they ***doing***?
   သူတို့ဘာလုပ်နေကြသလဲ။
2. She ***reads*** the book.
   သူမ စာအုပ်ကိုဖတ်တယ်။
   What ***does*** she ***do***?
   သူမ ဘာလုပ်သလဲ။
3. He ***will buy the house.***
   သူ အိမ်ဝယ်လိမ့်မယ်။
   What ***will he do***?
   သူ ဘာလုပ်မှာလဲ။

4. U Cho has ***painted the wall.***
ဦးချိုသည် နံရံကို ဆေးသုတ်ပြီးပြီ။
What has U Cho ***done***?
ဦးချိုသည် ဘာလုပ်ပြီးပြီလဲ။

5. Tun Tun ***played football*** yesterday.
မနေ့က ထွန်းထွန်း ဘောလုံးကန်ခဲ့သည်။
What ***did*** Tun Tun ***do*** yesterday?
ထွန်းထွန်း မနေ့က ဘာလုပ်ခဲ့သလဲ။

6. He is going ***to swim tomorrow***
မနက်ဖြန် သူ ရေကူးမလို့။
What is he going ***to do tomorrow***?
မနက်ဖြန်ကျရင် သူ ဘာလုပ်မှာလဲ။

### 4. *What (With)* = ဘာနဲ့

ဘာနဲ့စားတာလဲ၊ ဘာနဲ့ကြားတာလဲ၊ ဘာနဲ့ရေးတာလဲ၊ ဘာနဲ့လုပ်တာလဲ စသည်ဖြင့် မေးချင်ရင်တော့ **What... (with)** နဲ့ မေးရပါတယ်။

ဥပမာ

1. We see with ***our eyes.***
What do we see with?

2. We eat with ***our mouths.***
What do we eat with?

3. We talk with ***our tongues.***
What do we talk with?

4. We hear with ***our ears.***
What do we hear with?

5. We walk with ***our legs.***
What do we walk with?

6. We draw with ***our pencils.***
What do we draw with?

7. We write with ***our pens.***
What do we write with?



### 5. *What (Time)* = ဘယ်အချိန်

ဘယ်နှစ်နာရီ၊ ဘယ်နှစ်မိနစ်၊ ဘယ်အချိန်လဲ စသည်ဖြင့် မေးချင်ရင် **What (time)** နဲ့ မေးရပါတယ်။

ဥပမာ

1. It is ***ten o'clock.***
What time is it? (or) What is the time?

2. It is a ***quarter past twelve.***
What time is it? (or) What is the time?

3. It is ***ten to one***?
What time is it? (or) What is the time?

4. Khin Khin wakes up ***at six o'clock every*** morning.
What time does Khin Khin wake up every morning?

5. Win Lwin goes to bed ***at eleven o'clock*** every night.
What time does Win Lwin go to bed every night?

6. We go to school at ***eight o'clock*** every day.
What time do you go to school every day?

7. He had his dinner ***at six o'clock*** yesterday.
What time did he have his dinner yesterday?

8. We will go to school ***at seven o'clock*** tomorrow.
What time will you go to school tomorrow?

9. Yin Yin does her homework ***at eight o'clock*** every day.
What time does Yin Yin do her homework every day?

10. Yin Yin did her homework ***at nine o'clock*** yesterday.
What time did Yin Yin do her homework yesterday?

**Who** = မည်သူ
**What** = ဘာ

- လူနာမည်ကို သိချင်ရင် **Who** နဲ့ မေးရပါတယ်။
- အလုပ်အကိုင်ကို သိချင်ရင် **What** နဲ့ မေးရပါတယ်။

ဥပမာ

1. She is ***Ma Than Than.***
   Who is she? သူမ ဘယ်သူလဲ။
2. He is ***Mg Tun.***
   Who is he? သူ ဘယ်သူလဲ။
3. She is a teacher.
   What is she? သူမက ဘာလဲ။
4. His father is ***a doctor.***
   What is his father? သူ့အဖေက ဘာလဲ။

**သတိပြုရန်။**

နာမည်ကို သိချင်ရင် **Who** နဲ့မေးရတယ် ဆိုပေမယ့် **(name)** ဆိုတဲ့ စကားလုံး ပါလာရင်တော့ **(What)** နဲ့မေးရပါတယ်။

1. Her name is ***Win Win.***
   What is her name?
2. His name is ***Ko Tun.***
   What is his name?
3. The girl's name is ***Htay Htay.***
   What is the girl's name?



*Exercise No. (34)*

**Change each sentence below into a question. Begin your question with the word given in brackets.**

ကွင်းအတွင်း ပေးထားသော စကားလုံးကို အစပြုလျက် မေးခွန်းဝါကျများအဖြစ် ပြောင်းလဲရေးသားပါ။

1. My name is Thazin. (What)
2. My mother is a teacher. (What)
3. My parents are U Phyu and Daw Nyo. (Who)
4. My hobby is reading the books. (What)
5. I read many books. (What)
6. My ambition is to become a doctor. (What)
7. Lwin Lwin is her best friend. (Who)
8. They read the newspaper every day. (What)
9. My favourite flower is Yuzana. (What)
10. The flowers are white and small. (What)
11. Yuzana flowers have a very nice smell. (What)
12. Ducks eat small insects. (What)
13. My aunt's name is Daw Htwe. (What)
14. She is a house-wife. (What)
15. She is cooking rice now. (What)
16. The teacher is going to read us a story. (What)
17. Thuzar's mother makes a dress for her. (What)
18. My father gave me a bicycle. (What)
19. The man has mended the shoes. (What)
20. It is twelve o'clock. (What)

## WHICH- [မည်သည့်အရာ၊ ဘယ်ဟာ၊ ဘယ်သူ]

ပိုင်ဆိုင်မှုပြမဟုတ်တဲ့ **Noun Modifier** တွေကို မေးခွန်းလုပ်ချင်ရင် သုံးရပါတယ်။ အရာဝတ္ထုနှစ်ခု (သို့) လူနှစ်ယောက် (သို့) အရာဝတ္ထု/ လူတစ်စုအနက်က ဘယ်အရာ၊ ဘယ်သူ့ကိုကြိုက်သလဲ၊ တွေ့သလဲ၊ ဝယ်သလဲ၊ ရွေးသလဲ စသည်ဖြင့် မေးချင်တဲ့အခါမှာ သုံးပါတယ်။

ဥပမာ

1. Which of you can answer my question?
   မင်းတို့အထဲက ငါမေးတာကို ဘယ်သူဖြေနိုင်သလဲ။
2. Which way shall we goup the hill or along the river bank?
   ကျွန်တော်တို့ ဘယ်လမ်းက သွားရမယ်၊ တောင်ပေါ်လမ်း တက်ရမလား၊ မြစ်ကမ်းပါးက လျှောက်သွားရမှာလား။
3. Which dress is the prettiest?
   အဝတ်များအနက် ဘယ်အဝတ်က အလှဆုံးလဲ။
4. Which is the longest river in the world?
   ကမ္ဘာပေါ်မှာ ဘယ်မြစ်က အရှည်ဆုံးလဲ။
5. Which picture do you prefer, this or that?
   ဘယ်ပန်းချီကားကို မင်းပိုကြိုက်သလဲ၊ ဒီဟာလား ဟိုဟာလား။

ဒါကြောင့် **Which** နဲ့ မေးခွန်းဝါကျဖွဲ့ချင်ရင် **Noun** ကို အထူးပြုတဲ့ နီသော၊ ဝါသော၊ လှသော၊ သစ်သော၊ ဟောင်းသော စတဲ့ အထူးပြုပုဒ် **Modifier** တွေကို ဖြုတ်ပြီးမှ မေးရပါမယ်။

ဥပမာ

1. I like the red car.
   ကျွန်ုပ်သည် နီသော (အနီရောင်) ကားကို ကြိုက်သည်။
   Which car do you like?
   မင်း ဘယ်ကားကို ကြိုက်သလဲ။

(**Which** ကို အထူးပြုခံနာမ် **Noun** နဲ့တွဲပြီး ရေးလေ့မေးလေ့ရှိတာကို သတိပြုပါ။)

ဥပမာ

| | | |
|---|---|---|
| Which book | = | ဘယ်စာအုပ် |
| Which girl | = | ဘယ်မိန်းကလေး |
| Which house | = | ဘယ်အိမ် (စသည်) |

2. ***This*** hotel is the best.
   ဒီဟိုတယ်က အကောင်းဆုံးပဲ။
   Which hotel is the best?
   ဘယ်ဟိုတယ်က အကောင်းဆုံးလဲ။



3. The girl ***under the tree*** is very thin.
   သစ်ပင်အောက်က ကောင်မလေး သိပ်ပိန်တာပဲ။
   Which girl is very thin?
   ဘယ်ကောင်မလေးက သိပ်ပိန်တာလဲ။
4. He bought ***the blue*** shirt.
   ရှပ်အင်္ကျီအပြာလေးကို သူဝယ်ခဲ့တယ်။
   Which shirt did he buy?
   ဘယ်အင်္ကျီကို သူဝယ်ခဲ့သလဲ။

### *Exercise No. (35)*

**Write question to which the words in italics are answers.**

စာလုံးစောင်းဖြင့် ပြထားသောအဖြေများအတွက် မေးခွန်းများ ပြုလုပ်ပေးပါ။

1. She likes ***the red*** colour.
2. The boy ***in the blue shirt*** is clever.
3. I want to see the boy ***in the blue shirt.***
4. The girl ***near the window*** is beautiful.
5. Daw Than has bought ***the pink*** longyi.
6. ***The red*** pen is mine.
7. ***The most beautiful*** gril won the beauty contest.
8. ***This room*** is the largest in our school.
9. They will take ***the 3.30 p.m*** train.
10. They are going to ***the Papawin*** Cinema.
11. He can buy ***the new*** car.
12. She will give him ***the black*** dog.
13. ***That*** tooth is hurting me.
14. ***The lazy*** boys failed in the examination.
15. She was wearing ***the beautiful*** dress.
16. The girl ***with long hair*** is opening the window.
17. The boy ***on the grass*** is playing with a ball.
18. The woman ***behind the bus*** is carrying a basket.
19. I saw a girl ***in a red*** skirt yesterday.
20. I see a man ***with glasses.***

## WHERE (ဘယ်နေရာမှာ၊ ဘယ်မှာ)

ဘယ်နေရာမှာရှိတယ်၊ ဘယ်နေရာကိုသွားတယ် (စသည်ဖြင့်) နေရာပြပုဒ်ကို သိချင်ရင် **Where** နဲ့ မေးရပါတယ်။ ဝါကျကို **Where** နဲ့ စရမယ်။ ဝါကျအတွင်းမှာရှိတဲ့ ကြိယာအမျိုးအစားကို ကြည့်ပြီး မူလဝါကျကို မေးခွန်းဝါကျပုံစံ ပြန်ပြောင်းပေးရပါတယ်။ (နေရာပြပုဒ်တွေပါနေရင် ပြန်မထည့် ရပါဘူး)

ဥပမာ

1. They live ***in Mandalay.***
   Where do they live?
2. He will go ***to England*** next year.
   Where will he go next year?
3. They are digging a well ***near the village.***
   Where are they digging a well?
4. She came from ***a small village.***
   Where did she come from?
5. I have put my book ***on the table.***
   Where have you put your book?
6. He has lived ***in this town*** since 1980.
   Where has he lived since 1980?

## WHEN (ဘယ်အချိန်မှာ၊ ဘယ်တုန်းက)

ဘယ်အချိန်ဘယ်ကာလမှာ အလုပ်တစ်ခုကို ဆောင်ရွက်တာလဲလို့ သိချင်ရင် **When** နဲ့ မေးရပါတယ်။

ဝါကျကို When နဲ့ စရမယ်။ ဝါကျအတွင်းမှာရှိတဲ့ ကြိယာအမျိုးအစားကိုကြည့်ပြီး မူလဝါကျကို မေးခွန်းဝါကျပုံစံ ပြန်ပြောင်းပေးရပါတယ်။ (အချိန်ပြပုဒ်တွေပါလာရင် ဖြုတ်ပစ်ရပါတယ်။)

ဥပမာ

1. She was born ***in 1980.***
   When was she born?
2. They will go to Mandalay ***tomorrow.***
   When will they go to Mandalay?
3. Daw Sein died ***in 1988.***
   When did Daw Sein die?



4. U Tin has his dinner ***at six o'clock.***
   When does U Tin have his dinner?

## WHY (ဘာကြောင့်၊ အဘယ်ကြောင့်)

မည်သည့်အကြောင်းကိစ္စ၊ မည်သည့် ရည်ရွယ်ချက်ကြောင့် အလုပ်တစ်ခုကို ဆောင်ရွက်တာလဲလို့ သိချင်ရင် **Why** နဲ့ မေးရပါတယ်။

ဝါကျကို **Why** နဲ့ စရမယ်။ ဝါကျအတွင်းမှာရှိတဲ့ ကြိယာအမျိုးအစားကိုကြည့်ပြီး မူလဝါကျကို မေးခွန်းဝါကျပုံစံ ပြန်ပြောင်းပေးရပါတယ်။ (အကြောင်းပြပုဒ်တွေပါလာရင် ဖြုတ်ပစ်ရပါတယ်။)

ဥပမာ

1. He eats rice ***because he is hungry.***
   Why does he eat rice?
2. They passed the examination ***because they tried hard.***
   Why did they pass the examination?
3. Daw Hla will go to the market ***to buy rice.***
   Why will Daw Hla go to the market?
4. We go to the hospital ***to see our friend.***
   Why do you go to the hospital?
5. She tries hard ***so that she may pass the examination.***
   Why does she try hard?
6. The boys have gone to the zoo ***to see the animals.***
   Why have the boys gone to the zoo?

## HOW (ဘယ်လိုနည်းနဲ့၊ ဘယ်လို)

အလုပ်တစ်ခုကိုလုပ်တဲ့အခါ ဖြည်းဖြည်းလုပ်တာလား၊ မြန်မြန်လုပ်တာလား၊ ဘယ်လိုလုပ်တာလဲ စသည်ဖြင့် လုပ်ပုံလုပ်နည်းကို သိချင်တဲ့အခါ **How** နဲ့ မေးရပါတယ်။

ဝါကျကို **How** နဲ့ စရမယ်။ ဝါကျအတွင်းမှာရှိတဲ့ ကြိယာအမျိုးအစားကိုကြည့်ပြီး မူလဝါကျကို မေးခွန်းဝါကျပုံစံ ပြန်ပြောင်းပေးရပါတယ်။ (လုပ်ပုံလုပ်နည်း ပြပုဒ်တွေပါလာရင် ဖြုတ်ပစ်ရပါတယ်။)

ဥပမာ

1. He writes the essay ***neatly.***
   How does he write the essay?
2. They killed the dog ***cruelly.***
   How did they kill the dog?
3. She is singing a song ***beautifully.***
   How is she singing a song?

4. The boys go home from school ***quickly.***
   How do the boy go home from school?
5. They should walk in their classroom ***quietly.***
   How should they walk in their classroom?
6. We speak to our teachers ***politely.***
   How do you speak to your teachers?

ခရီးသွားတဲ့အခါ၊ လာတဲ့အခါ ရထားနဲ့လား၊ ကားနဲ့လား စသည်ဖြင့် ဘယ်လိုသွားတာ၊ လာတာလဲလို့ သိချင်ရင်လည်း **How** နဲ့ မေးရပါတယ်။

ဥပမာ
7. They go to Paungde ***by train.***
   How do they go to Paungde?
8. He left for Japan ***by plane.***
   How did he leave for Japan?
9. The girl is going to school ***by bus.***
   How is the girl going to school?
10. They are crossing the river ***by boat.***
   How are they crossing the river?

**How fat** = ဘယ်လောက်ဝသလဲ, **How tall** = ဘယ်လောက်ရှည်သလဲ, **How long** = ဘယ်လောက်ရှည်လျားသလဲ, **How far** = ဘယ်လောက်ဝေးသလဲ, **How high** ဘယ်လောက်မြင့်သလဲ စသည်ဖြင့် အကွာအဝေး၊ အရှည်အလျား ပမာဏစသည်တို့ကို သိချင်ရင်လည်း **How** နဲ့တွဲဖက်ပြီး၊ မေးရပါတယ်။

ဥပမာ
1. The longest river in the world is 4,145 ***miles long.***
   How long is the longest river in the world?
2. Mount Everest is 29,028 ***feet high.***
   How high is Mount Everest?
3. The Pacific Ocean is 37,800 ***feet deep*** at its deepest part.
   How deep is the Pacific Ocean at its deepest part?
4. The Shwe Dagon Pagoda is 326 ***feet high.***
   How high is the Shwe Dagon Pagoda?
5. I am ***twenty six years old.***
   How old are you?



## HOW LONG [ဘယ်လောက်ကြာကြာ၊ ဘယ်လောက်ကြာသလဲ]

အလုပ်တစ်ခုကို အချိန်ကာလ၊ ဘယ်ရွေ့ဘယ်မျှကြာကြာ ဆောင်ရွက်ပြုလုပ်တာလဲလို့ အချိန်ကာလကြာမြင့်မှုကို သိချင်တဲ့အခါမှာ သုံးပါတယ်။

ဥပမာ
1. They have studied English ***for three years.***
   How long have they studied English?
2. She has been reading this book ***for two hours.***
   How long has she been reading this book?
3. I can stay here ***for one week.***
   How long can you stay here?
4. We have been living in this town ***since 1980.***
   How long have you been living in this town?
5. I have been taking this medicine ***since July.***
   How long have you been taking this medicine?
6. I have been taking that medicine ***for two months.***
   How long have you been taking that medicine?

## HOW MUCH
(၁) ဘယ်လောက်များများ၊ (ရေတွက်၍မရသော နာမ်နှင့်တွဲ၍ သုံးသည်)
(၂) ဘယ်ဈေးလဲ

ဥပမာ
1. It costs ***three hundred kyats.***
   How much does it cost?
2. There is ***a lot of sugar*** in the tin.
   How much sugar is there in the tin?
3. I paid the shopkeeper ***ten kyats.***
   How much did you pay the shopkeeper?
4. The red bag is ***sixty kyats.***
   How much is the red bag?

## HOW MANY (ဘယ်လောက်များများ)
## (ရေတွက်၍ရသော၊ နာမ်နှင့်တွဲ၍ သုံးသည်)

ဥပမာ
1. There are ***about one thousand students*** in the school.
   How many students are there in the school?
2. ***Three boys*** swam in the lake yesterday.
   How many boys swam in the lake yesterday?
3. There are ***seven days*** in a week.
   How many days are there is a week?

## HOW OFTEN (ဘယ်နှစ်ကြိမ်)

အလုပ်တစ်ခု၊ ဆောင်ရွက်မှုတစ်ခုကို ဘယ်နှစ်ကြိမ်၊ ဘယ်နှစ်ခါလောက် လုပ်ကိုင်ဆောင်ရွက်သလဲလို့ သိချင်ရင် **How often** နဲ့ မေးရပါတယ်။

ဝါကျကို **How often** နဲ့ စရမယ်။ ဝါကျအတွင်းမှာရှိတဲ့ ကြိယာအမျိုးအစားကိုကြည့်ပြီး မူလဝါကျကို မေးခွန်းဝါကျ ပြန်ပြောင်းရမယ်။ (အကြိမ်အရေအတွက်ပြပုဒ်တွေပါနေရင် ပြန်မထည့်ရပါဘူး။)

ဥပမာ
1. I go to the pagoda ***twice a week.***
   How often do you go to the pagoda?
2. They have a holiday ***once a week.***
   How often do they have a holiday?
3. He has a meal ***three times a day.***
   How often does he have a meal?
4. I comb my hair ***four times a day.***
   How often do you comb your hair?
5. I have told him about it ***twice.***
   How often have you told him about it?

### *Exercise No. (36)*

**Turn the following statements into questions, asking about the words in italics.**

စာလုံးစောင်းဖြင့် ပြထားသောအဖြေများအတွက် မေးခွန်းဝါကျများ ပြုလုပ်ပေးပါ။

1. I want to eat ***mangoes.***
2. These books are ***his.***
3. Ni Ni is wearing ***a new dress.***



4. He saw ***his friend*** in the market yesterday.
5. He saw his friend ***in the market.***
6. He saw his friend ***yesterday.***
7. ***The traveller*** left this bag here.
8. ***Daw Thein*** is our new teacher.
9. They want ***to go out.***
10. ***U Lwin*** taught us English.
11. U Lwin taught us ***English.***
12. U Lwin taught ***us*** English.
13. ***Cows*** eat grass.
14. Cows eat ***grass.***
15. The children are playing ***under a tree.***
16. ***The boy*** is looking at the girl.
17. The boy is looking at ***the girl.***
18. They will go to school ***on foot.***
19. They will ***go to school*** on foot.
20. They will ***go to school on foot.***

### *Exercise No. (37)*

**Write questions to which the words in italics are answers.**

စာလုံးစောင်းနှင့်ပြထားသော အဖြေများအတွက် မေးခွန်းများ ပြုလုပ်ပေးပါ။

1. My father is coming back ***on Sunday.***
2. We have spoken English ***for three years.***
3. She is sleeping ***because she is tired.***
4. I gave ***three hundred kyats*** for this longyi.
5. He has ***two cars.***
6. They went to the post office ***to buy stamps.***
7. She didn't buy the diamond ring *because she couldn't afford one.*
8. We intend to remain here ***for two weeks.***
9. She will see me ***tomorrow afternoon.***
10. She will leave ***by the three o'clock train.***
11. They are working ***very hard.***
12. We swim ***in the sea.***
13. She takes a plate ***from the cupboard.***
14. The picture hangs ***on the wall.***
15. We wake up ***at seven.***

16. ***His*** wife was angry with him.
17. ***His wife*** was angry with him.
18. ***Cho Pyone*** sings a song sweetly.
19. Cho Pyone sings a song ***sweetly.***
20. Cho Pyone ***sings a song sweetly.***
21. They go ***to school*** by bus every day.
22. They go to school ***by bus*** every day.
23. They go to school by bus ***every day.***
24. Her mother died ***in 1988.***
25. ***Her*** mother died in 1988.
26. ***Her mother*** died in 1988.
27. ***Mother*** goes to (the) market to buy vegetables every morning.
28. Mother goes to (the) market to buy vegetables ***every morning.***
29. Mother goes to (the) market ***to buy vegetables*** every morning.
30. Mother goes ***to (the) market*** to buy vegetables every morning.
31. Mother goes ***to (the) market to buy vegetables*** every morning.
32. Moe Aung has lived in Mandalay ***since 1980.***
33. Moe Aung has lived ***in Mandalay*** since 1980.
34. ***That beautiful car*** is my father's.
35. She has ***three books.***

*Exercise No. (38)*

**Write questions to which the words in italics are answers.**

စာလုံးစောင်းဖြင့်ဖော်ပြထားသော အဖြေများအတွက် မေးခွန်းများပြုလုပ်ပေးပါ။

1. The girls are sleeping ***in the room.***
2. The girls ***are sleeping*** in the room.
3. The train will leave ***at one o'clock.***
4. A new moon looks like ***an eyebrow.***
5. The girl was looking unhappy ***beacuse she has lost her money.***
6. The pupils stood up ***beacuse the teacher came into the room.***
7. The old man was walking ***for one hour.***
8. We are going to the zoo ***next Sunday.***
9. The bird sang ***beautifully.***
10. The hunters have gone ***into the forest.***
11. ***The hunters*** have gone into the forest.
12. Ni Ni went to Pyin-Oo-Lwin ***last summer.***
13. Ni Ni went ***to*** Pyin-Oo-Lwin last summer.



14. The students came ***at seven o'clock.***
15. Ko Tun took away ***Nyo Nyo's*** umbrella.
16. Jets can fly ***very fast.***
17. The big planes can carry ***300 to 400*** passengers.
18. Mi Mi has done ***her homework.***
19. She washed her hands ***because they were dirty.***
20. ***Some people*** think that dogs are faithful.
21. ***Alfred Nobel's*** money is given away as prizes every year.
22. I have been living in Pyin-Oo-Lwin ***since April.***
23. She has been away ***since June.***
24. He has been a doctor ***for three years.***
25. I have been here ***for half an hour.***
26. ***U Nyo*** has just left for work.
27. The train had arrived ***when we got to the station.***
28. The lesson had started ***when she got to class.***
29. I didn't go out ***because of the rain.***
30. I can't do it now ***because I am too busy.***

1 *What, who and which*

a We use *what* with a noun (eg *what colour, what nationality*) or without a noun to ask mostly about things.

***What** colour is your car?*
***What** nationality is Maria?*
***What** is Ken doing?*
***What** would you like to drink?*

We can sometimes use *what* to ask about people.

***What** actors do you like?*

b We use *who* without a noun to ask about people.

***Who** is your favourite actor?*
***Who** told you the news?*

c We use *which* with or without a noun to ask about things or people when there is a restricted choice.

***Which** colour do you like best – red, blue or yellow?*
***Which** actor do you prefer – Robert de Niro or Dustin Hoffman?*
***Which** would you like – wine or beer?*

But we often use *who* even when there is a restricted choice.

***Who** do you prefer – Robert de Niro or Dustin Hoffman?*

We often use *which one* instead of *who* or *what* when there is a restricted choice.

***Which one** do you prefer – Robert de Niro or Dustin Hoffman?*
***Which one** do you want – the red one or the blue one?*

We can also use *which of* . . . .

***Which of** these colours do you like best?*

2 *Whose*

We use *whose* with or without a noun to ask about possession.

*'**Whose** book is this?' 'It's Maria's.'*
*'**Whose** are these?' 'They're mine.'*

3 *Where, when, why and how*

a We use *where* to ask about place.

*'**Where** are you going on holiday?' 'To Greece.'*
*'**Where** does Sue live?' 'In London.'*

b We use *when* to ask about time.

*'**When** were you born?' 'In 1970.'*
*'**When** is she leaving?' 'At 2 o'clock.'*

c We use *why* to ask about reason or purpose.

*'**Why** are you late?' 'Because my car broke down.'*
*'**Why** did you go out?' 'To do some shopping.'*

d We use *how* to ask 'in what way?'

*'**How** did you get here?' 'I came by bus.'*
*'**How** do you spell your name?' 'D-A-V-I-S.'*

We use *how* in greetings and introductions, and to ask about state of health.

*'**How** are you?' 'I'm fine, thanks. And you?'*
*'**How** do you do?' 'How do you do? I'm pleased to meet you.'*
***How** is your mother now? Is she feeling any better?*

We use *how* with adjectives (eg *old, tall*) and adverbs (eg *often, well*), and with *much* and *many*.

*'**How old** are you?' 'I'm 18.'*
*'**How often** do you go to the cinema?' 'About once a week.'*
***How much** money have you got with you?*
***How many** brothers and sisters have you got?*



# CHAPTER X

# NOUNS AND ARTICLES

# NOUNS
# နာမ်

## NOUNS

၁။ သက်ရှိသက်မဲ့၊ ဖြစ်ရှိဖြစ်မဲ့တို့၏ အမည်ဟူသမျှကို (**Noun**) နာမ်လို့ခေါ်ပါတယ်။

ဥပမာ man, boy, girl, dog, book, Kyaw Thu, love, hatred, knowledge, etc..

၂။ **Noun** နာမ်တွေကို ပထမဦးဆုံး အကောင်အထည် ဖြစ်ရှိတဲ့နာမ် (**Concrete**) နဲ့ အကောင်အထည်ဖြစ်မရှိတဲ့နာမ် (**Abstract**) ဆိုပြီး နှစ်မျိုးခွဲခြားနိုင်ပါတယ်။

ဥပမာ
book = စာအုပ်၊
boy = လူကလေး၊
girl = မိန်းကလေး
စတဲ့ နာမ်တွေက အကောင်အထည်ဖြစ်ရှိတဲ့ နာမ်တွေ ဖြစ်ပါတယ်။
love = မေတ္တာ၊
hatred = အမုန်း၊
knowledge = ပညာဗဟုသုတ
စတဲ့ နာမ်တွေက အကောင်အထည်ဖြစ်မရှိတဲ့ နာမ်တွေဖြစ်ပါတယ်။

၃။ အကောင်အထည်ဖြစ်ရှိတဲ့ နာမ်ကိုပဲ အများဆိုင်နာမ် (**Common Noun**) နဲ့ ကိုယ်ပိုင်နာမ် (**Proper Noun**) ဆိုပြီး၊ နှစ်မျိုးထပ်မံ ခွဲခြားနိုင်ပါသေးတယ်။

ဥပမာ
man = လူ၊
girl = မိန်းကလေး၊
town = မြို့ စတဲ့နာမ်တွေက အများဆိုင်နာမ်တွေ ဖြစ်ပါတယ်။
Kyaw Thu,
Tint Tint Tun,
Mandalay စတဲ့နာမ်တွေက ကိုယ်ပိုင်နာမ်တွေ ဖြစ်ပါတယ်။

၄။ အများဆိုင်နာမ်တွေကိုလည်း တစ်ဦးတစ်ယောက် (တသီးတခြား) နဲ့ ပတ်သက်တဲ့နာမ် (**Indivi - dual**) နဲ့ တစ်စုတစ်လုံးတည်းနဲ့ ဆိုင်တဲ့နာမ် (**Collective**) ဆိုပြီး နှစ်မျိုးထပ်ပြီး ခွဲခြားနိုင်ပါသေးတယ်။

ဥပမာ bird = ငှက်၊
cat = ကြောင်၊
boy = လူကလေး

စတဲ့နာမ်တွေက တစ်ဦးတစ်ယောက် (တသီးတခြား) နဲ့ ပတ်သက်တဲ့နာမ်တွေ ဖြစ်ပါတယ်။

crowd = လူအုပ်၊
army = စစ်တပ်၊
flock = အုပ်စု၊ အအုပ်

စတဲ့ နာမ်တွေက တစ်စုတစ်လုံးတည်းနဲ့ဆိုင်တဲ့ နာမ်တွေဖြစ်

(ယေားကွက်ကလေးချပြီး ကြည့်ကြရအောင်)

## KINDS OF NOUNS




၅။ အထက်မှာ ဖော်ပြထားသလို (အနက်အဓိပ္ပာယ်အရ) နာမ်တွေကို တစ်ဦးဆိုင်နာမ်၊ အများဆိုင်နာမ်၊ စိတ္တဇနာမ်၊ အစုပြနာမ်၊ ဒြဗ္ဗနာမ် (**Proper Noun, Common Noun, Abstract Noun, Collective Noun, Material Noun**) စသည်ဖြင့် အမျိုးအစားတွေ ခွဲခြားတာထက် ....

၆။ (**Countable Noun**) ရေတွက်လို့ရတဲ့နာမ်နဲ့ (**Uncountable Noun**) ရေတွက်လို့ မရတဲ့ နာမ်ဆိုပြီး ခွဲခြားလေ့လာတာက ပိုပြီးထိရောက်မှုရှိပါတယ်။



## COUNTABLE NOUNS

၁။ တစ်ခု၊ နှစ်ခု၊ သုံးခု၊ တစ်ယောက်၊ နှစ်ယောက်၊ သုံးယောက် စသည်ဖြင့် ရေတွက်လို့ရတဲ့ နာမ်တွေကို (**Countable Noun**) လို့ ခေါ်ပါတယ်။

ဥပမာ book = စာအုပ် pencil = ခဲတံ
dog = ခွေး cat = ကြောင်
boy = လူကလေး girl = မိန်းကလေးစတဲ့
နာမ်တွေဖြစ်ပါတယ်။

၂။ ရေတွက်လို့ရတဲ့ နာမ်တွေကို အနည်းကိန်း (**Singular**)၊ အများကိန်း (**Plural**) နှစ်မျိုးလုံး အဖြစ်နဲ့ ရေးသားဖော်ပြနိုင်ပါတယ်။

ဥပမာ A boy = လူကလေးတစ်ယောက် boys = လူကလေးများ
A book = စာအုပ်တစ်အုပ် books = စာအုပ်များ
An eye = မျက်လုံးတစ်လုံး eyes = မျက်လုံးများ

၃။ **Countable Noun (C. Noun)** အနည်းကိန်းတွေကို ရေးတဲ့အခါ သတိပြုရပါတယ်။

(က) တစ်ခု၊ တစ်ကောင်၊ တစ်ယောက် စသည်ဖြင့် ဖော်ပြချင်တဲ့အခါ (**a**) သို့မဟုတ် (**an**) ကို သုံးရပါတယ်။

(ခ) "**အ**" အသံထွက်တဲ့ စကားလုံးတွေရဲ့ရှေ့မှာ **an** ကိုထားပြီး သုံးရပါတယ်။ သရ (**A, E, I, O, U**) နဲ့စပြီးရေးတဲ့ စကားလုံးတွေဟာ (များသောအားဖြင့်) "**အ**" အသံထွက်တတ်ပါတယ်။

ဥပမာ an ape = မျောက်လွှဲကျော်တစ်ကောင်
an ant = ပုရွက်ဆိတ်တစ်ကောင်
an eye = မျက်လုံးတစ်လုံး
an ear = နားရွက်တစ်ဖက်
an oar = လှော်တက်တစ်ချောင်း
an umbrella = ထီးတစ်လက်

(ဂ) (**A, E, I, O, U**) နဲ့အစပြုပြီးရေးပေမယ့် "**အ**" အသံမထွက်တဲ့စကားလုံးတွေ ရှိပါသေးတယ်။ "**အ**" အသံမထွက်တဲ့အတွက် "**a**" နဲ့ပဲ တွဲဖက်ရေးသားရပါတယ်။

ဥပမာ A uniform = (ယူနီဖောင်း) = ဆင်တူဝတ်စုံ
A university = (ယူနီဗာစတီ) = တက္ကသိုလ်တစ်ခု

A European = (ယူရိုပီယံ) = ဥရောပတိုက်သား တစ်ယောက်

A one-eyed man = (ဝမ်းအိုင်းမင်း) = မျက်စိတစ်ဖက် ကန်းသော လူကြီး

A ewe = (ယူး) = သိုးမတစ်ကောင်

(ဃ) "**h**" နဲ့အစပြုပြီးရေးပေမယ့် "**h**" သံကို ဖျောက်ထားပြီး "အ" အသံထွက်ရတဲ့ စကားလုံးတွေကိုတော့ "**an**" နဲ့ တွဲဖက်ရေးသားရပါတယ်။

ဥပမာ an hour = (အာဝါ) = တစ်နာရီ
an heir = (အဲယား) = အမွေစားအမွေခံ တစ်ယောက်
an honest man = (အောနက်စ်) = ရိုးသားသောလူတစ်ယောက်

**With words like *hour, honour, honest,* we use "an" because the "h" is not sounded.**

**BRIGHTER GRAMMAR II. (P. 33)**

(c) တစ်ခု၊ တစ်ကောင်၊ တစ်ယောက် မပါရင်တော့ **the** ကို သုံးရပါတယ်။

ဥပမာ The ant = ပုရွက်ဆိတ် The man = လူကြီး
The eye = မျက်လုံး The ear = နားရွက်
The cat = ကြောင် The dog = ခွေး

(C. Noun) ရေတွက်လို့ရတဲ့ နာမ်အနည်းကိန်းတွေကို a, an, the တစ်လုံးလုံး မပါဘဲ မရေးရဘူးဆိုတာကို အထူးသတိပြုမှတ်သားထားစေချင်တယ်။

ဥပမာ A man = လူတစ်ယောက် The man = လူ
A dog = ခွေးတစ်ကောင် The dog = ခွေး
A cat = ကြောင်တစ်ကောင် The cat = ကြောင်
An orange = လိမ္မော်သီးတစ်လုံး The orange = လိမ္မော်သီး

လူ = man၊ ခွေး = dog၊ ကြောင် = cat၊ လိမ္မော်သီး = orange စသည်ဖြင့် (The) မပါဘဲ မရေးရပါဘူး။

> A countable noun cannot be used in the singular without an article.
> *PRACTICAL ENGLISH USAGE (P. 3)*



## UNCOUNTABLE NOUNS

၁။ တစ်ခု၊ နှစ်ခု၊ သုံးခု၊ တစ်ကောင်၊ နှစ်ကောင်၊ သုံးကောင် စသည်ဖြင့် ရေတွက်လို့မရတဲ့ နာမ်တွေကို (**Uncountable Nouns**) လို့ ခေါ်ပါတယ်။

ဥပမာ milk = နွားနို့ water = ရေ
salt = ဆား sugar = သကြား
love = ချစ်မေတ္တာ hatred = မုန်းတီးခြင်း
စတဲ့နာမ်တွေဖြစ်ပါတယ်။

၂။ (**U. Nouns**) ရေတွက်လို့မရတဲ့နာမ်တွေကို **s, es** ပေါင်းထည့်ပေးပြီး၊ အများကိန်းအဖြစ်နဲ့လည်း မသုံးရပါဘူး။
**a, an** စသည်တို့နဲ့ တွဲဖက်ပြီးတော့ အနည်းကိန်းအဖြစ်နဲ့လည်း မသုံးရပါဘူး။
ဆိုလိုတာက **a milk, a water, a salt, a sugar** လို့ မရေးရသလို **milks, waters, salts, sugars** လို့လည်း မရေးရပါဘူး။

> (a) An uncountable noun cannot be used in the plural.
> (b) An uncountable noun cannot take "a".
>
> *P. E. U (PAGE. 3)*
>
> Things we cannot count have no indefinite article and, usually no plural.
>
> *L. E. S (PAGE. 1)*
>
> Only countables that are singular number take "a" or "an".
>
> *B. G. II (PAGE. 38)*
>
> (b) We cannot usually put "a/an" with an uncountable noun even when there is an adjective.
>
> My father enjoys very good *health.*
> (Not ... a very good health)
>
> We're having terrible *weather.*
> (Not ... a terrible weather)
>
> He speaks good *Enlgish.*
> (Not ... a good English)
>
> *BASIC ENGLISH USAGE (PAGE. 92)*
> *MICHAEL SWAN*

*Exercise No. (39)*

**In the blanks, supply the correct indefinite article, a or an.**

1. .......... book
2. .......... old book
3. .......... apple
4. .......... man
5. .......... honest man
6. .......... house
7. .......... horse
8. .......... hour
9. .......... woman
10. .......... idea
11. .......... dog
12. .......... cat
13. .......... elephant
14. .......... eel
15. .......... ship
16. .......... rose
17. .......... flower
18. ..........tree
19. .......... egg
20. .......... uncle
21. .......... telephone
22. .......... aeroplane
23. .......... ice-cream
24. .......... mouse
25. .......... town
26. .......... soldier
27. .......... honour
28. .......... friend
29. ..........ox
30. .......... hat
31. .......... pencil
32. .......... island
33. .......... aunt
34. .......... teacher
35. .......... oak
36. .......... child
37. .......... animal
38. ..........university
39. .......... inch
40. .......... young girl

*Exercise No. (40)*

**Translate into Myanmar.**

မြန်မာဘာသာပြန်ဆိုပါ

1. A hill
2. Hills
3. The hill
4. A hen
5. Hens
6. The hen
7. An orange
8. The orange
9. Oranges
10. An ear
11. The ear
12. Ears
13. An eel
14. Eels
15. The eel
16. The infant
17. Infants
18. An infant



19. A goat
20. The goat
21. Goats
22. An ant
23. The ant
24. Ants
25. The elephant
26. Elephants
27. An elephant
28. Umbrellas
29. An umbrella
30. The umbrella

*Exercise No. (41)*

**Translate into English.**

အင်္ဂလိပ်ဘာသာပြန်ဆိုပါ။

၁။ မိန်းကလေး
၂။ မိန်းကလေးတစ်ယောက်
၃။ မိန်းကလေးများ
၄။ စာအုပ်တစ်အုပ်
၅။ စာအုပ်
၆။ စာအုပ်များ
၇။ ပုဆိန်တစ်လက်
၈။ ပုဆိန်
၉။ ပုဆိန်များ
၁၀။ လက်မောင်းတစ်ဖက်
၁၁။ လက်မောင်းများ
၁၂။ လက်မောင်း
၁၃။ မျက်စိ
၁၄။ မျက်စိများ
၁၅။ မျက်စိတစ်လုံး
၁၆။ ဝက်ဝံ
၁၇။ ဝက်ဝံတစ်ကောင်
၁၈။ ခွက်တစ်ခွက်
၁၉။ ခွက်များ
၂၀။ ခွက်
၂၁။ လွယ်အိတ်
၂၂။ လွယ်အိတ်တစ်လုံး
၂၃။ လွယ်အိတ်များ
၂၄။ ခွေးတစ်ကောင်
၂၅။ ခွေး
၂၆။ ဆိတ်တစ်ကောင်
၂၇။ ဆိတ်
၂၈။ စစ်သားတစ်ယောက်
၂၉။ စစ်သား
၃၀။ စစ်သားများ

*Exercise No. (42)*

**Write out the following nouns, labelling each one C or U.**

**အောက်ဖော်ပြပါနာမ်များကို C. Noun နှင့် U. Noun ခွဲခြားပြပါ။**

1. flower
2. flour
3. ring
4. tea
5. ink
6. grass

| | |
|---|---|
| 7. rice | 8. paddy |
| 9. cow | 10. sheep |
| 11. wool | 12. milk |
| 13. door | 14. window |
| 15. rain | 16. butter |
| 17. house | 18. honesty |
| 19. happiness | 20. ink-bottle |
| 21. tree | 22. shop |
| 23. school | 24. teacher |
| 25. pupil | 26. sand |
| 27. mud | 28. smoke |
| 29. carelessness | 30. beauty |
| 31. rabbit | 32. hair |
| 33. anger | 34. goat |
| 35. street | 36. bus |
| 37. church | 38. gold |
| 39. darkness | 40. friend |
| 41. bird | 42. horse |
| 43. doctor | 44. nurse |
| 45. kindness | 46. soldier |
| 47. bravery | 48. city |
| 49. youth | 50. wisdom |

**သတိပြုရန်**

အချို့နာမ် (**Noun**) စကားလုံးတွေဟာ **C. Noun** ရော၊ **U. Noun** ရော နှစ်ခုလုံး ဖြစ်နိုင်ပါတယ်။ အင်္ဂလိပ်စကားလုံးတစ်လုံးဟာ အဓိပ္ပာယ်အမျိုးမျိုး ထွက်နိုင်ပါတယ်။

စကားလုံးတစ်လုံးရဲ့ အဓိပ္ပာယ်သွား၊ အသုံးအနှုန်းပေါ်မူတည်ပြီး **C. Noun** နဲ့ **U. Noun** ကို ခွဲခြားရပါတယ်။

ဥပမာ 1. Wood (C. N) = သစ်တော၊ တောအုပ်။
(U. N) = သစ်သား။

- There are two lovely woods near our village.
ကျွန်တော်တို့ရွာနားမှာ လှပတဲ့ တောအုပ်ကလေးနှစ်ခုရှိတယ်။
- This table is made of wood.
ဒီစားပွဲကို သစ်သားနဲ့ လုပ်ထားတယ်။

("တောအုပ်" ဆိုတဲ့ အဓိပ္ပာယ်နဲ့ဆိုရင် ရေတွက်လို့ရတဲ့ **C. Noun** ဖြစ်တယ်။ "သစ်သား" ဆိုတဲ့ အဓိပ္ပာယ်နဲ့ဆိုရင်တော့ ရေတွက်လို့မရတဲ့အတွက် **U. Noun**ဖြစ်ပါတယ်။)



2. stone (C. N) = ကျောက်ခဲ။
(U. N) = ကျောက်၊ အုတ်။

- The boy threw a ***stone*** at a dog. (C.N)
လူကလေးက ခွေးတစ်ကောင်ကို ကျောက်တုံးတစ်တုံးနဲ့ ပေါက်တယ်။
- Our school is built of ***stone*** (U. N)
ကျွန်ုပ်တို့၏ကျောင်းကို ကျောက် (အုတ်) နဲ့ ဆောက်လုပ်ထားတယ်။

3. glass (C. N) = ဖန်ခွက်။
(U. N) = ဖန်၊ ဖန်ထည်။

- There are two ***glasses*** on the table. (C. N)
စားပွဲပေါ်မှာ ဖန်ခွက်နှစ်ခွက်ရှိတယ်။
- This bowl is made of ***glass.*** (U. N)
ဒီခွက်ကို ဖန်နဲ့လုပ်ထားတယ်။

4. hair (C. N) = ဆံပင် (သီးသန့်ညွှန်ပြ)
(U. N) = ဆံပင် (အားလုံးကိုညွှန်ပြ)

- Our teacher has got black ***hair.*** (U. N)
ကျွန်တော်တို့ဆရာမမှာ နက်မှောင်သော ဆံပင်ရှိသည်။
- I have got three white ***hairs.*** (C . N)
ကျွန်တော့်မှာ ဆံပင်ဖြူ (၃) ပင် ရှိ (ပေါက်) နေတယ်။

5. country (C. N) = တိုင်းပြည်။
(U. N) = တောရပ်ဒေသ။

- Myanmar is a hot wet ***country.*** (C. N)
မြန်မာနိုင်ငံဟာ ပူအိုက်စွတ်စိုတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တယ်။
- How many ***countries*** are there in Europe? (C. N)
ဥရောပတိုက်မှာ နိုင်ငံဘယ်နှစ်နိုင်ငံ ရှိသလဲ။
- My uncle lives in ***the country*** near Paungde. (U. N)
ကျွန်တော့်ဦးလေးဟာ ပေါင်းတည်မြို့နားက တောရပ်မှာနေတယ်။
- Do you want to live in ***the town*** or, ***the country?***(U. N)
မင်း မြို့မှာနေချင်သလား၊ တောမှာနေချင်သလား။

> Many nouns can be either C or U, though there is always a slight difference in the two uses.
>
> *P. E. U (PAGE. 4)*

Some of these words, e.g. glass, paper, stone, etc .., can be "countable" in one context and, with a different meaning, "uncountable" in another.

*A glass* (Countable) is made of *glass* (Uncountable).

You can throw a *stone* (Countable) at a wall made of *stone* (Uncountable).

I have an evening *paper* (Countable). There is *paper* (Uncountable) on the wall.

The price of *tin* (Uncountable) rose today.
The food is packed in *tins* (Countable).
The kettle is made of *copper* (Uncountable).
I gave the boy a few *coppers* (Countable).

*A COMPREHENSIVE ENGLISH GRAMMAR (PAGE. 20)*

Some nouns are usually uncountable in English but often countable in other languages. Here are the most important of these:

| | | |
|---|---|---|
| accommodation | advice | baggage |
| behaviour | bread | chaos |
| furniture | information | luggage |
| news | permission | progress |
| scenery | traffic | travel |
| trouble | weather | work |

These nouns are *uncountable*, so

(i) you cannot use "a/an" before them; and
(ii) they cannot be plural:

- I am looking for accommodation. (not an accommodation)
- I am going to buy some bread. (or "a loaf of bread", but not a bread)
- Tom gave me some good advice. (not some good advices)
- Where are you going to put all your furniture? (not "furnitures")

*ENGLISH GRAMMAR IN USE (P. 138)*



Here are some more nouns which are uncountable in English, but countabie in some other languages, together with related singular countable expressions.

| UNCOUNTABLE | COUNTABLE |
|---|---|
| 1. accommodation | a place to live or stay |
| 2. advice | a piece of advice |
| 3. bread | a loaf |
| 4. furniture | a piece of furniture |
| 5. grass | a blade of grass, a lawn |
| 6. information | a piece of information |
| 7. knowledge | a fact |
| 8. lightning | a flash of lightning |
| 9. luggage | a piece of luggage, a case, a trunk |
| 10. money | a note, a coin, a sum |
| 11. news | a piece of news |
| 12. progress | a step forward |
| 13. research | a piece of research, an experiment |
| 14. rubbish | a piece of rubbish |
| 15. thunder | a clap of thunder |
| 16. toothache | an aching tooth |
| 17. travel | a journey, a trip |
| 18. work | a job, a piece of work |

*BASIC ENGLISH USAGE (PAGE. 79)*

## COUNTABLE NOUNS
## FORMATION OF THE PLURAL [နာမ်များကို အများကိန်းပြောင်းနည်း]

**Uncountable Noun** တွေကို အများကိန်း မပြောင်းရပါဘူး။ **Uncountable Noun** ကို **s, es** ထည့်ပြီး အများကိန်းပြောင်းရင်လည်း မူလအဓိပ္ပာယ် မဟုတ်တော့ဘဲ သီးခြား အဓိပ္ပာယ်ထွက်တဲ့ နာမ်အဖြစ် ပြောင်းလဲသွားပါတယ်။ မူလနာမ်ရဲ့ အများကိန်းသဘော မသက်ရောက်ပါဘူး။

ဥပမာ

| | | | |
|---|---|---|---|
| air | = လေ | airs | = ဟန်ပန်လေသံ |
| beef | = အမဲသား | beeves | = ကျွဲနွားများ |
| content | = ကျေနပ်ခြင်း | The contents | = ပါဝင်သောအရာ၊ မာတိကာ |
| copper | = ကြေးနီ | coppers | = ကြေးနီဒင်္ဂါး၊ အိုးခွက်များ |
| corn | = (စပါးစသည်)အနံ့/အစေ့ | corns | = အသားမာပြွတ် |
| force | = ခွန်အား | forces | = စစ်သည်အလုံးအရင်းများ |
| good | = ကောင်းကျိုး | goods | = ကုန်စည် |
| grain | = အနံစေ့၊ အစေ့အဆံ | grains | = အနည်းငယ်။ ငါးထိုးခက်ရင်းခွ |
| iron | = သံ | irons | = (သံ) လက်ထိပ်ခြေကျဉ်းများ |
| ground | = မြေပြင်၊ မြေကြီး | grounds | = အနည်အနှစ်များ |
| instruction | = သင်ကြားချက် | instructions | = ညွှန်ကြားချက်၊ အမိန့် |
| lead | = ခဲ | leads | = ခဲနှင့်ပြုလုပ်ထားသော အရာဝတ္ထုများ |
| physic | = ဆေး | physics | = ရူပဗေဒပညာ |
| respect | = ရိုသေမှု၊ ဂါရဝ | respects | = လောကဝတ် (လောကွတ် ပျူငှာခြင်းများ) |
| return | = အပြန်၊ ပြန်လာခြင်း | returns | = စာရင်းအင်းချုပ် |
| salt | = ဆား | salts | = ဝမ်းနုတ်ဆေး |
| sand | = သဲ | sands | = သဲသောင်ပြင် |
| silk | = ပိုး | silks | = ပိုးထည်များ |
| vapour | = အခိုးအငွေ့ | vapours | = သဘောဆိုး |
| water | = ရေ | waters | = ရေအလျဉ်၊ မြစ်၊ ချောင်း၊ ပင်လယ်များ |

**Countable Noun** တွေကို အနည်းကိန်းကနေ အများကိန်းကို ပြောင်းနိုင်ပါတယ်။ ပြောင်းတဲ့အခါ နဖော်ပြမယ့် စည်းကမ်း၊ အချက်အလက်ကလေးတွေကို သတိပြုရပါတယ်။



၁။ အနည်းကိန်းနာမ်ကို "s" ပေါင်းထည့်လိုက်ရင် အများကိန်းနာမ် ဖြစ်သွားပါတယ်။

| | | | | |
|---|---|---|---|---|
| ဥပမာ | boy | = လူကလေး | boys | = လူကလေးများ |
| | bird | = ငှက် | birds | = ငှက်များ |
| | cat | = ကြောင် | cats | = ကြောင်များ |
| | dog | = ခွေး | dogs | = ခွေးများ |
| | room | = အခန်း | rooms | = အခန်းများ |

၂။ အနည်းကိန်းနာမ်ရဲ့ နောက်ဆုံးအက္ခရာဟာ "**s, sh, ch, x, z**" တွေ ဖြစ်နေရင်တော့ အများကိန်း နာမ်ပြောင်းတဲ့အခါ **es** ကို ပေါင်းထည့်ပေးရပါတယ်။

| | | | | |
|---|---|---|---|---|
| ဥပမာ | ass | = မြည်း | asses | = မြည်းများ |
| | kiss | = နမ်းခြင်း | kisses | = အနမ်းများ |
| | class | = အတန်း | classes | = အတန်းများ |
| | bush | = ချုံပုတ် | bushes | = ချုံပုတ်များ |
| | brush | = ဝက်မှင်ဘီး | brushes | = ဝက်မှင်ဘီးများ |
| | dish | = (ဟင်းစား) ပန်းကန် | dishes | = (ဟင်းစား)ပန်းကန်များ |
| | match | = မီးခြစ်ဆံ | matches | = မီးခြစ်ဆံများ |
| | ditch | = မြောင်း၊ ကျုံး | ditches | = မြောင်းများ၊ ကျုံးများ |
| | witch | = စုန်းမ | witches | = စုန်းမများ |
| | fox | = မြေခွေး | foxes | = မြေခွေးများ |
| | box | = သေတ္တာ | boxes | = သေတ္တာများ |
| | buzz | = ပျားမြည်သံ | buzzes | = ပျားမြည်သံများ |
| | topaz | = ဥဿဖယား | topazes | = ဥဿဖယားများ |

၃။ အနည်းကိန်းနာမ်ရဲ့ နောက်ဆုံးအက္ခရာဟာ "**o**" ဖြစ်နေတယ်၊ "**o**" ရဲ့ရှေ့မှာလည်း "ဗျည်း" တစ်လုံးလုံးရှိနေတယ်ဆိုရင် အများကိန်းနာမ် ပြောင်းတဲ့အခါ **es** ကို ထည့်ပေးရပါတယ်။

| | | | | |
|---|---|---|---|---|
| ဥပမာ | hero | = သူရဲကောင်း | heroes | = သူရဲကောင်းများ |
| | mango | = သရက်သီး | mangoes | = သရက်သီးများ |
| | negro | = ကပ္ပလီလူမျိုး | negroes | = ကပ္ပလီလူမျိုးများ |
| | volcano | = မီးတောင် | volcanoes | = မီးတောင်များ |

၄။ "**o**" နဲ့ဆုံးပေမယ့် **es** ပေါင်းထည့်မပေးရဘဲ "**s**" ကိုသာပေါင်းထည့်ပေးရတဲ့ နာမ်တွေကိုတော့ (ခြွင်းချက်အနေနဲ့) အလွတ်ကျက်ထား ရပါမယ်။
"**o**" တစ်လုံးတည်းဆုံးတာမဟုတ်ဘဲ "**oo, eo, io, yo**" တို့နဲ့ ဆုံးရင်လည်း အများကိန်း ပြောင်းတဲ့အခါ "**s**" ကိုပဲ ထည့်ပေးရပါတယ်။

| | | | |
|---|---|---|---|
| ဥပမာ photo | = ဓာတ်ပုံ | photos | = ဓာတ်ပုံများ |
| piano | = စန္ဒရား | pianos | = စန္ဒရားများ |
| solo | = (တစ်ယောက်တည်းဆိုသောတေး) တေး | solos | = တေးများ |
| dynamo | = ဒိုင်နမို | dynamos | = ဒိုင်နမိုများ |
| bamboo | = ဝါး | bamboos | = ဝါးများ |
| cuckoo | = ဥဩငှက် | cuckoos | = ဥဩငှက်များ |
| Hindoo | = ဟိန္ဒူလူမျိုး | Hindoos | = ဟိန္ဒူလူမျိုးများ |
| curio | = အနုပညာလက်ရာဆန်း | curios | = အနုပညာလက်ရာဆန်းများ |
| folio | = စက္ကူခေါက်ကြီး | folios | = စက္ကူခေါက်ကြီးများ |
| studio | = အနုပညာအလုပ်ခန်း | studios | = အနုပညာ အလုပ်ခန်းများ |
| embryo | = သန္ဓေသားလောင်း | embryos | = သန္ဓေသားလောင်းများ |

**mosquito, portico, calico** စတဲ့ နာမ်တွေကျတော့ **s** ရော **es** ရော နှစ်ခုလုံး ကြိုက်ရာ တွဲဖက်ပေးပြီး အများကိန်း ပြောင်းနိုင်ပါတယ်။

| | | | |
|---|---|---|---|
| ဥပမာ mosquito | = ခြင် | mosquitos | = ခြင်များ |
| | | mosquitoes | = ခြင်များ |
| portico | = ဆင်ဝင် | porticos | = ဆင်ဝင်များ |
| | | porticoes | = ဆင်ဝင်များ |
| calico | = ဝိတ်ကြမ်း | calicos | = ဝိတ်ကြမ်းများ |
| | | calicoes | = ဝိတ်ကြမ်းများ |

၅။ အနည်းကိန်းနာမ်ရဲ့ နောက်ဆုံးအက္ခရာဟာ **f** (သို့) **fe** ဖြစ်နေရင်အဲဒီ **f** တို့ **fe** တို့ကို "**v**" သို့ပြောင်းပြီး **es** ကို ထည့်ပေးရပါတယ်။

| | | | |
|---|---|---|---|
| ဥပမာ leaf | = သစ်ရွက် | leaves | = သစ်ရွက်များ |
| thief | = သူခိုး | thieves | = သူခိုးများ |
| calf | = နွားကလေး | calves | = နွားကလေးများ |
| wife | = မယား | wives | = မယားများ |
| life | = အသက် | lives | = အသက်များ |
| knife | = ဓား | knives | = ဓားများ |

၆။ **f, fe** နဲ့ ဆုံးပေမယ့် **ves** မပြောင်းဘဲ "**s**" ကိုသာ ပေါင်းထည့်ပေးရတဲ့ နာမ်တွေကိုတော့ အလွတ်ကျက်ထားသင့်ပါတယ်။

| | | | |
|---|---|---|---|
| ဥပမာ roof | = အမိုး | roofs | = အမိုးများ |
| chief | = အကြီးအကဲ | chiefs | = အကြီးအကဲများ |
| cliff | = ကျောက်တောင် | cliffs | = ကျောက်တောင်များ |
| gulf | = ပင်လယ်ကွေ့ | gulfs | = ပင်လယ်ကွေ့များ |
| safe | = အာမခံသေတ္တာ | safes | = အာမခံသေတ္တာများ |
| proof | = အကြမ်းပုံနှိပ်စာ | proofs | = အကြမ်းပုံနှိပ်စာများ |
| grief | = စိတ်ဒုက္ခ၊ စိတ်သောက | griefs | = စိတ်ဒုက္ခများ စိတ်သောကများ |
| puff | = တို့ဖတ် | puffs | = တို့ဖတ်များ |



၇။ "f" ရော "**ves**" ပါ နှစ်မျိုးလုံး ပေါင်းထည့်ပေးနိုင်တဲ့ နာမ်တွေကိုလည်း သတိထားသင့်ပါတယ်။

| | | | |
|---|---|---|---|
| ဥပမာ dwarf | = လုပု | dwarfs | = လုပုများ |
| | | dwarves | = လုပုများ |
| scarf | = လည်ပတ်ပဝါ | scarfs | = လည်ပတ်ပဝါများ |
| | | scarves | = လည်ပတ်ပဝါများ |
| hoof | = (တိရစ္ဆာန်) ခွာ | hoofs | = ခွာများ |
| | | hooves | = ခွာများ |
| wharf | = ဆိပ်ခံတံတား | wharfs | = ဆိပ်ခံတံတားများ |
| | | wharves | = ဆိပ်ခံတံတားများ |

၈။ အနည်းကိန်းနာမ်ရဲ့ နောက်ဆုံးအက္ခရာဟာ "**y**" ဖြစ်နေပြီး၊ **y** ရဲ့ရှေ့မှာ "ဗျည်း" ရှိနေရင် **y** ကို **i** ပြောင်းပြီးမှ **es** ထည့်ပေးရပါတယ်။

| | | | |
|---|---|---|---|
| ဥပမာ fly | = ယင်ကောင် | flies | = ယင်ကောင်များ |
| baby | = နို့စို့ကလေး | babies | = နို့စို့ကလေးများ |
| lady | = အမျိုးသမီး | ladies | = အမျိုးသမီးများ |
| body | = ကိုယ်ကာယ | bodies | = ကိုယ်ကာယများ |
| army | = စစ်တပ် | armies | = စစ်တပ်များ |
| country | = တိုင်းပြည် | countries | = တိုင်းပြည်များ |

၉။ "**y**" ရဲ့ရှေ့မှာ "သရ" ရှိနေရင်တော့ '**s**' ကိုပဲ ပေါင်းထည့်ပေးရပါတယ်။ (**ies** မပြောင်းရပါ။)

| | | | |
|---|---|---|---|
| ဥပမာ day | = နေ့၊ ရက် | days | = နေ့၊ ရက်များ |
| key | = သော့ | keys | = သော့များ |
| pay | = လခ | pays | = လခများ |
| boy | = လူကလေး | boys | = လူကလေးများ |
| monkey | = မျောက် | monkeys | = မျောက်များ |
| donkey | = မြည်း | donkeys | = မြည်းများ |

## IRREGULAR PLURALS
## (ထူးခြားသော ပြောင်းလဲပုံများ)

၁။ အချို့နာမ်တွေကိုတော့ စကားလုံးအတွင်းမှာရှိတဲ့ "သရ"တွေကို ပြောင်းခြင်းအားဖြင့် အနည်းကိန်းကနေအများကိန်းကို ပြောင်းလဲရပါတယ်။

| | | | | |
|---|---|---|---|---|
| ဥပမာ | man | = ယောကျ်ား | men | = ယောကျ်ားများ |
| | gentleman | = လူကြီးလူကောင်း | gentlemen | = လူကြီးလူကောင်းများ |
| | woman | = မိန်းမ | women | = မိန်းမများ |
| | foot | = ခြေထောက် | feet | = ခြေထောက်များ |
| | tooth | = သွား | teeth | = သွားများ |
| | goose | = ဘဲငန်း | geese | = ဘဲငန်းများ |
| | louse | = သန်း | lice | = သန်းများ |
| | mouse | = ကြွက်စုတ်များ | mice | = ကြွက်စုတ်များ |
| | dormouse | = မြေကြွက် | dormice | = မြေကြွက်များ |

၂။ အချို့နာမ်တွေရဲ့ အနည်းကိန်းနဲ့ အများကိန်းဟာ ပုံသဏ္ဌာန် အတူတူပဲဖြစ်ပါတယ်။ s, es မထည့်ရပါဘူး) အလွတ်ကျက်မှတ်ထားသင့်ပါတယ်။

| | | | | |
|---|---|---|---|---|
| ဥပမာ | sheep | = သိုး | sheep | = သိုးများ |
| | deer | = သမင် | deer | = သမင်များ |
| | dozen | = ဒါဇင်(ဆယ့်နှစ်ခု) | dozen | = ဒါဇင်များ |
| | ton | = တစ်တန် အလေးချိန် | ton | = တစ်တန်အလေးချိန်များ |
| | pound | = ပေါင်ချိန် | pound | = ပေါင်ချိန်များ |
| | pair | = အရံ၊ အစုံ | pair | = အရံ၊ အစုံများ |
| | cannon | = အမြောက် | cannon | = အမြောက်များ |
| | apparatus | = ကိရိယာ တန်ဆာပလာ | apparatus | = ကိရိယာ တန်ဆာပလာများ |
| | series | = အစီအစဉ် | series | = အစီအစဉ်များ |
| | species | = အမျိုးအစား | species | = အမျိုးအစားများ |
| | means | = နည်းလမ်း အခွင့်အလမ်း | means | = နည်းလမ်းများ အခွင့်အလမ်းများ |



**သတိပြုရန်**

**dozen** နဲ့ **pair** တို့ရဲ့ရှေ့မှာ **many** တို့ **some** တို့ရှိရင်တော့ s ထည့်ပြီးတော့လည်း သုံးနိုင်ပါတယ်။

| | | |
|---|---|---|
| many dozens | = | များစွာသောဒါဇင် |
| some dozens | = | အချို့ဒါဇင်များ |
| many pairs | = | များစွာသောအရံများ |
| some pairs | = | အချို့အရံများ |

၃။ အောက်မှာ ဖော်ပြထားတဲ့ နာမ်တွေကိုတော့ အများကိန်း ပြောင်းရင် **"en"** ပေါင်းထည့်ပေးရပါတယ်။

| | | | | |
|---|---|---|---|---|
| ဥပမာ | child | = ကလေး | children | = ကလေးများ |
| | ox | = နွားထီး | oxen | = နွားထီးများ |
| | cow | = နွားမ | kine | = နွားမများ (ယခု cows ဟု အသုံးများသည်) |
| | brother | = အစ်ကို၊ ညီ၊ မောင် | brethren or brothers | = အစ်ကိုများ၊ ညီများ၊ မောင်များ (brothers) ဟုအသုံးများ။ |
| | brethren | = (members of the same society or religious order) | | |

နာမ်စကားလုံးလေးတွေကို အနည်းကိန်းကနေ အများကိန်းပြောင်းနည်းကို သေသေချာချာ လေ့လာပြီးပြီ၊ ကျက်မှတ်ပြီးပြီဆိုမှ အောက်က လေ့ကျင့်ခန်းကလေးတွေကို ဖြေပါ။

### *Exercise No. (43)*

**Change the following to plural form.**

**အောက်ပါနာမ်များကို အများကိန်းပြောင်းပါ။**

1. bus
2. lunch
3. girl
4. woman
5. boy
6. man
7. glass
8. month
9. year
10. toy

26. Englishman
27. horse
28. house
29. apple
30. story
31. tax
32. duty
33. ox
34. inch
35. box

11. mouse
12. rat
13. teacher
14. pupil
15. wish
16. watch
17. friend
18. enemy
19. goose
20. deer
21. day
22. child
23. chair
24. school
25. tooth
36. key
37. copy
38. policeman
39. knife
40. wife
41. sheep
42. tomato
43. potato
44. bench
45. ray
46. chief
47. fish
48. thief
49. radio
50. piano

*Exercise No. (44)*

**Put into the plural.**

1. A book has a cover.
2. A box has a lid.
3. A dog has a tail.
4. A girl has long hair.
5. A cat is an animal.
6. A wife is a woman.
7. A fly is an insect.
8. A table is made of wood.
9. A dish is on the table.
10. A girl is curious.
11. A child likes a sweet.
12. A boy does the work well.
13. A dog hates a cat.
14. A man eats rice.
15. A mango grows on a tree.
16. A soldier must decide quickly.
17. A child can catch cold very often.
18. A mother should love a child.
19. A baby will suck a thumb.
20. A bird can fly in the sky.



*Exercise No. (45)*

**Put into the singular.**

1. Boys have books.
2. Children have toys.
3. Girls have watches.
4. Cats have noses.
5. Students have good fountain-pens.
6. Actresses are beautiful women.
7. Roses are flowers.
8. Teachers are studious.
9. Birds are singing this morning.
10. Thieves are caught by policemen.
11. Dogs chase rabbits.
12. Students go to school every day.
13. Hens lay eggs today.
14. Birds build nests.
15. Dogs bark at strangers.
16. Students must write essays regularly.
17. Book sellers will have magazines.
18. Children should not play with fire.
19. Boys will wear shirts.
20. Hungry men can eat large dinners.

NOUNS WITH NO PLURAL FORM

Many nouns are never used in the plural, e.g. *most abstract and many material nouns.*

NOUNS WITH NO SINGULAR FORM

Some nouns are never used in the singular, e.g. the names of:

ARTICLES OF DRESS: *trousers, breeches, knickers, pants, pyjamas, shorts, drawers, clothes.*

TOOLS AND INSTRUMENTS CONSISTING OF TWO

PAIRS: *scissors, shears, pliers, pincers, spectacles, glasses* (= spectacles), *tongs, bellows.* The word "pair" is generally used with these terms, e.g. "a pair of trousers", etc.

NOUNS OF DISEASES OR ILLNESSES : *mumps, measles*

NAME OF SOME GAMES: *billiards, cards,* blows, *dominoes, draughts.*

*A COMPREHENSIVE ENGLISH GRAMMAR (PAGE. 37)*

2 Irregular plurals

| | | SINGULAR | PLURAL |
|---|---|---|---|
| a | Some nouns ending in *-f/-fe* drop the *-f/-fe* and add *-ves* in the plural eg *half, thief, leaf, loaf, self, shelf, wolf, knife, wife, life.* | *half*<br>*thief*<br>*leaf*<br>*knife*<br>*wife*<br>*life* | *halves*<br>*thieves*<br>*leaves*<br>*knives*<br>*wives*<br>*lives* |
| b | Some nouns form the plural by changing their vowel(s). The plural of *mouse* is *mice*. | *foot*<br>*tooth*<br>*goose*<br>*man*<br>*woman*<br>*mouse* | *feet*<br>*teeth*<br>*geese*<br>*men*<br>*women* /ˈwɪmɪn/<br>*mice* |
| c | A few nouns form the plural with *-en*. | *child*<br>*ox* | *children* /ˈtʃɪldrən/<br>*oxen* |
| d | Some nouns have the same form in the singular and the plural. | *sheep*<br>*deer*<br>*fish*<br>*aircraft*<br>*hovercraft*<br>*spacecraft*<br>*series*<br>*species* | *sheep*<br>*deer*<br>*fish**<br>*aircraft*<br>*hovercraft*<br>*spacecraft*<br>*series*<br>*species* |
| e | Some nouns borrowed from Greek and Latin have Greek or Latin plural endings. | *crisis*<br>*phenomenon*<br>*cactus* | *crises*<br>*phenomena*<br>*cacti* |
| f | The usual plural of *person* is *people* (not *persons*). | *person* | *people* |

**fish* is the normal plural of *fish*; *fishes* is also possible, but less usual.

For the pronunciation of the *-(e)s* ending, see 187.1.

The Heinemann
English Grammar (P.155)
Digby Beaumont & Colin Granger



# CHAPTER XI

# THE ARTICLES

# THE ARTICLES

## KINDS OF ARTICLES

Article (ပစ္စည်း) ဆိုတာ နာမ်တစ်ခုကို ညွှန်ပြတဲ့ စကားလုံး (နာမ်ညွှန်းစကားလုံး) Determiner ဖြစ်ပါတယ်။

Article (ပစ္စည်း) ကို Indefinite Article (A, AN) နဲ့ Definite Article (THE) ဆိုပြီး (၂) မျိုး ခွဲခြားထားပါတယ်။

Indefinite Article (A, AN) ဆိုတာ နာမ်တစ်ခုကို သေသေချာချာ တိတိကျကျ မညွှန်ပြတဲ့ နာမ်ညွှန်းကိန်း ဖြစ်ပါတယ်။

Definite Article (The) ဆိုတာကတော့ နာမ်တစ်ခုကို သေသေချာချာ တိတိကျကျ ညွှန်ပြတဲ့ နာမ်ညွှန်းကိန်းဖြစ်ပါတယ်။

a နဲ့ an ကို အနည်းကိန်းနာမ်တွေရဲ့ ရှေ့မှာထားပြီး ရေးသားသုံးနှုန်းရပါတယ်။ အများကိန်း နာမ်တွေနဲ့ တွဲဖက်ပြီး မသုံးရပါဘူး။

"an" ကို "အ" အသံထွက်တဲ့ နာမ်တွေရဲ့ရှေ့မှာထားပြီး ရေးရပါတယ်။ "a" ကိုတော့ "အ" အသံမထွက်တဲ့ နာမ်တွေရဲ့ရှေ့မှာထားပြီး ရေးသားရပါတယ်။

ဥပမာ ***an*** apple, ***an*** orange, ***an*** elephant, ***an*** open book, ***an*** angry child, ***a*** boy, ***a*** girl, ***a*** dog, ***a*** cat.

### သတိပြုရန်

**၁။ a, e, i, o, u (သရ) နဲ့ အစပြုပြီးရေးသားတဲ့ စကားလုံးတွေဟာ များသောအားဖြင့် "အ" အသံထွက်ပါတယ်။**

| | | | |
|---|---|---|---|
| ဥပမာ | ant | = | ပုရွက်ဆိတ် |
| | ass | = | မြည်း |
| | ear | = | နားရွက် |
| | eye | = | မျက်လုံး |
| | oven | = | (မုန့်ပေါင်းရန်) မီးဖို |
| | idiot | = | ဝမ်းတွင်းရူး |
| | umbrella | = | ထီး |

၂။ "h" နဲ့ အစပြုရေးသားပေမယ့် "h" သံကိုဖျောက်ပြီး ("h" အသံမထွက်ရဘဲ) "အ" အသံထွက်တဲ့ စကားလုံးတွေလည်း ရှိပါတယ်။

ဥပမာ hour = (အာဝါ) နာရီ
heir = (အဲယား) အမွေစား၊ အမွေခံ
honest = (အောနက်စ်) ရိုးသားသော

၃။ a, e, i, o, u (သရ) နဲ့ အစပြုရေးသားပေမယ့် "အ" အသံမထွက်တဲ့ စကားလုံးတွေလည်း ရှိပါတယ်။

ဥပမာ a one-eyed man (ဝမ်းအိုင်း) = မျက်စိတစ်လုံးထဲရှိသော လူတစ်ယောက်။
- a one-kyat note (ဝမ်းကျပ်) = တစ်ကျပ်တန်ငွေစက္ကူတစ်ချပ်။
- a useful book (ယူစဖူးလ်) = အသုံးဝင်သော စာအုပ်တစ်အုပ်။
- a union (ယူနီယံ) = အသင်းတစ်သင်း။
- a university (ယူနီဗာစတီ) = တက္ကသိုလ် ကျောင်းတော်တစ်ခု။
- a European (ယူရိုပီယံ) = ဥရောပတိုက်သားတစ်ယောက်။
- a ewe (ယူး) = သိုးမတစ်ကောင်။
- a eulogy (ယူလိုဂျီ) = ချီးမွမ်းစကားတစ်ခု။

ဒါကြောင့် (a, e, i, o, u ) သရရဲ့ အစပြုသည်ဖြစ်စေ၊ အစမပြုသည်ဖြစ်စေ "အ" အသံထွက် ရင် **an** နဲ့ တွဲဖက်ပြီး ရေးသားသုံးနှုန်းရပါတယ်။ "အ" အသံမထွက်ရင်တော့ "**a**" နဲ့ တွဲဖက်ပြီး ရေးသားသုံးနှုန်းရပါတယ်။

ဥပမာ ***an*** egg = ဥတစ်လုံး
***an*** island = ကျွန်းတစ်ကျွန်း
***an*** old man = အဖိုးအိုတစ်ယောက်
***an*** English book = အင်္ဂလိပ်စာအုပ်တစ်အုပ်
***an*** M.A. (Master of Arts) = (အမ်အေ) မဟာဝိဇ္ဇာတစ်ယောက်
***an*** LL.D(Doctor of Laws =(အယ်လ်အယ်လ်ဒီ)ဥပဒေပါရဂူတစ်ယောက်
***an*** easy lesson = လွယ်ကူသောသင်ခန်းစာတစ်ခု
***a*** very easy lesson = အလွန်လွယ်ကူသောသင်ခန်းစာတစ်ခု
***an*** hour = တစ်နာရီ
***a*** month = တစ်လ
***a*** year = တစ်နှစ်

> While the definite article in Enlish remains constant at all times, the indefinite article "a" changes to "an" before *any word beginning with a vowel (a, e, i, o, u) or a vowel sound.*
>
> *GRADED EXERCISES (PAGE. 4)*



*Exercise No. (46)*

**In the blanks, supply the correct indefinite article, *a* or *an*.**

1. .......... word
2. .......... sentence
3. .......... woman
4. .......... old woman
5. .......... honourable act
6. .......... car
7. .......... expensive car
8. .......... engineer
9. .......... teacher
10. .......... writer
11. .......... excellent writer
12. .......... good lesson
13. .......... important lesson
14. .......... unimportant lesson
15. .......... book
16. .......... interesting book
17. .......... uninteresting book
18. .......... class
19. .......... early class
20. .......... very early class
21. .......... exercise
22. .......... good exercise
23. .......... easy exercise
24. .......... English book
25. .......... watch
26. .......... useful watch
27. .......... eye
28. .......... blue eye
29. .......... policeman
30. .......... office
31. .......... Englishman
32. .......... French
33. .......... argument
34. .......... island
35. .......... word
36. .......... church
37. .......... exception
38. .......... eagle
39. .......... window
40. .......... picture
41. .......... telephone
42. .......... article
43. .......... magazine
44. .......... business man
45. .......... excellent student
46. .......... child
47. .......... good student
48. .......... flower
49. .......... grammar rule
50. .......... essential grammar rule

## I. THE USE OF "A and AN"
## (A နှင့် AN ကို အသုံးပြုပုံ)

၁။ "တစ်ခု၊ တစ်ကောင်၊ တစ်ယောက်" ဆိုတဲ့ အဓိပ္ပာယ်နဲ့ သုံးတဲ့အခါ (ရေတွက်လို့ရတဲ့နာမ်) အနည်း ကိန်းရဲ့ရှေ့မှာ **a**, **an** ကိုထားပြီး ရေးရပါတယ်။

ဥပမာ
1. I have ***a*** book and ***a*** pencil.
   ကျွန်တော့်မှာ စာအုပ်တစ်အုပ်နဲ့ ခဲတံတစ်ချောင်းရှိတယ်။
2. I have ***a*** sister and two brothers.
   ကျွန်တော့်မှာ နှမတစ်ယောက်နဲ့ အစ်ကိုနှစ်ယောက်ရှိတယ်။
3. ***A*** triangle has three sides.
   တြိဂံတစ်ခုမှာ အနားသုံးဖက်ရှိတယ်။
4. Please give me ***an*** orange.
   ကျေးဇူးပြုပြီး လိမ္မော်သီးတစ်လုံးလောက် ပေးပါဗျာ။

၂။ လူတစ်ဦးတစ်ယောက်ရဲ့ အလုပ်အကိုင်နဲ့ ရာထူးကို ဖော်ပြတဲ့အခါမှာလဲ (**a/an**) ကို သုံးရပါတယ်။

ဥပမာ
1. He is ***an*** engineer.
   သူဟာ အင်ဂျင်နီယာတစ်ယောက်ဖြစ်တယ်။ (is engineer - ဟု မသုံးရ)
2. My father is ***a*** doctor.
   ကျွန်တော့်အဖေဟာ ဆရာဝန်တစ်ယောက်ဖြစ်တယ်။
3. Phyo Win's father is ***an*** officer.
   ဖြိုးဝင်းရဲ့အဖေဟာ အရာရှိတစ်ယောက်ဖြစ်တယ်။ (is officer- ဟု မသုံးရ)

၃။ မျိုးတူအားလုံးကို ကိုယ်စားပြုတဲ့၊ ရေတွက်လို့ရတဲ့နာမ် အနည်းကိန်းရဲ့ရှေ့မှာ (a/an) ထားပြီး တော့ လည်း သုံးပါတယ်။

ဥပမာ
1. ***A*** cow has four legs.
   နွားမတစ်ကောင်မှာ ခြေလေးချောင်းရှိတယ်။
2. ***A*** cat has a tail.
   ကြောင်တစ်ကောင်မှာ အမြီးတစ်ခုရှိတယ်။
3. ***An*** elephant has a trunk.
   ဆင်တစ်ကောင်မှာ နှာမောင်းတစ်ခုရှိတယ်။



၄။ ဈေးနှုန်းတို့၊ သွားလာမှုနှုန်းထားတို့ကို ဖော်ပြချင်တဲ့အခါမှာလည်း (**a/an**) ကို သုံးပါတယ်။

ဥပမာ
1. He drove the car at sixty miles ***an*** hour.
   ကားကို တစ်နာရီမှာ မိုင် (၆၀) နှုန်းနဲ့ သူမောင်းတယ်။
2. Oil is 60 kyats ***a*** viss.
   ဆီ တစ်ပိဿာ ခြောက်ဆယ်ကျပ်ဈေး။

၅။ **dozen** = ဒါဇင်၊ **hundred** = ရာ၊ **thousand** = ထောင်၊ **million** = သန်းစတဲ့ သတ်မှတ်ထားတဲ့ အစုလိုက် အရေအတွက်ကို ဖော်ပြတဲ့ စကားလုံးတွေရဲ့ ရှေ့မှာထားပြီးတော့လည်း (**a/an**) ကို သုံးပါတယ်။

ဥပမာ
1. ***A*** hundred cows are in the field.
   လယ်ကွင်းထဲမှာ နွားမတစ်ရာရှိတယ်။
2. There are ***a*** dozen books on the table.
   စားပွဲပေါ်မှာ စာအုပ်တစ်ဒါဇင်ရှိတယ်။

၆။ အံ့ဩမှုကို ဖော်ပြတဲ့ **What** နဲ့စတဲ့ အာမေဍိတ်ဝါကျတွေမှာလည်း ရေတွက်လို့ရတဲ့နာမ် အနည်းကိန်းနဲ့တွဲပြီး (**a/an**) ကို သုံးပါတယ်။

ဥပမာ
1. What ***a*** beautiful girl!
   လှလိုက်တဲ့ မိန်းကလေးကွာ။
2. What ***a*** good idea!
   ကောင်းလိုက်တဲ့ စိတ်ကူး။
3. What ***an*** honest man!
   ရိုးလိုက်တဲ့လူ။

၇။ **Proper noun** (ကိုယ်ပိုင်နာမ်) တစ်ခုရဲ့ရှေ့မှာ (**a/an**) တို့ကို ထားပြီး (**A Win Oo, A Mandalay, An Aung Net** စသည်ဖြင့် မရေးရပါဘူး။ ဒါပေမယ့် ....
**Proper noun** (ကိုယ်ပိုင်နာမ်) တစ်လုံးကို အများဆိုင်နာမ် (**Common noun**) တစ်ခု ဖြစ်အောင် ရေးသားပြောဆိုချင်တဲ့အခါမှာတော့ ကိုယ်ပိုင်နာမ်ရဲ့ ရှေ့မှာ **a/an** တို့ကို ထားပြီး ရေးနိုင်ပါတယ်။

ဥပမာ
1. He is ***a*** Bogyoke Aung San.
   သူဟာ ဗိုလ်ချုပ်အောင်ဆန်းလို (ကဲ့သို့သော) လူတစ်ယောက်ပါပဲ။
2. She is ***a*** Shin Saw Pu.
   သူမဟာ ရှင်စောပု (လို) တစ်ယောက်ပါပဲ။

၈။ "ထပ်တူဖြစ်သော၊ တစ်မျိုးတည်းဖြစ်သော" ဆိုတဲ့ အဓိပ္ပာယ် (**with the meaning "same"**) နဲ့သုံးတဲ့စကားပုံတွေ၊ အရေးအသားတွေမှာလည်း (**a/an**) ကို သုံးရပါတယ်။

ဥပမာ
1. Birds of ***a*** feather flock together.
   (= the same kind)
2. They were much of ***a*** size.
   ( = of the same size)

၉။ အောက်မှာ ဖော်ပြထားတဲ့ အချို့စကားစု (**Phrases**) တွေနဲ့ ယှဉ်တွဲပြီးတော့လဲ **a/an** တို့ကို သုံးရပါတယ်။ အလွတ်ကျက်မှတ်ထားသင့်ပါတယ်။

ဥပမာ
1. as ***a*** *rule* = အများအားဖြင့်၊ ယေဘုယျအားဖြင့်
2. in ***a*** hurry = အဆောတလျင်
3. in ***a*** (good/ bad) temper = စိတ် (ကောင်း/ဆိုး) ဝင်လျက်
4. all of ***a*** sudden = ရုတ်တရက်၊ မမျှော်လင့်ဘဲ
5. take ***an*** interest in = စိတ်ပါဝင်စားသည်
6. take ***a*** pride in = ဂုဏ်ယူသည်
7. take ***a*** dislike to = မနှစ်မြို့ဖြစ်သည်
8. have ***a*** headache = ခေါင်းကိုက်သည်
9. have ***a*** pain = နာကျင်သည်
10. have ***a*** cold = အအေးမိသည်
11. have ***a*** cough = ချောင်းဆိုးသည်။

ဒါပေမယ့်
**have toothache** သွားကိုက်သည်, **have influenza** တုတ်ကွေးမိ (ဖျား) သည် **have earache** နားကိုက်သည် ဆိုတဲ့ စကားလုံးတွေမှာတော့ "**a/an**" မပါပါဘူး။

၁၀။ **such *a*, quite *a*, many *a*, rather *a*** စတဲ့ အသုံးအနှုန်းကလေးတွေကိုလည်း သတိပြုရပါတယ်။

ဥပမာ
I have had ***such a*** busy day.
There were ***quite a*** lot of people there.
***Many a*** ship has been wrecked there.
He is ***rather a*** fool.





In a number of phrases,

e.g. It's *a* pity that; I want to keep this *a* secret; as a rules; to be in *a* hurry; to be in *a* temper; all of *a* sudden; it's *a* shame to do that; to take *an* interest in; to take *a* pride in; to take *a* dislike to; to make *a* fool of oneself; to be in *a* position to; to have *a* headache / *a* pain / *a* cold / *a* cough (*but to have toothache, earache, rheumatism, influenza*); to have *a* mine to; to have *a* fancy for; to have *a* short time ago.

Notice also the constructions, *such a; quite a; many a; rather a,*

e.g. I have had *such a* busy day. There were *quite a* lot of people there. *Many a* ship has been wrecked there. He is *rather a* fool.

and the construction *so* + ADJECTIVE + *a*,

e.g. We have not had *so good a* day as this for *a* long time.

*A COMPREHENSIVE ENGLISH GRAMMAR (PAGE. 54)*

## II. THE DIFFERENCE BETWEEN "THE" and "A/AN"
## ("THE" နှင့် "A/AN" တို့၏ ကွာခြားသော အသုံးအနှုန်း)

၁။ အကြောင်းအရာ အဖြစ်အပျက်တစ်ခုကို ပထမဆုံးအကြိမ်ပြီး ဖော်ပြမယ်၊ ပြောမယ်၊ ရေးမယ် ဆိုရင် "**a, an**" ကို သုံးရပါတယ်။

၂။ အဲဒီအကြောင်းအရာ အဖြစ်အပျက်ကို နောက်တစ်ခါထပ်ပြီး ဖော်ပြပြောဆို ရေးသားမယ် ဆိုရင်တော့ "**The**" ကို သုံးရပါတယ်။

ဥပမာ
1. I buy ***a*** mango and ***an*** orange. ***The*** mango is sweet but ***the*** orange is sour.
2. My father bought ***a*** book last week. ***The*** book was about flowers.
3. She has ***a*** little cat. ***The*** cat is very pretty.
4. He ate ***an*** apple. ***The*** apple was very sweet.
5. I saw ***a*** film last night. ***The*** film was about ***a*** man and ***a*** beautiful girl. ***The*** man was ***a*** doctor and ***the*** girl was ***a*** nurse. ***The*** doctor loved ***the*** *nurse* but ***the*** nurse was in love with ***a*** soldier. ***The*** soldier was Kyaw Thu and ***the*** nurse was Tint Tint Tun.

၃။ အပြောခံရသူ (နားထောင်သူ) အနေနဲ့ တိတိကျကျ မသိနိုင်တဲ့အရာတွေ (နာမ်တွေ)ကို **a/an** နဲ့ တွဲဖက်ပြီး သုံးရပါတယ်။ တိတိကျကျသိနိုင်ရင် "**The**" ကို သုံးရပါတယ်။

ဥပမာ 1. U Hla bought ***a*** house.
ဦးလှ အိမ်တစ်လုံးဝယ်တယ်။ (ဘယ်အိမ်ရယ်လို့ တိတိကျကျမသိ)

2. U Hla bought ***the*** house in front of ours.
ကျွန်တော်တို့ အိမ်ရှေ့ကအိမ်ကို ဦးလှဝယ်တယ်။ (ဘယ်အိမ်ဆိုတာ သိတယ်)

3. Ko Kyaw is looking for ***a*** job.
ကိုကျော် အလုပ်တစ်ခုရှာနေတယ်။ (ဘယ်အလုပ်ဆိုတာ တိတိကျကျမသိ၊ ဘာအလုပ်ရရ ရှာနေတာ)

4. Ko Kyaw got ***the*** job he applied for.
သူလျှောက်ထားတဲ့အလုပ်ကို ကိုကျော်ရသွားပြီ။ (ဘယ်အလုပ်ဆိုတာ တိတိကျကျ သိရှိ)

5. He sat down on ***a*** chair.
သူ ကုလားထိုင်တစ်လုံးပေါ်မှာ ထိုင်တယ်။ (ဘယ်ကုလားထိုင်ဆိုတာ တိတိကျကျမသိ)

6. He sat down on ***the*** chair near *the* window.
ပြတင်းပေါက်နားက ကုလားထိုင်ပေါ်မှာ သူထိုင်တယ်။ (ဘယ်ကုလားထိုင်ဆိုတာ သိရှိ)

၄။ မည်သည့်အရာဝတ္ထု၊ ပစ္စည်း၊ လူ စသည်တို့ကို ဆိုလိုကြောင်း ရှင်းရှင်းလင်းလင်း သိရှိပြီး ရည်ညွှန်း ပြောဆိုချင်ရင် "**The**" ကို သုံးရပါတယ်။

ဥပမာ လူတစ်ယောက်က သူ့အိမ်ထဲမှာသူရှိနေပြီး အိမ်ထဲက ပစ္စည်းတွေ၊ အရာဝတ္ထုတွေ၊ လူတွေ စတဲ့ဟာ တွေကို ရည်ညွှန်းပြောဆိုချင်ရင် "**The**" ကိုပဲ သုံးရပါတယ်။

ဥပမာ 1. Can you turn off ***the*** light, please?
ကျေးဇူးပြုပြီး မီးပိတ်ပေးနိုင်မလားဗျာ။ (အခန်းထဲမှာ လက်ရှိထွန်းထားတဲ့ မီးကို ဆိုလိုတယ်။)

2. Where is ***the*** toilet, please?
ရေချိုးခန်း (အိမ်သာ) ဘယ်မှာလဲဗျာ။ (ဒီအဆောက်အအုံထဲက ရေချိုးခန်း အိမ်သာကို ဆိုလိုတယ်။)

3. ***The*** postman was late this morning.
ဒီနေ့မနက် စာပို့သမားလာတာ နောက်ကျတယ်။ (လာနေကျ စာပို့သမားကို ဆိုလိုတယ်။)

4. I took a taxi to ***the*** station.
ဘူတာရုံသွားဖို့ အငှားကားတစ်စီး ငှားတယ်။ (အဲဒီမြို့က ဘူတာရုံကို ဆိုလိုတယ်။)



## *Exercise No. (47)*

**Fill in the blanks of the following sentences with the proper article "*a, an* or *the*"**

1. Would you like .......... orange?
2. There is .......... book on the table.
3. .......... book which I am reading is very interesting.
4. .......... mechanic whom you telephoned this morning is here now.
5. He earns one thousand kyats .......... year.
6. I have .......... daughter and two sons.
7. They live in .......... old house. .......... house is built of wood.
8. I saw .......... accident this morning.
9. I want to buy .......... pretty dress to wear today.
10. .......... dress which she is wearing is very expensive.
11. Our country has .......... hot , wet climate.
12. .......... books which are on the table belong to the teacher.
13. I am looking for .......... job. I did not get .......... job I applied for.
14. We got to .......... airport just in time for our flight.
15. I saw .......... boy and .......... girl outside our house. .......... boy was very fat and .......... girl was very thin.
16. "What .......... lovely nose she has! " said the boy .
17. Last summer, I went to .......... village. .......... village in near Mandalay.
18. It is pleasant to read .......... story book in .......... night.
19. She has .......... headache and .......... stomachache.
20. They live in .......... big house. There is .......... beautiful garden behind .......... house. .......... flowers in .......... garden are very pretty.

## III. THE USE OF "THE"
## ("THE" ကို အသုံးပြုပုံ)

၁။ "ကမ္ဘာပေါ်မှာ တစ်ခုတည်းရှိတဲ့ တုဘက်၊ ပြိုင်ဘက်ကင်းတဲ့ ထူးခြားတဲ့နာမ်တွေရဲ့ ရှေ့မှာ "**The**" ကိုထားပြီး သုံးရပါတယ်။

ဥပမာ
The sun = နေ    The moon = လ
The world = ကမ္ဘာ    The earth = ကမ္ဘာမြေကြီး
The east = အရှေ့    The west = အနောက်
The south = တောင်    The north = မြောက်

- ***The*** sun rises in ***the*** east and sets in ***the*** west.
- ***The*** moon goes round ***the*** earth and ***the*** earth goes round ***the*** sun.

၂။ **Superlative Adjective** အဖြတ်စား နာမဝိသေသနတွေရဲ့ရှေ့မှာ **The** ကို ထားပြီး ရေးရပါတယ်။

ဥပမာ
***The*** fattest = အဝဆုံး    ***The*** thinnest = အပိန်ဆုံး
***The*** most beautiful = အလှဆုံး    ***The*** best = အကောင်းဆုံး

၃။ **(The + Adjective)** နာမဝိသေသနကို နာမ်အဖြစ်သုံးတဲ့အခါ နာမဝိသေသနရဲ့ရှေ့မှာ **The** ကို ထားပြီး ရေးရပါတယ်။
(Adj တစ်လုံးကို the နဲ့ပေါင်းစပ်လိုက်ရင် noun အများကိန်းဖြစ်သွားပါတယ်။ အဲဒီနာမ်တွေကို ကြိယာနဲ့တွဲဖက် တဲ့အခါ ကြိယာအများကိန်းကို သုံးရပါတယ်။)

ဥပမာ
- rich (adj) = ချမ်းသာသော
- The rich (n) = လူချမ်းသာများ
The rich = လူချမ်းသာများ
The poor = ဆင်းရဲသားများ
The old = အသက်ကြီးသူများ
The young = လူငယ်များ
The blind = မျက်စိကန်းသူများ
The deaf = နားပင်းသူများ
The sick = နာမကျန်းသူများ
The dead = သေဆုံးသူများ
The injured = ဒဏ်ရာရသူများ
The disabled = မသန်မစွမ်းသူများ
The unemployed = အလုပ်လက်မဲ့များ

***The rich are*** not always happy.
လူချမ်းသာတွေဟာ အမြဲတမ်းတော့ စိတ်ချမ်းသာမနေပါဘူး။



၄။ မြစ်၊ ပင်လယ်၊ ပင်လယ်အော်၊ ပင်လယ်ကွေ့၊ သမုဒ္ဒရာရဲ့ရှေ့မှာလဲ **The** ကို သုံးရပါတယ်။

ဥပမာ
The Nile = နိုင်းမြစ်
The Red Sea = ပင်လယ်နီ
The Thames = သိမ်းမြစ်
The Mediterranean = မြေထဲပင်လယ်
***The*** Bay of Bengal = ဘင်္ဂလားပင်လယ်အော်
***The*** Persian Gulf = ပါရှန်ပင်လယ်ကွေ့
***The*** Indian Ocean = အိန္ဒိယသမုဒ္ဒရာ
***The*** pacific Ocean = ပစိဖိတ်သမုဒ္ဒရာ

၅။ တောင်တန်း၊ ကျွန်းစု၊ နိုင်ငံစုတွေရဲ့ ရှေ့မှာလဲ **The** ကို သုံးရပါတယ်။

ဥပမာ
***The*** West Indies = အနောက်အိန္ဒိယကျွန်းစု
***The*** Bahamas = ဗဟားမားကျွန်းစု
***The*** United States = အမေရိကန်ပြည်ထောင်စု
***The*** U.S.S.R. = ဆိုဗီယက်ပြည်ထောင်စု
***The*** Himalayas = ဟိမဝန္တာတောင်တန်းများ
***The*** Alps = အယ်လ်ပ်စ်တောင်တန်းများ

**မှတ်ချက်**

ကျွန်းစုတို့၊ တောင်တန်းတို့ရဲ့ ရှေ့မှာ **The** ကို ထားပြီးရေးရပါတယ်။ ဒါပေမယ့်
- တစ်ခုတည်းသော ကျွန်းရဲ့အမည်
- တစ်ခုတည်းသော တောင်ရဲ့အမည်တို့ရဲ့ရှေ့မှာတော့ the ကို ထားပြီးမရေးရပါဘူး။

ဥပမာ
Ceylon = (သီဟိုဠ်) သီရိလင်္ကာကျွန်း
Ireland = အိုင်ယာလန်ကျွန်း
Sicily = စစ်စလီကျွန်း
Mount Everest = ဧဝရက်တောင်
Mount Popa = ပုပ္ပါးတောင်

၆။ အများသိတဲ့၊ ကျော်ကြားထင်ရှားတဲ့/အများနဲ့သက်ဆိုင်တဲ့ နေရာဌာနတွေရဲ့ ရှေ့မှာလည်း **The** ကို ထားပြီးရေးရပါတယ်။

ဥပမာ
***The*** Town Hall = မြို့တော်ခန်းမ
***The*** Shwedagon Pagoda = ရွှေတိဂုံဘုရား
***The*** University of Mandalay = မန္တလေးတက္ကသိုလ်

၇။ **(The + nationality words)** တိုင်းပြည်တစ်ပြည်အတွင်းမှာ နေထိုင်တဲ့ "လူမျိုး" ရဲ့ အမည် နာမတွေရဲ့ရှေ့မှာလဲ **The** ကို ထားပြီးရေးရပါတယ်။

| | | | |
|---|---|---|---|
| ဥပမာ | The British | = | ဗြိတိသျှလူမျိုး |
| | The English | = | အင်္ဂလိပ်လူမျိုး |
| | The French | = | ပြင်သစ်လူမျိုး |
| | The Spanish | = | စပိန်လူမျိုး |
| | The Japanese | = | ဂျပန်လူမျိုး |
| | The Chinese | = | တရုတ်လူမျိုး |
| | The Russians | = | ရုရှလူမျိုးများ |

၈။ အရေးကြီးတဲ့၊ ထင်ရှားတဲ့ အဖြစ်အပျက်တွေရဲ့ရှေ့မှာလဲ **The** ကို ထားပြီးရေးရပါတယ်။

| | | | |
|---|---|---|---|
| ဥပမာ | ***The*** World War | = | ကမ္ဘာစစ်ကြီး |
| | ***The*** French Revolution | = | ပြင်သစ်တော်လှန်ရေး |
| | ***The*** Battle of Panwa | = | ပန်းဝါတိုက်ပွဲ |

၉။ စကားစု **(Phrase)**၊ ဝါကျပိုင်း **(Clause)** တွေရဲ့ အထူးပြုခြင်းခံရတဲ့နာမ် **(Noun)** ရဲ့ ရှေ့မှာ **The** ကို ထားပြီး ရေးရပါတယ်။

ဥပမာ The boy ***in the white shirt***= ရှပ်အင်္ကျီအဖြူနဲ့လူကလေး။
The girl ***with the long hair***= ဆံပင်ရှည်နဲ့ မိန်းကလေး။
The book ***that I promise to*** *lend you* =မင်းကိုငှားပေးမယ်လို့ ငါကတိပေးထားတဲ့ စာအုပ်။

၁၀။ ရှေ့ဘက်မှာ အများဆိုင်နာမ် **(Common Noun)** ရှိတယ်၊ အဲဒီအများဆိုင်နာမ်နဲ့ ကပ်လျက်မှာ သူ့ကိုအထူးပြုတဲ့ ကိုယ်ပိုင်နာမ် **(Proper Noun)** ရှိတယ်ဆိုရင် ရှေ့ဘက်က အများဆိုင်နာမ်ရဲ့ ရှေ့မှာ **The** ကို ထားပြီး ရေးရပါတယ်။

| | | | |
|---|---|---|---|
| ဥပမာ | ***The*** poet U Toe | = | ကဗျာဆရာ ဦးတိုး။ |
| | ***The*** teacher U Moe | = | ဆရာ ဦးမိုး။ |
| | ***The*** play "King Lear" | = | လီယာဘုရင်ကြီးပြဇာတ်။ |

၁၁။ မျိုးတူအားလုံးကို ကိုယ်စားပြုဖော်ပြတဲ့ ရေတွက်လို့ရတဲ့နာမ် အနည်းကိန်းရဲ့ရှေ့မှာလဲ **"The"** ကို ထားပြီး ရေးရပါတယ်။

ဥပမာ ***The*** giraffe is the tallest of all animals.
တိရစ္ဆာန်အားလုံးအနက် သစ်ကုလားအုပ်သည် အရပ်အရှည်ဆုံးသတ္တဝါဖြစ်သည်။
(သစ်ကုလားအုပ် အားလုံးကို ဆိုလိုသည်။)



***The*** rose is my favourite flower.
နှင်းဆီပန်းဟာ ကျွန်တော်အကြိုက်ဆုံးပန်း ဖြစ်တယ်။
(နှင်းဆီပန်းအားလုံးကို ဆိုလိုတယ်။)

***The*** teacher is a benefactor.
ဆရာဆိုတာ ကျေးဇူးရှင်တစ်ဦးဖြစ်တယ်။ (ဆရာအားလုံးကို ဆိုလိုခြင်းဖြစ်တယ်။)

**မှတ်ချက်**

မျိုးတူစုအားလုံးရဲ့ ကိုယ်စားအသုံးပြုတဲ့ Man နဲ့ Woman ကိုတော့ ခြွင်းချက်ထားရပါတယ်။

- Man is mortal.
လူသည် သေမျိုးဖြစ်သည်။
- Woman is man's mate.
မိန်းမသည် ယောက်ျား၏ အဖော်ဖြစ်၏။

ဆိုတဲ့ဝါကျတွေမှာ man တို့ woman တို့ရဲ့ရှေ့မှာ The ထည့်ပြီး မရေးရတာကို သတိပြုပါ။

၁၂။ နေရာဒေသတစ်ခုမှာ တစ်ခုတည်း၊ တစ်ယောက်တည်း၊ တစ်မျိုးတည်းသာရှိတဲ့ နာမ်တွေရဲ့ ရှေ့မှာလည်း **"The"** ကို ထားပြီး ရေးရပါတယ်။

ဥပမာ Paris is ***the*** capital of France.
ပါရီမြို့သည် ပြင်သစ်နိုင်ငံ၏ မြို့တော်ဖြစ်သည်။
Mother is in ***the*** kitchen.
အမေ မီးဖိုခန်းထဲမှာ (တစ်ခုတည်းသာရှိ)။
Our father is in ***the*** garden.
အဖေခြံထဲမှာ (တစ်ခုတည်းသာရှိ)။

၁၃။ **(Musical Instruments)** တူရိယာပစ္စည်းတွေရဲ့အမည်ရှေ့မှာလဲ **The** ကို သုံးရပါတယ်။

ဥပမာ U Ko Ko plays ***the*** piano.
ဦးကိုကိုသည် စန္ဒရားကိုတီးသည်။
Khine Htoo plays ***the*** guitar.
ခိုင်ထူး ဂီတာတီးသည်။

၁၄။ first, second, third, fourth စတဲ့ (ordinal) စကားလုံးတွေရဲ့ရှေ့မှာလည်း The ကို ထားပြီး သုံးရပါတယ်။

ဥပမာ ***The*** first prize = ပထမဆု။
***The*** fifth daughter = ပဉ္စမမြောက်သမီး။
Queen Elizabeth ***the*** Second = ဒုတိယမြောက် အယ်လီဇဘက်ဘုရင်မ။

၁၅။ စက်ကိရိယာ၊ တီထွင်မှုပစ္စည်း (a type of machine and invention) တွေရဲ့ရှေ့မှာလည်း The ကို သုံးရပါတယ်။

ဥပမာ Do you know who invented ***the*** telephone?
တယ်လီဖုန်းကို ဘယ်သူတီထွင်တယ်ဆိုတာ မင်းသိလား။

When was***the***aeroplane invented?
လေယာဉ်ပျံကို ဘယ်တုန်းက တီထွင်တာလဲ။

၁၆။ သင်္ဘော၊ ရထား၊ လေယာဉ်ပျံတို့ရဲ့ အမည်တွေရှေ့မှာလည်း The ကို ထားပြီး ရေးနိုင်ပါတယ်။

ဥပမာ ***The*** Hispaniola = ဟစ်စပင်နီယိုလာသင်္ဘော။
***The*** Titanic = တိုင်တင်းနစ်သင်္ဘော။
***The*** Dagon Lwin = ဒဂုံလွင်ရထား။

## IV. NOUNS WITHOUT "THE"
## THE (မသုံးရသည့် နေရာများ)

၁။ Porper noun ကိုယ်ပိုင်နာမ်တွေရဲ့ရှေ့မှာ The ကိုထားပြီး မရေးရပါဘူး။

ဥပမာ - U Hla, U Sein, (***The*** U Hla, ***The*** U Sein ဟု မရေးရ)
- Mandalay, Sagaing (***The*** Mandalay, ***The*** Sagaing ဟု မရေးရ)

၂။ Abstract Noun (စိတ္တဇနာမ်)ကို ယေဘုယျသဘောခြုံပြီးသုံးရင် **The** နဲ့ တွဲဖက်ပြီး မရေးရပါဘူး။

ဥပမာ Life is very hard for some people.
(The life ဟု မရေးရ)
We will have freedom or death.
(The freedom ဟု မရေးရ)

၃။ Material Noun သဘာဝထွက်ကုန်၊ တွင်းထွက်၊ ဓာတ်သတ္တုစတဲ့ ဒြပ်ဝတ္ထုသဘောကို ဆိုလိုတဲ့ နာမ်ကို ယေဘုယျသဘောခြုံပြီးသုံးရင် **The** နဲ့ တွဲဖက်ပြီး မရေးရပါဘူး။



ဥပမာ ***Gold*** is an important metal.
ရွှေဟာ အရေးပါသော သတ္တုတစ်မျိုးဖြစ်တယ်။

This table is made of ***wood***.
ဒီစားပွဲဟာ သစ်သားနဲ့လုပ်ထားတယ်။

***Wheat*** is grown in India.
ဂျုံကို အိန္ဒိယမှာ စိုက်တယ်။

၄။ **Proper noun** နဲ့ တွဲပြီးရေးသားထားတဲ့ ဘွဲ့ထူး၊ ဂုဏ်ထူးတွေရှေ့မှာလည်း **The** ကိုထားပြီး မရေးရပါဘူး။

ဥပမာ President Lincoln = သမ္မတလင်ကွန်း
Doctor U Mya Win = ဆရာဝန် ဦးမြဝင်း
Professor U Kyaw Sein = ပါမောက္ခ ဦးကျော်စိန်

၅။ ဘာသာစကားရဲ့အမည်ကိုလည်း The နဲ့တွဲဖက်ပြီး မရေးရပါဘူး။

ဥပမာ He speaks ***English***.(The English ဟု မရေးရ။)
***French*** is difficult. (The French ဟု မရေးရ။)

၆။ အနာရောဂါရဲ့အမည် တွေရှေ့မှာ **The** ကို ထားပြီး မရေးရပါဘူး။

ဥပမာ Cholera (ကော်လရား) = ကာလဝမ်းရောဂါ
Small-pox = ကျောက်ရောဂါ

၇။ လမ်းနာမည်တွေရဲ့ရှေ့မှာ **The** ကို ထားပြီး မရေးရပါဘူး။

ဥပမာ Maha Bandoola Street = မဟာဗန္ဓုလလမ်း
Sule Pagoda Road = ဆူးလေဘုရားလမ်း
Yuzana Street = ယုဇနလမ်း

၈။ School, church, prison, bed စတဲ့ စကားလုံးတွေရဲ့ရှေ့မှာလည်း **The** ကို ထားပြီး မသုံးရပါဘူး။ (**The** ထည့်လိုက်ရင် အဓိပ္ပာယ်ပြောင်းသွားပါတယ်။ အကျယ်ကို စာမျက်နှာ ၁၇၉ မှာ ကြည့်ပါ။)

ဥပမာ I go to school.(to the schoolဟု မရေးရ။)
I go to bed.(to the bed ဟု မရေးရ။)

၉။ cook = ထမင်းချက် ၊ nurse = သူနာပြု၊ teacher = ဆရာ/ဆရာမဆိုတဲ့ စကားလုံးတွေကို The မပါဘဲသုံးရင် ကိုယ့်ထမင်းချက်၊ ကိုယ့်သူနာပြု၊ ကိုယ့်ဆရာ/ဆရာမလို့ ဆိုလိုပါတယ်။

ဥပမာ Cook has prepared the dinner.
ထမင်းချက်က ညစာကို ပြင်ဆင်ချက်ပြုတ်တယ်။ (မိမိ၏ထမင်းချက်)

Teacher was very pleased with my work.
ဆရာက ကျွန်တော့်လုပ်ဆောင်ချက်ကို ကျေနပ်သဘောကျတယ်။ (ကိုယ့်ဆရာ)

၁၀။ **Verb** နဲ့ ပံ့သေတွဲဖက်ရေးသားတဲ့ စကားစု (**Phrase**)တွေရဲ့ရှေ့မှာ"***The***"ကို မသုံးရပါဘူး။

ဥပမာ

| | | |
|---|---|---|
| bring word | = | အကြောင်းစကားယူလာသည်။ |
| catch fire | = | မီးစွဲသည်။ |
| cast anchor | = | ကျောက်ချသည်။ |
| give birth | = | မွေးဖွားသည်။ |
| give battle | = | ပြိုင်ဆိုင်တိုက်ခိုက်သည်။ |
| leave school | = | ကျောင်းထွက်သည်။ |
| lose heart | = | ကြောက်ရွံ့သည်၊ စိတ်ပျက်သည်။ |
| leave home | = | အိမ်မှထွက်သွားသည်။ |
| send word | = | အကြောင်းကြားသည်။ |
| shake hands | = | လက်ဆွဲနှုတ်ဆက်သည်။ |

၁၁။ **Preposition** နဲ့ ပံ့သေတွဲထားတဲ့ နာမ်တွေရဲ့ရှေ့မှာလည်း "***The***" ကို မသုံးရပါဘူး။

ဥပမာ

| | | | |
|---|---|---|---|
| at hand | = အနီးအပါး | by bus | = ဘတ်(စ်)ကားဖြင့် |
| at home | = အိမ်၌ | by day | = နေ့အခါ |
| at school | = ကျောင်း၌ | by night | = ညအခါ |
| at dawn | = အရုဏ်တက်တွင် | by train | = ရထားဖြင့် |
| at daybreak | = မိုးလင်းချိန်တွင် | by car | = ကားဖြင့် |
| at noon | = မွန်းတည့်ချိန်တွင် | by boat | = သင်္ဘောဖြင့် |
| at sunrise | = နေထွက်ချိန်တွင် | by heart | = နှုတ်တက် (အလွတ်)အရ |
| at sunset | = နေဝင်ချိန်တွင် | by rote | = နှုတ်တက် (အလွတ်) အရ |
| at night | = ညဘက်တွင် | | |
| at sea | = ပင်လယ်မှာ | for sale | = ရောင်းရန် |
| at length | = အဆုံး၌အကျယ်ချဲ့၍ | for money | = ငွေရလို၍ |
| by air | = လေကြောင်းဖြင့် | for love | = မေတ္တာရလို၍ |
| by land | = ကုန်းကြောင်းဖြင့် | in silence | = တိတ်ဆိတ်စွာဖြင့် |
| by sea (water) | = ရေကြောင်းဖြင့် | in ink | = မင်ဖြင့် |
| | | in bed | = အိပ်ရာထဲတွင် |



| | | | |
|---|---|---|---|
| in jail | = ထောင်ထဲတွင် | on time | = အချိန်မှန် |
| in fact | = အမှန်အားဖြင့် | in time | = အချိန်မီ |
| on purpose | = တမင်တကာ၊ တရည်တရွယ် | on earth | = ကမ္ဘာမြေပေါ်တွင် |
| on fire | = မီးစွဲလောင်လျက် | to market | = ဈေးသို့ |
| on duty | = တာဝန်ဝတ္တရား ဆောင်ရွက်လျက် | to prison | = ထောင်သို့ |
| | | to school | = ကျောင်းသို့ |
| | | on board | = သင်္ဘောပေါ် |
| | | on foot | = ခြေလျင် |

*Exercise No. (48)*

**Fill in the blanks of the following sentences with the proper articles.**

1. Nay Chi's father was .......... officer in the Navy.
2. U Ko Ni is .......... Muslim,not .......... Christian.
3. .......... brave soldier was given .......... title of Thura.
4. The boy's ambition is to become .......... engineer.
5. Wordsworth, .......... English poet, was very famous for his poems.
6. He said, "What .......... foolish thing to do!"
7. Do you want to keep this .......... secret?
8. We shall be late if we don't take .......... taxi.
9. This is .......... highest mountain in our country.
10. This is .......... best she can do.
11. .......... clothes in the bag are yours.
12. U Ko Ko plays .......... piano in .......... orchestra.
13. .......... elephant is .......... fattest of all animals.
14. Which is .......... longest river in .......... world?
15. Last night we went out for .......... meal in .......... restaurant.
16. We went to .......... most expensive restaurant in town.
17. The students must write their names at .......... top of the page.
18. It was .......... beautiful day. .......... sun shone brightly in .......... sky.
19. .......... planet Jupiter has nine moons.
20. .......... moon goes round .......... earth every 27 days.
21. The monk never listens to .......... radio?
22. .......... house in which you are living is very old.
23. I have .......... telegram to send to .......... friend.
24. .......... headmaster of our school is very patient and far-sighted.
25. .......... tidy person likes to have .......... place for everything and everything in its place.

### *Exercise No. (49)*

**Some of the blank spaces below require articles, others do not. Fill in the articles where needed.**

အောက်တွင် ဖော်ပြထားသော ကွက်လပ်များအနက် အချို့ကွက်လပ်များတွင် **article** လိုအပ်၍ အချို့တွင် မလိုအပ်ပါ။ လိုအပ်သည့်နေရာတွင် သင့်တော်ရာ **article** ဖြင့် ဖြည့်ပေးပါ။ မလိုအပ်လျှင် မဖြည့်ပါနှင့်။

1. Butter is made from .......... cream.
2. Do you collect .......... stamps?
3. .......... film wasn't very good but I liked .......... music.
4. There are .......... books on the table.
5. We live in .......... Mandalay.
6. I heard that U Kyaw was going to .......... England and .......... France.
7. .......... U.S.S.R is very rich in natural resources.
8. .......... windows of our room are broken.
9. Shakespeare is .......... greatest poet that England has ever had.
10. .......... current, which is very rapid, makes river dangerous.
11. .......... gentleman over there is my uncle.
12. After .......... wedding, the bride and bridegroom left in .......... car for Mandalay.
13. I always go to school by .......... bus.
14. I listen to .......... radio every night.
15. We watch .......... television every night.
16. When is .......... best time to sow these flowers?
17. I have .......... lot of work to do at .......... home today.
18. We fry .......... vegetables with .......... oil.
19. I always drink .......... milk before I go to .......... bed.
20. This is .......... photograph of me when I was ten years old.
21. I must buy .......... umbrella because I have lost .......... umbrella which my father bought for me.
22. I like .......... necklace which you were wearing. I wish I had .......... necklace.
23. .......... Sagaing Hills are very beautiful.
24. I must buy .......... new set of .......... furniture.
25. .......... girl near the windows is wearing .......... thick coat because it is very cold.

❀❀❀



## V. THE ARTICLES (SPECIAL USES)
## (ထူးခြားသော အသုံးအနှုန်းများ)

1. *School, College, University*

School, College, University ကျောင်း၊ ကောလိပ်၊ တက္ကသိုလ် စတဲ့ အဆောက်အဦတွေဟာ စာပေပညာသင်ကြားဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆောက်လုပ်ထားတာဖြစ်တယ်။

အဲဒီရည်ရွယ်ချက်အတိုင်း စာသင်ဖို့သွားတယ်ဆိုရင် **The** မထည့်ရပါဘူး။ **The** ထည့်ရင် အဓိပ္ပာယ်ပြောင်းသွားပါတယ်။

ဥပမာ

1. The boys go ***to school.***
   လူကလေးများ (ကျောင်းတက်ရန်) ကျောင်းသို့သွားသည်။
2. U Sein goes ***to the school*** to meet his son's teacher.
   ဦးစိန်သည် သားဖြစ်သူ၏ ဆရာနှင့်တွေ့ရန် ကျောင်းသို့သွားသည်။

2. *Church* = (ခရစ်ယာန်)ဘုရားရှိခိုးကျောင်း

ဘုရားဝတ်ပြုဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆောက်လုပ်ထားတာဖြစ်တယ်။

ဥပမာ

1. U Nyo goes ***to church*** every Sunday.
   ဦးညိုသည် (ဘုရားဝတ်ပြုရန်) ဘုရားရှိခိုးကျောင်းသို့ တနင်္ဂနွေနေ့တိုင်း သွားသည်။
2. The workmen went ***to the church*** to repair the roof.
   အလုပ်သမားများသည် ခေါင်မိုးပြင်ရန် ဘုရားကျောင်းသို့သွားသည်။

3. *Prison* = အကျဉ်းထောင်

ပြစ်မှုကျူးလွန်သူတွေကို ချုပ်နှောင်ထားဖို့ဆိုတဲ့ရည်ရွယ်ချက်နဲ့ဆောက်လုပ်ထားတာဖြစ်တယ်။

ဥပမာ

1. Kyaw Htut is ***in prison*** for robbery.
   ကျော်ထွဋ် လုယက်မှုနဲ့ ထောင်ကျနေတယ်။
2. A criminal goes ***to prison***.
   ရာဇဝတ်သားတစ်ယောက် ထောင်ကျသွားတယ်။
3. We go ***to the prison*** to visit Kyaw Htut.
   ကျွန်တော်တို့က (ကျော်ထွဋ်ကို ထောင်ဝင်စာတွေ့ဖို့) ထောင်သို့သွားတယ်။

**သတိပြုဖို့**

***In*** prison, ***at*** school, ***at*** college, ***at*** university ဆိုတဲ့ အသုံးအနှုန်းတွေကိုလဲ သတိပြုမှတ်သားပါ။ Church နဲ့ ပတ်သက်လို့ကတော့ in church ရော၊ at church ရော နှစ်မျိုးလုံး သုံးပါတယ်။

4. *hospital* = ဆေးရုံ

လူမမာ၊ လူနာများကို ကုသပေးဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဆောက်လုပ်ထားတာဖြစ်တယ်။

ဥပမာ 1. U Soe had an accident yesterday.
He had to ***go to hospital***.
He is still ***in hospital*** now.
ဦးစိုး မနေ့က မတော်တဆ တိမ်းစောင်းထိခိုက်ဒဏ်ရာရသွားတယ်။
သူ့ကို ဆေးရုံတင်လိုက်ရတယ်။ ခုလည်း ဆေးရုံမှာပဲရှိသေးတယ်။
(ဒဏ်ရာ မပျောက်သေးဟု ဆိုလိုသည်။)

2. We go to the ***hospital*** to visit U Soe.
We are ***at the hospital*** now.
ကျွန်တော်တို့က ဦးစိုးဆီ လူမမာမေးသွားကြတယ်။
အခုလဲ ကျွန်တော်တို့ (လူနာမေးရင်း) ဆေးရုံပေါ်မှာ ရှိနေတယ်။
ဆေးရုံတင်ထားရတဲ့လူနာကို ***in hospital*** လို့သုံးပြီး လူမမာသွားမေးတဲ့ ဧည့်သည်တွေနဲ့ ဆေးရုံတာဝန်ကျ အမှုထမ်းတွေအတွက် ***at the hospital*** လို့ သုံးရပါတယ်။

5. *bed* = အိပ်ရာ၊ *work* = အလုပ်၊ *home* = အိမ်

go to bed/ (be) in bed လို့သာ သုံးရပါတယ်။ (the bed) လို့ မသုံးရပါဘူး။

ဥပမာ I usually ***go to bed*** at ten o'clock.
Are the children still ***in bed***?

go to work/ (be) at work/ start work/ finish work လို့သာ သုံးရပါတယ်။ The work မသုံးရပါဘူး။

ဥပမာ 1. Daw Hnin doesn't ***go to work*** as she is ill.
2. Why isn't Daw Hnin ***at work today***?
3. What time do you ***finish work***?
4. Come home, go home, get home, (be) at home, (stay) at home-လို့ သုံးရပါမယ်၊ (the home) လို့ မသုံးရပါဘူး။



ဥပမာ 1. Come on! Let's ***go home***.
2. Will you be ***at home*** tomorrow?

6. *cinema* = ရုပ်ရှင်ရုံ၊ *theatre* = ဇာတ်သဘင်၊ ဇာတ်ရုံ၊ *radio* = ရေဒီယို၊ *television* = ရုပ်မြင်သံကြား

ဥပမာ 1. Cinema, theatre, radio တို့ကို the နဲ့ တွဲဖက်ပြီး ရေးသားလေ့ရှိပါတယ်။
2. They usually go to ***the*** cinema every Sunday.
တနင်္ဂနွေနေ့တိုင်း သူတို့ရုပ်ရှင်သွားကြည့်လေ့ရှိတယ်။
3. They do not often go to ***the*** theatre.
ဇာတ်ပွဲကိုတော့ သူတို့ မကြာမကြာ သွားကြည့်လေ့မရှိဘူး။
4. I heard the news on ***the*** radio.
ရေဒီယိုကနေ သတင်း (ကြေညာတာ) ကြားလိုက်တယ်။
ဒါပေမယ့် television ကိုတော့ The မပါဘဲ ရေးရပါတယ်။
5. I watched the news on television.
ရုပ်မြင်သံကြားသတင်း (လွှင့်တာကို) ကြည့်ခဲ့တယ်။
6. They watch television every day.
ရုပ်မြင်သံကြားကို သူဘို့ နေ့စဉ်ကြည့်တယ်။

7. *breakfast* = နံနက်စာ၊ *lunch* = နေ့လည်စာ၊ *dinner* = ညစာ၊
နံနက်စာ၊ နေ့လည်စာ၊ ညစာတို့ကို ဖော်ပြချင်ရင်တော့ The နဲ့ တွဲဖက်ပြီး ရေးသားလေ့မရှိပါဘူး။

ဥပမာ 1. At 8 o'clock, she had breakfast.
မနက် ၈ နာရီမှာ သူမ နံနက်စာစားတယ်။
2. Lay Lay invited me for lunch.
လေးလေးက ကျွန်တော့်ကို နေ့လည်စာစားဖို့ ဖိတ်တယ်။
3. What did you have for dinner?
ညစာအဖြစ် ဘာကိုစားသလဲ။

ဒါပေမယ့် lunch, dinner စသည်တို့ရဲ့ရှေ့မှာ နာမဝိသေသန (Adjective) တစ်ခုခုရှိနေရင်တော့ "a" နဲ့ တွဲဖက်ပြီး သုံးရပါတယ်။
Thank you. That was a very nice dinner.
ကျေးဇူးတင်ပါတယ်၊ သိပ်ကောင်းတဲ့ ညနေစာပါပဲ။
(a မပါဘဲ very nice dinner လို့ မရေးရပါဘူး။)

## *Exercise No. (50)*

**Choose the correct word.**

မှန်ကန်တဲ့စကားလုံးကို ရွေးပေးပါ။

1. In our country, children from the age of five have to go to (A. school, B. the school).
2. U Tun Mg has just had an operation. He is still in (A. hospital, B. the hospital).
3. All over the world, people are in (A. prison, B. the prison) because of their political beliefs.
4. The other day, the firebrigade had to go to (A. prison, B. the prison) to put out a fire.
5. Our friend U Kyaw Htut is in (A. prison, B. the prison). So we go to (A. prison, B. the prison) to visit him.
6. As our teacher was ill, we all went to (A. hospital, B. the hospital) to visit her.
7. U Than Nyan is very ill (A. in hospital, B. in the hospital).
8. Every year, parents are invited to (A. school, B. the school) to meet the teacher.
9. After (A. work, B. the work) U Lay Myint usually goes (A. home, B. the home).
10. I like to read in (A. bed, B. the bed) before going to sleep.
11. When Moe Moe leaves school, she wants to study economics at (A. university, B. the university).
12. Did you see the film on (A. television, B. the television)?
13. I never listen to (A. radio, B. the radio).
14. I have invited U Than to (A. dinner, b. the dinner) next Sunday.
15. He is not hungry beacuse he had (A. big breakfast, B. a big break fast).



## VI. PLURAL AND UNCOUNTABLE NOUNS WITH AND WITHOUT "THE"
## ("THE" ပါခြင်း။ မပါခြင်းကြောင့် ခြားနားသည့် အဓိပ္ပာယ်)

၁။ ယေဘုယျအားဖြင့် ခြုံငုံပြီး (something in general) ပြောဆိုလိုတဲ့ နာမ်တွေရဲ့ရှေ့မှာ **The** ကိုထားပြီး သုံးလေ့မရှိပါဘူး။

I love flowers.

ကျွန်မ ပန်းကြိုက်တယ်။ (ဘယ်ပန်းလို့ တိတိကျကျမဆိုလို၊ ဘယ်ပန်းကိုမဆို ကြိုက်တယ်)

Doctors are paid more than teachers.

ဆရာဝန်တွေဟာ ကျောင်းဆရာတွေထက် ပိုပြီးပိုက်ဆံရတယ်။ (ယေဘုယျသဘောခြုံပြီးပြောတာ ဖြစ်တယ်။)

၂။ တစ်စုံတစ်ရာ သီးသန့် တိတိကျကျ (something in particular) ပြောဆိုလိုတဲ့ နာမ်တွေရဲ့ ရှေ့မှာတော့ The ကိုထားပြီး သုံးလေ့ရှိပါတယ်။

I like your garden because ***the*** flowers are beautiful.

ပန်းတွေ သိပ်လှတာကြောင့် မင်းတို့ ဥယျာဉ်ခြံမြေကို သဘောကျတယ်။ (ခြံထဲကပန်းကိုသာ ဆိုလိုတယ်၊ ပန်းအားလုံးကို ဆိုလိုတာ မဟုတ်ပါ)

The doctors are paid more than the teachers in our country.

ကျွန်တော်တို့တိုင်းပြည်မှာ ဆရာဝန်တွေဟာ ကျောင်းဆရာတွေထက် ပိုပြီးပိုက်ဆံရတယ်။ (ကျွန်ုပ်တို့တိုင်းပြည်မှ ဆရာဝန်များ၊ ဆရာများကိုသာ ဆိုလိုတယ်။ အားလုံးကို ဆိုလိုတာ မဟုတ်)

က။ အောက်က နမူနာလေးတွေကို လေ့လာကြည့်ပါဦး။

1. ***Children*** like toys.

   ကလေးတွေဟာ ကစားစရာကို နှစ်သက်တယ်။ (ကလေးအားလုံးကို ဆိုလိုတယ်။)

2. I gave ***the children*** some books.

   ကလေးတွေကို စာအုပ်အချို့ပေးတယ်။ (သီးသန့်သဘောသုံးတာဖြစ်တယ်၊ ပြောနေသူရဲ့ ပတ်ဝန်းကျင်မှာရှိတဲ့ ကလေးအချို့ကိုသာ ဆိုလိုတယ်။)

3. ***Salt*** is used to flavour food.

   အစားအသောက်တွေ၊ အနံ့အရသာရှိအောင် ဆားကိုသုံးတယ်။ (ဆားအားလုံးကို ယေဘုယျသဘောပြောခြင်းဖြစ်တယ်။)

4. Can you pass ***the salt***, please?

   ကျေးဇူးပြုပြီး ဆား(ခွက်ကလေး) ကို လှမ်းပေး (လက်ဆင့်ကမ်း) နိုင်ပါသလားခင်ဗျာ။ (စားပွဲပေါ်က (သို့) အနီးအနားက ဆားကိုဆိုလိုတယ်။)

## *Exercise No. (51)*

**Choose the correct form, with or without "*the*".**

1. (A. Oranges, B. The oranges) are good for children.
2. (A. English people, B. The English people) I know are friendly.
3. (A. All students, B. All the students) in the class like their teacher.
4. The film was not very good but I liked (A. music, B. the music).
5. My favourite subject at school was (A. history, B. the history).
6. Look at (A. mangoes, B. the mangoes) on that tree. They are very large.
7. (A. Second World War, B. The Second World War) ended in 1945.
8. (A. All clothes, B. All the clothes) in the cupboard belong to my father.
9. (A. All books, B. All the books) are useful.
10. (A. All books, B. All the books) on the table are very interesting.
11. (A. Life, B. The life) would be very difficult without electricity.
12. Do you know the author who wrote a book about (A. life, B. the life) of Bogyoke Aung San?
13. The child is afraid of (A. dogs, B. the dogs).
14. (A. Most people, B. Most the people) like Bogyoke Aung San.
15. Do you know (A. people, B. the people) who live in your village?

❀❀❀

## VII. GEOGRAPHICAL NAMES WITH AND WITHOUT "THE"
### (ပထဝီအခေါ်အဝေါ်များတွင် "THE" ပါခြင်း၊ မပါခြင်း)

၁။ continents = တိုက်ကြီးတွေရဲ့အမည်ရှေ့မှာ "***The***" ကို ထည့်ပြီးမသုံးရပါဘူး။

ဥပမာ Africa = အာဖရိကတိုက်
Asia = အာရှတိုက်
Europe = ဥရောပတိုက်
(The Africa, The Asia, The Europe လို့ မရေးရပါဘူး။)

၂။ countries = တိုင်းပြည်တွေရဲ့အမည်ရှေ့မှာ "***The***" ကို ထည့်ပြီးမသုံးရပါဘူး။

ဥပမာ France = ပြင်သစ် Japan = ဂျပန်
Nigeria = နိုက်ဂျီးရီးယား
(The France, The Japan, The Nigeria လို့ မရေးရပါဘူး။)



ဒါပေမယ့်
republic, union, kingdom, states စတဲ့ အသုံးအနှုန်းတွေ ပါလာရင်တော့ The ထည့်ပြီးသုံးရပါတယ်။

ဥပမာ The Soviet Union = ဆိုဗီယက်
The United States (of America) = အမေရိကန်
The United Kingdom = အင်္ဂလန်

၃။ cities, towns, villages မြို့ကြီးတွေ၊ မြို့တွေ၊ ရွာကြီးတွေရဲ့ရှေ့မှာ "***The***" ကို ထည့်ပြီး မသုံးရပါဘူး။

ဥပမာ Mandalay = မန္တလေး (မြို့)
Shwekyapin = ရွှေကြာပင် (ရွာ)
Yangon = ရန်ကုန် (မြို့)

၄။ islands = ကျွန်းတွေနဲ့ ပတ်သက်လာရင် နှစ်မျိုးရှိပါတယ်။

(က) ကျွန်းကလေးတွေ စုပေါင်းထားတဲ့ ကျွန်းစုတွေရဲ့အမည်ဆိုရင် ရှေ့က "***The***" ထည့်ပေးရပါတယ်။

ဥပမာ The Bahamas = ဗဟားမားကျွန်းစုများ
The British Isles = ဗြိတိသျှကျွန်းစုများ
The Canaries } ကနေရီကျွန်းစုများ
The Canary Islands }

(ခ) ကျွန်းကြီးတစ်ကျွန်းစီအတွက် သီးသန့်မှည့်ထားတဲ့ အမည်တွေရဲ့ ရှေ့မှာတော့ "***The***" ကို ထည့်ပြီး မသုံးရပါဘူး။

ဥပမာ Sicily = စစ္စလီကျွန်း
Bermuda = ဘာမူဒါကျွန်း

၅။ mountains = တောင်တွေနဲ့ ပတ်သက်ရင်လည်း နှစ်မျိုးရှိပါတယ်။

(က) တောင်စွယ်တောင်ထိပ်တွေ စုပေါင်းထားတဲ့ အမည်တွေဆိုရင် "***The***" နဲ့ တွဲဖက်ပြီး သုံးရပါတယ်။

ဥပမာ The Alps = အယ်လ်ပ်စ်တောင်တန်းများ
The Rockies } ရော့ကီးတောင်တန်းများ
The Rocky Mountains }

(ခ) တောင်တစ်လုံးချင်းရဲ့ သီးသန့်အမည်ဆိုရင်တော့ "***The***" နဲ့ တွဲဖက်ပြီး မသုံးရပါဘူး။

ဥပမာ (Mount) Everest = ဧဝရက်တောင်
(Mount) Popa = ပုပ္ပါးတောင်

၆။ Lakes = ရေအိုင်ကြီးတွေရဲ့ အမည်ရှေ့မှာ The ကိုထည့်ပြီး မသုံးရပါဘူး။

| | | | |
|---|---|---|---|
| ဥပမာ | Lake Superior | = | ဆူပီးရီးယားအိုင်ကြီး |
| | Lake Victoria | = | ဗိတိုရိယရေအိုင်ကြီး |

၇။ oceans = သမုဒ္ဒရာများ၊ seas = ပင်လယ်များ၊ rivers = မြစ်များ၊ canals = တူးမြောင်းများ၊ channels = ရေလက်ကြားများရဲ့ အမည်တွေရှေ့မှာတော့ The ကိုထည့်ပြီး ရေးသား သုံးစွဲရပါတယ်။

| | | | |
|---|---|---|---|
| ဥပမာ | The Indian Ocean | = | အိန္ဒိယသမုဒ္ဒရာ |
| | The Atlantic | = | အတ္တလန်တိတ်သမုဒ္ဒရာ |
| | The Red Sea | = | ပင်လယ်နီ |
| | The Mediterranean | = | မြေထဲပင်လယ် |
| | The Nile | = | နိုင်းလ်မြစ် |
| | The Suez Canal | = | စူးအက်တူးမြောင်း |
| | The English Channel | = | အင်္ဂလိပ်ရေလက်ကြား |

❀❀❀

*Exercise No. (52)*

**Choose the correct word.**

1. What is the name of the ocean between (A. Asia, b. The Asia) and (A. United States, B. The United States)?
2. (A. Nile, B. The Nile) is the longest river in Africa.
3. (A. United Kingdom, B. The United Kingdom) consists of Great Britain and Northern Ireland.
4. A friend of mine works as a repoter in (A. Canada, B. the Canada).
5. (A. PanamaCanal, B. The Panama Canal) joins the Atlantic and Pacific Oceans.
6. (A. Cairo, B. The Cairo ) is the capital of Egypt.
7. (A. Mount Everest, B. The mount Everest) is the highest in the world.
8. (A. Aisa, B. The Asia) is the largest continent.
9. (A. Soviet Union, B. The Soviet Union) is the largest country in the world.
10. Stockholm is the capital of (A. Sweden, B. The Sweden).

❀❀❀

# CHAPTER XII



# PRONOUNS

# PRONOUNS
# နာမ်စားများ

နာမ်စားဆိုတာ နာမ်စကားလုံးတစ်လုံးကို ထပ်ခါတလဲလဲ မသုံးချင်လို့၊ အဲဒီနာမ်ရဲ့အစား အသုံးပြုတဲ့ စကားလုံးတစ်ခုဖြစ်ပါတယ်။

(A pronoun is a word used instead of a Noun)

## KINDS OF PRONOUNS

အဲဒီနာမ်စားတွေကို အောက်မှာ ဖော်ပြထားတဲ့အတိုင်း အမျိုးအစားတွေ ခွဲခြားနိုင်ပါတယ်။

1. Personal Pronouns = ပုဂ္ဂိုလ်ပြ (ပုဂ္ဂလ) နာမ်စားများ
2. Possessive Pronouns = ပိုင်ဆိုင်မှုပြ နာမ်စားများ
3. Demonstrative Pronouns = အညွှန်းနာမ်စားများ
4. Reflexive and Emphatic Pronouns = ကိုယ်တိုင်ခံနှင့် လေးနက်မှုပြနာမ်စားများ
5. Interrogative Pronouns = ပုစ္ဆာနာမ်စားများ (အမေးနာမ်စားများ)
6. Indefinite Pronouns = သာမညနာမ်စားများ
7. Relative Pronouns = ပြန်ညွှန်း (ပုဒ်ဆက်) နာမ်စားများ
8. Distributive Pronouns = ခွဲဝေနာမ်စားများ

## 1. PERSONAL PRONOUNS

Person (ပုဂ္ဂိုလ်) သုံးမျိုးရဲ့အစား အသုံးပြုရတဲ့ နာမ်စားတွေကို ပုဂ္ဂိုလ်ပြ (ပုဂ္ဂလ) နာမ်စားများ (Personal Pronouns) လို့ ခေါ်ပါတယ်။

၁။ (The person speaking) ပြောဆိုသူကိုဖော်ပြတဲ့ I, my, me, we, our, us စသည့် နာမ်စားတွေကို (First Person) လို့ ခေါ်ပါတယ်။

၂။ (The person spoken to) နားထောင်သူကို ဖော်ပြတဲ့ you, your, you စသည့် နာမ်စားတွေကို (Second Person) လို့ ခေါ်ပါတယ်။
(Thou = သင်သည်၊ thee = သင့်ကို၊ ye = သင်တို့သည်၊ ye = သင်တို့ကို ဆိုတဲ့ စကားလုံးတွေကိုတော့ ယနေ့ခေတ်မှာ မသုံးကြတော့ပါဘူး။)

၃။ အထက်မှာ ဖော်ပြထားတဲ့ First Person နဲ့ Second Person ပြောဆိုသူလည်းမဟုတ်၊ နားထောင်သူလည်းမဟုတ်တဲ့ (အကြောင်းခြင်းရာနဲ့ ပတ်သက်ပြီး) ပြောဆိုခံရသူ (The person spoken of) တွေဖြစ်တဲ့ he, his, him, she, her, her, it, its, it, they, their, them (စသည့်) နာမ်စားတွေကို (Third Person) လို့ ခေါ်ပါတယ်။

ပုဂ္ဂိုလ်ပြ နာမ်စားတွေနဲ့ပတ်သက်ပြီး ပြုလုပ်သူ (ကတ္တား) ရဲ့ နေရာမှာ ထားသုံးရင် Nominative Case လို့ ခေါ်ပါတယ်။
ခံရသူ (ကံ) ရဲ့ နေရာမှာ ထားပြီးသုံးရင် Objective Case လို့ ခေါ်ပါတယ်။ အလွတ်ကျက်ထားဖို့ လိုပါတယ်။

| ***Nominative*** = (ကတ္တား) | | ***Objective*** = (ကံ) | |
|---|---|---|---|
| I | = ကျွန်ုပ်သည် | me | = ကျွန်ုပ်ကို |
| We | = ကျွန်ုပ်တို့သည် | us | = ကျွန်ုပ်တို့ကို |
| You | = သင်သည်၊ သင်တို့သည် | you | = သင့်ကို၊ သင်တို့ကို |
| He | = သူသည် | him | = သူ့ကို |
| She | = သူမသည် | her | = သူမကို |
| It | = ထိုဟာသည် | it | = ထိုဟာကို |
| They | = သူတို့သည် | them | = သူတို့ကို |

ဒါကြောင့် Subject ရဲ့ နေရာမှာဆိုရင် (I, We, He, She, They) စသည်တို့ကို အသုံးပြု ရပါတယ်။

Object ရဲ့ နေရာမှာဆိုရင် (me, us, him, her, them) စသည်တို့ကို အသုံးပြု ရပါတယ်။

## *Exercise No. (53)*

**Choose the correct form of the pronouns.**

**မှန်ကန်သော နာမ်စားပုံစံများကို ရွေးချယ်ပါ။**

1. (I, me) went to school yesterday.
2. The teacher beats (I, me) for not doing the homework.
3. She goes with (I, me) to the movies.
4. (I, me) want to talk to you.
5. (We, Us) often see Nu Nu in the market.



6. Don't look at (he, him).
7. (He, Him) is looking at the girls.
8. (They, Them) all went with (I, me).
9. The teacher asked Thein Tan and (I, me) what the time was.
10. Don't go with (he, him) to the park.
11. Nu Nu sits near (she, her) in the class.
12. (He, Him) often goes to school with his friends.
13. (They, Them) love (her, she) passionately.
14. Will (she, her) write many letters to (I, me)?
15. I like(he, him) more than his brother.
16. There are some books for (I, me).
17. (We, Our) saw (he, him) in the park.
18. She sends (we,us) some presents.
19. You teach (we, us) English.
20. What is the matter with (she, her)?

## *Exercise No. (54)*

**Replace expressions in italics by pronouns.**

**စာလုံးစောင်းဖြင့် ရေးထားသော စကားလုံးများအစား သင့်တော်ရာနာမ်စားဖြင့် အစားထိုးရေးသားပါ။**

1. I write a letter to ***Thidar***.
2. I write a letter to ***Thiha***.
3. I write a letter to ***Thiha and Thidar***.
4. He sees ***Ko Lay*** on the bus every day.
5. ***Hay Mar*** sings a song.
6. ***Hay Mar and Cho Pyone*** are famous singers.
7. ***My uncle*** lives in a small village.
8. I love ***my uncle*** very much.
9. I always go to school with ***Nilar***.
10. ***Daw Nyo*** loves ***her son and daughter***.
11. I saw ***you and your brother*** on the bus.
12. ***U Hla*** gave ***Soe Soe and me*** some money.
13. ***Daw Hla*** gave ***Soe Soe and Moe Moe*** some money.
14. ***Htar Htar and Win Win*** go to the movies with ***my sister and me***.
15. ***My friend and I*** buy the books to read.

16. ***This hat*** is not very good.
17. ***The weather*** is fine today.
18. I put ***my hat*** on and go out.
19. ***This book*** is very interesting.
20. ***These books*** are not very interesting.
21. I buy ***a book*** from the market.
22. I buy ***a book*** and ***a pencil*** from the market.
23. I read ***the newspaper*** every day.
24. I saw ***Aung Aung and his mother*** yesterday.
25. I put ***your book*** on the table.

## 2. POSSESSIVE PRONOUNS

ပိုင်ဆိုင်ခြင်းကို ဖော်ပြတဲ့နာမ်ရဲ့အစား အသုံးပြုတဲ့ နာမ်စားတွေကို(Possessive Pronouns) လို့ ခေါ်ပါတယ်။

| ***Possessive Adjective*** | | | ***Possessive Pronoun*** | | |
|---|---|---|---|---|---|
| my | = | ကျွန်ုပ်၏ | mine | = | ကျွန်ုပ်၏ဟာ |
| our | = | ကျွန်ုပ်တို့၏ | ours | = | ကျွန်ုပ်တို့၏ဟာ |
| your | = | သင်၏၊ သင်တို့၏ | yours | = | သင်၏ဟာ၊ သင်တို့၏ဟာ |
| his | = | သူ၏ | his | = | သူ၏ဟာ |
| her | = | သူမ၏ | hers | = | သူမ၏ဟာ |
| its | = | ထိုဟာ၏ | its | = | ထိုဟာ၏ဟာ |
| their | = | သူတို့၏ | theirs | = | သူတို့၏ဟာ |

ပိုင်ဆိုင်မှုကို ဖော်ပြတဲ့အခါမှာ ပုံသဏ္ဌာန်နှစ်မျိုးရှိပါတယ်။ my, our, your, his, her, its, their ဆိုတဲ့ စကားလုံးလေးတွေကို နာမ်နဲ့ယှဉ်တွဲပြီး အသုံးပြုတဲ့အခါ နောက်မှာရှိတဲ့နာမ်ဟာ ပိုရှိပြီး ပေါ်လွင်လေးနက်လာတယ်၊ နာမ်ကို အထူးပြုတဲ့ နာမဝိသေသနလိုပဲနာမ်ကို ကွက်ကွက်ကွင်းကွင်း ဖော်ပြတယ်။ အထူးပြုတယ်။ ဒါကြောင့် သူတို့ကို

Possessive Adjective - ပိုင်ဆိုင်မှုပြ နာမဝိသေသန (သို့မဟုတ်)

Pronominal Adjective - နာမ်စား နာမဝိသေသနတွေလို့ ခေါ်ပါတယ်။

mine, ours, yours, his, hers, its, theirs ဆိုတဲ့ စကားလုံးလေးတွေကိုတော့ နာမ်နဲ့ယှဉ်တွဲပြီး အသုံးမပြုရတဲ့အတွက် (သူတို့ရဲ့နောက်မှာ နာမ်တွေကို မြှုပ်ထားရ၊ ဖော်မပြရတဲ့အတွက်) Possessive Pronouns တွေလို့ ခေါ်ပါတယ်။



### သတိပြုဖို့

ပိုင်ဆိုင်မှုပြ စကားလုံးနောက်မှာ ပိုင်ဆိုင်ခံနာမ်ကို ဖော်ပြတဲ့အခါ(my, our) စတဲ့ Possessive Adjective ကို သုံးပါ။ ပိုင်ဆိုင်ခံနာမ်ကို မြှုပ်ထားရင်တော့ (mine, ours) စတဲ့ Possessive Pronoun ကိုသုံးပါ။

| ဥပမာ | ***Possessive Adjective*** | ***Possessive Pronoun*** |
|---|---|---|
| | 1. This is ***my*** book. | 1. This book is ***mine.*** |
| | 2. This is ***your*** book. | 2. This book is ***yours.*** |
| | 3. This is ***his*** book. | 3. This book is ***his.*** |
| | 4. This is ***her*** book. | 4. This book is ***hers.*** |
| | 5. This is ***our*** book. | 5. This book is ***ours.*** |
| | 6. This is ***their*** book. | 6. This book is ***theirs.*** |

*Exercise No. (55)*

**Write the correct possessive adjective to complete the meaning of the sentence.**

အောက်ပါဝါကျများ၏ အဓိပ္ပါယ်ကို ပြည့်စုံစေရန် (**my, our, his, her** စသည်) ပိုင်ဆိုင်မှုပြ စကားလုံးများဖြင့် ဖြည့်စွက်ရေးသားပါ။

1. I usually play with .......... friends.
2. Hnin Hnin loves .......... father.
3. Hnin Hnin and Win Win love .......... father.
4. The boy is reading .......... book.
5. We are washing .......... clothes.
6. The cat plays with .......... tail.
7. Nwe Ni and .......... mother go to Mandalay.
8. Most pupils love .......... teacher.
9. We do .......... homework regularly.
10. The dog wags .......... tail.
11. She enjoys .......... English class.
12. They always do well on all .......... examinations.
13. Tun Tun and I go to the park with .......... friends.
14. Do you like .......... class teacher?

15. Ni Ni and Phyu Phyu do .......... homework together.
16. Mg Win and Ma Hnin love .......... parents very much.
17. Maung Myo left .......... books on the bus yesterday.
18. I will go to .......... native town next month.
19. Daw Kyi beats .......... children every day.
20. Daw Kyi and Daw Yi love .......... children very much.

*Exercise No. (56)*

**Change the words in italics in the following sentences to possessive pronouns.**

အောက်ပါဝါကျများအတွင်းရှိ စာလုံးစောင်းနှင့်ရေးထားသော စကားလုံးများအစား ပိုင်ဆိုင်မှုပြ နာမ်စားများဖြင့် ပြောင်းလဲရေးသားပါ။

ဥပမာ This pencil is ***my*** pencil.
This pencil is ***mine***.

1. Is that book ***your*** book?
2. These books are ***our*** books.
3. This house is ***his*** house.
4. That umbrella is ***her*** umbrella.
5. Those magazines are ***their*** magazines.
6. These cigarettes are ***our*** cigarettes.
7. This car is ***my*** car.
8. That shirt and longyi are ***his*** shirt and longyi.
9. This classroom is ***our*** classroom.
10. Are both those houses ***your*** houses?
11. Is this San San's book or ***your*** book?
12. Is this purse ***her*** purse?
13. The cat in the kitchen is ***our*** cat.
14. I live in my house and Daw Cho lives in ***her*** house.
15. This magazine is mine and the other one is ***your*** magazine.



## 3. DEMONSTRATIVE PRONOUN

ရှေ့မှာရှိတဲ့၊ ရှေ့ကသွားတဲ့နာမ် (Antecedent) တစ်ခုခုကို ညွှန်ပြပြီးတော့ အဲဒီနာမ်ရဲ့ အစားသုံးတဲ့နာမ်စားကို Demonstrative Pronoun လို့ ခေါ်ပါတယ်။

| | | | | | |
|---|---|---|---|---|---|
| This | = | ဤအရာ | These | = | ဤအရာများ |
| That | = | ထိုအရာ | Those | = | ထိုအရာများ |

So = ဤ/ထိုကဲ့သို့သော အရာ (သူ)
such = ဤ/ထိုကဲ့သို့သောအရာ (သူ)
the former = အရင်ဆိုခဲ့သောအရာ (သူ)
the latter = နောက်လူ/ နောက်နေရာ
the same = ထပ်တူဖြစ်သောအရာ (သူ)

အဲဒီစကားလုံးတွေရဲ့နောက်မှာ နာမ်တွေကို ဖော်ပြထားရင် သူတို့ကို Demonstrative Adjective လို့ခေါ်ပါတယ်။ သူတို့နောက်မှာ "နာမ်" တွေကို မြှုပ်ထားရင်တော့ Demonstrative Pronoun လို့ ခေါ်ပါတယ်။

| ***Demonstrative Adjective*** | ***Demonstrative Pronoun*** |
|---|---|
| 1. I want ***this*** car. | 1. I don't like ***this*** at all. |
| 2. ***That*** book is interesting. | 2. ***That*** is an interesting book. |
| 3. ***These*** mangoes are ripe. | 3. ***These*** are ripe mangoes. |
| 4. ***Those*** girls are his sisters. | 4. Are ***those*** his sisters? |
| 5. I will do ***the same*** work. | 5. I will do ***the same***. |

1. This နဲ့ These ကို ပြောဆိုတဲ့လူနဲ့ နီးနီးကပ်ကပ်မှာရှိတဲ့လူ၊ တိရစ္ဆာန်၊ အရာဝတ္ထုတွေကို ရည်ညွှန်းပြောဆိုဖော်ပြတဲ့အခါမှာ သုံးပါတယ်။

2. That နဲ့ Those ကို ပြောဆိုတဲ့လူနဲ့ ဝေးကွာတဲ့နေရာမှာရှိတဲ့ လူ၊ တိရစ္ဆာန်၊ အရာဝတ္ထုတွေကို ရည်ညွှန်းပြောဆို ဖော်ပြတဲ့အခါမှာ သုံးပါတယ်။

**သတိပြုဖို့**

ရှေ့ဘက်ကဝါကျမှာ နာမ် (Noun) နှစ်မျိုး ဖော်ပြထားတယ်ဆိုပါတော့။

ဥပမာ ***Money*** and ***health*** are important.
အဲဒီလို ရှေ့ဝါကျမှာရှိတဲ့ နာမ်နှစ်ခုကို တစ်ခုစီ ရည်ညွှန်းဖော်ပြချင်တဲ့အခါ -

(က) နောက်ဘက်က နာမ်ရဲ့အစား - this
(ခ) ရှေ့ဘက်ကနာမ်ရဲ့အစား - that ကို သုံးရပါတယ်။

Money and health are important; this is more important than that.

this = health
that = money
(These နဲ့ Those ကိုလည်း ဒီပုံစံအတိုင်းပဲ မှတ်ထားရပါတယ်။)

ဥပမာ Dogs are more faithful than cats; these attach themselves to places and those to persons.
these = cats
those = dogs

၆

*Exercise No. (57)*

**Change the words in italics to plural form. Also make whatever other changes are then necessary in the sentence.**

1. ***This*** book is interesting.
2. ***That*** house belongs to U Tun.
3. ***This*** exercise is very difficult.
4. ***That*** book on the table is for Ni Ni.
5. I look at ***this*** box.
6. Is ***this*** the man you want to see?
7. I want ***this*** car, not ***that*** car.
8. ***That*** chair over there is broken.
9. ***This*** is better than ***that***.
10. ***This*** girl is more beautiful than ***that*** girl.
11. ***This*** letter is for your father.
12. ***That*** mango is very sweet.
13. ***That*** is my uncle's house.
14. ***This*** is your friend's book.
15. ***That*** is my car.
16. ***This*** is a good book.
17. ***That*** is an interesting lesson.
18. ***That*** hat belongs to the child.
19. ***This*** man under the tree is my friend.
20. ***This*** ring is very expensive.

> Notice that in English "this" and "that" are used both as pronouns and as adjectives without any change in form.
>
> *REGENTS ENGLISH WORKBOOK I. (PAGE. 18)*



## 4. REFLEXIVE AND EMPHATIC PRONOUNS

my, your, him, her, it တို့ကို (အနည်းကိန်း) self ပေါင်းစပ်ပေးခြင်းအားဖြင့်ဖြစ်စေ - our, your, them တို့ကို (အများကိန်း) selves ပေါင်းစပ်ပေးခြင်းအားဖြင့်ဖြစ်စေ Reflexive and Emphatic Pronouns တွေ ရရှိပါတယ်။

ဥပမာ

| | | | *Reflexive* | *Emphatic* |
|---|---|---|---|---|
| 1. | myself | = | ကျွန်ုပ်ကိုယ်ကိုကျွန်ုပ် | ကျွန်ုပ်ကိုယ်တိုင် |
| 2. | yourself | = | သင့်ကိုယ်ကိုသင် | သင်ကိုယ်တိုင် |
| 3. | himself | = | သူ့ကိုယ်ကိုသူ | သူကိုယ်တိုင် |
| 4. | herself | = | သူမကိုယ်ကိုသူမ | သူမကိုယ်တိုင် |
| 5. | itself | = | ၎င်းကိုယ်ကို၎င်း | ၎င်းကိုယ်တိုင် |
| 6. | ourselves | = | ကျွန်ုပ်တို့ကိုယ်ကိုကျွန်ုပ်တို့ | ကျွန်ုပ်တို့ကိုယ်တိုင် |
| 7. | yourselves | = | သင်တို့ကိုယ်သင်တို့ | သင်တို့ကိုယ်တိုင် |
| 8. | themselves | = | သူတို့ကိုယ်ကိုသူတို့ | သူတို့ကိုယ်တိုင် |

## REFLEXIVE PRONOUNS

Reflexive Pronoun ကို (subject) နေရာမှာရှိတဲ့ (လူ၊ တိရစ္ဆာန်၊ အရာဝတ္ထု) နာမ်၊ (သို့) နာမ်စားတွေဟာ 88ကိုယ်ကို88 တစ်စုံတစ်ရာပြုလုပ်ကြောင်း ဖော်ပြတဲ့အခါမှာ သုံးပါတယ်။

ဥပမာ 1. *I* shave ***myself*** every morning.
မနက်တိုင်း (ကျွန်တော့်ကိုယ်) ကျွန်တော် မုတ်ဆိတ်ရိတ်တယ်။

2. She saw ***herself*** in the looking glass.
(သူမကိုယ်) သူမ မှန် (ထဲမှာ) ကြည့်တယ်။

3. ***They*** despise ***themselves***.
(သူတို့ကိုယ်) သူတို့ (ပြန်၍) အထင်သေးသည်။

> **A Reflexive** Pronoun indicates that the action expressed by the verb passes from the subject back again to the subject and not to any other person or thing. In other words the person denoted by the subject and the person denoted by the object are identical.
>
> *A. C. E. GRAMMAR (PAGE. 113)*

## EMPHATIC PRONOUNS (OR) EMPHASIZING PRONOUNS

Emphatic Pronoun ဆိုတာ subject နေရာမှာရှိတဲ့နာမ် (သို့) နာမ်စားနဲ့ယှဉ်တွဲပြီး အသုံးပြုရပါတယ်၊ Subject ဟာ တစ်စုံတစ်ခုကို ကိုယ်တိုင်ပြုလုပ်တယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ လေးနက်အောင် ဖော်ပြရေးသားတဲ့အခါမှာ သုံးပါတယ်။

ဥပမာ
1. You ***yourself*** told me the story.
   ဒီဇာတ်လမ်းကို မင်းကိုယ်တိုင်ပဲ ငါ့ကိုပြောပြခဲ့တာပဲ။
2. *I* ***myself*** saw the thief.
   ကျွန်တော်ကိုယ်တိုင် သူခိုးကိုတွေ့ခဲ့တာ။
3. *The* ***girl herself*** washes the clothes.
   ကောင်မလေးကိုယ်တိုင် အဝတ်တွေလျှော်တာ။

**သတိပြုဖို့**

လေးနက်စေရန် အထူးပြုတဲ့ Emphatic Pronoun တွေကို ရေးတဲ့အခါ -

(က) အထူးပြုလေးနက်အောင် ဖော်ပြချင်တဲ့နာမ် (သို့) နာမ်စားနဲ့ယှဉ်တွဲပြီးလည်း ရေးနိုင်ပါတယ်။

(ခ) အထူးပြုလေးနက်အောင်ဖော်ပြချင်တဲ့နာမ် (သို့) နာမ်စားနဲ့ခွဲခြားပြီးတော့လည်း ရေးနိုင်ပါတယ်။

ဥပမာ
1. You ***yourself*** told me the story. (OR)
   You told me the story ***yourself.***
2. ***The girl herself*** washes the clothes. (OR)
   ***The girl*** washes the clothes ***herself.***

> They are used for the sake of emphasis; generally to point out a contrast such as:
>
> You yourself (i.e. *"you and not anyone else"*) told me the story.

> The emphasizing pronouns (but not the reflexive ones) could be omitted without destroying the sense of the sentence.
>
> *A. C. E. GRAMMAR (PAGE. 116)*



### *Exercise No. (58)*

**Write the correct reflexive pronouns in the blank.**

**မှန်ကန်သော reflexive pronoun များဖြင့် ကွက်လပ်ဖြည့်ပါ။**

1. The girl looked at .......... in the mirror.
2. I enjoyed .......... at the party last night.
3. We taught .......... how to swim.
4. He cut .......... on a piece of glass.
5. Did you enjoy .......... at the concert yesterday?
6. She should blame .......... for that mistake.
7. Be careful. You will cut .......... with that knife.
8. The poor man shot .......... with a gun.
9. The boys amused .......... with the football.
10. The goat hurt .......... when it jumped down from the rock.
11. I am teaching .......... Engilsh.
12. She saw .......... in the looking glass.
13. One should try .......... as others see one.
14. He shaves .......... every morning.
15. The visitors helped .......... to the cakes.

### *Exercise No. (59)*

**Supply the necessary emphatic pronouns.**

**လိုအပ်သော emphatic pronoun ဖြင့် ကွက်လပ်ဖြည့်ပါ။**

1. I .......... will go there and solve the problem.
2. You .......... told me the story.
3. We .......... saw the accident.
4. They .......... will attend the funeral.
5. The policeman .......... committed the murder.
6. Father says that he .......... will prepare the dinner.
7. The young girl said she .......... saw the man steal the money.
8. He .......... should speak to the teacher about it.
9. She .......... made the same mistake.
10. Our mother .......... will cook the meal for us.
11. Your class teacher, Daw Mya .......... will telephone to your father.

12. The headmistress .......... taught the difficult lessons.
13. The headmaster .......... will give a speech at the meeting.
14. We .......... heard Zaw Zaw say the rude words.
15. I .......... will punish my son if he is naughty.

> We use reflexive pronouns in two ways in English:
> 1. reflexively, to refer back to the subject of the sentence and
> 2. emphatically, to give emphasis to some person or thing mentioned in the sentence.
>
> (Reflexive use) The man shot himself.
> She burned herself badly.
>
> (Emphatic use) I myself will do the work.
> Helen herself will cook the meal.
>
> *GRADED EXERCISES IN ENGLISH (PAGE. 79)*

## 5. INTERROGATIVE PRONOUNS

မေးခွန်းမေးတဲ့ နာမ်စားတွေဖြစ်ပါတယ်။ who (whom, whose), which, what ဆိုတဲ့ စကားလုံးလေးတွေကို Interrogative Pronoun လို့ ခေါ်ပါတယ်။

| | | |
|---|---|---|
| Who | = | မည်သူသည် |
| Whom | = | မည်သူ့ကို |
| Whose | = | မည်သူ၏ |
| Which | = | မည်သူ၊ မည်သည့်အရာ |
| What | = | မည်သူ၊ ဘယ်သူ၊ ဘာ၊ ဘယ်ဟာ |

ဥပမာ

1. Who sings the song?
   ဘယ်သူသီချင်းဆိုတာလဲ။
2. Who (m) do you love?
   ဘယ်သူ့ကို မင်းချစ်သလဲ။
3. Whose are these books?
   ဒီစာအုပ်တွေ ဘယ်သူ့ဟာတွေလဲ။
4. Which do you prefer, tea or coffee?
   လက်ဖက်ရည်နဲ့ကော်ဖီ ဘယ်ဟာကို မင်းပိုကြိုက်သလဲ။
5. What is that?
   ထိုအရာဟာ ဘာလဲ။



Who, Whom, Whose တို့ကို မေးမြန်းသူကိုယ်တိုင် မသိကျွမ်းတဲ့ (မသေချာတဲ့) လူတွေနဲ့ ပတ်သက်ပြီး မေးမြန်းတဲ့အခါမှာ သုံးပါတယ်။

Which ကို မေးမြန်းသူကိုယ်တိုင် သိကျွမ်းတဲ့ (သေချာတဲ့) လူ၊ တိရစ္ဆာန်၊ အရာဝတ္ထုတွေနဲ့ ပတ်သက်ပြီး မေးမြန်းတဲ့အခါမှာ သုံးပါတယ်။

What ကို မေးမြန်းသူကိုယ်တိုင် မသိကျွမ်းတဲ့ (မသေချာတဲ့) လူ၊ တိရစ္ဆာန်၊ အရာဝတ္ထုတွေနဲ့ ပတ်သက်ပြီး မေးမြန်းတဲ့အခါမှာ သုံးပါတယ်။

(ရှင်းလင်းချက်အကျယ်နဲ့ လေ့ကျင့်ခန်းတွေကို စာမျက်နှာ (၁၀၃) မှာ ကြည့်ပါ

## 6. INDEFINITE PRONOUNS

ထင်ထင်ရှားရှား ဖော်ပြထားတဲ့ နာမ်တစ်ခုရဲ့ အစားသုံးတဲ့နာမ်စား မဟုတ်ပါဘူး။ မသေချာတဲ့ (မြွှပ်ထားတဲ့) နာမ်တစ်ခုရဲ့အစား အသုံးပြုတဲ့ နာမ်စားတွေ ဖြစ်ပါတယ်။

ဥပမာ

| | | | | |
|---|---|---|---|---|
| one | = တစ်ဦးတစ်ယောက် | another | = | အခြားသူ (သူတစ်ပါး) |
| some | = အချို့သောသူများ၊ အရာများ | other | = | အခြားသူ |
| any | = တစ်စုံတစ်ယောက်၊ တစ်စုံတစ်ခု | none | = | မည်သူမျှ |
| few | = အနည်းငယ် | all | = | အားလုံး |
| many | = အမြောက်အမြား၊ များစွာ | both | = | နှစ်ဦး (နှစ်ခု) လုံး |
| others | = အခြားသူများ | several | = | အများအပြား |

Some (- thing, - body, - one), any (- thing, - body, - one), No (- thing, - body, - one), every (thing, - body, - one)

အဲဒီနာမ်စားတွေရဲ့နောက်မှာ (Noun) နာမ်ပုဒ်ပါလာရင် adjective ဖြစ်သွားပါတယ်၊

ဥပမာ

| ***Indefinite Adjective*** | ***Indefinite Pronoun*** |
|---|---|
| 1. Have you ***any*** books? | 1. Ask Nilar if she has ***any***. |
| 2. I wish I had ***some*** good books. | 2. I must try to buy ***some***. |
| 3. ***All*** boys must go to school in time. | 3. But ***all*** do not go there in time. |
| 4. He told me a lot of ***other*** things that I can't remember now. | 4. Which one are you going to choose that one or the ***other?*** |
| 5. ***Each*** child was given an orange. | 5. ***Each*** of them was also given a bag of sweets. |

## 7. RELATIVE PRONOUNS (OR) CONJUNCTIVE PRONOUNS

ရှေ့မှာ ဖော်ပြပြောဆိုပြီးခဲ့တဲ့နာမ် (သို့) နာမ်စားတစ်ခုကို ညွှန်ပြအစားထိုးရေးသားရုံတင်မကဘဲ ဝါကျနှစ်ကြောင်းကို တစ်ကြောင်းတည်းဖြစ်အောင် ဆက်စပ်ပေးတဲ့ နာမ်စားတွေဖြစ်ပါတယ်။

အဲဒီနာမ်စားတွေဟာ Pronoun ရဲ့ အလုပ်နဲ့ Conjunction ရဲ့ အလုပ်နှစ်ခုလုံးကို တစ်ပြိုင်နက်တည်းလုပ်တဲ့အတွက် "အဆက်နာမ်စား" လို့လဲ ခေါ်ကြပါတယ်။

| | | |
|---|---|---|
| who | = | မည်သူ |
| whom | = | မည်သူကို |
| whose | = | မည်သူ၏ |
| which | = | မည်သူ၊ မည်သည့်အရာ |
| that | = | ထိုအရာ |
| what | = | ဘယ်-သူ-အရာ၊ ဘာ |
| whoever | = | မည်သူမဆို စသည်ဖြင့် ဖြစ်ပါတယ်။ |

ဥပမာ

1. *The **boy*** passed the examination.
   *The **boy*** tried hard.
   The boy ***who*** tried hard passed the examination.
2. *The **girl*** is clever.
   The teachers praised *her* .
   The girl whom the teachers praised is clever.
3. ***He*** is a ***man***. *His* word is as good as his bond .
   He is a man *whose* word is as good as his bond.

who, whom, whose တို့ကို လူပုဂ္ဂိုလ်တွေအတွက် အစားထိုးပြီး ရေးရပါတယ်။
which ကို အရာဝတ္ထုနဲ့ တိရစ္ဆာန်များအတွက် အစားထိုးပြီး ရေးရပါတယ်။
that ကိုတော့ လူပုဂ္ဂိုလ်ရော၊ အရာဝတ္ထု၊ တိရစ္ဆာန်များအတွက်ပါ အစားထိုးပြီး ရေးသားနိုင်ပါတယ်။



## 8. DISTRIBUTIVE PRONOUNS

လူတစ်ယောက်ကို အခြားလူ၊ (သို့) လူအများနဲ့ ခွဲခြားပြသတဲ့အခါ -
တိရစ္ဆာန် (သို့) အရာဝတ္ထုတစ်ခုကိုလည်း အခြားတိရစ္ဆာန်၊ အရာဝတ္ထုတွေနဲ့ ခွဲခြားပြသတဲ့အခါတွေမှာ သုံးတဲ့နာမ်စားတွေဖြစ်ပါတယ်။

| | | |
|---|---|---|
| each | = | အသီးသီး၊ တစ်ခုစီ၊ တစ်ယောက်စီ |
| everyone | = | လူတိုင်း၊ အရာတိုင်း |
| either | = | တစ်ခုခု |
| neither | = | (၂ ခုတွင်) တစ်ခုမျှမဟုတ် |

Each ကို လူ၊ တိရစ္ဆာန်၊ အရာဝတ္ထုအုပ်စုတွေထဲက တစ်ခုစီ၊ တစ်ခုစီကို ညွှန်ပြချင်တဲ့အခါမှာလည်း သုံးပါတယ်။

ဥပမာ Each of the girls is beautiful.
မိန်းကလေးများအနက် အသီးသီး (တစ်ယောက်စီ၊ တစ်ယောက်စီ) သည် ချောမောလှပသည်။

Everyone ကို လူ၊ တိရစ္ဆာန်၊ အရာဝတ္ထုအုပ်စုတွေထဲက တစ်ခုတိုင်း၊ တစ်ခုတိုင်းကို ညွှန်ပြချင်တဲ့အခါမှာ သုံးပါတယ်။

ဥပမာ Everyone of the girls is beautiful.
မိန်းကလေးများအနက် မိန်းကလေးတိုင်းသည် ချောမောလှပသည်။

Each နဲ့ Everyone ဟာ အပေါ်ယံကြည့်ရင် အဓိပ္ပာယ်တူသလိုလိုရှိပါတယ်။ ဒါပေမယ့် ကွာခြားချက်ကလေးရှိပါတယ်။

- Each ကို (၂) ခု သို့မဟုတ် (၂) ခုထက်ပိုမိုတဲ့ အရေအတွက်တွေနဲ့ စပ်လျဉ်းပြီးတော့ သုံးပါတယ်။
- Every ကိုတော့ (၂) ခုထက်ပိုမိုတဲ့ အရေအတွက်တွေနဲ့ စပ်လျဉ်းပြီးတော့ပဲ သုံးရပါတယ်။
- We sometimes met each other in the street.
  (ကျွန်တော်တို့ တစ်ခါတစ်ရံကျရင် လမ်းထဲမှာ တွေ့(ဆုံ) ကြတယ်။ တွေ့တဲ့လူ ၂ ယောက်လည်း ဖြစ်နိုင်တယ်။ ၂ ယောက်ထက်လည်း ပိုနိုင်တယ်။
- Each of the two girls buys the books.
  မိန်းကလေးနှစ်ယောက်အနက် အသီးသီးသည် စာအုပ်များကို ဝယ်သည်။
- We spoke to everybody at the party.

ပါတီပွဲမှာ လူတိုင်းကို ကျွန်တော်တို့က စကားပြောတယ်။
(၂ ယောက်ထက်ပိုတဲ့ လူတွေ (လူတိုင်း) ကို ပြောတာ)။

- Each of the girls buys the books.
(မိန်းကလေးများအနက်) မိန်းကလေးတစ်ယောက်စီသည် စာအုပ်များကို ဝယ်သည်။
- Everyone of the girls buys the books.
မိန်းကလေးများအနက် (မိန်းကလေးတိုင်း) စာအုပ်များကို ဝယ်သည်။

Either = မှာ အဓိပ္ပာယ်နှစ်မျိုးရှိပါတယ်။ one of the two = နှစ်ခုအနက် တစ်ခုဆိုတဲ့ အဓိပ္ပာယ်နဲ့ each of the two = နှစ်ခုအနက် အသီးသီး (တစ်ခုစီ) နှစ်ခုလုံးဆိုတဲ့ အဓိပ္ပာယ်တို့ ဖြစ်ပါတယ်။

ဥပမာ Either of the two girls is beautiful.

၁။ မိန်းကလေးနှစ်ယောက်အနက် တစ်ယောက်ကတော့ လှတယ်။ (၂ ယောက်လုံးတော့ မချောဘူး-ဟူလို)

(သို့မဟုတ်)

၂။ မိန်းကလေးနှစ်ယောက်အနက် အသီးသီး (တစ်ယောက်စီ) ဟာ လှတယ်။ (၂ ယောက်လုံး ချောတယ်- ဟူလို)။

Neither = ကတော့ either ရဲ့ ငြင်းဆိုအဓိပ္ပာယ်ဖြစ်ပါတယ်။ နှစ်ခုအနက် ဘယ်ခုမှမဟုတ်ဘူး ဆိုတဲ့ အဓိပ္ပာယ်သဘောကို ဆောင်ပါတယ်။

ဥပမာ Neither of the two girls is beautiful.
မိန်းကလေးနှစ်ယောက်အနက် တစ်ယောက်မှ မချောဘူး။

**သတိပြုရန်**

Neither ကို လူ၊ တိရစ္ဆာန်၊ အရာဝတ္ထု (၂) ခုအကြောင်း ဖော်ပြပြောဆိုတဲ့အခါမှာ သုံးပါတယ်။

အရေအတွက် နှစ်ခုထက် ပိုလာရင်တော့ None, No one တို့ကို သုံးရပါတယ်။

ဥပမာ Neither of the two girls is beautiful.
None of the three girls is beautiful.

Each, every စသည်တို့ရဲ့နောက်မှာ နာမ်တွေကို ဖော်ပြထားရင် သူတို့ကို Distributive Adjectives လို့ ခေါ်ပါတယ်။ သူတို့ရဲ့နောက်မှာ နာမ်တွေကိုမြှုပ်ထားရင်တော့ Distributive Pronoun လို့ ခေါ်ပါတယ်။

| ***Distributive Adjective*** | ***Distributive Pronoun*** |
|---|---|
| *Each* man must do his best. | *Each* must do his best. |
| *Each* person signed the paper. | They *each* signed the paper. |
| *Every* person signed the paper. | He told *everyone* that he was a lord. |



*Every* one of the boys has done his work.
He gave *every* boy two apples.

*Everybody* was disappointed that you could not come.

Each, Every, Everyone, Everybody, Everything ဆိုတဲ့ စကားလုံးတွေကို Subject ကဗ္ဗားနေရာမှာထားပြီး ဝါကျကိုရေးဖွဲ့ရင် ကြိယာအနည်းကိန်းနဲ့ပဲ ယှဉ်တွဲရေးသားရပါတယ်။

> Each can be a pronoun or a determinative adjective. (*Every* can only be an adjective, its pronominal forms are everyone, everybody, everything. Each can be used when the total number referred to is two or more; every can be used only when the total number exceeds two.)
>
> *A. C. E. GRAMMAR (PAGE. 126)*

> When there is a choice between two, we use *either* and *neither.* When the choice is among more than two, we use none for the negative. *Neither* is singular, but *none* can be treated either as a singular or as a plural.
>
> *A GUIDE TO CORRECT ENGLISH (PAGE. 224)*
> *L. A. HILL*

> 1. We used *each* to talk about two or more people or things.
>    We use *every* to talk about three or more (instead of *"every two"* we say *"both"*).
> 2. We say *each* when we are thinking of people or things separately, one at a time.
>    We say *every* when we are thinking of people or things together in a group.
>
> *Compare*
>
> *Each* person in turn went to see the doctor.
> He gave *every* patient the same medicine.
>
> *BASIC ENGLISH USAGE (PAGE. 104)*
> *MICHAEL SWAN*

***Each* person in turn went to see the doctor.**
**He gave *every* patient the same medicine.**

**BASIC ENGLISH USAGE (P. 104)**
**MICHAEL SWAN**

## C every and each

We use **every** and **each** before a singular noun to talk about a whole group:

*The police questioned **every/each** person in the building.*
***Every/Each** room has a number.*

In many contexts either word is possible, but there is a difference:

***Every** person* means 'all the people', 'everyone'.
***Every guest** watched the Prince come into the room.*
*I go for a walk **every day**.*
**Every** means three or more, usually a large number.

***Each** person* means all the people seen as individuals, one by one.
***Each guest** (in turn) shook hands with the Prince.*
***Each day** seemed to pass very slowly.*
**Each** is more usual with smaller groups and can mean only two.

We can use **each** (but not **every**) on its own or with **of**:

*There are six flats. **Each** has its own entrance.* NOT ~~*Every has ...*~~
***Each of** the flats has its own entrance.* NOT ~~*Every of ...*~~

Notice the difference between **every** and **all** before **day, morning, week** etc:

*I travel **every day**.* (Monday, Tuesday, Wednesday ...)
*I was travelling **all day**.* (from morning till evening)

## D whole

We use **whole** after **the, a, my** etc. and before a singular noun:

*The baby cried **the whole time*** (OR *all the time*).
*We'll need **a whole loaf** for the sandwiches.*

## E both, either and neither

We use **both, either** and **neither** for two things. We use **both** in these patterns:

***Both letters** are bills* OR ***Both the letters** are bills* OR ***Both of the letters** are bills.*
*The letters were **both** bills. I've paid **both of them*** (OR ***them both***) *already.*

We use **either** and **neither** in these patterns:

*I haven't met **either twin*** OR ***either of the twins*** OR ***either of them**.*
***Neither shoe** fits.* OR ***Neither of the shoes** fit.* OR ***Neither of them** fit.*

We can use **both, either** and **neither** on their own:

*The store has two lifts and **both** are out of order* (OR ***neither** is working*).
*Which of the two rooms would you prefer? — **Either**. I don't mind.*

**Oxford Practice Grammar 〈 P-173 〉**

**John Eastwood**



# CHAPTER XIII

# THE ADJECTIVE

# THE ADJECTIVE
# နာမဝိသေသန

**Noun** စကားလုံးတွေကို ပေါ်လွင်လေးနက်လာအောင် အထူးပြုပေးတဲ့ပုဒ်တွေကို နာမဝိသေသန **Adjective** လို့ ခေါ်ပါတယ်။

ဥပမာ 1. Thiha is a student. = သီဟသည်ကျောင်းသားတစ်ယောက်ဖြစ်သည်။
2. Thiha is a clever student = သီဟသည် လိမ္မာသောကျောင်းသား တစ်ယောက် ဖြစ်သည်။

ပထမဝါကျမှာ သီဟဟာ ကျောင်းသားတစ်ယောက်ဖြစ်ကြောင်းကိုပဲ ဖော်ပြပါတယ်။ ဒုတိယဝါကျမှာတော့ ဘယ်လို (မည်သို့သော) ကျောင်းသားဖြစ်ကြောင်း ဖော်ပြပါတယ်။

ဒါကြော...

၂။ နာမဝိသေသနပုဒ်ကို (**am, is, are, was, were**) စတဲ့ **Verb to be** တွေနဲ့ ပေါင်းစပ်တွဲဖက်ပြီးတော့လည်း ကြိယာအဖြစ် အသုံးပြုနိုင်ပါတယ်။ ဒါကို **Predicative Use** လို့ ခေါ်ပါတယ်။ မြန်မာလို "သည်"နဲ့ ဘာသာပြန်ရပါတယ်။

ဥပမာ This girl is ***beautiful***.
ဤမိန်းကလေး လှပသည်။
That boy is ***fat***.
ထိုလူကလေး ဝသည်။
Thay are ***rich***.
သူတို့ ချမ်းသာကြသည်။

**Adjective** တွေကို (များသောအားဖြင့်) အထက်မှာ ဖော်ပြထားသလို အသုံးနှစ်မျိုးလုံးနဲ့ သုံးနိုင်ပါတယ်။ ဒါပေမယ့် အချို့ **Adjective** တွေကိုတော့ (**predicative use**) အနေနဲ့သာ သုံးကြပြီး၊ အချို့ကိုတော့**Attributive use** အနေနဲ့ပဲ သုံးကြပါတယ်။

> Most Adjectives can be used attributively or predicatively but some, especially, those that begin with "a" can only be used predicatively,
> e.g. asleep, afraid, awoke, alone, aware, alive, afloat, ashamed, content, exempt, unable.
> A few, e.g. former, latter, inner, outer, can only be used attributively.
> *A COMPREHENSIVE ENGLISH GRAMMAR (PAGE. 65)*

## KINDS OF ADJECTIVES
## နာမဝိသေသန အမျိုးမျိုး

နာမဝိသေသန (**Adjective**) တွေ အမျိုးမျိုးရှိတဲ့အနက် အသုံးများတဲ့ အရေးကြီးတဲ့ နာမဝိသေသနတွေကတော့...

1. Proper Adjective = အမည်ပြနာမဝိသေသန
2. Adjective of Quality = ဂုဏ်အရည်အသွေးပြ နာ..ဝိသေသန
3. Adjective of Quantity = ပမာဏနာမဝိသေသန
4. Adjective of Number = သင်္ချာနာမဝိသေသန
5. Demonstrative Adjective = ညွှန်ပြနာမဝိသေသန
6. Distributive Adjective = ခွဲဝေနာမဝိသေသန
7. Interrogative Adjective = ပုစ္ဆာနာမဝိသေသန
8. Possessive Adjective = ပိုင်ဆိုင်မှုပြနာမဝိသေသန တို့ဖြစ်ကြပါတယ်။



## 1. PROPER ADJECTIVE

တစ်ခု၊ တစ်ဦး၊ တစ်ယောက်တည်းနဲ့ဆိုင်တဲ့ ကိုယ်ပိုင်နာမ်ကနေ အခြားနာမ်ကို အထူးပြုရင် အဲဒီကိုယ်ပိုင်နာမ်ကို **Proper Adjective** လို့ ခေါ်ပါတယ်။

ဥပမာ

| | | |
|---|---|---|
| The ***Mandalay*** University | = | မန္တလေးတက္ကသိုလ် |
| The ***Chin*** hills | = | ချင်းတောင်တန်းများ |
| The ***English*** language | = | အင်္ဂလိပ်ဘာသာစကား |
| An ***American*** merchant | = | အမေရိကန်ကုန်သည်တစ်ယောက် (သည် ...) |

## 2. ADJECTIVE OF QUALITY

နာမ်တစ်ခုရဲ့ဂုဏ် (သို့) အမျိုးအစား (သို့) အခြေအနေကို ဖော်ပြအထူးပြုတဲ့ နာမဝိသေသနကို **Adjective of Quality** လို့ ခေါ်ပါတယ်။

ဥပမာ

| | | | | | |
|---|---|---|---|---|---|
| wise | = | ပညာရှိသော | rich | = | ချမ်းသာသော |
| pretty | = | လှပသော | ugly | = | အရုပ်ဆိုးသော |
| good | = | ကောင်းသော | bad | = | ဆိုးသော |
| old | = | အိုသော၊ ဟောင်းသော | new | = | သစ်သော |
| red | = | နီသော | white | = | ဖြူသော |
| dry | = | ခြောက်သွေ့သော | wet | = | စိုစွတ်သော |

## 3. ADJECTIVE OF QUANTITY

နာမ်တစ်ခုရဲ့ ပမာဏ (အရွယ်အစား) နဲ့ အရေအတွက်ကို ဖော်ပြအထူးပြုတဲ့ နာမဝိသေသနကို **Adjective of Quantity** လို့ ခေါ်ပါတယ်။

ဥပမာ

| | | | | | |
|---|---|---|---|---|---|
| much | = | များစွာသော | little | = | အနည်းငယ်သော |
| many | = | များစွာသော | few | = | အနည်းငယ်သော |
| some | = | အချို့၊ အနည်းငယ် | any | = | အချို့၊ အနည်းငယ် |
| great | = | များစွာသော | no | = | အနည်းငယ်မျှ မဟုတ်သော |
| enough | = | လုံလောက်သော | sufficient | = | လုံလောက်သော |
| whole | = | တစ်ခုလုံးသော | all | = | အားလုံးသော(စသည်) |

## 4. ADJECTIVE OF NUMBER

နာမ်တစ်ခုရဲ့ အရေအတွက် (သို့) အစီအစဉ် (သို့) အကြိမ်မည်မျှဖြစ်တယ်လို့ ဖော်ပြအထူးပြုတဲ့ နာမဝိသေသနကို **Adjective of Number** လို့ ခေါ်ပါတယ်။

ဥပမာ

| | | | | | |
|---|---|---|---|---|---|
| one | = | တစ်ခုဖြစ်သော | first | = | ပထမ |
| two | = | နှစ်ခုဖြစ်သော | second | = | ဒုတိယ |
| three | = | သုံးခုဖြစ်သော | third | = | တတိယ |
| four | = | လေးခုဖြစ်သော | fourth | = | စတုတ္ထ |
| five | = | ငါးခုဖြစ်သော | fifth | = | ပဉ္စမ |

(A) **one, two, three, four** စတဲ့ နာမ်တစ်ခုရဲ့ အရေအတွက် အတိအကျကို ဖော်ပြတဲ့ နာမဝိသေသနတွေကို **Cardinal Numeral Adjective** လို့ ခေါ်ပါတယ်။

(B) **first, second, third** စတဲ့ နာမ်တစ်ခုရဲ့ အစီအစဉ်ဖော်ပြတဲ့ နာမဝိသေသနတွေကို **Ordinal Numeral Adjective** လို့ ခေါ်ပါတယ်။

ဗဟုသုတအဖြစ် အောက်မှာ ယှဉ်တွဲဖော်ပြထားတဲ့ ဇယားကွက်ကို အထူးဂရုပြု လေ့လာကျက်မှတ်ပါ။

| ***Arabic*** | ***Roman*** | ***Cardinal*** | ***Ordinal*** |
|---|---|---|---|
| 0 | nil | nought, nothing | |
| 1 | I | one | first |
| 2 | II | two | second |
| 3 | III | three | third |
| 4 | IV | four | fourth |
| 5 | V | five | fifth |
| 6 | VI | six | sixth |
| 7 | VII | seven | seventh |
| 8 | VIII | eight | eighth |
| 9 | IX | nine | ninth |
| 10 | X | ten | tenth |
| 11 | XI | eleven | eleventh |
| 12 | XII | twelve, a dozen | twelfth |
| 13 | XIII | thirteen | thirteenth |
| 14 | XIV | fourteen | fourteenth |
| 15 | XV | fifteen | fifteenth |
| 16 | XVI | sixteen | sixteenth |
| 17 | XVII | seventeen | seventeenth |
| 18 | XVIII | eighteen | eighteenth |



| | | | |
|---|---|---|---|
| 19 | XIX | nineteen | nineteenth |
| 20 | XX | twenty, a score | twentieth |
| 21 | XXI | twenty-one | twenty-first |
| 30 | XXX | thirty | thirtieth |
| 40 | XL | forty | fortieth |
| 50 | L | fifty | fiftieth |
| 60 | LX | sixty | sixtieth |
| 70 | LXX | seventy | seventieth |
| 80 | LXXX | eighty | eightieth |
| 90 | XC | ninety | ninetieth |
| 100 | C | one hundred | one hundredth |
| 101 | CI | one hundred and one | one hundred and first |
| 144 | CXLIV | one gross | - |
| 288 | CCLXXXVIII | two gross | - |
| 1,000 | M | one thousand | one thousandth |
| 10,000 | $\overline{X}$ | ten thousand | ten thousandth |
| 1,000,000 | $\overline{M}$ | one million | one millionth |

## 5. DEMONSTRATIVE ADJECTIVE

နာမ်တစ်ခုကို ညွှန်ပြတဲ့ နာမဝိသေသနတွေကို **Demonstrative Adjective** လို့ ခေါ်ပါတယ်။

ဥပမာ

| | | | | | |
|---|---|---|---|---|---|
| This | = | ဤဟာ | that | = | ထိုဟာ |
| These | = | ဤဟာများ | those | = | ထိုဟာများ |
| such | = | ဤကဲ့သို့သော | the same | = | တူညီသော၊ ဆိုခဲ့သော |
| another | = | အခြားသော | other | = | အခြားသော စသည်(..) |

## 6. DISTRIBUTIVE ADJECTIVE

လူတွေ၊ တိရစ္ဆာန်တွေ၊ အရာဝတ္ထုတွေစတဲ့ နာမ်တွေရှိတဲ့အထဲက တစ်ခုစီ၊ တစ်ခုစီ (သို့) တစ်ခုစီ၊ တစ်ပုံစီ ဖြစ်တယ်လို့ ဖော်ပြတဲ့ နာမဝိသေသနကို **Distributive Adjective** လို့ ခေါ်ပါတယ်။

ဥပမာ

| | | |
|---|---|---|
| ***Each*** girl | = | မိန်းကလေးအသီးသီး |
| | | မိန်းကလေးတစ်ယောက်စီ |
| ***Every*** girl | = | မိန်းကလေးတိုင်း |
| Either | = | နှစ်ခုအနက် တစ်ခုခု |
| Neither | = | နှစ်ခုအနက် တစ်ခုမှမဟုတ် (သော ... ) |

## 7. INTERROGATIVE ADJECTIVE

နာမ်တွေနဲ့ယှဉ်တွဲပြီး မေးခွန်းတွေ မေးဖို့အတွက် အသုံးပြုတဲ့ နာမဝိသေသနတွေကို **Interrogative Adjective** လို့ ခေါ်ပါတယ်။

ဥပမာ

| | | |
|---|---|---|
| What | = | ဘာ |
| Which | = | မည်သည့်၊ ဘယ်ဒင်း |
| Whose | = | မည်သူ၏ |

❀❀❀

## 8. POSSESSIVE ADJECTIVE

နာမ်တစ်ခုကို ပိုင်ဆိုင်တယ်လို့ ဖော်ပြတဲ့ နာမဝိသေသနတွေကို **Possessive Adjective** လို့ ခေါ်ပါတယ်။

ဥပမာ

| | | | | | |
|---|---|---|---|---|---|
| my | = | ကျွန်ုပ်၏ | our | = | ကျွန်ုပ်တို့၏ |
| your | = | သင်၏ | your | = | သင်တို့၏ |
| his | = | သူ၏ | her | = | သူမ၏ |
| its | = | ထိုဟာ၏ | their | = | သူတို့၏ |



# CHAPTER XIV

# COMPARISON OF ADJECTIVES

COMPARISON OF ADJECTIVES



# COMPARISON OF ADJECTIVES
# နာမဝိသေသနများကို နှိုင်းယှဉ်ခြင်း

နာမဝိသေသနတွေရဲ့ဂုဏ် (သို့) အရေအတွက်တွေနဲ့ စပ်လျဉ်းပြီး နှိုင်းယှဉ်တာကို **Comparison of Adjectives** လို့ ခေါ်ပါတယ်။

အဲဒီလို နှိုင်းယှဉ်တဲ့အခါမှာ နှိုင်းယှဉ်ခြင်း အဆင့်အတန်း ( **Degree of Comparison**) သုံးမျိုး ရှိပါတယ်။

1. Positive Degree = အနိမ့်စား
2. Comparative Degree = အလတ်စား
3. Superlative Degree = အမြတ်စား တို့ဖြစ်ပါတယ်။

- Positive Degree (အနိမ့်စား) ဆိုတာ ရိုးရိုးဖြစ်တဲ့ဂုဏ်ကို ဖော်ပြတာ ဖြစ်ပါတယ်။
- Comparative Degree (အလတ်စား) ဆိုတာ သာပြီးမြင့်တဲ့ဂုဏ်ကို ဖော်ပြတာ ဖြစ်ပါတယ်။
- Superlative Degree (အမြတ်စား) ဆိုတာ အမြင့်ဆုံးဖြစ်တဲ့ဂုဏ်ကို ဖော်ပြတာ ဖြစ်ပါတယ်။

## FORMATION OF DEGREE OF COMPARISON

၁။ **Syllable** (ဝဏ္ဏ) အသံတစ်သံသာထွက်တဲ့ နာမဝိသေသနအားလုံးနဲ့ အသံနှစ်သံထွက် ဟဲ့ အချို့ **Positive Degree** အနိမ့်စား နာမဝိသေသနတွေကို အလတ်စားပြောင်းချင်ရင် **"er"** ပေါင်းထည့်ပေးပြီး၊ အမြတ်စားပြောင်းချင်ရင် **"est"** ပေါင်းထည့်ပေးရပါတယ်။

| ***Positive*** | ***Comparative*** | ***Superlative*** |
|---|---|---|
| rich | richer | richest |
| ချမ်းသာသော | ပို၍ချမ်းသာသော | အချမ်းသာဆုံးသော |
| high | higher | highest |
| မြင့်သော | ပို၍မြင့်သော | အမြင့်ဆုံးသော |
| young | younger | youngest |
| ငယ်ရွယ်သော | ပို၍ငယ်ရွယ်သော | အငယ်ရွယ်ဆုံးသော |
| clever | cleverer | cleverest |
| လိမ္မာသော | ပို၍လိမ္မာသော | အလိမ္မာဆုံးသော |
| small | smaller | smallest |
| သေးငယ်သော | ပို၍သေးငယ်သော | အသေးငယ်ဆုံးသော |

၂။ အနိမ့်စား နာမဝိသေသန **Positive Degree** မှာ "**e**" နဲ့ဆုံးရင်တော့အလတ်စားပြောင်းချင်ရင် "**r**" ၊ အမြတ်စားပြောင်းချင်ရင် "**st**" ပဲ ထည့်ပေးရပါတယ်။

| ***Positive*** | ***Comparative*** | ***Superlative*** |
|---|---|---|
| brave | braver | bravest |
| ရဲရင့်သော | ပို၍ရဲရင့်သော | အရဲရင့်ဆုံးသော |
| white | whiter | whitest |
| ဖြူသော | ပို၍ဖြူသော | အဖြူဆုံးသော |
| wise | wiser | wisest |
| ပညာရှိသော | ပို၍ပညာရှိသော | ပညာအရှိဆုံးသော |
| true | truer | truest |
| မှန်သော | ပို၍မှန်သော | အမှန်ဆုံးသော |
| large | larger | largest |
| ကြီးသော | ပို၍ကြီးသော | အကြီးဆုံးသော |

၃။ အနိမ့်စား နာမဝိသေသန **Positive Degree** ရဲ့ နောက်ဆုံးစာလုံးဟာ "ဗျည်း" တစ်လုံးနဲ့ ဆုံးနေတယ်။ အဲဒီ "ဗျည်း"ရဲ့ရှေ့မှာ "သရ" တစ်လုံးရှိနေတယ်ဆိုရင်တော့ နောက်ဆုံးက ဗျည်းကို နှစ်ဆပြုပြီးမှ အလတ်စားအတွက် "**er**"၊ အမြတ်စားအတွက် "**est**" တို့ကို ထည့်ပေးရပါတယ်။

| ***Positive*** | ***Comparative*** | ***Superlative*** |
|---|---|---|
| fat | fatter | fattest |
| ဝသော | ပို၍ဝသော | အဝဆုံးသော |
| big | bigger | biggest |
| ကြီးသော | ပို၍ကြီးသော | အကြီးဆုံးသော |
| wet | wetter | wettest |
| စိုစွတ်သော | ပို၍စိုစွတ်သော | အစိုစွတ်ဆုံးသော |
| hot | hotter | hottest |
| ပူသော | ပို၍ပူသော | အပူဆုံးသော |
| red | redder | reddest |
| နီသော | ပို၍နီသော | အနီဆုံးသော |

၄။ အနိမ့်စား နာမဝိသေသန **Positive Degree** ရဲ့ အဆုံးစာလုံးဟာ "**y**" ဖြစ်နေတယ်၊ "**y**" ရဲ့ရှေ့မှာလည်း "ဗျည်း" ရှိနေတယ်ဆိုရင် **y** ကို **i** ပြောင်းပြီးမှ အလတ်စားအတွက် "**er**" နဲ့ အမြတ်စားအတွက် "**est**" တို့ကို ပေါင်းစပ်ပေးရပါတယ်။



| ***Positive*** | ***Comparative*** | ***Superlative*** |
|---|---|---|
| dry | drier | driest |
| ခြောက်သွေ့သော | ပို၍ခြောက်သွေ့သော | အခြောက်သွေ့ဆုံးသော |
| happy | happier | happiest |
| ပျော်ရွှင်သော | ပို၍ပျော်ရွှင်သော | အပျော်ရွှင်ဆုံးသော |
| easy | easier | easiest |
| လွယ်ကူသော | ပို၍လွယ်ကူသော | အလွယ်ကူဆုံးသော |
| wealthy | wealthier | wealthiest |
| ချမ်းသာသော | ပို၍ချမ်းသာသော | အချမ်းသာဆုံးသော |
| lazy | lazier | laziest |
| ပျင်းရိသော | ပို၍ပျင်းရိသော | အပျင်းရိဆုံးသော |

၅။ "**y**" နဲ့ ဆုံးနေပေမယ့် "**y**" ရဲ့ရှေ့မှာ သရ (**a, e, i, o, u**) တစ်လုံးလုံး ရှိနေရင်တော့ "**y**" ကို "**i**" မပြောင်းရပါဘူး။ အလတ်စားအတွက် "**er**" နဲ့ အမြတ်စားအတွက် "**est**" တို့ကို ပေါင်းစပ် ပေးရပါတယ်။

| ***Positive*** | ***Comparative*** | ***Superlative*** |
|---|---|---|
| gay | gayer | gayest |
| ရွှင်ပျသော | ပို၍ရွှင်ပျသော | အရွှင်ပျဆုံးသော |
| grey | greyer | greyest |
| မွဲခြောက်သော | ပို၍မွဲခြောက်သော | အမွဲခြောက်ဆုံးသော |
| coy | coyer | coyest |
| ရှက်တတ်သော | ပို၍ရှက်တတ်သော | အရှက်တတ်ဆုံးသော |

၆။ အသံထွက်ကလည်း နှစ်ခုထက်ပိုမယ်၊ စာလုံးပေါင်းတွေကလည်းများတဲ့ နာမဝိသေသနတွေကိုတော့ အလတ်စားအတွက် **more** နဲ့ ၊ အမြတ်စားအတွက် **most** တို့ကို ထည့်သွင်းပေါင်းစပ်ပေးရပါတယ်။

| ***Positive*** | ***Comparative*** | ***Superlative*** |
|---|---|---|
| beautiful | more beautiful | most beautiful |
| လှပသော | ပို၍လှပသော | အလှပဆုံးသော |
| expensive | more expensive | most expensive |
| ဈေးကြီးသော | ပို၍ဈေးကြီးသော | ဈေးအကြီးဆုံးသော |
| difficult | more difficult | most difficult |
| ခက်ခဲသော | ပို၍ခက်ခဲသော | အခက်ခဲဆုံးသော |
| proper | more proper | most proper |
| သင့်လျော်သော | ပို၍သင့်လျော်သော | အသင့်လျော်ဆုံးသော |
| industrious | more industrious | most industrious |
| လုံ့လဝီရိယရှိသော | ပို၍လုံ့လဝီရိယရှိသော | လုံ့လဝီရိယအရှိဆုံးသော |

၇။ အောက်မှာ ဖော်ပြထားတဲ့ နာမဝိသေသနတွေကတော့ (**Irregular Comparisons**) တွေ ဖြစ်တဲ့အတွက် သီးသန့်ကျက်မှတ်ထားဖို့ လိုပါတယ်။

| ***Positive*** | ***Comparative*** | ***Superlative*** |
|---|---|---|
| good (well) | better | best |
| ကောင်းသော | ပို၍ကောင်းသော | အကောင်းဆုံးသော |
| bad (ill) | worse | worst |
| ဆိုးသော | ပို၍ဆိုးသော | အဆိုးဆုံးသော |
| little | less (lesser) | least |
| နည်းသော | ပို၍နည်းသော | အနည်းဆုံးသော |
| many | more | most |
| များသော | ပို၍များသော | အများဆုံးသော |
| much | more | most |
| များသော | ပို၍များသော | အများဆုံးသော |
| far | farther | farthest |
| ဝေးသော | ပို၍ဝေးသော | အဝေးဆုံးသော |

နာမဝိသေသန (**Adjective**) တွေရဲ့ဂုဏ် (သို့) အရေအတွက် စသည်တို့နဲ့ စပ်လျဉ်းပြီး နှိုင်းယှဉ်ရေးသားတဲ့အခါ ဒီဂရီ (၃) မျိုးရှိကြောင်းနဲ့ ဒီဂရီတစ်မျိုးကနေ တစ်မျိုးသို့ပြောင်းနည်းကို အပေါ်မှာ ဖော်ပြထားပါတယ်။

ဒီဂရီမတူတဲ့ နာမဝိသေသနတွေကို ဝါကျတည်ဆောက် ရေးသားမယ်ဆိုရင်တော့ အောက်မှာ ဖော်ပြထားသလို ရေးသားရပါတယ်။

ဥပမာ

- Nyo Nyo is a ***beautiful*** girl. (Positive)
  ညိုညိုသည် လှပသော မိန်းကလေးတစ်ယောက်ဖြစ်သည်။
- Nyo Nyo is ***more beautiful*** than Phyu Phyu. (Comparative)
  ညိုညိုသည် ဖြူဖြူထက် ပို၍လှပ၏။
- Nyo Nyo is ***the most beautiful*** of all girls. (Superlative)
  ညိုညိုသည် မိန်းကလေးအားလုံးအနက် အလှပဆုံးဖြစ်သည်။
- Nyo Nyo is ***the most beautiful*** in our class. (Superlative)
  ညိုညိုသည် ကျွန်တော်တို့ အတန်းထဲတွင် အလှပဆုံးဖြစ်သည်။



**သတိပြုဖို့**

၁။ အလတ်စား နာမဝိသေသနရဲ့နောက်မှာ **than** လိုက်ရပါတယ်။
၂။ အမြင့်တန်းနာမဝိသေသနရဲ့ရှေ့မှာ **the** ကို အမြဲယှဉ်တွဲထည့်သွင်း ရေးသားရပါတယ်။
၃။ အမြင့်တန်း နာမဝိသေသနရဲ့နောက်မှာ **of** (သို့) **in** ရှိတတ်ပါတယ်။
(က) (လူ) အချင်းချင်း နှိုင်းယှဉ်တာဆိုရင် "**of**" ကို သုံးရပါတယ်။
(ခ) နေရာပြပုဒ်ပါနေရင် "**in**" ကို သုံးရပါတယ်။

> Comparison of three or more persons or things is expressed by the superlative with
>
> the ........... of
> or the ............... in (of places)
>
> *A. PRACTICAL ENGLISH GRAMMAR (PAGE. 15)*
> *A. J. THOMSON AND A. V. MARTINET*

## *Exercise No. (60)*

**Write the comparative form of the adjectives in brackets. Include the word "than".**

ဥပမာ 1. U Chit is (rich) U Hla.
U Chit is ***richer than*** U Hla.

2. Hnin Hnin is (old) Myo Myo.
3. The necklace is (expensive) the ring.
4. This book is (good) that one.
5. Ko Win is (tall) Ko Myint.
6. Dogs are (faithful) cats.
7. This lesson is (difficult) that one.
8. Ma Cho is (fat) Ma Nyo.
9. U Paw is (wise) U Thaw.
10. The month of March is (hot) the month of January.
11. Boys are (brave) girls.
12. Yi Yi is (lazy) Ni Ni.
13. The weather today is (cold) it was yesterday.
14. I am (happy) I was last night.
15. She is (busy) today than she was yesterday.

## *Exercise No. (61)*

**Write the superlative form of adjectives in brackets. Include the definite article "*the*".**

1. February is (short) month of the year.
2. This exercise is (difficult) of all.
3. She is (clever) girl in the class.
4. Daw Yin is (rich) woman in this town.
5. Su Su is (young) daughter of U Hla and Daw Mya.
6. Dogs are (intelligent) of all animals.
7. Thuzar is (beautiful) girl in our school.
8. Bandoola is (brave) soldier in our country.
9. Mount Everest is (high) mountain in the world.
10. He is (bad) student in that class.



11. Iron is (useful) of all metals.
12. Zaw Zaw is (courageous) boy in the village.
13. This is (old) church in Yangon.
14. Phyo Win is (old) of my brother's three sons.
15. America has (large) fleet in the world.

## *Exercise No. (62)*

**Supply the proper form (Comparative or Superlative) of the adjective.**

အလတ်စား (သို့) အမြတ်စား ပုံစံတစ်ခုခုဖြင့် ကွက်လပ်ဖြည့်ပါ။

1. (old) Maung Myo is five years ............ than Maung Win.
2. (large) The Pacific Ocean is the ............ ocean in the world.
3. (long) The Nile is the ............ of all rivers.
4. (beautiful) She is the ............ of two girls.
5. (high) Prices are ............ this year than they were last year.
6. (expensive) She bought the ............ clothes in the shop.
7. (good) This book is ............ than the last one I read.
8. (pretty) Your mother is pretty, but mine is ............ .
9. (tall) Zaw Win is the ............ in this group.
10. (hot) March is ............ than any other month in our country.
11. (fat) Tint Tint is fat, Sint Sint is ............ , but Myint Myint is the ............ .
12. (thin) Yin Yin is one of the ............ girls in our class.
13. (young) This is the ............ of my two sons.
14. (easy) This exercise is easy, but that one is ............ .
15. (plentiful) Silver is ............ than gold.

### *Exercise No. (63)*

**Supply the proper form (Comparative or Superlative) of the Adjective**

အနိမ့်စား၊ အလတ်စား၊ အမြင့်စား နာမဝိသေသနတစ်ခုခုဖြင့် ကွက်လပ်ဖြည့်ပါ။

1. (beautiful) Very few girls are as .......... as Tint Tint Tun.
2. (beautiful) Tint Tint Tun is the .......... of the two.
3. (beautiful) Tint Tint is the .......... of all girls.
4. (beautiful) Tint Tint is one of the .......... girls in the our town.
5. (heavy) Lead is the .......... of all metals.
6. (cool) Pyin-Oo-Lwin is as........ as Taunggyi.
7. (useful) No other metal is so .......... as iron.
8. (useful) Iron is .......... than copper.
9. (sweet) The mango is .......... than any other fruit.
10. (sweet) The mango is the .......... of all fruits
11. (wise) U Paw Oo is as .......... as U Pho Hlaing.
12. (intelligent) Than Than is .......... than her sister.
13. (strong) No other man was as .......... as Tun Maung.
14. (mighty) The pen is .......... than the sword,
15. (good) A wise enemy is .......... than a foolish friend.

## INTERCHANGE OF THE DEGREES OF COMPARISON
## (အဓိပ္ပါယ် မပြောင်းစေဘဲ နာမဝိသေသနများကို ဒီဂရီတစ်မျိုးမှ တစ်မျိုးသို့ ပြောင်းခြင်း)

အောက်မှာဖော်ပြထားတဲ့ ဝါကျလေးတွေကို လေ့လာကြည့်ရင် ဆိုလိုတဲ့ အဓိပ္ပါယ် မပြောင်းလဲစေဘဲ ဒီဂရီ တစ်မျိုးကနေ တစ်မျိုးသို့ ပြောင်းပြီး ရေးထားတာကို တွေ့ရပါမယ်။

1. No other man in our town is so rich as U Ni. (Positive)
   ကျွန်တော်တို့ မြို့မှာ ဘယ်သူမှ ဦးနီလောက် မချမ်းသာဘူး။
2. U Ni is richer than any other man in our town. ( Comparative)
   ဦးနီဟာ ကျွန်တော်တို့မြို့မှာ ဘယ်သူမဆိုထက် ပိုပြီးချမ်းသာတယ်။
3. U Ni is the richest of all men in our town. (Superlative)
   ဦးနီဟာ ကျွန်တော်တို့မြို့က လူအားလုံးအနက် အချမ်းသာဆုံးဖြစ်တယ်။



အပေါ်မှာ ဖော်ပြထားတဲ့ ဝါကျ (၃) ကြောင်းမှာ နာမဝိသေသန ဒီဂရီတွေကိုသာ ပြောင်းလဲရေးသားထားပေမယ့် အဓိပ္ပာယ်အားဖြင့် မပြောင်းလဲတာ (တူညီနေတာ) ကို သတိပြုပါ။

ပိုပြီးသဘောပေါက်သွားအောင် အောက်မှာ ရှင်းလင်းဖော်ပြထားတာလေးတွေကို လေ့လာကြည့်ပါဦး။

## SUPERLATIVE မှ POSITIVE သို့ ပြောင်းနည်း

၁။ ဝါကျကို **No other** ဖြင့် စပါ။
၂။ အမြင့်စား (**Superlative**) ရဲ့ နောက်မှာရှိတဲ့ စကားလုံးတွေကို **No other** နောက်မှာ ပြန်ထည့်ပေးပါ။
၃။ ၄င်းနောက်တွင် ကြိယာထည့်ပါ။
၄။ အမြင့်စား နာမဝိသေသနကို အနိမ့်စားသို့ပြောင်းပါ။
၅။ **The** ကို ဖြုတ်ပြီး၊ **as.....as** (သို့) **so.....as** နဲ့ ရေးပါ။
(အနိမ့်စား (adj) ရဲ့ ရှေ့နောက်မှ as ခံပေးပါ။)
၆။ ပေးထားတဲ့ဝါကျ (အမြင့်စား) ၏ **Subject** ကို **as.....as** ၏ နောက်သို့ပြန်ပို့ပါ။

ဥပမာ

1. Yangon is the largest city in our country.
   No other city ................................ .
   *Ans:* No other city in our country is so (as) large as Yangon.
2. Kyi Kyi is the most beautiful girl in our class.
   No other girl ................................ .
   *Ans:* No other girl in our class is so (as) beautiful as Kyi Kyi.
3. U San is the fattest man in our town.
   No other man ................................ .
   *Ans:* No other man in our town is so (as) fat as U San.
4. Ko Ko is the tallest boy in this group.
   No other boy ................................ .
   *Ans:* No other boy in this group is so (as) tall as Ko Ko.

## SUPERLATIVE မှ COMPARATIVE သို့ ပြောင်းနည်း

၁။ ပေးထားတဲ့ဝါကျမှာရှိတဲ့ **Subject** နဲ့ **Verb** ကို မူလအတိုင်း ပြန်ရေးပါ။
၂။ အမြင့်စား (**adj**) ကိုဖြုတ်ပြီး အလတ်စား (**adj**) သို့ ပြောင်းပါ။
၃။ အမြင့်စား (**adj**) ရဲ့ရှေ့က **the** ကိုဖြုတ်ပါ။

၄။ အလတ်စား (**adj**) ရဲ့နောက်က **than** နဲ့ **any other** ကို ထည့်ပါ။
၅။ ကျန်စကားလုံးများကို မူလအတိုင်း ပြန်ရေးပါ။

ဥပမာ 1. Su Su is the fattest girl in our class.
Su Su is ........................ .
*Ans:* Su Su is fatter than any other girl in our class.

2. Moe Moe is the cleverest girl in this group.
Moe Moe is .................... .
*Ans:* Moe Moe is cleverer than any other girl in this group.

3. Bandoola is the bravest soldier in our country.
Bandoola .............................. .
*Ans:* Bandoola is braver than any other soldier in our country

## POSITIVE မှ SUPERLATIVE သို့ ပြောင်းနည်း

၁။ ဒုတိယ **as** ရဲ့နောက်က စကားလုံးနဲ့ ပြန်စပါ။
၂။ ၎င်းနောက်မှာ **verb** ကို ရေးပါ။
၃။ ပေးထားတဲ့ဝါကျမှာရှိတဲ့ (**so ..... as** (သို့) **as ..... as** ) ကို ဖြုတ်ပါ။
၄။ အနိမ့်စား (**adj**)ကို အမြင့်စားသို့ ပြောင်းပါ။
၅။ အမြင့်စား (**adj**) ရှေ့မှာ **the** ကို ထည့်ပေးပါ။
(လိုအပ်ရင် အမြင့်စားရဲ့နောက်မှာ **in** (သို့) **of** သင့်ရာထည့်ပါ။)
၆။ ပေးထားတဲ့ဝါကျရဲ့အစမှာရှိတဲ့ **No other** ကို ဖြုတ်ပစ်ပြီး **No other** ရဲ့နောက်က (**Subject**) စကားလုံးကို အမြင့်စား (**adj**) ရဲ့နောက်သို့ ပြန်ပို့ပါ။
(လိုအပ်ရင် အများကိန်းပြောင်းပါ။)

ဥပမာ 1. No other metal is so useful as iron.
Iron is ...................... .
*Ans:* Iron is the most useful of all metals.

2. No other man is so tall as Ko Tun.
Ko Tun ..................... .
*Ans:* Ko Tun is the tallest of all men.

3. No other woman is so poor as Daw Lwin.
Daw Lwin is ................ .
Ans: Daw Lwin is the poorest of all women.



## POSITIVE မှ SUPERLATIVE သို့ ပြောင်းနည်း

၁။ ပေးထားတဲ့ဝါကျရဲ့အစမှာ **Very few** ပါလာရင်ဖြုတ်ပါ။
၂။ ဒုတိယ **as** ရဲ့နောက်က စကားလုံးနဲ့ ပြန်စပါ။
၃။ ၎င်းနောက်မှာ **verb** ကိုရေးပါ။
၄။ အနိမ့်စား (**adj**) ကို အမြင့်စားသို့ ပြောင်းပါ။
၅။ အမြင့်စား (**adj**) ရဲ့ ရှေ့မှာ **one of** ထည့်ပေးပါ။
၆။ **Very few** နောက်က စကားလုံးတွေကို အမြင့်စား (**adj**) ရဲ့ နောက်သို့ ပြန်ပို့ပါ။

ဥပမာ 1. Very few singers are as pretty as Cho Pyone.
Cho Pyone ................. .
*Ans:* Cho Pyone is one of the prettiest singers.

2. Very few pagodas are as famous as the Shwedagon in our town.
The Shwedagon .................... .
*Ans:* The Shwedagon is one of the most famous pagodas in our town.

3. Very few subjects are as easy as History.
History is ........................ .
*Ans:* History is one of the easiest subjects.

## POSITIVE မှ COMPARATIVE သို့ ပြောင်းနည်း

၁။ ဒုတိယ as ရဲ့နောက်က စကားလုံးနဲ့ ပြန်စပါ။
၂။ **as ..... as** (သို့) **so ..... as** တို့ကို ဖြုတ်ပါ။
၃။ အနိမ့်စား (**adj**) ကို အလတ်စားသို့ ပြောင်းပါ။
၄။ အလတ်စား (**adj**) ရဲ့ နောက်မှာ **than** ကို ထည့်ပေးပါ။
၅။ ရိုးရိုးဝါကျဆိုလျှင် - ငြင်းဆိုဝါကျ
ငြင်းဆိုဝါကျဆိုလျှင် - ရိုးရိုးဝါကျသို့ ပြောင်းပေးပါ။

ဥပမာ 1. Nyo Nyo is as pretty as Phyu Phyu.
Phyu Phyu .................. .
*Ans:* Phyu Phyu is not prettier than Nyo Nyo.

2. Nyo Nyo is not so pretty as Phyu Phyu.
Phyu Phyu .................. .
*Ans:* Phyu Phyu is prettier than Nyo Nyo.

3. Pyin-Oo-Lwin is not as hot as Mandalay.
Mandalay .................... .

*Ans:* Mandalay is hotter than Pyin-Oo-Lwin.

## POSITIVE မှ COMPARATIVE သို့ ပြောင်းတဲ့အခါ

၁။ ပေးထားတဲ့ဝါကျရဲ့အစမှာ **No other** ပါလာရင် ဖြုတ်ပါ။
၂။ အနှိုင်းမဲ့စား (**adj**) ကို အလွန်စားပြောင်းပါ။
၃။ **as ..... as/ so ..... as** တို့ကို ဖြုတ်ပါ။
၄။ အလွန်စားနောက်မှာ **than** နဲ့ **any other** ကို ထည့်ပါ။
၅။ **No other** ရဲ့ နောက်က စကားလုံးကို နောက်ဘက်သို့ ပို့ပါ။

ဥပမာ

1. No other metal is so useful as iron.
Iron is ..................... .

*Ans:* Iron is more useful than any other metal.

2. No other girl is so clever as Than Than.
Than Than is ............. .

*Ans:* Than Than is cleverer than any other girl.

3. No other man is so wise as U Kyaw.
U Kyaw is ................ .

*Ans:* U Kyaw is wiser than any other man.

## COMPARATIVE မှ POSITIVE သို့ ပြောင်းနည်း

၁။ ဝါကျကို **than** နောက်က စကားလုံးနဲ့ ဖြစ်စေပါ။
၂။ ၎င်းနောက်တွင် ကြိယာထည့်ပါ။
၃။ အလွန်စား (**adj**) ကို အနှိုင်းမဲ့စားသို့ ပြောင်းပါ။
၄။ **than** ကို ဖြုတ်ပါ၊ အနှိုင်းမဲ့စား (**adj**)ရဲ့ ရှေ့နဲ့ နောက်မှ **as** ထည့်ပေးပါ။
၅။ ရိုးရိုးဝါကျဆိုလျှင် - ငြင်းဆိုဝါကျ
ငြင်းဆိုဝါကျဆိုလျှင် - ရိုးရိုးဝါကျသို့ ပြောင်းပေးပါ။

ဥပမာ

1. Nyo Nyo is more beautiful than Ni Ni.
Ni Ni ............................. .

*Ans:* Ni Ni is not as beautiful as Nyo Nyo.



2. Nyo Nyo is not more beautiful than Ni Ni.
Ni Ni ...................... .

*Ans:* Ni Ni is as beautiful as Nyo Nyo.

3. Mandalay is hotter than Taunggyi.
Taunggyi ................ .

*Ans:* Taunggyi is not as hot as Mandalay.

4. Taunggyi is colder than Mandalay.
Mandalay ..........

*Ans:* Mandalay is not as cold as Taunggyi.

## COMPARATIVE မှ POSITIVE သို့ ပြောင်းတဲ့အခါ

၁။ **than** ရဲ့ နောက်မှာ **any other** ပါနေရင်တော့ ဝါကျကို **No other** နဲ့ ဖြစ်စေပါ။
၂။ အလွန်စား (**adj**) ကို အနှိုင်းမဲ့စားပြောင်းပါ။
၃။ **than** နဲ့ **any other** ကို ဖြုတ်ပါ။
၄။ အနှိုင်းမဲ့စား (**adj**) ကို **as ...... as/ so ..... as** သုံး၍ ဖြစ်ရေးပါ။

ဥပမာ

1. Yangon is larger than any other city.
No other ...................... .

*Ans:* No other city is <u>so/as</u> large as Yangon.

2. Ma Cho is fatter than any other girl.
No other girl ...................... .

*Ans:* No other girl is so fat as Ma Cho.

3. Soe Myint is braver than any other soldier.
No other soldier ................ .

*Ans:* No other soldier is so brave as Soe Myint.

## အနှိုင်းမဲ့စား (POSITIVE) ဝါကျတွေကို ရေးတဲ့အခါ

- ရိုးရိုးဝါကျဆိုရင် **as ..... as**
- ငြင်းဆိုဝါကျဆိုရင် **so..... as** နဲ့ သုံးသင့်ပါတယ်။
(as ...... as သုံးရင်လည်း ရပါတယ်။)

In affirmative sentences the construction as ... as is always used; in negative sentences so ... as is the normal form, but as ... as in frequently found.

*A COMPREHENSIVE ENGLISH GRAMMAR (PAGE. 70)*

## COMPARA[illegible]

၁။ ပေးထားတဲ့ဝါကျရှိ **Subject** နဲ့ **Verb** အတိုင်း ဝါကျကို ပြန်ရေးပါ။
၂။ အလတ်စား (**adj**) ကို အမြင့်တန်းသို့ ပြောင်းပါ။
၃။ **than** နဲ့ **any other** တို့ကို ဖြုတ်ပါ။
၄။ အမြင့်တန်း (**adj**) ၏ ရှေ့မှ (**the**) ထည့်ပေးပါ။ (လိုအပ်လျှင် အမြင့်တန်း **adj** ၏ နောက်မှ (**in, of**) သင့်တော်ရာ တစ်လုံးလုံးထည့်ပေးပါ။)

ဥပမာ 1. U Swe is braver than any other man.
U Swe ...................... .
*Ans:* U Swe is the bravest man.

2. Hnin Hnin is cleverer than any other girl.
Hnin Hnin .................... .
*Ans:* Hnin Hnin is the cleverest girl.

3. Yangon is larger than any other city in our country.
Yangon ............................ .
*Ans:* Yangon is the largest city in our country.

4. U Ko Ko is more famous than any other teacher in our town.
U Ko Ko .......................... .
*Ans:* U Ko Ko is the most famous teacher in our town.

5. U Myint is richer than any other man in this village.
U Myint is .......................... .
*Ans:* U Myint is the richest man in this village.

## COMPARATIVE မှ SUPERLATIVE သို့ ပြောင်းတဲ့အခါ

ပေးထားတဲ့ဝါကျမှာ **most other** ပါနေရင် အမြင့်တန်း (**adj**) နဲ့ တွဲတဲ့ (**the**) ရဲ့ရှေ့မှာ **one of** ထည့်ပေးရပါတယ်။

ဥပမာ 1. Cho Pyone is more famous than ***most other*** singers.
Cho Pyone ................................ .
*Ans:* Cho Pyone is ***one of*** the most famous singers.

2. Win Oo is wiser than ***most other*** actors.
Win Oo ............................ .
*Ans:* Win Oo is ***one of*** the wisest actors.



### သတိပြုရန်

- ဝါကျကို **No other** တို့ **very few** တို့နဲ့ စထားရင် **Positive** ဖြစ်ကြောင်း၊
- **than** ရဲ့ နောက်မှ **any other, most other** ပါရင် **Superlative** ပြောင်းရကြောင်း သတိပြု။

### *Exercise No. (64)*

**Change the degree of comparison, without changing the meaning.**

1. Mandalay is hotter than Pyin-Oo Lwin.
Pyin-Oo-Lwin ........................... .
2. Chemistry is more difficult than Physics.
Physics ............................ .
3. Ko Tun is more handsome than I am.
I ............................ .
4. Ni Ni is as beautiful as Phyu Phyu.
Phyu Phyu ............................ .
5. Thidar is as fat as Nilar.
Nilar ............................ .
6. Soe Thu is as tall as Kyaw Thu.
Kyaw Thu ............................ .
7. Pyin-Oo-Lwin is not as hot as Mandalay.
Mandalay ............................ .
8. Chemistry is not so interesting as English.
English ............................ .
9. Tun Tun is not fatter than Min Min.
Min Min ............................ .
10. Nu Nu is not richer than Su Su.
Su Su ............................ .
11. Yu Yu is not taller than Nu Nu.
Nu Nu ............................ .
12. U Chit is the richest man in our town.
No other ............................ .
13. Kyaw Hein is the most famous actor in our country.
No other ............................ .

14. Yangon is the most beautiful town in Myanmar.
    Yangon ............................ .
15. Kay Thwe is the cleverest girl in the class.
    Kay Thwe ............................ .
16. Wai Mar is the thinnest girl in the village.
    Wai Mar ............................ .
17. The Nile is the longest river in the world.
    The Nile ............................ .
18. No other boy is so strong as Tun Tun.
    Tun Tun ............................ .
19. No other girl in our class is as pretty as Tint Tint.
    Tint Tint ............................ .
20. No other pagoda in our town is so famous as the Shwedagon.
    The Shwedagon ............................ .

## ADJECTIVES ENDING IN "LY"
## "LY" နဲ့ အဆုံးသတ်တဲ့ နာမဝိသေသနများ

အင်္ဂလိပ်စာကို လေ့လာသူအချို့အနေနဲ့ **"ly"** နဲ့ဆုံးတဲ့ စကားလုံးဆိုရင် (**adverb**) ပဲလို့ တရားသေ မှတ်ထားတတ်ပါတယ်။ အဲဒီလို တရားသေမှတ်သားထားရင် မှားပါတယ်။ **"ly"** နဲ့ ဆုံးတဲ့ အချို့စကားလုံးတွေဟာ (**adjective**) တွေ ဖြစ်ပါတယ်။

ဥပမာ

| | | |
|---|---|---|
| manly | = | ယောကျ်ားပီသသော |
| womanly | = | မိန်းမပီသသော |
| friendly | = | မိတ်ဆွေပီသသော၊ ဖော်ရွေသော |
| fatherly | = | ဖခင်ပီသသော၊ ဖခင်နှင့်တူသော |
| motherly | = | မိခင်ပီသသော၊ မိခင်နှင့်တူသော |
| soldierly | = | စစ်သားပီသသော၊ ရဲရင့်သော |
| costly | = | စရိတ်အကုန်အကျများသော |
| lovely | = | ချစ်စရာကောင်းသော၊ လှပသော |

အချို့ **ly** နဲ့ ဆုံးတဲ့ စကားလုံးလေးတွေကတော့ (**adj**) ရော (**adv**) ပါနှစ်မျိုးလုံး ဖြစ်နိုင်ပါတယ်။



ဥပမာ

| | | | |
|---|---|---|---|
| hourly | (adj) | = | နာရီတိုင်းဖြစ်သော |
| | (adv) | = | နာရီတိုင်း |
| weekly | (adj) | = | (ရက်သတ္တ) အပတ်တိုင်းဖြစ်သော |
| | (adv) | = | ရက်သတ္တပတ်တိုင်း |
| daily | (adj) | = | နေ့စဉ်ဖြစ်သော |
| | (adv) | = | နေ့စဉ်နေ့တိုင်း |
| fortnightly | (adj) | = | ဆယ့်လေးရက်တစ်ကြိမ်ဖြစ်သော |
| | (adv) | = | ဆယ့်လေးရက်တစ်ကြိမ် |
| monthly | (adj) | = | လစဉ်ဖြစ်သော |
| | (adv) | = | လစဉ် |
| yearly | (adj) | = | နှစ်စဉ်ဖြစ်သော |
| | (adv) | = | နှစ်စဉ်နှစ်တိုင်း |
| early | (adj) | = | စောသော |
| | (adv) | = | စောစွာ |

အဲဒီစကားလုံးလေးတွေပါလာရင် ဝါကျအတွင်း ထည့်သွင်းရေးသားတဲ့ အသုံးအနှုန်းပေါ် မူတည်ပြီး (adj) လား၊ (adv) လား ခွဲခြားရပါတယ်။

ဥပမာ

It is a ***daily*** paper. (adj)
Most newspapers appear ***daily***. (adv)

## ADJECTIVES ENDING IN "ING" and "ED"
## ing (သို့) ed နဲ့ အဆုံးသတ်တဲ့ နာမဝိသေသနများ

ဥပမာ

1. This book is very ***interesting***.
   ဒီစာအုပ်က အလွန်စိတ်ဝင်စားဖွယ်ကောင်းတယ်။
2. I am ***interested*** in this book.
   ကျွန်တော်က ဒီစာအုပ်ကို စိတ်ဝင်စားတယ်။
3. Hay Mar is going to America next month. She has never been there before.
   - She is really ***excited*** about going.
   - It will be an ***exciting*** experience for her.

နောက်လမှာ ဟေမာ အမေရိကန်နိုင်ငံကိုသွားတော့မယ်၊ သူ အဲဒီကို တစ်ခါမှ မရောက်ဖူးဘူး။
- (အဲဒီကိုသွားရမှာ) သူမ တကယ်ကို စိတ်လှုပ်ရှားတယ်။
- သူမအတွက်တော့ စိတ်လှုပ်ရှားဖွယ်ကောင်းတဲ့ အတွေ့အကြုံတစ်ခု ဖြစ်လိမ့်မယ်။

အပေါ်မှာဖော်ပြထားတဲ့

| | | |
|---|---|---|
| interested | = | စိတ်ဝင်စားသော |
| interesting | = | စိတ်ဝင်စားဖွယ်ကောင်းသော |
| excited | = | စိတ်လှုပ်ရှားသော |
| exciting | = | စိတ်လှုပ်ရှားဖွယ်ကောင်းသော |

စတဲ့ ed, နဲ့ ing တို့နဲ့ အဆုံးသတ်တဲ့ နာမဝိသေသနအတွဲလေးတွေကို အလွတ်ကျက်မှတ်ထားသင့်ပါတယ်။

| | | | |
|---|---|---|---|
| amazed | = အံ့သြသော | amazing | = အံ့သြဖွယ်ကောင်းသော |
| amused | = ရွှင်မြူးသော | amusing | = ရွှင်မြူးဖွယ်ကောင်းသော |
| annoyed | = စိတ်အနှောင့်အယှက်ဖြစ်သော | annoying | = အနှောင့်အယှက်ဖြစ်စေသော |
| astonished | = အံ့သြသော | astonishing | = အံ့သြဖွယ်ကောင်းသော |
| bored | = ငြီးငွေ့သော | boring | = ငြီးငွေ့ဖွယ်ကောင်းသော |
| confused | = ရှုပ်ထွေးသော | confusing | = ရှုပ်ထွေးစေသော |
| disappointed | = စိတ်ပျက်သော | disappointing | = စိတ်ပျက်ဖွယ်ကောင်းသော |
| depressed | = စိတ်ပျက်ညှိုးငယ်သော | depressing | = စိတ်ပျက်ညှိုးငယ်ဖွယ်ကောင်းသော |
| disgusted | = စက်ဆုပ်ရွံရှာသော | disgusting | = စက်ဆုပ်ဖွယ်ဖြစ်သော |
| embarrassed | = အနှောင့်အယှက်ခံရသော | embarrassing | = အနှောင့်အယှက်ဖြစ်စေသော |
| exhausted | = အားအင်ကုန်ခမ်းသော၊ မောပန်းသော | exhausting | = အားအင်ကုန်ခမ်းစေသော၊ မောပန်းစေသော |
| fascinated | = မက်မောတပ်မက်သော၊ ဆွဲဆောင်သော | fascinating | = မက်မော တပ်မက်ဖွယ်ကောင်းသော၊ ဆွဲဆောင်နိုင်စွမ်းရှိသော |
| frightened | = ထိတ်လန့်သော | frightening | = ထိတ်လန့်စေသော၊ ထိတ်လန့်ဖွယ်ကောင်းသော |



| | | | |
|---|---|---|---|
| horrified | = ကြောက်ရွံ့ထိတ်လန့်သော | horrifying | = ကြောက်ရွံ့ထိတ်လန့်စေသော |
| satisfied | = ကျေနပ်သော | satisfying | = ကျေနပ်ဖွယ်ကောင်းသော |
| shocked | = ထိတ်လန့်တုန်လှုပ်သော | shocking | = ထိတ်လန့်တုန်လှုပ်ဖွယ်ရာဖြစ်သော |
| terrified | = ကြောက်လန့်သော | terrifying | = ကြောက်လန့်ဖွယ်ကောင်းသော |
| worried | = စိတ်ပူပန်သော၊ စိတ်အနှောင့်အယှက်ဖြစ်သော | worrying | = စိတ်အနှောင့်အယှက်ဖြစ်စေသော |

## POSITION OF THE ADJECTIVES (ADJECTIVE ORDER)

နာမ်တစ်လုံးကို ပေါ်လွင်လေးနက်လာအောင် အဲဒီနာမ်ရဲ့ရှေ့ကနေ နာမဝိသေသနကိုထားပြီး အထူးပြု ရေးသားရပါတယ်။

တစ်ခါတစ်ရံ နာမ်တစ်လုံးရဲ့ရှေ့ကနေပြီး နာမဝိသေသန (၃) (၄) မျိုးနဲ့ အထူးပြုရေးသားဖို့ လိုအပ်လာရင် အောက်မှာ ဖော်ပြထားတဲ့ အစီအစဉ်အတိုင်း (များသောအားဖြင့်) ရေးသားအထူးပြုရပါတယ်။

| | | |
|---|---|---|
| 1. | adj အဖြစ်သုံးတဲ့ | Noun |
| 2. | လူမျိုးကိုဖော်ပြတဲ့ | Nationality |
| 3. | အရောင်အဆင်းဖော်ပြတဲ့ | Colour |
| 4. | ပုံသဏ္ဌာန်ကို ဖော်ပြတဲ့ | Shape |
| 5. | အရွယ်အစားကို ဖော်ပြတဲ့ | Size |
| 6. | အမျိုးအစား/ အခြေအနေ | Quality |
| 7. | (one, two, three) | Cardinal |
| 8. | (first, second, third) | Ordinal |
| 9. | ဘယ်သူ၊ ဘယ်ဝါ၊ ဘယ်ပစ္စည်း | Defining |
| 10. | (all, some, a few) | Indefinite |

ဥပမာ pots = အိုးများဆိုတဲ့ Noun ကို အထူးပြုမယ်ဆိုပါတော့။

| | | |
|---|---|---|
| 1. | flower pots | = ပန်းအိုးများ |
| 2. | Indian flower pots | = အိန္ဒိယပြည်လုပ် ပန်းအိုးများ |
| 3. | red Indian flower pots | = အိန္ဒိယပြည်လုပ် နီရဲသော ပန်းအိုးများ |
| 4. | round red Indian flower pots | = အိန္ဒိယပြည်လုပ် နီရဲသော ပန်းအိုးအဝိုင်းများ။ |
| 5. | big round red Indian flower pots | = အိန္ဒိယပြည်လုပ် နီရဲသော ပန်းအိုးအဝိုင်း (အကြီး) များ။ |
| 6. | new big round red Indian flower pots | = အိန္ဒိယပြည်လုပ် နီရဲသော ပန်းအိုးအဝိုင်း (အကြီး) အသစ်စက်စက်များ။ |
| 7. | Seven new big round red Indian flower pots | = အိန္ဒိယပြည်လုပ် နီရဲသော ပန်းအိုးအဝိုင်း (အကြီး) အသစ်စက်စက် ခုနစ်လုံး |

အောက်ကကောက်နုတ်ချက်ကလေးကို လေ့လာကြည့်ပါဦး။

**(a) Sometimes we use two or more adjectives together:**

- **Tom lives in a *nice new* house.**
- **In the kitchen there was a *beautiful large round wooden* table.**

**Adjectives like *new/large/round/wooden* are *fact* adjectives. They give us objective information about something (age, size, colour etc.). Adjectives like *nice/beautiful* are *opinion* adjectives. They tell us what someone thinks of something.**

***Opinion* adjectives usually go before *fact* adjectives:**

| | *opinion* | *fact* | |
|---|---|---|---|
| a | nice | sunny | day |
| | delicious | hot | soup |
| an | intelligent | young | man |
| a | beautiful | large round wooden | table |

**(b) Sometimes there are two or more *fact* adjectives. Very often (but not always) we put *fact* adjectives in this order:**

| 1 | | 2 | | 3 | | 4 | | 5 | | |
|---|---|---|---|---|---|---|---|---|---|---|
| how big? | – | how old? | – | what colour? | – | where from? | – | what is it made of ? | – | Noun |

ENGLISH GRAMMAR IN USE (PAGE. 190)

# CHAPTER XV



# THE ADVERB

# THE ADVERB
# ကြိယာဝိသေသန

ကြိယာဝိသေသန (**Adverb**) ဆိုတာ ကြိယာ (သို့) အလုပ်တစ်ခုကို ဘယ်နေရာမှာ လုပ်တာလဲ (**Place**)၊ ဘယ်အချိန်မှာလုပ်တာလဲ (**Time**)၊ ဘယ်လိုလုပ်တာလဲ (**Manner**) စသည်ဖြင့် အဲဒီကြိယာ (သို့) အလုပ်ကို ပိုမိုပြီး ပေါ်လွင်လေးနက်အောင် ဖော်ပြတဲ့ ပုဒ်တွေဖြစ်ပါတယ်။

ကြိယာဝိသေသန (**Adverb**) ဆိုတာ ကြိယာ (**verb**) တစ်ခုတည်းကိုသာ အထူးပြုတာ မဟုတ်ပါဘူး။ ကြိယာ (**verb**) အပြင် နာမဝိသေသန (**Adjective**) နဲ့ အခြားကြိယာဝိသေသန (**Adverb**) တွေကို ပေါ်လွင်လေးနက်လာအောင်လဲ အထူးပြုပါသေးတယ်။

## KINDS OF ADVERBS
## (ကြိယာဝိသေသနအမျိုးမျိုး)

ကြိယာဝိသေသန (**Adverb**) တွေကို ... ...

| | |
|---|---|
| I. Simple Adverb | ရိုးရိုးကြိယာဝိသေသန |
| II. Interrogative Adverb | မေးခွန်းပြကြိယာဝိသေသန (သို့) ပုစ္ဆာကြိယာဝိသေသန |
| III. Relative Adverb | ပြန်ညွှန်းကြိယာဝိသေသန(သို့) သမ္ဗန္ဓကြိယာဝိသေသန |

ဆိုပြီး အမျိုးအစား (၃) မျိုး ခွဲခြားထားပါတယ်။

## I. SIMPLE ADVERB

**Simple Adverb** ကိုလဲ အမျိုးအစားတွေ ထပ်မံခွဲခြားထားပါသေးတယ်။ အသုံးများတဲ့ အရေးကြီးတဲ့ ကြိယာဝိသေသနတွေကတော့...

1. Adverb of Time = အချိန်ပြကြိယာဝိသေသန
2. Adverb of Frequency = အကြိမ်ပြကြိယာဝိသေသန
3. Adverb of Place = နေရာပြကြိယာဝိသေသန
4. Adverb of Manner = လုပ်ပုံလုပ်နည်း (နည်းဟန်ပြ) ကြိယာဝိသေသန

5. Adverb of Degree (or) Quantity = ပမာဏ၊ အဆင့်အတန်းပြ ကြိယာဝိသေသန
6. Adverb of Affirmation (or) Negation = ဟုတ်မှန်ကြောင်း (သို့) ငြင်းပယ်ကြောင်းပြ ကြိယာဝိသေသန
7. Adverb of Reason (or) Purpose = ကျိုးကြောင်းပြ ကြိယာဝိသေသန

## 1. ADVERB OF TIME

ကြိယာ (သို့) အလုပ်တစ်ခုကို ဘယ်အချိန်မှာလုပ်တယ်ဆိုတာ ပေါ်လွင်လာအောင်၊ သိမြင်လာအောင် ဖော်ပြတဲ့ ကြိယာဝိသေသနကို **Adverb of Time** လို့ ခေါ်ပါတယ်။

အဲဒီ ကြိယာဝိသေသနတွေဟာ "**When**" ဘယ်အချိန်မှာလုပ်တာလဲဆိုတဲ့ အမေးကိုဖြေဆိုတဲ့ ကြိယာဝိသေသနတွေဖြစ်ပါတယ်။

ဥပမာ

| | | |
|---|---|---|
| today | = | ယနေ့ |
| yesterday | = | မနေ့က |
| tomorrow | = | မနက်ဖြန် |
| now | = | ယခု |
| soon | = | မကြာမီ |
| early | = | စောစွာ |
| late | = | နောက်ကျစွာ စတဲ့ စကားလုံးတွေ။ |

## 2. ADVERB OF FREQUENCY

ကြိယာ (သို့) အလုပ်တစ်ခုကို ဘယ်နှစ်ကြိမ်လုပ်တယ်ဆိုတာ ပေါ်လွင်လာအောင်၊ သိမြင်လာအောင် ဖော်ပြတဲ့ ကြိယာဝိသေသနကို **Adverb of Frequency** လို့ ခေါ်ပါတယ်။

အဲဒီ ကြိယာဝိသေသနတွေဟာ "**How often**" ဘယ်နှစ်ကြိမ် (ဘယ်လောက်မကြာမကြာ) လုပ်သလဲဆို တဲ့ အမေးကိုဖြေတဲ့ ကြိယာဝိသေသနတွေဖြစ်ပါတယ်။

ဥပမာ

| | | |
|---|---|---|
| always | = | အစဉ်အမြဲ၊ ထာဝရ |
| never | = | ဘယ်ခါမျှ၊ ဘယ်တော့မှ |
| often | = | မကြာခဏ |
| frequently | = | မကြာခဏ |
| sometimes | = | တစ်ခါတစ်ရံ |
| twice | = | နှစ်ကြိမ် စတဲ့စကားလုံးတွေ။ |



## 3. ADVERB OF PLACE

ကြိယာ (သို့) အလုပ်တစ်ခုကို ဘယ်နေရာမှာလုပ်တယ်ဆိုတာ ပေါ်လွင်လာအောင်၊ သိမြင်လာအောင် ဖော်ပြတဲ့ ကြိယာဝိသေသနကို **Adverb of Place** လို့ ခေါ်ပါတယ်။

အဲဒီ ကြိယာဝိသေသနတွေဟာ "**Where**" ဘယ်နေရာမှာ လုပ်တာလဲဆိုတဲ့ အမေးကိုဖြေဆိုတဲ့ ကြိယာဝိသေသနတွေဖြစ်ပါတယ်။

ဥပမာ

| | | |
|---|---|---|
| forward, forwards | = | ရှေ့သို့ |
| backward, backwards | = | နောက်သို့ |
| upstairs | = | အပေါ်ထပ်မှာ |
| downstairs | = | အောက်ထပ်မှာ |
| indoors | = | အိမ်တွင်း |
| outdoors | = | အိမ်ပြင် |
| here | = | သည် (နေရာ) မှာ |
| there | = | ထို (နေရာ) မှာ စတဲ့စကားလုံးတွေ။ |

## 4. ADVERB OF MANNER

ကြိယာ (သို့) အလုပ်တစ်ခုကို ဘယ်ပုံဘယ်နည်းလုပ်တယ်ဆိုတာ ပေါ်လွင်လာအောင်၊ နည်းလမ်း (သို့) ဂုဏ် (သို့) အခြေအနေကို ဖော်ပြတဲ့ ကြိယာဝိသေသနကို **Adverb of Manner** လို့ ခေါ်ပါတယ်။

အဲဒီ ကြိယာဝိသေသနတွေဟာ "**How**" ဘယ်လိုဆိုတဲ့ အမေးကိုဖြေဆိုတဲ့ ကြိယာဝိသေသန တွေဖြစ်ပါတယ်။

ဥပမာ

| | | |
|---|---|---|
| well | = | ကောင်းစွာ |
| ill | = | မကောင်းစွာ |
| badly | = | ဆိုးရွားစွာ |
| hard | = | ကြိုးကြိုးစားစား |
| fast | = | လျင်မြန်စွာ |
| slowly | = | နှေးကွေးစွာ |
| quickly | = | လျင်မြန်စွာ စတဲ့ စကားလုံးတွေ။ |

## 5. ADVERB OF DEGREE (OR) QUANTITY

ကြိယာ (သို့) နာမဝိသေသန (သို့) ကြိယာဝိသေသနတစ်ခုရဲ့ ပမာဏ၊ အတိုင်းအတာ အရွယ်အစား (အနည်းအများ)၊ အကျယ်အဝန်း၊ အဆင့်အတန်း၊ နှိုင်းယှဉ်မှုတို့ကို ဖော်ပြတဲ့ ကြိယာဝိသေသနကို **Adverb of Degree (or) Quantity** လို့ ခေါ်ပါတယ်။

အဲဒီ ကြိယာဝိသေသနတွေဟာ **"How much"** ဘယ်လောက်များများ၊ **In what degree** = ဘာအဆင့်အတန်းဆိုတဲ့ အမေးတွေကို ဖြေဆိုတဲ့ ကြိယာဝိသေသနတွေ ဖြစ်ပါတယ်။

ဥပမာ

| | | |
|---|---|---|
| very | = | အလွန် |
| quite | = | လုံးလုံး |
| too | = | အလွန်အမင်း |
| rather | = | အတော်လေး |
| much | = | များစွာ |
| a little | = | အနည်းငယ် စတဲ့ စကားလုံးတွေ။ |

## 6. ADVERB OF AFFIRMATION (OR) NEGATION

ကြိယာ (သို့) အလုပ်တစ်ခုနဲ့ ပတ်သက်ပြီး ဟုတ်မှန်တယ်လို့ အနိုင်အမာ ပြောဆိုတာ (သို့) မဟုတ်မမှန်ဘူးလို့ ငြင်းပယ်တာကို ပေါ်လွင်လာအောင်၊ သိမြင်လာအောင် ဖော်ပြတဲ့ ကြိယာဝိသေသနကို **Adverb of Affirmation (or) Negation** လို့ ခေါ်ပါတယ်။

အဲဒီ ကြိယာဝိသေသနတွေဟာ **"Yes"** ဟုတ်တယ်၊ (သို့) **"No"** မဟုတ်ဘူးဆိုတဲ့ အဖြေကိုလိုချင်လို့မေးတဲ့ မေးခွန်းတွေကို ဖြေဆိုတဲ့ ကြိယာဝိသေသနတွေ ဖြစ်ပါတယ်။

ဥပမာ

| | | |
|---|---|---|
| Yes | = | ဟုတ်တဲ့ |
| No | = | မဟုတ် |
| Not | = | မဟုတ် |
| surely | = | စကန်၊ မုချ၊ သေချာစွာ |
| certainly | = | စကန်၊ မုချ |
| indeed | = | အမှန်စင်စစ် စတဲ့ စကားလုံးတွေ။ |



## 7. ADVERB OF REASON (OR) PURPOSE

ကြိယာ (သို့) အလုပ်တစ်ခုနဲ့ ပတ်သက်တဲ့ အကြောင်းနဲ့ အကျိုးကို ဖော်ပြပြီး အဲဒီကြိယာ (သို့) အလုပ်ကို ပေါ်လွင်လာအောင်၊ သိမြင်လာအောင် ဖော်ပြတဲ့ ကြိယာဝိသေသနတွေကို **Adverb of Reason(or) Purpose** လို့ ခေါ်ပါတယ်။

အဲဒီအထဲက (အချို့) ကြိယာဝိသေသနတွေဟာ **"Why"** ဘာကြောင့်လဲဆိုတဲ့ အမေးကို ဖြေဆိုတဲ့ ကြိယာဝိသေသနတွေ ဖြစ်ပါတယ်။

ဥပမာ

| | | |
|---|---|---|
| so | = | ထို့ကြောင့်၊ သို့ဖြစ်၍ |
| therefore | = | ထို့ကြောင့် |
| hence | = | သို့ဖြစ်ရကား |
| necessarily | = | မလွဲသာစွာ၊ လိုအပ်၍ |

### သတိပြုရန်

**Adverb** စကားလုံးတစ်လုံးကိုတွေ့ရင် ဒီစကားလုံးဟာ ဘယ် (**adverb**) အမျိုးအစားထဲမှာပဲ ပါတယ်ဆိုပြီး ပုံသေကားကျ တရားသေ မမှတ်ယူရပါဘူး။

ဝါကျအတွင်းမှာ ထည့်သွင်းရေးသားသုံးနှုန်းတဲ့ အသုံးအနှုန်းပေါ်မူတည်ပြီး စကားလုံးတစ်လုံးထဲပေမယ့်လည်း (**adverb**) အမျိုးအစား အမျိုးမျိုးဖြစ်သွား၊ ကွဲပြားသွားနိုင်ပါတယ်။

> Some of the above Adverbs may belong to more than one class.
> - She sings *delightfully.* (Adverb of Manner)
> - The weather is *delightfully* cool. (Adverb of Degree)
> - Don't go *far.* (Adverb of Place)
> - He is *far* better now. (Adverb of Degree)
>
> *HIGH SCHOOL ENGLISH GRAMMAR (PAGE. 162)*
> *WREN & MARTIN*

## II. INTERROGATIVE ADVERB
## (မေးခွန်းပြ ကြိယာဝိသေသန)

မေးခွန်း မေးတဲ့နေရာမှာ သုံးတဲ့ **Where, When, How, Why** ဆိုတာတွေကို **Interrogative Adverb** လို့ ခေါ်ပါတယ်။

1. Where (Inter. Adverb of Place).
   နေရာကိုမေးချင်ရင် Where ကို သုံးရပါတယ်။

   ဥပမာ ***Where*** do you go?

2. When (Inter. Adverb of Time)
   အချိန်ကိုမေးချင်ရင် When ကို သုံးရပါတယ်။
   ဥပမာ ***When*** was she born?

3. Why (Inter. Adverb of Reason)
   ဖြစ်ပျက်တဲ့ အကြောင်းရင်းကို မေးချင်ရင် (ဘာကြောင့်လဲလို့ မေးချင်ရင်) Why ကို သုံးရပါတယ်။

   ဥပမာ ***Why*** do they study hard?

4. How (Inter. Adverb of Manner)
   အလုပ်တစ်ခုကို ဘယ်ပုံဘယ်နည်းလုပ်သလဲလို့ မေးချင်ရင် How ကို သုံးရပါတယ်။

   ဥပမာ ***How*** do you go to Mandalay?

5. *How many* (Inter. Adverb of Number)
   ***How many*** books are on the table?

6. How high (Inter. Adverb of Degree)
   ***How high*** is this mountain?

| | | |
|---|---|---|
| How many | = | (ရေတွက်လို့ရတဲ့နာမ်) ဘယ်လောက်များသလဲ။ |
| How much | = | ၁။ (ရေတွက်လို့ မရတဲ့နာမ်) ဘယ်လောက်များသလဲ။<br>၂။ ဘယ်ဈေးလဲ |
| How far | = | ဘယ်လောက်ဝေးသလဲ။ |
| How often | = | ဘယ်နှစ်ကြိမ်လဲ၊ ဘယ်လောက်မကြာမကြာလဲ။ |
| How long | = | ဘယ်လောက်ကြာကြာလဲ။ |
| How high | = | ဘယ်လောက်မြင့်မြင့် ....... |

စတဲ့ မေးခွန်း မေးတဲ့အခါ သုံးတဲ့စကားလုံးတွေကို Interrogative Adverb လို့ ခေါ်ပါတယ်။



## III. RELATIVE ADVERB
## (ပြန်ညွှန်း ကြိယာဝိသေသန)

ပြန်ညွှန်း ကြိယာဝိသေသနဆိုတာ၊ မေးခွန်းပြ ကြိယာဝိသေသနမှာလာတဲ့ **Where, When, How, Why** စတဲ့ စကားလုံးတွေပါပဲ။

ဒါပေမယ့် မေးခွန်းမေးတဲ့နေရာမှာ မသုံးဘဲ၊ ကြိယာ (သို့) အလုပ်တစ်ခုကို ပေါ်လွင်လေးနက်လာအောင်လဲ ဖော်ပြတယ်။ ဝါကျနှစ်ခုကိုလဲ ဆက်စပ်ပေးတယ်။ ဒါကြောင့် ပြန်ညွှန်းကြိယာဝိသေသနလို့ ခေါ်ပါတယ်။

ဝါကျဆက်ပုံကတော့ **Relative Pronoun** နဲ့ အတူတူပဲ ဖြစ်ပါတယ်။

များသောအားဖြင့် "သော" လို့ ဘာသာပြန်ရပါတယ်။

| | | |
|---|---|---|
| **Where** | = | ဘယ်မှာ (နေရာပြ အဆက်ပုဒ်) |
| **When** | = | ဘယ်တော့ (အချိန်ပြ အဆက်ပုဒ်) |
| **How** | = | ဘယ်လို (လုပ်ပုံလုပ်နည်း အဆက်ပုဒ်) |
| **Why** | = | ဘာကြောင့် (အကြောင်းပြ အဆက်ပုဒ်) |

ဥပမာ

- This is the town ***where*** my aunt lived.
  ဤမြို့သည် ကျွန်တော့်အဒေါ်နေခဲ့သော မြို့ဖြစ်သည်။
  (အဆက်ခံပုဒ်၊ ရှေ့သွားပုဒ်ကို ဖော်ထားသည်။)
- This is ***where*** my aunt lived.
  ဤဟာသည် ကျွန်တော့်အဒေါ်နေခဲ့သော နေရာဖြစ်သည်။
  (အဆက်ခံပုဒ်၊ ရှေ့သွားပုဒ်ကို မြှုပ်ထားသည်။)
- I know the time ***when*** she will come.
  ကျွန်ုပ်သည် သူ(မ)လာမည်ဖြစ်သော အချိန်ကို သိသည်။
  (အဆက်ခံပုဒ်၊ ရှေ့သွားပုဒ်ကို ဖော်ထားသည်။)
- I know ***when*** she will come.
  ကျွန်ုပ်သည် သူ(မ)ဘယ်အချိန်လာမည်ကို သိသည်။
  (အဆက်ခံပုဒ်၊ ရှေ့သွားပုဒ်ကို မြှုပ်ထားသည်။)
- I did not know the reason ***why*** he went out.
  ကျွန်ုပ်သည် ဘာကြောင့်သူထွက်ခွာသွားသည်ဟူသော အကြောင်းကို မသိခဲ့ပါ။
  (အဆက်ခံပုဒ်၊ ရှေ့သွားပုဒ်ကို ဖော်ထားသည်။)
- I did not know ***why*** he went out.
  သူဘာကြောင့် ထွက်ခွာသွားသည်ကို ကျွန်ုပ်မသိခဲ့ပါ။
  (အဆက်ခံပုဒ်၊ ရှေ့သွားပုဒ်ကို မြှုပ်ထားသည်။)

- Here is the way ***how*** you can solve it.
  ဤသည်ကား သင်ဖြေရှင်းနိုင်သော နည်းလမ်းဖြစ်သည်။
  (အဆက်ခံပုဒ်၊ ရှေ့သွားပုဒ်ကို ဖော်ထားသည်။)
- Here is ***how*** you can solve it.
  (အဆက်ခံပုဒ်၊ ရှေ့သွားပုဒ်ကို ဖြုတ်ထားသည်။)

✈ ✈ ✈



# CHAPTER XVI

# FORMS OF ADVERBS

# FORMS OF ADVERBS
# ကြိယာဝိသေသနများ၏ ပုံသဏ္ဍာန်များ

၁။ ဝ. ၂ရှိ ကြိယာဝိသေသနတွေရဲ့ ပုံသဏ္ဍာန်ဟာ နာမဝိသေသနတွေရဲ့ ပုံသဏ္ဍာန်နဲ့ အတူတူပဲ ဖြစ်ပါတယ်။ ဝါကျအတွင်း ထည့်သွင်းရေးသားတဲ့ အသုံးအနှုန်းပေါ်မှာ မူတည်ပြီး (**adj**) နဲ့ (**adv**) တို့ကို ခွဲခြားရပါတယ်။

| | | | |
|---|---|---|---|
| loud | (adj) | = | ကျယ်လောင်သော |
| | (adv) | = | ကျယ်လောင်စွာ |
| high | (adj) | = | မြင့်သော |
| | (adv) | = | မြင့်စွာ |
| low | (adj) | = | နိမ့်သော |
| | (adv) | = | နိမ့်စွာ |
| late | (adj) | = | နောက်ကျသော |
| | (adv) | = | နောက်ကျစွာ |
| enough | (adj) | = | လုံလောက်သော |
| | (adv) | = | လုံလောက်စွာ |

- The bomb exploded with a ***loud*** noise. (adj)
- They laughed ***loud***. (adv)
- That is a ***high*** building. (adj)
- We have to climb ***high***. *(adv)*

၂။ တချို့ကြိယာဝိသေသနတွေမှာ ပုံသဏ္ဍာန် (၂) မျိုးရှိပါတယ်။ ပုံသဏ္ဍာန် တစ်မျိုးက (**adjective**) ပုံစံအတိုင်းဖြစ်ပြီး၊ နောက်ပုံစံတစ်မျိုးက "**ly**" နဲ့ ဆုံးတဲ့ ပုံသဏ္ဍာန်ဖြစ်ပါတယ်။ အဓိပ္ပာယ် အားဖြင့် တူပါတယ်။

They talk very loud.
They talk very loudly.

တခါတရံ ကျတော့၊ အဲဒီ ပုံသဏ္ဍာန် (၂)မျိုးမှာ သီးခြား အဓိပ္ပာယ်တွေ ထွက်နေတာလဲ ရှိတတ်ပါတယ်။

| | | |
|---|---|---|
| late | = | နောက်ကျစွာ |
| lately | = | မကြာမီက |
| short | = | တိုတောင်းစွာ |
| shortly | = | မကြာမီ |

| | | |
|---|---|---|
| high | = | မြင့်စွာ |
| highly | = | များစွာ၊ အားကြီးစွာ |
| hard | = | ပြင်းထန်စွာ |
| hardly | = | အနိုင်နိုင်၊ ခဲယဉ်းစွာ |
| near | = | နီးစွာ၊ အနီးအနား |
| nearly | = | မျှလောက်၊ လုနီးပါး |
| just | = | ယခုလေးတွင်၊ ရုံမျှ |
| justly | = | တရားမျှတစွာ |

၃။ တချို့ ကြိယာဝိသေသနတွေကတော့ ဝိဘတ် (**Preposition**) ရဲ့ နောက်မှာထားပြီး နာမ် (**Noun**) အဖြစ်နဲ့ အသုံးပြုပါတယ်။

- They are living far from ***here***. (= this place)
- She will come from ***there***. (= that place)
- The rain comes from ***above*** (= over one's head)

၄။ တချို့ ကြိယာဝိသေသနတွေကိုတော့ (**adjective**) အဖြစ် အသုံးပြုပါတယ်။ အဲဒီလို သုံးတဲ့အခါ (**adverb**) ရဲ့ နောက်မှာ (**Present Participle** သို့ **Past Participle** သို့မဟုတ် **Adjective**) တစ်ခုခုကို မြှုပ်ထားတယ်ဆိုတာကိုတော့ သတိပြုရပါမယ်။

| | | | |
|---|---|---|---|
| **ဥပမာ** | up | = | အထက်သို့၊ (တက်လျက်) |
| | down | = | အောက်သို့၊ (ဆင်းလျက်) |
| | then | = | ထိုအခါ၊ ထို့နောက် |
| | far | = | များစွာ၊ ဝေးကွာစွာ |

The up train = The up-going train
အထက် (အရပ်ဒေသ သို့သွားသော) အဆန်မီးရထား
- The down train = The down-going train.
အောက် (အရပ်ဒေသ သို့သွားသော) အစုန်မီးရထား
- The then king = The then reigning king.
ထိုအခါက (အုပ်စိုးနေသော) ဘုရင်
- A far country = A far distant country
များစွာဝေးကွာသော တိုင်းပြည်တစ်ပြည်

၅။ အောက်က ဝါကျတွေမှာ "**The**" ကို (**definite article**) အဖြစ်နဲ့သုံးတာ မဟုတ်ပါဘူး။ ပြန်ညွှန်း ကြိယာဝိသေသနအဖြစ်နဲ့ သုံးထားတာ ဖြစ်ပါတယ်။ (**Parallel Structure**) ဖြစ်ပါတယ်။
**The** ရဲ့ နောက်မှာ အလတ်စား နာမဝိသေသန (သို့) အလတ်စား ကြိယာဝိသေသနကိုထားပြီး ရေးသားလေ့ရှိပါတယ်။



- the richer, the greedier.
ချမ်းသာလေလေ၊ လောဘကြီးလေလေ။
- The less we read, the less we know.
စာဖတ်နည်းလေ၊ အသိနည်းလေ။
- The angrier she gets, the redder her face **turns.**
**စိတ်ဆိုးလေလေ၊ မျက်နှာနီလေလေ။**

၆။ အချိန်၊ နေရာ၊ အကွာအဝေး၊ အလေးချိန်၊ အတိုင်းအတာ၊ တန်ဖိုး၊ အဆင့်အတန်းကို ဖော်ပြတဲ့ နာမ် (**Noun**) တွေကိုလည်း၊ ကြိယာဝိသေသနအဖြစ်နဲ့ အသုံးပြုနိုင်ပါတယ်။

- They went ***home***. (နေရာ)
သူတို့ အိမ်သို့ (ပြန်) သွားခဲ့သည်။
- The work will last a ***week***. (အချိန်)
အလုပ်သည် တစ်ပတ်ကြာလိမ့်မည်။
- The longyi is worth ***fifty kyats***. (တန်ဖိုး)
လုံချည်က ငါးဆယ်ကျပ်တန်တယ်။
- We shall walk ***five miles***. (အကွာအဝေး)
ကျွန်တော်တို့ ငါးမိုင် လမ်းလျှောက်မယ်။
- This car weighs ***one ton***. (အလေးချိန်)
ဒီကားက တစ်တန်လေးတယ်။

# CHAPTER XVII

# COMPARISON OF ADVERBS

# COMPARISON OF ADVERBS
# ကြိယာဝိသေသနများကို နှိုင်းယှဉ်ခြင်း

အချို့ကြိယာဝိသေသန (**adverb**) တွေရဲ့ ဂုဏ်၊ အခြေအနေ၊ အချိန်ပြပုဒ်တွေနဲ့စပ်လျဉ်းပြီး နှိုင်းယှဉ်တာကို **Comparison of Adverb** လို့ ခေါ်ပါတယ်။

အဲဒီလို နှိုင်းယှဉ်တဲ့အခါမှာ နှိုင်းယှဉ်ခြင်း၊ အဆင့်အတန်း (**Degree of Comparison**) သုံးမျိုးရှိပါတယ်။

1. **Positive Degree** = အနိမ့်စား
2. **Comparative Degree** = အလတ်စား
3. **Superlative Degree** = အမြင့်စား တို့ဖြစ်ကြပါတယ်။

## FORMATION OF DEGREE OF COMPARISON
## (ဒီဂရီတစ်မျိုးမှ တစ်မျိုးသို့ပြောင်းနည်း)

၁။ **Syllable** (ဝဏ္ဏ) အသံတစ်သံသာထွက်တဲ့ ကြိယာဝိသေသနတွေကို အလတ်စားပြောင်းရင် "**er**" ပေါင်းထည့်ပေးပြီး၊ အမြင့်စားပြောင်းရင် "**est**" ပေါင်းထည့်ပေးရပါတယ်။

| ***Positive*** | ***Comparative*** | ***Superlative*** |
|---|---|---|
| hard | harder | hardest |
| ပြင်းထန်စွာ | ပို၍ပြင်းထန်စွာ | အပြင်းထန်ဆုံး |
| soon | sooner | soonest |
| မကြာမီ၊ မကြာခင်၊ မြန်စွာ | (ပို၍) မြန်စွာ | အမြန်ဆုံး |
| fast | faster | fastest |
| လျှင်မြန်စွာ | ပို၍လျှင်မြန်စွာ | အလျှင်မြန်ဆုံး |
| long | longer | longest |
| ရှည်ကြာစွာ | ပို၍ရှည်ကြာစွာ | အရှည်ကြာဆုံး |

၂။ "**ly**" နဲ့ အဆုံးသတ်တဲ့၊ ကြိယာဝိသေသန စကားလုံးတွေဆိုရင်တော့ အလတ်စားအတွက် **more** နဲ့ အမြင့်စားအတွက် **most** တို့ကို ထည့်သွင်းပေါင်းစပ်ပေးရပါတယ်။

| *Positive* | *Comparative* | *Superlative* |
|---|---|---|
| quickly | more quickly | most quickly |
| လျင်မြန်စွာ | ပို၍လျင်မြန်စွာ | အလျင်မြန်ဆုံး |
| neatly | more neatly | most neatly |
| သေသပ်စွာ | ပို၍သေသပ်စွာ | အသေသပ်ဆုံး |
| loudly | more loudly | most loudly |
| ကျယ်လောင်စွာ | ပို၍ကျယ်လောင်စွာ | အကျယ်လောင်ဆုံး |

**ခြွင်းချက်**

**early** = စောစွာဆိုတဲ့ (**adverb**) ကိုတော့ အလတ်စားနဲ့ အမြင့်စားပြောင်းတဲ့အခါ **earlier, earliest** အဖြစ် ပြောင်းရကြောင်း မှတ်ထားစေချင်ပါတယ်။

၃။ အောက်မှာ ဖော်ပြထားတဲ့ ကြိယာဝိသေသနတွေကတော့ (**Irregular Comparisons**) တွေဖြစ်တဲ့အတွက် သီးသန့်ကျက်မှတ်ထားဖို့ လိုပါတယ်။

| *Positive* | *Comparative* | *Superlative* |
|---|---|---|
| well | better | best |
| ကောင်းစွာ | ပို၍ကောင်းစွာ | အကောင်းဆုံး |
| ill (badly) | worse | worst |
| ဆိုးရွားစွာ (မကောင်းစွာ) | ပို၍ဆိုးရွားစွာ | အဆိုးရွားဆုံး |
| much | more | most |
| များစွာ | ပို၍များစွာ | အများဆုံး |
| little | less | least |
| နည်းစွာ | ပို၍ နည်းစွာ | အနည်းဆုံး |
| near | nearer | next |
| နီးစွာ | ပို၍နီးစွာ | အနီးဆုံး |
| far | (farther)(further) | (farthest)<br>(furthest) |
| ဝေးစွာ | ပို၍ဝေးစွာ | အဝေးဆုံး |
| late | later | last |
| နောက်ကျစွာ | သာ၍နောက်ကျစွာ | နောက်အကျဆုံး<br>(နောက်ဆုံး) |



## POSITION OF ADVERBS (ADVERB ORDER)

ကြိယာဝိသေသန (**Adverb**) တွေမှာ **Place, Manner, Time** စသည်ဖြင့် အမျိုးမျိုးရှိကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။

အဲဒီလို အမျိုးမျိုးရှိတဲ့ ကြိယာဝိသေသနတွေကို ဝါကျတစ်ခုအတွင်းမှာ ထည့်သွင်းရေးသားတော့မယ်ဆိုရင် ရေးချင်သလိုရေးလို့ မရပါဘူး။ (သူ့အစီအစဉ်နဲ့သူ ရေးရပါတယ်)

**Frequency Adverb** နဲ့ အချို့သော **Special Adverb (only, just)** စသည်တွေက လွဲရင်

ဝါကျရဲ့အဆုံး (နောက်ဘက်) ကနေပြီး ကံ (object) ပါရင် ကံရဲ့နောက်က ကံမပါရင် ကြိယာရဲ့နောက်က **Manner, Place, Time** အစဉ်လိုက်ရေးရပါတယ်။

ဥပမာ
1. He wrote an essay ***neatly in class yesterday***. (M.P.T.)
2. He played ***beautifully in the concert last night***. (M.P.T.)
3. He was working ***very hard at office all day yesterday***. (M.P.T.)

**ဒါပေမယ့်...**

go = သွားသည်၊ come = လာသည်၊ leave = ထွက်ခွာသွားသည် စတဲ့ **verbs of movement** သွားလာလှုပ်ရှားမှုပြ (ရွေ့လျားမှုပြ) ကြိယာတွေနဲ့ရေးဖွဲ့တဲ့ ဝါကျဆိုရင်တော့ နေရာပြ ကြိယာဝိသေသန (Adverb of Place) ကို ကြိယာရဲ့နောက်ကထားပြီး Place, Manner, Time, Reason စတဲ့ အစီအစဉ်အတိုင်း အတွဲပြုရေးသားရပါတယ်။

ဥပမာ
1. He went ***to school by bus***. (P.M)
2. He went ***to school by bus yesterday***. (P.M.T.)
3. He went ***to school by bus yesterday to learn his lessons***. (P.M.T.Reason)
4. He left for ***Mandalay by train***. (P.M)
5. He left for ***Mandalay by train last week***. (P.M.T.)
6. He left for ***Mandalay by train last week to see his friends***. (P.M.T.R)

> - The normal position of adverbs is at the end of a sentence, in the order Manner, Place and Time.
>
> - With verbs of movements, the adverb of place acts as a kind of object notionally, and come immediately after the verb.
>
> **e.g.** He went to the station by taxi.
>
> *LIVING ENGLISH STRUCTURE (PAGE. 11)*

## သတိပြုဖို့

**Adverb of Time** (အချိန်ပြကြိယာဝိသေသန) ကို ဝါကျရဲ့ရှေ့ဆုံးမှာ (သို့) နောက်ဆုံးမှာထားပြီး ရေးရပါတယ်။

ဥပမာ - ***Yesterday***, I saw him.
- I saw him ***yesterday***.

ဒါပေမယ့် ဝါကျတစ်ခုအတွင်းမှာ အထူးပြုဖော်ပြရမယ့် (adverb) တွေ သိပ်များနေရင်တော့ ဝါကျရဲ့ရှေ့ဆုံးမှာထားပြီးရေးရင် ပိုပြီးသင့်တော်ပါတယ်။

ဥပမာ

***Last year***, he travelled to ***Japan by air twice to attend a conference.***
T P M F R

အချိန်ပြပုဒ် (၂) ခု (၃) ခု တပြိုင်နက်တည်း ပါနေရင် ပိုပြီးတိကျသေချာတဲ့အချိန်ပြ ပုဒ်တွေကို ရှေ့ကထားပြီး၊ ယေဘုယျကျတဲ့ အချိန်ပြပုဒ်တွေကိုတော့ နောက်ကထားပြီး ရေးရပါတယ်။

ဥပမာ 1. I saw her ***at 8 o'clock this morning.***
2. I was born ***at 9 o'clock on November 27, in the year 1942.***

> The more particular expressions of time come before the more general.
>
> **e.g.** He was born at six o'clock on Christmas morning in the year 1822.
>
> *LIVING ENGLISH STRUCTURE (PAGE. 12)*

နေရာပြပုဒ် (၂) ခု (၃) ခု တပြိုင်နက်တည်း ပါနေရင်လဲ ကျဉ်းတဲ့နေရာကို ရှေ့က ကျယ်တဲ့နေရာကို နောက်ကထားပြီး ရေးသားရပါတယ်။

ဥပမာ Bo Aung San was born *at Natmauk in Magway district.*



# CHAPTER XVIII

# MID-POSITION ADVERBS

# MID-POSITION ADVERBS
## ဝါကျ၏အလယ်တွင်ထား၍ ရေးရသော ကြိယာဝိသေသနများ

**Adverb of Time** အချိန်ပြ ကြိယာဝိသေသနကဏ္ဍတုန်းက အချိန်ပြပုဒ် (**adv**) ကလေးတွေကို ဝါကျရဲ့ရှေ့ဆုံးမှာဖြစ်စေ၊ နောက်ဆုံးမှာဖြစ်စေ ထားပြီးတော့ ရေးရကြောင်း ရှင်းပြခဲ့ပြီး ဖြစ်ပါတယ်။ ဒါပေမယ့် **always, never, sometimes, often** စတဲ့ ကြိယာဝိသေသနတွေကို ဝါကျတစ်ခုအတွင်း ထည့်သွင်းရေးသားတဲ့အခါမှာတော့ (**Subject**) ကတ္တားနဲ့ (**Verb**) ကြိယာရဲ့ ကြားမှာထားပြီး ရေးသားရပါတယ်။

အဲဒီလို ဝါကျရဲ့အလယ်မှာထားပြီး ရေးသားရတဲ့အတွက် သူတို့ကို **Mid-position Adverbs** တွေလို့ ခေါ်တာဖြစ်ပါတယ်။

**Mid-position adverb** တွေကတော့

| | | |
|---|---|---|
| always | = | အစဉ်အမြဲ၊ ထာဝရ |
| never | = | ဘယ်ခါမှ၊ ဘယ်တော့မှ |
| nearly always | = | အမြဲလိုလို |
| usually | = | လေ့...ရှိသည် |
| often | = | မကြာခဏ |
| sometimes | = | တစ်ခါတစ်ရံ |
| occasionally | = | တစ်ခါတစ်ရံ |
| hardly | = | အနိုင်နိုင်၊ ခဲယဉ်းစွာ |
| rarely | = | ရှားရှားပါးပါး၊ ခဲယဉ်းစွာ |
| seldom | = | ဖြစ်တောင့်ဖြစ်ခဲ၊ ခဲယဉ်းစွာ |
| generally | = | အများအားဖြင့် |

အဲဒီ **Mid-position adverb** တွေကို ဝါကျအတွင်း ထည့်သွင်းရေးသား တဲ့အခါ အဲဒီ ဝါကျမှာ ရေးဖွဲ့ထားတဲ့ ကြိယာအမျိုးအစားကို သတိပြုရပါတယ်။

** am, is, are စတဲ့ verb to be တွေနဲ့ ရေးဖွဲ့ထားတဲ့ ဝါကျတွေ၊

** will, would, shall, should, can, could စတဲ့ အကူကြိယာတွေနဲ့ ရေးဖွဲ့ထားတဲ့ ဝါကျတွေဆိုရင် -

**Verb to be** တို့ အကူကြိယာတို့ရဲ့ နောက်မှာထားပြီး Mid-position adverb ကို ရေးရပါတယ်။

ဥပမာ I am ***always*** happy.
She is ***never*** late.
We are ***often*** early.
You must ***always*** try your best.

** has, have, had စတဲ့ Verb to have တွေနဲ့ ရေးဖွဲ့ထားတဲ့ ဝါကျတွေ၊

** go, eat, sleep စတဲ့ Verb to do တွေနဲ့ ရေးဖွဲ့ထားတဲ့ ဝါကျတွေဆိုရင် -

**Verb to have** တို့ **Verb to do** တို့ရဲ့ ရှေ့မှာထားပြီး Mid-position adverb ကို ရေးရပါတယ်။

ဥပမာ **She *often* has a headache.**
**I *usually* have tea before I go to bed.**
**She *always* has pretty clothes.**
**I *sometimes* go to school by bus.**
**He *seldom* drinks tea or coffee.**
**They *never* walk to work.**

**Perfect Tense (verb to have + V3)** နဲ့ ရေးဖွဲ့ထားတဲ့ ဝါကျတွေဆိုရင်တော့ **Verb to have** ရဲ့ နောက်မှာထားပြီး ရေးရပါတယ်။

ဥပမာ I have ***never*** been to Ngapali.
She has ***never*** told me about this.

**သတိပြုဖို့**

**Mid-position adverb** တွေထဲက **never, hardly ever, rarely, seldom** ဆိုတဲ့ စကားလုံးလေးတွေဟာ ငြင်းဆိုအဓိပ္ပာယ် ထွက်ပါတယ်။

never = at no time
hardly ever = almost never
rarely = almost never
seldom = almost never

အဲဒီစကားလုံးလေးတွေကိုယ်တိုင်က ငြင်းဆိုစကားလုံးလေးတွေဖြစ်နေတဲ့ အတွက် ဝါကျတစ်ခုအတွင်း ထည့်သွင်းရေးသားတဲ့အခါ **do not, does not** စတဲ့ အခြား ငြင်းဆိုစကားလုံးလေးတွေနဲ့ ယှဉ်တွဲ ပြီး မရေးသားရပါဘူး။

- She ***does not never*** tell lies.
- I ***don't hardly*** *ever* watch television.
- He ***doesn't rarely*** go to the library.

စသည်ဖြင့် အခြားငြင်းဆိုစကားလုံးလေးတွေနဲ့ ယှဉ်တွဲပြီးရေးသားရင် မှားပါတယ်။

ငြင်းဆိုအဓိပ္ပာယ်မထွက်တဲ့ **always, usually, generally, often, sometimes** စတဲ့ စကားလုံးလေးတွေကိုတော့ **"not"** နဲ့ ယှဉ်တွဲပြီး ရေးသားနိုင်ပါတယ်။



အဲဒီစကားလုံးလေးတွေကို ငြင်းဆိုပုံစံနဲ့ သုံးတဲ့အခါ.....

1. not always = often
အစဉ်အမြဲမဟုတ် = မကြာမကြာ
2. not usually = seldom
usually...not
not generally
(လုပ်) လေ့ (လုပ်ထ) မရှိ = (လုပ်)ခဲသည်
3. not often = occasionally
မကြာခဏမဟုတ် = တစ်ခါတစ်ရံ (အခါအားလျော်စွာ)
4. sometimes...not = sometimes
တစ်ခါတစ်ရံ (မလုပ်) = တစ်ခါတစ်ရံ (လုပ်)

ဥပမာ He **doesn't always** drink tea.
သူက လက်ဖက်ရည်ကို အမြဲသောက်တာ မဟုတ်ဘူး။ (ဆိုတဲ့ဝါကျဟာ)

He **often** drinks tea.
သူ လက်ဖက်ရည်ကို (အမြဲတမ်းသောက်တာ မဟုတ်ပေမယ့်) မကြာခဏ သောက်တယ်...လို့ အဓိပ္ပာယ်ရပါတယ်။

အောက်က ဝါကျလေးတွေကို လေ့လာကြည့်ပါဦး။

1. They ***don't usually*** eat meat.
= They ***seldom*** eat meat.
2. He ***usually doesn't*** forget things.
= He ***seldom*** forgets things.
3. I ***don't often*** go to the park.
= I ***occasionally*** go to the park.
4. She ***sometimes doesn't*** do the homework.
= She ***sometimes*** does the homework.

| | | | |
|---|---|---|---|
| 100% | always | ..... | I always play tennis on Saturday. |
| 80% | nearly always | ..... | I nearly always walk to work. |
| | usually | ..... | I usually walk to work. |
| | generally | ..... | I generally walk to work. |
| 60% | often | ..... | I often eat fish. |
| | not always | ..... | I don't always eat fish. |

| | | |
|---|---|---|
| 100 % | always | ..... I always play tennis on Saturday. |
| 80 % | nearly always | ..... I nearly always walk to work. |
| | usually | ..... I usually walk to work. |
| | generally | ..... I generally walk to work. |
| 60 % | often | ..... I often eat fish. |
| | not always | ..... I don't always eat fish. |
| 50 % | sometimes | ..... I sometimes drink coffee. |
| | sometimes ... not | ..... I sometimes don't drink coffee. |
| 40 % | occasionally | ..... I occasionally go to the library. |
| | not often | ..... I don't often go to the library. |
| 20 % | seldom | ..... I seldom drive a car. |
| | rarely | ..... I rarely drive a car. |
| | hardly ever | ..... I hardly ever drive a car. |
| | not generally | ..... I don't generally drive a car. |
| | generally ... not | ..... I generally don't drive a car. |
| | not usually | ..... I don't usually drive a car. |
| | usually ... not | ..... I usually don't drive a car. |
| 0 % | never | ..... I never go swimming on Saturday. |

*MODERN ENGLISH (PAGE. 39)*
*NEILE OSMAN*

*Exercise No. (65)*

**Put the mid-position adverb in the correct place.**

1. Ni Ni works hard. (always)
2. She goes to the pictures. (never)
3. He listens to the radio. (often)
4. Nyo Nyo washes the clothes every week-end. (sometimes)
5. They have their dinner at five o'clock. (usually)
6. They are at home at night. (always)
7. I don't see my friend Yi Yi. (often)
8. The girl is late for school. (generally)
9. She is early for work. (usually)
10. I read three books a week. (always)
11. The poor old woman has new clothes. (never)
12. He arrives at work early. (rarely)
13. I have a shower before I go to school. (always)
14. He leaves home early. (usually)
15. He doesn't walk to his office. (always)

❖❖❖



# CHAPTER XIX

# PREPOSITIONS

# PREPOSITIONS
# ဝိဘတ်၊ ဦးစီးပုဒ်

**Preposition** ဆိုတာ **Pre** (ရှေ့က၊ မတိုင်မီ) ဆိုတဲ့ စကားလုံးနဲ့ **Position** (အနေအထား) ဆိုတဲ့ စကားလုံးနှစ်လုံးကို ပေါင်းစပ်ထားတာဖြစ်ပါတယ်။

**Preposition** ဝိဘတ် (သို့) ဦးစီးပုဒ်ဆိုတာ နာမ် (သို့) နာမ်စားတစ်ခုခုရဲ့ရှေ့မှာရှိပြီးတော့ အဲဒီနာမ် (သို့) နာမ်စားဟာ အခြား (အရာဝတ္ထု) နာမ် (သို့) နာမ်စားတွေနဲ့ ဘယ်ပုံဘယ်နည်း ရပ်တည်ဆက်သွယ်တယ်လို့ ဖော်ပြတဲ့ စကားလုံးလေးတွေဖြစ်ပါတယ်။

ဥပမာ The girl is **under** a tree.
မိန်းကလေးသည် သစ်ပင်အောက်မှာရှိသည်။
The book is **on** the table.
စာအုပ်သည် စားပွဲပေါ်မှာ ရှိသည်။

အပေါ်ကဥပမာတွေမှာ **under** နဲ့ on ဆိုတဲ့ စကားလုံးလေးတွေဟာ မိန်းကလေးနဲ့သစ်ပင်၊ စာအုပ်နဲ့စားပွဲ ဘယ်ပုံဘယ်နည်း ဆက်သွယ်ရပ်တည်နေတာကို ဖော်ပြတဲ့ **Preposition** လေးတွေဖြစ်ပါတယ်။

## KINDS OF PREPOSITIONS

အဲဒီ ဝိဘတ်၊ ဦးစီးပုဒ်ကလေးတွေကို အောက်မှာဖော်ပြထားတဲ့အတိုင်း အမျိုးအစားတွေ ခွဲခြားနိုင်ပါတယ်။

1. Simple Prepositions = (အသုံးများသော) ရိုးရိုးဝိဘတ်များ
2. Compound Prepositions = ဝိဘတ်တွဲများ
3. Double Prepositions = နှစ်ထပ်ဝိဘတ်များ
4. Prepositional Phrases = ပုဒ်စုအဖြစ်တွဲဖက်ထားသောဝိဘတ်များ

## SIMPLE PREPOSITIONS
## (အသုံးများသော ရိုးရိုးဝိဘတ်များ)

in = အထဲမှာ
on = အပေါ်မှာ
at = တွင်၊ ၌၊ မှာ၊ ဝယ်
with = နှင့်အတူ

| | | |
|---|---|---|
| of | = | ၏၊ အကြောင်း၊ အနက် |
| off | = | ပေါ်မှ၊ (ကင်း) ကွာ၍ |
| over | = | အပေါ်တွင် |
| up | = | အပေါ်၊ တက်၍ |
| to | = | သို့ |
| from | = | မှ၊ က |
| by | = | အနားတွင် |
| near | = | အနားတွင် |
| under | = | အောက်တွင် |
| round | = | ပတ်ဝိုင်း၍၊ ဝိုင်း၍ (စသည်ဖြင့်) |

## COMPOUND PREPOSITIONS (ဝိဘတ်တွဲများ)

| | | |
|---|---|---|
| about | = | မျှလောက်၊ အနီးအနား၊ တစ်ဝိုက်တွင် |
| above | = | အပေါ်တွင် |
| along | = | တစ်လျှောက် |
| across | = | ဖြတ်၍၊ ကန့်လန့်ဖြတ်၍ |
| around | = | ပတ်လည်တွင်၊ ဝိုင်း၍၊ လှည့်၍ |
| before | = | ရှေ့တွင် |
| below | = | အောက်တွင် |
| beneath | = | အောက်တွင် |
| beside | = | နံဘေးတွင်၊ အနားတွင် |
| besides | = | အပြင်၊ ထို့ပြင်၊ ၄င်းပြင် |
| between | = | ကြားတွင် |
| beyond | = | လွန်၍၊ တစ်ဖက်တွင် |
| into | = | အထဲသို့ |
| outside | = | ပြင်ဘက်တွင် |
| toward, towards | = | ဆီသို့၊ ဘက်ဆီသို့ |
| throughout | = | တစ်လျှောက်လုံး |
| underneath | = | အောက်တွင် |
| upon | = | အပေါ်တွင် |
| within | = | အတွင်းတွင် |
| without | = | အပြင်ဘက်တွင်၊ အပြင်တွင် (စသည်ဖြင့်) |



**Compound preposition:** A large number of prepositions are formed by prefixing a preposition to a noun, or to an adjective used substantively. Thus, "amid" means "in the middle", and "beside" means "by the side". The chief prepositions of this class are: into, throughout, upon, behind, below, beyond, without, within, into, etc.

*PRACTICAL HINTS ON PREPOSITION (PAGE. 6)*
*MICHAEL VELOO & MING-SZE FUNG*

## DOUBLE PREPOSITIONS (နှစ်ထပ်ဝိဘတ်များ)

| | | |
|---|---|---|
| along with | = | အတူတကွ။ |
| from among | = | အထဲမှ |
| from behind | = | နောက်မှ |
| from beyond | = | အလွန်မှ |
| from under | = | အောက်မှ |
| round about | = | တစ်ဝိုက်ပတ်လည်တွင်(စသည်ဖြင့်) |

**Double Prepositions:** Sometimes it is necessary to use double prepositions (not joined as in compound prepositions) in composition to bring out the meaning clearly; such as "over against", "from above", "out of," etc.

**e.g.** I saw a wild boar come rushing out from among the bushes.

*PRACTICAL HINTS ON PREPOSITION (PAGE. 6)*
*MICHAEL VELOO & MING-SZE FUNG*

## PREPOSITIONAL PHRASES:
## (ပုဒ်စုအဖြစ် တွဲဖက်ထားသော ဝိဘတ်များ)

according to = အလိုအရ၊ အတိုင်း၊ နှင့်အညီ
because of = ကြောင့်
at the end of = အကုန်တွင်၊ အဆုံးတွင်
for the sake of = အတွက်
for want of = လိုသောကြောင့်
in front of = ရှေ့တွင်
in search of = ရှာဖွေရန်
in spite of = ရှိလျက်သားနှင့် (သော်ငြားလည်း)
instead of = အစား
on behalf of = ကိုယ်စား(စသည်ဖြင့်)

## USES OF SOME PREPOSITIONS
## (ဝိဘတ်အချို့၏ အသုံးအနှုန်းများ)

*ON, IN, AT, TO, TOWARD, INTO, THROUGH, OUT OF, FROM*
တို့၏ အသုံးများ

on = တစ်ခုခုရဲ့အပေါ်မှာ (ထိပြီး) တည်ရှိခြင်းကို ဖော်ပြပါတယ်။
There is a book ***on*** the table.
စားပွဲ **ပေါ်** မှာ စာအုပ်တစ်အုပ်ရှိသည်။

in = တစ်ခုခုရဲ့အတွင်းမှာ တည်ရှိခြင်းကို ဖော်ပြပါတယ်။
There is a girl ***in*** the house.
အိမ် **ထဲ** မှာ မိန်းကလေးတစ်ယောက်ရှိသည်။

at = တစ်နေရာရာမှာ တည်ရှိခြင်းကို ဖော်ပြပါတယ်။
A man is standing ***at*** the door.
လူတစ်ယောက်သည် တံခါး **မှာ** ရပ်နေသည်။

to = သွားတဲ့နေရာကို ဖော်ပြပါတယ်။
He goes ***to*** school.
သူ ကျောင်း **သို့** သွားသည်။

toward = သွားတဲ့ဘက်ကို ဖော်ပြပါတယ်။
He goes toward the school.
သူကျောင်း (ရှိရာ) ဘက်ဆီသို့ သွားသည်။



into = အထဲသို့ ဝင်သွားခြင်းကို ဖော်ပြပါတယ်။
The cat ran ***into*** the kitchen.
ကြောင်သည် မီးဖို **ထဲသို့** ဝင်ပြေးခဲ့သည်။

through = နေရာတစ်ခုသို့ ဖြတ်သန်းသွားခြင်းကို ဖော်ပြပါတယ်။
The soldiers marched ***through*** the forest.
စစ်သားများသည် သစ်တောကို **ဖြတ်သန်း၍** ချီတက်ခဲ့ကြသည်။

out of = အတွင်းမှ ထွက်လာခြင်းကို ဖော်ပြပါတယ်။
The students went ***out of*** the school.
ကျောင်းသားများသည် ကျောင်း**၏ အပြင်သို့** ထွက်သွားခဲ့ကြသည်။

from = တစ်နေရာရာမှ ထွက်ခွာလာခြင်းကို ဖော်ပြပါတယ်။
They came back ***from*** Mandalay.
သူတို့သည် မန္တလေး **မှ** ပြန်လာခဲ့ကြသည်။

## WITH နှင့် BY

*WITH* = နှင့်

ကိစ္စတစ်စုံတစ်ရာကို ဆောင်ရွက်ပြုလုပ်တဲ့အခါမှာ အသုံးပြုတဲ့ ကိရိယာတန်ဆာပလာ (instrument) ကို ဖော်ပြဖို့အတွက် သုံးပါတယ်။

*BY* = အားဖြင့်

ပြုလုပ်သူ (agent) ကို ဖော်ပြဖို့အတွက် သုံးပါတယ်။

ဥပမာ

1. This letter was written ***by*** me **with** a pen.
   ဒီစာကို မင်တံတစ်ချောင်းနဲ့ ကျွန်တော် (အားဖြင့်) ရေးတယ်။
2. The dog was bound ***with*** a rope **by** the man.
   ခွေးကို လူကြီးက ကြိုးတစ်ချောင်းနဲ့ ချည်နှောင်ထားတယ်။
3. The fields were ploughed ***by*** the farmer **with** the help of his plough and oxen.
   လယ်ကွင်းတွေကို ထွန်တုံး၊ နွားတို့ရဲ့အကူအညီနဲ့ လယ်သမားက ထွန်တယ်။

## BETWEEN နှင့် AMONG

*BETWEEN* = **ကြားတွင်၊ စပ်ကြားတွင်**

နှစ်ခုကြား၊ နှစ်ယောက်ကြား၊ စသည်ဖြင့် အရေအတွက်နှစ်ခုကို ရည်ညွှန်းပြောဆိုတဲ့အခါမှာ သုံးပါတယ်။

*AMONG* = **ကြားတွင်၊ အတွင်းတွင်**

နှစ်ခု၊ နှစ်ယောက်ထက် ပိုမိုတဲ့အရေအတွက်ကို ရည်ညွှန်းပြောဆိုတဲ့အခါမှာ သုံးပါတယ်။

ဥပမာ
1. The girl is sitting ***between*** her two friends.
   မိန်းကလေးသည် သူငယ်ချင်းနှစ်ယောက် **ကြားမှာ** ထိုင်နေသည်။
2. The girl is sitting ***among*** her friends.
   မိန်းကလေးသည် (နှစ်ယောက်ထက်ပိုသော) သူငယ်ချင်းများ **ကြားတွင်** ထိုင်နေသည်။
3. Divide these mangoes ***between*** the two of you.
   ဒီသရက်သီးတွေကို မင်းတို့နှစ်ယောက် ခွဲဝေ (ယူ) ကြ။
4. Divide these mangoes ***among*** the four of you.
   ဒီသရက်သီးတွေကို မင်းတို့ (၄) ယောက် ခွဲဝေ (ယူ) ကြ။

## IN နှင့် INTO

*IN* = **အထဲမှာ**

အရာဝတ္ထု တစ်စုံတစ်ခုအတွင်း (ငြိမ်သက်စွာ) တည်ရှိတဲ့ အရာဝတ္ထုတွေနဲ့ပတ်သက်ပြီး ဖော်ပြ တဲ့အခါမှာ သုံးပါတယ်။

*INTO* = **အထဲသို့**

တစ်စုံတစ်ခု၊ တစ်နေရာရာရဲ့ အထဲသို့ (ရောက်ရှိသွားကြောင်း) ဖော်ပြတဲ့အခါမှာ သုံးပါတယ်။

ဥပမာ
1. The girl is ***in*** the room.
   မိန်းကလေး အခန်း **ထဲ** မှာရှိတယ်။



2. He went **into** the room.
   သူ အခန်း **ထဲသို့** ဝင်သွားခဲ့တယ်။
3. Tha cat slept ***in*** the room but the dog followed me ***into*** the garden.
   ကြောင်က အခန်းထဲမှာ အိပ် (နေ) ခဲ့တယ်၊ ခွေးကတော့ ကျွန်တော့်နောက် ခြံ **ထဲသို့** လိုက်လာခဲ့တယ်။

## IN နှင့် WITHIN

*IN* = **အတွင်းတွင် (အချိန်ပြ)**

*WITHIN* = **ကြားတွင်၊ စပ်ကြားတွင်**

ဒီဝါကျမှာ Subject က diamonds မဟုတ်ဘူး။ အဲဒီစိန်တွေရဲ့အရည်အသွေး quality သာ ဖြစ်ပါတယ်။ ဒါကြောင့် ***is*** ကို သုံးရပါတယ်။

●

၁၁ **after** = ပြီးနောက် ***in addition to*** = စတဲ့ စကားလုံးလေးတွေကို (**Subject**) ကကြား အနည်းကိန်းတွေနဲ့ တွဲဖက်ပြီးရေးသားမယ်ဆိုရင်လဲ (**Verb**) ကြိယာအနည်းကိန်း သုံးရပါ တယ်။

ဥပမာ

1. Man ***after*** man ***was*** allowed to go.
   ယောက်ျားကြီးတွေ တစ်ယောက်ပြီးတစ်ယောက်ကို သွားခွင့်ပြုခဲ့တယ်။
2. Year **after** year ***comes*** and ***goes***.
   တစ်နှစ်ပြီးတစ်နှစ် ရောက်လာလိုက်၊ ကုန်သွားလိုက်ပါပဲ။

●

### *Exercise No. (72)*

**Fill in the blanks with the correct form of the verbs.**

ကြိယာပုံစံမှန်ဖြင့် ကွက်လပ်ဖြည့်ပါ။

| | | |
|---|---|---|
| 1. | (want) | Each of the students ............. to pass the examination. |
| 2. | (be) | A thing of beauty ............. a joy for ever. |
| 3. | (admire) | Everybody ............. the scenery. |
| 4. | (be) | Every one of them ............. correct. |
| 5. | (visit) | Neither soldiers nor sailors ............. the inn. |
| 6. | (be) | Not a man or woman ............. there. |
| 7. | (be) | Either you or he ............. right. |
| 8. | (have) | Neither Nilar nor her friends ............. come. |
| 9. | (help) | Neither his friend nor his sons ............. him. |
| 10. | (allow) | Justice as well as mercy ............. it. |
| 11. | (come) | Each of them ............. here every day. |
| 12. | (be) | The packet with all its contents ............. stolen yesterday. |
| 13. | (have) | The price of these articles ............. gone very high. |
| 14. | (be) | Neither a book nor a pen ............. there. |
| 15. | (have) | Gold as well as silver ............. fallen in price. |

16. (be) The man with his wife and children ............. drowned last month.
17. (be) The ship with its crew and passengers ............. lost.
18. (be) U Khin as well as his son ............. present.
19. (be) Neither money nor flattery ............. likely to buy him.
20. (like) Neither his teacher nor his class-mate ............. him.
21. (make) This boy and not his friend ............. fun of girls.
22. (desire) Neither the king nor his ministers ............. war.
23. (want) The king as well as his ministers ............. peace.
24. (be) Neither of the two girls ............. very beautiful.
25. (have) Many a man ............. done so.
26. (do) Many a man ............. not know his own good deeds.
27. (look) Everybody ............. tired today.
28. (be) Girl after girl ............. allowed to go home.
29. (have) Each of the boys ............. gained a prize.
30. (be) The secretary and accountant of the Company ............. present yesterday.

**သတိပြုဖို့**

more than one = တစ်ခုထက်ပိုတဲ့လူ (သို့) အရာဝတ္ထု။

အဓိပ္ပာယ်ကို သာမန်အပေါ်ယံကြည့်မယ်ဆိုရင်တော့ တစ်ခုထက် ပိုတယ်လို့ဆိုတဲ့အတွက် အများကိန်းလို့ ထင်ရပါတယ်။ ဒါပေမယ့် တစ်ခုထဲ၊ အစုအပေါင်းသဘော (အစုအပေါင်းတစ်ခုထဲ) မို့ ကြိယာအနည်းကိန်းနဲ့ တွဲဖက်ရေးသားရပါတယ်။

ဥပမာ More than one *workman was* killed.
အလုပ်သမားတစ်ယောက်မက အသတ်ခံရတယ်။
(workmen တို့ were တို့ မသုံးရပါဘူး။)



"MORE THAN ONE"

Though its sense is necessarily plural, is treated as a sort of compound of one, and follows its construction, it agrees with a singular noun and takes a singular verb.

More than one workman was killed.
(not *workmen* or *were*)

*MODERN ENGLISH USAGE (PAGE. 371)*
*H.W. FOWLER*

၁၂ **all of** = အားလုံး
**some of** = အချို့
**a lot of** = များစွာသော

ဆိုတဲ့ စကားလုံးလေးတွေ ပါလာရင်တော့ သတိပြုရပါတယ်။ သူတို့ရဲ့နောက်က **Subject** ဟာ

- **Countable noun** ရေတွက်လို့ရတဲ့ နာမ်တွေဆိုရင် ကြိယာအများကိန်းနဲ့ တွဲဖက်ပြီး ရေးသားရပါတယ်။
- **Uncountable noun** ရေတွက်လို့မရတဲ့ နာမ်တွေဆိုရင် ကြိယာအနည်းကိန်းနဲ့ တွဲဖက်ပြီး ရေးရပါတယ်။

ဥပမာ

1. All of the soldiers ***are*** brave.
စစ်သားအားလုံးဟာ ရဲရင့်ကြပါတယ်။ (ရေတွက်၍ရသည့်အတွက် အများကိန်း ***are*** ကို သုံးပါတယ်။)
2. All of the sugar ***is*** sweet.
သကြားဟာ ချိုတယ်၊ (ရေတွက်လို့မရတဲ့အတွက် အနည်းကိန်း is ကို သုံးရပါတယ်။)
3. Some of the girls ***are*** kind and gentle.
အချို့ မိန်းကလေးများသည် ကြင်နာ၍ နူးညံ့သိမ်မွေ့ကြသည်။
4. Some of the milk **is** spilt onto the floor.
နွားနို့အနည်းငယ်ဟာ ကြမ်းပေါ်သို့ ဖိတ်စင်ကျသွားတယ်။
5. A lot of people **attend** the meeting.
လူတွေအများကြီး အစည်းအဝေးတက်ကြတယ်။
6. A lot of money ***was*** stolen last night.
ပြီးခဲ့တဲ့ညက ပိုက်ဆံအတော်များများ အခိုးခံရတယ်။

၃၃ ငွေအရေအတွက်၊ ခရီးအကွာအဝေး၊ တိုင်းပြည်အမည်၊ စာအုပ်အမည် တွေကို ဝါကျတစ်ခုနဲ့ **Subject** အဖြစ် အသုံးပြုမယ်၊ ရေးမယ်ဆိုရင် ကြိယာ **Verb** ကို အနည်းကိန်း သုံးရပါတယ်။

ဥပမာ

1. One hundred pyas ***is*** equal to one kyat.
   ပြားတစ်ရာသည် တစ်ကျပ်နှင့် ညီမျှသည်။
2. One thousand kyats ***is*** a large salary.
   ကျပ်တစ်ထောင်ဆိုတာ အတော်များတဲ့လခပဲ။
3. Eight furlongs ***is*** equal to a mile.
   ရှစ်ဖာလုံသည် တစ်မိုင်နှင့်ညီမျှပါသည်။
4. Seven miles ***is*** a long distance.
   ခုနစ်မိုင်ဆိုတာ တော်တော်လှမ်းတဲ့ အကွာအဝေးပဲ။
5. *"Gulliver's Travels"* ***is*** an interesting book.
   "ဂါလီဗားဏ် ခရီးစဉ်များ" ဆိုသော စာအုပ်သည် စိတ်ဝင်စားဖွယ်ကောင်းသော စာအုပ်တစ်အုပ်ဖြစ်သည်။
6. *"Thirty Burmese Tales"* ***is*** my favourite book.
   "မြန်မာပုံပြင်သုံးဆယ်" ဟူသော စာအုပ်သည် ကျွန်ုပ်၏ အကြိုက်ဆုံးစာအုပ်ဖြစ်သည်။
7. The United States ***is*** a famous country.
   အမေရိကန်ပြည်ထောင်စုသည် ထင်ရှားသော တိုင်းပြည်တစ်ပြည်ဖြစ်သည်။

> If the plural subject denotes a definite amount or quantity taken as a whole, the verb is singular.
>
> - Two-thirds of the book *was* rubbish. (not *"were"*)
> - Sixty miles *is* a good distance. (not *"are"*)
> - Ten shillings *was* paid to him. (not *"were"*)
>
> *GOOD ENGLISH (PAGE. 76)*

> Sometimes we use a plural noun with a singular verb. We do this when we *talk about a sum of money, a period of time, a distance* etc.
>
> - *Five thousand pounds* was stolen in the robbery. (not "were stolen")
> - *Three years* is a long time to be without a job. (not "are")
>
> ***ENGLISH GRAMMAR IN USE (PAGE. 156)***



၃၄ အချို့နာမ် (**Noun**) တွေဟာ၊ ပုံစံကိုကြည့်လိုက်ရင် အများကိန်းလို့ ထင်ရပါတယ်။ (စကား လုံးရဲ့အဆုံးမှာ **s, es** စသည်နဲ့ဆုံးနေတဲ့အတွက် ဖြစ်ပါတယ်။)
ဒါပေမယ့် အဲဒီနာမ်တွေကို ဝါကျတစ်ခုရဲ့ **Subject** အဖြစ်နဲ့ ရေးသားမယ် ဆိုရင်တော့ ကြိယာ (**verb**) အနည်းကိန်းကို သုံးရပါတယ်။

| | | | |
|---|---|---|---|
| ဥပမာ | news | = | သတင်း |
| | summons | = | ဆင့်ခေါ်ခြင်း၊ ဆင့်ခေါ်စာ၊ သမ္မာန်စာ။ |
| | Mathematics | = | သင်္ချာ |
| | Physics | = | ရူပဗေဒ |
| | Economics | = | စီးပွားရေးပညာ |
| | athletics | = | ကိုယ်လက်ကြံ့ခိုင်အောင် ကစားခုန်စားမှု (ပြေး၊ ခုန်၊ ပစ်) |
| | gymnastics | = | ကိုယ်လက်ကြံ့ခိုင်အောင် ကစားသည့်အတတ် (ကျွမ်းဘား) |
| | Ethics | = | ကိုယ်ကျင့်တရားပညာ၊ နီတိကျမ်း |
| | Politics | = | နိုင်ငံရေးပညာ |

စတဲ့ စကားလုံးတွေဟာ ပုံစံအားဖြင့် အများကိန်းလို့ ထင်ရပါတယ်။ ဒါပေမယ့် ကြိယာအနည်းကိန်းနဲ့ တွဲဖက်ပြီး ရေးရပါတယ်။

ဥပမာ

1. The news **is** not true.
   သတင်းက မမှန်ဘူး။
2. Physics **is** an interesting subject.
   ရူပဗေဒဟာ စိတ်ဝင်စားဖို့ကောင်းတဲ့ ဘာသာရပ်တစ်ခုဖြစ်တယ်။
3. A summons **was** issued against him.
   (သူ့ကို ဆင့်ခေါ်ဖို့) သမ္မာန်စာ (ဆင့်စာ) တစ်စောင်ထုတ်လိုက်တယ်။
4. Atheletics **is** my favourite sport.
   ပြေးခုန်ပစ်အားကစားဟာ ကျွန်တော်အနှစ်သက်ဆုံး အားကစားပဲ။
5. Gymnastics **is** good for health.
   ကိုယ်လက်ကြံ့ခိုင်ရန် ကစားခုန်စားမှု (ကျွမ်းဘား) သည် ကျန်းမာရေးအတွက် ကောင်းသည်။
6. Ethics **is** a branch of Philosophy.
   ကိုယ်ကျင့်တရားပညာသည် ဒဿနိကဗေဒ၏ အစိတ်အပိုင်း (ကဏ္ဍခွဲ) တစ်ခုဖြစ်သည်။

၁၅ **means** = နည်းလမ်း
**series** = အစီအစဉ်
**species** = အမျိုးအစား

ဆိုတဲ့ စကားလုံးတွေကိုတော့ အနည်းကိန်းရော၊ အများကိန်းရော သုံးလို့ရပါတယ်။

ဥပမာ

1. a television series = ရုပ်မြင်သံကြား အစီအစဉ်တစ်ခု
   three television series = ရုပ်မြင်သံကြား အစီအစဉ်သုံးခု
2. a species of bird = ငှက်မျိုးတစ်မျိုး
   200 species of bird = ငှက်မျိုးနှစ်ရာ
3. a means of transport = သယ်ယူပို့ဆောင်ရေးနည်းလမ်းတစ်ခု
   many means of transport = သယ်ယူပို့ဆောင်ရေးနည်းလမ်းများ

**means** ကို နည်းလမ်းဆိုတဲ့ အဓိပ္ပာယ်နဲ့မဟုတ်ဘဲ ရငွေ၊ ဝင်ငွေ အဓိပ္ပာယ်နဲ့ဆိုရင်တော့ ကြိယာ အများကိန်းနဲ့ တွဲဖက်ရေးသားရပါတယ်။

*Note;* *Means*, meaning *income*, always require a plural verb.
My means *are* limited.

၁၆ အချို့နာမ်တွေဟာ ပုံစံကိုကြည့်လိုက်ရင် အနည်းကိန်းလို့ ထင်ရပါတယ် ဒါပေမယ့် အဲဒီနာမ်တွေကို ဝါကျတစ်ခုရဲ့ **Subject** အဖြစ်နဲ့ ရေးသားမယ်ဆိုရင်တော့ ကြိယာ **(Verb)** အများ ကိန်း သုံးရပါတယ်။

people = လူများ
police = ရဲတပ်ဖွဲ့
public = လူထု (လူအများ)
cattle = ကျွဲအုပ်၊ နွားအုပ်၊ ကျွဲနွားတိရစ္ဆာန်
dozen = ဒါဇင် (၁၂ ခု)
gentry = ဂုဏ်သရေရှိသူများ
military = စစ်သည်ရဲမက်များ

ဥပမာ

1. People ***are*** requested not to smoke in the hall.
   ခန်းမကြီးထဲတွင် ဆေးလိပ်မသောက်ရန် လူအများအား ပန်ကြားပါသည်။
2. The police *have* captured the thief.
   ရဲတပ်ဖွဲ့က သူခိုးကို ဖမ်းပြီးပြီ။



3. The public ***are*** not admitted.
   လူထု (လူအများ) ကို ဝင်ခွင့်မပြုပါ။
4. Cattle ***are*** grazing.
   ကျွဲနွားများ မြက်စားနေကြသည်။
5. The military ***are*** called out.
   စစ်သည်ရဲမက်များကို ဆင့်ခေါ်သည်။

❁

၁၇ person = "လူ" ဆိုတဲ့ အဓိပ္ပာယ်နဲ့ သုံးတဲ့ person ဆိုတဲ့ နာမ်ကို အများကိန်း "လူများ" ဆိုတဲ့ အဓိပ္ပာယ်အနေနဲ့ဆိုရင် persons ဆိုပြီး သုံးလေ့မရှိပါဘူး။ Person ရဲ့ အများကိန်းကို people (လူများ) အဖြစ်နဲ့သာ သုံးလေ့ရှိပါတယ်။

> We do not often use the plural of person (persons). Instead we use people.
>
> He *is* a nice *person*.
>
> They *are* nice *people*.
>
> *ENGLISH GRAMMAR IN USE (PAGE. 156)*

> *"People"* is often used as the plural of *"person"*.
>
> It also means nation.
>
> e.g. The French people.
>
> The peoples of Europe.
>
> *A. COMPREHENSIVE ENGLISH GRAMMAR (PAGE. 32)*

❁

ဒါပေမယ့်

(Grammar) သဒ္ဒါမှာ Person ကို ပုဂ္ဂိုလ်၊ လူသူ၊ စကားပြောဆိုသူ၊ ပြောဆိုရာတွင် ပါဝင်သူ၊ ရည်ညွှန်းသူ စတဲ့ အဓိပ္ပာယ်တွေနဲ့ သုံးရင်တော့ persons လို့ ရေးကြပါတယ်။

ဥပမာ

- The speaker is the *First Person*.
- The person spoken to is the *Second Person*.
- *All pronouns* except those of the First and Second *Persons* are *Third* Persons.

❁

၁၈

| | | |
|---|---|---|
| **machinery** | = | စက်ကိရိယာတန်ဆာပလာ |
| **scenery** | = | (တောတောင်ပုံ) ရှုခင်း |
| **poetry** | = | လင်္ကာ |
| **information** | = | သတင်း၊ အကြောင်းကြားချက် |
| **furniture** | = | အိမ်ထောင်ပရိဘောဂ |
| **off-spring** | = | သားသမီး |
| **mischief** | = | အကျိုးဖျက်စီးမှု၊ အန္တရာယ် |
| **bedding** | = | အိပ်ယာအထည်အလိပ် |

စတဲ့ နာမ် (**Noun**) တွေကိုတော့ ကြိယာအနည်းကိန်းနဲ့ အမြဲတမ်း တွဲဖက်ရေးသားရပါတယ်။

ဥပမာ

1. The scenery of Pyin-Oo-Lwin **is** charming.
   ပြင်ဦးလွင်ရဲ့ရှုခင်းတွေဟာ နှစ်သက်ဖို့ကောင်းပါတယ်။
2. The machinery **is** for sale.
   စက်ကိရိယာတွေဟာ ရောင်းဖို့ဖြစ်ပါတယ်။
3. The mischief **is** he cannot hold his tongue.
   အန္တရာယ်က သူ့ပါးစပ်ကို သူမထိန်းနိုင်တာဘဲ။

၁၉ မူလကတည်းက အတွဲအဖက်နဲ့ သုံးလေ့ရှိတဲ့

| | | |
|---|---|---|
| **trousers** | = | ဘောင်းဘီရှည် |
| **shorts** | = | ဘောင်းဘီတို |
| **jeans** | = | ဂျင်းဘောင်းဘီ |
| **pyjamas (pajamas)** | = | ညအိပ်ဘောင်းဘီ၊ အင်္ကျီပွ (ညဝတ်စုံ) |
| **tights** | = | ကိုယ်ကျပ်အဝတ်အစား |
| **scissors** | = | ကပ်ကျေး |
| **glasses/ spectcles** | = | မျက်မှန် |

စတဲ့ နာမ် (Noun) တွေကိုတော့ ကြိယာအများကိန်းနဲ့ တွဲဖက်ရေးသားရပါတယ်။

ဥပမာ

1. Spectacles ***are*** used by old people.
   မျက်မှန်ကို အသက်အရွယ်ကြီးတဲ့လူတွေက အသုံးပြုကြတယ်။
2. Trousers ***are*** convenient for the soldiers.
   ဘောင်းဘီရှည်တွေဟာ စစ်သားတွေအတွက် အဆင်ပြေတယ်။



3. My scissors **are** sharp.
   ကျွန်တော့်ကပ်ကျေးတွေဟာ ထက်တယ်။
4. These trousers **do** not fit me.
   ဒီဘောင်းဘီတွေဟာ ကျွန်တော်နဲ့ မတော်ဘူး။

| | | |
|---|---|---|
| bellows | = | လေဖို (လေမီးဖို) |
| tongs | = | မီးညှပ်၊ မီးခဲညှပ် |
| pincers | = | သံနှုတ်၊ သံညှပ် |
| tweezers | = | မွေးညှပ်၊ ဇာဂနာ |
| scales | = | ချိန်ခွင် |
| breeches | = | ဘောင်းဘီတို |
| measles | = | ဝက်သက်ရောဂါ |
| mumps | = | ပါးချိတ်ရောင်ခြင်း |
| billiards | = | ဗလီထိုးခြင်း၊ ဗိလိယက်ထိုးခြင်း |
| draughts | = | ကျားကစားနည်း |
| annals | = | နှစ်စဉ်အဖြစ်အပျက်မှတ်တမ်း |
| thanks | = | ကျေးဇူးတင်စကား |
| proceeds | = | ဝင်ငွေ၊ အမြတ် |
| remains | = | ကြွင်းကျန်ရစ်သောအရာ |
| circumstances | = | အခြေအနေ |
| riches | = | ဓနဥစ္စာ |
| alms | = | လှူရန်ဝတ္ထု |
| ashes | = | ပြာပုံ-စိတ်ဒုက္ခ |

ဆိုတဲ့ နာမ်တွေကို ကြိယာအများကိန်းနဲ့ တွဲဖက်ပြီး ရေးသားရပါတယ်။

trousers, spectacles, scissorsဆိုတဲ့ နာမ်တွေကို အနည်းကိန်းသုံးချင်ရင်တော့ (a pair of) နဲ့ တွဲဖက်ရေးသားရပါတယ်။

| | | | |
|---|---|---|---|
| ဥပမာ | a pair of trousers | = | ဘောင်းဘီရှည်တစ်ထည် |
| | a pair of spectacles | = | မျက်မှန်တစ်လက် |
| | a pair of scissors | = | ကပ်ကျေးတစ်လက် |

## *Exercise No. (73)*

**Fill in the blanks in the following sentences with the correct froms of the verb.**

**မှန်ကန်သော ကြိယာပုံစံဖြင့် ကွက်လပ်ဖြည့်ပါ။**

1. (cost) According to the present market rate, twelve dozen ........... one hundred kyats.
2. (be) The news ........... too good to be true.
3. (like) Cho Cho, as well as Moe Moe and Soe Soe, ........... tea and coffee.
4. (have) Thuzar, and not you, ........... won the prize.
5. (be) The police ........... making enquiries about the murder.
6. (be) The people of India ........... called Indians.
7. (be) A cigar or a cigarette ........... very enjoyable.
8. (be) Five thousand kyats ........... a lot of money.
9. (be) None of us ........... perfect.
10. (be) Either the teacher or the students ........... to blame for the bad results.
11. (be) The boy with his dog ........... here.
12. (be) The boy and his dog ........... here.
13. (be) Two hours ........... not a long time.
14. (be) Half a loaf ........... better than no bread.
15. (do) The police ........... not know about the stolen money.
16. (be) The news ........... not as bad as we had expected.
17. (want) The police ........... to interview Ko Tun about a robbery.
18. (be) Can I borrow your scissors? Mine ........... not sharp enough.
19. (have) The television series ........... ten parts.
20. (be) I am going to take a taxi. Six miles ........... too far for me to walk.
21. (be) Three days ........... not long enough for a good holiday.
22. (be) "Thirty Burmese Tales" ........... a very good book.
23. (have) The United States of America ........... joined the conference.
24. (be) All of the women ........... curious.
25. (be) Some of the people at the party ........... very friendly yesterday.



၂၀ **Subject** (ကတ္တား)ဟာ **who, which** စတဲ့ **Relative Pronoun** တွေ ဖြစ်နေရင်တော့ သူတို့ရဲ့ရှေ့မှာရှိတဲ့ ***antecedent*** (အဆက်နာမ်စား အရင်ကျသည့်ဆိုင်ရာ နာမ် (သို့) နာမ်စား) ဟာ အနည်းကိန်းလား၊ အများကိန်းလားကြည့်ပြီး ကြိယာ (**verb**) နဲ့ တွဲရပါတယ်။

ဥပမာ

1. ***I***, who ***am*** your teacher, will teach you how to read and write.
   မင်းရဲ့ဆရာဖြစ်သူ ငါက မင်းကို ဘယ်လိုဖတ်ရ၊ ဘယ်လိုရေးရတယ်ဆိုတာ သင်ပေးမှာပေါ့။
2. **He**, who **is** my friend, will help me.
   ကျွန်တော့်သူငယ်ချင်းဖြစ်တဲ့သူက ကျွန်တော့်ကို ကူညီမှာပဲ။
3. **You**, who **are** my son, should obey me.
   ငါ့ရဲ့သားဖြစ်တဲ့မင်းဟာ ငါ့စကားကို နားထောင်သင့်တယ်။
4. **The man** who **is** honest **is** trusted.
   ရိုးသားတဲ့လူကို ယုံကြည်တယ်။

၂၁ **Adjective** တစ်လုံးရဲ့ရှေ့က **the** ထည့်ပေးလိုက်ရင် **Noun** ဖြစ်သွားပါတယ်။

ဥပမာ

| | | |
|---|---|---|
| poor | = | ဆင်းရဲသော |
| the poor | = | ဆင်းရဲသားများ |
| rich | = | ချမ်းသာသော |
| the rich | = | လူချမ်းသာများ |

ဒီလို (adjective) က ဖြစ်လာတဲ့ (Noun) တွေဆိုရင် ကြိယာအများကိန်း သုံးရပါတယ်။

ဥပမာ

1. The rich are not always happy.
   ချမ်းသာတဲ့လူတွေဟာ အမြဲတမ်းထာဝရ ပျော်ရွှင်မနေကြပါဘူး။
2. The poor are looked after by the government.
   ဆင်းရဲသားတွေကို အစိုးရက ကြည့်ရှုစောင့်ရှောက်တယ်။

၂၂ **Cabinet** = (တိုင်းပြည်အုပ်ချုပ်သူ) ဝန်ကြီးအစု
**fleet** = သင်္ဘောစု၊ စစ်သင်္ဘောစု၊ ရေတပ်။
**jury** = ဂျူရီလူကြီး
**committee** = ကော်မတီ
**government** = အစိုးရ
**family** = မိသားစု

စတဲ့ နာမ် (**Noun**) တွေကို **collective noun** အစုပြနာမ်တွေလို့ ခေါ်ပါတယ်။

အဲဒီ အစုပြနာမ်တွေကို တစ်စုတည်း၊ တစ်ပေါင်းတည်း၊ တစ်ခုတည်း သဘော အဓိပ္ပာယ်နဲ့ သုံးမယ်ဆိုရင်တော့ ကြိယာအနည်းကိန်းနဲ့ တွဲဖက်ရေးသားရပါတယ်။

အဲဒီတစ်လုံးတစ်စည်းထဲမှာ ပါဝင်တဲ့ (အသီးသီးသော လူ) တစ်ဦးစီ၊ တစ်ခုစီ သီးသန့်အဓိပ္ပာယ်သဘောနဲ့ သုံးမယ်ဆိုရင်တော့ ကြိယာအများကိန်းနဲ့ တွဲဖက် ရေးသား ရပါတယ်။

ဥပမာ

1. The committee ***has*** chosen its president.
   ကော်မတီက ဥက္ကဋ္ဌကို ရွေးကောက် (ရွေးချယ်) လိုက်ပြီးပြီ။
2. The comittee ***have*** chosen the president.
   ကော်မတီလူကြီးတွေက ဥက္ကဋ္ဌအဖြစ် (တစ်ဦးဦးကို) ရွေးချယ်ပြီးပြီ။
3. The government ***has*** decided to pass the bill.
   အစိုးရအဖွဲ့က ဥပဒေကြမ်းကို အတည်ပြု ပြဋ္ဌာန်းဖို့ ဆုံးဖြတ်ပြီးပြီ။
4. The government ***have*** discussed the matter for a long time but they *have* shown no signs of reaching agreement.
   အစိုးရအဖွဲ့ဝင်တွေ (ဝန်ကြီးတွေ) ဟာ ဒီကိစ္စကို အချိန်တော်တော်ကြာ အောင် ဆွေးနွေးပြီးကြပြီ၊ ဒါပေမယ့် သဘောတူညီချက်ရတဲ့ အသွင် လက္ခဏာတော့ မရှိဘူး။
5. That family ***is*** a very happy one.
   ဒီမိသားစုဟာ တော်တော်ကို စိတ်ချမ်းသာတဲ့ မိသားစုကလေးတစ်စုဖြစ် တယ်။
6. The family ***are*** very pleased about the news of their father's success.
   အိမ်သူအိမ်သားတွေ၊ မိသားစုတွေဟာ ဖခင်ကြီးရဲ့ အောင်မြင်မှုသတင်း ကြားရလို့ သိပ်ဝမ်းမြောက် ကျေနပ်နေကြတယ်။



သတိပြုရန်

အဲဒီနာမ်တွေကို ကြိယာအနည်းကိန်းနဲ့ရော၊ အများကိန်းနဲ့ပါ တွဲပြီးရေးလို့ရတဲ့အတွက် ဒီလို အမှားမျိုးကို မှားတတ်တယ်။

1. At first, the jury ***were*** divided in opinion, but finally **it** returned a unanimous verdict.
   (**it** မရေးရပါဘူး၊ **they** လို့ ရေးရပါတယ်)
   - verdict = ဆုံးဖြတ်ချက်၊ ထင်မြင်ယူဆချက်
   - unanimous = အားလုံး တညီတညွတ်တည်းဖြစ်သော (ယူနန်နီမတ်စ် ဟုဖတ်)
2. The council ***has*** chosen ***their*** president.
   (အနည်းကိန်း ကြိယာနဲ့ ရေးထားပြီးဖြစ်ပါတယ်၊ ဒါကြောင့် **their** အစား **its** နဲ့ ရေးရပါမယ်။)

●

၂၃ **Subject** ဟာ **infinitive, gerund, verbal noun, noun clause** စသည်တို့ ဖြစ်နေရင်တော့ ကြိယာအနည်းကိန်းနဲ့ တွဲဖက်ရေးသားရပါတယ်။

- *To ride* is a good exercise. (infinitive)
- *Riding* is a good exercise. (gerund)
- *The riding of a horse* is a good exercise. (verbal noun)
- *How he escaped* is still a mystrey. (a noun clause)

*G. E. (PAGE 75)*

၂၄ **number** = ဦးရေ၊ အရေအတွက်
**rest** = ကြွင်းကျန်သောအရာ၊ အခြားသူများ၊ အခြားအရာများ
**part** = အစိတ်အပိုင်း၊ အစု
**half** = ထက်ဝက်

ဆိုတဲ့ စကားလုံးလေးတွေကို **Subject** အဖြစ်ထားပြီး ရေးမယ်ဆိုရင်တော့ ဆိုလိုချင်တဲ့ ရေးချင်တဲ့ အဓိပ္ပာယ်အနေအထားပေါ်မူတည်ပြီး ကြိယာကို အနည်းကိန်းရော၊ အများကိန်းရော သင့်လျော်သလို တွဲဖက်ရေးသားရပါတယ်။

ဥပမာ

1. **A large *number*** of boys ***were*** arrested.
   ယောက်ျားလေး တော်တော်များများဟာ အဖမ်းခံရတယ်။
2. **The *number*** of boys arrested ***was*** large.
   အဖမ်းခံရတဲ့ ယောက်ျားလေး အရေအတွက်ဟာ များပြားတယ်။
3. There ***are*** heaps of *cups*.
   ခွက်တွေ အမြောက်အများရှိတယ်။
4. There ***is*** heaps of ammunition.
   ခဲယမ်းမီးကျောက် အမြောက်အများရှိတယ်။
5. There ***is*** lots to do.
   လုပ်စရာ (ဆောင်ရွက်စရာ) အများကြီးပဲ။
6. Lots of people ***think*** so.
   လူအများကတော့ ဒီလိုပဲ ထင်ကြတယ်။

> A great part of the mangoes *were* rotten and the rest *were* good.
> Half of it *is* rotten.
> Half of them *are* rotten.
>
> *MODERN ENGLISH USAGE.*
> *H.W. FOWLER*

> A number of / the number
>
> | |
> |---|
> | a number of + plural noun + plural verb ... |
> | the number of + plural noun + singular verb ... |
>
> - A number of students are going to the class picnic.
> - (a number of = many)
> - The number of days in a week is seven.
> - A number of the applicants have already been interviewed.
> - The number of residents who have been questioned on this matter is quite small.
>
> *TOEFL (PAGE. 65)*

၂၉ အခြား နာမ်တစ်လုံးကို အထူးပြုတဲ့ (နာမဝိသေသနအဖြစ် သုံးတဲ့) နာမ်တွေကို (s, es) ဘများကိန်းအဖြစ် အသုံးမပြုရပါဘူး။

ဥပမာ

1. The girls were fourteen years old. They were fourteen-year-old girls. (years ဟု မရေးရ)



2. The buiding has three storeys.
   It is a three-storey building. (storeys ဟု မရေးရ)
3. The flight lasted three hours.
   It was a three-hour flight. (hours ဟု မရေးရ)
4. The book has 200 pages.
   It is a 200-page book. (pages ဟု မရေးရ)
5. The television series has ten parts.
   It is ten-part-television series. (parts ဟု မရေးရ)

## *Exercise No. (74)*

**Fill in the blanks in the following sentences with the correct forms of the verb.**

ကြိယာပုံစံမှန်ဖြင့် ကွက်လပ်ဖြည့်ပါ။

1. (have) He who ............ finished his exercise may go.
2. (be) The houses with their garden ............ sold last year.
3. (be) Either he himself or his sons ............ there.
4. (be) A fool and his money ............ soon parted.
5. (be) A great talker ............ a great liar.
6. (make) A good husband ............ a good wife.
7. (tell) Dead men ............ no tales.
8. (make) All work and no play ............ Jack a dull boy.
9. (speak) Action ............ louder than words.
10. (flock) Birds of a feather ............ together.
11. (live) Eat to live, but do not ............ to eat.
12. (make) Empty vessels ............ the most noise.
13. (have) Every cloud ............ a silver ring.
14. (think) Everyone ............ his own burden the heaviest.
15. (like) He who ............ borrowing dislikes paying.
16. (lay) Kill not the goose that ............ the golden eggs.
17. (take) Lazy people ............ the most pains.
18. (make) Learning ............ the wise wiser, but the fool more foolish.
19. (be) Nearest ............ dearest.
20. (trouble) Never trouble trouble till trouble ............ you.
21. (be) One Today ............ worth two Tomorrows.

22. (be) Speaking without thinking ............ shooting without aim.
23. (be) There ............. no true love without jealousy.
24. (seek) They who only ............. for faults find nothing else.
25. (do) Two wrongs ............. not make a right.

### *Exercise No. (75)*

**Fill in the blanks with the correct forms of the verb.**

1. (be) He and I ............. invited to the party.
2. (be) Either one man or two men ............. drowned.
3. (attend) Neither the king nor the queen ............. the ceremony.
4. (be) He or you ............. in the wrong.
5. (talk) I have a parrot which ............. all day.
6. (contain) This is the book which ............. interesting stories.
7. (live) I have seen your sister who ............. in Mandalay.
8. (be) ...... ...... either of these books yours?
9. (be) Neither of these girls ............. ugly.
10. (be) You are the boy who ............. to be blamed.
11. (like) The cat as well as the dog ............. meat.
12. (do) I am one of those who ............. what they like.
13. (be) We should respect those who ............. older and wiser than we are.
14. (deserve) Neither of these two boys ............. the prize.
15. (be) Boy after boy ............. allowed to go.
16. (be) Game after game ............. played yesterday.
17. (be) The forest with all its trees ............. burnt.
18. (be) He and not we ............. to be blamed.
19. (be) Wounds made by words ............. hard to heal.
20. (think) Each of them ............. his own duty the most important.
21. (be) A girl who ............. pleasant to look at may not be pleasant to live with.
22. (be) The number of students in the class ............. small.
23. (be) A number of students ............. waiting for the lesson to begin.
24. (have) This is one of the best books that ............. ever been written on the subject.
25. (be) Who broke the window? It ............. Kyaw Htut and Kyaw Han.



# CHAPTER XXIII

# TENSES

# TENSES

ကြိယာဆိုတာ သက်ရှိ၊ သက်မဲ့တို့ရဲ့ ဖြစ်ပျက်ပုံ၊ ပိုင်ဆိုင်ပုံ၊ ဆောင်ရွက်ပုံတို့ကို အညွှန်းပြတဲ့ ပုဒ်ဖြစ်ပါတယ်။

ဖြစ်ပျက်ပုံကိုဖော်ပြရင် = Verb to be
ပိုင်ဆိုင်မှုကိုဖော်ပြရင် = Verb to have
ဆောင်ရွက်မှုကိုဖော်ပြရင် = Verb to do လို့ ခေါ်ပါတယ်။

ဒါပေမယ့် အဲဒီဖြစ်ပျက်တာ၊ ပိုင်ဆိုင်တာ၊ ဆောင်ရွက်တာတွေဟာ ဘယ်တုန်းကလဲ၊ ယခုလော လောဆယ်မှာ ဖြစ်ပျက်နေတာလား၊ အတိတ်ကဖြစ်ခဲ့တာလား၊ နောင် အနာဂတ်ကာလကျမှ ဖြစ်မှာလား ဆိုတဲ့ "ကာလ" ကလဲ သုံးမျိုးရှိသေးတယ်။ ဒါကို **TENSES** လို့ ခေါ်ပါတယ်။

> When we use a verb, we always tell the time. It is impossible to use a verb without telling time. The time of verb action or state of being is called "*Tense*".
>
> *TOEFL (PAGE. 199)*
> *EDWARD C. GRUBER*

## THREE SIMPLE TENSES
## (ကာလသုံးမျိုး)

- အလုပ်တစ်ခု၊ ဖြစ်ရပ်တစ်ခုဟာ ယခုလောလောဆယ်မှာ ဖြစ်ပျက်နေတယ်လို့ ဖော်ပြပြောဆိုလိုရင် Present Tense
- အတိတ်ကာလက ဖြစ်ပျက်ခဲ့တာကို ဖော်ပြပြောဆိုလိုရင် Past Tense
- မဖြစ်သေးတဲ့ အနာဂတ်ကာလကို ကြိုတင်ပြီး ပြောဆိုလိုရင် Future Tense တို့ကို သုံးရပါတယ်။

ဥပမာ

1. U Lwin *teaches* us English. (Present)
2. U Lwin *taught* us English. (Past)
3. U Lwin *will teach* us English. (Future)

> The "TENSE" is a form of the verb showing the time of the happening of an action denoted by it and its state.
>
> *GOOD ENGLISH (PAGE. 42)*

## ACTION

ကြိယာတစ်ခု၊ အလုပ်တစ်ခုကို ဘယ်ကာလမှာပဲလုပ်လုပ် အဲဒီအလုပ်၊ အဲဒီဖြစ်ရပ်မှာ ဖြစ်စဉ် action (အဖြစ်အပျက်တစ်ခုရဲ့ အခြေအနေပြသဘော) (၄) ခု ရှိမြဲဖြစ်ပါတယ်။

(၁) အဲဒီအလုပ်ကို စတင်ပြုလုပ်တဲ့ ဖြစ်ရပ်၊ ဖြစ်စဉ်၊

(၂) အဲဒီအလုပ်ကို ဆက်လက်လုပ်ကိုင်နေဆဲ ဖြစ်ရပ်၊ ဖြစ်စဉ်

(၃) အဲဒီအလုပ်ကို လုပ်ကိုင်နေတာလဲကြာပြီ၊ ပြီးကလဲ မပြီးသေး၊ (ကြာလှရှိပြီး၊ မပြီးသေး) တဲ့ဖြစ်ရပ်၊ ဖြစ်စဉ်

(၄) အဲဒီ အလုပ်ကို လုပ်ကိုင် ပြီးစီးသွားတဲ့ ဖြစ်ရပ်ဖြစ်စဉ်ဆိုပြီးaction (၄)မျိုး ရှိပါတယ်။

ဥပမာ ဒီနေ့ ကျောင်းသွားတယ် ဆိုတဲ့ ဖြစ်ရပ်ကလေးကို လေ့လာကြည့်ကြပါစို့။

1. I ***go*** to school. (Present Simple)
   ကျွန်တော် ကျောင်းသွားသည်။
2. I ***am going*** to school. (Present Continuous)
   ကျွန်တော် ကျောင်းသို့သွားနေသည်။ (သွားနေဆဲဖြစ်ရပ်၊ လမ်းခုလတ်မှာ)
3. I ***have been going*** to school. (Present Perfect Continuous)
   ကျွန်တော် ကျောင်းသို့သွားနေပြီ။ (သွားနေတာလဲ ကြာလှပြီ၊ ကျောင်းသို့ ရောက်လှရောက်ခင်)
4. I ***have gone*** to school. (Present Perfect)
   ကျွန်တော် ကျောင်းသွားပြီးပြီ။ (ကျောင်းသို့ ရောက်ပြီးခါစဖြစ်ရပ်)

ဒီနေ့ (Persent) အနေနဲ့ ကျောင်းသွားတော့ အဲဒီဖြစ်စဉ် (၄) ခုရှိသလို-

- မနေ့က သွားခဲ့တုန်းကလဲ ဖြစ်စဉ် (၄) ခု ရှိခဲ့ပါတယ်။
- နက်ဖြန်မှ သွားမယ်ဆိုရင်လဲ ဖြစ်စဉ် (၄) ခု ရှိလိမ့်ဦးမယ်။



မနေ့က ကျောင်းသွားခဲ့တယ်ဆိုရင်လဲ

1. I **went** to school. (Past Simple)
   ကျွန်တော် ကျောင်းသွားခဲ့တယ်။
2. I **was going** to school. (Past Continuous)
   ကျွန်တော် ကျောင်းသို့သွားနေခဲ့တယ်။
3. I ***had been going*** to school. (Past Perfec. Continuous)
   ကျွန်တော် ကျောင်းသို့ သွားနေခဲ့ပြီ။
4. I **had gone** to school. (Past Perfect)
   ကျွန်တော် ကျောင်းသို့သွားခဲ့ပြီးပြီ။

နက်ဖြန်မှာ ကျောင်းသွားမယ်ဆိုရင်လဲ

1. I **will (shall) go** to school. (Future Simple)
   ကျွန်တော် ကျောင်းသွားမယ်။
2. I **will (shall) be going** to school. (Future Continuous)
   ကျွန်တော် ကျောင်းသွားနေလိမ့်မယ်။
3. I **will (shall) have been going** to school. (Future Perfect Continuous)
   ကျွန်တော် ကျောင်းသွားနေပြီ ဖြစ်လိမ့်မယ်။
4. I **will (shall) have gone** to school. (Future Perfect)
   ကျွန်တော် ကျောင်းသွားပြီးပြီ။ (ကျောင်းသို့ ရောက်ပြီးခါစဖြစ်ရပ်)

| Tense | Simple | Continuous | Perfect Continuous ( have been + ing) | Perfect (have + V3) |
|---|---|---|---|---|
| Present | I go | I am going | I have been going | I have gone |
| Past | I went | I was going | I had been going | I had gone |
| Future | I will go | I will be going | I will have been going | I will have gone |

## SIMPLE PRESENT TENSE

**Present Tense** ကို အမှန်တရား၊ အကျင့်စရိုက်၊ ဓလေ့ထုံးစံ၊ လက်ရှိဖြစ်ရပ်တို့ကို ဖော်ပြ ပြောဆိုတဲ့အခါမှာ သုံးရပါတယ်။ ပိုပြီး ရှင်းရှင်းလင်းလင်းဖြစ်သွားအောင် တစ်ခုချင်း လေ့လာကြည့် ကြပါစို့။

**I.** ယခုလောလောဆယ် ပြောဆိုနေတဲ့ ကာလမှာ လူ (သို့) အရာဝတ္ထု တစ်ခုရဲ့ အရှိတရား၊ အဖြစ်တရားနဲ့ ပတ်သက်ပြီး (အရှိအတိုင်း၊ အဖြစ်အတိုင်း) ရှိရင်းစွဲ အခြေအနေကို ဖော်ပြပြောဆိုတဲ့ အခါမှာ **Simple Present Tense** ကိုသုံးပါတယ်။

ဥပမာ

1. My father ***is*** a doctor.
   ကျွန်ုပ်၏ ဖခင်သည် ဆရာဝန်တစ်ယောက်ဖြစ်သည်။
2. He ***is*** a bus driver.
   သူသည် ဘတ်စ်ကားမောင်းသူ တစ်ယောက်ဖြစ်သည်။
3. Cho Pyone ***is*** a singer and May Win Maung ***is*** an actress.
   ချိုပြုံးသည် အဆိုတော်တစ်ယောက်ဖြစ်၍ မေဝင်းမောင်သည် သရုပ်ဆောင် (မင်းသမီး) တစ်ယောက်ဖြစ်သည်။
4. Aung Net ***is*** a dog and Shwe War ***is*** a cat.
   အောင်နက်သည် ခွေးတစ်ကောင်ဖြစ်၍ ရွှေဝါသည် ကြောင်တစ်ကောင် ဖြစ်သည်။
5. This ***is*** an old car and that ***is*** a new one.
   ဒီကားက အဟောင်းကြီးဖြစ်ပြီး ဟိုကားကအသစ်ဖြစ်တယ်။
6. A man ***sees*** with his eyes and ***hears*** with his ears.
   လူဟာ မျက်စိနဲ့မြင်ပြီး နားနဲ့ကြားတယ်။

**II.** **(Universal Truth** ထာဝရ အမှန်တရား၊ **GeneralTruth** ယေဘုယျ အမှန်တရား) စတဲ့ အမှန်တရားတွေကို ဖော်ပြပြောဆိုလိုတဲ့အခါမှာလဲ **Simple Present Tense** ကို သုံးရပါတယ်။

ဥပမာ

1. Fire ***is*** hot and ice **is** cold.
   မီးကပူပြီး ရေခဲက အေးတယ်။
2. A cow ***has*** four legs.
   နွားမှာ ခြေလေးချောင်းရှိတယ်။



3. The sun ***rises*** in the east.
   နေမင်းကြီးဟာ အရှေ့အရပ်က ထွက်တယ်။
4. The earth ***goes*** round the sun.
   ကမ္ဘာကြီးက နေကိုပတ်တယ်။
5. Man ***is*** mortal.
   လူဟာ သေမျိုးဖြစ်တယ်။
6. Men ***are*** stronger than women.
   ယောကျ်ားတွေဟာ မိန်းမတွေထက် သန်မာတယ်။

**III.** အဖြစ်အပျက် တစ်ခုတစ်ရာဟာ ဖြစ်လေ့ဖြစ်ထရှိတယ်။ (သို့မဟုတ်) အလုပ်တစ်ခုကို တစ်စုံ တစ်ယောက်က လုပ်လေ့ရှိတယ်၊ ဆောင်ရွက်လေ့ ရှိတယ်လို့ အကျင့်စရိုက်ကို ဖော်ပြချင်တဲ့ အခါတွေမှာ **Simple Present Tense** ကို သုံးရပါတယ်။ ဒါပေမယ့် အဲဒီလုပ်ရပ်၊ အဲဒီဖြစ်ရပ်၊ ပြုမူချက်ဟာ ယခုလောလောဆယ် ပြောဆိုနေတဲ့ အချိန်မှာ ဖြစ်ဖို့၊ ပြုဖို့က အဓိက မဟုတ်ပါဘူး။

ဥပမာ Nurses look after patients in hospitals.

ဆေးရုံတွေမှာ သူနာပြုတွေက လူမမာတွေကို ကြည့်ရှုစောင့်ရှောက်တယ် (ယခု ပြော ဆိုနေချိန်မှာ တကယ်လက်တွေ့ ကုသစောင့်ရှောက်နေဆဲဖြစ်ဖို့ မလိုဘူး) ဖြစ်လေ့ ဖြစ်ထရှိတဲ့ ဆောင်ရွက်လေ့၊ ဆောင်ရွက်ထရှိတဲ့ဖြစ်ရပ်ကိုသာ ဆိုလိုတယ်။

အကျင့်စရိုက်ကို ညွှန်းတဲ့ (Simple Present Tense ကို ညွှန်းတဲ့) အောက်က စာလုံး ကလေးတွေကိုတော့ အလွတ်ကျက်ထားရပါမယ်။

လုပ်လေ့ လုပ်ထရှိတဲ့ ဖြစ်ရပ် (habitual action) တွေကို ဖော်ပြရေးသားချင်တဲ့အခါမှာ

| | | |
|---|---|---|
| generally | = | များသောအားဖြင့် |
| usually | = | လေ့ ရှိသည်။ (ထုံးစံအတိုင်း) |
| always | = | အစဉ်အမြဲ၊ ထာဝရ |
| often | = | မကြာခဏ |
| habitually | = | အလေ့အကျင့်တစ်ခု အနေနှင့် (ကဲ့သို့) |
| sometimes | = | တစ်ခါတစ်ရံ |
| almost | = | လုနီးပါး |

never = ဘယ်တော့မှ
frequently = ခဏခဏ
occasionally = အခါအားလျော်စွာ

စတဲ့ (frequency adverbs) တွေနဲ့ ယှဉ်တွဲရေးသားလေ့ရှိပါတယ်။

every day = နေ့တိုင်း၊ every week = အပတ်တိုင်း (ရက်သတ္တပတ်တိုင်း)၊ every month = လတိုင်း၊ every year = နှစ်တိုင်း၊every three hours = သုံးနာရီတိုင်း၊ twice a day = တစ်နေ့နှစ်ကြိမ်၊ once in a while = တစ်ခါတစ်လေ၊ အခွင့်အခါကြုံမှ စတဲ့ (adverb phrase) တွေနဲ့လဲ ယှဉ်တွဲရေးသားလေ့ရှိပါတယ်။

> We use the present simple to talk about things in general. We are not thinking only about the present. We use it to say that something happens all the time or repeatedly, or that something is true in general. *It is not important whether the action is happening at the time of speaking.*
>
> *ENGLISH GRAMMAR IN USE (PAGE. 4)*

**IV.** အချိန်ပေးစေနိုင်း၊ ညွှန်ကြားတဲ့စကားတွေ၊ တောင်းပန် ပန်ကြားတဲ့ စကားတွေ၊ အကြောင်းအရာ တွေကို ဖော်ပြပြောဆိုတဲ့အခါမှာလဲ **Simple Present Tense** ကို သုံးရပါတယ်။

ဥပမာ

1. **Go** to bed early.
   စောစော အိပ်ပါ။
2. ***Study*** your lessons regularly.
   စာမှန်မှန် ကျက်ပါ။
3. **Please** *open* the door.
   ကျေးဇူးပြုပြီး တံခါးဖွင့်ပါ။
4. **Don't *play*** with fire.
   မီးနဲ့ မကစားနဲ့။
5. ***Have*** a cigarette.
   ဆေးလိပ် သောက်ပါဦး။
6. *Let* us *go* to school.
   ကျောင်းသွားကြပါစို့။



## PRESENT CONTINUOUS TENSE

ယခုပြောဆိုနေတဲ့ အချိန်ကာလမှာ၊ အလုပ်တစ်ခု မပြီးပြတ်သေးလို့ ဆက်လက်လုပ်ကိုင်နေဆဲဖြစ်တယ်လို့ ဖော်ပြပြောဆိုချင်တဲ့အခါမှာ Present Continuous Tense ကိုသုံးရပါတယ်၊ ကြိယာ ပုံစံကတော့ -

(*am/ is/ are*) + *V - ing* ဖြစ်ပါတယ်။

ဥပမာ

1. I ***am reading*** the newspaper.
   ကျွန်တော် သတင်းစာ ဖတ်နေတယ်။
2. He ***is reading*** the newspaper.
   သူ သတင်းစာ ဖတ်နေတယ်။
3. They ***are reading*** the newspaper.
   သူတို့ သတင်းစာ ဖတ်နေကြတယ်။
4. John **is going** to school.
   ဂျွန်သည် ကျောင်းသို့သွားနေသည်။

> The verb *"is going"* definitely states that the action is happening in the present time and is not yet complete but is still continuing of going on. So *"is going"* is said to be in the Present Continuous Tense.
>
> *GOOD ENGLISH (PAGE. 96)*
> *R.P GHOST*

## VERB ကို -ING ဆက်နည်း

Continous tense ဆိုတာ Verb to be နဲ့ V- ing ကို ပေါင်းစပ်ခြင်း ဖြစ်ပါတယ်၊ ဒီတော့ ကြိယာ (Verb) တွေကို - ing ဆက်ပုံ ရေးပုံကို လေ့လာကြည့်ကြပါစို့ -

၁။ ကြိယာတစ်လုံးဟာ "e" (တစ်လုံး) နဲ့ ဆုံးနေရင် "e" ကိုဖြုတ်ပြီးမှ - ing ဆက်ရပါတယ်၊

| | | | |
|---|---|---|---|
| ဥပမာ | လာသည် | come | coming |
| | ကယ်ဆယ်သည် | save | saving |
| | နေထိုင်သည် | live | living |
| | စာရေးသည် | write | writing |

ခြွင်းချက်အနေနဲ့ ee, oe နဲ့ ဆုံးတဲ့ စကားလုံးတွေကိုတော့ "e" မဖြုတ်ရပါဘူး

| | | |
|---|---|---|
| ဥပမာ | see - seeing | flee - fleeing |
| | hoe - hoeing | toe - toeing |

၂။ ကြိယာတစ်လုံးဟာ ဗျည်းနဲ့ဆုံးပြီး၊ ဗျည်းရဲ့ရှေ့မှာ သရ တစ်လုံးရှိနေရင် နောက်ဆုံး စာလုံးကို နှစ်ဆပြုပြီးမှ - ing ဆက်ရပါတယ်။

သရ = A, E, I, O, U
ဗျည်း = ကျန် (၂၁) လုံး

| | | | |
|---|---|---|---|
| ဥပမာ | ပြေးသည် | run | running |
| | ထိုင်သည် | sit | sitting |
| | (လ၊ ကြယ်၊ နေ)ဝင်သည် | set | setting |
| | ထားသည် | put | putting |

၃။ ဗျည်းနဲ့ဆုံးပေမယ့် ဗျည်းရဲ့ရှေ့မှာ သရ (၂) လုံးရှိနေရင်တော့ နှစ်ဆမပြုရပါဘူး။

| | | | |
|---|---|---|---|
| ဥပမာ | စားသည် | eat | eating |
| | တွေ့ဆုံသည် | meet | meeting |
| | စကားပြောသည် | speak | speaking |
| | အိပ်သည် | sleep | sleeping |

၄။ y, w, တို့နဲ့ ဆုံးနေရင်လဲ နောက်ဆုံးအလုံးကို နှစ်ဆမပြုရပါဘူး၊

| | | | |
|---|---|---|---|
| ဥပမာ | ဝယ်သည် | buy | buying |
| | ကစားသည် | play | playing |
| | ကြီးထွားသည် | grow | growing |



၅။ ကြိယာတစ်လုံးဟာ "c" နဲ့ဆုံးနေရင်တော့၊ အဲဒီ ကြိယာရဲ့အဆုံးမှာ "k" ကို ထပ်ပေါင်းထည့်ပေးပြီးမှ၊ - ing ဆက်ရပါတယ်၊

| | | | |
|---|---|---|---|
| ဥပမာ | နောက်ပြောင်သည် | frolic | frolicking |
| | တုပပြောဆိုသည် (လိုက်တုရွှဲ ပြောဆိုသည်) | mimic | mimicking |
| | ပျော်ပွဲစားထွက်သည် | picnic | picnicking |

၆။ ကြိယာတစ်လုံးဟာ "ie" နဲ့ဆုံးနေရင်တော့၊ *ie* ကို *y* ပြောင်းပြီးမှ -ing ဆက်ရပါတယ်။

| | | | |
|---|---|---|---|
| ဥပမာ | သေသည် | die | dying |
| | လိမ်ပြောသည် } လဲလျောင်းသည် } | lie | lying |
| | ချည်နှောင်သည် | tie | tying |

၇။ အပေါ်မှာပြထားတဲ့ ဆက်နည်းတွေကလွဲရင် ကျန်ကြိယာတွေကိုတော့ -ing ဆက်ရုံပဲ ဆက်ပေးရပါတယ်။

| | | | |
|---|---|---|---|
| ဥပမာ | ပြုလုပ်သည် | do | doing |
| | ထသည်၊ ရပ်သည် | stand | standing |
| | တည်ဆောက်သည် | build | building |
| | နားထောင်သည် | listen | listening |

### ခြွင်းချက်

အပေါ်မှာ စည်းကမ်းချက်လေးတွေ ပေးထားပေမယ့် ခြွင်းချက်အနေနဲ့ အဲဒီစည်းကမ်းလေးတွေအတိုင်း မရေးရတဲ့ ကြိယာတွေကိုတော့ အလွတ်ကျက်ထားရပါတယ်။

| | | |
|---|---|---|
| ဆေးဆိုးသည် | dye | dyeing |
| ကြည့်သည် | eye | eyeing |
| ထွန်ရှသည် | hoe | hoeing |
| သံခွာရိုက်သည် | shoe | shoeing |
| လည်ပတ်သည် | visit | visiting |
| တည်းဖြတ်သည် | edit | editing |
| ဖုံးလွှမ်းသည် | cover | covering |
| ဖွင့်သည် | open | opening |

**Continuous Tense** နဲ့ တွဲဖက်သုံးလေ့ရှိတဲ့ ဒီစကားလုံးလေးတွေကို အလွတ်ကျက် မှတ်ထားပါ။

| | | |
|---|---|---|
| **Now** | = | ယခု |
| **At present** | = | ယခုလောလောဆယ် |
| **At this moment** | = | ဤအခါ၌ |
| **At the moment** | = | ယခုအခါ၌၊ ယခု |
| **Look !** | = | ကြည့်စမ်း |
| **Listen !** | = | နားထောင်စမ်း |

## *Exercise No. (76)*

**Write the present continuous tense form of the verbs in brackets.**

ကွင်းထဲမှာရှိတဲ့ ကြိယာကို **present continuous tense** ပုံစံဖြင့် ဖြေဆိုရေးသားပါ။

1. She (*sing*) a lovely song.
   Ans: She *is singing* a lovely song.
2. The bus (stop) for us now.
3. He (open) the window.
4. The girl (put) on new clothes.
5. We (study) English now.
6. They (leave) for Mandalay.
7. Our mother (buy) rice.
8. A boy (make) a kite.
9. Thiha (write) a letter.
10. I (watch) television at present.
11. The telephone (ring) now.
12. Look! U Ni (smoke) a cigarette.
13. Listen! Someone (knock) at the door.
14. Daw Sein (sit) in the park.
15. They (play) tennis.



## *Exercise No. (77)*

**Change the verb of the following sentences from simple present to present continuous form.**

အောက်ပါဝါကျများရှိကြိယာကို **Present tense** မှ **Present continuous** ပုံစံသို့ပြောင်းပါ။

1. He *eats* a mango.
   Ans: He *is eating* a mango.
2. The watchman turns on the light.
3. We learn many new words.
4. He prepares his homework.
5. The teacher rings the bell.
6. She does well in her English.
7. He has his dinner.
8. The wind blows hard.
9. The girl sleeps soundly.
10. Lay Lay studies in this class.
11. The leaves fall from the trees.
12. U Kyaw Win speaks very quickly.
13. U Lwin teaches us English.
14. The boys swim in the river.
15. The villagers dig a canal.

## *Exercise No. (78)*

**Choose the correct form of the verb.**

ကြိယာပုံစံအမှန်ကို ရွေးချယ် (ဖြေဆို) ပါ။

1. May Sweet (sings, is singing) a song now.
2. They (study, are studying) English every day.
3. Look! The boys (play, are playing) football.
4. She usually (goes, is going) to the pagoda in the evening.
5. He always (tells, is telling) the truth.
6. Listen! The girl (sings, is singing) a song.
7. We (have, are having) an English class now.
8. Cho Cho (prepares, is preparing) her homework now.

9. Our father (takes, is taking) a walk in the park every day.
10. The officer (signs, is signing) the letters now.
11. U Lwin(*sleeps*, is sleeping) only five hours each day.
12. The maid (cleans, is cleaning) the room every day.
13. I (get, am getting) very hungry at present.
14. Look! They (shake, are shaking) hands like old friends.
15. They (come, are coming) to visit us every year.

## CONTINUOUS FORM မသုံးရသော ကြိယာများ

အောက်မှာ ဖော်ပြတဲ့ ကြိယာလေးတွေကို အထူးဂရုပြုလေ့လာပါ။ သူတို့ကို continuous form အဖြစ်နဲ့ သုံးလေ့မရှိပါဘူး။

1. *Verbs of Perception*

| | | |
|---|---|---|
| see | = | မြင်သည်။ |
| hear | = | ကြားသည်။ |
| smell | = | အနံ့ရသည်။ |
| taste | = | အရသာပေါ်ထွက်သည်။ |
| feel | = | ထိတွေ့ခံစားသည်။ |

2. *Verbs of emotion*

| | | |
|---|---|---|
| love | = | ချစ်သည်။ |
| hate | = | မုန်းသည်။ |
| like | = | ကြိုက်သည်။ |
| dislike | = | မနှစ်မသက်ဖြစ်သည်။ |
| want | = | လိုချင်သည်။ |
| wish | = | ဆန္ဒရှိသည်၊ လိုချင်တောင့်တသည်။ |
| desire | = | အလိုရှိသည်။ |
| refuse | = | ငြင်းဆန်သည်။ |
| prefer | = | ပိုမိုနှစ်သက်သည်။ |

3. *Verbs of thinking*

| | | |
|---|---|---|
| think | = | ထင်သည်။ |
| realize | = | သိရှိသဘောပေါက်သည်။ |



| | | |
|---|---|---|
| understand | = | နားလည်သည်။ |
| know | = | သိသည်။ |
| suppose | = | ထင်မြင်သည်။ |
| believe | = | ယုံကြည်သည်။ |
| trust | = | ယုံကြည်စိတ်ချသည်။ |
| recollect | = | သတိရ၊ မှတ်မိသည်။ |
| remember | = | သတိရသည်။ |

4. *Some others*

| | | |
|---|---|---|
| possess | = | ပိုင်ဆိုင်သည်။ |
| contain | = | ပါဝင်သည်။ |
| consist | = | ပါဝင်သည်။ |
| belong | = | ပိုင်ဆိုင်သည်၊ |
| own | = | ပိုင်ဆိုင်သည်။ |

> There are certain verbs in English which are not used with the -ing form *except in a few special cases.* The verbs of perception *see, hear, feel, seem, taste,* and *smell,* and the verbs of mental activity *understand, know, think, believe, forget, remember, like, love, hate, hope, mean, need, prefer, recognize* and *want* are among the commonest verbs of the type.
>
> *A GUIDE TO CORRECT ENGLISH (PAGE. 294)*
> *L. A. HILL*

## ခါပေမယ့် ခြွင်းချက်တွေ ရှိပါတယ်။

see = (၁) မြင်သည်။
(၂) ကြည့်သည်။

"မြင်သည်" ဆိုတဲ့ အဓိပ္ပာယ်နဲ့ရေးရင် continuous မသုံးရပါဘူး။
"ကြည့်သည်" "တွေ့ဆုံသည်" ဆိုတဲ့အဓိပ္ပာယ်နဲ့ဆိုရင် continuous သုံးခွင့်ရှိပါတယ်။
သုံးကြပါတယ်။

ဥပမာ

1. A blind man **cannot** see.
   မျက်ကန်းဟာ မမြင်ရဘူး။
2. I **see** the boys going to school .
   ကောင်လေးတွေ ကျောင်းသွားတာကို ကျွန်တော်မြင်တယ်။
3. I **am seeing** the sights of Mandalay.
   မန္တလေးမြို့ရဲ့မြင်ကွင်း (ရှုခင်း) တွေကို ကျွန်တော်လိုက်ကြည့်နေတယ်
4. I **shall be seeing** them tomorrow.
   သူတို့ကို မနက်ဖြန်ကျရင် ကျွန်တော် သွားတွေ့မယ်။

**hear** = (၁) ကြားသည်။
(၂) receive news of ( သတင်း ရရှိသည်)

ကြားသည်ဆိုတဲ့ အဓိပ္ပာယ်နဲ့ရေးရင် continuous မသုံးရပေမယ့် (သတင်းရရှိသည်) ဆိုတဲ့ အဓိပ္ပာယ်နဲ့ ရေးသားရင်တော့ continuous သုံးလေ့ရှိပါတယ်။

ဥပမာ

1. I ***am hearing*** the most sorrowful news about my old friend.
   ကျွန်တော့်မိတ်ဆွေဟောင်းတစ်ယောက်ရဲ့ ဝမ်းနည်းဖွယ်သတင်းတွေကို ရရှိပါတယ်။
2. She ***is not hearing*** of her husband's death.
   သူ့ယောကျ်ားသေတဲ့သတင်းကို သူမ မရရှိသေးဘူး။
3. I ***hear*** somebody laughing.
   တစ်ယောက်ယောက် ရယ်မောနေသံကို ကျွန်တော်ကြားတယ်။
4. I can't ***hear*** what he is saying.
   ဘာပြောနေသလဲဆိုတာ ကျွန်တော် မကြားဘူး။

**think** = (၁) ထင်သည်။
(၂) တွေးသည်။

ထင်သည်ဆိုတဲ့ အဓိပ္ပာယ်နဲ့ရေးရင် continuous မသုံးရပေမယ့်၊ "တွေးသည်" ဆိုတဲ့ အဓိပ္ပာယ်နဲ့ ရေးရင်တော့ continuous သုံးပါတယ်။

ဥပမာ

1. I ***think*** this book is very interesting.
   ဒီစာအုပ်ဟာ သိပ်စိတ်ဝင်စားဖွယ်ကောင်းတယ်လို့ ငါထင်တယ်။



2. **Are** you **thinking** about your lover?
   မင်းရဲ့ချစ်သူအကြောင်းကို တွေးနေသလား။

**smell** = (၁) အနံ့ရသည်။
(၂) ရှူသည်၊ နမ်းသည်။

အနံ့ရသည်ဆိုတဲ့ အဓိပ္ပာယ်နဲ့ဆိုရင် continuous မသုံးရပေမယ့်၊ ရှူသည်၊ ရှူရှိုက် သည်၊ နမ်းသည် ဆိုတဲ့အဓိပ္ပာယ်နဲ့ ရေးရင်တော့ continuous သုံးနိုင်ပါတယ်။

ဥပမာ

1. I can't ***smell*** because I have a cold.
   ငါအအေးမိနေလို့ အနံ့မရဘူး။
2. She **was smelling** at a flower.
   သူမက ပန်းကလေးတစ်ပွင့်ကို နမ်းကြည့်နေတယ်။

**have** = (၁) ပိုင်ဆိုင်မှုပြ (မှာ.....ရှိသည်)
(၂) ဆောင်ရွက်မှုပြ (စားသည်၊ သောက်သည် .... စသည်)

ပိုင်ဆိုင်မှုပြ အဓိပ္ပာယ်နဲ့ရေးရင် continuous မသုံးရပေမယ့်၊ ဆောင်ရွက်မှုပြ အဓိပ္ပာယ် အနေနဲ့ဆိုရင်တော့ continuous သုံးနိုင်ပါတယ်။

ဥပမာ

1. She ***has*** much money.
   သူမမှာ ပိုက်ဆံများစွာရှိသည်။
   She is having much money ဟု မသုံးရ။
2. She ***has*** her dinner.
   သူမ ညစာစားသည်။ (ဆောင်ရွက်မှုပြ)
   She ***is having*** her dinner.
   သူမ ညစာစားနေသည်ဟု သုံးနိုင်သည်။
3. I ***have*** a bath.
   ကျွန်တော် ရေချိုးသည်။ (ဆောင်ရွက်မှုပြ)
   I ***am having*** a bath.
   ကျွန်တော် ရေချိုးနေသည်ဟု သုံးနိုင်သည်။

> These verbs are used in the Simple Present. They may, however, be used in the continuous tense with a change of meaning; as an example,
>
> I am thinking of (= considering the idea) of going to America.
>
> Mr. Singh is minding (= looking after) the baby while his wife is out shopping.
>
> *H. S. E. G. (PAGE. 108)*
> *WREN AND MARTIN*

## PRESENT CONTINUOUS TENSE ရဲ့ အသုံးများ

၁။ ယခုလောလောဆယ် ပြောဆိုရေးသားနေချိန်မှာ ဖြစ်ပျက်နေတဲ့ အဖြစ်အပျက်ကို ဖော်ပြရာမှာ သုံးပါတယ်။

ဥပမာ 1. I **am writing** a book now.
ယခု ကျွန်တော် စာအုပ်တစ်အုပ် ရေးနေတယ်။

2. It **is raining** at the moment.
ယခု မိုးရွာနေတယ်။

၂။ မဝေးလှတဲ့ အနာဂတ်ကာလ (near future) မှာ အလုပ်တစ်ခုကို လုပ်မှာဖြစ်ကြောင်း (Future -သဘောနဲ့) ဖော်ပြရေးသားရာမှာလဲ သုံးပါတယ်။ များသောအားဖြင့် အနာဂတ် အချိန်ပြ ပုဒ်တွေဖြစ်တဲ့ tomorrow, next စသည်တို့နဲ့ တွဲဖက်ရေးသားလေ့ရှိပါတယ်။

ဥပမာ 1. I ***am leaving*** for Mandalay tomorrow.
မနက်ဖြန်ကျရင် မန္တလေးမြို့သို့ ကျွန်တော်သွားမလို့။
(သွားနေသည်ဟု ဘာသာမပြန်ရ)

၃။ ယခုလောလောဆယ် ပြောဆိုနေတဲ့အချိန်မှာ (temporary action) ခေတ္တယာယီမျှ လုပ်ကိုင်နေတဲ့ အလုပ်ကလေးတစ်ခု မပြီးပြတ်သေးလို့ ဆက်လက်လုပ်ကိုင်နေဆဲဖြစ်တယ်လို့ ဖော်ပြချင်တဲ့အခါမှာလဲ သုံးပါတယ်။

ဥပမာ Hnin Hnin ***is knitting*** a sweater for her father.
နှင်းနှင်းက သူ့အဖေအတွက် ဆွယ်တာအင်္ကျီတစ်ထည် ထိုးနေတယ်။

၄။ မကြာခဏ၊ ထပ်တလဲလဲ ဖြစ်လေ့ဖြစ်ထရှိတဲ့ အကျင့်စရိုက်ကို ဖော်ပြရေးသားရာမှာလဲ သုံးပါတယ်။ များသောအားဖြင့် always, continually စတဲ့ Frequency adverb တွေနဲ့ တွဲဖက်ရေးသားလေ့ရှိပါတယ်။

ဥပမာ 1. This careless boy ***is always*** *losing* his book.
ဒီ ပေါ့လျော့တဲ့ကောင်လေးဟာ စာအုပ်အမြဲတမ်း ပျောက်နေတာပဲ။



2. This curious girl is continually asking questions.
ဒီ စပ်စုတဲ့ကောင်မလေးဟာ မေးခွန်းတွေကို အဆက်မပြတ်မေးနေတာပဲ။

၅။ ပြောင်းလဲနေတဲ့ အခြေအနေတွေ (changing situations) ကို ဖော်ပြရေးသားရာမှာလည်း သုံးပါတယ်။

ဥပမာ 1. The population of the world **is *rising*** very fast.
ကမ္ဘာ့လူဦးရေကတော့ အမြန်ပြောင်းလဲတိုးပွားနေတာပဲ။

2. ***Is*** your English ***getting*** better?
မင်းရဲ့အင်္ဂလိပ်စာ တိုးတက်မှုရှိရဲ့လား။

## SIMPLE PRESENT TENSE (OR) PRESENT CONTINUOUS PRESENT နှင့် CONTINUOUS တို့၏ ကွဲပြားသော အသုံး

### *Simple Present Tense*

အမှန်တရား၊ အကျင့်စရိုက်၊ ဓလေ့ထုံးစံ၊ လက်ရှိဖြစ်ပျက်မှုတို့ကို ဖော်ပြချင်တဲ့အခါမှာ (Present Tense) ကို သုံးကြောင်း ရှင်းပြခဲ့ပြီးဖြစ်ပါတယ်။ ယေဘုယျအားဖြင့် ဖြစ်တဲ့ သဘော၊ ထပ်တလဲလဲဖြစ်တတ်တဲ့သဘောတွေကို ဖော်ပြပြောဆိုလိုတဲ့အခါ သုံးပါတယ်။ "ယခုလောလောဆယ် ပြောဆိုရေးသားနေတဲ့အချိန်မှာ တကယ် ပြုလုပ်နေဖို့ မလိုပါဘူး။"

### *Present Continuous Tense*

ယခုလောလောဆယ် ပြောဆိုနေတဲ့အချိန်ကာလမှာ တကယ်ဖြစ်ပျက်ပြုလုပ်နေတဲ့ ဖြစ်ရပ်များကို ဖော်ပြချင်တဲ့အခါမှာသာ သုံးပါတယ်။

အောက်က ရှင်းလင်းချက်ကို ယှဉ်တွဲပြီး လေ့လာကြည့်ပါဦး။

**SIMPLE PRESENT** [redacted]




ဥပမာ 1. The kettle is boiling now.
ရေနွေးအိုးဆူနေတယ်။ (ယခုပြောနေတဲ့အချိန်မှာ ဆူနေတာ)

2. Water *boils* at 100 degrees centigrade.
ရေဟာ (၁၀၀) ဒီဂရီစင်တီဂရိတ်ကိုရောက်ရင် ဆူတယ်။
(ဘယ်အချိန်မဆို ရေဆူမှတ် ၁၀၀ ဒီဂရီစင်တီဂရိတ်ရောက်ရင် ဆူတယ်။)

ဒါကြောင့် **Simple Present** နဲ့ **Present Continuous**ရဲ့ ကွာခြားချက်က-

၁။ ယခုလောလောဆယ် ပြောဆိုရေးသားနေတဲ့အချိန်မှာ တကယ် ပြုလုပ် နေဖို့ လိုတာ မလိုတာ ကွာခြားပါတယ်။

Present = လောလောဆယ်မှာ ပြုလုပ် နေဖို့ မလိုဘူး။
Continuous = လောလောဆယ်မှာ ပြုလုပ် နေဖို့လိုတယ်။

၂။ ယာယီအခြေအနေနဲ့ အမြဲတမ်းဖြစ်ပျက်နေတဲ့ အခြေအနေအရလဲ ကွာခြားပါတယ်။

Present = အမြဲတမ်း (permanent situation) အခြေအနေကို ညွှန်းတယ်။
Continuous = ယာယီ (temporary situation) အခြေအနေကို ညွှန်းတယ်။

ဥပမာ 1. I *live* in Yangon. I have been there for twenty years.
ကျွန်တော် ရန်ကုန်မှာနေတယ်။ ဒီ (ရန်ကုန်) မှာနေတာ အနှစ် နှစ်ဆယ် ရှိပြီ။

2. I *am living* with some friends until I can find a flat.
ကျွန်တော် (အတွက်) အခန်းတစ်ခန်းမရခင် မိတ်ဆွေတချို့နဲ့ (ခေတ္တ) နေပါတယ်။

## *Exercise No. (79)*

**Write whichever is correct, the *persent continuous tense* or the *simple present tense* of the verbs in brackets.**

1. (come) He sometimes ............ to visit us.
2. (have) She ............ a cold bath now.
3. (have) She ............ many friends in her school.
4. (stop) The bus usually ............ at this corner.
5. (stop) The bus ............ for the students at this moment.
6. (sleep) Don't make a loud noise. The baby ............ .
7. (sleep) I usually ............ at ten o'clock.
8. (come) He always ............ to school on foot .
9. (come) Our teacher ............ to school on foot now.



10. (teach) Don't talk! Our teacher ............ us how to write essays.
11. (teach) U Lwin is a teacher . He ............ English.
12. (fall) The leaves ............ from the trees in summer.
13. (sleep) Look! The baby ............ soundly.
14. (sleep) He ............ fourteen hours a day.
15. (do) He usually ............ his work well.
16. (do) He ............ his homework now.
17. (write) Ma Ei is busy now. She ............ a letter.
18. (write) Ma Ei ............ many letters to her parents.
19. (smoke) U Su usually ............ a cigarette.
20. (smoke) U Aung Myint ............ very much.
21. (have) We ............ English lessons three times a week.
22. (study) We ............ our English lesson now.
23. (love) Mothers ............ their children.
24. (love) Now our father ............ our mother very much.
25. (rain) It ............ a great deal in June and July.
26. (rain) Look! It ............ heavily.
27. (know) Now she ............ what is right and what is wrong.
28. (remember) At present, I ............ my old friends.
29. (be) Now my father ............ a doctor.
30. (think) He ............ about his lover at present.

## SIMPLE PAST TENSE

အတိတ်က အကျိုးဆက်ပြတ်တဲ့ဖြစ်ရပ်တွေကို ဖော်ပြပြောဆိုချင်ရင်တော့ Past tense ကို သုံးရပါတယ်။

ဥပမာ

1. She was born in 1970.
   သူမကို ၁၉၇၀ ခုနှစ်မှာ မွေးဖွားခဲ့ပါတယ်။
2. Daw Sein died two years ago.
   လွန်ခဲ့တဲ့နှစ်နှစ်က ဒေါ်စိန်သေခဲ့တယ်။
3. The thief stole the money last night.
   ပိုက်ဆံကို မနေ့ညက သူခိုးခိုးသွားတယ်။

Past tense နဲ့ တွဲဖက်ပြီး သုံးလေ့ရှိတဲ့ ဒီစကားလုံးလေးတွေကိုလည်း ကျက်ထားဖို့ လိုပါတယ်။

| | | |
|---|---|---|
| **previous** | = | အရင်ကျသော |
| **last** | = | လွန်ခဲ့သော **(last week, year, month)** |
| **ago** | = | လွန်ခဲ့သော၊ လွန်ခဲ့သည့်အခါက |
| **yesterday** | = | မနေ့က |
| **yester-night** | = | မနေ့ညက |
| **yester-week** | = | လွန်ခဲ့သောအပတ်က |
| **yester-year** | = | လွန်ခဲ့သောနှစ်က |

အတိတ်က အကျိုးဆက်ပြတ်တဲ့ ဖြစ်ရပ်ဆိုတာက အတိတ်တစ်ချိန်က စတင်ဖြစ်ပျက်ခဲ့ပြီးတော့ အတိတ်တစ်ချိန်မှာတင်ပဲ ပြီးဆုံးခဲ့တယ်။ အတိတ်မှာပဲ ကျန်ရစ်ခဲ့တဲ့ အကြောင်းအရာတွေကို ဆိုလိုပါတယ်။

ယခု ပြောဆိုရေးသားနေချိန်မှာ အဲဒီဖြစ်ရပ်ဟာ ဆက်လက်ပြီး မဖြစ်တော့ဘူး။ မရှိတော့ဘူး လို့ ဆိုလိုပါတယ်။



## PAST TENSE ပြောင်းနည်း

ဝါကျတစ်ကြောင်းကို Past Tense ပြောင်းတော့မယ်ဆိုရင် အဲဒီဝါကျမှာရေးထားတဲ့ ကြိယာအမျိုးအစားကို ဂရုပြုရပါတယ်။

1. Verb to be နဲ့ ရေးထားတဲ့ ဝါကျဆိုရင်

   am, is ကို was ပြောင်း
   are ကို were ပြောင်း

2. Verb to have နဲ့ ရေးထားတဲ့ ဝါကျဆိုရင်

   has, have ကို had ပြောင်း

3. အကူကြိယာနဲ့ ရေးထားတဲ့ ဝါကျဆိုရင်

   will ကို would ပြောင်း shall ကို should ပြောင်း
   can ကို could ပြောင်း may ကို might ပြောင်း

4. Verb to do နဲ့ ရေးထားတဲ့ ဝါကျဆိုရင်

   regular verb လား၊ irregular verb လား
   ဘယ်လိုကြိယာအမျိုးအစားနဲ့ ရေးထားသလဲဆိုတာသတိပြုရပါတယ်။

### (A) Regular Verb နှင့် ရေးထားတဲ့ ဝါကျဆိုရင်

Regular Verb ဆိုတာ Present Tense ကြိယာတစ်လုံးကို ed တို့ d တို့ ပေါင်းပေးလိုက်ရုံနဲ့ Past Tense နဲ့ Past Participle ဖြစ်သွားတဲ့ ကြိယာတွေကို ခေါ်ပါတယ်။ အဲဒီလို Regular Verb တွေနဲ့ ရေးထားတဲ့ ဝါကျတွေဆိုရင်တော့ အောက်မှာဖော်ပြထားတဲ့ ကြိယာကို Past Tense နဲ့ Past participle ပြောင်းနည်း စည်းမျဉ်းတွေကို သတိပြုလိုက်နာ ရေးသားရပါတယ်။

> A regular verb is one which forms its past and past participle forms by merely adding *-ed* or *-d* to the present forms.
>
> *WARRINER'S E. G AND C (PAGE. 120)*

**I.** ကြိယာတစ်လုံးဟာ e နဲ့ဆုံးနေရင် Past Tense နဲ့ Past Participle ပြောင်းဖို့ရန် အတွက် "d" ကိုပဲ ထည့်ပေးရပါတယ်။

| | | | | |
|---|---|---|---|---|
| ဥပမာ | ချစ်သည် | love | loved | loved |
| | မုန်းသည် | hate | hated | hated |
| | ကြိုက်သည် | like | liked | liked |
| | ပြုံးသည် | smile | smiled | smiled |
| | ကသည် | dance | danced | danced |

**II.** ကြိယာတစ်လုံးဟာ "y" နဲ့ဆုံးနေပြီး၊ y ရဲ့ရှေ့မှာ "ဗျည်း" ရှိနေမယ်ဆိုရင် y ကို i ပြောင်းပြီး၊ ed ထည့်ပေးရပါတယ်။

| | | | | |
|---|---|---|---|---|
| ဥပမာ | ကြိုးစားသည် | try | tried | tried |
| | လက်ထပ်သည် | marry | married | married |
| | လေ့လာသည် | study | studied | studied |
| | လျှောက်ထားသည် | apply | applied | applied |
| | အလျှင်အမြန်လုပ်သည် | hurry | hurried | hurried |

**III.** y နဲ့ ဆုံးပေမယ့် "y" ရှေ့မှာ သရ ရှိနေရင်တော့ y ကို i မပြောင်းရပါဘူး။ "ed" ကိုပဲ ပေါင်းထည့်ပေးရပါတယ်။

| | | | | |
|---|---|---|---|---|
| ဥပမာ | ကစားသည် | play | played | played |
| | နာခံသည် | obey | obeyed | obeyed |
| | အသုံးချသည် | employ | employed | employed |
| | နှစ်သက်ခံစားသည် | enjoy | enjoyed | enjoyed |

**IV.** ကြိယာတစ်လုံးဟာ "ဗျည်း" နဲ့ဆုံးနေမယ်၊ ဗျည်းရဲ့ရှေ့မှာ "သရ" တစ်လုံးရှိနေမယ်ဆိုရင် နောက်ဆုံးက ဗျည်းကိုနှစ်ဆပြုပြီးမှ ed ထည့်ရပါတယ်။

| | | | | |
|---|---|---|---|---|
| ဥပမာ | ရပ်တံ့သည် | stop | stopped | stopped |
| | လုယူသည် | rob | robbed | robbed |
| | တပ်ဆင်သည် | fit | fitted | fitted |
| | ပိုမိုနှစ်သက်သည် | prefer | preferred | preferred |
| | နောင်တရသည် | regret | regretted | regretted |
| | ညွှန်းသည် | refer | referred | referred |



**V.** ကြိယာတစ်လုံးဟာ "l" နဲ့ဆုံးပြီး (များသောအားဖြင့်) ရှေ့မှာ သရတစ်လုံးရှိနေရင် "l" ကို နှစ်ဆပြုပြီးမှ "ed" ထည့်ရပါတယ်။

| | | | | |
|---|---|---|---|---|
| ဥပမာ | ခရီးသွားသည် | travel | travelled | travelled |
| | ပယ်ဖျက်သည် | cancel | cancelled | cancelled |
| | အံ့သြသည် | marvel | marvelled | marvelled |
| | ထိန်းသိမ်းသည် | control | controlled | controlled |

**VI.** ကြိယာတစ်လုံးဟာ "c" နဲ့ ဆုံးနေရင်တော့ "k" ထပ်ထည့်ပြီးမှ "ed" ကို ပေါင်းစပ်ရပါတယ်။

| | | | | |
|---|---|---|---|---|
| ဥပမာ | ပျော်ပွဲစားထွက်သည် | picnic | picnicked | picnicked |
| | တုပပြောင်လှောင်သည် | mimic | mimicked | mimicked |
| | နောက်ပြောင်သည် | frolic | forlicked | frolicked |

**VII.** အထက်ပါနည်းလမ်းတွေကလွဲရင် ကျန်ကြိယာတွေမှာ "ed" ကိုသာ ပေါင်းထည့်ပေးရပါတယ်။

| | | | | |
|---|---|---|---|---|
| ဥပမာ | လိုအပ်သည် | need | needed | needed |
| | ကျိုချက်သည် | boil | boiled | boiled |
| | လှည့်သည် | turn | turned | turned |
| | ရောက်ရှိသည် | reach | reached | reached |
| | ရှင်းပြသည် | explain | explained | explained |

(B) Irregular Verb နှင့် ရေးထားသော ဝါကျများ

Irregular Verb ဆိုတာ Present Tense ကြိယာတစ်လုံးကို d / ed တို့ပေါင်းပေးရုံနဲ့ Past Tense နဲ့ Past Participle ဖြစ်မသွားတဲ့ ကြိယာတွေကို ခေါ်ပါတယ်။ သီးသန့် ကျက်မှတ်ထားရမှာဖြစ်ပါတယ်။ အုပ်စု (၅) စုခွဲပြီး ဖော်ပြထားပါတယ်။ အလွတ်ကျက်မှတ် ထားရမှာ ဖြစ်ပါတယ်။

> An irregular verb is one that does not form its past and past participle forms by adding *-ed* or *-d* to the present form.
>
> *WARRINER'S E. G AND C (PAGE. 121)*

## LIST OF IRREGULAR VERBS

### GROUP 1

ဒီအုပ်စုမှာ **Present tense, Past tense** နဲ့ **Past participle** သုံးခုလုံး စာလုံးပေါင်း တူနေတာကို သတိပြုပါ။

| *Infinitive* | *Past simple* | *Past Participle* | |
|---|---|---|---|
| put | put | put | ထားသည်၊ ထည့်သည်။ |
| bet | bet | bet | လောင်းကစားသည်။ |
| burst | burst | burst | ပေါက်ကွဲသည်။ |
| cast | cast | cast | (ခေါင်းလောင်းစသည်) သွန်းလောင်းသည်။ |
| cost | cost | cost | တန်ဖိုးကျသင့်သည်။ |
| cut | cut | cut | ဖြတ်တောက်သည်။ |
| hit | hit | hit | ထိမှန်သည်၊ ရိုက်သည်၊ ထိုးသည်။ |
| hurt | hurt | hurt | ထိခိုက်နာကျင်သည်။ |
| let | let | let | ခွင့်ပြုသည်။ |
| set | set | set | လ/ ကြယ်/ နေဝင်သည်။ |
| shut | shut | shut | (တံခါး) ပိတ်သည်။ |
| spread | spread | spread | ဖြန့်သည်၊ ပျံ့သည်။ |
| thrust | thrust | thrust | တွန်းထိုးသည်။ |
| upset (from "set") | upset | upset | (ကိုယ်/စိတ်) မတည်မငြိမ်ဖြစ်သည်။ |

### GROUP 2

ဒီအုပ်စုမှာ **Present tense** နဲ့ **Past tense** စာလုံးပေါင်း တူနေတာကို သတိပြုပါ။

| *Infinitive* | *Past simple* | *Past Participle* | |
|---|---|---|---|
| beat | beat | beaten | ရိုက်သည် |

### GROUP 3

ဒီအုပ်စုမှာ **Present tense** နဲ့ **Past participle** စာလုံးပေါင်း တူနေတာကို သတိပြုပါ။

| *Infinitive* | *Past simple* | *Past Participle* | |
|---|---|---|---|
| become (from "come") | became | become | ဖြစ်လာသည်။ |
| come | came | come | လာသည်။ |
| overcome (from "come") | overcame | overcome | အောင်မြင်/နှိမ်နင်းသည်။ |
| overrun (from "run") | overran | overrun | အနှံ့အပြား ရောက်သည်။ ဝင်ရောက် တိုက်ခိုက် ဖျက်ဆီးသည်။ |
| run | ran | run | ပြေးသည်။ |



### GROUP 4

ဒီအုပ်စုမှာ **Past tense** နဲ့ **Past participle** စာလုံးပေါင်း တူနေတာကို သတိပြုပါ။

| *Infinitive* | *Past simple* | *Past Participle* | |
|---|---|---|---|
| bend | bent | bent | ကောက်ကွေးသည်၊ ကွေးသည်၊ ကိုင်းညွတ်သည်။ |
| bind | bound | bound | ချည်နှောင်သည်။ |
| bleed | bled | bled | သွေးထွက်သည်။ |
| bring | brought | brought | ယူလာသည်။ |
| build | built | built | တည်ဆောက်သည်။ |
| burn | burnt | burnt | လောင်ကျွမ်းသည်။ |
| buy | bought | bought | ဝယ်ယူသည်။ |
| catch | caught | caught | ဖမ်းဆီးသည်။ |
| deal | dealt | dealt | ဝေငှသည်၊ ပေါင်းသင်းဆက်ဆံသည်။ |
| dig | dug | dug | တူးဆွသည်။ |
| dream | dreamt | dreamt | အိပ်မက်မက်သည်။ |
| feed | fed | fed | အစာကျွေးသည်။ |
| feel | felt | felt | ထိတွေ့ခံစားသည်။ |
| fight | fought | fought | တိုက်ခိုက်သည်။ |
| find | found | found | တွေ့ရှိသည်။ |
| fling | flung | flung | (လွှဲ၍) ပစ်သည်။ |
| get | got | got | ရရှိသည်။ |
| hang | hung | hung | ချိတ်ဆွဲသည်။ |
| have | had | had | (မှာ) ရှိသည်။ |
| hear | heard | heard | ကြားသည်။ |
| hold | held | held | ကျင်းပသည်၊ ကိုင်တွယ်သည်။ |

| | | | |
|---|---|---|---|
| keep | kept | kept | သိမ်းထားသည်။ |
| lay | laid | laid | ထားသည်၊ ဥသည်။ |
| lead | led | led | ခေါင်းဆောင်သည်။ |
| lean | leant | leant | ငုံ့သည်၊ ကုန်းသည်၊ ကော့သည်၊ လှန်သည်။ |
| leap | leapt | leapt | ခုန်လွှားသည်။ |
| learn | learnt | learnt | သင်ယူသည်။ |
| leave | left | left | ထွက်ခွာသည်။ |
| lend | lent | lent | ချေးငှားသည်။ |
| light | lit | lit | မီးညှိသည်။ |
| lose | lost | lost | ပျောက်ဆုံးသည်။ |
| make | made | made | ပြုလုပ်သည်။ |
| mean | meant | mmeant | ဆိုလိုသည်။ |
| meet | met | met | တွေ့ဆုံသည်။ |
| mislead (from "lead") | misled | misled | တလွဲလမ်းညွှန်သည်။ လှည့်ဖြားသည်။ |
| mislay (from "lay") | mislaid | mislaid | တလွဲထားမိသည်။ |
| overhear (from "hear") | overheard | overheard | အမှတ်တမဲ့ ကြားမိသည်။ |
| pay | paid | paid | ပေးသည်။ |
| read | read | read | စာဖတ်သည်။ |
| say | said | said | ပြောဆိုသည်။ |
| seek | sought | sought | ရှာဖွေသည်။ |
| sell | sold | sold | ရောင်းချသည်။ |
| send | sent | sent | ပေးပို့သည်။ |
| shine | shone | shone | တောက်ပသည်။ |
| sit | sat | sat | ထိုင်သည်။ |
| shoot | shot | shot | ပစ်ခတ်သည်။ |
| sleep | slept | sept | အိပ်သည်။ |
| slide | slid | slid | လျှောသွားသည်။ ချော်လဲသည်။ |
| smell | smelt | smelt | အနံ့ရသည်၊ အနံ့ခံသည်။ |
| spell | spelt | spelt | စာလုံးပေါင်းသည်။ |
| spend | spent | spent | အသုံးပြုသည်။ |
| spill | spilt | spilt | ဖိတ်စင်သည်။ |



| | | | |
|---|---|---|---|
| spin | spun (or "span") | spun | ဗိုင်းငင်သည်။ |
| spoil | spoilt | spoilt | ဖျက်စီးသည်၊ ဖျက်စီးစေသည်။ |
| stand | stood | stood | မတ်တပ်ရပ်သည်။ |
| stick | stuck | stuck | ထိုးသည်၊ စိုက်သည်၊ (ကော်) ကပ်သည်။ |
| sting | stung | stung | (ပျား) တုပ်သည်၊ ထိုးသည်၊ စူးရှထိုးကိက်သည်။ |
| strike | struck | struck | ရိုက်ပုတ်သည်၊ထိုးသည်၊ |
| sweep | swept | swept | (တံမြက်) လှည်းသည်။ |
| swing | swung | swung | ဒန်းစီးသည်၊ ဟိုးလေးနိုသည်။ |
| teach | taught | taught | သင်ပေးသည်။ |
| tell | told | told | ပြောဆိုသည်။ |
| think | thought | thought | တွေးသည်၊ ထင်သည် |
| understand (from "stand") | understood | understood | နားလည်သည်။ |
| weep | wept | wept | ငိုကြွေးသည်။ |
| win | won | won | အောင်မြင်သည်။ |
| wind | wound | wound | ရစ်ပတ်သည်။ |
| withhold (from "hold") | withheld | withheld | ချုပ်တည်းသည်၊ ကန့်ကွက်သည်။ |
| wring | wrung | wrung | လိမ်၍ ညှစ်သည်။ |

## GROUP 5

ဒီအုပ်စုမှာ **Present tense, Past tense** နဲ့ **Past participle** (၃) ခုလုံး စာလုံးပေါင်း တစ်ခုနဲ့တစ်ခု မတူတာကို သတိပြုပါ။

| *Infinitive* | *Past simple* | *Past Participle* | |
|---|---|---|---|
| arise (from "rise") | arose | arisen | တက်သည်၊ ထသည်၊ ကြွသည် |
| begin | began | begun | အစပြုသည်။ |
| bear | bore | born (e) | သည်းခံသည်၊ မွေးဖွားသည်။ |
| bite | bit | bitten | ကိုက်သည်။ |
| blow | blew | blown | တိုက်ခတ်သည်။ |
| break | broke | broken | ချိုးဖဲ့သည်။ |

| | | | |
|---|---|---|---|
| choose | chose | chosen | ရွေးချယ်သည်။ |
| do | did | done | ပြုလုပ်သည်။ |
| draw | drew | drawn | ဆွဲသည်။ |
| drink | drank | drunk | သောက်သည်။ |
| drive | drove | driven | မောင်းနှင်သည်။ |
| eat | ate | eaten | စားသည်။ |
| fall | fell | fallen | ကျသည်။ |
| fly | flew | flown | ပျံသန်းသည်။ |
| forget | forgot | forgotten | မေ့လျော့သည်။ |
| forgive | forgave | forgiven | အပြစ်လွှတ်သည်၊ ခွင့်လွှတ်သည်။ |
| (from "give") | | | |
| freeze | froze | frozen | ရေခဲသည်၊ အေးရှခဲသည်။ |
| give | gave | given | ပေးသည်။ |
| go | went | gone | သွားသည်။ |
| grow | grew | grown | စိုက်ပျိုးသည်၊ ပေါက်သည်။ |
| hide | hid | hidden | ပုန်းသည်၊ ဝှက်သည်။ |
| know | knew | known | သိသည်။ |
| lie | lay | lain | လဲလျောင်းသည်။ |
| mistake | mistook | mistaken | မှားယွင်းသည်။ |
| (from "take") | | | |
| ride | rode | ridden | စီးသည်၊ စီးနင်းသည်။ |
| ring | rang | rung | တီးသည်၊ ထိုးသည်၊ လှုပ်သည်။ |
| rise | rose | risen | တိုးတက်သည်။ |
| saw | sawed | sawn | လွှတိုက်သည်။ |
| see | saw | seen | မြင်သည်။ |
| sew | sewed | sewn | (အပ်နှင့်) ချုပ်သည်၊ သီသည်။ |
| shake | shook | shaken | လှုပ်သည်။ |
| show | showed | shown | ပြသည်။ |
| shrink | shrank | shrunk | ရှုံ့တွန့်သည်။ |
| sing | sang | sung | သီချင်းဆိုသည်။ |
| sink | sank | sunk | နစ်မြုပ်သည်။ |
| speak | spoke | spoken | စကားပြောသည်။ |
| spin | span (or spun) | spun | ခိုင်းငင်သည်။ |
| spring | sprang | sprung | ခုန်လွှားသည်။ |



| | | | |
|---|---|---|---|
| steal | stole | stolen | ခိုးသည်။ |
| strive | strove | striven | အားစိုက်ထုတ်သည်၊ ကြိုးပမ်းသည်။ |
| swear | swore | sworn | ကျိန်ဆိုသည်။ |
| swim | swam | swum | ရေကူးသည်။ |
| take | took | taken | ယူသွားသည်။ |
| throw | threw | thrown | ပစ်သည်၊ လွှဲပစ်သည်။ |
| tread | trod | trodden | ခြေချသည်၊ နင်းသည်။ |
| undergo | underwent | undergone | ခံရသည်၊ တွေ့ကြုံသည်။ |
| (from "go") | | | |
| undo | undid | undone | ဖျက်ပြယ်စေသည်၊ ဖြေသည်။ |
| (from "do") | | | |
| wake | woke | waken | နိုးသည်၊ နိုးစေသည်။ |
| wear | wore | worn | ဝတ်ဆင်သည်။ |
| withdraw | withdrew | withdrawn | ရုပ်သိမ်းသည်၊ ဆုတ်ခွာသည်။ |
| (from "draw") | | | |
| write | wrote | written | ရေးသည်။ |
| am | was | been | ရှိသည်၊ ဖြစ်သည်။ |
| is | was | been | ရှိသည်၊ ဖြစ်သည်။ |
| are | were | been | ရှိကြသည်၊ ဖြစ်ကြသည်။ |

အချို့ကြိယာတွေကတော့ Regular Verb ရော Irregular Verb ရော ဖြစ်နိုင်ပါတယ်။

ဥပမာ

| | | | |
|---|---|---|---|
| လောင်ကျွမ်းသည် | burn | burned | burned |
| | burn | burnt | burnt |
| အိပ်မက်မက်သည် | dream | dreamed | dreamed |
| | dream | dreamt | dreamt |
| မှီသည် | lean | leaned | leaned |
| | lean | leant | leant |
| သင်ယူသည် | learn | learned | learned |
| | learn | learnt | learnt |
| အနံ့ရသည်၊ ရှူသည် | smell | smelled | smelled |
| | smell | smelt | smelt |
| စာလုံးပေါင်းသည် | spell | spelled | spelled |
| | spell | spelt | spelt |

| | | | |
|---|---|---|---|
| ဖိတ်ကျသည် | spill | spilled | spilled |
| | spill | spilt | spilt |
| ဖျက်ဆီးသည် | spoil | spoiled | spoiled |
| | spoil | spoilt | spoilt |

N.B

Past Participle - တွေကို
1. Perfect Tense - ဝါကျတွေ ရေးဖွဲ့တဲ့အခါနဲ့
2. Passive Voice - ဝါကျတွေ ရေးဖွဲ့တဲ့အခါမှာ သုံးပါတယ်။ သက်ဆိုင်ရာအခန်းမှာ အသေးစိတ်ကြည့်ပါ။

## *Exercise No. (80)*

**Change the verb of the following sentences from simple present to simple past tense form.**

အောက်ပါဝါကျများကို **Past tense** ကြိယာပုံစံသို့ ပြောင်းပါ။

1. I am interested in English.
2. They are brothers.
3. He is a good friend.
4. This lesson is very easy.
5. I have many friends.
6. She has a very bad cold.
7. We have a new house.
8. The boy buys many books.
9. The girls go to school on foot.
10. She sits near the window.
11. Our father reads the newspaper.
12. Phyu Phyu puts on new clothes.
13. They write their exercises in ink.
14. We swim in the river.
15. The boy smiles at the girl.
16. The man runs after the dog.
17. He listens to some music.
18. She comes to school late.
19. He takes his books home.
20. He drinks a glass of milk.



21. I wake up early.
22. They want to have a holiday.
23. She knows all the answers.
24. The girl shouts at the boy.
25. Our teacher reads us a story.

## PAST CONTINUOUS TENSE

အတိတ်ကာလရဲ့ တိကျတဲ့အချိန်တစ်ချိန်မှာ အလုပ်တစ်ခုကို မပြီးမပြတ်သေးလို့ ဆက်လက်လုပ်ကိုင်နေဆဲဖြစ်တယ်လို့ ဖော်ပြချင်ရင်ဖြစ်စေ၊ အတိတ်ကာလအပိုင်းအခြားတစ်ခုမှာ ဖြစ်ရပ်တစ်ခု မပြီးသေးကြောင်း ဆက်တိုက်ဖြစ်ပျက်လျက်ရှိကြောင်း ဖော်ပြချင်ရင်ဖြစ်စေ Past continuous tense ကို သုံးရပါတယ်။ ကြိယာတွဲပုံစံကတော့

*"(was/were) + v-ing"* ဖြစ်ပါတယ်။

1. This time last year, I was living in Paungde.
   မနှစ်က ဒီအချိန်မှာ၊ ကျွန်တော် ပေါင်းတည်မြို့မှာ နေနေခဲ့တာပေါ့။
2. What were you doing at nine o'clock last night?
   ပြီးခဲ့တဲ့ ည (၉)နာရီက မင်း ဘာလုပ်နေလဲ။
3. We were watching television at nine o'clock last night.
   ပြီးခဲ့တဲ့ ည (၉) နာရီက ကျွန်တော်တို့ ရုပ်မြင်သံကြား ကြည့်နေခဲ့ကြပါတယ်။

## *Exercise No. (81)*

**Change the verb of the following sentences from simple present to past continuous form.**

အောက်ပါဝါကျများကို **Past Continuous** ပုံစံပြောင်းပါ။

1. Cho Pyone sings a song.
   Ans: Cho Pyone was singing a song.
2. He drives a bus.
3. Daw Aye washes the clothes.
4. The girl cooks rice and curry.
5. She does her homework.
6. They wait for the bus.

7. We listen to the radio.
8. U Tun Maung goes to the cinema to see a film.
9. The children clap their hands.
10. The boys play football.
11. The teacher draws a map on the blackboard.
12. The wind blows very hard.
13. Win Zaw wears a white shirt.
14. Thiha sits at the back.
15. The pupils write in their books.

Compare:

PAST CONTINUOUS

We use the past continuous to say that we were in the middle of an action:

*I **was walking** across the field.*
*(I was in the field.)*
*The plane **was flying** very low.*

PAST SIMPLE

We use the past simple for a complete action in the past:

*I **walked** across the field.*
*(I crossed it completely.)*
*The plane **crashed** in a field.*

We often use the past continuous to describe the background and the past simple for the actions in a story:

*The sun **was shining**. . . . I **ran** to the village.*
*The crowds **were waiting**. . . . The Princess **arrived**.*

Verbs of thinking and feeling and state verbs are usually simple, not continuous. (For more details see Unit 3.)

*I **thought** everything was OK* — *We **liked** the film.*
*I **knew** there was a problem.* — *Mr Young once **owned** the field.*

We often use the past continuous and simple together when a shorter action interrupted a longer one (came in the middle of it):

*I **fell** asleep while I **was watching** television.*
*We **were sitting** in the garden when it suddenly **started** to rain.*
*The phone **rang** while Gary **was making** lunch.*

Longer action: . . . Gary was making lunch . . .

Shorter action: The phone rang

We use two past simple verbs for one action after another:
*When I **heard** the crash, I **ran** to the village.* (= I heard it and then I ran.)

**Oxford Practice Grammar** John Eastwood (p.24).



## SIMPLE PAST TENSE OR PAST CONTINUOUS TENSE
## PAST TENSE နှင့် PAST CONTINUOUS တို့၏ ကွာခြားသော အသုံး

၁။ Past Continuous tense ကို သီးသန့်တစ်ခုတည်းသုံးတာထက် Past tense နဲ့ တွဲဖက်ပြီး အသုံးပြုလေ့ရှိပါတယ်။

အတိတ်ကပြီးစီးခဲ့တဲ့ ဖြစ်ရပ်နှစ်ခုမှာ ဖြစ်ရပ်တစ်ခုက အရှိန်ယူဆက်ဖြစ်နေတုန်း ကျန်ဖြစ်ရပ်တစ်ခုက ရုတ်တရက်ဖြစ်ပျက်ခဲ့ရင် အရှိန်ယူဆက်ဖြစ်နေငဲ့ ကြိယာကို Past continuous tense နဲ့ ရေးရပါတယ်။ ရုတ်တရက်ဖြစ်ပျက်တဲ့ ကြိယာကို Past tense နဲ့ ရေးရပါတယ်။

ဥပမာ

1. I ***was reading*** a book when the lights ***went*** out.
   ကျွန်တော် စာအုပ်တစ်အုပ်ဖတ်နေတုန်း မီးပျက်သွားတယ်။

စာဖတ်နေတဲ့ဖြစ်ရပ်က အရှိန်ယူဆက်ဖြစ်တဲ့ ဖြစ်ရပ်ဖြစ်တယ်။ မီးပျက်တဲ့ဖြစ်ရပ်က ရုတ်တရက်ဖြစ်တဲ့ဖြစ်ရပ် ဖြစ်ပါတယ်။

2. We ***were having*** our dinner when the visitors ***arrived***.
   ကျွန်တော်တို့ ထမင်းစားနေတုန်း ဧည့်သည်တွေ ရောက်လာခဲ့ကြတယ်။
3. When the telephone ***rang, I was drinking*** a cup of tea.
   တယ်လီဖုန်းလာတော့ ကျွန်တော်လက်ဖက်ရည်တစ်ခွက် သောက်နေတယ်။

### *Exercise No. (82)*

**Write whichever is correct, the simple past tense or the past continuous tense of the verbs in brackets.**

**Past Tense** (သို့မဟုတ်) **Past Continuous** သင့်တော်ရာပုံစံဖြင့် ဖြေဆိုပါ။

1. (prepare) My mother ............ dinner when I got home.
2. (leave) It was raining hard when I ............ home.
3. (sleep) The children ............ when their father came back home

4. (shine) The sun ............. when we got up this morning.
5. (sleep) I ............. well last night.
6. (write) He ............. a letter when his friends called him.
7. (rain) It ............. hard yesterday.
8. (read) I ............. a detective story last night.
9. (play) The boys ............. football in the evening yesterday.
10. (die) The old man ............. of a heart attack two days ago.
11. (speak) I ............. to him on the telephone last night.
12. (have) We ............. dinner when you telephoned.
13. (see) I ............. my friend at the movie last night.
14. (enter) The school-boys were playing when the teacher ............. the classroom.
15. (draw) My sister ............. a map when I saw her.
16. (take) He ............. my photo while I was having dinner.
17. (watch) I ............. television when my friends came to me.
18. (meet) I ............. them when they were crossing the street.
19. (come) They ............. here a month ago.
20. (discover) Columbus ............. America in 1492.
21. (go) The sun was shining when we ............. out.
22. (burn) The fire still ............. at six o'clock this morning.
23. (cut) She ............. her finger while she was cutting the bread.
24. (run) The little boy fell down while he ............. .
25. (go) I ............. to the Sule Pagoda when I met them.

၂။ **Past Continuous Tense** ရဲ့နောက်အသုံးတစ်ခုကိုလဲ သတိပြုရပါမယ်။

အတိတ်က ပြီးစီးခဲ့တဲ့ ဖြစ်ရပ်နှစ်ခုမှာ နှစ်ခုလုံးဟာ တစ်ပြိုင်နက်တည်း၊ တစ်ချိန်တည်းမှာ ဖြစ်ပျက်ခဲ့တာဆိုရင် အဲဒီဖြစ်ရပ်နှစ်ခုလုံးကို **Past continuous Tense** သုံးရပါတယ်။

ဥပမာ 1. U Ko Ko ***was playing*** the piano while Mar Mar Aye ***was singing*** a song.
ဦးကိုကို စန္ဒယားတီးနေတုန်း မာမာအေးက သီချင်းဆိုနေတယ်။

2. I ***was doing*** my homework while my sister ***was writing*** an essay.
ကျွန်တော့်ညီမလေး စာစီစာကုံးတစ်ပုဒ်ရေးနေတုန်း ကျွန်တော်က အိမ်စာလုပ်နေတယ်။



3. Our father ***was watering*** the flowers while our mother ***was cooking*** the dinner.
အဖေက ပန်းပင်တွေ ရေလောင်းနေတုန်း အမေက ညစာကို ချက်နေတယ်။

4. While I ***was studying*** my English lesson, my parents ***were watching*** television.
ကျွန်တော်က အင်္ဂလိပ်စာ သင်ခန်းစာတွေ လေ့လာနေတုန်း ကျွန်တော့်မိဘတွေက ရုပ်မြင်သံကြား ကြည့်နေခဲ့ကြတယ်။

## FUTURE TENSE

မဖြစ်သေးတဲ့ အနာဂတ်ကာလမှာ ဖြစ်ရပ်တစ်ခု ဖြစ်ပျက်မယ်၊ ပြုလုပ်မယ်စသည်ဖြင့် ကြိုတင်ပြောဆိုချင်တဲ့အခါမှာ Future Tense ကို သုံးပါတယ်။ ကြိယာတွဲပုံကတော့-

| | | |
|---|---|---|
| V/be | နဲ့ဆိုရင် | *will + be* |
| V/have | နဲ့ဆိုရင် | *will + have* |
| V/do | နဲ့ဆိုရင် | *will + V1* ဖြစ်ပါတယ်။ |

အောက်ဖော်ပြပါ စကားလုံးတွေကလေးတွေကို **Future Tense** နဲ့ တွဲဖက်ပြီး သုံးလေ့ရှိပါတယ်။

**Next** = လာမည့်
**Coming** = လာမည့်
**Tomorrow** = မနက်ဖြန်

ဥပမာ 1. I ***will come*** to you tomorrow.
မင့်ဆီကို ငါ မနက်ဖြန်လာမယ်။

2. They ***will be*** University students next year.
နောင်နှစ်ရောက်ရင် သူတို့ တက္ကသိုလ်ကျောင်းသားတွေ ဖြစ်လိမ့်မယ်။

## FUTURE TENSE ပြောင်းနည်း

1. **am, is, are** စတဲ့ **V/be** တွေပါတဲ့ ဝါကျဆိုရင် သူတို့ကိုဖြုတ်ပြီး **will be, shall be** နဲ့ အစားထိုးရေးရပါတယ်။

ဥပမာ 1. She ***is*** a teacher.
She ***will be*** a teacher.

2. There ***is*** a class next Friday.
There ***will be*** a class next Friday.

3. It *is* still open at four this evening.
   It ***will** still* **be** open at four this evening.
4. I ***am*** very busy.
   I ***shall be*** very busy.
5. We ***are*** very happy to hear the news.
   We ***shall be*** very happy to hear the news.
6. There ***is*** time to buy the tickets.
   There ***will be*** time to buy the tickets.

2. **has, have, had** စတဲ့ **V have** တွေပါတဲ့ ဝါကျဆိုရင် သူတို့ကိုဖြုတ်ပြီး **will have, shall have** နဲ့ အစားထိုးရေးရပါတယ်။

ဥပမာ
1. He **has** much money.
   He **will have** much money.
2. She **has** time to do homework.
   She **will have** time to do homework.
3. I **have** time to finish this book.
   I **shall have** time to finish this book.
4. We **have** our dinner.
   We **shall have** our dinner.
5. You **have** some more tea.
   You **will have** some more tea.
6. We **have** our lessons at two o'clock.
   We **will have** our lesssons at two o'clock.

3. **go, eat, sleep** စတဲ့ **V/do** တွေနဲ့ ရေးထားတဲ့ဝါကျဆိုရင်တော့ **V/do** ရဲ့ ရှေ့က **will** (သို့) **shall** ခံပေးရပါတယ်။ **will** တို့ **shall** တို့နောက်ကလိုက်တဲ့ ကြိယာမှာ **s, es, ed** စသည်တို့ မပါရပါဘူး။ (**Present Tense**) အများကိန်း ဖြစ်ရပါတယ်။

ဥပမာ
1. She ***studies*** her lessons well.
   She ***will study*** her lessons well.
2. He ***comes*** to the pictures with you.
   He ***will come*** to the pictures with you.
3. We ***see*** you again.
   We ***shall see*** you again.
4. You ***marry*** her.
   You ***will marry*** her.
5. I ***remember*** these sentences next lesson.
   I ***shall remember*** these sentences next lesson.



## WILL နှင့် SHALL ရဲ့ အသုံး ၆.

**ရှေးခေတ်သဒ္ဒါကျမ်းများအလိုအရဆိုရင်**

မဖြစ်သေးတဲ့ (အနာဂတ်) ကာလမှာ အဖြစ်အပျက်၊ အကြောင်းအရာတစ်ခု ဖြစ်ပျက်လိမ့်မယ်။ ပြုလုပ်လိမ့်မယ်လို့ သာမန်အားဖြင့် ဖော်ပြလိုတဲ့အခါ....

* I, We စတဲ့ (First Person) တွေကို shall နဲ့ တွဲဖက်ရေးသားရပါတယ်။
* You, He, She, It, They စတဲ့ (Second Person, Third Person) တွေကို will နဲ့ တွဲဖက်ပြီး ရေးသားရပါတယ်။

မဖြစ်သေးတဲ့ (အနာဂတ်) ကာလမှာ သေချာစွာဖြစ်မယ့်သဘော၊ စိတ်ပိုင်းဖြတ်ထားတဲ့သဘော၊ ကတိပေးထားတဲ့သဘောတွေနဲ့ ဖော်ပြလိုတဲ့အခါ...

* I,We စတဲ့ (First Person) တွေကို will နဲ့ တွဲဖက်ရေးသားရပါတယ်။
* You, He, She, It, They စတဲ့ (Second Person, Third Person) တွေကို shall နဲ့ တွဲဖက်ရေးသားရပါတယ်။

**ဒါပေမယ့် ခေတ်သစ်သဒ္ဒါကျမ်းများရဲ့ အလိုအရဆိုရင်တော့**

I, We တို့ကို shall နဲ့ တွဲဖက်ရေးသားရတယ်လို့ ဆိုပေမယ့် အောက်မှာဖော်ပြထားတဲ့ အချက်(၂) ချက်ကလွဲရင် I, We တို့ကို will နဲ့လည်း တွဲဖက်ရေးသားနိုင်ပါတယ်။

**(A)** I, We တို့နဲ့ မေးခွန်းဝါကျ တည်ဆောက်တဲ့အခါ shall နဲ့ ရေးရပါတယ်။

ဥပမာ
- **Shall** I understand it?
  ကျွန်တော် နားလည်ပါ့မလား။
- **Shall** we be back in time?
  ကျွန်တော်တို့ အချိန်မီပြန်ရောက်ပါ့မလား။

**(B)** When, If, Unless, Until တို့နဲ့ အစပြုတဲ့ ဝါကျပိုင်း (clause) တွေနဲ့ တွဲဖက်ပြီး ရေးသားတဲ့အခါ I တို့ We တို့ကို shall နဲ့ ရေးနိုင်ပါတယ်။

ဥပမာ
1. If we are ill, we ***shall*** go to the doctor.
   ကျွန်ုပ်တို့ဖျားရင် ဆရာဝန်ဆီသွားမှာပေါ့။
2. I ***shall*** *wait* until you come.
   မင်း မလာမချင်း ငါစောင့်မယ်။
3. I ***shall*** *buy* you a book when I get some money from my mother.
   အမေ့ဆီက ပိုက်ဆံရရင် မင်းကိုငါ စာအုပ်တစ်အုပ်ဝယ်ပေးမယ်။

> Although "shall" exists as the classic, first-person auxiliary in the future tense, most Americans today use "will" in all three persons, singular and plural.
>
> G. E. E (PAGE. 43)
> R. J. DIXSON

## *Exercise No. (83)*

**Change the verb of each sentence to future time.**

အောက်ပါဝါကျများကို **Future Tense** ပုံစံပြောင်းပါ။

1. He arrives on the three o'clock train.
2. They return sometime next month.
3. She writes to you again.
4. We like that picture very much.
5. He speaks to us in English.
6. The girl brings her books to school.
7. U Win Tint plays the violin well.
8. The boy writes a letter to his mother.
9. I walk to my work.
10. U Tun teaches us Physics.
11. They are glad to hear the news.
12. These exercises are easy for him.
13. The teacher is very tired after each lesson.
14. He is the best student in the class.
15. We are interested in the news.
16. She has a bad headache.
17. They have many friends in this school.
18. U Swe has a new car.
19. He has his lunch at our house.
20. We have our English class at ten o'clock.

❁



## *Exercise No. (84)*

**Write the correct form (present, past, or future) of the verbs.**

1. (be) I .......... very busy now.
   I .......... very busy yesterday.
   I .......... very busy tomorrow.
2. (be) There .......... many boys in the park today.
   There .......... many boys in the park yesterday.
   There .......... many boys in the park tomorrow.
3. (be) She .......... ill today.
   She .......... ill yesterday.
   She .......... ill tomorrow.
4. (be) Our teacher .......... angry now.
   Our teacher .......... angry yesterday.
   Our teacher .......... angry tomorrow.
5. (be) This lesson .......... easy for her now.
   This lesson .......... easy for her last year.
   This lesson .......... easy for her next year.
6. (have) She .......... a new dress now.
   She .......... a new dress last month.
   She .......... a new dress next month.
7. (have) I .......... a bad headache today.
   I .......... a bad headache yesterday.
   I .......... a bad headache tomorrow.
8. (have) Every student in the class .......... a copybook now.
   Every student in the class .......... a copybook yesterday.
   Every student in the class .......... a copybook tomorrow.
9. (sit) He always .......... near me in the class.
   He .......... near me in the class yesterday.
   He .......... near me in the class tomorrow.
10. (give) She usually .......... me many presents.
    She .......... me many presents last month.
    She .......... me many presents next month.
11. (see) I often .......... them on the street.
    I .......... them on the street yesterday.
    I .......... them on the street tomorrow.
12. (help) We usually .......... her with her lessons.
    We .......... her with her lessons yesterday.
    We .......... her with her lessons tomorrow.

13. (come) The boy usually .......... to school by bus.
The boy .......... to school by bus yesterday.
The boy .......... to school by bus tomorrow.

14. (attend) I always .......... class regularly.
I .......... class yesterday.
I .......... class tomorrow.

15. (speak) She always .......... English well.
She .......... English well yesterday.
She .......... English well tomorrow.

## PRESENT PERFECT TENSE

၁။ ။ အလုပ်တစ်ခုကို လုပ်ကိုင်ပြီးစီးကာစဖြစ်ကြောင်း။

၂။ ။ အတိတ်က ဖြစ်ရပ်တစ်ခုဟာ ယခုပြောဆိုနေတဲ့အချိန်အထိ အကျိုးဆက်ရှိနေသေးကြောင်း။

၃။ ။ အဖြစ်အပျက်၊ အကြောင်းအရာတစ်ရပ်ဟာ အတိတ်တစ်ချိန်ကနေ ယခုအချိန်ထိ တောက်လျှောက်ဖြစ်ပျက်နေကြောင်း

စသည်ဖြင့် ဖော်ပြပြောဆိုလိုတဲ့အခါမှာ Present Perfect Tense ကို သုံးရပါတယ်။

ကြိယာတွဲပုံစံကတော့
"(*has/ have*) + V3 (*ed/en*) *Past Participle*" ဖြစ်ပါတယ်။

ဥပမာ
1. I **have bought** a car.
ကျွန်တော် ကားတစ်စီးဝယ်ပြီးပြီ။
2. She **has eaten** rice.
သူ(မ) ထမင်းစားပြီးပြီ။
3. They **have washed** the clothes.
သူတို့ အဝတ်တွေ လျှော်ပြီးပြီ။
4. He **has opened** the door.
သူ တံခါးဖွင့်ပြီးပြီ။
5. We **have printed** the book.
ကျွန်ုပ်တို့ စာအုပ်ကို ပုံနှိပ်ပြီးပြီ။



6. **I have lost** my key. Can you help me look for it?
(ခုလေးတင်) သော့ပျောက်သွားတယ်ကွာ၊ ငါ့ကိုကူပြီး ရှာပေးစမ်းပါဦး။
(ယခု ပြောဆိုနေချိန်ထိ ပြန်မတွေ့သေးဟု ဆိုလိုသည်။)

## Present Perfect Tense ပြောင်းနည်း

1. **go, eat, sleep** စတဲ့ **V/Do** တွေနဲ့ ရေးထားတဲ့ဝါကျဆိုရင် သူတို့ရဲ့ရှေ့က သင့်တော်ရာ **Verb to have** တစ်လုံးခံပေးရပါတယ်။ မူလကြိယာကိုလဲ **Past Participle** ပုံစံ ပြောင်းရပါတယ်။

ဥပမာ
1. I ***learn*** many new words.
I ***have learnt*** many new words.
2. He ***speaks*** to Thidar about that matter.
He ***has spoken*** to Thidar about that matter.
3. She ***loses*** her copybook.
She ***has lost*** her copybook.
4. We ***see*** her this morning.
We ***have seen*** her this morning.
5. You ***forget*** to phone me.
You ***have forgotten*** to phone me.

2. **am, is, are** စတဲ့ **V/be** တွေပါတဲ့ ဝါကျဆိုရင် သူတို့ကိုဖြုတ်ပြီး **has been, have been** သင့်တော်ရာ တစ်လုံးလုံးနဲ့ အစားထိုးရေးရပါတယ်။

ဥပမာ
1. She ***is*** ill.
She ***has been*** ill.
2. They ***are*** good friends.
They ***have been*** good friends.
3. I ***am*** a doctor.
I ***have been*** a doctor.
4. We ***are*** in trouble.
We ***have been*** in trouble.
5. He ***is*** late for class.
He ***has been*** late for class.

3. **has, have** တွေ့ **V/have** တွေပါတဲ့ ဝါကျဆိုရင်တော့ သူတို့ကိုဖြတ်ပြီး **has had, have had** သင့်တော်ရာ တစ်လုံးလုံးနဲ့ အစားထိုးရေးရပါတယ်။

ဥပမာ

1. She **has** a bad cold.
   She **has had** a bad codd.
2. They **have** their lunch.
   They **have had** their lunch.
3. The boy **has** his hat on.
   The boy **has *had*** his hat on.
4. I **have** a bad headache.
   I **have had** a bad headache.
5. He **has** a holiday.
   He **has had** a holiday.

### *Exercise No. (85)*

**Change the following verbs of the sentences from simple present to present perfect form.**

**Present Perfect ပုံစံပြောင်း၍ ဝါကျများကို ပြန်လည်ရေးသားပါ။**

1. The teacher asks me a question.
2. The two friends shake hands.
3. They close their books.
4. I write my name in the book.
5. She draws a map on the blackboard.
6. The thief steals the money.
7. The dog eats the food.
8. He blows out the light.
9. U Lwin teaches us this lesson before.
10. We finish our work.
11. They dig a well.
12. He is a famous writer.
13. The naughty boy is punished.
14. We learn English grammar.
15. Daw Su Su is a good teacher.
16. I have my dinner.



17. She has a walk.
18. We have an English lesson.
19. They have a rest.
20. He has his breakfast.

### *Exercise No. (86)*

**Rewrite the following sentences putting the verbs in the Present Perfect Tense.**

**အောက်ပါဝါကျများကို Present Perfect Tense ပုံစံဖြင့် ပြန်လည်ရေးသားပါ။**

1. The shoe (be) mended.
2. The exercises (be) finished.
3. She (wash) some clothes.
4. The workers (paint) the walls.
5. The boy (finish) the work.
6. Someone (break) my pencil.
7. No one (clean) the blackboard.
8. She (drop) her handkerchief.
9. The boys (do) their homework.
10. The child (eat) all the food.
11. I (read) all the articles.
12. The man (take) away the old books.
13. U Swe (sell) his old car.
14. Mon Yi (write) a letter to her mother.
15. The boy (buy) a new shirt.

### *Exercise No. (87)*

**Write the present perfect tense form of the verbs in brackets.**

**အောက်ပါဝါကျများကို Present Perfect Tense ပုံစံဖြင့် ပြန်လည်ရေးသားပါ။**

1. I (hear) Cho Cho sing once or twice.
2. They (see) the same movie four times.
3. Myint Myint (be) late for school several times.
4. The teacher (advise) us about it many times.

5. Thidarand Nilar (be) good friends for years.
6. We (have) our dinner since 5 o'clock.
7. He (study) that same exercise four or five times.
8. She (be) to Mandalay three times.
9. The boy (study) English grammar since last year.
10. U Nyunt (be) our teacher since June.
11. We (know) each other for a long time.
12. They (live) in this village for five years.
13. Nyo Nyo (be) sick for a long time.
14. I already (have) my breakfast.
15. He (have) strange ideas about money since his childhood.

**Perfect Tense** နဲ့ တွဲဖက်အသုံးပြုလေ့ရှိတဲ့ စကားလုံးကလေးတွေကို အထူးဂရုပြုပြီး လေ့လာပါ။

1. **just** = ရုံမျှ၊ မျှသာ
2. **already** = နှင့်ပြီး
3. **for** = ကြာမြင့်အောင်
4. **since** = ကတည်းက
5. **twice** = နှစ်ကြိမ်
6. **many times** = အကြိမ်များစွာ
7. **several times** = အကြိမ်များစွာ
8. **recently** = မကြာမီက
9. **lately** = မကြာသေးခင်က
10. **yet** = သေး/ ဘူး
11. **ever** = (လုပ်ဖူးလား၊ ကိုင်ဖူးလား၊ သွားဖူးလား) အစဉ်၊ အမြဲ
12. **never** = (မလုပ်ဖူးဘူး) ဘယ်ခါမှ၊ ဘယ်တော့မှ



## "JUST" AND "ALREADY"

just = ရုံမျှ၊ မျှသာ၊ ခုလေးတင်

= အလုပ်တစ်ခုကို မကြာသေးမီ လောလောလတ်လတ်မှာ ပြီးစီးတာဖြစ်ကြောင်း ဖော်ပြပါတယ်။

1. Have you seen Kyaw Swa anywhere?
   Yes, I ***have just seen*** him.
   ကျော်စွာကို တစ်နေရာရာမှာများ တွေ့ခဲ့မိလားဟေ့။
   ဟုတ်ကဲ့ .... ခုလေးတင် သူ့ကို တွေ့ခဲ့တယ်။
2. Would you like something to eat?
   No, thanks. I ***have just had*** dinner.
   တစ်ခုခုစားမလားဟေ့။
   ကျေးဇူးတင်ပါတယ်။ ခုလေးတင် ညစာစားထားပြီးလို့ပါ။
3. Would you like to read this book?
   No, thank you. I'***ve just read*** it.
   မင်း ဒီစာအုပ်ကို ဖတ်မလား။
   ဟင့်အင်း ကျေးဇူးပါပဲ၊ ကျွန်တော် ခုလေးတင် ဖတ်ပြီးတယ်။
4. Would you like a drink?
   No, thank you. ***I've just had*** one.
   တစ်ခုခုသောက်ပါလား။
   ဟင့်အင်း ကျေးဇူးပဲဗျာ၊ ကျွန်တော် ခုလေးတင် သောက်ပြီးလို့ပါ။

already = နှင့်ပြီး (သိနှင့်ပြီး၊ စားနှင့်ပြီး)

= အလုပ်တစ်ခုကို ကြိုတင် လုပ်ကိုင် ပြီးစီးနှင့်ပြီး ဖြစ်ကြောင်း ဖော်ပြပါတယ်။

1. Don't forget to post the letter, will you?
   **I've already posted** it.
   စာကိုထည့်ဖို့ မမေ့ပါနဲ့နော်။
   ကျွန်တော် ထည့်တောင်ပြီးပါပြီ။
2. When is Ko Myo going to school?
   He **has already gone**.
   ကိုမျိုး ကျောင်းကို ဘယ်အချိန်သွားမှာလဲ။
   သူ သွားနှင့်ပြီ။

3. Be careful! You will tear your longyi.
   I **have *already* torn** it.
   သတိထား၊ လုံချည် (စုတ်) ပြဲလိမ့်မယ်။
   ပြဲပြီးသွားပါပြီဗျာ၊ (ပြောတာကတောင် နောက်ကျနေသေးတယ်) ဟူလို။
4. When will you sell your car?
   I **have *already* sold** it. I sold it yesterday.
   ခင်ဗျားရဲ့ကားကို ဘယ်တော့ရောင်းမှာလဲ။
   ရောင်းပြီး (နှင့်) ပြီဗျာ၊ မနေ့က ရောင်းလိုက်တယ်။
5. When will U Tun go to Mandalay?
   He **has *already* gone** there.
   He went there this morning.
   မန္တလေးကို ဦးထွန်း ဘယ်တော့သွားမှာလဲ။
   သူ သွား (နှင့်) ပြီလေ၊ ဒီမနက်ကပဲ သွားပြီ။

## "SINCE" AND "FOR"

Since = **ကတည်းက၊ မှ စ၍**

အတိတ်ရဲ့ တိကျတဲ့ အချိန်တစ်ချိန်က စတင်ဖြစ်ပျက်ခဲ့ပြီး၊ ယခုထိဖြစ်ပျက်နေဆဲဖြစ်တယ် လို့ ဖော်ပြချင်တဲ့ ဖြစ်ရပ်များနဲ့ ယှဉ်တွဲပြီး သုံးပါတယ်။ ဒါကြောင့် Present Perfect Tense နဲ့ တွဲဖက်ရေးသားလေ့ရှိပါတယ်။

for = (အချိန်ကာလ) ကြာမြင့်အောင် (ကြာအောင်၊ လုံးလုံး၊ တိုင်တိုင်)

ဖြစ်ရပ်တစ်ခု၊ ပြုမူချက်တစ်ခုဟာ (ယခုပြောဆိုနေချိန်ထိ) ဘယ်ရွေ့ဘယ်မျှ ကြာမြင့်တယ်ဆိုတာကို ဖော်ပြချင်တဲ့ဖြစ်ရပ်များနဲ့ ယှဉ်တွဲပြီးသုံးရပါတယ်။ (Present, Past, Future, Perfect သင့်လျော်ရာကြိယာနဲ့ တွဲဖက်သုံးနိုင်ပါတယ်။)

"SINCE" — denotes "from some definite "point" or period in the past till "NOW"

"FOR" — denotes "a lengh of time till "NOW"

ပိုပြီးသဘောပေါက်သွားအောင် အောက်မှာယှဉ်တွဲပြီး ရှင်းလင်းဖော်ပြထားပါတယ်။



| | |
|---|---|
| - since 1986<br>၁၉၈၆ ခုနှစ်ကတည်းက | – for three years<br>သုံးနှစ်ကြာအောင် |
| - since March<br>မတ်လကတည်းက | – for four months<br>လေးလကြာအောင် |
| - since Friday<br>သောကြာနေ့ကတည်းက | – for two days<br>နှစ်ရက်ကြာအောင် |
| - since 3 o'clock<br>သုံးနာရီထိုးကတည်းက | – for three hours<br>သုံးနာရီကြာအောင် |

ခုနှစ်၊ လ၊ နေ့ရက်၊ နာရီ အတိအကျကို ရည်ညွှန်းရင် since ကို သုံးရပါတယ်။

နှစ်၊ လ၊ နေ့ရက်၊ နာရီ ဘယ်ရွေ့ဘယ်မျှ ကြာမြင့်တယ်လို့ ညွှန်းရင် for ကို သုံးရပါတယ်။

since ကို အချိန်ကာလတွေနဲ့တင်မဟုတ်ဘဲ အဖြစ်အပျက် အကြောင်းအရာတွေနဲ့လဲ တွဲဖက်ပြီး သုံးပါသေးတယ်။

since my childhood = ကျွန်တော်ကလေးဘဝကတည်းက
since he was born = သူ့ကို မွေးကတည်းက

### *Exercise No. (88)*

**Fill in the blanks with "*since*" or "*for*".**

1. I haven't seen her .............. two weeks.
2. I have known this matter .............. April.
3. She hasn't bought any rice .............. three weeks.
4. They haven't spoken to each other .............. last week.
5. She has lived in this street .............. ten years.
6. She has lived in the village .............. 1987.
7. I haven't had time to read the books .............. I was ill.
8. They haven't spoken English .............. their childhood.
9. My father has not sent me any money .............. five months.
10. He has read the book .............. 10 o'clock.
11. The cat has been sitting in front of the fire .............. tea time.
12. Our grandfather hasn't eaten any meat .............. he was a boy.
13. The baby has been sleeping .............. three hours.
14. We haven't read the newspaper .............. many days.
15. I haven't bought any new books .............. over a year.

## SINCE - FOR - AGO

Since = ကတည်းက၊ မှ စ၍

အတိတ်တစ်ချိန်ကဖြစ်ရပ်ဟာ ယခုပြောဆိုနေချိန်အထိ ဆက်လက်ဖြစ်ပျက်နေတယ် ဆိုတာကို ညွှန်းတယ်။

- ဒါကြောင့် Present Perfect နဲ့ပဲ ယှဉ်တွဲပြီးသုံးရပါတယ်။

ဥပမာ

1. I have lived here *since* July.
2. They have studied Chemistry *since* 1988.

Ago = လွန်ခဲ့သည့်အခါက

- အတိတ်ကာလက ဖြစ်ပျက်ခဲ့တယ်ဆိုတာကို ညွှန်းတယ်။
- ဒါကြောင့် Past Tense နဲ့ပဲ ယှဉ်တွဲပြီးသုံးရပါတယ်။

ဥပမာ

1. My mother died ten years *ago*.
2. She left for Mandalay two days *ago*.

For = ကြာအောင်၊ လုံးလုံး၊ တိုင်တိုင်

- အချိန်ကာလကြာမြင့်မှု၊ ကြာမြင့်တဲ့ အချိန်အတိုင်းအတာကို ညွှန်းတယ်။
- ဒါကြောင့် Present, Past, Future, Perfect Tense တို့နဲ့ ယှဉ်တွဲပြီး သုံးနိုင်တယ်။

ဥပမာ

1. He **worked** there for six months.
2. He **stayed** with us for about two months.
3. He **has been teaching** English for many years.
4. He **has studied** English for twenty years.
5. He **sleeps** here for two hours.
6. He **will work** there for six months.



### *Exercise No. (89)*

**Fill in the blanks with "since", "for" or "ago".**

1. U Thein has been teaching in this school .............. 1965.
2. He has been teaching English .............. twenty years.
3. The two friends talked .............. about two hours.
4. She hasn't talked with her husband .............. yesterday.
5. He has told me about it ten minutes .............. .
6. She has been reading since an hour .............. .
7. Daw Lay has been sewing .............. an hour.
8. War War has been writing a letter .............. ten minutes.
9. Phyu Phyu has been writing a letter .............. 10 o'clock.
10. Nyo Nyo has helped her mother .............. this morning.
11. What have you been doing .............. three days?.
12. We met Ni Ni about a month .............. .
13. I visited her a week .............. .
14. He studied Chemistry .............. a long time.
15. Kyi Pyar saw Ni Lar about two weeks .............. .
16. She saw her again two days .............. .
17. "Five minutes .............. " is a moment of time, not a period.
18. How long .............. did the accident happen?
19. He got there just ten minutes .............. .
20. Thidar has been absent from class .............. Monday.
21. She has been absent .............. three days.
22. They have been waiting for the bus .............. two hours.
23. Thuzar hasn't seen me .............. August.
24. They have been friends .............. high school.
25. She has been blind .............. she was born.
26. The patient hasn't eaten anything .............. 7 o'clock.
27. He hasn't eaten anything .............. four hours.
28. We haven't seen Cho Cho .............. several days.
29. They have bought a house .............. they were married.
30. She has not seen her father .............. her childhood.

## "EVER" AND "NEVER"

ever= တစ်နေရာကို ရောက်ဖူးသလား၊ သွားဖူးသလား၊ တစ်စုံတစ်ရာကို တွေ့ကြုံခံစားဖူးသလားလို့ မေးချင်ပြောချင်တဲ့အခါ

never= တစ်နေရာရာကို မရောက်ဖူးဘူး၊ မသွားဖူးဘူး၊ တစ်စုံတစ်ရာကို မတွေ့ကြုံ မခံစားဖူးဘူးလို့ ပြောချင်တဲ့အခါတွေမှာ ever နဲ့ never ကို Present Perfect Tense နဲ့ တွဲဖက်ပြီး အသုံးပြုလေ့ရှိပါတယ်။

ဥပမာ

1. Have you ***ever*** *been* to Mandalay?
   မင်း မန္တလေးကို ရောက်ဖူးသလား။
   I have ***never*** *been* to Mandalay.
   ကျွန်တော် မန္တလေးကို မရောက်ဖူးပါဘူး။
2. Have you ***ever*** *been* in an aeroplane?
   မင်း လေယာဉ်ပျံစီးဖူးသလား။
   I have ***never*** *been* in an aeroplane.
   ကျွန်တော် လေယာဉ်ပျံ မစီးဖူးပါဘူး။
3. Have you ***ever*** *played* football.?
   မင်း ဘောလုံးကန်ဖူးသလား။
   I have ***never*** *played* football.
   ကျွန်တော် ဘောလုံးမကန်ဖူးဘူး။
4. Have you ***ever*** *watched* television?
   မင်း ရုပ်မြင်သံကြား ကြည့်ဖူးသလား။
   No, I've ***never*** *watched* television.
   ကျွန်တော် ရုပ်မြင်သံကြား မကြည့်ဖူးပါဘူး။
5. Have you ***ever*** *seen* a tiger?
   မင်း ကျားကို မြင်ဖူးသလား။
   No, I have ***never*** *seen* a tiger.
   ကျွန်တော် ကျားကို မမြင်ဖူးဘူး။



## "YET"

yet = သေး/ ဘူး

ထမင်းမစားရသေးဘူးလား၊ မအိပ်သေးဘူးလား စသည်ဖြင့် မေးမြန်းချင်တဲ့အခါ- မစားရသေးဘူး၊ မအိပ်သေးဘူးလို့ (ငြင်းဆို) ဖြေဆိုဖော်ပြချင်တဲ့အခါတွေမှာ **yet** ကို သုံးပါတယ်။

ဒါကြောင့် yet ကို မေးခွန်းဝါကျ ငြင်းဆိုဝါကျတွေနဲ့ တွဲဖက်ပြီး အသုံးပြုရပါတယ်။

ဥပမာ

1. Have you done your work ***yet?***
   မင်း အလုပ်ကို လုပ်လို့ မပြီးသေးဘူးလား။
   No, I haven't done it **yet**.
   ဟင့်အင်း- မပြီးသေးပါဘူး။
2. Have you seen the new film ***yet***?
   ရုပ်ရှင်ကားအသစ်ကို မကြည့်ရသေးဘူးလား။
   I haven't seen it ***yet***.
   မကြည့်ရသေးဘူး။
3. Have you read this book ***yet***?
   မင်း ဒီစာအုပ်ကို မဖတ်ရသေးဘူးလား။
   I haven't read it ***yet***.
   မဖတ်ရသေးဘူး။

## "YET" AND "ALREADY"

yet = သေး / ဘူး

- မေးခွန်းဝါကျတွေနဲ့ ငြင်းဆိုဝါကျတွေမှာသာ သုံးရပါတယ်။

ဥပမာ

1. Have you bought the books ***yet?***
   မင်း စာအုပ်တွေ ဝယ်မပြီးသေးဘူးလား။
2. Have you done the housework ***yet***?
   အိမ်အလုပ်တွေ လုပ်မပြီးသေးဘူးလား။
3. I haven't finished dinner ***yet***.
   ငါ ညစာစားမပြီးသေးဘူး။

already = နှင့်ပြီး၊ (ရေးပြီး၊ ဖတ်ပြီး)

- ရိုးရိုးဝါကျတွေနဲ့ မေးခွန်းဝါကျတွေမှာ သုံးပါတယ်။

ဥပမာ

1. Have you ***already*** eaten lunch?
   မင်း နေ့လည်စာ စားပြီးနှင့်ပြီလား။
2. Have you ***already*** seen Ni Ni?
   မင်း နီနီနဲ့ တွေ့ပြီးပြီလား။
3. They have ***already*** bought a house.
   သူတို့ အိမ်တစ်လုံး ဝယ်နှင့်ပြီးပြီ။

❁

### *Exercise No. (90)*

**Supply "*yet*" or "*already*", whichever is correct.**

1. Have you ............... bought the tickets for the show?
2. Has your brother fo' nd a job ............... ?
3. Have you finished your homework ............... ?
4. U San has not sold his car ............... .
5. Daw Htay has ............... washed the clothes.
6. When is your mother going to the market?
   She has ............... gone.
7. Be careful! You will tear your book.
   I have ............... torn it.
8. Ni Ni must read this book.
   She has ............... read it.
9. I have ...............been to Pyin-Oo-Lwin three times.
10. The plane has ............... left the airport.
11. The poor boy has not bought the books ............... .
12. Has Daw Moe gone to Sagaing ............. ?
13. Thin Thin has been to Mandalay two times.
    But she hasn't visited Pagan ............... .
14. When will Nyo Nyo begin the book?
    She has ............... begun it.
15. Has Nyo Nyo finished reading the book ........... ...?
16. Most of the guests have gone home ............... .
17. Some of the students were ............... in the classroom.
18. Most of the students have done those two lessons ...............
19. The maid has washed all the clothes ............... .
20. The students have learnt a lot of things about English ...............

❁



**Twice, three times, four times, etc., many times, several times** နှစ်ကြိမ်၊ သုံးကြိမ်၊ လေးကြိမ် (စသည် ...) အကြိမ်များစွာ၊ စတဲ့ အကြိမ်အရေအတွက် ပြပုဒ်ကလေး တွေကိုလည်း Perfect Tense နဲ့ တွဲဖက်ပြီး သုံးလေ့ရှိပါတယ်။

ဥပမာ

1. I ***have read*** this book twice.
   ဒီစာအုပ်ကို ငါဖတ်ပြီးတာ နှစ်ခါရှိပြီ။
2. He ***has read*** that novel three times.
   ထိုဝတ္ထုစာအုပ်ကို သူဖတ်ပြီးတာ (၃) ကြိမ်ရှိပြီ။
3. I ***have warned*** you about it many times.
   ဒီကိစ္စနဲ့ပတ်သက်ပြီး မင်းကိုငါ အကြိမ်ကြိမ်သတိပေးပြီးပြီ။

❁

## ခြွင်းချက်

twice a week တစ်ပတ်နှစ်ကြိမ်၊ three times a day တစ်နေ့သုံးကြိမ်၊ twice a month တစ်လနှစ်ကြိမ် စသည်ဖြင့် နောက်ဘက်က အတွဲအဖက်စကားလုံးတွေပါလာရင်တော့

ပြုလုပ်ဆောင်ရွက်၊ ဖြစ်ပျက်မှုရဲ့အကျင့်၊ ဓလေ့ကိုဖော်ပြတဲ့အတွက် Simple Present Tense ပဲ သုံးရပါတယ်။

ဥပမာ

1. Our father ***goes*** to the pagoda ***twice a month.***
   ကျွန်ုပ်တို့၏ဖခင်သည် ဘုရားသို့ တစ်လနှစ်ကြိမ်သွား(လေ့ရှိ)သည်။
2. He ***goes*** to the movies ***twice a week.***
   သူသည် တစ်ပတ်လျှင်နှစ်ကြိမ် ရုပ်ရှင်ကြည့်(လေ့ရှိ)သည်။
3. He ***takes*** the medicine ***three times a day.***
   သူသည် တစ်နေ့လျှင်သုံးကြိမ် ဆေးသောက်(လေ့ရှိ)သည်။

❁

**"this morning, this evening, today, this week, this term" etc.**

ယခု ပြောဆိုရေးသားနေတဲ့အချိန်အထိ ဆောင်ရွက်မှုတစ်ခု၊ ဖြစ်ရပ်တစ်ခုဟာ မပြီးသေးဘူးလို့ ဖော်ပြချင်ရင် အပေါ်မှာပေးထားတဲ့ စကားလုံးတွေကို Present Perfect Tense နဲ့ တွဲဖက်ပြီးတော့ သုံးနိုင်ပါတယ်။

❁

> We use the present perfect with *"this morning / this evening / today/ this week / this term etc."* (when these periods are not finished at the time of speaking)
>
> - *I've smoked* ten cigarettes today.
>   (perhaps I'll smoke more before today finishes)
> - *Has* Ann *had* a holiday *this year?*
> - I *haven't* seen Tom *this morning.* Have you?
> - Tom *hasn't studied* very much *this term.*
> - Bill is phoning his girl-friend again.
>   That's the third time *he's phoned* her *this evening.*
>
> *E. G. IN USE (PAGE. 30)*

## PAST PERFECT TENSE

**had** နဲ့ **V3** ကို ပေါင်းစပ်ရင် **Past Perfect Tense** လို့ ခေါ်ပါတယ်။

ဥပမာ

1. She **had eaten** rice.
   သူမ ထမင်းစားပြီးခဲ့ပြီ။
2. I **had done** my homework.
   ကျွန်တော် အိမ်စာလုပ်ပြီးခဲ့ပြီ။
3. They **had bought** a house.
   သူတို့ အိမ်တစ်ဆောင် ဝယ်ပြီးခဲ့ပြီ။

**Past Perfect Tense** ကို ကြိယာနှစ်လုံး အတွဲအဖက်ရှိမှ သုံးလေ့ရှိပါတယ်။

အတိတ်က ပြီးစီးခဲ့တဲ့ ဖြစ်ရပ်နှစ်ခုရှိရပါမယ်၊ အဲဒီဖြစ်ရပ်နှစ်ခုအနက် အရင်စောပြီး ပြီးတဲ့ ဖြစ်ရပ် (အရင်ကျတဲ့ဖြစ်ရပ်) ကို Past Perfect Tense နဲ့ ရေးရမယ်၊ နောက်ကျပြီး ပြီးစီးတဲ့ ဖြစ်ရပ်အတွက် Simple Past Tense နဲ့ သုံးရပါမယ်။

ဥပမာ

1. I **had done** my homework when I **went** to bed.
   ကျွန်တော် အိပ်ရာဝင် (တော့) သောအခါ အိမ်စာတွေလုပ်ပြီးပြီ။
2. After I **had done** my homework, I **went** to bed.
   ကျွန်တော် အိမ်စာလုပ်ပြီးသောအခါ အိပ်ရာဝင်သည်။



ဒီဝါကျနှစ်ကြောင်းလုံးမှာ အိမ်စာလုပ်တာက အရင်စောပြီး ပြီးစီးတဲ့ဖြစ်ရပ် ဖြစ်ပါတယ်။ ဒါကြောင့် Past Perfect Tense သုံးပါတယ်။ အိပ်ရာဝင်တာကတော့ နောက်ကျပြီးမှဖြစ်တဲ့ ဖြစ်ရပ်ဖြစ်တယ်။ ဒါကြောင့် Simple Past Tense သုံးပါတယ်။

## *Exercise No. (91)*

**Supply the Past Perfect Tense of the verbs in parenthesis (brackets).**

ကွင်းထဲမှာရှိတဲ့ ကြိယာကို **Past Perfect Tense** ပုံစံပြောင်း (ပြီးပြန်ရေး) ပါ။

1. She felt that she (meet) the man before.
2. He said that he (read) the book.
3. They said they (have) their dinner.
4. When we arrived he (leave) for Mandalay.
5. After I (write) an essay, I went to bed.
6. The teacher corrected the exercises which I (do).
7. It was clear that he (swindle) his own brother.
8. Our father asked us why we (go) to school very early.
9. The hunter saw that the travellers (take) the wrong road.
10. After being punished by the teacher, this boy (be) a very hardworking pupil.
11. After she (wash) the clothes, she ironed them.
12. I saw that the girl (write) a letter.
13. We believed that we (do) the right thing.
14. By the time we arrived, they (go) to market.
15. He thought that he (make) a serious mistake.
16. It was U Tun who (teach) us English.
17. I was sure that she (be) sick.
18. She said she (buy) the book.
19. He went to bed after the visitor (go) back.
20. The girl told me the name after I (ask) her twice.

PAST TENSE နှင့် PAST PERFECT တို့၏ ကွဲပြားခြားနားသော အချက်

## *Simple Past Tense and Past Perfect Tense*

အတိတ်က အကျိုးဆက်ပြတ်တဲ့ဖြစ်ရပ်တွေကို ဖော်ပြချင်တဲ့အခါမှာ ***simple past tense*** နဲ့ ရေးသားရပါတယ်။ ကြိယာနှစ်လုံး အတွဲအဖက်မရှိဘဲနဲ့လဲ ရေးသားနိုင်ပါတယ်။

ဥပမာ 1. Daw Sein **died** in 1988.
၁၉၈၈ ခုနှစ်က ဒေါ်စိန်သေခဲ့သည်။

**Past Perfect Tense** ကိုတော့ ကြိယာနှစ်လုံး အတွဲအဖက်ရှိမှ သုံးလေ့ရှိပါတယ်။
အတိတ်ကာလက ပြီးစီးခဲ့တဲ့ ဖြစ်ရပ်နှစ်ခုမှာ...
(က) အရင်စောပြီးဖြစ်တဲ့ဖြစ်ရပ်ကို Past Perfect Tense နဲ့ ရေးရပါမယ်။
(ခ) နောက်ကျပြီးမှဖြစ်တဲ့ဖြစ်ရပ်ကို Past Tense နဲ့ ရေးရပါမယ်။

ဥပမာ Mar Mar ***said** that* she **had seen** the movie.
ဒီရုပ်ရှင်ကို ကြည့်ပြီးသားလို့ မာမာကပြောတယ်။
(ရုပ်ရှင်ကြည့်ခဲ့တာက အရင်ကျတယ်၊ ကြည့်ပြီးပြီလို့ ပြောတာက နောက်ကျတယ်။)

I ***visited*** many of the places where I ***had played*** as a boy.
ကလေးဘဝက ကစားခဲ့တဲ့နေရာတွေကို ကျွန်တော် သွားရောက်လည်ပတ်ခဲ့တယ်။

(ကလေးဘဝ (ကလေးအဖြစ်နဲ့) ကစားခဲ့တာက အရင်စောပြီးဖြစ်ခဲ့တဲ့၊ အရင်ကျတဲ့ဖြစ်ရပ် ဖြစ်ပါတယ်။ ဒါကြောင့် Past Perfect Tense သုံးရပါတယ်။)

(လူကြီးဖြစ်လာပြီးမှ) အမှတ်တရ သွားလည်ပတ်တာက နောက်ကျပြီးမှဖြစ်တဲ့ဖြစ်ရပ် ဖြစ်ပါတယ်။ ဒါကြောင့် Past Tense သုံးရပါတယ်။)

### *Exercise No. (92)*

**Write whichever is correct, the "*simple past tense*" or the "*past perfect tense*" of the verbs in brackets.**

ကွင်းထဲမှာပေးထားတဲ့ ကြိယာများကို **Simple Past Tense (သို့) Past Perfect Tense** သင့်တော်ရာ ပုံစံဖြင့် ဖြည့်ရေးပါ။

1. My sister (cook) rice and curry when the visitors arrived.
2. The children (sleep) when their father came home.
3. The girl (wash) the clothes when it began to rain.



4. Our father (leave) for work when his friends came to fetch him.
5. I (do) my lessons when my friends came.
6. We had watered the flowers when breakfast (be) ready.
7. My elder sister had swept the floor when mother (come) back from the market.
8. Mother had cooked the dinner when I (come) back from school.
9. Father had read the newspaper when he (go) to work.
10. Mu Mu had ironed the clothes when she (go) to school.
11. After we had watched television, we (go) to bed.
12. After she had washed the clothes, she (iron) them.
13. After the teacher had taught the pupils, they (understand) the lesson well.
14. After the teacher had punished the girl, she never (talk) in the class.
15. After the travellers had got onto the bus, it (break) down.
16. The old woman had just recovered from an illness when she (get) ill again.
17. She had just sat down to study when the lights (go) out.
18. After she (come) back from the market, she cooked our breakfast.
19. After the old man (retire), he opened a shop.
20. After the children (be) fed, they were put to sleep.
21. After he (read) the newspaper, he went to work.
22. Farmers had ploughed the fields when they (sow) the seeds.
23. U Hla said that his friend (buy) the car.
24. They (clean) the rooms when we got home.
25. We had moved to a small village when the war (break) out.

### *Exercise No. (93)*

**Write whichever is correct, the *simple past tense* or the *past perfect tense* of the verbs in brackets.**

ကွင်းထဲရှိ ကြိယာများကို **Simple Past tense (သို့) Past Perfect tense** သင့်တော်ရာ ပုံစံဖြင့် ဖြည့်ရေးပါ။

1. After she (hear) the bad news, she (weep) sorrowfully.
2. I (think) it was Ko Ko who (steal) my books.
3. She (tell) me that she (see) the movie previously.

4. I (be) sure that I never (see) him before.
5. I (thank) her for what she (do) for me.
6. After the visitors (go), I (take) a rest.
7. They(go) to bed after they (finish) the work.
8. When they got home, they (find) that the thief (break) into their room.
9. When we (arrive), he (go) back home.
10. When we (arrive) at the cinema late, the film (begin) already.
11. The teacher (ask) me why I (not do) the exercises.
12. The children (go) out to play when it (begin) to rain.
13. He (enter) the room when the front door bell (ring).
14. After she (put) the clothes out to dry, it (begin) to rain.
15. U Thukha (write) one book when he (begin) to write another.
16. The old woman already (die) when the doctor (arrive).
17. The lesson (start) when she (get) to class.
18. The train (arrive) when we (get) to the station.
19. The bus (leave) when the girls (get) to the bus stop.
20. I (go) to sleep when I (finish) my work.

## PAST TENSE နှင့် PRESENT PERFECT တို့၏ ကွာခြားသော အသုံး

### *Simple Past Tense and Present Perfect Tense*

**I** Simple Past Tense ကို အတိတ်ကာလရဲ့ တိကျတဲ့အချိန် တစ်ချိန်ချိန်မှာ အလုပ်တစ်ခုကို ပြီးစီးခဲ့ကြောင်း ဖော်ပြချင်တဲ့အခါမှာသုံးတယ်။

ဥပမာ I ***washed*** my hands *five minutes ago.*
လွန်ခဲ့တဲ့ငါးမိနစ်က ကျွန်တော်လက်ဆေးခဲ့တယ်။

I ***slept*** soundly *last night.*
မနေ့ညက ကျွန်တော်နှစ်နှစ်ခြိုက်ခြိုက် အိပ်ခဲ့တယ်။

Present Perfect Tense ကို အတိတ်ကာလက အလုပ်တစ်ခုကို ပြီးစီးခဲ့တယ်။ အတိတ်ကာလရဲ့ ဘယ်အချိန်မှာ တိတိကျကျပြီးစီးခဲ့တာလို့ မသိပေမယ့် အဲဒီအလုပ်ရဲ့ အကျိုးဆက်ဖြစ်ရပ်ဟာ ယခုပြောဆိုနေချိန်ထိရှိတယ်လို့ ဖော်ပြချင်တဲ့အခါမှာ သုံးတယ်။



ဥပမာ I **have washed** my hands.
ကျွန်တော် လက်ဆေးပြီးပြီ။

(လက်ကို ဘယ်အချိန်က ဆေးပြီးခဲ့တယ်လို့ အတိအကျ မဖော်ပြပေမယ့် ခုပြောတဲ့**အချိန်မှာ** လည်း လက်ကဖြူလို့၊ သန့်လို့ရှိတုန်းပဲလို့ ဆိုလိုတယ်။)

အဲဒီလိုဝါကျမျိုးကို (just, yet, already) စတဲ့ (time adverbs) ကလေးတွေနဲ့ တွဲပြီးသုံးလေ့ရှိပါတယ်။

အောက်က ဥပမာလေးတွေကို ယှဉ်တွဲပြီးလေ့လာကြည့်ပါဦး။

- I ***have just read*** the newspaper.
  သတင်းစာကို ဖတ်ပြီးရုံလေးရှိသေးတယ်။
  (ဘယ်အချိန်ကပြီးတယ်လို့ အတိအကျ မဖော်ပြ)
- I ***read*** the newspaper five minutes ago.
  သတင်းစာကို ပြီးခဲ့တဲ့ ငါးမိနစ်က ဖတ်ခဲ့တယ်။
  (ပြီးခဲ့တဲ့အချိန် အတိအကျ ဖော်ပြတယ်)
- I ***have already written*** the letter.
  စာကို ကျွန်တော်ရေးပြီးနှင့်ပြီ။
  (ဘယ်အချိန်ကပြီးတယ်လို့ အတိအကျမဖော်ပြ)
- I ***wrote*** the letter *two hours ago.*
  စာကို ကျွန်တော် လွန်ခဲ့တဲ့ (၂) နာရီက ရေးခဲ့တယ်။
  (ပြီးစီးတဲ့အချိန်ကို အတိအကျ ဖော်ပြတယ်)

ဒါကြောင့်

| | | |
|---|---|---|
| **five minutes ago** | = | လွန်ခဲ့တဲ့ ငါးမိနစ်က |
| **two hours ago** | = | လွန်ခဲ့တဲ့ နှစ်နာရီက |
| **three days ago** | = | လွန်ခဲ့တဲ့ သုံးရက်က |
| **six weeks ago** | = | လွန်ခဲ့တဲ့ ခြောက်ပတ်က |
| **three months ago** | = | လွန်ခဲ့တဲ့ သုံးလက |
| **two years ago** | = | လွန်ခဲ့တဲ့ နှစ်နှစ်က |
| **a moment ago** | = | လွန်ခဲ့တဲ့ အချိန်အနည်းငယ်က |
| **a few minutes ago** | = | လွန်ခဲ့တဲ့ မိနစ်အနည်းငယ်က |
| **in 1980** | = | ၁၉၈၀ ခုနှစ်က (ယခု ရောက်ရှိနေတဲ့နှစ်ရဲ့ ဟိုဘက်က နှစ်အား လုံး) |
| **at five o'clock today** | = | ဒီနေ့ငါးနာရီက |
| **at lunch time today** | = | ဒီနေ့ နေ့လည်စာ စားချိန်က |

| | | |
|---|---|---|
| **yesterday** | = | မနေ့က |
| **the day before yesterday** | = | တမြန်နေ့က |
| **last night** | = | လွန်ခဲ့တဲ့ (ပြီးခဲ့တဲ့) ညက |
| **last Sunday** | = | လွန်ခဲ့တဲ့ တနင်္ဂနွေနေ့က |
| **last week** | = | (လွန်ခဲ့တဲ့) ပြီးခဲ့တဲ့အပတ်က |
| **last month** | = | လွန်ခဲ့တဲ့ (ပြီးခဲ့တဲ့) လက |
| **last week-end** | = | လွန်ခဲ့တဲ့ ရက်သတ္တပတ်အကုန် (စနေ၊ တနင်္ဂနွေ)က_ |

စတဲ့ အတိတ်ကာလရဲ့ပြီးဆုံးမှု အတိအကျညွှန်ပြတဲ့ အချိန်ပြပုဒ်တွေကို Present perfect Tense နဲ့ တွဲဖက်ပြီးတော့ မသုံးရပါဘူး။

just, yet, already စတဲ့ Perfect Tense ကိုညွှန်းတဲ့ အချိန်ပြပုဒ်တွေကိုလည်း Past Tense နဲ့ တွဲဖက်ပြီး မသုံးရပါဘူး။

### မှားတတ်တဲ့ အမှားတွေ

အောက်မှာဖော်ပြထားတဲ့ ဝါကျတည်ဆောက်ပုံတွေဟာ မှားပါတယ်၊ သတိပြုလေ့လာပါ။

1. I **have opened** the door *ten minutes* ago.
2. I ***have read*** the newspaper *yesterday*.
3. She ***has washed*** the clothes *two hours ago*.
4. He ***has written*** the letter *last night*.
5. I ***already opened*** the door, but I didn't open the windows yet.
6. He ***finished*** his work *already*.
7. ***Did you borrow*** the books *yet*?
8. She ***just ironed*** the clothes.

### အဖြေမှန်က

1. opened, 2. read, 3. washed, 4. wrote, 5. have already opened, haven't opened, 6. has finished, 7. Have you borrowed, 8. has just ironed.

**II** Simple Past Tense ကို အတိတ်တစ်ချိန်မှာ ဖြစ်ပျက်ခဲ့ပြီး၊ အတိတ်မှာပဲ ပြီးဆုံးခဲ့တဲ့ အကြောင်း အရာတွေ၊ ဖြစ်ရပ်တွေကို ဖော်ပြချင်တဲ့အခါမှာလဲ သုံးပါတယ်။

1. U Pon Nya wrote the plays.
   ဦးပုညသည် ပြဇာတ်များကို ရေးခဲ့သည်။
2. Bagyoke Aung San was assassinated in 1947.
   ၁၉၄၇ ခုနှစ်က ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံခဲ့ရသည်။



3. The First World War began in 1914 and ended in 1918.
   ပထမကမ္ဘာစစ်ကြီးဟာ ၁၉၁၄ ခုနှစ်မှာ စတင်ဖြစ်ပွားခဲ့ပြီး၊ ၁၉၁၈ ခုနှစ်မှာ ပြီးဆုံးခဲ့တယ်။
4. I met him yesterday.
   ကျွန်တော် သူ့ကို မနေ့က တွေ့ခဲ့တယ်။

အထက်က ဖော်ပြခဲ့တဲ့ဖြစ်ရပ်တွေက အတိတ်ကာလက ဖြစ်ပျက်ခဲ့တာတွေဖြစ်တယ်။ ယခုပြောဆိုနေချိန်အထိ ဆက်လက်ဖြစ်ပျက်နေတာတွေ မဟုတ်ပါဘူး။ အတိတ်ကာလမှာပဲ ပြီးဆုံးခဲ့ပါပြီ။ အဆုံးသတ်ခဲ့ပါပြီ။

Present Perfect Tense ကတော့ ဖြစ်ရပ်တစ်ခု၊ အတိတ်တစ်ချိန်က ဖြစ်ခဲ့တာ လုပ်ခဲ့တာတော့ဟုတ်တယ်။ ဒါပေမယ့် ယခုပြောဆိုနေချိန်အထိ အကျိုးဆက်ရှိနေတယ်။ ဖြစ်နေဆဲ၊ လုပ်နေဆဲပဲလို့ အဓိပ္ပာယ်ရပါတယ်။ (သို့) အကြောင်းအရာ၊ အဖြစ်အပျက်တစ်ခုဟာ အတိတ် တစ်ချိန်ကနေ၊ ယခုအထိတစ်လျှောက်လုံး ဖြစ်ပျက်ခဲ့တယ်လို့လဲ အဓိပ္ပာယ်ရပါတယ်။

ဥပမာ We have lived in this town since 1980.
ကျွန်တော်တို့ ဒီမြို့မှာ ၁၉၈၀ ခုနှစ်ကတည်းကနေထိုင်ခဲ့တယ်။
(စတင်နေထိုင်ခဲ့တာကတော့ ၁၉၈၀ကတည်းကပါပဲ။ ယခုထိလဲ ဆက်လက်နေထိုင်ဆဲဖြစ်တယ်လို့ ဆိုလိုပါတယ်။)

ပိုပြီးရှင်းရှင်းလင်းလင်းဖြစ်သွားအောင် အောက်က ဥပမာလေးတွေကို လေ့လာကြည့်ပါဦး။

- I **ate** rice = ကျွန်တော်ထမင်းစားခဲ့တယ်။
- I **have eaten** rice = ကျွန်တော် ထမင်းစားပြီးပြီ။

ဆိုတဲ့ ဝါကျနှစ်ကြောင်းကို ယှဉ်ကြည့်ပါ။

စားခဲ့တာနဲ့ စားပြီးပြီ ဆိုတာဟာ ပြီးတာချင်းတူပေမယ့် ဆိုလိုတဲ့ အဓိပ္ပာယ်ချင်း မတူပါဘူး။

Simple Past Tense နဲ့ ရေးတဲ့ I **ate** rice က အတိတ်တစ်ချိန်က စားခဲ့တာကို ပြောတာ၊ ခု လောလောဆယ် ထပ်စားနိုင်လား၊ မနိုင်လား မသိဘူး။

Present Perfect Tense နဲ့ ရေးတဲ့ I **have eaten** rice က ခုလေးတင်စားပြီးကာဖြစ် တယ်။ ထပ်မစားနိုင်တော့ဘူးလို့ ဆိုလိုပါတယ်။

U Kyaw *lost* his key.
ဦးကျော်သော့ပျောက်ခဲ့တယ်။
U Kyaw *has lost* his key.
ဦးကျော် သော့ပျောက်သွားပြီ။ ဆိုတဲ့ဝါကျနှစ်ကြောင်းကို ယှဉ်ကြည့်ပါဦး။

Simple Past Tense (lost) လို့သုံးရင် ဦးကျော်ဟာ အတိတ်တစ်ချိန်က သော့ပျောက်ခဲ့တယ်။ ခုပြောနေတဲ့အချိန်မှာ အဲဒီသော့ကို ပြန်တွေ့ပြီလား၊ မတွေ့ဘူးလား မသိနိုင်ပါဘူး။

Present Perfect Tense(has lost) လို့ သုံးလိုက်ရင်တော့ အဲဒီသော့ကို ယခုပြောနေချိန်ထိ ပြန်မတွေ့သေးဘူးလို့ ဆိုလိုပါတယ်။

**III** Present Perfect Tense ကို အလုပ်တစ်ခုနဲ့ ပတ်သက်ပြီး အတိတ်ကာလရဲ့ အချိန်တွေက ထပ်တလဲလဲ ပြုလုပ်ခဲ့ပြီးဖြစ်တယ်လို့ ဖော်ပြချင်တဲ့အခါမှာလဲ သုံးပါတယ်။
(To describe an action which was repeated at indefinite times in the past.)

ဥပမာ

1. I ***have read*** this book *many times.*
   ဒီစာအုပ်ကို ကျွန်တော်အကြိမ်များစွာ ဖတ်ပြီးပြီ။
2. He ***has spoken*** to me about it *several times.*
   ဒီကိစ္စနဲ့ ပတ်သက်ပြီး သူကျွန်တော့ကို အကြိမ်ကြိမ် ပြောပြီးပြီ။
3. I ***have often eaten*** in this restaurant.
   ဒီစားသောက်ဆိုင်မှာ မကြာခဏ ကျွန်တော်စားဖူးတယ်။

> THE PRESENT PERFECT always has a connection with the *present*, THE PAST SIMPLE tells us only about the *past*.
>
> *E. G. IN USE (PAGE. 42)*

## *Exercise No. (94)*

**Write whichever is correct, the *simple past tense* or the *present perfect tense* of the verbs in brackets.**

***Simple past* (သို့) *present perfect* သင့်လျော်ရာ ကြိယာပုံစံဖြင့် ဖြည့်ပါ။**

1. (be) She .......... a nurse for three years.
2. (be) Her mother .......... dead last year.
3. (write) Nobody .......... to me since Christmas.
4. (write) I .......... an article last night.
5. (read) He .......... that novel yesterday.
6. (read) He .......... that novel several times.
7. (lose) The girl .......... her book a week ago.
8. (lose) The girl .......... her book for three weeks.
9. (visit) We .......... the hospital yesterday.



10. (visit) We .......... the hospital many times.
11. (not rain) It .......... here for more than a month.
12. (not rain) It .......... here last night.
13. (be) I .......... tired yesterday.
14. (be) I .......... sick for a week.
15. (have) She .......... a bad dream last night.
16. (have) She .......... a headache for two hours.
17. (fall) The boy .......... as he was running.
18. (fall) The leaves .......... from the tree since last night.
19. (study) They .......... this exercise yesterday.
20. (study) They .......... this exercise for two weeks.

## *Exercise No. (95)*

**Fill in the blanks with the correct tense of the verb.
(Simple Past Tense or Present Perfect)**

ကွင်းထဲရှိ ကြိယာများကို **Simple Past Tense** (သို့) **Present Perfect Tense** သင့်လျော်ရာ ကြိယာပုံစံဖြင့် ကွက်လပ် ဖြည့်ပါ။

1. (get) We ........ up at six o'clock yesterday.
2. (bring) I ........ my children to the park two weeks ago.
3. (fight) Win Lwin ........ with his sister last night.
4. (be) They ........ close friends for two years.
5. (be) As he ........ angry, he beat his children yesterday.
6. (go) They ........ to school and saw their teacher.
7. (buy) She went to the market and .... ... a longyi.
8. (study) He wanted to pass the examination and ........ very hard last year.
9. (have) I ........ a bad headache since I was ill.
10. (lose) I ........ my book. I am looking for it now.
11. (do) How ........ you do that yesterday?
12. (do) I ........ my housework for two hours.
13. (not see) I ........ her for more than two weeks.
14. (not see) I ........ her yesterday.
15. (cut) Oh! I ........ my finger. It's bleeding.
16. (get) Have you heard? Su Su ........ married!
17. (get) My grandparents ........ married in a small village fifty years ago.
18. (lose/find) Thida ........ her book but now she ........ it.
    (Ten minutes ago Thida lost her book. Now she has back it in her hand.)

19. (go/come back) She ........... to Pyin-Oo-Lwin but now she ........... home.
(She went to Pyin-Oo-Lwin but she is back in her town again.)

20. (buy/sell) U Khin ........... a house but now he ........... it.
(Last year U Khin bought a house. Now it belongs to someone else.)

**သတိပြုရန်**

အချို့ ဝါကျတွေကိုတော့ အဓိပ္ပာယ်ကိုကြည့်ပြီး Simple Past Tense နဲ့ပဲဖြစ်ဖြစ် Present Perfect Tense နဲ့ပဲဖြစ်ဖြစ် ရေးလို့ရပါတယ်။ တစ်မျိုးပဲ ရေးလို့ရတယ်လို့ ပုံသေမမှတ်ရပါဘူး။

> She says that she *lost* her pocket book. (OR)
> She says that she *has lost* her pocket book.
>
> *G. E. E. (PAGE. 82-83)*

3 We can use *today, this morning, this afternoon, etc:*

| with the present perfect when these periods of time are not finished. | with the past when these periods of time are finished. |
|---|---|
| ***I've spoken to Peter this morning.*** (It is still morning.) | ***I spoke to Peter this morning.*** (It is now afternoon, evening, or night time.) |

4 We normally use a past tense, not the present perfect, to ask when something happened.

***When did you arrive home last night?*** (Not: ~~***When have you arrived home last night?***~~)

The Heinemann English Grammar (P. 2(



## PRESENT PERFECT CONTINUOUS TENSE

အလုပ်တစ်ခုကို အတိတ်တစ်ချိန်က စတင်လုပ်ကိုင်ခဲ့တယ်။ အဲဒီ အလုပ်ကို လုပ်ကိုင်နေတာလဲ ကြာလှပြီ၊ ယခုပြောဆိုနေတဲ့ အချိန်ထိလဲ အဆုံးမသတ်၊အပြီးမသတ်နိုင်သေးဘူး၊ ဆက်လက်လုပ်ကိုင် ဖြစ်ပျက်နေဆဲဖြစ်တယ်။ ရှေ့ကိုလဲ ဆက်လက်ဖြစ်ပျက်ဦးမယ်လို့ ဖော်ပြပြောဆိုချင် တဲ့အခါမှာ Present Perfect Continuous Tense ကို သုံးရပါတယ်။ ကြိယာတွဲ ပုံစံကတော့

**(has/have) + been + V-ing** ဖြစ်ပါတယ်။

ဥပမာ 1. I ***have been living*** in this town for many years.
ကျွန်ုပ် ဒီမြို့မှာနေတာ နှစ်ပေါင်းများစွာရှိပြီ။
(ယခုလည်း နေဆဲ၊ ဆက်၍လည်း နေဦးမည်။)

2. It ***has been raining*** for two hours.
မိုးရွာနေတာ (၂) နာရီကြာပြီ။
(ယခုလည်း ရွာဆဲ။)

3. They ***have been waiting*** here for over an hour.
သူတို့ ဒီမှာစောင့်နေတာ တစ်နာရီကျော်ကျော်ကြာပြီ။
(ယခုလည်း စောင့်နေဆဲ။)

4. He ***has been learning*** *English* since 1985.
၁၉၈၅ ခုနှစ်ကတည်းက သူ အင်္ဂလိပ်စာကို လေ့လာ (သင်ယူ) နေတယ်။
(ယခုလည်း လေ့လာသင်ယူဆဲ)

5. I ***have been taking*** that medicine for six months.
ကျွန်တော် ဒီဆေးကိုသောက်တာ (၆) လ ကြာပြီ။
(ယခုလည်း သောက်နေရဆဲ။)

**Present Perfect Continuous Tense ရဲ့နောက်အသုံးတစ်မျိုး ရှိသေးတယ်။**

ဖြစ်ရပ်တစ်ခု/ အလုပ်တစ်ခုကို ဟို-တော်တော်ကြာတဲ့ အချိန်တစ်ချိန်က ဖြစ်ပျက်လုပ်ကိုင်ခဲ့တယ်၊ ပြီးခဲ့တဲ့ (တော်တော်လေး ကြာခဲ့ပြီဖြစ်တဲ့) အတိတ်တစ်ချိန်က စတင်ဖြစ်ပျက်လုပ်ကိုင်ခဲ့တာပေါ့။ မကြာသေးမီ လောလောလတ်လတ် (ယခုပြောဆိုနေတဲ့ အချိန်ကာလနဲ့ အနီးကပ်ဆုံးအချိန်ကာလ) မှာမှ ပြီးဆုံးသွားတယ်ဆိုရင် Persent Perfect Continuous ကို သုံးပါတယ်။

ဥပမာ 1. Is it raining?
No, it isn't but the ground is wet.
It <u>has been raining</u>.

2. The girl is very tired. She <u>has been working</u> hard.

3. The boy is out of breath. He has been <u>running</u>.

**Persent Perfect Continuous** နဲ့ တွဲဖက်ပြီးသုံးတဲ့....

1. **over and over (again)** = ထပ်တလဲလဲ
2. **all the time (all the year/ month/ day/ morning/ night etc.)**
3. **the whole time (the whole year/ month/ morning/ night etc.)**
4. **How long** = ဘယ်လောက်ကြာကြာ
5. **Since** = ကတည်းက၊ မှ စ၍
6. **for** = (ဘယ်၍/ ဘယ်မျှအချိန်) ကြာအောင် တိုင်တိုင်၊ လုံးလုံး

စတဲ့ စကားလုံးကလေးတွေကိုလဲ ဂရုပြု ကျက်မှတ်ထားရပါမယ်။

stay, wait, sit, stand, lie, study, learn, live, rest, etc. ... စတဲ့ ကြိယာလေးတွေကို များသောအားဖြင့် Present Perfect Continuous Tense နဲ့ တွဲဖက်ရေးသားလေ့ရှိပါတယ်။

## PRESENT PERFECT AND PRESENT PERFECT CONTINUOUS

*Present Perfect Tense* နှင့် *Present Perfect Continuous* တို့၏ ကွားခြားသော အသုံး

**Present Perfect Tense** ကို အရည်အတွက်၊ ပမာဏ၊ အကြိမ်၊ ဘယ်လောက်များများ လုပ်ကိုင်တယ်ဆိုတာကို ဖော်ပြချင်တဲ့အခါမှာ သုံးပါတယ်။

ဥပမာ
1. Nilar ***has read*** *two books* today.
   နီလာဟာ စာအုပ်နှစ်အုပ်ကို ဒီနေ့ဖတ်ပြီးပြီ။
2. Ko Ko ***has played*** tennis *three times* this weeek.
   ဒီအပတ်ထဲမှာ ကိုကိုဟာ တင်းနစ်ကို (၃) ကြိမ် ကစားပြီးပြီ။

**Present Perfect Continuous Tense** ကို အဖြစ်အပျက်၊ အလုပ်အကိုင်တစ်ခု ဘယ်လောက်ကြာကြာ ဖြစ်ပျက်လုပ်ကိုင်သလဲဆိုတာကို ဖော်ပြချင် တဲ့အခါမှာ သုံးပါတယ်။

ဥပမာ
1. Nilar has been reading all day.
   နီလာဟာ စာအုပ်ကို တစ်နေကုန်ဖတ်တယ်။
2. Ko Ko *has been playing* tennis since 2 *o'clock.*
   (၂) နာရီကတည်းက ကိုကို တင်းနစ်ကစားနေတာ။



> - We use the *"present perfect form"* to say how much we have done, how many things we have done, or how many times we have done something.
>
> - We use the *"present perfect continuous form"* to say how long something has been happening.
>
> *E. G. IN USE (PAGE. 34)*

Continuous မသုံးရတဲ့ ကြိယာတွေအကြောင်းကို စာမျက်နှာ (၃၄၆) မှာ ရှင်းပြခဲ့ပြီးဖြစ်ပါတယ်။ အဲဒီကြိယာတွေနဲ့ ရေးသားမယ်ဆိုရင်လည်း Present Per ect Tense ကိုသာ သုံးရပါတယ်။ Present Perfect Continuous ကို မသုံးရပါဘူး။

ဥပမာ
1. We ***have known*** each other for three years.
   (have been knowing လို့ မရေးရပါဘူး။)
2. He ***has understood*** what you mean.
   (has been understanding လို့ မရေးရပါဘူး။)
3. She ***has had*** a cold for the past week.
   (has been having လို့ မသုံးရပါဘူး။)
4. They ***have been*** married for twenty years.
   (have been being လို့ မရေးရပါဘူး။)
5. My father ***has always worked*** hard.
   (has been working လို့ မသုံးရပါဘူး၊ always ပါတဲ့အတွက် ဖြစ်ပါတယ်။)

> We use the "present perfect" for situations that exist for a long time especially if we say "always".
>
> *E. G. IN USE (PAGE. 36)*

Present Perfect Tense နဲ့ Present Perfect Continuous Tense တို့ရဲ့ အသုံးမှာ သိသာတဲ့ ကွဲလွဲမှုတွေကလွဲရင် (ဥပမာ - know, love, understand စတဲ့ Continuous Tense မသုံးရတဲ့ ကြိယာတွေကို Present Perfect Continuous မသုံးရတာမျိုး စသည်) ဒီ Tense နှစ်မျိုးလုံးရဲ့အသုံးကို အတူတူလိုပဲ သုံးလို့ရပါတယ်။

- He ***has worked*** there for five years.
- He ***has been working*** there for five years.

ဆိုတဲ့ ဝါကျနှစ်ကြောင်းမှာ အဓိပ္ပာယ်သက်ရောက်ပုံချင်း သိပ်မကွာခြားသလိုပေါ့။ ဒီဒီ ရေးသားချင်တဲ့ဆန္ဒ၊ အယူအဆပေါ်မှာ မူတည်ပါတယ်။

## PAST PERFECT CONTINUOUS TENSE

Past Perfect Continuous Tense ဟာ Present Perfect Continuous Tense ရဲ့ အတိတ် ကြိယာသဏ္ဍာန်ဖြစ်ပါတယ်။ ကြိယာတွဲပုံစံကတော့....

**"had + been + v-ing"** ဖြစ်ပါတယ်။

ဥပမာ
1. It **had been raining**.
2. They **had been sleeping.**
3. She **had been cooking**. (စသည်ဖြင့်)

Past Perfect Continuous Tense ကို အတိတ်ကာလက ဖြစ်ခဲ့တဲ့ဖြစ်ရပ်တွေနဲ့ ယှဉ်တွဲပြီး သုံးလေ့ရှိပါတယ်။ ဖြစ်ရပ်များအနက် ကြာမြင့်စွာ အချိန်ယူ ဆက်လက်ဖြစ်ပျက်ခဲ့တဲ့ ဖြစ်စဉ်ကို Past Perfect Continuous နဲ့ သုံးလေ့ရှိပါတယ်။

ဥပမာ

I was very tired when I arrived home.
I had been working hard all day.

အိမ်ပြန်ရောက်တော့ ကျွန်တော် အရမ်းမောတာပဲ။ တစ်နေကုန် ပင်ပင်ပန်းပန်း လုပ်ကိုင်ခဲ့ရတာကိုး။

(တစ်နေကုန် အလုပ်လုပ်ခဲ့ရတာက ၊ ကြာကြာမြင့်မြင့် ဆက်လက်လုပ်ကိုင်ခဲ့ရတဲ့ဖြစ်ရပ် ဖြစ်တယ်။)

ကဲ.. ဒီ ဥပမာလေးတွေကိုလည်း သဘောပေါက်အောင် လေ့လာကြည့်ပါ။

1. The two boys came into the house. One had a black eye and the other had a cut lip.
   *They had been fighting.*
2. The two boys came into the house. They had a football and they were both very tired.
   *They had been playing football.*
3. We began playing football. After half an hour, there was a terrible storm.
   *We had been playing for half an hour when there was a terrible storm.*
4. U Moe and his family went to live in Mandalay. Six months later. U Moe died.
   They *had been living* in Mandalay for six months when U Moe died.



## PAST CONTINUOUS AND PAST PERFECT CONTINUOUS (was doing) and (had been doing)

## PAST CONTINUOUS နှင့် PAST PERFECT CONTINUOUS တို့၏ ကွာခြားသော အသုံး

Past Continuous Tense နဲ့ ရေးရင် ဖြစ်ရပ် (သို့) ပြုလုပ်ချက်တစ်ခုဟာ ဆက်လက်ဖြစ်ပျက်နေဆဲဖြစ်တယ်။ မပြီးသေးဘူးဆိုတဲ့ အဓိပ္ပာယ် သက်ရောက်ပါတယ်။

Past Perfect Continuous Tense နဲ့ ရေးရင် ဖြစ်ရပ် (သို့) ပြုလုပ်ချက်တစ်ခုဟာ အချိန်ယူဆက်ဖြစ်ခဲ့ပေမယ့် ပြောဆိုဖော်ပြတဲ့အချိန်မှာ ပြီးသွားပြီးကာစဖြစ်တယ်ဆိုတဲ့ အဓိပ္ပာယ် သက်ရောက်ပါတယ်။

ဥပမာ

- When I looked out of the window, it had been raining = (It wasn't raining when I looked out; it had just stopped.)
  ပြတင်းပေါက်ကနေ ထွက်ကြည့်တော့ မိုးကရွာပြီးနေပြီ။ (မိုးတိတ်သွားပြီးကာစ)
- When I looked out of the window, it was raining = (Rain was falling at the time I looked out.)
  ပြတင်းပေါက်ကနေထွက်ကြည့်တော့ မိုးရွာနေတယ်။ (မိုးက မတိတ်သေးဘူး၊ ရွာနေဆဲ)
- When I arrived, everyone was sitting round the table with their mouths full. *They were eating.*
  ကျွန်တော်ရောက်သွားတော့ လူတိုင်း စားပွဲမှာ ဝိုင်းထိုင်နေကြတယ်။ ပါးစပ်ကလည်း ပလုပ်ပလောင်း အပြည့်လေ။
  သူတို့ စားသောက်နေကြတာလေ။ (စားဆဲ၊ မပြီးသေး)
- When I arrived, eveyone was sitting round the table and talking. Their mouths were empty but their stomachs were full. *They had been eating.*
  ကျွန်တော်ရောက်သွားတော့ လူတိုင်း စားပွဲမှာ ဝိုင်းထိုင်ပြီး စကားပြောနေကြတယ်၊ ပါးစပ်ထဲမှာ ဘာမှမရှိပေမယ့် သူတို့ ဝမ်းဗိုက်ကြီးတွေကတော့ တင်းကားပြီး အပြည့်ပါပဲ။
  သူတို့ စားသောက်ပြီးနေကြပြီ။(စားပြီးကာစ)

- When I arrived, she *was waiting* for me.
- She was rather annoyed with me because I was late and she *had been waiting* for a very long time.

ကျွန်တော်ရောက်သွားတော့ သူမက စောင့်နေတုန်းပဲ။
ကျွန်တော်နောက်ကျလို့ အကြာကြီး စောင့်နေရတဲ့အတွက် သူမတော်တော်လေး စိတ်ဆိုးနေတယ်။

## FUTURE CONTINUOUS TENSE

လာမယ့် အနာဂတ်ကာလရဲ့ အချိန်တစ်ချိန်မှာ၊ အလုပ်တစ်ခု (သို့) ဖြစ်ရပ်တစ်ခု ဆက်လက်ပြုလုပ် ဖြစ်ပျက်နေမှာပဲ လို့မဖြစ်သေးခင် ကြိုတင်ခန့်မှန်း ပြောဆိုချင်ရင် Future Continuous Tense ကို သုံးရပါတယ်။ သူ့ရဲ့ ကြိယာတွဲပုံစံကတော့-

**"will be + v-ing"** ဖြစ်ပါတယ်။

ဥပမာ
1. I *will be sleeping.*
   ကျွန်တော် အိပ်နေလိမ့်မယ်။
2. She *will be working.*
   သူမ အလုပ်လုပ်နေလိမ့်မယ်။
3. They *will be writing* a book.
   သူတို့ စာအုပ်တစ်အုပ် ရေးနေလိမ့်မယ်။

The future continuous tense describes an action which will be going on or continuous at some point in the future.

- Tomorrow afternoon at this time, we will be watching television.
  နက်ဖြန်နေ့လည် ဒီအချိန်လောက်ဆိုရင် တို့တွေ ရုပ်မြင်သံကြား ကြည့်နေကြလိမ့်မယ်။
- At this time next year, they will be studying in the University.
  နောက်နှစ်ဒီအချိန်လောက်ဆိုရင် သူတို့တွေ တက္ကသိုလ်မှာ ပညာသင်ယူနေကြလိမ့်မယ်။

❁



### *Exercise No. (96)*

**Write the Future continuous tense form of the verbs in brackets.**

ကွင်းထဲရှိ ကြိယာကို **Future Continuous Tense** ပုံစံဖြင့် ရေးသားဖြေဆိုပါ။

1. (do) If you come after six tomorrow, I ..........., my homework.
2. (listen) If you come after six tomorrow, I ............ to the radio.
3. (travel) At this time next month, we ............ in India.
4. (watch) If you come at night, we ............ television.
5. (have) At six o'clock tomorrow night, she ............ her dinner.
6. (cook) At six o'clock tomorrow morning, mother ............ the breakfast.
7. (rain) Do you see the black clouds? It ............ soon.
8. (meet) He ............ us next week.
9. (stay) I ............ here till Sunday.
10. (play) When I get home, my children ............ .
11. (work) At five o'clock tomorow evening, I ............ in the garden.
12. (wait) She ............ for me at the usual time tomorrow morning.
13. (prepare) If you come at four o'clock in the evening, we ............ our dinner.
14. (have) Don't call her now. She ............ her music lesson.
15. (study) If you go to your friend now, she ............ her lessons.

## FUTURE PERFECT TENSE

လာမယ့်အနာဂတ်ကာလရဲ့ တိကျတဲ့အချိန်တစ်ချိန်မှာ အလုပ်တစ်ခု၊ ဖြစ်ရပ်တစ်ခု၊ လုပ်ကိုင်ဖြစ်ပျက် ပြီးစီးပေလိမ့်မယ်လို့ ကြိုတင်ပြောဆိုချင်တဲ့အခါမှာ သုံးပါတယ်။ အချိန်ကာလ အပိုင်းအခြားရဲ့ရှေ့မှာ "by" ထည့်သုံးလေ့ရှိပါတယ်။
ကြိယာတွဲပုံစံကတော့ -

**"will + have + V3"** ဖြစ်ပါတယ်။

ဥပမာ By the time next year, I *will have died.*
နောင်နှစ် ဒီအချိန်လောက်ဆိုရင် ငါသေပြီးလောက်ပြီပေါ့။

I am sure they *will have known* the truth by the time next month.
နောက်လ ဒီအချိန်လောက်ဆိုရင် အမှန်တရားကို သူတို့သိလောက်ပြီဆိုတာ သေချာပါတယ်။

I *shall have left* for Mandalay by this time tomorrow.
နက်ဖြန် ဒီအချိန်လောက်ဆိုရင် ငါမန္တလေးကို သွားနေပြီပေါ့။

အနာဂတ်ကာလမှာ ဖြစ်ပျက်လာမယ့် ဖြစ်ရပ် (၂) ခု ရှိနေမယ်ဆိုရင်လဲ အရင်စောပြီး ပထမ ဦးဆုံး ဖြစ်ပျက်မယ့် ကြိယာကို **Future Prefect Tense** နဲ့ သုံးရပါတယ်။ ကျန်ကြိယာကို **Present Tense** နဲ့ သုံးရပါတယ်။

ဥပမာ 1. I ***will have reached*** your house before you **get** up.
မင်း အိပ်ရာကမထခင် ငါက မင့်အိမ်ကို ရောက်နေနှင့်ပြီး ဖြစ်နေမှာပါ။
2. Your sons ***will have passed*** their examinations before you **die**.
မင်း မသေမီ၊ မင့်သားတွေက စာမေးပွဲအောင်နှင့်ပြီး ဖြစ်မှာပါ။
3. They ***will have bought*** a house before they ***get married***.
သူတို့ လက်မထပ်ခင် အိမ်တစ်လုံးတော့ ဝယ်ပြီးဖြစ်မှာပါ။

## FUTURE PERFECT CONTINUOUS TENSE

လာမယ့်အနာဂတ်ကာလရဲ့ အချိန်တစ်ချိန်မှာ အလုပ်တစ်ခု (သို့) ဖြစ်ရပ်တစ်ခုဟာ လုပ်ကိုင်ဖြစ်ပျက်နေပြီးဖြစ်တယ်။ အဲဒီဖြစ်ရပ်ဟာ ဆက်လက်ပြီးတော့ ဖြစ်ပျက်နေဆဲလည်း ဖြစ်မယ်။ (to denote an action which is considered as already finished at some definite time in the future, but which will be in progress until then) ဆိုတဲ့ ဖြစ်ရပ်ကို ဖော်ပြချင်တဲ့အခါမှာ သုံးပါတယ်။ တစ်နည်းအားဖြင့် ပြောရရင်တော့ ဖြစ်ရပ်တစ်ခုဟာ အနာဂတ်ကာလရဲ့ အချိန်တစ်ချိန်မှာ ကြာကြာမြင့်မြင့် ဆက်လက်ဖြစ်ပျက်နေလိမ့် မယ်လို့ ကြိုတင်ပြောဆိုချင်တဲ့အခါမှာ သုံးတယ်ဆိုရမယ်ပေါ့။

ကြိယာတွဲပုံစံကတော့ -
**"will have been + V-ing"** ဖြစ်ပါတယ်။

ဥပမာ 1. Hnin Hnin *will have been going* to school by this time tomorrow.
မနက်ဖြန် ဒီအချိန်ဆိုရင် နှင်းနှင်း ကျောင်းကို သွားနေလောက်ပြီပေါ့။
2. At this time next month, we *will have been travelling* in the Shan State.
နောက်လ ဒီအချိန်လောက်ဆိုရင် ကျွန်တော်တို့ ရှမ်းပြည်မှာ ခရီးလှည့်လည်နေပြီပေါ့။



3. At this time next year, they *will have been studying* in Mandalay University.
နောက်နှစ် ဒီအချိန်လောက်ဆိုရင်တော့ သူတို့တွေ မန္တလေးတက္ကသိုလ်မှာ ပညာသင်ယူနေကြပြီပေါ့။

Future Perfect နဲ့ Future Perfect Continuous Tense တွေကို ယခုခေတ် (Modern English Usage) မှာတော့ အသုံးနည်းပါတယ်။

## SIMPLE PRESENT WITH A FUTURE MEANING

Simple Present Tense ကို Future အဓိပ္ပာယ်ဖြင့်သုံးခြင်း

အများပြည်သူတို့ သွားရေးလာရေး၊ ခရီးသွားလာမှု အစီအစဉ်တို့၊ ရုပ်ရှင်၊ ပြဇာတ်အစီအစဉ်တို့ အချိန်စာရင်းတို့ကို Present Tense နဲ့ ရေးထားပေမယ့် Future အဓိပ္ပာယ်သဘောကို ဆောင်ပါတယ်။

ဥပမာ 1. The football match *starts* at 4 o'clock.
ဘောလုံးပွဲ (စကန်မည့်) အချိန်မှာ (၄) နာရီဖြစ်သည်။
(၄-နာရီမှာ ဘောလုံးပွဲ စမယ်)
2. The film *begins* at 3.30.
၃ နာရီခွဲမှာ ရုပ်ရှင်ပြမယ်။
(နေ့တိုင်းလဲ ဒီအချိန်ပြမယ်)
3. The train *leaves* Paungde at 7.30 and *arrives* in Yangon at 12.30.
ရထားသည် ပေါင်းတည်မြို့မှ (၇) နာရီခွဲတွင် ထွက်ခွာ၍ ရန်ကုန်သို့ (၁၂) နာရီခွဲတွင် ဆိုက်ရောက်သည်။
(တစ်ရက်ထဲ အတွက် မဟုတ်ဘူး၊ နောက်နေ့တွေလဲ ဒီအချိန်စာရင်း အတိုင်းပဲ)
4. Tomorrow *is* Friday.
မနက်ဖြန် သောကြာနေ့ဖြစ်တယ်။
(မနက်ဖြန်ကို မရောက်သေးဘူး၊ ကြိုပြောတာ။)
5. The exhibition opens on 3 May and finishes on 15 July.
ပြပွဲ မေလ (၃) ရက်နေ့မှာ ဖွင့်ပြီး၊ ဇူလိုင်လ (၁၅) ရက်နေ့မှာ ပိတ်မယ်။

## PRESENT CONTINUOUS WITH A FUTURE MEANING

Present Continuous Tense ကို Future အဓိပ္ပာယ်ဖြင့် သုံးခြင်း

အနာဂတ်ကာလအတွက် အစီအစဉ် (arrangement) တစ်ခုခု လုပ်ထားပြီးဖြစ်တယ် ဆိုပါ တော့၊ အဲဒီအစီအစဉ်ကို ကြိုတင်ပြောဆိုချင်ရင် Present Continuous Tense နဲ့ သုံးလေ့ရှိပါတယ်။ အဓိပ္ပာယ်ကတော့ (Future) အနာဂတ်သဘော သက်ရောက်ပါတယ်။ (များသော အားဖြင့် ကတော့ အနာဂတ်အချိန်ပြ စကားလုံးတွေဖြစ်တဲ့ next, tomorrow စသည်တို့နဲ့ တွဲဖက်ရေးသား လေ့ ရှိပါတယ်။)

ဥပမာ 1. I ***am going*** to Mandalay tomorrow.
မနက်ဖြန်ကျရင် ငါမန္တလေးကို သွားမလို့။
(သွားနေတယ်လို့ ဘာသာမပြန်ရ။)

2. We ***are playing*** football tomorrow.
မနက်ဖြန်ကျရင် တို့တွေ ဘောလုံးကန်မလို့။
(ကန်မည်။)

3. She ***is leaving*** for Mandalay next Friday.
She ***is staying*** there for two weeks.
လာမယ့် သောကြာနေ့ကျရင် သူမန္တလေးကို သွားမလို့။
အဲဒီမှာ သူသီတင်း (၂) ပတ်လောက် နေလိမ့်မယ်။

4. Cho Cho, is it true that you ***are getting*** married next month?
လာမယ့်လမှာ မင်းတို့ လက်ထပ်ကြတော့မယ်ဆိုတာ အမှန်ပဲလားချိုချို။

## FUTURE SUBSTITUTES

going to = တော့မည်၊ လိမ့်မည်။

Future Tense ရဲ့ ကြိယာပုံစံက will + V1 ဖြစ်တယ်။

ဥပမာ 1. I **will buy** a house.
ကျွန်တော် အိမ်တစ်လုံး ဝယ်မလို့။ (ဝယ်မည်)

ဒါပေမယ့် တစ်ခါတရံ အဲဒီ will အစား going to ကို သုံးပြီး Future Tense ကို ရေးလေ့ရှိပါတယ်။

ဥပမာ I am **going to** buy a house.
ကျွန်တော် အိမ်တစ်လုံး ဝယ်မလို့။ (ဝယ်မည်)

အဲဒီလို (will/ shall) ရဲ့ အစား အနာဂတ်အဓိပ္ပာယ်နဲ့သုံးတဲ့ (to be going to) ကို Future Substitues လို့ ခေါ်ပါ

## GOING TO ...

*Going To* ကို

၁။ အနာဂတ်ကာလမှာ အလုပ်တစ်ခုကိုလုပ်ဖို့ ဆုံးဖြတ်ပြီးပြီ၊ (သို့) လုပ်ဖို့ ရည်ရွယ်ထားတယ် (already indended to do (or) intended to do in the future) ဆို... going toကို အသုံးပြုပြီး ရေးသားရပါတယ်။ ရည်ရွယ်ချက်ပြ အနာဂတ်ကာလလို့ ဆိုနိုင်ပါတယ်။

ဥပမာ 1. There is a film on television tonight.
Are you *going to* watch it?
ဒီည ရုပ်မြင်သံကြားက ရုပ်ရှင်လာလိမ့်မယ်၊ မင်းကြည့်မလား။
No, I am too tired. I *am going to* have an ear[ly] night.
ဟင့်အင်း မကြည့်ပါဘူး၊ ပင်ပန်းလွန်းလို့၊ မောလွန်းလို့။
ဒီည စောစောအိပ်မလို့။ (မှလတည်းက အိပ်ဖို့ဆုံးဖြတ်ပြီးသား၊ ရည်ရွယ်ပြီး သား)

2. I *am going to see* my friend tomorrow.
နက်ဖြန်ကျရင် ကျွန်တော့်သူငယ်ချင်းဆီကို သွားတွေ့မလို့။
(ဆုံးဖြတ်ပြီး၊ ရည်ရွယ်ပြီးသား)

3. We *are going to spend* the summer holidays in Pyin-Oo-Lwin.
နွေရာသီအားလပ်ရက်မှာ တို့တွေ ပြင်ဦးလွင်မှာ နေမလို့။
(ဆုံးဖြတ်ပြီး၊ ရည်ရွယ်ပြီးသား)

4. We *are going to stay* home tonight and watch television.
ဒီနေ့ည အိမ်မှာပဲနေပြီး ရုပ်မြင်သံကြား ကြည့်မလို့။
(ဆုံးဖြတ်ပြီး၊ ရည်ရွယ်ပြီးသား)

5. Yan Aung *is going to take* May Sweet to the dance tonight.
ဒီနေ့ည ရန်အောင်က မေဆွိကို ကပွဲကို ခေါ်သွားမလို့။
(ဆုံးဖြတ်ပြီး၊ ရည်ရွယ်ပြီးသား)

**သတိပြုဖို့**

going to eat, going to sleep, going to drive လို့ သုံးပေမယ့်၊
go = သွားသည်၊ come = လာသည် ဆိုတဲ့ ကြိယာကျတော့ -

He is going to go to Mandalay next week. လို့ ရေးရမယ့်အစား -
He is going to Mandalay next week. လို့ ရေးရပါမယ်။

My parents are going to come to see me. လို့ ရေးရမယ့်အစား -
My parents are coming to see me. လို့ ရေးသင့်ပါတယ်။

၂။ အကြောင်းအရာ၊ အဖြစ်အပျက်၊ တစ်စုံတစ်ခုဟာ ကျိန်းသေဖြစ်ပျက်တော့မယ်၊ ဖြစ်ပျက်မှာ သေချာတယ်ဆိုတဲ့သဘော အဓိပ္ပာယ်နဲ့လဲ (going to) ကို သုံးပါတယ်။

ဥပမာ

1. This boy is doing his examination tomorrow. He hasn't done any work for them and he is not very intelligent. He is going to fail in his examination.
မနက်ဖြန်ကျရင် စာမေးပွဲကို ဒီကောင်လေး ဖြေရတော့မယ်၊ စာလည်း မကျက်ရသေးဘူး။ ပြီးတော့ ကောင်လေးက ဉာဏ်ကောင်းတာမဟုတ်ဘူး။ ကောင်လေးတော့ စာမေးပွဲကျမှာပဲ။ (ကျမှာ သေချာတယ်)

2. The sky is full of black clouds. It is going to rain.
ကောင်းကင်တစ်ခုလုံး မိုးသားတွေနဲ့ မဲနေတာပဲ။ မိုးတော့ ရွာတော့မှာပဲ။ (ရွာမှာ သေချာတယ်)

## GOING TO ၏ PAST TENSE အသုံး

*Going To (Past Tense Use)*

အတိတ်ကာလက အလုပ်တစ်ခုကို လုပ်ဖို့တော့ ရည်ရွယ်ခဲ့တယ်။ ဒါပေမယ့် မလုပ်ဖြစ်ခဲ့ဘူး ဆိုရင် -

was going to, were going to ကို အသုံးပြု ရေးသားလေ့ရှိပါတယ်။

ဥပမာ

1. We *were going to travel* by train but then we decided to go by car.
အစကတော့ ရထားနဲ့သွားဖို့ ရည်ရွယ်ခဲ့တာပဲ။ ဒါပေမယ့် နောက်ပိုင်းကျတော့ ကားနဲ့ပဲ သွားဖို့ ဆုံးဖြတ်လိုက်ကြတယ်။



2. We *were going to spend* the whole month in Pyin-Oo-Lwin but our money ran out.
အစကတော့ ပြင်ဦးလွင်မှာ တစ်လလုံးနေမလို့ (ရည်ရွယ်ခဲ့တာ) ဒါပေမယ့် ပါလာတဲ့ ပိုက်ဆံကုန်သွားတာနဲ့ (မနေဖြစ်တော့ဘူး)။

3. I *was going to resign* from my job but I changed my mind.
အစကတော့ အလုပ်ကနေ နုတ်ထွက်တော့မလို့ ရည်ရွယ်ခဲ့တာပဲ၊ ဒါပေမယ့် ခုတော့ စိတ် (ရည်ရွယ်ချက်) ကို ပြောင်းလိုက်ပါပြီ။

## WILL နှင့် GOING TO တို့၏ ကွာခြားသော အသုံး

*will* = တော့မည်၊ လိမ့်မည်
*going to* = တော့မည်၊ လိမ့်မည်

မြန်မာလို ဘာသာပြန်ရတဲ့ အဓိပ္ပာယ်ကတော့ တူသလိုလိုရှိပေမယ့် အင်္ဂလိပ်စာ အရေးအသားမှာတော့ အသုံးပြုပုံချင်း ကွာပါတယ်။

1. I will buy some copy-books tomorrow.
မနက်ဖြန်ကျရင် (ဗလာ) စာအုပ် ဝယ်ဦးမယ်။
(မူလက ဝယ်မယ်ဆိုတဲ့ ရည်ရွယ်ချက်မရှိဘူး၊ လောလောဆယ် စာအုပ်ကုန်သွားလို့ (ရေးစရာ မရှိတော့လို့) ပြောတဲ့စကားဖြစ်တယ်)

I *am going to buy* some copy-books tomorrow.
မနက်ဖြန်ကျရင် စာအုပ်ဝယ်ဦးမယ်။
(မူလကတည်းက စာအုပ်ဝယ်မယ်လို့ ရည်ရွယ်ပြီး၊ ဆုံးဖြတ်ပြီးသားမို့ ပြောတဲ့စကားဖြစ်တယ်။)

2. It *will rain*.
မိုးရွာလိမ့်မယ်။
(ရွာချင်ရွာမယ်၊ ရွာချင်မှရွာမယ်၊ မိုးတွင်းမို့ မိုးရွာမယ်လို့ ပြောတာ)

It is *going to rain*.
မိုးတွေရွာလိမ့်မယ်။
(လျှပ်စီးတွေလက်၊ မိုးတွေခြိမ်း၊ မိုးသားတိမ်လိပ်တွေကလဲ တက်ပြီး၊ ကောင်းကင် တစ်ခုလုံး မဲမှောင်နေတာနဲ့၊ မိုးရွာမှာသေချာလို့ ပြောတဲ့စကားဖြစ်တယ်။)

**သတိပြုဖို့**

**going to** = ကို မူလကဘည်းက ရည်ရွယ်ချက်ရှိပြီး ဆုံးဖြတ်ချက်ချပြီးတဲ့ ဖြစ်ရပ်တွေ၊ သေချာမှုရှိတဲ့ ဖြစ်ရပ်တွေမှာ အသုံးပြုကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။

ဒါကြောင့်

ပြင်ပအခြေအနေ၊ မသေချာတဲ့ အခြေအနေ အကြောင်းခြင်းရာတစ်ရပ်အရ အနာဂတ်မှာ ဖြစ်ပျက်မှာပဲ၊ ဖြစ်ပျက်နိုင်တယ်လို့ ပြောဆိုရေးသားတဲ့၊ မသေချာ မရေရာတဲ့ဖြစ်ရပ်တွေမှာ going to ကို သုံးခဲပါတယ်၊ will ကိုပဲ သုံးရပါတယ်။

ဥပမာ 1. If the weather is nice tomorrow, we *will have* a swim.
မနက်ဖြန် မိုးလေဝသ သာယာရင် ကျွန်တော်တို့ ရေကူးသွားမယ်။ (going to မသုံးရ၊ မိုးလေဝသ အခြေအနေသည် သေချာတိကျမှုမရှိ)

2. If it doesn't rain tomorrow , we *will visit* the zoo.
မနက်ဖြန် မိုးမရွာရင် တိရိစ္ဆာန်ရုံကို သွားလည်မယ်။
(going to မသုံးရ၊ မိုးရွာမရွာ သေချာမှုမရှိ။)

> The construction, *(to be) going to* is used to express.
> 1. Intention,
> 2. Strong probability,
> 3. The speaker's certainty.
>
> *A. C. E. GRAMMAR (PAGE. 166)*

## WILL ၏ အသုံး

*will* = တော့မည်၊ လိမ့်မည်

Will နဲ့ ပတ်သက်ပြီး အခြားသိသင့်သိထိုက်တဲ့ အချက်အလက်ကလေးတွေကို ထပ်ပြီး လေ့လာကြည့်ပါဦး။

၁။ အနာဂတ်ကာလမှာ ဖြစ်ရပ်တစ်ခု၊ အလုပ်တစ်ခု ဖြစ်ပျက်ပြုလုပ်လိမ့်မယ်လို့ ကြိုတင် ပြောဆိုချင်တဲ့အခါမှာ "will" ကို သုံးပါတယ်။



ဥပမာ 1. I *will go* to Mnadalay tomorrow.
မနက်ဖြန်ကျရင် ငါ မန္တလေးကို သွားမလို့။

2. You *will pass* the examination if you try hard.
ကြိုးစားရင် မင်းစာမေးပွဲအောင်လိမ့်မယ်။

၂။ ယခု ပြောဆိုချိန်မှာမှ အလုပ်တစ်ခုကို လုပ်မယ်လို့ ဆုံးဖြတ်လိုက်ရင်လဲ "will" ကို သုံးပါတယ်။

ဥပမာ 1. "What would you like to drink?"
ဘာသောက်မလဲဟေ့။
"I'll (*I will*) have a cup of tea, please."
ကျေးဇူးပြုပြီး လက်ဖက်ရည်တစ်ခွက်လောက် ပေးပါဗျာ။
(ဘာသောက်မလဲမေးမှ ဆုံးဖြတ်လိုက်တာ)

2. "Did you phone U Win?"
မင်း ဦးဝင်းဆီ ဖုန်းဆက်ခဲ့ရဲ့လားဟေ့။
"Oh no, I forgot. *I'll do* it now."
အို..မေ့သွားတယ်ဗျာ၊ ခုပဲ ဆက်လိုက်ပါမယ်။

၃။ တစ်စုံတစ်ခုကို ကတိပြုတဲ့သဘောနဲ့လဲ "will" ကို သုံးပါတယ်။

ဥပမာ 1. Thank you for lending me the book. I *will pay* you back tomorrow.
စာအုပ်ငှားတဲ့အတွက် ကျေးဇူးတင်ပါတယ်။ မနက်ဖြန်ကျရင် ကျွန်တော် ပြန်ပေးပါ့မယ်။

2. I *won't tell* Thida what you said. I promise.
မင်းပြောတာတွေကို ငါက သီတာ့ကို ပြန်မပြောပါဘူး။ ကတိပေးပါတယ်။

၄။ Probably ဖြစ်ကောင်းဖြစ်မည်၊ (I'm) sure, (I) expect, I (think) စတဲ့ စကားလုံးတွေနဲ့ တွဲဖက်ပြီးတော့လဲ will ကို သုံးပါတယ်။

ဥပမာ 1. I'll probably be late this evening.
ဒီညနေမှာ ငါ နောက်ကျကောင်း နောက်ကျမယ်။
(နောက်ကျချင် ကျမယ်။)

2. I expect Ko Kyaw will get the job.
ကိုကျော် အလုပ်ရလိမ့်မယ်လို့ ငါ မျှော်လင့်တယ်။

3. Do you think Aung Aung <u>*will passs*</u> the examination?
   အောင်အောင် စာမေးပွဲအောင်လိမ့်မယ်လို့ မင်းထင် (မြင်ယူဆ) သလား
4. You must meet Cho Pyone. *I'm sure* you <u>will like</u> her.
   မင်း ချိုပြုံးကို သွားတွေ့ပါ၊ မင်း သူ့ကို သဘောကျသွားလိမ့်မယ်လို့ ငါ သေသေချာချာ ပြောရဲတယ်။

၅။ တစ်စုံတစ်ယောက်ကို တစ်ခုခုပြုလုပ်ပေးဖို့ စေခိုင်း၊ ပန်ကြား၊ တောင်းဆိုတဲ့အခါတွေမှာလဲ "will" ကို သုံးပါတယ်။

ဥပမာ
1. <u>*Will*</u> you open the window, please?
   ကျေးဇူးပြုပြီး ပြတင်းပေါက်ကလေး ဖွင့်ပါလားဗျာ။
2. <u>*Will*</u> you please be quiet? The patient is going to sleep.
   ကျေးဇူးပြုပြီး တိတ်တိတ်ဆိတ်ဆိတ် နေနိုင်မလားဗျာ၊ လူနာ အိပ်တော့မှာ မို့ပါ။

## *Exercise No. (97)*

**Choose the most suitable words given in the brackets;**

1. Daw Ni (A. will, B. is going to) probably arrive at about 9 o'clock.
2. I think you (A. will, B. are going to) like the present I bought for you.
3. I have decided to repaint this room. Oh, have you? What colour (A. will you, B. are you going to) paint?
4. Oh dear, it's already 4 o'clock. We (A. will, B. are going to) be late.
5. Look at those black clouds. It (A. will, B. is going to) rain.
6. I am sure they (A. will, B. are going to) buy this house.
7. I am turning on television. I (A. will, B. am going to)watch the news.
8. It is very hot in the room. (A. Will you, B. Are you going to) open the windows?
9. Please don't tell anyone. All right, I (A. will not, B. am not going to) tell anyone.
10. Where are you going? Are you going shopping? Yes, I (A. will, B. am going to) buy something for dinner.



11. What would you like to drink tea or coffee? I (A. will, B. am going to) have coffee.
12. What (A. will you, B. are you going to) give Nilar for her birth day?
13. There (A. will, B. is going to) be a party here next Sunday night.
14. I think Nyo Nyo (A. will, B. is going to) take her vacation in April.
15. The president (A. will, B. is going to) make an important announcement over the radio.

**Tense** တွေ အကုန်လုံးကို လေ့လာပြီးပြီဆိုရင် လေ့ကျင့်ခန်းကလေးတွေကို ဖြေကြည့်ပါဦး။

## *Exercise No. (98)*

**Fill the blanks with the most suitable form of the verb given in brackets.**

| | | |
|---|---|---|
| 1. | (flee) | The thieves ........... when the police arrived. |
| 2. | (rain) | We can't go out now because it ........... . |
| 3. | (already, do) | I ........... all my house work when my father came back. |
| 4. | (water) | The boy ........... the flowers when I saw him. |
| 5. | (alreday, cook) | Mother ........... the meal when we reached home. |
| 6. | (dig) | The villagers ........... a well near the village last month. |
| 7. | (finifsh) | They ........... studying when the lights went out. |
| 8. | (still, cook) | Mother ........... the dinner when the children came home from school. |
| 9. | (lie) | The old woman was tired and so she ........... down under the tree. |
| 10. | (strike) | He asked me to wake him up when the clock ........... 4(o'clock.) |
| 11. | (already, explain) | I ........... this problem but they do not seem to understand. |
| 12. | (sing) | Listen! Somebody ........... a song. |
| 13. | (take) | She ........... longer to dress than her sister so she has to start dressing earlier. |

14. (still, write) He ........... a letter when his friend came to see him.
15. (sing) Ni Ni Win Shwe is popular because she ........... very well.
16. (already, do) I ........... all my work by the time he came home.
17. (read) Look! He ........... the book his father wrote.
18. (sell) She can buy a car now, because she ........... her house since last month.
19. (leave) When I got to office, I found that I ........... my pen at home.
20. (have) Our house ........... many windows.

### *Exercise No. (99)*

**Choose the most suitable form of the verb given in the brackets and complete the sentences given below.**

1. He ............. (A. was going, B. had gone, C. went) to town to find a new job.
2. Everybody now ............. (A. is believing, B. believes, C. has believed) that he has told the truth.
3. The girl can't see her friends because she ............. (A. has, B. had, C. is having) her piano lesson.
4. The farmer could sit down and rest only after he ............. (A. was doing, B. did, C. had done) all the work in the field.
5. One day he hopes ............. (A. will become, B. to become, C. has become) a famous doctor.
6. Farmers go to work before the sun ............. (A. is rising, B. rises, C. rose).
7. We were at the pictures when the fire ............. (A. had broken out, B. broke out, C. is breaking out).
8. No one know exactly how the accident ............. (A. happened, B. happens, C. is happening).
9. She has given up going to cinema beacuse she ............. (A. is preparing, B. prepares, C. has prepared) for her examination.
10. He (A.is waiting. B. waits, C. has been waiting) for the t. since 7 o'clock.



11. Our mother told us that we could go out and play after we (A. did, B. had done, C. were doing) our homework.
12. I shall never (A. forgot, B. forgotten, C. forget) my parents' kindness to me.
13. When she was young, she often (A. plays, B. played, C. had played) with the other children in the neghibourhood.
14. I was not sure whether I (A. had read, B. read, C. have read) this book before.
15. Milk (A. is containing, B. contains, C. has contained) a lot of vitamins.

## VERB FORMS (QUESTIONS)

စာမျက်နှာ (၈၅) မှာ ဖော်ပြခဲ့တဲ့ မေးခွန်းဝါကျပြောင်းနည်းတွေကို သေသေချာချာ ကျက်မှတ်ပါဦး။ ပြီးမှ ဒီလေ့ကျင့်ခန်းကို လုပ်ပါ။

### *Exercise No. (100)*

**Fill the blanks with the most suitable form of the verb given in brackets.**

1. (you, be) ............. interested in English?
2. (you, be) ............. going to Mandalay tomorrow?
3. (he, be) ............. buying a house next year?
4. (they, be) ............. singing a song now?
5. (you, be) ............. wearing a red longyi when I saw you?

အပေါ်က ဝါကျ (၅) ကြောင်းမှာ Verb to be တွေကို မေးခွန်းလုပ်ခိုင်းတာ ဖြစ်ပါတယ်။ ဒါကြောင့် ဝါကျရဲ့ရှေ့မှာ Verb to be ကို ထားပြီး ဖြေရပါတယ်။ (အဖြေနဲ့ တိုက်ဆိုင်လေ့လာကြည့်ပါ။)

Ans. 1. Are you 2. Are you 3. Is he
4. Are they 5. Were you

ကဲ .... **Verb to have** တွေနဲ့ မေးပုံကို လေ့လာပါဦး။

1. (you, eat) ............. rice every day?
2. (you, watch) ............. television last night?
3. (you, sell) ............. your old books tomorrow?
4. (you, ever been) ............. to Kyaikhtiyo Pagoda?
5. (he, come) ............. to you every day?

Ans. 1. Do you eat 2. Did you watch
3. Will you sell 4. Have you ever been
5. Does he come

ကဲ .... **Verb to do** တွေနဲ့ မေးပုံကို လေ့လာပါဦး။

1. (you, have) ............. a bad cold yesterday?
2. (you, have) ............. your dinner now?
3. (he, have) ............. a walk every morning?
4. (the girl, have) ............. her lunch yet?
5. (they, have) ............. much money?

Ans. 1. Did you have 2. Are you having
3. Does he have 4. Has the girl had
5. Do they have

### *Exercise No. (101)*

**Fill in the blanks with the most suitable form of the verb given in brackets.**

1. (you, know) .............. whose pencil this is?
2. (she, do) .............. her shopping yesterday?
3. (he, water) .............. the flowers yesterday?
4. (you, hear) .............. the bad news yet?
5. (the girl, sweep) .............. the room every day?
6. (you, ever been) .............. to Ngapali for a holiday?
7. (you, cross) .............. the road, when the car knocked you down?
8. (you, read) .............. a book when your friends came to you?



9. (the boy, study) How many hours .............. every day?
10. (you, paint) When .............. the walls, tomorrow or next week?
11. (you, paint) When .............. the walls, last week or the week before?
12. (you, know) .............. when Bogyoke Aung San was assassinated?
13. (you, do) What .............. all the time?
14. (you, live) How long .............. in this town?
15. (the boys, do) What .............. when the teacher came into the room?
16. (she, do) What .............. now?
17. (you, study) .............. your lessons daily?
18. (she, wash) When .............. her face?
19. (the teacher, write) .............. on the blackboard now?
20. (he, go) Where .............. last Sunday?
21. (he, go) Where .............. on Sundays?
22. (you, like) .............. to read detective stories?
23. (the wind, blow) .............. hard when you went to bed last night?
24. (he, write) .............. a novel for two years now?
25. (you, do) What .............. when the bell rang?

## VERB FORMS (NEGATIVE)

စာမျက်နှာ (၅၉) မှာ ဖော်ပြခဲ့တဲ့ ငြင်းဆိုဝါကျပြောင်းနည်းတွေကို သေသေချာချာ ကျက်မှတ်ပါဦး။ ပြီးမှ ဒီလေ့ကျင့်ခန်းကို လုပ်ပါ။

### *Exercise No. (102)*

**Fill the blanks with the most suitable form of the verb given in brackets.**

1. (not be) The children ............. sleeping in the room now.
2. (not be) He ............. leaving for Mandalay tomorrow.

3. (not be) She ............ studying her lessons when father came back home.
4. (not be) I ............ reading a book while my sister is doing her homework.
5. (not be) She ............ coming to my house next week.
6. (not be) The new lessons ............ studied yesterday.
7. (not be) She ............ a famous actress.
8. (not be) They ............ going to buy a house.
9. (not be) He ............ rich but he is happy.
10. (not be) There ............ many students in this school.

Verb to be တွေကို ငြင်းဆိုလုပ်ခိုင်းတာဖြစ်တယ်။ ဒါကြောင့် (V/be) နားမှာကပ်ပြီး (not) ထည့်ပြီး ဖြေရပါတယ်။ (အဖြေနဲ့ တိုက်ဆိုင်လေ့လာကြည့်ပါ။)

Ans. 1. are not, 2. is not, 3. was not 4. am not, 5. is not, 6. were not, 7. is not, 8. are not, 9, is not, 10. are not.

**Verb to do** တွေနဲ့ ငြင်းပုံကို လေ့လာကြည့်ပါဦး။

11. (not buy) Mother ............ meat every day.
12. (not cook) Daw Lay ............ the dinner yet.
13. (not dig) The villagers ............ the pond yet when it began to rain.
14. (not rise) The sun ............ in the west.
15. (not eat) Lions ............ grass.
16. (not drink) He ............ milk every day.
17. (not drink) He ............ milk yesterday.
18. (not drink) He ............ milk tomorrow.
19. (not drink) He ............ milk now.
20. (not drink) He ............ milk yet.

Ans. 11. does not buy, 12. has not cooked, 13. had not dug, 14. does not rise, 15. do not eat, 16. does not drink, 17. did not drink 18. will not drink, 19. is not drinking, 20. has not drunk.



**Verb to have** တွေနဲ့ ငြင်းပုံကို လေ့လာကြည့်ပါဦး။

21. (not have) She ............ many friends in her school.
22. (not have) He ............ his breakfast yet.
23. (not have) I ............ my dinner when the visitors arrived.
24. (not have) He ............ a headache last night.
25. (not have) Look! The children ............ their bath well.
26. (not have) He ............ dinner regularly.
27. (not have) He ............ dinner yesterday.
28. (not have) He ............ dinner tomorrow.
29. (not have) He ............ dinner now.
30. (not have) He ............ dinner yet.

Ans. 21. does not have, 22. has not had, 23. was not having (or) had not had, 24. did not have, 25. are not having, 26. does not have, 27. did not have, 28. will not have, 29. is not having, 30. has not had.

### *Exercise No. (103)*

**Fill the blanks with the most suitable form of the verb given in brackets.**

1. (not eat) I ............ anything since last night.
2. (not understand) At present, Hnin Hnin ............ what is right and what is wrong.
3. (not rain) It ............ hard last night.
4. (not shine) The sun ............ now.
5. (not live) He ............ in this village since last March.
6. (not work) I ............ in that same office ever since you first met me.
7. (not drink) He ............ tea since he was a child.
8. (not go) They ............ to the movie with us tonight.
9. (not write) He ............ a letter to you next week.
10. (not get) He ............ up at six o'clock every morning.
11. (not be) She ............ at home when I went to see her yesterday.

12. (not need) She .............. a new pen as her old one is still good.
13. (not have) We .............. anything yet.
14. (not enjoy) I .............. the picture that I saw yesterday.
15. (not find) I .............. the book I want yet.

## *Exercise No. (104)*

**Rewrite each sentence with the correct form of the verb given in brackets.**

1. (go) I .............. to Mandalay last week.
2. (study) He .............. his lesson now.
3. (read) I .............. a book when he came in.
4. (understand) I am puzzled by this sum but I .............. it better tomorrow.
5. (visit) I .............. Mandalay many times.
6. (sing) He .............. that song over and over again the whole day, till I am tired of hearing him.
7. (study) He says he .............. his lessons next week.
8. (rise) He said the sun .............. in the east.
9. (cry) Listen! the baby .............. for its mother.
10. (grow) He planted the branch and let it .............. for five years.
11. (come) Our father usually .............. at 9 o'clock.
12. (draw) Day by day our examination .............. near.
13. (love) Now my aunt .............. my sister very much.
14. (have) Daw Nu .............. her dinner now.
15. (have) Daw Nu .............. much money now.



## *Exercise No. (105)*

**Rewrite each sentence with the correct form of the verb given in brackets.**

1. Khin Than Nu (be) an actress.
2. We (be) students.
3. Our father (be) an officer.
4. He (be) dead last year.
5. I (be) a tenth standard student this year.
6. I (be) a ninth standerd student last year.
7. I (be) a university student next year.
8. Now she (be) a doctor.
9. My mother (be) a nurse in a hospital when she was young.
10. He as well as his friends (be) going to do something wrong.
11. The teacher with her pupils (be) cleaning the school compound.
12. The dacoit leader together with his followers (be) arrested by the police.
13. Fire (be) hot but ice (be) cold.
14. Man (be) mortal.
15. If you (be) honest, you will be successful.
16. If you do not do your homework, your teacher (be) angry.
17. If she (be) Kyaw Hein, she would kill Aung Kyaw.
18. If I had much money, I (be) very happy.
19. He (be) a doctor since 1980.
20. They (be) studying English for three years.
21. Bridges (be) very useful.
22. I (be) in this tuition since June.
23. Cows (be) common animals in our country.
24. If I (be) a bird, I would fly to my lover.
25. Although I (be) angry, I did not scold my children.
26. She (have) black hair when she was young.
27. She (have) white hair now.
28. I (have) my dinner now.
29. I (have) a car now.
30. I (have) a better car next year.
31. She (have) a bad dream last night.
32. They (have) good cars when they were rich.
33. They (have) enough money if they try hard.

34. The dog (have) four legs.
35. Snakes (have) no legs.
36. They (have) their dinner at present.
37. They (have) many good friends now.
38. The boy (have) his breakfast since 8 o'clock.
39. Win Lwin (have) studied his lessons.
40. The pupils (have) not done their homework.
41. If he tried, he (have) much money.
42. You (have) your lunch if you had come back early.
43. The boys (have) courage if their parents trained them.
44. The boys (have) courage if their parents train them.
45. How long (have) you been in this school.?
46. She (have) been studying English since 1979.
47. He dose not (have) much knowledge now.
48. He (have) much knowledge if he passes the tenth standard.
49. This book (have) a red cover.
50. Man (have) two legs.

## *Exercise No. (106)*

**Rewrite each sentence with the correct form of the verb given in brackets.**

1. I (do) my work and they (do) their work.
2. She usually (do) her homework at night.
3. The girl did not (do) her homework yesterday.
4. (do) you do your work every day?
5. (do) they study the lessons last week?
6. Our father (do) his work when we saw him.
7. I (do) my homework when I went to bed.
8. The exercises (do) daily.
9. Does she (do) her duty well?
10. (do) the police watch the thieves every night?
11. (do) every student want holidays?
12. (do) you read the newspaper every morning?
13. Ko Ko (do) not go to school on Sunday.
14. Why (do) they capture the poor boy last month?
15. (do) they build a new bridge last year?



16. Where (do) the thief hide the gold that he stole last year?
17. When will they (do) their duty well?
18. If they (do) not do their work, they will be jobless.
19. How (do) they print this book although they had no printing press?
20. (do) she bathe every evening?
21. Ni Ni as well as her friends (do) the homework.
22. Ni Ni and her friends (do) the homework.
23. Both the boy and the girl (do) the work.
24. Not only the boy but also the girl (do) the work.
25. Either Abdul or Latiff (do) not like pork.
26. People (do) not love others like them.
27. Beautiful girls (do) not attract the blind boy.
28. Please (do) your homework daily.
29. Bandoola was ordered to (do) what he was ordered.
30. He (do) his work when the lights went out.
31. Mg Mg (be) a good swimmer.
32. His parents (be) simple farmers.
33. A week (have) seven days.
34. I (have) many friends.
35. Hla Hla usually (write) in black ink.
36. Every morning I (get) up early.
37. I always (tell) you to comb your hair every evening.
38. Did you (sweep) the floor this morning?
39. She will (sing) a song.
40. U Aye (teach) English and Mathematics.
41. The little girl is able to (carry) the heavy basket.
42. Ko Ko sometimes (play) football.
43. Please (explain) this exercise to me.
44. He (study) in the same class as I now.
45. It (rain) at this moment.
46. She (wash) her hands now.
47. He often (spend) his hoildays at his uncle's home.
48. We must (drink) water daily.
49. They do not (speak) English well.
50. She (help) her mother with the cooking every day.

### Exercise No. (107)

**Rewrite each sentence with the correct form of the verb given in brackets.**

1. (you, eat) rice every day?
2. (you, eat) rice yesterday?
3. (you, eat) rice tomorrow?
4. (you, eat) rice now?
5. (he, know) how to write essays?
6. (he, know) your address last week?
7. (they, plough) the fields every year?
8. (they, plough) the fields last year?
9. (they, plough) the fields next year?
10. (they, plough) the fields now?
11. (they, plough) the fields yet?
12. (they, read) the newspaper every day?
13. (you, read) the newspaper now?
14. (you, read) the newspaper yet?
15. (you, read) the newspaper tomorrow?
16. (you, read) the newspaper yesterday?
17. (you, do) your homework every night?
18. (you, do) your homework now?
19. (you, do) your homework yet?
20. (you, do) your homework yesterday?
21. She (not tell) the truth.
22. They (not tell) the truth.
23. I (not drink) tea every morning.
24. He (not write) a letter to me since July.
25. He (not read) the books yesterday.
26. She (not cook) rice now.
27. The boys (not play) football yesterday.
28. My mother (not like) tea or coffee.
29. Aung Aung (not go) to school today.
30. He (not do) the work well.
31. He (not do) the work yesterday.
32. He (not do) the work yet.
33. He (not do) the work now.
34. They (not wash) the clothes yesterday.
35. Win Win (not do) the mistake next time.



### Exercise No. (108)

**Rewrite each sentence with the correct form of the verb given in brackets.**

1. The class (teach) by Saya Saw yesterday.
2. A letter (write) by Win Win every week.
3. The work (finish) by the carpenter tomorrow.
4. The books (keep) in the box last year.
5. The grass (cut) by the famer now.
6. The pencils (sell) in the market.
7. All the letters (write) by the clerk tomorrow.
8. The money (take) by the servant last night.
9. The accident (see) by the police.
10. America (discover) by Columbus in 1492.
၂။ အမေးစကားလုံးရဲ့နောက်ဘက် ကပ်လျက်မှာရှိတဲ့ မေးခွန်းဝါကျ အမျိုးအစားကိုကြည့်ပြီး၊ အထက်မှာ ဖော်ပြခဲ့တဲ့နည်းလမ်းတွေအတိုင်း ပြောင်းပါ။

ဥပမာ
1. (Passive) **When is** this letter **written** by Phyu Phyu?
   (Active) **When does** Phyu Phyu **write** this letter?
2. (Passive) **When is** this letter **being written** by Phyu Phyu?
   (Active) **When is** Phyu Phyu **writing** this letter?
3. (Passive) **Where was** the well **dug** by the villagers?
   (Active) **Where did** the villagers **dig** the well?
4. (Passive) **Where was** the well **being dug** by the villagers?
   (Active) **Where were** the villgers **digging** the well?
5. (Passive) **When was** this house **destroyed** by fire?
   (Active) **When did** fire **destroy** this house?
6. (Passive) **When was** this house **being destroyed** by fire?
   (Active) **When was** fire **destroying** this house?



7. (Passive) **How was** the thief **captured** by the police?
   (Active) **How did** the police **capture** the thief?
8. (Passive) **How was** the thief being **captured** by the police?
   (Active) **How were** the police **capturing** the thief?
9. (Passive) **Where has** my book **been taken**?
   (Active) **Where have** they **taken** my book?
10. (Passive) **Why is** the letter **torn** by the girl?
    (Active) **Why does** the girl **tear** the letter?
11. (Passive) **Why is** the letter **being tor ı** by the girl?
    (Active) **Why is** the girl **tearing** the letter?
12. (Passive) **When has** the breakfast **been prepared**?
    (Active) **When have** they **prepared** the breakfast?
13. (Passive) **How have** the cars **been repainted**?
    (Active) **How have** they **repainted** the cars?
14. (Passive) **When will** our exercise books **be returned** by the teacher?
    (Active) **When will** the teacher **return** our exercise books?
15. (Passive) **Why can't** the report **be done** by U Sein?
    (Active) **Why can't** U Sein **do** the report?
16. (Passive) **How will** the little girl **be adopted** by our grandmother?
    (Active) **How will** our grandmother **adopt** the little girl?

## 6. BY WHOM နဲ့ မေးတဲ့ ဝါကျတွေကို ပြောင်းနည်း

၁။ Who နဲ့ ဝါကျကိုစပါ။

၂။ P.V ကြိယာရဲ့ ပုံစံတွေကိုကြည့်ပြီး A.V ကြိယာပုံစံတွေဖြစ်အောင် ပြောင်းပါ။

(A) **be + V3** ဆိုရင် **Present Tense** (သို့) **Past Tense** သင့်တော်ရာ ကိုပြောင်းပါ။

(B) **be + being + V3** ဆိုရင် **be + ing** ပုံစံကိုပြောင်းပါ။

(C) **have been + V3** ဆိုရင် **have + V3** ပုံစံကိုပြောင်းပါ။

(D) အကူကြိယာ **+ be + V3** ဆိုရင် အကူကြိယာ **+ V1** ပုံစံကိုပြောင်းပါ။

ဥပမာ

1. (Passive) **By whom *were*** the walls **painted**?
   (Active) **Who painted** the walls?
2. (Passive) **By whom *were*** the walls **being painted**?
   (Active) **Who was painting** the walls?
3. (Passive) **By whom *have*** the walls **been painted**?
   (Active) **Who has painted** the walls?
4. (Passive) **By whom will** the walls **be painted**?
   (Active) **Who will paint** the walls?

## 7. WHO နဲ့ မေးတဲ့ ဝါကျတွေကို ပြောင်းနည်း

၁။ Whom နဲ့ ဝါကျကိုစပါ။

၂။ P.V. ကြိယာတွဲပုံစံတွေကိုဖြုတ်ပြီး A.V. ကြိယာပုံစံတွေဖြစ်အောင် ပြောင်းပါ။ (အထက်မှာ ဖော်ပြခဲ့ပြီး။)

ဥပမာ

1. (Passive) Who **is killed**?
   (Active) Whom **do** they **kill**?
2. (Passive) Who **was killed**?
   (Active) Whom **did** they **kill**?
3. (Passive) Who **will be killed**?
   (Active) Whom **will** they **kill**?
4. (Passive) Who **has been killed**?
   (Active) Whom **have** they **killed**?
5. (Passive) Who **is being killed**?
   (Active) Whom **are** they **killing**?
6. (Passive) Who **was being killed**?
   (Active) Whom **were** they **killing**?

## 8. WHAT, WHOSE စသည်တို့နဲ့ မေးတဲ့ ဝါကျတွေကို ပြောင်းနည်း

၁။ By what, By whose တို့နဲ့မေးရင် What, Whose နဲ့ ပြန်စပါ။

၂။ What, Whose တို့နဲ့ မေးရင်လည်း What, Whose တို့နဲ့ ပြန်စပါ။

၃။ P.V. ကြိယာတွဲပုံစံတွေကိုဖြုတ်ပြီး A.V. ကြိယာပုံစံဖြစ်အောင် ပြောင်းပါ။



ဥပမာ

1. (Passive) By what **are** the mice **caught**?
   (Active) What **catches** the mice?
2. (Passive) By what **are** the mice **being caught** ?
   (Active) What is **catching** the mice?
3. (Passive) By whose daughter **have** the clothes **been washed**?
   (Active) Whose daughter **has washed** the clothes?
4. (Passive) By whose daughter **will** the clothes **be washed**?
   (Active) Whose daughter **will wash** the clothes?
5. (Passive) What **was bought** by the rich man?
   (Active) What **did** the rich man **buy**?
6. (Passive) What **is being bought** by the rich man?
   (Active) What **is** the rich man **buying**?
7. (Passive) Whose house **will be bought** by U Nyo?
   (Active) Whose house **will** U Nyo **buy**?
8. (Passive) Whose house **is being painted**?
   (Active) Whose house **are** they **painting**?

### *Exercise No. (141)*

**Turn the following sentences into the Active Voice.**

1. Why is Physics studied by the students?
2. How is the information given to the teacher?
3. When are the windows opened every day?
4. Why is television watched by the children every day?
5. Why are some important papers being studied by the manager?
6. Where are the books being read by the boys?
7. How is the teacher liked by the children?
8. How will the table be washed by the waitress?
9. When will the English assignment be printed?
10. When has the assignment been copied by the students?
11. How should the lesson be explained to the children?
12. Where has the money been counted by the clerk?
13. When has that radio programme been listened to?

14. Where has a different class been taught by the teacher?
15. Where have the students been told the answer to the question by the teacher?
16. Why will the house be sold at a low price?
17. Why must the instructions be read very carefully?
18. Where are the names copied from the list?
19. How was the report being prepared for the officer by the clerk?
20. Why is a new silk dress worn by your wife?
21. By whom was a camera bought?
22. By whom were all of the instructions given?
23. What was kept in a case by the photographer?
24. What were brought to the class by the girl?
25. Who is sent the photographs by Ko Ko?
26. Who is being beaten by the teacher?
27. By what is the cat being chased?
28. Whose mother will be shown the photographs by the boy?
29. By whose friend will a guitar be brought?
30. By whom was the car being repainted?

### *Exercise No. (142)*

**Put the following sentences into the Active Voice.**

1. Such things should not be spoken about in public.
2. Was she told to be quick?
3. Has this child been brought up very badly?
4. Will the patient be taken to hospital tomorrow?
5. The gate has been left open and the oxen run away.
6. The officer was not told the truth about the situation.
7. I was promised a watch by my father if I passed the examination.
8. She has been told not to come here again.
9. He has been told the news.
10. When was the window opened by an unseen hand?
11. The tourists were pointed out the interesting places by the guide.
12. When will the mother be shown the new baby by the nurse?
13. The reporter was given one thousand kyats as a reward by the police?
14. Must the lessons be made more interesting by the teachers?



15. When will the paddy be reaped by the farmers?
16. Why can't it be done properly?
17. How was she pushed into the water?
18. When will the children be sent to school?
19. Where were you asked a difficult question?
20. Why was the drunkard requested to leave the restaurant by the manager?

### *Exercise No. (143)*

**In the following sentences, change the voice:**

1. The work should be planned carefully.
2. The clerks gave the officer a pretty present when he retired.
3. Do people speak English all over the world?
4. We opened the cupboard and took out the clothes.
5. This building was built in 1962.
6. People will forget the whole incident after a few months.
7. We must read the instructions before we answer all the questions.
8. You should not blame her for something that she had not done.
9. The girl will be taken for a drive in the new car.
10. People are talking about the accident everywhere.
11. They told me that U Soe had gone abroad.
12. He was shown my new car.
13. I have given her some good advice.
14. Are you promised a bicycle for your birthday?
15. They didn't tell the lawyer all the details of the case.
16. The government gave the poor girl a scholarship to the university.
17. She should not be treated as if she were a baby.
18. They had only lived in that house for one month when fire destroyed it.
19. No one has repaired this pagoda for many years.
20. The reference books must not be taken away from the library.
21. No one told me that you liked music.
22. May I borrow your dictionary?
23. Every question must be answered on the paper.
24. You shouldn't leave my book out in the rain.
25. The teacher ought to tell the pupils about this.

2 Use

a We often use the passive when we do not know who or what does something.

*My car **was stolen** last night.* (I do not know who stole the car.)

b We also use the passive when we are not interested in who or what does something.

*The factory **was painted** during the war.*
*Sarah **has been invited** to the party.*

In these sentences we are interested in the factory and Sarah, not who painted the factory, or who invited Sarah.

c We also use the passive when we do not want to say who or what does something. Compare:

Active: *I **made** a mistake.*
Passive: *A mistake **was made**.*

## 61 Using *get* instead of *be* in the passive

We sometimes use *get* ( + past participle) instead of *be* ( + past participle) to make passive verbs. We do this, for example, when we talk about things that happen by accident or unexpectedly.

*My flat **got burgled** when I was on holiday.*
*I was surprised that I didn't **get invited** to the party.*
*My parents' fence **got blown** down in the storm.*

We use *get* mostly in an informal style.

## 63 The passive with *by* and *with*

1 ***By + agent***

Compare:

Active: *Marconi invented the radio.*

Passive: *The radio was invented **by** Marconi.*

Active: *The strong winds blew down a number of trees.*

Passive: *A number of trees were blown down **by** the strong winds.*

We sometimes use the subject of an active sentence (eg *Marconi, the strong winds*) as 'the agent' in a passive sentence. When this happens, we use *by* to introduce the agent in the passive.

We only use *by* + agent when it is important to say who or what is responsible for something.

2 ***With* + instrument**

We use *with* to talk about an instrument which is used by the agent to do something. Compare:

*I was hit **with an umbrella**.* *I was hit **by an old lady**.*

3 ***With* + material**

We also use *with* to talk about materials or ingredients.

*The room was filled **with smoke**.*
*Irish coffee is made **with whiskey**.*





# CHAPTER XXVI

# DIRECT AND INDIRECT SPEECH *(REPORTED SPEECH)*

DIRECT AND INDIRECT SPEECH (REPORTED SPEECH)



# DIRECT AND INDIRECT SPEECH (Reported Speech)

လူတစ်ယောက်ပြောတဲ့ စကားကို အဲဒီလူ ပြောတဲ့အတိုင်း (မူရင်း စကားလုံးများအတိုင်း) အတိအကျ ဖော်ပြပြောဆိုရင် (Direct Speech) တိုက်ရိုက်ပြောစကား လို့ ခေါ်ပါတယ်။

အဲဒီလူရဲ့စကားကို မူရင်းအတိုင်းမဟုတ်ဘဲ (အဓိပ္ပာယ်မပြောင်းလဲစေဘဲနဲ့) လိုရင်းအချက်ကို တစ်ဆင့်ပြန်ပြီး ပြောကြားမယ်ဆိုရင်တော့ (Indirect Speech) တစ်ဆင့်ပြောစကားလို့ ခေါ်ပါတယ်။

Direct Speech တိုက်ရိုက်ပြောစကားမှာ ပြောဆိုသူရဲ့ မူရင်းစကားလုံးတွေကို Inverted commas "......." အတွင်းမှာထားပြီး ဖော်ပြရပါတယ်။

Indirect Speech မှာတော့ "......." Inverted commas ကို မသုံးရပါဘူး။

ဥပမာ ***(Direct Speech)*** U Nyunt said, "I am writing a book now."
ဦးညွန့်ကပြောသည်။ "ကျွန်တော် ယခုစာအုပ်တစ်အုပ် ရေးနေတယ်"

***(Indirect Speech)*** U Nyunt said that he was writing a book then.
ဦးညွန့်က သူဟာ (ထိုစဉ်က) အဲဒီတုန်းက စာအုပ်တစ်အုပ် ရေးနေတယ်လို့ပြောတယ်။

တိုက်ရိုက်ပြောစကား (Direct Speech) ကို ဖော်ပြတဲ့အခါ အပိုင်းနှစ်ပိုင်း ရှိပါတယ်။

| | |
|---|---|
| U Nyunt said , | "I am writing a book now." |
| **Reporting Verb** | **Reported Speech** |
| ပြောကြိယာ | ပြောစကား |

၁။ ဦးညွန့်ကပြောတယ်၊ ဆိုတယ်၊ မေးတယ် စတဲ့အပိုင်းကို "ပြောကြိယာ" (Reporting Verb) လို့ ခေါ်ပါတယ်။

၂။ ဦးညွန့်ပြောတဲ့စကား၊သူ့မူရင်းစကားလုံးအတိအကျအတိုင်းဖော်ပြတဲ့အပိုင်းကိုတော့ "ပြောစကား" (Reported Speech) လို့ ခေါ်ပါတယ်။

တိုက်ရိုက်ပြောစကားကို ဖော်ပြတဲ့အခါ ပုံစံအမျိုးမျိုးရှိပါတယ်။

**ပုံစံ (၁)** ပြောကြိယာကို ရှေ့ဘက်မှာထားပြီး ပြောသူရဲ့ မူရင်းစကားကို နောက်ဘက်ကထားရေးတဲ့ နည်းဖြစ်ပါတယ်။

ဥပမာ Ni Ni said, "I always tell the truth."
R.V. R.S.

**ပုံစံ (၂)** ပြောသူရဲ့ မူရင်းစကားကို ရှေ့ဘက်ကထားပြီး ပြောကြိယာကိုတော့ နောက်ဘက်ကထား ရေးတဲ့နည်း ဖြစ်ပါတယ်။

ဥပမာ "I always tell the truth," said Ni Ni. (OR)
R.S. R.V.

"I always tell the truth," Ni Ni said.
R.S. R.V.

Ni Ni said ကို said Ni Ni လို့ ရှေ့နောက်ပြောင်းလဲ ရေးသားနိုင်တာကိုလဲ သတိပြုပါ။

**ပုံစံ (၃)** ပြောသူရဲ့ မူရင်းစကားကို နှစ်ပိုင်းခွဲပြီး ဖော်ပြမယ်။ ပြောကြိယာကိုတော့ အဲဒီပြောစကား နှစ်ခုရဲ့ အလယ်မှာထားပြီး ရေးသားတဲ့နည်း ဖြစ်ပါတယ်။

ဥပမာ "You should believe me," said Ni Ni "as I always tell the truth."
R.S. R.V. R.S. R.S.

## DIRECT SPEECH မှ INDIRECT SPEECH သို့ ပြောင်းနည်း

(Direct Speech) ကနေ (Indirect Speech) ကို ပြောင်းတဲ့အခါ ပြောဆိုတဲ့ စကားရဲ့ ပုံစံ၊ (ရိုးရိုးဖော်ပြပြောဆိုတဲ့ ဝါကျလား၊ မေးခွန်းဝါကျလား၊ အမိန့်ပေး ဝါကျလား၊ တအံ့တသြပြောတဲ့ အာမေဋိတ်ဝါကျလား စသည်ဖြင့်) ဝါကျရဲ့ ပုံစံအမျိုးအစားကိုလိုက်ပြီး ပြောင်းနည်း နည်းကမ်းတွေလဲ ကွဲပြားပါတယ်။



## (A) REPORTED SPEECH (STATEMENT)

## (A) STATEMENT ရိုးရိုးဝါကျများကို INDIRECT SPEECH သို့ ပြောင်းနည်း

Statement ရိုးရိုး ဖော်ပြပြောဆိုတဲ့ ဝါကျတွေကို Direct Speech ကနေ Indirect Speech သို့ပြောင်းနည်း အကျဉ်းချုပ်ကို အရင်ဆုံး တင်ပြပါမယ်။

### စည်းကမ်းချက် များ

၁။ အပြောခံရသူ ပါမပါ သတိပြုပါ။
- ပြောခံရသူ မပါရင် say, said
- ပြောခံရသူပါရင် tell, told ကို သုံးပါ။
(say to ကို tell, said to ကို told ပြောင်းပါ။)

၂။ , " " ဖြုတ်ပြီး say, said, tell, told စသည်တို့ရဲ့ နောက်က that ထည့်ပေးပါ။

၃။ ပြောစကားအတွင်းမှာရှိတဲ့ (Pronoun) နာမ်စားတွေကို ပြောင်းပါ။
- I, my, me, we, our, us စတဲ့ First Person နာမ်စားတွေဟာ ပြောသူကို ရည်ညွှန်း ပါတယ်။
- You, your, you စတဲ့ Second Person နာမ်စားတွေဟာ ပြောခံရသူကို ရည်ညွှန်း ပါတယ်။

* အဲဒီ First Person နဲ့ Second Person နာမ်စားတွေကို Third Person နာမ်စား တွေအဖြစ် ပြောင်းပေးရပါတယ်။

* Third Person နာမ်စားတွေ ပါလာရင်တော့ (မပြောင်းဘဲ) မူလအတိုင်း ပြန်ရေးရပါ တယ်။

၄။ ပြောစကားအတွင်းမှာရှိတဲ့ ကြိယာတွေကို ပြောင်းပါ။

(A) Reporting Verb (ပြောကြိယာ) ဟာ Present Tense ဖြစ်နေရင်

* Reported Speech (ပြောစကား) ထဲက ကြိယာကို ပြောင်းဖို့ မလိုပါဘူး။

ဥပမာ (D.S) The girl *says*, "My brother *is* lazy."
(I.S) The girl *says* that her brother *is* lazy.

(B) Reporting Verb (ပြောကြိယာ) ဟာ Past Tense ဖြစ်နေပြီး

* Reported Speech (ပြောစကား) ထဲက ကြိယာက Present Tense ဖြစ်နေရင်

အဲဒီ Present Tense ကြိယာကို Past Tense ပြောင်းပါ။

ဥပမာ (D.S) Aye Aye *said*, "I *am* very sorry."
(I.S) Aye Aye *said* that she *was* very sorry.

(C) Reporting Verb (ပြောကြိယာ) ဟာ PastTense ဖြစ်နေပြီး

* Reported Speech (ပြောစကား) ထဲက ကြိယာက Past Tense ဖြစ်နေရင် အဲဒီ Past Tense ကြိယာကို
- Past Tense အတိုင်း ထားချင်လဲ ထားလို့ရပါတယ်။
- Past Perfect Tense ကြိယာပုံစံပြောင်းရင်လဲ ရပါတယ်။

ဥပမာ (D.S) Hnin Hnin *said*, "I *went* to school."
(I.S) Hnin Hnin *said* that she *went* to school. (or)
Hnin Hnin *said* that she *had gone* to school.

(D) Reporting Verb (ပြောကြိယာ) ဟာ Past Tense ဖြစ်နေပြီး

* Reported Speech (ပြောစကား) ထဲက ကြိယာက Past Continuous Tense ဖြစ်နေရင် အဲဒီ Past Continuous Tense ကြိယာကို Past Perfect Continuous Tense ကြိယာပုံစံသို့ ပြောင်းရပါတယ်။

ဥပမာ (D.S) She *said*, "I *was listening* to the radio."
(I.S) She *said* that she *had been listening* to the radio.

(E) Reporting Verb (ပြောကြိယာ) ဟာ Past Tense ဖြစ်နေပေမယ့်

* Reported Speech (ပြောစကား) ထဲမှာ ဖော်ပြပြောဆိုတဲ့ အကြောင်းအရာက အမှန်တရားတို့၊ အကျင့်စရိုက်တို့ဖြစ်နေလို့ Present Tense နဲ့ ရေးထားတာဆိုရင် အဲဒီ Present Tense ကို (မပြောင်းလဲဘဲ) Present Tense အတိုင်းပဲ ပြန်ရေးရပါတယ်။

ဥပမာ (D.S) He *said*, "The earth *is* round."
(I.S) He *said* that the earth *is* round.

| ***Reporting Verb*** | ***Reported Speech*** | ပြောင်းရန် |
|---|---|---|
| (A) Present | Any Tense | No Change |
| (B) Past Tense | Present Tense | Past Tense |
| (C) Past Tense | Past Tense | Past Tense (or) Past Perfect Tense |
| (D) Past Tense | Past Continuous | Past Perfect Continuous |
| (E) Past Tense | Universal Truth | No Change |



၅။ ပြောစကားအတွင်းမှာရှိတဲ့ အချို့စကားလုံးတွေကို ပြောင်းရပါတယ်။

| | | | |
|---|---|---|---|
| ဥပမာ | this | ကို | that |
| | these | ကို | those |
| | here | ကို | there |
| | now | ကို | then |
| | thus | ကို | so |
| | ago | ကို | before |
| | today | ကို | that day |
| | yesterday | ကို | the day before (or) the previous day |
| | tomorrow | ကို | the next day (or) the following day |

စသည်ဖြင့်ပြောင်းပေးပါ။

ခုဖော်ပြခဲ့တဲ့ Indirect Speech ပြောင်းနည်း အနှစ်ချုပ်ကို သေသေချာချာ (အလွတ်) ကျက်မှတ်ပြီးမှ အသေးစိတ် အချက်အလက်တွေကို ဆက်လက်လေ့လာ စေချင်ပါတယ်။

ကဲ … ထပ်မံပြီး အသေးစိတ် လေ့လာကြည့်ပါဦး၊

**စည်းကမ်းချက် (၁)**

ပြောခံရတဲ့သူပါရင် say, said စတဲ့ ပြောကြိယာတွေကို tell (သို့) told သင့်တော်ရာနဲ့ ပြောင်းလဲရေးသားရပါတယ်။ ပြောခံရသူ မပါရင်တော့ say (သို့) said ကို မပြောင်းလဲဘဲ မူလအတိုင်း ရေးရပါတယ်။

ဥပမာ
1. Nyo Nyo *said to* Ko Ni, "I am very happy."
Nyo Nyo *told* Ko Ni that she was very happy.
2. Nyo Nyo *said*, "I am very happy, Ko Ni."
Nyo Nyo *told* Ko Ni that she was very happy.

နံပါတ် (၁) ဝါကျမှာ ပြောခံရသူ ကိုနီဟာ ရှေ့ဘက် (ပြောကြိယာ) အတွင်းမှာရှိတယ်။

နံပါတ် (၂) ဝါကျမှာတော့ ပြောခံရသူ ကိုနီဟာ နောက်ဘက် (ပြောစကားအတွင်း) မှာရှိတယ်။ ဒါပေမယ့် Indirect Speech ကို ပြောင်းတဲ့ အခါ ရှေ့ဘက် ပို့ပေးရတာကို သတိပြု။

3. Nyo Nyo *said*, "I am very happy."
Nyo Nyo *said* that she was very happy.

- နံပါတ် (၁) မှာ said to ကို told ပြောင်းပုံ
- နံပါတ် (၂) မှာ ပြောခံရသူကို ရှေ့သို့ထုတ်ပြီး said အစား told နဲ့ ပြောင်းလဲပြီးရေးပုံ
- နံပါတ် (၃) မှာ ပြောခံရသူ မပါတဲ့အတွက် said ကို said အတိုင်း မပြောင်းလဲဘဲ ပြန်ရေးပုံတို့ကို သတိပြုပါ။

## စည်းကမ်းချက် (၂)

" " ဖြုတ်ပြီး say, said, tell, told စသည်တို့ရဲ့နောက်က that ထည့်ပေးရပါတယ်။

> The "that" is often omitted, especially in spoken English.
> *H. S. E. GRAMMAR (PAGE. 380)*

## စည်းကမ်းချက် (၃)

ပြောစကား Reported Speech အတွင်းမှာ ဖော်ပြရေးသားထားတဲ့ "1st person နဲ့ "2nd person" နာမ်စားတွေကို "3rd person" နာမ်စားတွေအဖြစ် ပြောင်းရပါတယ်။

✦ I, my, me, we, our, us စတဲ့ 1st person နာမ်စားတွေဟာ၊ ပြောတဲ့သူကို ရည်ညွှန်းပါတယ်။

✦ you, your, you စတဲ့ 2nd person နာမ်စားတွေဟာ အပြောခံရသူကို ရည်ညွှန်း ပါတယ်။

(က) ယောက်ျားအနည်းကိန်း

| | | |
|---|---|---|
| ပြောသူ | I, my, me | |
| ပြောခံရသူ | you, your, you | ကို he, his, him ပြောင်းပါ။ |

(ခ) မိန်းမအနည်းကိန်း

| | | |
|---|---|---|
| ပြောသူ | I, my, me | |
| ပြောခံရသူ | you, your, you | ကို she, her, her ပြောင်းပါ။ |

(ဂ) ကျား (သို့) မ အများကိန်း

| | | |
|---|---|---|
| ပြောသူ | We, our, us | |
| ပြောခံရသူ | you, your, you | ကို they, their, them ပြောင်းပါ။ |



မှတ်ချက် ။ ။ (ပြောစကား အတွင်းမှာ) Third person တွေဖြစ်တဲ့ he, his, him, she, her, her, they, their, them စသည်တို့ပါလာရင်တော့ မပြောင်းလဲရပါဘူး။

(A) *I, My, Me* ပါရင် ပြောတဲ့သူ *(Subject)* ကို ကြည့်ပြီး ပြောင်းပါ။

(၁) ပြောသူဟာ ယောက်ျား အနည်းကိန်းဖြစ်နေရင်

| | | | |
|---|---|---|---|
| Subject | အဖြစ်နဲ့သုံးတဲ့ | I ကို | he ပြောင်း |
| Object | အဖြစ်နဲ့သုံးတဲ့ | me ကို | him ပြောင်း |
| ပိုင်ဆိုင်မှုပြ | အဖြစ်နဲ့သုံးတဲ့ | my ကို | his ပြောင်း |

ဥပမာ
1. (D.S) Ko Ko said, "*I* do *my* work."
(I.S) Ko Ko said that *he* did *his* work.
2. (D.S) Ko Ko said, "*My* father is kind to *me*."
(I.S) Ko Ko said that *his* father was kind to *him*.
3. (D.S) He said, "*I* am very busy."
(I.S) He said that *he* was very busy.

(၂) ပြောသူဟာ မိန်းမ အနည်းကိန်းဖြစ်နေရင်

| | | | |
|---|---|---|---|
| Subject | - အဖြစ်နဲ့သုံးတဲ့ | I ကို | she ပြောင်း |
| Object | - အဖြစ်နဲ့သုံးတဲ့ | me ကို | her ပြောင်း |
| ပိုင်ဆိုင်မှုပြ | - အဖြစ်နဲ့သုံးတဲ့ | my ကို | her ပြောင်း |

ဥပမာ
1. (D.S) *Sandar* said, "*I* wash *my* clothes."
(I.S) *Sandar* said that *she* washed *her* clothes.
2. (D.S) *Sandar* said, "*My* brother loves *me*."
(I.S) *Sandar* said that *her* brother loved her.
3. (D.S) *She* said, "*I* go to school."
(I.S) *She* said that *she* went to school.

(၃) ပြောသူဟာ (I) ဖြစ်နေရင်

| | | | |
|---|---|---|---|
| Subject | အဖြစ်နဲ့သုံးတဲ့ | I ကို | I |
| Object | အဖြစ်နဲ့သုံးတဲ့ | me ကို | me |
| ပိုင်ဆိုင်မှုပြ | အဖြစ်နဲ့သုံးတဲ့ | my ကို | my အတိုင်း ပြန်ရေးပါ။ |

ဥပမာ
1. (D.S) *I* said, "*I* like tea."
(I.S) *I* said that *I* liked tea.

2. (D.S) *I* said, "Daw Mya is *my* mother."
   (I.S) *I* said that Daw Mya was *my* mother.

3. (D.S) *I* said, "*My* father beats *me*."
   (I.S) *I* said that *my* father beat me.

(၄) ပြောသူဟာ "You" ဖြစ်နေရင်

Subject - အဖြစ်နဲ့သုံးတဲ့ I ကို you ပြောင်း
Object - အဖြစ်နဲ့သုံးတဲ့ me ကို you ပြောင်း
ပိုင်ဆိုင်မှုပြ - အဖြစ်နဲ့သုံးတဲ့ my ကို your ပြောင်း

ဥပမာ 1. (D.S) *You* said, "*I* love Cho Cho."
   (I.S) *You* said that *you* loved Cho Cho.

2. (D.S) *You* said, "*I* will look after *my* children."
   (I.S) *You* said that *you* would look after *your* children.

3. (D.S) *You* said, "Cho Cho loves *me*."
   (I.S) *You* said that Cho Cho loved *you*.

(B) *We, Our, Us* တွေပါရင် ပြောတဲ့သူ *(Subject)* ကို ကြည့်ပြီး ပြောင်းပါ။

(၁) ပြောသူဟာ ကျား (သို့) မ အများကိန်း (သို့) They တို့ဖြစ်နေရင်

Subject - အဖြစ်နဲ့သုံးတဲ့ we ကို they ပြောင်း
Object - အဖြစ်နဲ့သုံးတဲ့ us ကို them ပြောင်း
ပိုင်ဆိုင်မှုပြ - အဖြစ်နဲ့သုံးတဲ့ our ကို their ပြောင်း

ဥပမာ 1. (D.S) *The boys* said, "*We* are very lazy."
   (I.S) The boys said that *they* were very lazy.
2. (D.S) *The girls* said, "*We* can do *our* house-work."
   (I.S) The girls said that they could do *their* house-work.
3. (D.S) *Thida and Nilar said, "Our teacher beats us."*
   (I.S) Thida and Nilar said that their teacher beat them.
4. (D.S) *They* said, "We see with *our* eyes."
   (I.S) They said that *they* saw with *their* eyes.



(၂) ပြောသူဟာ We ဖြစ်နေရင်

Subject - အဖြစ်နဲ့သုံးတဲ့ we ကို we
Object - အဖြစ်နဲ့သုံးတဲ့ us ကို us
ပိုင်ဆိုင်မှုပြ - အဖြစ်နဲ့သုံးတဲ့ our ကို our အတိုင်းပြန်ရေးပါ။

ဥပမာ 1. (D.S) *We* said, "*We* love each other."
   (I.S) *We* said that *we* loved each other.
2. (D.S) *We* said, "*Our* mother cooks rice for us."
   (I.S) *We* said that *our* mother cooked rice for us.

(၃) ပြောသူဟာ "You" ဖြစ်နေရင်

Subject - အဖြစ်နဲ့သုံးတဲ့ we ကို you ပြောင်း
Object - အဖြစ်နဲ့သုံးတဲ့ us ကို you ပြောင်း
ပိုင်ဆိုင်မှုပြ - အဖြစ်နဲ့သုံးတဲ့ our ကို your ပြောင်းရေးပါ။

ဥပမာ 1. (D.S) You said, "*We* will try *our* best."
   (I.S) You said *you* would try *your* best.
2. (D.S) You said, "They will blame *us*."
   (I.S) You said that *they* would blame you.

(C) ပြောစကားအတွင်း *You, Your, You* စသည်တို့ပါလာရင်တော့ ပြောခံရသူကို ကြည့်ပြီးပြောင်းရပါတယ်။

(၁) ပြောခံရသူဟာ ယောကျ်ား အနည်းကိန်းဖြစ်နေရင်

Subject အဖြစ်နဲ့သုံးတဲ့ you ကို he ပြောင်း
Object အဖြစ်နဲ့သုံးတဲ့ you ကို him ပြောင်း
ပိုင်ဆိုင်မှုပြ အဖြစ်နဲ့သုံးတဲ့ your ကို his ပြောင်း

ဥပမာ 1. (D.S) The teacher said to *the boy*, "*You* are clever."
   (I.S) The teacher told the boy that *he* was clever.
2. (D.S) U Saw said to *U Su*, "The girls see *you*."
   (I.S) U Saw told *U Su* that the girls saw *him*.
3. (D.S) Daw May said to *Thura*, "They like *your* book."
   (I.S) Daw May told *Thura* that they liked *his* book.
4. (D.S) Nwe Nwe said to *him*, "*You* and *your* brother are lazy."
   (I.S) Nwe Nwe told him that *he* and *his* brother were lazy.

(၂) ပြောခံရသူဟာ မိန်းမ အနည်းကိန်းဖြစ်နေရင်

| | | | | | |
|---|---|---|---|---|---|
| Subject | အဖြစ်နဲ့သုံးတဲ့ | you | ကို | she | ပြောင်း |
| Object | အဖြစ်နဲ့သုံးတဲ့ | you | ကို | her | ပြောင်း |
| ပိုင်ဆိုင်မှုပြ | အဖြစ်နဲ့သုံးတဲ့ | your | ကို | her | ပြောင်း |

ဥပမာ 1. (D.S) U Aye said to *Moe Moe*, "*You* are pretty."
(I.S) U Aye told *Moe Moe* that *she* was pretty.
2. (D.S) U Win said to *Htar Htar*, "They hate *you*."
(I.S) U Win told *Htar Htar* that they hated *her*.
3. (D.S) U Than said to *War War*, "The boys see *you* and *your* brother."
(I.S) U Than told *War War* that the boys saw *her* and *her* brother.
4. (D.S) U Tun said to *her*, "*You* are curious."
(I.S) U Tun told her that *she* was curious.

(၃) ပြောခံရသူဟာ "*me*" ဖြစ်နေရင်

| | | | | | |
|---|---|---|---|---|---|
| Subject | အဖြစ်နဲ့သုံးတဲ့ | you | ကို | I | ပြောင်း |
| Object | အဖြစ်နဲ့သုံးတဲ့ | you | ကို | me | ပြောင်း |
| ပိုင်ဆိုင်မှုပြ | အဖြစ်နဲ့သုံးတဲ့ | your | ကို | my | ပြောင်း |

ဥပမာ 1. (D.S) Hay Mar said to *me*, "*You* are right."
(I.S) Hay Mar told me that *I* was right.
2. (D.S) Ko Tu said to *me*, "They put the blame on *you*."
(I.S) Ko Tu told me that they put the balme on *me*.
3. (D.S) Daisy said to *me*, "Ni Ni likes *your* book."
(I.S) Daisy told me that Ni Ni liked *my* book.

(၄) ပြောခံရသူဟာ "*you*" ဖြစ်နေရင်

| | | | | |
|---|---|---|---|---|
| Subject | အဖြစ်နဲ့သုံးတဲ့ | you | ကို | you |
| Object | အဖြစ်နဲ့သုံးတဲ့ | you | ကို | you |
| ပိုင်ဆိုင်မှုပြ | အဖြစ်နဲ့သုံးတဲ့ | your | ကို | your အတိုင်း ပြန်ရေးပါ။ |

ဥပမာ 1. (D.S) Win Lwin said to *you*, "*You* are very patient."
(I.S) Win Lwin told *you* that *you* were very patient.
2. (D.S) Hnin Hnin said to *you*. "They will look after *you*."
(I.S) Hnin Hnin told *you* that they would look after you.



3. (D.S) Wai Mar said to *you* "They will buy *your* house.
(I.S) Wai Mar told *you* that they would buy *your* house.

## နည်းကမ်းချက် (၄)

ပြောစကား Reported Speech အတွင်းမှာရှိတဲ့ ကြိယာတွေကို သင့်တော်သလို ပြောင်းပါ။

(က) ပြောကြိယာ Verb က Past Tense ဖြစ်နေရင်၊ ပြောစကားအတွင်းမှာရှိတဲ့ Verb တွေ အားလုံး ကိုလဲ (များသောအားဖြင့်) Past Tense ပုံစံ ပြောင်းပေးရပါတယ်။

| | | | |
|---|---|---|---|
| Present Simple | ကို | Past Simple | ပြောင်းပါ။ |
| Present Continuous | ကို | Past Continuous | ပြောင်းပါ။ |
| Present Perfect | ကို | Past Perfect | ပြောင်းပါ။ |
| Past Continuous | ကို | Past Perfect Continuous | ပြောင်းပါ။ |
| Past Simple | ကို | Past Perfect (or) Past Tense | ပြောင်းပါ။ |
| Future Tense (shall and will) | ကို | Future in the Past (should and would) | ပြောင်းပါ။ |
| Conditional | ကို | Perfect Conditional | ပြောင်းပါ။ |

ဥပမာ 1. (D.S) He *said*, "I *go* to bed early."
(I.S) He *said* that he *went* to bed early.
2. (D.S) May Lwin *said*, "I *am washing* my face."
(I.S) May Lwin *said* that she *was washing* her face.
3. (D.S) Thiha *said*, "I *have opened* the door."
(I.S) Thiha *said* that he *had opened* the door.
4. (D.S) She *said*, "I *bought* a car."
(I.S) She *said* that she *had* bought a car.
5. (D.S) He *said*, "I *will* go to school."
(I.S) He *said* that he *would* go to school.
6. (D.S) He *said*, "I *can speak* English."
(I.S) He *said* that he *could speak* English.

7. (D.S) He *said*, "I *may* be able to go."
   (I.S) He *said* that he *might* be able to go.
8. (D.S) He *said*, "If I tried hard, I *would pass* the examination."
   (I.S) He *said* that if he *had tried* hard, he *would have passed* the examination.

ခြွင်းချက် (၁)

ပြောကြိယာ Verb က Past Tense ဖြစ်နေပေမယ့် ပြောစကားအတွင်းက အကြောင်းအရာဟာ အမှန်တရား Universal Truth ဖြစ်နေရင်တော့ …
*ပြောစကားထဲက ကြိယာကို Present Tense နဲ့ပဲ ရေးရပါတယ်။*

ဥပမာ
1. (D.S) He *said*, "The sun *rises* in the east."
   (I.S) He *said* that the sun *rises* in the east.
2. (D.S) He *said*, "Fire is hot."
   (I.S) He *said* that fire *is* hot.
3. (D.S) He *said*, "The sun is 92 million miles away."
   (I.S) He *said* that the sun is 92 million miles away.

ခြွင်းချက် (၂)

ပြောကြိယာ Verb က Past Tense ဖြစ်နေပေမယ့် ပြောစကားအတွင်းက အကြောင်းအရာဟာ ထပ်တလဲလဲ လုပ်လေ့လုပ်ထရှိတဲ့ (အကျင့်စရိုက်ကိုဖော်ပြတဲ့) အကြောင်းအရာ ဆိုရင်တော့
*ပြောစကားအတွင်းက ကြိယာကို Present Tense နဲ့ပဲ ရေးရပါတယ်။*

ဥပမာ
1. (D.S) He *said*, "I *get* up at five o' clock every day."
   (I.S) He *said* that he *gets* up at five o' clock every day.
2. (D.S) He *said*, "I always *drink* coffee before I *go* to bed."
   (I.S) He *said* that he always *drinks* coffee before he *goes* to bed.



**(၂)** ပြောကြိယာ Verb က
(1) Present Tense
(2) Present Continuous Tense
(3) Present Perfect Tense
(4) Future Tense တွေဖြစ်နေရင်တော့ …
ပြောစကားအတွင်းမှာရှိတဲ့ ကြိယာ Verb ရဲ့ ကာလ Tense ကို မပြောင်းလဲဘဲ ပြန်ရေးနိုင်ပါတယ်။

ဥပမာ
1. (D.S) She says, / She is saying, / She has said, / She will say, — "My father is honest."
   (I.S) She says / She is saying / She has said / She will say — that her father is honest.
2. (D.S) She *says*, "I *bought* a new hat."
   (I.S) She *says* that she *bought* a new hat.
3. (D.S) She *says*, "I *have read* the newspaper."
   (I.S) She *says* that she *has read* the newspaper.
4. (D.S) She *says*, "I *will tell* the truth."
   (I.S) She *says* that she *will tell* the truth.
5. (D.S) He *will say*, "Failure *teaches* success."
   (I.S) He *will say* that failure *teaches* success.
6. (D.S) Our teacher *has said*, "If wishes *were* horses, beggars *might* ride."
   (I.S) O r teacher *has said* that if wishes *were* horses, beggars *might ride*.
7. (D.S) He *will say*, "Hope *is* the last thing that we lose."
   (I.S) He *will say* that hope is the last thing that they lose.

Direct Speech တိုက်ရိုက်ပြောစကားအတွင်းမှာပါတဲ့ "နီးကပ်ခြင်း" ကို ဖော်ပြတဲ့ Adjective, Adverb တွေအစား "ဝေးကွာခြင်း" ကို ဖော်ပြတဲ့ Adjective, Adverb တွေအဖြစ် ပြောင်းပေးရပါတယ်။

1. this = ဤ (ကို) that = ထို ပြောင်းပါ။
2. these = ဤ…များ (ကို) those = ထို…များ
3. here = သည်မှာ (ကို) there = ဟိုမှာ
4. now = ယခု (ကို) then = ထိုအခါက
5. thus = ဤသို့ (ကို) so = ထိုသို့
6. ago = အထက်က/လွန်ခဲ့သည့်အခါက (ကို) before = ရှေ့က/အလျှင်/မတိုင်မီက
7. today = ယနေ့ (ကို) that day = ထိုနေ့
8. tonight = ယနေ့ည (ကို) that night = ထိုနေ့ည
9. tomorrow = မနက်ဖြန် (ကို) the next day (or) the following day (or) the day after = နောက်နေ့
10. yesterday = မနေ့က (ကို) the day before = လွန်ခဲ့သောနေ့က (or) the previous day
11. the day before yesterday } တမြန်နေ့က (ကို) two days before } အလျှင်(၂)ရက်မတိုင်မီက
12. last night = လွန်ခဲ့တဲ့ညက (ကို) the night before (or) the previous night = အလျှင်ညက
13. tomorrow night = မနက်ဖြန်ည (ကို) the next night (or) the following night = နောက်ည
14. last week = လွန်ခဲ့တဲ့သီတင်းပတ် (ကို) the previous week (or) the week before } အလျှင်သီတင်းပတ်က
15. next week = လာမည့်သီတင်းပတ် (ကို) the following week = နောက်သီတင်းပတ်
16. next year = လာမည့်နှစ် (ကို) the following year = နောက်နှစ်
17. hither = ဤသို့ (ကို) thither = ထိုသို့
7. hence = ဤမှ (ကို) thence = ထိုမှ



1. (D.S) Ko Ko said, "I am busy ***today.***"
   (I.S) Ko Ko said that he was busy ***that day.***
2. (D.S) Nwe Nwe said, "I like ***this*** longyi."
   (I.S) Nwe Nwe said that she liked ***that*** longyi.
3. (D.S) Mya Mya said, "***These*** mangoes are ripe."
   (I.S) Mya Mya said that ***those*** mangoes were ripe.
4. (D.S) War War said, "I will buy ***this*** book *tomorrow.*"
   (I.S) War War said that she would buy ***that*** book *the next day.*
5. (D.S) Win Win said, "I did my work ***yesterday.***"
   (I.S) Win Win said that she had done her work ***the day before.***

## *Exercise No. (144)*

**Change the following from Direct Speech to Indirect Speech.**

1. The girl said, "I am in the tenth standard."
2. The boy said, "I am only ten years old."
3. Mi Mi said to Ko Ko, "I will refuse your offer."
4. Soe Thu said to Thida, "I love you more than I can say."
5. Thida said to Soe Thu, "I don't believe you."
6. The woman said to her husband, "The telephone is out of order."
7. Sandar said to Thuzar, "I have often told you not to tell lies."
8. Kyaw Kyaw said to Maw Maw, "I want you to pass the examination."
9. Wai Mar said to Naing Win, "I have read this book."
10. Kyaw Swa said to Thanda, "You can have my book if you like."
11. Yu Yu said, "I hate you, Ko Kyaw."
12. Ma Ei said, "You are a liar, Ko Naing."
13. Myo Myint said, "I will write a letter to you tomorrow, Nyo Nyo."
14. Tun Tun said, "You must tell me the truth, Kyi Kyi."
15. Swe Swe said, "Our father tells us a strange story, Ko Win."
16. The teacher said, "Shwe Zin, you should do your homework."
17. Lwin Lwin said, "Ko Moe, I will show you my photograph."
18. Mon Yi Win said, "Phyo Win, this interesting book is for you."

19. "I'll come to bed when I finish these letters," said U Tin Win.
20. "Mary, you are very talkative," said Mr. Brown.
21. "Ma Su, I can't help you as I am busy now,"said U Htay.
22. "Kyaw Min, Your mother is kind to you," said U Pe Tin.
23. "I shall go home tomorrow," said Daw Win to her son.
24. "This is the key I lost," said Aung Lwin.
25. The teacher taught us two years ago, "The earth is round."
26. U Khin said, "I always go to bed at nine o' clock every day."
27. Win Lwin said, "My father always goes to the Shwedagon Pagoda every Friday."
28. He said, "Blood is thicker than water."
29. He said, "Fire is a good servant but a bad master."
30. Our grandfather said, "Lost time is never found."

### *Exercise No. (145)*

**Put the following into Indirect Speech.**

1. Khin Hnin says, "One Today is worth two Tomorrows."
2. Wai Wai says, "I don't know what time it is."
3. Kay Thwe has said, "I get up before five o' clock every day."
4. Nyunt Nyunt says to Ne Win, "My watch is fast and your watch is slow."
5. Win Win says to Nyunt Nyunt, "Your watch is correct and so is mine."
6. Moe Moe says, "I will go with my brother."
7. "This is not what I mean," says Htar Htar.
8. "I don't know what you mean," says War War to Htar Htar.
9. Tun Myint says, "A thief was caught last night."
10. Thiha will say, "Liars are always ready to take an oath."
11. Aye Tun says, "He lent me some money."
12. Toe Myint says, "He passed the examination last year."
13. "I was born in a little town," says Kyaw Hein.
14. "I am going home now," says Mi Mi.
15. "I went to bed at eleven o' clock last night," says Ko Win.
16. "I have finished my lessons," says Htay Htay.
17. "I thought Moe Kyaw was the best boy in the class," says Thuzar to her friends.



18. "I can see this clearly," says San Maung.
19. "I hear quite well what you say, Soe Soe," says Zaw Zaw.
20. "I was going to school when it rained," says the little boy.
21. Ko Myo says, "My watch is broken."
22. "One of our books has been stolen," says Ko Tu.
23. All my friends come to me and say, "We have come to greet you."
24. After thinking carefully, our father says, "Misfortune proves our friends although wealth makes."
25. Nodding the head, our mother says, "I agree."

## (B) REPORTED SPEECH (QUESTIONS)

### QUESTION မေးခွန်းဝါကျများကို INDIRECT SPEECH သို့ပြောင်းနည်း

Question မေးခွန်းဝါကျတွေကို Direct Speech ကနေ Indirect Speech ကို ပြောင်းတော့မယ်ဆိုရင်

၁။ say, said တဲ့ ပြောကြိယာတွေကို ask, asked သဖြင့် (Tense) ကာလကို ကြည့်ပြီး သင့်သလို ပြောင်းပေးရပါတယ်။
မေးမြန်းတဲ့ စကားရဲ့ အဓိပ္ပာယ်ကိုလိုက်ပြီး inquire (enquire), wonder, want to know, ... တဲ့ ပြောကြိယာတွေကိုလဲ သုံးနိုင်ပါတယ်။

၂။ Yes, No နဲ့ ဖြေလို့ရတဲ့ (V/be, V/do, V/have) (Helping Verb) တွေနဲ့ မေးတဲ့ မေးခွန်းဝါကျ (မြန်မာဘာသာဖြစ်ရင် "သိသလား၊ စားသလား" တဲ့ 'လား' နဲ့ အဆုံးသတ်တဲ့ မေးခွန်းဝါကျတွေ) ဆိုရင် , " " ဖြုတ်ပြီး၊ *if* (သို့မဟုတ်) whether ထည့်ပေးပါ။
ပြောစကားအတွင်းမှာ (or not) ပါနေရင် whether နဲ့ ဆက်သင့်ပါတယ်။ (or not) မပါရင်တော့ if နဲ့ whether သင့်ရာနဲ့ ဆက်နိုင်ပါတယ်။

၃။ Where, When, How, Why, Who, What တဲ့ အမေးစကားလုံးတွေနဲ့မေးတဲ့ မေးခွန်းဝါကျ (မြန်မာဘာသာဖြစ်ရင် "ဘာလုပ်တာလဲ၊ ဘယ်သွားတာလဲ" စသည်ဖြင့် 'လဲ' နဲ့ အဆုံးသတ်တဲ့ မေးခွန်းဝါကျ) တွေဆိုရင် , " " ဖြုတ်ပြီး၊ *where, when* တဲ့ အမေးစကားလုံးတွေ ထည့်ပေးပါ။

၄။ ပြောစကားအတွင်းမှာရှိတဲ့ ဝါကျတွေကို မေးခွန်းဝါကျကနေပြီး ရိုးရိုးဝါကျ (statement) အဖြစ် ပြောင်းပေးရပါတယ်။

၅။ နာမ်စားပြောင်းတာ၊ ကြိယာပြောင်းတာ၊ စကားလုံးပြောင်းတာတဲ့ ကျန်တာတွေကိုတော့ (statement) ရိုးရိုးဝါကျတွေတုန်းက ပြောင်းခဲ့တဲ့ အတိုင်းပဲပြောင်းရပါတယ်။

ဥပမာ

1. (D.S) Phyu Phyu said to Ni Ni, "Are you happy?"
   (I.S) Phyu Phyu asked Ni Ni if she was happy.
2. (D.S) Yi Yi said to Kyi Kyi, "Will you come tomorrow?"
   (I.S) Yi Yi asked Kyi Kyi if she would come the next day.
3. (D.S) U Pu said to Daw Yu, "Have you bought this book?"
   (I.S) U Pu asked Daw Yu if she had bought that book.
4. (D.S) Daw Kyi said to Than Than, "Do you like tea?"
   (I.S) Daw Kyi asked Than Than if she liked tea.



5. (D.S) Theingi said to Kyaw Thu, "Will you follow me or not?"
   (I.S) Theingyi asked Kyaw Thu whether he would follow her or not.
6. (D.S) He said to me, "Who are you?"
   (I.S) He asked me who I was.
7. (D.S) She said to Ni Ni, "Where have you hidden the book?"
   (I.S) She asked Ni Ni where he had hidden the book.
8. (D.S) Thet Thet said to Ko Nwe, "When will you come to me?"
   (I.S) Thet Thet asked Ko Nwe when he would come to her.
9. (D.S) U Aung asked to Nilar, "Why do you read this book?"
   (I.S) U Aung asked Nilar why she read that book.
10. (D.S) U Tun said to Daw Htay, "What are you doing?"
    (I.S) U Tun asked Daw Htay what she was doing.

## "WHETHER" AND "IF"

၁။ မေးချင်တဲ့ အကြောင်းအရာ၊ အဓိပ္ပာယ်ကွဲပြားမှုဟာ သိပ်လဲ အရေးမကြီးဘူးဆိုရင် if နဲ့ whether ကြိုက်ရာကိုသုံးပြီး ရေးနိုင်ပါတယ်၊ (များသောအားဖြင့်ကတော့ if ကို သုံးကြပါတယ်။)

ဥပမာ He asked if (whether) I had seen the film.
ရုပ်ရှင်ကို ကျွန်တော်ကြည့်ပြီးပြီလားလို့ သူကမေးခဲ့တယ်။

၂။ တစ်ခုမဟုတ်တစ်ခု ရွေးချယ်စရာ သဘောရှိတဲ့ဝါကျ၊ ဒါမှမဟုတ် နှိုင်းယှဉ်သလိုသဘောဆောင်တဲ့ ဝါကျတွေဆိုရင်တော့ whether ကိုပဲ သုံးရပါတယ်။ များသောအားဖြင့် "or" နဲ့ တွဲဖက်ပြီး ရေးသားရပါတယ်။

ဥပမာ I don't know *whether* I should go away *or* stay here.
ထွက်ပဲသွားရမလား၊ သို့တည်းမဟုတ် ဒီမှာပဲဆက်နေရမလားဆိုတာ ကျွန်တော်မသိဘူးဗျာ။
He asked me whether I would rather have tea *or* coffee for breakfast.
နံနက်စာအတွက် လက်ဖက်ရည်နဲ့ ကော်ဖီ ဘယ်ဟာကို မင်းသောက်မှာလဲ လို့ သူကကျွန်တော့်ကို မေးတယ်။

၃။ or not ပါရင် whether နဲ့ပဲ တွဲဖက်ပြီး သုံးလေ့ရှိပါတယ်။

ဥပမာ I don't know *whether* it is raining *or* not.
မိုးရွာမယ်၊ မရွာဘူးဆိုတာကျွန်တော်မသိဘူး။

Ask him *whether* he's coming on Friday *or* not.
သောကြာနေ့ကျရင် လာမှာလား၊ မလာဘူးလားလို့ သူ့ကိုမေးလိုက်ပါ။

၄။ အောက်မှာဖော်ပြထားတဲ့ နေရာတွေမှာတော့ "if" ကို မသုံးရပါဘူး၊ whether ကိုပဲ သုံးရပါတယ်။

(က) ပဓာနဝါကျပိုင်း (Main clause) ကို Whether နဲ့စပြီး ရေးသားထားရင်

ဥပမာ *Whether* it is true *or* not, I cannot say.
ဒီကိစ္စ မှန်မယ်၊ မမှန်ဘူးဆိုတာ ကျွန်တော်မပြောနိုင်ဘူးဗျာ။

(ခ) (Infinitive) to ပါတဲ့ ကြိယာရဲ့ရှေ့ကထားပြီး သုံးမယ်ဆိုရင်

ဥပမာ She hasn't decided *whether* to sail *or* fly to England.
အင်္ဂလန်ကို ရေကြောင်းခရီးနဲ့ သွားရမလား၊ လေကြောင်းခရီးနဲ့ သွားရမလား သူ(မ) ဆုံးဖြတ်လို့ မပြီးသေးဘူး။

## သတိပြုရန်

မေးခွန်းဝါကျတွေကို (Direct Speech က Indirect Speech) ပြောင်းတဲ့အခါ ပြောစကားအတွင်းမှာရှိတဲ့ (Question) မေးခွန်းဝါကျကို ရိုးရိုးဝါကျ (Statement) အဖြစ် ပြောင်းတတ်ဖို့ လိုပါတယ်။

### မေးခွန်းဝါကျတွေကိုရိုးရိုးဝါကျတွေအဖြစ်ပြောင်းတဲ့အခါ

(A) Verb to be, Verb to have, Helping Verb တွေနဲ့ မေးထားတဲ့ ဝါကျတွေဆိုရင် Subject နဲ့ Verb ကို ရှေ့နောက် ပြောင်းပေးလိုက်ရုံနဲ့ ရိုးရိုးဝါကျ (Statement) ဖြစ်သွားပါတယ်။ (?) မေးခွန်း အမှတ်အသားကိုတော့ ဖြုတ်ပစ်ရပါတယ်။



ဥပမာ
1. *Is he* a clever boy? (Question)
   *He is* a clever boy. (Statement)
2. *Are they* doing the homework? (Question)
   *They are* doing the homework. (Statement)
3. *Has she* opened the window? (Question)
   *She has* opened the window. (Statement)
4. *Have the boys* played football? (Question)
   *The boys have* played football. (Statement)
5. *Will the girl* follow him? (Question)
   *The girl will follow* him. (Statement)
6. *Can she* play the piano? (Question)
   *She can* play the piano. (Statement)

(B) Verb to do တွေနဲ့ မေးထားတဲ့ ဝါကျတွေဆိုရင်တော့ Do, Does, Did တွေကို ဖြုတ်ပစ်မယ်။ (?) မေးခွန်း အမှတ်အသားကိုလဲ ဖြုတ်ပစ်မယ်ဆိုရင် ရိုးရိုးဝါကျ (Statement) ဖြစ်သွားပါတယ်။

- Does ကို ဖြုတ်ပစ်ရင် ကြိယာမှာ s, es ထည့်ပေးပါ။
- Did ကို ဖြုတ်ရင် Past Tense ပြောင်းပေးပါ။
- Do ကို ဖြုတ်ရင် ပြောင်းဖို့မလိုပါ။

ဥပမာ
1. *Does* she *like* tea? (Question)
   She *likes* tea. (Statement)
2. *Does* the girl *write* this letter? (Question)
   The girl *writes* this letter. (Statement)
3. *Did* they *live* in Mandalay? (Question)
   They *lived* in Mandalay. (Statement)
4. *Do* the children *like* sweets? (Question)
   The children *like* sweets. (Statement)

## Exercise No. (146)

**Trun into the Indirect form.**

1. U Su said to his son, "Are you living in another house now?"
2. Daw Nu said to her daughter, "Are you working hard enough for your examination?"
3. Tun Zaw said to Thida, "Are you ready to come with me?"

4. Thiha said, "Are you interested in English, Nilar?"
5. "Are you waiting for the bus?" said Moe Moe to War War.
6. Aye Aye said to Nyo Nyo, "Will you go to the pagoda with your mother?"
7. Than Than said to Zaw Zaw, "Will you be here soon?"
8. Ko Gyi said to Ko Lay, "Can you repair my watch?"
9. Aung Aung said to Thanda, "Will you write a few sentences tomorrow?"
10. The patient said to the doctor, "Must I take some medicine tomorrow?"
11. The officer said to Tint Tint, "Have you known how to use the type writer?"
12. Khin Pa Pa said to Yan Aung, "Have you ever ridden in a bullock cart?"
13. Hay Mar said to Ne Win, "Have you visited Pyin-Oo-Lwin many times?"
14. "Have you completed writing your exercise?" said Ma Khaing to Hlaing Hlaing.
15. Mary said, "Have you washed the clothes, Daisy?"
16. John said, "Do you like tea, Mary?"
17. Ohn Mar said, "Did you come to me yesterday, Soe Thu?"
18. Myo Chit said to Khin Khin, "Do you understand what I say?"
19. U Kyaw said to Ma Win, "Do you lend your friend much money?"
20. He said to his friends, "Do you think we shall be in time if we run?"
21. Zin Mar said to Ma Cho, "Did you go to school yesterday?"
22. She said to Win Maung, "Can you stay for a few minutes here?"
23. "Shall I see you here tomorrow?" said Ko Kyin to Nwe Nwe.
24. Yin Yin said to Mi Mi, "Have you ever heard of the poet Tin Moe?"
25. Sandar said to Kyaw Min, "Is it true that you are getting married?"

### *Exercise No. (147)*

**Trun the following Question into the Indirect form.**

1. Helen said, "What do you want, Dolly?"
2. Richard said, "When have you finished your homework, Margarette?"



3. Sandar said to Thandar, "Where do you live?"
4. Ma Wai said, "Why do you take him to your house, Ko Latt?"
5. The teacher said to his pupil, "Why have you made the same mistake again ?"
6. Mar Mar said, "Ko Zaw, why do you leave me alone?"
7. Win Win said to Zaw Zaw, "Where did you sleep last night?"
8. Moe Zaw said to Thida, "How do you know that he is a doctor?"
9. The teacher said to me, "What are you going to do when you leave school?"
10. Nandar said to Wai Wai, "Why do you think you can solve this problem?"
11. "When will you get back from Mandalay?" said Han Tun to his sister.
12. She said to me, "Where are you going?"
13. He said to me, "How will you go to school tomorrow?"
14. Kay Thi said to Win Mar, "Which book are you taking?"
15. Swe Swe said, "How did you do that, Thet Thet?"
16. Tin Win said, "Why was the train very full, Chit Swe?"
17. Chit Swe said to Kyaw Tun, "Have you ever been to Ngapali?"
18. The man said to me, "When were you born?"
19. Win Aung said to Yi Yi, "How much do you pay for this longyi?"
20. Mi Mi said to Thant Thant, "When will you come again?"
21. "Where were you last night, Mg Ni?" said the police.
22. "What is the matter?" said Tom.
23. "Which is the nearest way to the station?" Tun Tun said.
24. "Why didn't you get up earlier?" said Win Lwin to his sister.
25. Nilar said to me, "How do you know someone is coming?"
26. The children said to Daw Lay, "How have you cooked the dinner?"
27. The teacher said to her pupils, "How will you study your lessons?"
28. The boy said to his friend, "How are you today?"
29. "When are you leaving for Mandalay?" said Wai Mar to Kyaw Kyaw.
30. Hay Mar said, "How long does it take to get to Mandalay, Kyaw Kyaw?"

## (C) REPORTED SPEECH (IMPERATIVE)

### IMPERATIVE အမိန့်ပေး၊ တောင်းပန်၊ စေခိုင်းဝါကျများကို INDIRECT SPEECH သို့ ပြောင်းနည်း

အမိန့်ပေးတဲ့ဝါကျ၊ ပန်ကြားတဲ့ဝါကျ၊ တောင်းပန်တဲ့ဝါကျ၊ စေခိုင်းတဲ့ဝါကျတွေကို Direct Speech ကနေ Indirect Speech သို့ပြောင်းမယ်ဆိုရင်

၁။ say, said စတဲ့ ပြောကြိယာတွေအစား
- တောင်းပန်၊ ပန်ကြားတဲ့ ဝါကျတွေဆိုရင် beg, request
- အမိန့်ပေး၊ စေခိုင်းတဲ့ ဝါကျတွေဆိုရင် order, command
- အကြံပေးရင် advise ၊ တိုက်တွန်းရင် urge စသည်ဖြင့် သင့်တော်သလို ပြောင်းပေးရပါတယ်။
- Please ပါလာရင်တော့ (Please ကိုဖြုတ်ပြီး) beg (သို့) request ကို သုံးရပါတယ်။
- ဘာမှန်း မသေချာရင်တော့ tell (သို့) told ကို သုံးနိုင်ပါတယ်။

၂။ , " " ဖြုတ်ပြီး
ပြုလုပ်ရန်ပေးတဲ့ အမိန့်၊ စေခိုင်းမှု၊ ပန်ကြားမှု၊ တောင်းပန်မှု ဆိုရင် to ထည့်ပေးပြီး ပြောစကားကို ပြန်ရေးရပါတယ်။
မပြုလုပ်ရန် ပေးတဲ့ အမိန့်၊ စေခိုင်းမှု၊ ပန်ကြားမှု၊ တောင်းပန်မှု ဆိုရင် "not to" ထည့်ပေးပြီး၊ ပြောစကား ကို ပြန်ရေးရပါတယ်။

၃။ "to", "not to" တို့ရဲ့နောက်က အမြဲတမ်း s,es မပါတဲ့ Present Tense ကြိယာ (အများကိန်း) လိုက်ရပါတယ်။

၄။ နာမ်စားပြောင်းတာ၊ စကားလုံးပြောင်းတာတွေကတော့ (Statement) တုန်းက ပြောင်းခဲ့တဲ့ အတိုင်းပဲ ပြောင်းရပါတယ်။

၅။ Direct Speech မှာ အပြောခံရသူ မပါရင်၊ အပြောခံရသူကို (သင့်တော်သလို) ထည့်ပေးရပါတယ်၊ များသောအားဖြင့်တော့ me ကို ထည့်ပေးရပါတယ်။

ဥပမာ
1. (D.S) U Pu said to his son, "Open the window."
   (I.S) U Pu ordered his son to open the window.
2. (D.S) The teacher said, "Study your lessons, Ni Ni."
   (I.S) The teacher ordered Ni Ni to study her lessons.
3. (D.S) The captain said to his soldiers, "Fire.".
   (I.S) The captain ordered his soldiers to fire.
4. (D.S Win Win said to her friend, "Please shut the door."
   (I.S) Win Win requested her friend to shut the door.



5. (D.S) The old man said to me, "Please give me old clothes."
   (I.S) The old man begged me to give him old clothes.
6. (D.S) Our teacher said, "Speak the truth and shame the devil."
   (I.S) Our teacher advised us to speak the truth and shame the devil.
7. (D.S) The teacher said to her pupils, "Do your home-work regularly."
   (I.S) The teacher urged her pupils to do their homework regularly.
8. (D.S) Father said to his son, "Don't look out of the window.".
   (I.S) Father ordered his son not to look out of the window.
9. (D.S) She said, "Don't make fun of me."
   (I.S) She requested me (him/her ... etc) not to make fun of her.
10. (D.S) The old man said, "Don't put the blame on me, sons."
    (I.S) The old man requested his sons not to put the blame on him.

### *Exercise No. (148)*

**Put the following imperatives into Indirect Speech.**

1. He said to her, "Wash your face, please."
2. The teacher said, "Close your book."
3. Mr. Brown said, "Come in and sit down."
4. "Open your book and read, please," said the patient to the nurse.
5. The doctor said to the visitors, "Don't sit on the bed."
6. The teacher said, "Don't talk in the class."
7. Daw Nu said to her pupil, "Write this exercise out carefully."
8. Thein Zaw said to Aye Aye Myint, "Open the box for me, please."
9. Maung Maung said, "Please sing at our party, Hay Mar."
10. The examiner said, "Write your name at the top of your paper and answer six questions."

11. The officer said to the soldier, "Release the prisoners."
12. The teacher said to me, "Think carefully before you answer."
13. Our father said to me, "Never tell a lie."
14. The old man said to his daughter, "Take care of the pence and the pounds will take care of themselves."
15. "Do not speak evil of others," U Sein said to his daughter.
16. Mother said to her son, "Trust in God and do the right."
17. The eldest brother said to his sister, "Do not run to meet misfortune."
18. The teacher said to his pupils, "Obey me at once, and do not ask questions."
19. "Go to bed and don't get up till you are called", said mother to her son.
20. U Sein said to his daughter, "Do what you like, but do not blame me if you find that you have done wrong."

## (D) REPORTED SPEECH (OPTATIVE)

## OPTATIVE ဆန္ဒကို ဖော်ပြသော ဝါကျများကို INDIRECT SPEECH သို့ ပြောင်းနည်း

ဆန္ဒကို ဖော်ပြတဲ့ဝါကျ

ကျန်းမာပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေ၊ ပျော်ရွှင်နိုင်ပါစေ စသဖြင့် မိမိရဲ့ စိတ်ဆန္ဒကို ဖော်ပြတဲ့ဝါကျတွေဆိုရင်

၁။ say, said အစား pray, wish သင့်တော်ရာ တစ်လုံးလုံးနဲ့ ရေးပါ။
၂။ , " " ဖြုတ်ပြီး that ထည့်ပေးပါ။
၃။ ပြောစကားအတွင်းမှာရှိတဲ့ ဝါကျတွေကို ရိုးရိုးဝါကျ (statement) အဖြစ်ပြောင်းပေးပါ။
၄။ နာမ်စားပြောင်းတာ၊ ကြိယာပြောင်းတာ၊ စကားလုံးပြောင်းတာစတဲ့ ကျန်တာတွေကိုတော့ (statement) တုန်းက ပြောင်းခဲ့တဲ့ ပုံစံအတိုင်းပဲ ပြောင်းရပါတယ်။

ဥပမာ 1. (D.S) She said, "May God bless you!"
ဘုရားသခင်သည် သင့်အား ကောင်းချီးပေးပါစေသောဝ်...လို့ သူမက ကျွန်တော်ကို ပြောတယ်။
(I.S) She prayed that God might bless me.



2. (D.S) He said, "May you be rich!"
(I.S) He wished (prayed) that I might be rich.
3. (D.S) We said to U Lay Myint, "May you have a child!"
(I.S) We prayed (wished) U Lay May that he might have a child.

## (E) REPORTED SPEECH (EXCLAMATION)

### EXCLAMATION အာမေဋိတ်ဝါကျများကို INDIRECT SPEECH သို့ပြောင်းနည်း

Exclamation (အာမေဋိတ်)၊ အံ့ဩလို့ ပြောဆိုတဲ့ ဝါကျတွေကို Direct Speech ကနေ Indirect Speech သို့ ပြောင်းတော့မယ်ဆိုရင်

၁။ Oh!, Ugh!, Oh dear! စတဲ့ (Exclamatory words) အာမေဋိတ် စကားလုံးတွေ၊ How, What စတဲ့ အာမေဋိတ်ဝါကျရဲ့အစ စကားလုံးတွေကို ဖြုတ်ပစ်ရပါမယ်။
၂။ say, said စတဲ့၊ ပြောကြိယာကို exclaim, exclaimed, remark, remarked စသဖြင့် ကာလ (Tense) ကို ကြည့်ပြီး သင့်သလို ပြောင်းပေးရပါတယ်။ ပြောစကားအတွင်းမှာရှိတဲ့ အကြောင်းအရာပေါ်မူတည်ပြီး၊ call, call to, cry, cry out, shout, greet, ask, tell စသည်ဖြင့်လဲ ပြောင်းပေးနိုင်ပါတယ်။ (Tense ကိုတော့ သတိပြုရပါမယ်)
၃။ , " " ဖြုတ်ပြီး that ထည့်ပေးပါ။
၄။ ပြောစကားအတွင်းမှာရှိတဲ့၊ အာမေဋိတ်ဝါကျကို ရိုးရိုးဝါကျ (statement) အဖြစ် ပြောင်းလဲပေးရပါတယ်။
၅။ အာမေဋိတ်စကားမှာ တစ်ခါတစ်လေ Verb မပါဘဲ ရှိတတ်ပါတယ်။ Verb မပါရင် ဓိဓိ သင့်တော်မယ်ထင်တဲ့ Verb တစ်လုံးလုံးကို ထည့်ပေးရပါတယ်။
၆။ What တို့ How တို့ပါရင် ဖြုတ်ပစ်ပါ။ (Adjective) ရဲ့ ရှေ့ကနေပြီး very, great စသည်တို့ကို ထည့်ပေးပါ။
၇။ အာမေဋိတ်ဝါကျအတွင်းက ပြောစကားဟာ ဝမ်းသာလို့လား၊ ဝမ်းနည်းလို့လား၊ အံ့ဩလွန်းလို့လား စသည်ဖြင့် အဓိပ္ပာယ်ဆိုလိုချက်ကို သဘောပေါက်အောင်ဖတ်ပြီး (Surprisingly, with great pity, sorrowfully, scornfully, bitterly, etc ...) စတဲ့ သင့်တော်တဲ့ ကြိယာဝိသေသန တွေကို ထည့်ပေးသင့်ရင် ထည့်ပေးရပါတယ်။

ဒါကြောင့်မို့ အာမေဋိတ် စကားလုံးတွေရဲ့ အဓိပ္ပာယ် ဆိုလိုချက်ကို အရင်ဆုံး လေ့လာထားဖို့လိုပါတယ်။

> They are not properly words; they are really sounds or noise that people make when they are excited, to express strong feelings.
>
> *A SIMPLE COURSE OF GRAMMAR AND COMPOSITION (PAGE. 74)*

## အာမေဋိတ် စကားလုံးများ၏ အဓိပ္ပာယ်

(A) အံ့အားသင့်လို့ ရေရွတ်ပြောဆိုတဲ့ အာမေဋိတ် စကားလုံးတွေကတော့

- O God!, My God!, Good God!, Good Heavens!
- Wonderful!, Marvellous!
- Goodness me!
- Goodness gracious!
- O-ho! = an exclamation of surprise of triumph.

(B) စက်ဆုပ်ရွံရှာတဲ့အခါ၊ ရှုံ့ချတဲ့အခါ သုံးတဲ့အာမေဋိတ်ကတော့

- Ugh! = an expression of disgust
- Fie! = for shame (မသတီစရာ၊ ရှက်စရာ)

(C) ဝမ်းနည်းတဲ့အခါ၊ သောကရောက်တဲ့အခါ

- Alas! = a cry of sorrow or anxiety
- Oh, dear!, Dear me!, Dear, dear! = an expression of sorrow, impatience, wonder, etc:
- Heigh ho! = weariness

(D) ဂုဏ်ပြုချီးကျူး၊ အားပေး၊ ကျေနပ်၊ ကောင်းချီးပေးတဲ့အခါ

- Bravo!, Bravos!, Bravoes! = a cry meaning Well done!, Excellent!
- Well done!, Excellent! =cries giving praise.
- Hurrah! = a shout of cry expressing joy, welcome, applause, etc.
- Hip, hip, hurrah!
- Hurray!
- A-ha! = a sound showing triumph, satisfaction, etc.
- Hooray!
- Ha! Ha! = amusement

(E) နှုတ်ခွန်းဆက်တဲ့သဘော၊ အာရုံပြုစေချင်တဲ့သဘော၊ တအံ့တသြ ပြောဆိုတဲ့ သဘောနဲ့ ပြောတဲ့အခါ

- Hello!, Hallo!, Hullo! = a cry made to attract attention, or expressing surprise or as a greeting.



- Hey! = Use to call attention or to express joy, surprise, wonder or interrogation.
- bye - bye!
- Good - bye! = farewell (short form of "God be with you!) သွားခါနီး နှုတ်ဆက်စကား
- I must say good-bye = (it is time for me to leave)

(F) ဒေါသတကြီး ဖြစ်တဲ့အခါ စိတ်မှာ အနှောင့်အယှက်ဖြစ်တဲ့အခါ

- Hell! = used in exclamations expressing anger, annoyance, or surprise.
- Go to hell!
- Damn! Damn it all! Damn you! = used, to express anger, disappointment or annoyance.
- Be-gone = Go away!

(G) ပြောတဲ့လေသံအတိုအရှည်၊ အထန်အမာ၊ အပျော့အပြောင်းပေါ်မူတည်ပြီး အဓိပ္ပာယ်ကောက်ရတဲ့ အာမေဋိတ်စကားလုံးတွေ

- Ah! = a sound showing sorrow, surprise, pity, pleasure etc. (According to the tone of the voice.)
- O, Oh! = an exclamation of surprise, fear, pain, etc.
- Oh, dear!, Oh, yes!, Oh, no!

(H) အခြားစကားလုံးများ

- Look out! = Be careful! သတိထား
- Goodness knows! = I don't know
- God only knows! = no one knows
- Fie upon you! = You ought to be ashamed
- Okay!, O.K! = (Slang for) all right, correct, I agree
- Aye (e)! = yes
- Tut, Tut! = an exclamation of contempt, impatience and annoyance.
- Hush! = Be silent (a warning to be quiet or to listen)
- Hum! Hum! Hem! = doubt

စိတ်ထဲမှာ အံ့ဩလို့၊ ခံပြင်းလို့၊ ဒေါသထွက်လို့၊ ရွံလို့၊ ဝမ်းသာလို့၊ ဝမ်းနည်းလို့ ပြောဆိုတဲ့ အာမေဍိတ်စကား exclamation တွေဆိုတော့ အဆင်သင့်သလို ပြောင်းပေးရပါတယ်။ တစ်မျိုးတည်း ပြောင်းရမယ်လို့ ပုံသေမမှတ်ရပါဘူး။ အဓိပ္ပာယ်သာ ရှိမယ်ဆိုရင် ကိုယ့်သဘောနဲ့ကိုယ် ရေးချင်သလို ရေးလို့ရပါတယ်။ ပြီးတော့ အာမေဍိတ်ဝါကျတွေကို Indirect Speech နဲ့ သုံးခဲပါတယ်။ ဒါကြောင့် အချိန်ကုန် သိပ်မခံစေချင်ပါဘူး။ သဘောပေါက်အောင်သာ လေ့လာသင့်ပါတယ်။

> Exclamations are not often reported in spoken English, so too much time should not be wasted in hunting for the best expression. The other forms of Reported Speech are all far more important.
>
> Some exclamatory forms are really questions (rhetorical) or imperative.
>
> *LIVING ENGLISH STRUCTURE (PAGE. 270)*

ကဲ .. အောက်က နမူနာလေးတွေကို လေ့လာကြည့်ပါ။

1. (D.S) The old man said, "Alas!"
   (I. S) The old man uttered a cry of sorrow.
2. (D.S) They said, "Hurrah! Hurrah!"
   (I. S) They shouted for joy.
3. (D.S) The old woman said, "Thief! Thief!"
   (I. S) The old woman shouted that there was a thief.

(အာမေဍိတ်စကားမှာ ကြိယာမပါတဲ့အတွက် သင့်တော်ရာကြိယာ ထည့်ပေးထားတာကို သတိပြုပါ။)

4. (D.S) The little girl said, "Help! Help!"
   (I. S) The little girl called for help. (or)
   The little girl shouted to help her.
5. (D.S) "Help me! Help! Quick!" she said.
   (I. S) She called loudly and urgently for help.
6. (D.S) The teacher said, "Be quiet!"
   (I. S) The teacher shouted them to be quiet.
7. (D.S) The patient said, "Do be quiet!"
   (I. S) The patient begged them to be quiet.



8. (D.S) "Hello! What do you want?" he said.
   (I. S) He greeted and asked (me) what I wanted.
9. (D.S) "Hello! Where are you going?" he said.
   (I. S) He greeted and asked (me) where I was going.
10. (D.S) He said to her, "Hello! Where are you off to?"
    (I. S) He greeted and asked her where she was off to. (OR)
    He called out in surprise and asked where she was off to.
11. (D.S) He said to me, "Look out! There's a car coming."
    (I. S) He warned me with a cry that a car was coming. (OR)
    He cried out loudly and urgently that a car was coming.
12. (D.S) He said, "My God! I am ruined!"
    (I. S) He exclaimed sadly that he was ruined.
13. (D.S) She said, "Oh! I've cut myself!"
    (I. S) She exclaimed that she had cut herself.
14. (D.S) He said, "Alas! I am undone!"
    (I. S) He exclaimed sadly that he was undone.
15. (D.S) He said, "Alas! Our foes are too strong!"
    (I. S) He exclaimed sadly that their foes were too strong.
16. (D.S) The girl said, "Oh! I've burned myself!"
    (I. S) The girl cried out that she had burned herself.
17. (D.S) "Good gracious! It's impossible." he said.
    (I. S) He exclaimed loudly that it was impossible.
18. (D.S) She said, "Oh, dear! I have torn my longyi."
    (I. S) She gave an exclamation of annoyance because she had torn her longyi. (OR)
    She exclaimed sorrowfully that she had torn her longyi.
19. (D.S) "Oh dear! I have lost my book!" said the girl.
    (I. S) The girl exclaimed bitterly that she had lost herbook.
    (OR) She sighed and said that she had lost her book.
20. (D.S) They said, "The house is on fire!"
    (I. S) They shouted that the house was on fire.

21. (D.S) "Tut! Tut! you are a naughty girl!" he said.
(I. S) He remarked with annoyance that she was a naughty girl.
He reproved her gently, telling her what a naughty girl she was.

22. (D.S) She said, "Ugh! How I hate touching sticky things."
(I. S) She cried with disgust that she hated touching sticky things.

23. (D.S) He said, "Bravo! You have done well!"
(I. S) He applauded him, saying that he had done well.

24. (D.S) "Hooray! We're going to have a holiday tomorrow!" they said.
(I. S) They shouted with delight because they were going to have a holiday the next day.

25. (D.S) He said, "For goodness' sake, stop this loud noise!"
(I. S) He shouted angrily to them to stop that loud noise.

26. (D.S) Sandar said, "What a beautiful longyi!" (it is)
(it is ချန်ထားလေ့ရှိသည်။)
(I.S) Sandar remarked that it was a very beautiful longyi.

27. (D.S) "What a stupid fellow you are!" he angrily remarked.
(I. S) He angrily remarked that I (he/she) was a very stupid fellow.

28. (D.S) He said, "What a good book (it is)!"
(I. S) He remarked that it was a very good book.

29. (D.S) He said "What a fool I have been!"
(I. S) He exclaimed with sorrow that he had been a fool.

30. (D.S) He said to the girl, "What a lovely face you have!"
(I. S) He remarked with admiration that the girl had a very lovely face. (OR)
He told the girl with admiration what a lovely face she had.

31. (D.S) He said, "What a pity you did not pass the examination!"
(I. S) He remarked that it was a great pity that I had not passed the examination.



32. (D.S) He said, "What a terrible noise!"
(I. S) He remarked angrily that the noise was very terrible. (OR) He protested strongly about the noise.

33. (D.S) He said, "What a dirty face you have!"
(I. S) He exclaimed at my dirty face. (OR)
He remarked with disappointment that I had a very dirty face.

34. (D.S) He said, "What a fat boy you are!"
(I. S) He remarked that I was a very fat boy."

35. (D.S) He said, "How clever I am!"
(I. S) He exclaimed that he was very clever.

36. (D.S) She said, "How beautiful my hands are!"
(I. S) She exclaimed that her hands were very beautiful.

37. (D.S) The boy said, "How lovely you are!"
(I. S) The boy exclaimed that she was very lovely.

38. (D.S) He said, "How cruel of him!"
(I. S) He exclaimed that it was very cruel of him,

39. (D.S) He said, "How shocking the sight is!"
(I. S) He exclaimed that the sight was very shocking.

40. (D.S) The officer said, "How badly you have done your work!"
(I. S) The officer remarked that I (he/she) had done my (his/her) work very badly.

What တို့ How တို့ပါရင် ဖြုတ်ပြီး very, greatly ပြောင်းလဲရေးသားရပုံကို သတိပြုပါ။

> In the Indirect form of *Exclamatory sentences,* introduced by who, how or what denoting excess or absence, these words are replaced by *none, great, much, greatly.*
>
> *GOOD ENGLISH (PAGE. 212)*

## (F) REPORTED SPEECH (MIXED TYPE)

## ရောနှောထားသော ဝါကျအမျိုးမျိုးကို INDIRECT SPEECH သို့ ပြောင်းနည်း

လူတစ်ယောက်စကားပြောတဲ့အခါ၊ အမျိုးအစားတစ်မျိုးတည်းကိုပဲ ပုံသေပြောရမယ်လို့ သတ်မှတ်ထားလို့ မရပါဘူး။ အကြောင်းအရာတစ်ခုကို ပြောလဲပြော၊ မေးလဲမေး၊ တောင်းပန်ချင်လဲ တောင်းပန် စသဖြင့် နှစ်မျိုးသုံးမျိုးကိုရောပြီး တစ်ခါတည်းပြောတဲ့အခါလည်း ရှိပါတယ်။

ဥပမာ This book is an interesting book.
Have you ever read it?
ဒီစာအုပ်က သိပ်စိတ်ဝင်စားဖို့ကောင်းတဲ့ စာအုပ်တစ်အုပ်ပဲ၊ မင်းဖတ်ဖူးသလား။
The thief has stolen the car. What are we to do?
ကားကိုတော့ သူခိုး ခိုးသွားပြီ၊ တို့တွေ ဘာလုပ်ကြမလဲ။
စသဖြင့် ရောနှောပြီးပြောကြတဲ့ဝါကျတွေဆိုရင်

say, tell, explain, remark, ask, want to know, စသဖြင့် သင့်တော်ရာ ကြိယာတစ်ခုခုနဲ့စပြီးရေးပါ။

ဒုတိယ၊ တတိယဝါကျစတဲ့ နောက်ဘက်ကဝါကျတွေရဲ့ အမျိုးအစားကိုကြည့်ပါ။ ရိုးရိုးဝါကျဆိုရင် and said၊ မေးခွန်းဝါကျဆိုရင် and asked, နိုင်းစေပန်ကြားတဲ့ဝါကျဆိုရင် and ordered, and requested စသဖြင့် သင့်တော်ရာ ပြောကြိယာကို ခံပေးပါ။ (သို့မဟုတ် သင့်တော်ရာ အဆက်ပုဒ် conjuction တစ်ခုခုနဲ့ ဆက်ပေးပါ။) ပြီးမှ Indirect Speech သို့ပြောင်းပါ။

> Where there is a mixture of statements and questions the introducting verb will vary accordingly.
>
> *A COMPREHENSIVE ENGLISH GRAMMAR (PAGE. 367)*

ဥပမာ

1. (D.S) The old man said, "It is very hot. Is the window shut?"
သိပ်အိုက်တာပဲ၊ ပြတင်းပေါက်ကို ပိတ်ထားသလားလို့ အဖိုးကြီးက မေးတယ်။
(I. S) The old man ***said*** that it was very hot ***and asked*** if the window was shut.

2. (D.S) Maw Maw said to me, "I want to buy a longyi. Please lend me some money."
(I. S) Maw Maw ***told*** me that she wanted to buy a longyi ***and requested*** me to lend her some money.



3. (D.S) The teacher said, "Do you understand it now? I'll explain it again if you don't."
(I. S) The teacher ***asked*** if we understood it then ***and said*** that she would explain it again if we did not.

4. (D.S) She said, "Can you tell me the time? I shall have to leave at five."
(I. S) She ***asked*** me if I could tell her the time ***as*** she would have to leave at five.

5. (D.S) He said, "Have you a light? I've forgotten to bring my matches."
(I. S) He ***asked*** if I had a light ***as*** he had forgotten to bring his matches.

### *Exercise No. (149)*

**Put the following into Indirect Speech:**

1. He said "I have left my watch at home. Can you tell me the time?"
2. "I have no money," said Nu Nu. "Will you buy me this longyi?"
3. He said, "Have you tasted this curry?" It's very salty."
4. "Why are you late for school?" "Do you come to school on foot?" said the teacher.
5. "Which shirt do you like?" said Ko Tu. "I like the white one."
6. "I have something to tell you," he said. "Please promise me not to tell the others."
7. "Don't eat sweets," she said. "Do you know that you will have a tooth[redacted]
8. He said, "I will be here at noon." "Will you come to me?"
9. "This lesson is very difficult. Can you help me?" said Zaw Zaw.
10. "How far is it to the station? I hope to get there in time," said the traveller.
11. "Have you ever been to Mandalay?" he said. "It is my native town."
12. "This ring is very pretty," he said. "How much does it cost?"

13. "Is there any water in the pot?" "I am very thirsty," said the traveller.
14. "Where is he going?" said U Hla. "Do you know anything about him?"
15. "I am leaving for Pyin-Oo-Lwin." "Where are you going?" said Thiha.
16. "Why don't you come to class today?" Mar Lar said. "Do you feel sick again?"
17. "Where do you live?" said he. "I want to know your address, Nilar."
18. "Please lend me a pencil," she said. "I have left mine at home."
19. "May I shut the window?" "It's rather cold in here," she said.
20. "Your hands are very dirty," said he. "Did you forget to wash them?"

*



## ([illegible]) QUESTIONS WITH SOME (YES/NO) ANSWERS

## "YES" နဲ့ "NO" ပါတဲ့ ဝါကျတွေကို INDIRECT SPEECH သို့ ပြောင်းနည်း

၁။ ရှေ့ဘက်ကဝါကျကို မေးခွန်းဝါကျတွေကို Indirect Speech ပြောင်းနည်းအတိုင်းပြောင်းပါ။

၂။ နောက်ဘက်က Yes အစား and he said (and he answered) that စသည်ဖြင့် သင့်တော်သလို ပြန်ရေးပါ။

၃။ နောက်ဘက်က "No" အစား but he said (but he answered) that စသည်ဖြင့် သင့်တော်သလို ပြန်ရေးပါ။

၄။ အဲဒီနောက်ဘက်ကဝါကျရဲ့ Subject ကို သင့်တော်ရာ အကူကြိယာနဲ့ပေါင်းပြီး ပြန်ရေးပါ။ (မေးခွန်းဝါကျမှာ အသုံးပြုတဲ့ ကြိယာအမျိုးအစားကိုကြည့်ပြီး အကူကြိယာကို ဖော်ပေးရပါတယ်။)

Yes အစား = replied in the affirmative.
No အစား = replied in the negative လို့ မရေးသင့်ကြောင်း အထူးသတိပြုပါ။

**"Yes" answers**

1. (D.S) He said to the girl, "Do you like it?"
   She said, "Yes." (OR)
   He said to the girl, "Do you like it?" "Yes."
   (I. S) He **asked** the girl if she *liked* it and **she said** that *she did.*

2. (D.S) He said to her. "*Will* you come to me?"
   "Yes." (OR)
   She said, "Yes."
   (I. S) He **asked** her if she *would* come to him **and she said** that *she would.*

3. (D.S) She said to him, "Have you read the newspaper?"
He said,"Yes." (OR) "Yes."
(I. S) She **asked** him if he *had read* the newspaper **and he said** that *he had.*

4. (D.S) She said to him, "Are you interested in English?"
"Yes."
(I. S) She **asked** him if he *was* interested in English **and he said** that *he was.*

*Exercise No. (150)*

**Put the following into Indirect Speech.**

1. "Would you like to come?" she said.
"Yes," I answered.
2. "Must you do the homework?" he said.
"Yes," she answered.
3. "Can you help me?" said he.
"Yes," she answered.
4. He said, "Have you ever been to Inle Lake?'
"Yes," I answered.
5. I said, "Have you spoken to him about it?"
She answered, "Yes"
6. "Have you told Ko Ko what I said?" said Yi Yi.
"Yes," I answered.
7. He said, "Are you listening to the radio?"
"Yes," she answered.
8. She said to him, "Are you very busy today?"
"Yes,"
9. He said, "Do you see my father?"
I said, "Yes."
10. I said, "Do you want to learn English?"
She said, "Yes."



**"No" answers**

1. (D.S) He said, "Do you like tea?"
She said, "No."
(I. S) He **asked** her if she liked tea, **but she said** that she did not.

2. (D.S) She said, "Will you buy my book?"
"No," I answered.
(I. S) She **asked** me if I would buy her book, **but I answered** that I wouldn't.

3. (D.S) I said, "Have you seen the accident?"
She said, "No."
(I. S) I **asked** her if she had seen the accident, **but she answered** that she hadn't.

4. (D.S) He said, "Are you going to school?"
She said,"No."
(I. S) He **asked** her if she was going to school, **but she said** that she wasn't.

*Exercise No. (151)*

**Put the following into Indirect Speech.**

1. "Do you see what I show?" said he. "No," she said.
2. "Do you understand what I said?" he said. I answered, "No."
3. He said, "Do you hear a loud noise?" She said, "No."
4. He said, "Have you put salt in the curry?"
She said, "No."
5. I said, "Have you left the banana skin on the platform?"
"No," he said.
6. She said, "Have you washed your face?" He said, "No."
7. U Nyunt said to Ni Ni, "Are you sorry for what you did?" "No."
8. He said, "Are you looking through the keyhole?"
She said, "No."
9. Ko Tu said, "Can I lose five pounds in ten days?"
The doctor said, "No."
10. She said, "Would you like to see it? He said, "No."

## (H) CONDITIONAL SENTENCES များကို DIRECT SPEECH မှ INDIRECT SPEECH သို့ ပြောင်းနည်း

(ဒီ လေ့ကျင့်ခန်းတွေကို မလုပ်ခင်၊ Conditional Sentences တွေ အကြောင်းကို လေ့လာ သင့်ပါတယ်။)

1. (D.S) He **says to** me, "If you **try** hard, you **will pass** the examination."
   (I. S) He **tells** me that if I **try** hard, I **will pass** the examination.
2. (D.S) He **says to** her, "If the weather **is** fine, we **will go** on a picnic."
   (I. S) He **tells** her that if the weather **is** fine, they **will go** on a picnic.
3. (D.S) He **said to** me, "If you **try** hard, you **will pass** the examination."
   (I. S) He **told** me that if I **tried** hard, I **would pass** the examination.
4. (D.S) He **said to** her, "If the weather **is** fine, we **will go** on a picnic."
   (I. S) He **told** her that if the weather **was** fine, they **would go** on a picnic.
5. (D.S) He **said**, "If I **knew** how to drive, I **would buy** a car."
   (I. S) He **said** that if he **had known** how to drive, he **would have bought** a car.
6. (D.S) He **said** to me, "If you **tried** hard, you **would pass** the examination."
   (I. S) He **told** me that if I **had tried** hard, I **would have passed** the examination.



## အမိန့်ပေးဝါကျများကို ပြောင်းခြင်း

1. (D.S) He ***says*** to me, "***Try*** hard if you *want* to **pass the** examination."
   စာမေးပွဲအောင်ချင်ရင် ကြိုးစားပါ။
   (I. S) He ***advises*** me ***to try*** hard if I ***want to*** pass the examination.
2. (D.S) He ***said to*** me, "***Try*** hard if you ***want*** to pass the examination."
   (I. S) He **advised** me **to try** hard if I ***wanted*** to pass the examination.

သတိ ။ "If clause" က ဝါကျရဲ့ရှေ့ဘက်မှာရောက်နေရင် clause နှစ်ခုကို ရှေ့နောက် ပြောင်းပြန်ပြောင်းပြီးမှ Indirect Speech သို့ ပြောင်းရပါတယ်။

ဥပမာ

1. (D.S) He ***says*** to me, "If you ***want*** to pass the examination, ***try*** hard."
   (If you want to pass the examination နဲ့ try hard ကို ရှေ့နောက် ပြောင်းပေးရပါတယ်။)
   (I. S) He ***advises*** me ***to try*** hard if I ***want*** to pass the examination.
2. (D.S) He ***said to*** me, "If you ***want*** to pass the examination, ***try*** hard."
   (I. S) He ***advised*** me ***to try*** hard if I ***wanted*** to pass the examination.

### *Exercise No. (152)*

**Put the following into Indirect Speech.**

1. The teacher said to Mon Mon, "If you spend more time on your lessons, you will get better marks."
2. I said to her, "If I have much money, I will give it to you."
3. She says to me, "If you have a good teacher, you will make more progress."

4. He said to her, "If you work hard, you will be successful."
5. He said to her, "If you left early, you would get there on time."
6. I say to him, "If she telephones me, I will let you know."
7. He said, "If I have a headache, I will take the medicine."
8. The doctor said to me, "Take the medicine if you are ill."
9. He said, "If Nwe Ni comes, tell her about our plans."
10. She said, "Go to the doctor if you are ill."
11. She said to me, "If you are hot, open the windows."

## "IF CLAUSE" နဲ့ ရောထားတဲ့ အမိန့်ပေးဝါကျတွေကို INDIRECT ပြောင်းနည်း

(D.S) She said, "**If** it **gets** cold, ***give*** the baby another blanket."

(I. S) She told me *to give* the baby another blanket if it gets cold.

အပေါ်မှာ ဖော်ပြထားတဲ့ ပြောင်းနည်းကိုတော့ သိပြီး၊ လေ့ကျင့်ပြီး ဖြစ်ပါတယ်။ နောက်တစ်မျိုးလဲ ပြောင်းနိုင်ပါသေးတယ်။

### နောက်တစ်မျိုး ပြောင်းနည်း

1. ပြောကြိယာကို say, said နဲ့ ပြန်ရေးပါ။
2. that ခံပေးပါ။
3. "was to + if clause" ပုံစံနဲ့ ဖြစ်စေ
4. should + if clause ပုံစံနဲ့ဖြစ်စေ ပြန်ရေးပါ။

ဥပမာ 1. (D.S) She said, "**If** it **gets** cold, ***give*** the baby another blanket."

(I. S) She said that if it **got** cold I ***was to give*** the baby another blanket. (OR)

She said that if it **got** cold,I ***should give*** the baby another blanket.

2. (D.S) He said, "**If** you **see** Nu Nu, ***give*** her my letter."

(I. S) He said that **if** I **saw** Nu Nu, I ***was to give*** her his letter. (OR)

He said that **if** I **saw** Nu Nu, I ***should give*** her his letter.



## (I) CHANGING DIALOGUE INTO THE INDIRECT SPEECH DIALOGUE အပြန်အလှန် ပြောစကားများကို INDIRECT SPEECH သို့ ပြောင်းနည်း

တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် အချီအချ ပြောစကားများကို Indirect Speech ပြောင်းနည်း။

၁။ ပထမပြောတဲ့လူရဲ့စကားဟာ ရိုးရိုးဝါကျ (Statement) လား၊ မေးခွန်း (Question) ဝါကျလား၊ အမိန့်ပေး၊ တောင်းပန် (order, request) ဝါကျလားကြည့်ပါ။

၂။ ပြောတဲ့စကား အမျိုးအစားကိုကြည့်ပြီး လေ့လာခဲ့ပြီးဖြစ်တဲ့ နည်းကမ်းတွေအတိုင်း ပြောင်းပါ။

၃။ Yes, No တစ်လုံးတည်းပါလာရင်လဲ ဝါကျအပြည့်အစုံနဲ့ ပြန်ရေးပါ။

| | | |
|---|---|---|
| U Aung | : | Where are you going? |
| Daw Win | : | I'm looking for my younger sister. |
| U Aung | : | I saw her going to the market. |
| Daw Win | : | Was she alone? |
| U Aung | : | No, she was with her friends. |
| Daw Win | : | Thank you, I'll follow her. |

***Indirect Speech***

U Aung asked Daw Win where she was going. Daw Win answered that she was looking for her younger sister. U Aung said that he saw her going to the market. Daw Win asked if she was alone. U Aung answered that she was with her friends. Daw Win thanked U Aung and said that she would follow her.

### *Exercise No. (153)*

**Put the following dialogues into the Indirect Speech.**

| | | |
|---|---|---|
| Win Win | : | Can I borrow your exercise book? |
| Aung Aung | : | I'm sorry. I lent it to Tun Tun. |
| Win Win | : | Then, will you lend me your text book? I'll return it tomorrow. |
| Aung Aung | : | Yes. |

*Exercise No. (154)*

**Put the following dialogues into the Indirect Speech.**

| | | |
|---|---|---|
| U Htay | : | Hello, Su Su. How are you today.? |
| Su Su | : | I'm not very well, U Htay. |
| UHtat | : | I'm very sorry. What's the matter? |
| Su Su | : | I have a cold. |
| U Htay | : | Do you have a cough too? |
| Su Su | : | Yes, I do. |
| U Htay | : | What a pity! Drink this medicine. |
| Su Su | : | Thank you, U Htay. |

*Exercise No. (155)*

**Put the following dialogues into the Indirect Speech.**

| | | |
|---|---|---|
| Father | : | How did you do in your test this month? |
| Hnin Hnin | : | I stood first, Father. |
| Father | : | Your mother will be pleased. |
| Hnin Hnin | : | I told her this morning. She was delighted. |
| Father | : | Good. Keep on working hard. |
| Hnin Hnin | : | I will, Father. |

*Exercise No. (156)*

**Put the following dialogues into the Indirect Speech.**

| | | |
|---|---|---|
| Mother | : | What are you looking for? |
| Mg Win | : | I'm looking for my pencil. |
| Mother | : | Isn't it on the table? I think I saw it there. |
| Mg Win | : | No, it isn't there. |
| Mother | : | Isn't it in your pocket? |
| Mg Win | : | No. It isn't. |
| Mother | : | What's that in your bag? |
| Mg Win | : | It's my pencil.Oh! How forgetful I'm ! |



*Exercise No. (157)*

**Change the following from Direct to Indirect Speech.**

1. "When poverty comes, false friends flee," says the old man.
2. "Who never climbs will never fall," says our teacher.
3. "Liars should have good memories," the judge said.
4. "There is no friend like an old friend," says U Yi.
5. The teacher has said, "Indecision and delay are the parents of failure."
6. The girl said, "When there is no danger, all men are equally brave."
7. The poor man said, "A friend in need is a friend indeed."
8. She said, "What a beautiful flower!"
9. The old man said, "How cold it is!"
10. He said, "How stupid I am!"
11. U San said to his son, "Do your homework at once or I'll beat you."
12. Daw Htay said to her daughter, "Sit down quietly for ten minutes and I will give you a doll."
13. U Htay says to me, "Have you been in an aeroplane many times?"
14. Ko Moe said to his friends, "Had the game started when you arrived at the football field?"
15. Sanda said to her friends, "Will you come and see me if you have a holiday?"
16. U Kyaw said to Than Than, "Where are you going for your holidays?"
17. "Did you brush your teeth properly, Thida?" said the dentist.
18. The teacher said to her pupils, "Answer only five questions but you must write your roll number at the top of your paper?"
19. Daw Win said, "Than Than, I cannot find my purse. Can you lend me ten kyats?"
20. Mother said to the nurse, "Is my new baby a boy or a girl? Please show me at once."

### *Exercise No. (158)*

**Change the following passage from Direct Speech to Indirect Speech.**

I. U Win said, "My name's U Win. I was born and brought up in a small town. I studied at Yangon University for six years. Then I became a teacher. I've been teaching English for more than twenty years."

II. Tun Aung said, "Last summer, I went to a village of my friend. When I was in the village, I went fishing with my friend. Early in the morning we sat quietly by the side of a lake. We could smell the sweet fragrance of colourful flowers which were blooming beautifully near the lake. We could also hear the sweet song sung by a cuckoo from a tree near us. At five o'clock in the evening we came back home."

* * *

[illegible] Direct Speech [illegible] Indirect Speech [illegible]

| 1. | 2. | 3. | 4. | 5. |
|---|---|---|---|---|
| ဝါကျ အမျိုးအစား | D.S.တွင် သုံးသော ပြောကြိယာ | I.S.သို့ ပြောင်းရာတွင် သုံးသော ပြောကြိယာ | [illegible] | အခြားပြောင်းလဲမှုများ |
| STATEMENT | say, said<br>say to,<br>said to | say, said<br>tell<br>told | that | 1. Tense ကာလ (လိုအပ်လျှင်) ပြောင်းပါ။<br>2. Pronoun နာမ်စား များကို ပြောင်းပါ။<br>3. Nearness (နီးကပ်ခြင်း) ကို ဖော်ပြတဲ့ စကားလုံးတွေအစား Distance (ဝေးကွာခြင်း) ကို ဖော်ပြတဲ့ စကားလုံးတွေ အဖြစ် ပြောင်းပါ |
| IMPERATIVE | say, said<br>say to,<br>said to | order, beg<br>request | to (သို့)<br>not to | |
| QUESTION (Yes, No လိုသော မေးခွန်း) | say, said<br>say to,<br>said to | ask, enquire<br>want to know | if (သို့)<br>whether | |
| QUESTION (Wh မေးခွန်း) | say, said<br>say to,<br>said to | ask, enquire<br>want to know | who, what စသည့် Wh အမေး စကားလုံး ပြန်သုံး | |
| INTERJECTION (EXCLAMATION) | say, said<br>say to,<br>said to | exclaimed<br>remarked, etc. | that | |

ဟဲ Direct Speech ကနေ Indirect Speech ကို ပြောင်းတဲ့ နည်းတွေကို လေ့လာပြီးပြီဆိုရင် အောက်က ဇယားကွက် ကလေးကို အနှစ်ချုပ် အနေနဲ့ မှတ်သားလိုက်ပါဦး။

| 1. | 2. | 3. | 4. | 5. |
|---|---|---|---|---|
| ဝါကျ အမျိုးအစား | D.S.တွင် သုံးသော ကြိယာ | I.S.သို့ ပြောင်းရာတွင် သုံးသော ကြိယာ | အဆက်ပုဒ် | အခြားပြောင်းလဲမှုများ |
| STATEMENT | say, said<br>say to,<br>said to | say, said<br>tell<br>told | that | 1. Tense ကာလ (လိုအပ်လျှင်) ပြောင်းပါ။ |
| IMPERATIVE | say, said<br>say to,<br>said to | order, beg<br>request | to (သို့)<br>not to | 2. Pronoun နာမ်စား များကို ပြောင်းပါ။ |
| QUESTION (Yes, No လိုသော မေးခွန်း) | say, said<br>say to,<br>said to | ask, enquire<br>want to know | if (သို့)<br>whether | 3. Nearness (နီးကပ်ခြင်း) ကို ဖော်ပြတဲ့ စကားလုံးတွေအစား Distance (ဝေးကွာခြင်း) ကို ဖော်ပြတဲ့ စကားလုံးတွေ အဖြစ် ပြောင်းပါ |
| QUESTION (Wh မေးခွန်း) | say, said<br>say to,<br>said to | ask, enquire<br>want to know | who, wh.. စသည့် Wh အမေး စကားလုံး ဖြင့်သုံး | |
| INTERJECTION (EXCLAMATION) | say, said<br>say to,<br>said to | exclaimed<br>remarked, etc. | that | |

## DIRECT SPEECH AND PUNCTUATION

### ပုံစံ (၁) ရေးနည်း

ပုံစံ (၁) ရေးနည်းကတော့ ပြောကြိယာကို ရှေ့ဘက်ကထားပြီး ပြောသူရဲ့မူရင်းစကားကို နောက်ဘက်ကထား ရေးတဲ့နည်းဖြစ်ပါတယ်။

He said, "I love you."

R.V. R.S.

၁။ ပြောသူရဲ့ မူရင်းစကား (Direct Speech) ကို Inverted commas (or) Quotation Marks အတွင်းမှာထားပြီး ရေးရပါတယ်။

၂။ တစ်ဆင့်ပြန်ပြောသူရဲ့ ပြောကြိယာ He said, She said စသည်တို့ရဲ့နောက်မှာ comma (,) ခံပေးရပါတယ်။

- တစ်ခါတစ်ရံ ပြောစကားက သိပ်တိုနေရင် comma (,) ကို မထည့်ဘဲ ရေးလို့ရပါတယ်။
- ပြောစကားက သိပ်ရှည်နေရင်တော့ comma (,) အစား Colon (:) ကို သုံးရင်လဲ ရပါတယ်။

၃။ ပြောသူရဲ့မူရင်းစကားဖြစ်တဲ့ (" ..... ") Inverted commas ထဲကအစ စကားလုံးကို စာလုံးအကြီး Capital Letter နဲ့ ရေးရပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီပြောစကားကို သီးခြားဝါကျတစ်ခုအနေနဲ့ သတ်မှတ်လို့ပါပဲ။

၄။ တကယ်လို့ ပြောစကားဟာ မေးခွန်းဝါကျ (သို့မဟုတ်) အာမေဋိတ်ဝါကျတွေဖြစ်နေရင် Question mark (?), Exclamation mark (!) တွေကို ဝါကျရဲ့အဆုံးမှာ ထည့်ပေးရပါတယ်။ သူတို့ရဲ့နောက်မှာမှ "close inverted commas" ကို ထည့်ပေးရပါတယ်။

> First, notice the *comma* after "He said". In some cases, usually when the speech is very short, this comma may be omitted, and in other cases, especially when the speech is long; there may be a colon instead of a comma.
>
> *PRACTICAL ENGLISH GRAMMAR (PAGE. 239)*



ဥပမာ

1. He said, "My book is stolen."
   ကျွန်တော့်စာအုပ် အခိုးခံရတယ်လို့ သူကပြောတယ်။
2. He said, "I love you."
   ငါ မင်းကို ချစ်တယ်ကွာလို့ သူကပြောတယ်။
3. He said to Mar Mar, "What do you want?"
   မင်း ဘာကိုလိုချင်တာလဲလို့ သူက မာမာ့ကို မေး (ပြော) တယ်။
4. He said, "Where do you live?"
   မင်း ဘယ်မှာနေသလဲလို့ သူက မေး (ပြော) တယ်။
5. He said, "What a beautiful longyi!"
   လှလိုက်တဲ့လုံချည်လေးကွာလို့ သူကပြောတယ်။

### ပုံစံ (၂) ရေးနည်း

ပုံစံ (၂) ရေးနည်းကတော့ ပြောကြိယာကို ရှေ့ဘက်ကထားပြီး ပြောသူရဲ့မူရင်းစကားကို နောက်ဘက်ကထား ရေးတဲ့နည်းဖြစ်ပါတယ်။

"I love you," he said. (OR)

R.S. R.V.

"I love you," said he.

R.S. R.V.

၁။ ပြောသူရဲ့ မူရင်းစကား (Direct Speech) ကို Inverted commas အတွင်းမှာထားပြီး ရေးရပါတယ်။

၂။ တစ်ဆင့်ပြန်ပြောသူရဲ့ ပြောကြိယာ he said (သို့) said he တို့ရဲ့ ( ပြောစကား အဆုံးမှာ) ရှေ့မှာ comma (,) ခံပေးရပါတယ်။

၃။ ဒါပေမယ့် ပြောစကားဟာ မေးခွန်းဝါကျ (သို့) အာမေဋိတ်ဝါကျဖြစ်နေရင်တော့ Question mark (?), Exclamation mark (!) တွေရဲ့နောက်မှာ Comma (,) မထည့်ရပါဘူး။

၄။ he said (သို့) said he မတိုင်ခင် close inverted comma နဲ့ပိတ်ရပါမယ်။

၅။ he said က he နဲ့ said he က *said* တွေကို စာလုံးအသေး (small letter) နဲ့ပဲ ရေးရပါမယ်။

First, notice the *comma* at the end of the speech. This comma is always present in Type 2. *The only exception* is when there is a question or exclamation mark, since these take the place of any other punctuation. (Except occationally a dash.)

Secondly, the "he said" or similar phrase, begins with a small letter, not a capital.

Lastly, the quotation marks close before *"he said"*.

(P. E. U)

ဥပမာ

- "I don't know what you mean," he said.
  မင်း ဘာကိုဆိုလိုတယ်ဆိုတာ ငါမသိဘူးလို့ သူကပြောခဲ့တယ်။
- "When will you come?" said he.
  မင်း ဘယ်အချိန် လာမှာလဲလို့ သူကပြော (မေး) တယ်။
- "How stupid I am!" he said.
  ငါ့နှယ်ကွာ မိုက်လိုက်တာလို့ သူက ပြောခဲ့တယ်။

**သတိပြုဖို့**

ပြောစကားမူရင်းဟာ တိုတောင်းတဲ့ဝါကျဖြစ်မှသာ ပုံစံ (၂) နဲ့ ရေးရပါတယ်။ ပြောစကားအတွင်း ဝါကျတွေ၊ ပြောစကားတွေ သိပ်များနေရင်တော့ ပုံစံ (၂) ကို မသုံးသင့်ပါဘူး။

## ပုံစံ (၃) ရေးနည်း

ပုံစံ (၃) ရေးနည်းကတော့ ပြောသူရဲ့မူရင်းစကားကို နှစ်ပိုင်းခွဲပြီး ဖော်ပြမယ်၊ ပြောကြိယာကိုတော့ အဲဒီပြောစကားနှစ်ခုရဲ့ အလယ်မှာထားပြီး၊ ရေးသားတဲ့နည်းဖြစ်ပါတယ်။

1. "*If you try hard*," the teacher said,
   R.S. R.V.
   "*You will pass the examination*."
   R.S.
   မင်းကြိုးစားရင် စာမေးပွဲအောင်မှာပါလို့ ဆရာကပြောတယ်။
2. "Tint Tint Tun," said Soe Thu, "will you come tomorrow?"
   တင့်တင့်ထွန်း မင်းမနက်ဖြန် လာမလားလို့ စိုးသူက မေးတယ်။



3. "If I have time," said Tint Tint Tun, "I shall come to you."
   အချိန်ရရင် ကျွန်မ ရှင့်ဆီကိုလာပါ့မယ်လို့ တင့်တင့်ထွန်းက ပြောတယ်။

** အပေါ်မှာ ဖော်ပြခဲ့တဲ့ ဝါကျတွေဟာ ဝါကျတစ်ခုတည်းကို နှစ်ပိုင်းခွဲပြီး ရေးထားတာဖြစ်ပါတယ်။ ဒါကြောင့် ..

- အလယ်မှာရှိတဲ့ The teacher said, said Soe Thu, said Tint Tint Tun တို့ရဲ့နောက်မှာ Comma (,) ကိုသာ ထည့်ရပါတယ်။
- ဒုတိယ Inverted commas အတွင်းမှာရှိတဲ့ အစစာလုံးကိုလဲ စာလုံးအသေး Small Letter နဲ့ ရေးရပါတယ်။

** တကယ်လို့ ရှေ့ဝါကျနဲ့နောက်ဝါကျဟာ သီးသန့်တစ်ခုစီ ဖြစ်နေမယ်ဆိုရင် -

- အလယ်မှာရှိတဲ့ he said, Soe Thu said စတဲ့ ပြောကြိယာရဲ့နောက်မှာ Full Stop (.) ကို ထည့်ရပါမယ်။
- ဒုတိယ Inverted commas အတွင်းမှာရှိတဲ့ အစစာလုံးကိုလဲ စာလုံး အကြီး Capital Letter နဲ့ ရေးရပါမယ်။

ဥပမာ

1. "Don't talk," the teacher ordered. "Open your book and read."
   စကားမပြောနဲ့၊ စာအုပ်ကိုဖွင့်ပြီးဖတ်စမ်းလို့ ဆရာမက ပြော (အမိန့်ပေး) တယ်။
2. "Good morning, class," said the teacher. "Let's begin the lesson."
   ကောင်းသော နံနက်ခင်းပါတပည့်တို့၊ သင်ခန်းစာကို စတင်သင်ကြားကြရအောင်လို့ ဆရာမက ပြောပါတယ်။
3. "The time is eight o'clock," said the announcer. "Here is the news."
   ရှစ်နာရီထိုးပါပြီ၊ သတင်းများကို ကြေညာပါတော့မယ်လို့ သတင်းကြေညာသူက ပြောပါတယ်။

**မှတ်ချက်**

အလယ်မှာရှိတဲ့ ပြောကြိယာ he said, said he တို့ရဲ့နောက်မှာ Full Stop (.) ထည့်ရကြောင်း၊ အပေါ်မှာ ဖော်ပြခဲ့ပြီး ဖြစ်ပါတယ်။

တစ်ခါတစ်ရံ Full Stop (.) အစား Colon (:)၊ Semi Colon (;) တွေကိုလဲ သုံးနိုင်ပါတယ်။ (:) တို့ (;) တို့ကို သုံးရင်တော့ ...

ဒုတိယ Inverted commas အတွင်းမှာရှိတဲ့ အစစာလုံးကို စာလုံးအသေး (small letter) နဲ့ ရေးရပါမယ်။

ဥပမာ 1. "Good morning, class," said the teacher: "let's begin the lesson."

2. "The time is eight o'clock," said the announcer: "here is the news."

3. "Good morning," he said; "how are you?

"Good morning", "No", "Yes", "Thank you", "Excuse me", "Oh!", "Alas!" စတဲ့ .... စတဲ့ အလွန်တိုတောင်းတဲ့ဝါကျတွေ၊ အာမေဍိတ် စကားလုံးတွေဆိုရင်တော့ comma (,) ပဲ ခံခံ၊ full stop (.) ကိုပဲ သုံးသုံး၊ colon (:), semicolon (;) တို့နဲ့ပဲ ရေးရေး၊ မိမိသဘောကျသလို ဖော်ပြနိုင်ပါတယ်။

ဥပမာ (a) "Oh!" he said, "now I understand."

(b) "Oh!" he said; "now I understand."

(c) Oh!" he said: "now I understand."

(d) "Oh!" he said. "Now I understand."

Full Stop ချရင်၊ နောက်ဝါကျမှာ စာလုံးအကြီးနဲ့ ရေးရပါတယ်။ ကျန်သုံးမျိုးမှာတော့ စာလုံးအသေးနဲ့ ရေးရပါတယ်။ (၄) မျိုးလုံး သုံးနိုင်တယ်လို့ဆိုပေမယ့် comma (,) နဲ့ပဲ ရေးကြတာများပါတယ်။

> All these versions are about the same, but (a) is probably the commonest. Notice that it is only in (d) that we need a capital *"N"* for *"Now"*.
>
> *P. E. U (PAGE. 244)*

## "INVERTED COMMAS"

ပြောသူရဲ့ မူရင်းစကား။ (သူ့စကားလုံးတွေ)ကို Inverted commas (or) Quotation marks အတွင်းမှာထားပြီး ရေးတဲ့အခါ Inverted commas နှစ်ခု "......... " ကို သုံးပြီးလဲ ရေးနိုင်ပါတယ်။ တစ်ခုတည်း '..........' ကို သုံးပြီးတော့လဲ ရေးနိုင်ပါတယ်။

ဥပမာ He said, "I'm sorry to hear the news." (OR)
He said, 'I'm sorry to hear the news.'

ဒါပေမယ့်



သူပြောတဲ့ သူ့စကားမူရင်းထဲမှာ အခြားကိုးကားပြောဆိုချက်တစ်ခုရှိတယ်ဆိုရင်တော့ ...

- မူရင်း ပြောစကားကြီးကို "........" နှစ်ခုသုံးပြီး ဖော်ပြရပါတယ်။
- အခြား ကိုးကားရည်ညွှန်းချက်ကို '......... ' တစ်ခုသုံးပြီး ဖော်ပြရပါတယ်။

ဥပမာ 1. (a) The most interesting book is "Thirty Burmese Tales."

(b) He said, "The most interesting book is 'Thirty Burmese Tales'."

2. (a) "Come here," he said.

(b) "Did you say 'come here'?" I asked.

အပေါ်က 1 (a) နဲ့ 2 (a) ဝါကျတွေမှာ "Thirty Burmese Tales" နဲ့ "Come here" ဆိုတာတွေဟာ သီးခြားကိုးကားချက်တွေဖြစ်တယ်၊ ဒါကြောင့် 1 (b) နဲ့ 2 (b) မူရင်း ပြောစကားကြီးအဖြစ် ပြန်ရေးတဲ့အခါမှာ မူရင်းပြောစကားကြီးကို "....." နှစ်ခုနဲ့ ရေးရပါတယ်၊ သီးခြားကိုးကား၊ ရည်ညွှန်းဖော်ပြမှုတွေကိုတော့ '.....' တစ်ခုနဲ့ ရေးရပါတယ်။

> Single quotation marks are used to enclose internal quotations, that is, quotations within quotations.
>
> *PRACTICAL ENGLISH HANDBOOK. (PAGE. 142)*

> We have seen already that double quotation marks (" .... ") are more usual than single ones (' .... '). Both kinds, however, occur when there is a quotation within a quotation.
>
> e.g. 14. (a) The greatest of Dickens' novels is "David Copperfield."
> (b) He said, "The greatest of Dickens' novels is 'David Copperfield'. "
>
> 15. (a) "Come here," he said.
> (b) "Did you say 'Come here'?" I asked.
>
> In 14 (b) and 15 (b) 'Divid Copperfield' and 'Come here' are quotations within another quotation, so they are given single quotation marks. If, on the other hand, we had been using singles for the outer quotation, we would have used doubles for the inner one.
>
> *PRACTICAL ENGLISH USAGE (PAGE. 246)*

## FOR STUDY

### (A) "MUST" နဲ့ ပတ်သက်ပြီး သတိပြုရန်

Direct Speech ကနေ Indirect Speech ကို ပြောင်းတဲ့အခါ will ကို would/ shall ကို should / can ကို could / may ကို might စသဖြင့် သင့်တော်သလို ပြောင်းရကြောင်း ရှင်းပြခဲ့ပြီးဖြစ်ပါတယ်။

ဒါပေမယ့် must ပါလာရင်တော့ သတိပြုရပါမယ်၊ must မှာ အဓိပ္ပာယ် (၂) မျိုးရှိပါတယ်။ ဆိုလိုချင်တဲ့အဓိပ္ပာယ် အနေအထားပေါ်မူတည်ပြီး Indirect Speech ကို ပြောင်းရပါတယ်။

၁။ ယခုပြောဆိုနေတဲ့အချိန်ကာလမှာ အလုပ်တစ်ခုကိုလုပ်ဖို့ လိုအပ်တယ်ဆိုတဲ့အဓိပ္ပာယ် အနေနဲ့ ဖော်ပြချင်တာလား။

၂။ အနာဂတ်ကာလကျမှ အလုပ်တစ်ခုကိုလုပ်ဖို့ လိုအပ်မယ်ဆိုတဲ့ အဓိပ္ပာယ်အနေနဲ့ ဖော်ပြချင်တာလားဆိုတဲ့ အဓိပ္ပာယ်ပေါ်မူတည်ပြီး ပြောင်းရတယ်။

၁။ ယခုပြောဆိုနေတဲ့အချိန်ကာလမှာ ပြုလုပ်ဖို့ လိုအပ်တယ်၊ necessary to do ဆိုတဲ့ အဓိပ္ပာယ်နဲ့သုံးတာဆိုရင် Indirect Speech ကို ပြောင်းတဲ့အခါမှာ must ကို အတိတ်ကြိယာ (*had to*) အဖြစ် ပြောင်းရပါတယ်။

ဥပမာ
1. (D.S) She said, "I ***must*** wash the clothes."
(I. S) She said that she ***had to*** wash the clothes.

2. (D.S) He said, "I ***must*** repair the engine."
(I. S) He said that he ***had to*** repair the engine.

၂။ အနာဂတ်ကာလမှာ အလုပ်တစ်ခုကိုပြုလုပ်ဖို့ လိုအပ်မယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့သုံးတာဆိုရင် Indirect Speech ကို ပြောင်းတဲ့အခါ *must* ကို Past Future Tense ဖြစ်တဲ့ (*would have to*) အဖြစ် ပြောင်းပေးရပါတယ်။

ဥပမာ
1. (D.S) He said, "I ***must*** go next week."
(I. S) He said that he ***would have*** to go the following week.

2. (D.S) She said, "I ***must*** buy a book tomorrow."
(I. S) She said that she ***would have*** *to* buy a book the next day.



## MUST ရဲ့ ငြင်းဆိုပုံစံ

အလုပ်တစ်ခုကို မလုပ်ရဘူး၊ (ဒါမှမဟုတ်) လုပ်ဖို့မလိုအပ်ဘူးလို့ ဖော်ပြပြောဆိုချင်ရင်တော့ must ကို ငြင်းဆိုပုံစံနဲ့ သုံးရပါတယ်။

must (ရဲ့ ဆန့်ကျင်ဘက်အဓိပ္ပာယ်) ငြင်းဆိုပုံစံကတော့ နှစ်မျိုးရှိတယ်၊ must not နဲ့ need not တို့ ဖြစ်ပါတယ်။

"must not" ကို "မသွားရဘူး၊ မလာရဘူး" လို့ တားမြစ်ချင်တဲ့အခါမှာ သုံးပါတယ်။

"need not" ကို "သွားဖို့၊ လာဖို့၊ မလိုအပ်ဘူး" လို့ (unnecessity) ဖော်ပြချင်တဲ့အခါမှာ သုံးပါတယ်။

ဥပမာ
1. Must I go to Mandalay?
မန္တလေးကို ကျွန်တော် သွားရမလား။
2. No, you must not go to Mandalay.
မန္တလေးကို မင်းမသွားရဘူး။
3. No, you need not to go Mandalay.
မန္တလေးကို မင်းသွားဖို့ မလိုအပ်ပါဘူး။

၁။ ယခုပြောဆိုနေတဲ့ကာလအတွက်ဆိုရင် -

လောလောဆယ် ပြောဆိုနေတဲ့အချိန်ကာလ (at the moment of speal:ing.) မှာ ပြုလုပ်ဖို့ မလိုအပ်ဘူးဆိုတဲ့သဘောနဲ့ သုံးတဲ့ဝါကျတွေကို Indirect Speech မှာ ...

- needn't ကို didn't have to ပြောင်းပါ။
- mustn't ကို weren't to/ wasn't to ပြောင်းပါ။

ဥပမာ
1. (D.S) He said, "I ***needn't*** go to Mandalay."
(I. S) He said that he ***didn't have to*** go to Mandalay.

2. (D.S) He said, "I ***mustn't*** *go* to Mandalay."
(I. S) He said that *he* ***wasn't to*** *go* to Mandalay."

၂။ အနာဂတ်ကာလအတွက်ဆိုရင်

- needn't ကို wouldn't have to ပြောင်းပါ။
- mustn't ကို weren't to/ wasn't to ပြောင်းပါ။

ဥပမာ 1. (D.S) He said, "I ***needn't*** go next week."
(I. S) He said that he ***wouldn't have to*** go the following week.

2. (D.S) He said, "I ***mustn't*** go next week."
(I. S) He said that he ***wasn't to*** go the following week.

၃။ "မသွားရဘူး၊ မလာရဘူး၊ မလုပ်ရဘူး" လို့ တားမြစ်တဲ့ (prohibition) အဓိပ္ပာယ်နဲ့ must ကို သုံးတာဆိုရင်တော့ Indirect Speech ပြောင်းတဲ့အခါ must အတိုင်း ဆက်ထားရပါတယ်။

ဥပမာ 1. (D.S) The doctor said to me, "You ***mustn't*** eat over ripe fruits."
(I. S) The doctor told me that I ***must not*** eat over-ripe fruits.

2. (D.S) He said to me, "You ***mustn't*** drink impure milk."
(I. S) He told me that I ***mustn't*** drink impure milk.

To express the absence of obligation or necessity to do something (that is, the opposite of *"must"*), the form *"need not"* is used.

e.g. You must go now ... No, you needn't go just yet, you can stay a little longer.

*L. E. S. (PAGE. 37)*

MUST. Notice that the negative form *mustn't* is a negative obligation; the opposite of *"must"* is "needn't".

| *Obligation* | *No obligation* | *Prohibition* |
|---|---|---|
| He must go. | He needn't go. | He mustn't go. |

*L. E. S. (PAGE. 49)*

| Obligation | No obligation | Prohibition |
|---|---|---|
| He must go | He needn't go | He mustn't go |

L. E. S. (P. 49)



*Exercise No. (159)*

**Put the following into Indirect Speech:**

1. Our father said, "You must not tell lies."
2. The doctor said to the patient, "You must not drink cold water."
3. The teacher said, "You needn't read this lesson."
4. He said, "I needn't learn this exercise next week."
5. Ni Ni said, "You mustn't leave earlier than others."
6. She said to me, "You mustn't decide everything quickly."
7. He said, "Every man must do his duty."
8. He said, "I needn't go to school tomorrow."
9. She said, "I mustn't go to school tomorrow."
10. The patient said, "I must take the medicine."

## (B) "SHALL" နဲ့ ပတ်သက်ပြီး သတိပြုရန်

မေးခွန်းဝါကျအဖြစ်နဲ့ သုံးတဲ့အခါ shall ရဲ့ အဓိပ္ပာယ်ဆိုလိုရင်း (၂) မျိုးရှိတယ်။

၁။ ရိုးရိုးအနာဂတ်ကာလကို ဖော်ပြ၊ မှန်းဆပြောဆိုတဲ့ အဓိပ္ပာယ်နဲ့သုံးတဲ့ shall.

ဥပမာ 1. Shall I go to school tomorrow?
မနက်ဖြန် ကျောင်းတက်ရမယ်လား။

2. Shall we see you tomorrow?
မနက်ဖြန်ကျရင် ဒို့ မင်းကို (လာ) တွေ့ရမယ်လား။

၂။ အနာဂတ်အဓိပ္ပာယ်မဟုတ်ဘဲ၊ အခြားလူ တစ်စုံတစ်ယောက်ရဲ့ သဘောတူညီမှုဆန္ဒကို တောင်းခံတဲ့ အဓိပ္ပာယ်နဲ့သုံးတဲ့ (shall).

ဥပမာ 1. Shall I open the window?
(ကျွန်တော်) ပြတင်းပေါက် ဖွင့်လိုက်ရမလား။

2. Shall I wash the clothes?
အဝတ်တွေ လျှော်လိုက်ရမလား။

ဒီလို အဓိပ္ပာယ် (၂) မျိုးထွက်နေတဲ့ shall နဲ့ မေးတဲ့ မေးခွန်းဝါကျတွေကို Indirect Speech ပြောင်းတဲ့အခါ ဆိုလိုတဲ့အဓိပ္ပာယ်ပေါ်မူတည်ပြီး ပြောင်းနည်း (၂) မျိုး ကွဲပြားသွားပါတယ်။

** ရိုးရိုးအနာဂတ်ကာလကို မှန်းဆပြောဆိုတဲ့အဓိပ္ပာယ်နဲ့သုံးတဲ့ဝါကျတွေအတွက်

1. Shall I ? ကို ........ if he *would*
   Shall we? ကို ....... if they *would*

   စသည်ဖြင့် ပုံစံပြောင်းရပါတယ်။

2. say, said အစား wonder ကို သုံးရပါတယ်။

   ဥပမာ 1. (D.S) She said, "Shall I come tomorrow?"
   (I. S) She wondered if she would come the next day.

   2. (D.S) He said, "Shall I require new books?"
   (I. S) He wondered if he would require new books

** အနာဂတ်အဓိပ္ပာယ်မဟုတ်ဘဲ၊ အခြားလူတစ်ယောက်ယောက်ရဲ့ သဘောတူညီမှုဆန္ဒကို တောင်းတဲ့ အဓိပ္ပာယ်နဲ့သုံးတဲ့ဝါကျတွေအတွက်

1. Shall I ? ကို ........ if he *should*
   Shall we? ကို ....... if they *should*

   စသည်ဖြင့်ပုံစံပြောင်းရပါတယ်။

2. say, said အစား ask ကို သုံးရပါတယ်။

   ဥပမာ 1. (D.S) She said to him, "Shall I put the light out?"
   (I. S) She asked him if she should put the light out.

   2. (D.S) She said to her mother, "Shall I marry him?"
   (I. S) She asked her mother if she should marry him.



## *Exercise No. (160)*

**Change the following into Indirect Speech.**

1. He said, "Shall I ever remember my lover?"
   He wondered ......................................
2. She said, "Shall I take the car?"
   She asked ..............................
3. "Shall I ever get married?" she said.
   She wondered ............................
4. He said, "Shall I put it on the table?"
   He asked ..............................
5. He said, "Shall we arrive in time?"
   He wondered .........................
6. She said, "Shall we read this book?"
   She asked ............................
7. He said, "Shall we leave for Europe?"
   He wondered ..............................
8. She said, "Shall we go to buy rice?"
   She asked .......................
9. He said to his father, "Shall we go to the seashore on our vacation?"
   He asked ................................................
10. She said, "Shall I visit Ni Ni tomorrow?"
    She wondered ............................
11. He said, "Shall I be late for my lesson?"
    He wondered ...........................

## (C) "LET" နဲ့ ပတ်သက်ပြီး သတိပြုရန်

Direct Speech ကနေ Indirect Speech ပြောင်းတဲ့အခါ Let ပါလာရင် သတိပြုရပါတယ်။

၁။ Let ကို အခွင့်တောင်းတဲ့သဘောနဲ့ ရေးထားတဲ့ (ပြောတဲ့) ဝါကျဆိုရင် ...
(a) , " " ဖြုတ်ပြီး Let ရှေ့က to ခံပေးခြင်းအားဖြင့်ဖြစ်စေ ...
(b) , " " ဖြုတ်ပြီး that ခံပေးပြီး Let အစား might (or) might be allowed ကို အသုံးပြု၍ဖြစ်စေ၊ ပြောင်းရပါတယ်။

ဥပမာ 1. (D.S) He said, "Let me eat rice."
ထမင်းစားပါရစေလို့ သူကပြောတယ်။
(I. S) He requested me to let him eat rice. (OR)
He told me that he might be allowed to eat rice.

2. (D.S) The girl said to her mother, "Let me sleep now."
(I. S) The girl requested her mother to let her sleep then. (OR)
The girl told her mother that she might be allowed to sleep then.

၂။ Let ကို အကြံပေးတဲ့၊ အရိပ်အမြွက်ပြောတဲ့သဘောနဲ့ ရေးထားတဲ့ (ပြောတဲ့) ဝါကျဆိုရင် ..

(a) , " " ဖြုတ် that ခံပေးပြီး Let အစား should ကို အသုံးပြုပြီး ပြောင်းရပါတယ်။
(b) ပြောကြိယာကိုလဲ say, (said) အစား propose, suggest တို့ကို သုံးရပါတယ်။

ဥပမာ 1. (D.S) She said, "Let us study English."
တို့တစ်တွေ အင်္ဂလိပ်စာကို လေ့လာကြည့်ကြပါစို့လို့ သူမက ပြောတယ်။
(I. S) She suggested that they should study English.

2. (D.S) He said, "Let us do the homework regularly."
(I. S) He proposed that they should do the homework regularly.

❁



*Exercise No. (161)*

**Put the following into Indirect Speech.**

1. He said, "Let me read your book."
2. The stranger said, "Let me come in."
3. The girl said to her brother, "Please let me know what happens."
4. He said to his father, "Please let me go there."
5. She said to me, "Let me know when you will come again."
6. The soldier said, "Let us do our duty."
7. The said, "Let us build a new bridge."
8. He said to me, "Let us repaint the old car."
9. Cho Cho said, "Let me sing a song at the party."
10. He said, "Let us inspect the machine."

## (D) သတိပြုရမယ့် စည်းချက်တလေးတွေ

### စည်းချက် (၁)

Direct Speech ကနေ Indirect Speech (ပြောင်းတဲ့အခါ နီးကပ်ခြင်း (nearness) ကို ဖော်ပြတဲ့စကားလုံးတွေအစား ဝေးကွာခြင်း (distance)ကို ဖော်ပြတဲ့ စကားလုံးတွေအဖြစ် ပြောင်း လဲပေးရကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။

> Words denoting "nearness" become the corresponding words denoting "remoteness."
>
> *A. C. E. GRAMMAR (PAGE. 364)*

| | | | | |
|---|---|---|---|---|
| ဥပမာ | This | ကို | That | ပြောင်း |
| | These | ကို | Those | ပြောင်း |
| | Here | ကို | There | ပြောင်း စသဖြင့် … |

**ဒါပေမယ့်**

မှရင်းစကား (Direct Speech) ကို ပြောနေသူဟာ (စကား) ပြောနေတဲ့အချိန်မှာ သူ့ရဲ့ရှေ့မှာ ရှိနေတဲ့အရာတွေကို ရည်ညွှန်းပြောဆိုတာဆိုရင်တော့ အဲဒီနီးကပ်ခြင်းပြ စကားလုံးတွေကို (Indirect Speech) တစ်ဆင့်ပြောစကားမှာ အပြောင်းအလဲမလုပ်ဘဲ ဒီအတိုင်း ပြန်ရေးရပါတယ်။

> The change do not occur if the speech is reported during the same period or at the same place;
>
> e.g. Direct : He says, "I am glad to be *here this* evening."
> Indirect : He says that he is glad to be *here this* evening.
>
> *H. S. E. GRAMMAR (PAGE. 382)*
> *WREN & MARIN*

ဥပမာ 1. (D.S) U Hla **pointed** at the book in his hand and said, "I have read ***this*** book."

လက်ထဲမှာကိုင်ထားတဲ့ စာအုပ်ကိုညွှန်ပြပြီး၊ ဦးလှက "ငါ ဒီစာအုပ်ကို ဖတ်ပြီးပြီ" လို့ ပြောတယ်။

(I. S) U Hla pointed at the book in his hand and said that he had read ***this*** book.

လက်ထဲမှာကိုင်ထားတဲ့ စာအုပ်ကိုပြပြီး ဦးလှက သူ ဒီစာအုပ်ကိုဖတ်ပြီးပြီ လို့ ပြောတယ်။

2. (D.S) The girl said to me *five minutes ago*, "I'll wait for you ***here*** till you come back."

(I. S) The girl told me five minutes ago that she would wait for me ***here*** till I came back.

(ပြောတာက "၅" မိနစ်ပဲရှိသေးလို့ here ကို there မပြောင်းပါ။)



3. (D.S) Thein Thein said on Friday, "***Today*** is my birthday."

(I. S) Thein Thein said on Friday that ***today*** was her birthday.

(သောကြာနေ့ဟာ မွေးနေ့ဖြစ်တယ်လို့ ရည်ညွှန်းထားတာမို့ today ကို that day မပြောင်းပါ။)

> But if the speech is made and reported on the same day these time changes are not necessary; and if the place is unchanged "here" can be used in the Indirect Speech.
>
> e.g. Direct : On Monday he said, "My son is coming today."
> Indirect : On Monday he said that his son was coming today.
> Direct : Ten minutes ago he said, "My son is coming today."
> Indirect : Ten minutes ago he said that his son was coming today.
>
> *A PRACTICAL ENGLISH GRAMMAR (PAGE. 206)*

Indirect: Ten minutes ago he said that his son was coming today.

A Practical English Grammar (P. 206)

## ခြွင်းချက် (၂)

Direct ကနေ Indirect ပြောင်းတဲ့အခါမှာ We, Our, Us ကို They, Their, Them သို့ ပြောင်းရကြောင်း ဖော်ပြခဲ့ပါတယ်။

ဥပမာ 1. (D.S) He said, "*We* are very happy."

(I. S) He said that *they* were very happy.

**ဒါပေမယ့်**

We ကို လူသားထု၊ လူသတ္တဝါ (mankind) အားလုံးကို ကိုယ်စားပြုတဲ့ အဓိပ္ပာယ်နဲ့သုံးထားတာဆိုရင်တော့ We ကနေ They မပြောင်းရပါဘူး။ We ကို ဒီအတိုင်း ဆက်ထားရပါတယ်။

ဥပမာ 1. (D.S) Kyaw Kyaw said, "***We*** are human beings."
(I. S) Kyaw Kyaw said that ***we are*** human beings.
(တကယ်လို့ they သာ ပြောင်းလိုက်မယ်ဆိုရင် သူတို့တွေကတော့ လူဖြစ်တယ်၊ ကျော်ကျော်ကတော့ လူဖြစ်တဲ့အထဲမှာ မပါဘဲဖြစ်သွားမယ်)

## ခြွင်းချက် (၃)

Direct ကနေ Indirect ကိုပြောင်းတဲ့အခါမှာ will, ကို would, shall ကို should ပြောင်းရကြောင်း ဖော်ပြခဲ့ပါတယ်။

ဥပမာ 1. (D.S) The boy said, "*I* ***will*** read this book."
(I. S) The boy said that *he* ***would*** read that book.

2. (D.S) We said, "*We* ***shall*** do our duty."
(I. S) We said that *we* ***should*** do our duty.

3. (D.S) I said, "*I* ***shall*** go to school."
(I. S) I said that *I* ***should*** go to school.

**ဒါပေမယ့်**

Will နဲ့ shall ရဲ့အသုံးကို သတိပြုရပါမယ်။

- I, We ကို shall နဲ့ တွဲဖက်သုံးရပါမယ်။
- ကျန် နာမ်စားတွေကို will နဲ့ တွဲဖက်သုံးရပါတယ်။

ဒါကြောင့် I တို့ We တို့ကို He, She, They စသည်ဖြင့်ပြောင်းလိုက်ရင် I, We နဲ့တွဲပြီး ရေးထားတဲ့ shall ကိုလဲ will (သို့) would သို့ ပြောင်းရပါတယ်။

ဥပမာ 1. (D.S) He says, "*I shall* be there."
(I. S) He *says* that he *will* be there.

2. (D.S) He said, "*I shall* be there."
(I. S) He *said* that *he would* be there.

3. (D.S) She said, "I *shall* try my best."
(I. S) She *said* that [redacted] *would* try her best.

4. (D.S) She says, "*I shall* try my best."
(I. S) She says that *she will* try her best.



ပြောသူဟာ *I* တို့ *We* တို့ ဆိုရင်တော့ မပြောင်းရပါဘူး။

ဥပမာ 1. (D.S) I say, "*I shall* be busy."
(I. S) I *say* that I *shall* be busy.

2. (D.S) We say, "*We shall* buy a house."
(I. S) We *say* that *we shall* buy a house.

3. (D.S) I said, "I *shall* study English."
(I. S) I *said* that *I should* study English.

4. (D.S) We said, "*We shall* eat it all."
(I. S) We said that *we should* eat it all.

## ခြွင်းချက် (၄)

ရိုးရိုးပြောစကား (statements) တွေကို Direct ကနေ Indirect ပြောင်းတဲ့အခါ " " ဖြုတ်ပြီး that ထည့်ရကြောင်း ဖော်ပြခဲ့ပါတယ်။

ဥပမာ 1. (D.S) He said, "I have sold my old books."
(I. S) He said ***that*** he had sold his old books.

**ဒါပေမယ့်**

အဲဒီ conjuction (that) ကို မထည့်ဘဲနဲ့ ပြောင်းရင်လဲရပါတယ်။

> The "that" is often omitted, especially in spoken English.
> *HIGH SCHOOL ENGLISH GRAMMAR (PAGE. 380)*
> *WREN & MARTIN*

> In indirect speech the conjunction "that" can be placed after the main verb. It is not, however, necessary, and is often omitted.
>
> 1. (D.S) He said, "I have bought a typewriter."
>    (I.S) He said *that* he had bought a typewriter. (OR)
>    He said he had bought a typewriter.
>
> *P. E. G. (PAGE. 205)*

**ခြွင်းချက် (၅)**

Direct Speech က indirect Speech ကိုပြောင်းတဲ့အခါ I, my, me, ဆိုတဲ့ (1st person) နာမ်စားတွေကို he, his, him, she, her, her စတဲ့ (3rd person) နာမ်စားတွေအဖြစ် ပြောင်းရကြောင်း ဖော်ပြခဲ့ပါတယ်။

ဥပမာ

1. (D.S) He said, "***I*** love **my** father and **my** father loves ***me***."
   (I. S) He said that ***he*** loved ***his father and his*** father loved ***him***.

2. (D.S) She said, "***I*** like ***my friend and my*** friend likes ***me***."
   (I. S) She said that ***she*** liked ***her*** friend and ***her*** friend liked ***her***.

**ဒါပေမယ့်**

ပြောသူဟာ "I" ဖြစ်နေရင်တော့ မပြောင်းရပါဘူး။

ဥပမာ

1. (D.S) I said, "***I*** see ***my*** mother but ***my*** mother does not see ***me***."
   (I. S) I said that ***I*** saw ***my*** mother but ***my*** mother did not see ***me***.



**ခြွင်းချက် (၆)**

ပြောခံရတဲ့ (2nd person) နာမ်စား you, your, you ကိုလဲ he, his, him, she, her, her စသဖြင့် ပြောင်းရကြောင်း ဖော်ပြခဲ့ပါတယ်။

ဥပမာ

1. (D.S) He said to Nwe Ni, "***You*** love ***your*** sister but ***your*** sister does not love ***you***."
   (I. S) He told Nwe Ni that ***she*** loved ***her*** sister but ***her*** sister did not love ***her***.

2. (D.S) He said to Thiha, "***You*** hate ***your*** neighbours but ***your*** neighbours do not hate ***you***."
   (I. S) He told Thiha that ***he*** hated ***his*** neighbours but ***his*** neighbours did not hate ***him***.

**ဒါပေမယ့်**

ပြောခံရသူဟာ "you" ဖြစ်နေရင်တော့ မပြောင်းရပါဘူး။

1. (D.S) He said to *you*, "***You*** and ***your*** brother insult them but they forgive ***you***."
   (I. S) He told you that ***you*** and ***your*** brother insulted them but they forgave ***you***.

**မှတ်ချက်**

ပြောစကားအတွင်းမှာပါတဲ့ (3rd person pronouns) he, his, him, she, her, her, they, their, them စသည်တို့ကိုတော့ အပြောင်းအလဲ မလုပ်ရပါဘူး။

## ခြွင်းချက် (၇)

Direct Speech က Indirect Speech ကိုပြောင်းတဲ့အခါ will ကို would, shall, ကို should, can ကို could စသဖြင့် ပြောင်းရကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။

**ဥပမာ** 1. (D.S.) She said, "*I* ***can*** help him."
(I. S.) She said that she ***could*** help him.

**ဒါပေမယ့်**

Direct Speech တိုက်ရိုက် ပြောစကားထဲမှာ would, should, used, might, could စသည်တို့ပါလာပြီး အဓိပ္ပါယ်ကလဲ (was able)ဆိုတဲ့ သဘောနဲ့ ဆိုရင်တော့ Indirect Speech ပြောင်းတဲ့အခါ၊ မပြောင်းလဲဘဲ ဒီအတိုင်း ရေးရပါတယ်။

**ဥပမာ** 1. (D.S.) He said, "We ***should*** look after the poor."
(I. S.) He said that they ***should*** look after the poor.

2. (D.S.) He said, "I ***might*** stay a little longer."
(I. S.) He said that he ***might*** stay a little longer.

3. (D.S.) She said, "I ***could*** lift it."
(I. S.) She said that she ***could*** lift it.

> (*would, should, used, might* and *could* except when it means *was able*) normally remain unchanged in statements.
> *A PRACTICAL E. GRAMMAR COMBINED EXERCISES (PAGE. 170)*



# INDIRECT SPEECH TO DIRECT SPEECH

# INDIRECT SPEECH TO DIRECT SPEECH

## INDIRECT SPEECH မှ DIRECT SPEECH သို့ ပြောင်းနည်း

Direct Speech ကနေ Indirect Speech ကို ပြောင်းတဲ့အခါ လွယ်ကူပေမယ့် Indirect ကနေ Direct ပြောင်းတဲ့အခါ အခက်အခဲ တွေ့တတ်ပါတယ်။ ဒါကြောင့် Direct ကနေ Indirect ပြောင်းနည်းတွေကို သေသေချာချာ ကျကျနန လေ့လာပါ။ စာမျက်နှာ ( ) မှာ ဖော်ပြထားတဲ့ အနှစ်ချုပ်ဇယားကို ပိုင်ပြီဆိုမှ Indirect ကနေ Direct ပြောင်းနည်းကို ဆက်လက် လေ့လာသင့်ပါတယ်။

ဇယားမှာ လေ့လာရင် Direct ကို ပြောင်းရမယ့် Indirect Speech ဝါကျမှာ

1. "that" ပါရင် Statement
2. if, whether, where, when, how, why ပါရင် Question
3. to, not to စသည်တို့ ပါရင် Imperative (အမိန့်ပေး၊ တောင်းပန်) ဝါကျတွေ ဖြစ်တယ်ဆိုတာ ပထမဦးဆုံး ကွဲကွဲပြားပြား သိထားဖို့လိုပါတယ်။

အဲဒီလို ဝါကျအမျိုးအစားကို ခွဲခြားပြီး သိပြီဆိုမှ တစ်ခုချင်းကို အသေးစိတ် လေ့လာသင့်ပါတယ်။

## STATEMENT ဝါကျများကို DIRECT SPEECH ပြောင်းနည်း

1. say, said — ဆိုလျှင် မပြောင်းဘဲပြန်ရေးပါ။
   tell — ဆိုလျှင် say to
   told — ဆိုလျှင် said to သို့ ပြောင်းပါ။
2. that — ကို ဖြုတ်ပြီး , " " ထည့်ပါ။
3. that — နောက်ကစာလုံးကို , " " အတွင်း ထည့်တဲ့အခါ၊ အစ စာလုံးကို စာလုံးကြီး capital letter သို့ ပြောင်းပေးပါ။
4. that — နောက်ဘက်မှာရှိတဲ့ နာမ်စားတွေကို သတိပြုပါ။ ပြောသူလား၊ အပြောခံရသူလား ကြည့်ပြီး
   (A) ပြောသူ (ကတ္တား) ကို ရည်ညွှန်းတဲ့ he, his, him, she, her, her (စတဲ့ 3rd person) နာမ်စားတွေကို I, my, me (စတဲ့ 1st person) နာမ်စားတွေအဖြစ် ပြောင်းပါ။
   (B) ပြောခံရသူ (ကံ) ကို ရည်ညွှန်းတဲ့ he, his, him, she, her, her (စတဲ့ 3rd person) နာမ်စားတွေကို you, your, you (စတဲ့ 2nd person) နာမ်စားတွေအဖြစ် ပြောင်းပါ။
5. ပြောစကားအတွင်းမှာရှိတဲ့ ကြိယာတွေကို သင့်သလို ပြန်ပြောင်းပေးပါ။
6. ပြောစကားအတွင်းမှာ ရှိတဲ့ စကားလုံး အချို့ကို ပြန်ပြောင်း ပေးပါ။ ဥပမာ those ကို these, that ကို this စသည်ဖြင့် စကားလုံးတွေကို ပြန်ပြောင်းပေးပါ။

ဥပမာ 1. (I.S.) Nyi Nyi said that he was busy that day.
(D.S.) Nyi Nyi said, "I am busy today."
2. (I.S.) Nyi Nyi told Ni Ni that he loved her.
(D.S.) Nyi Nyi said to Ni Ni, "I love you."
3. (I.S.) Ko Gyi says that he likes coffee.
(D.S.) Ko Gyi says, "I like coffee."
4. (I.S.) Ko Gyi tells Ni Ni that he will see her the next day.
(D.S.) Ko Gyi says to Ni Ni, "I will see you tomorrow."
5. (I.S.) He says that he was very sad the day before.
(D.S.) He says, "I was very sad yesterday."

## Exercise No. (162)

**Change the following from Indirect Speech to Direct Speech.**

1. Htay Htay said that she was going to Pyin-Oo-Lwin with her father.
2. The policeman told the little girl that he would take her to her house.
3. Aung Aung said that he liked his cat Shwe War.
4. U Pwa said that he did not like English food very much.
5. Ko Ko told Ni Ni that he did not believe her.
6. The boy said that he was very hungry.
7. Yi Yi said that she would not do her work.
8. U Su said that he hoped it would not rain the next day.
9. The teacher told her pupils that she had taught them that lesson.
10. John told Mary that he could not go to school with her.
11. Aung Aung said that he was very fortunate.
12. Kyi Kyi said that she was very ill the day before.
13. U Hlaing said that he had never been there before.
14. Nyi Nyi told Yi Yi that he would come to her as soon as he could.
15. The man said that he would not buy the house.
16. He told me that he wanted to speak to me.
17. She tells me that she is ready to go with me.
18. Nilar said that she had been shopping all the morning.
19. Nwe Lay tells Sandi that they should always try their best.
20. Shwe Zin tells Win Aung that he has been smoking too much.



## Exercise No. (163)

**Change the following from Indirect Speech to Direct Speech.**

1. Ko Tun said that he had read that book.
2. Nyo Nyo said that she would go to Mandalay the next day.
3. Nyunt Win told his lover that she had deceived him.
4. Than Than told Aung Aung that she didn't believe a word he was saying.
5. She told me that she could speak English.
6. He told me that he went to his class every day.
7. Ni Ni told him that they had plenty of time to do their work.
8. Nwe Lay told me that she would take me to her house.
9. She told Tun Tun that she had written him a long letter.
10. Aung Aung said that he loved his father very much.
11. He said that that book was difficult for him.
12. U Win said that he had to go to the dentist every day.
13. The traveller said that he would go to the shop before it closed.
14. Ko Kyaw told Sandi that he hoped she could decide what she wanted to do.
15. Ko Ko tells Thanda that he can never talk easily with her.
16. He tells her that he will examine her on the work she has done.
17. I tell Win Win that I want to save her from making the mistake that I made.
18. She said that the brothers were so alike and she could not tell one from the other.
19. Our father told us that when he advised us to do that, he was speaking from experience.
20. The teacher tells me that if she were in my place, she would wait for a time.

## QUESTION မေးခွန်းဝါကျများကို DIRECT SPEECH ပြောင်းနည်း

1. asked, inquired တို့ကို ဖြုတ်ပြီး
   - ပြောခံရသူပါလျှင် say to, said to
   - ပြောခံရသူမပါလျှင် say, said လို့ပြောင်းပါ။
2. if, whether, whether ... or not စသည်တို့ပါရင်ဖြုတ်ပြီး , " " ထည့်ပါ။

3. ရိုးရိုးဝါကျကို မေးခွန်းဝါကျပုံစံ ပြန်ပြောင်းပါ။
4. ပြောစကားအတွင်းမှာရှိတဲ့ ကြိယာတွေ၊ နာမ်စားတွေကို လိုအပ်သလို ပြောင်းပါ။
5. that ကို this, those ကို these ... etc. စသည်ဖြင့် စကားလုံးတွေကို ပြန်ပြောင်းပေးပါ။

ဥပမာ 1. (I.S.) He **asked** the girl **if** she was waiting for her friend.
(D.S.) He **said to** the girl, "Are you waiting for your friend?"

2. (I.S.) He **asked** me **if** I was very busy.
(D.S.) He **said to** me, "Are you very busy?"

3. (I.S.) She **asked if** that box was made of wood.
(D.S.) She **said**, "Is this box made of wood?"

4. (I.S.) She ***asked*** Wai Wai **if** she would come the next day.
(D.S.) He **said to** Wai Wai, "Will you come tomorrow?"

5. (I.S.) She **asked** me **if** I could play the piano.
(D.S.) She **said to** me, "Can you play the piano?"

6. (I.S.) I **asked** Than Than **if** she should speak like that.
(D.S.) I **said to** Than Than, "Should you speak like this?"

7. (I.S.) She **asked** U Ni **if** he would give her what she wanted.
(D.S.) She **said to** U Ni, "Will you give me what I want?"

8. (I.S.) Daw Mya **asked** Htay Htay **if** she had washed that shirt.
(D.S.) Daw Mya **said to** Htay Htay, "Have you washed this shi:rt?"

9. (I.S.) The teacher **asked** us **whether** we had put the books on the table.
(D.S.) The teacher **said to** us, "Have you put the books on the table?".

10 (I.S.) U Sein **asked** the cook **whether** she had cooked the food or not.
(D.S.) U Sein **said** *to* the cook, "Have you cooked the food or not?"

11. (I.S) Zin Mar **asked** Kyaw Kyaw **if** he liked tea.
(D.S) Zin Mar **said to** Kyaw Kyaw, "Do you like tea?"

12. (I.S) Win Mar **asked** her father **if** he bought a new house.
(D.S) Win Mar **said to** her fathter, "Do you buy a new house?"



13. (I.S.) Kyaw Thu **asks** Nilar *if* she loves him.
(D.S.) Kyaw Thu **says to** Nilar, "Do you love me?"

14. (I.S.) Ko Lay **asks if** I hate him.
(D.S.) Ko Lay **says**, "Do you hate me?"

15. (I.S.) Ko Gyi **asked if** I caught the bird.
(D.S.) Ko Gyi **said** , "Do you catch the bird?"

16. (I.S.) Nu Nu **asked** Su Su why she was crying.
(D.S.) Nu Nu **said to** Su Su, "Why are you crying?"

17. (I.S.) The officer **asked** me where I was born.
(D.S.) The officer **said to** me, "Where are you born?"

18. (I.S.) She **asked** him why he had killed her cat.
(D.S.) She **said to** him, "Why have you killed my cat?"

19. (I.S.) Si Si **asked** what was the cause of my bad temper.
(D.S.) Si Si **said** , "What is the cause of your bad temper?"

20. (I.S.) U Su **asks** when I will go to the market.
(D.S.) U Su **says**, "When will you go to the market?"

21. (I.S.) He **asked** how I went to Mandalay.
(D.S.) He **said,** "How do you go to Mandalay?"

22. (I.S.) She **asks** when I usually go to bed.
(D.S.) She **says**, "When do you usually go to bed?"

23. (I.S.) She **asked** when I wrote that book.
(D.S.) She **said**, "When do you write this book?"

24. (I.S.) Nwe Ni **asked** Paw Oo where he had hidden her slippers.
(D.S.) Nwe Ni **said to** Paw Oo, "Where have you hidden my slippers?"

25. (I.S.) Thida **asked** Nilar how she would solve that problem.
(D.S.) Thida **said to** Nilar, "How will you solve this problem?"

## *Exercise No. (164)*

**Change the following from Indirect to Direct Speech form.**

1. Mary asked John if he was going to school.
2. Nwe Nwe asked Sandi if she was very happy.
3. Aung Lwin asked Ni Ni if she was ready to come with him.
4. U Sein asked Phyu Phyu if she was giving a party that week.
5. Daw Lay asked U Saw if he was angry with her.
6. U Nyo asked his wife if his children had gone to school.
7. The teacher asked her pupils if they had done their homework.
8. The traveller asked me if I had heard the news.
9. Wai Wai asked Mar Mar if she had bought a new hat.
10. The officer asked the clerk if he had finished his work.
11. Thein Thein asked Ko Zaw if he could repair the watch.
12. Htar Htar asked Ko Moe if he would help her that day.
13. He asked Moe Moe if she would be there at noon.
14. Ko Naing asked Myint Myint if she would give him a present.
15. Ohn Ohn asked Ko Myo if she would try to please his mother.
16. Mar Mar Aye asked Hla Htut if he could play the piano very well.
17. He asked her if she lived in that house.
18. Than Than asked Ko Nyi if he tried to be in time that day.
19. San San asked Thida if she wrote essays regularly.
20. Win Win asked Tun Tun if he really came from Pyin-Oo-Lwin.

## *Exercise No. (165)*

**Change the following from Indirect to Direct Speech form.**

1. He asked how the rich should help the poor.
2. He asked me why I could do difficult exercises correctly.
3. He asked Daw Lay why she did all her housework.
4. Tun Tun asks Thida why she always goes about without an umbrella.
5. U Tun asked me how long I could stay with him.
6. Thuzar asked Nyo Maung when he would buy her a diamond ring.
7. She asked me why I had come there.
8. He asked her when she had known the truth.



9. They asked U Chit when he would build a new house.
10. U Zaw asked Daw Nyein where she had bought a piece of land.
11. We ask the villagers where they will dig a well.
12. He asked the girl when she would come.
13. The pupils asked the teacher what they should study for the examination.
14. The passenger inquired what time the train for Mandalay left.
15. He asked the boy what he saw when he peeped through the keyhole.
16. U Phyu asked Ni Ni which of the two girls was her sister.
17. She asked me what I was doing at the station.
18. U Hlaing asked Than Than when she had learnt those exercises.
19. My friends asked me where I had bought that beautiful longyi.
20. Aye Aye asked Yin Yin where she spent her holidays the previous year.

## IMPERATIVE (အမိန့်ပေး၊ တောင်းပန်၊ ...) ဝါကျများကို DIRECT SPEECH ပြောင်းနည်း

1. order, beg, request စသည်တို့ပါရင် ဖြုတ်ပြီး
   - ပြောခံရသူမပါရင် say, said
   - ပြောခံရသူပါရင် say to, said to ပြောင်းပါ။
2. to, not to တို့ကို ဖြုတ်ပြီး , “ ” ထည့်ပါ။
3. to ကို ဖြုတ်ပြီးရင် to နောက်က ကြိယာ (verb) နဲ့ ပြန်စပါ။
4. not to ကို ဖြုတ်ရင် Don't ထည့်ပေးပါ။
5. ပြောင်းသင့်တဲ့ (နာမ်စား၊ ကြိယာ၊ စကားလုံး) တွေကို ပြန်ပြောင်းပါ။

ဥပမာ
1. (I.S.) He ordered **to go** to bed.
   (D.S.) He said, “**Go** to bed.”
2. (I.S.) He ordered **not to go** to bed.
   (D.S.) He said, “**Don't go** to bed.”
3. (I.S.) She ordered me **to look** at her.
   (D.S.) She said to me, “**Look** at me.”

4. (I.S.) She ordered me **not to look** at her.
(D.S.) She said to me, "**Don't look** at me."

5. (I.S.) He requested her **to give** him a cup of milk.
(D.S.) He said to her, "**Give** me a cup of milk."

6. (I.S.) He requested her **not to beat** him.
(D.S.) He said to her, "**Don't beat** me."

7. (I.S.) The robber ordered the rich man **to give** him all the money.
(D.S.) The robber said to the rich man, "**Give** me all the money."

8. (I.S.) The rich man begged the robber **not to kill** him.
(D.S.) The rich man said to the robber, "**Don't kill** me."

9. (I.S.) He ordered me **not to look** out of the window.
(D.S.) He said to me, "**Don't look** out of the window."

10. (I.S.) She requests Aung Aung **not to follow** her.
(D.S.) She says to Aung Aung, "**Don't follow** me." (OR)
She says to Aung Aung, "**Please don't** follow me."

### *Exercise No. (166)*

**Change the following from Indirect to Direct Speech form.**

1. He ordered me to go and get him a packet of cigarettes.
2. Marlar requested Nu Nu to show her the way.
3. The old man bagged her to give him some food.
4. She requested me to give her a piece of good advice.
5. He requested her to pack her bag in time.
6. He requested me not to look at her like that.
7. The teacher advises us not to hope to get everything we want from life.
8. She requested me not to switch the light on.
9. They ordered the girl not to run away.
10. The captain ordered the soldiers not to march through the forest.
11. The doctor advised me not to sleep before 10 o' clock.
12. She requested me to come to her on time.



13. She requested me not to come to her every day.
14. She requested me to put the light out.
15. I requested Ni Ni not to laugh at what I said.
16. The boy requested his mother not to prevent him from speaking.
17. She requested him to tell her about his work.
18. The patient requested the nurse to come and see him the next day.
19. Our mother ordered me to go and sit beside my sister.
20. The teacher ordered me to go in [redacted]

When we report statements, we often use *that*, but we can sometimes leave it out:

*You told me (that) you were working today.*
*Ben promised (that) he wouldn't be late.*

When we leave out *that*, we sound less formal.

*OXFORD PRACTICE GRAMMAR (PAGE. 250)*
*JOHN EASTWOOD*

Compare:

"I'm here on holiday." She said she was there on holiday.
"I'll seeyou **tomorrow.**" He said he would see me **the next day.**

The way these words change depends on the situation. For example, if someone was speaking yesterday and they said *"I'll see you tomorrow"*, we could now say *He said he would see me today.*

*THE HEINEMANN ENGLISH GRAMMAR (PAGE. 124)*
*DIGBY BEAUMONT & COLIN GRANGER*

After *ask*, we often use an object (e.g. *Ken, me*) to say who was asked.

I *asked Ken* if he was cold.
He *asked me* why I'd said that.

*THE HEINEMANN ENGLISH GRAMMAR (PAGE. 126)*
*DIGBY BEAUMONT & COLIN GRANGER*

It is not always necessary to change the verb when you use reported speech. If you are reporting something and you feel that it is still true, you do not need to change the tense of the verb:

| | | |
|---|---|---|
| Direct | : | Tom said, "New York is bigger than London." |
| Reported | : | Tom said (that) New York is (or was) bigger than London. |
| Direct | : | Ann said "I want to go to New York next year." |
| Reported | : | Ann said (that) she wants (or wanted) to go to new York next year. |

Notice that it is also correct to change the verb into the past.
But you must use a past tense when there is a difference between what was said and what is really true. Study this example situation:

You met Ann. She said "Jim is ill". (Direct speech)

Later that day you see Jim playing tennis and looking well. You say:

"I'm surprised to see you playing tennis, Jim. Ann said that you were ill." (*not* 'that you are ill', because he isn't ill)

*ENGLISH GRAMMAR IN USE (PAGE. 96)*
*RAYMOND MURPHY*

# CHAPTER XXVIII



# SEQUENCE OF TENSES

# SEQUENCE OF TENSES
# ကာလများ၏ အစီအစဉ်

Clause (ဝါကျပိုင်း) နှစ်ခုရှိတဲ့၊ ဝါကျအမျိုးအစား နှစ်မျိုးရှိပါတယ်။ Compound sentence နဲ့ Complex sentence တို့ ဖြစ်ပါတယ်။

Sequence of Tenses (ရေးသားနည်း) စည်းကမ်းချက်တွေဟာ Complex sentence တွေနဲ့သာ သက်ဆိုင်ပါတယ်။ Compound sentence တွေနဲ့ မသက်ဆိုင်ပါ။

Complex sentence တိုင်းမှာ Clause နှစ်ခုရှိပါတယ်။

1. Principal clause (Main clause) = ပဓာနဝါကျပိုင်းနဲ့
2. Subordinate clause = မှီခိုဝါကျပိုင်း တို့ဖြစ်ပါတယ်။

ဥပမာ 1. I *eat rice* because I am hungry.
(Main clause) (Sub: clause)

2. He tried hard as he wanted to pass the examination.
(Main clause) (Sub: clause)

အဲဒီလို clause နှစ်ခုရှိတဲ့ (complex) ဝါကျတစ်ကြောင်းကို ရေးတော့မယ်ဆိုရင် clause နှစ်ခုလုံးမှာရှိတဲ့ ကြိယာတွေရဲ့ ကာလ (tense) ကို သတိပြုပြီး ရေးရပါတယ်။

- Main clause မှာရှိတဲ့ ကြိယာဟာ Present Tense (သို့) Future Tense လား (သို့မဟုတ်)
- Main clause မှာရှိတဲ့ ကြိယာဟာ Past Tense လားဆိုတာ အရင်ဆုံး သတိပြုရပါတယ်။ ပြီးတော့မှ Subordinate clause ရဲ့ ကြိယာကို သတိပြုပြီး တွဲဖက်ရေးသားရပါတယ်။
- Main clause မှာ ရှိတဲ့ ကြိယာဟာ Present Tense (သို့) Future Tense ဆိုရင်
- Subordinate Clause မှာရှိတဲ့ကြိယာဟာ ဘယ်ကာလမဆို ဖြစ်နိုင်ပါတယ်၊ ဆိုလိုချင်တဲ့ အဓိပ္ပာယ်ပေါ် မူတည်ပြီး ရေးရပါတယ်။

ဥပမာ

| Main clause | Subordinate clause |
|---|---|
| I eat rice | 1. because I *am* hungry.<br>2. because I *was* hungry.<br>3. because I *shall be* hungry. |
| I *shall eat* rice | 1. because I *am* hungry.<br>2. because I *was* hungry.<br>3. because I *shall be* hungry. |

✤ **Main clause** မှာရှိတဲ့ ကြိယာဟာ **Past Tense** ဆိုရင် **Subordinate clause** မှာ ရှိတဲ့ ကြိယာကိုလဲ **Past Tense** နဲ့ ရေးရပါတယ်။ (သို့သော် ခြွင်းချက်တွေတော့ ရှိပါတယ်။)

ဥပမာ

| Main clause | Subordinate clause |
|---|---|
| I *ate* rice | because I *was* hungry. |

ကဲ … စည်းကမ်းချက်ကလေးတွေကို လေ့လာကြည့်ကြရအောင်

## RULE 1
## စည်းကမ်းချက် (၁)

ဝါကျ (complex sentense) တစ်ခုအတွင်း၊ ပဓာန ဝါကျပိုင်း (Principal clause)က ကြိယာကို (Past Tense) အတိတ်ကာလနဲ့ ရေးရင်၊ မှီခိုဝါကျပိုင်း (Subordinate clause)က ကြိယာကိုလဲ (Past Tense) အတိတ်ကြိယာနဲ့ ရေးသားရပါတယ်။

1. They *knew* that I *was* innocent.
   ကျွန်တော် အပြစ်မရှိကြောင်း သူတို့သိပါတယ်။
2. We *drank* water because we *felt* thirsty.
   ကျွန်တော်တို့ ရေငတ်သောကြောင့် ရေသောက်ကြတယ်။
3. He ate rice as he *felt* hungry.
   ဆာလို့ (သောကြောင့်) သူထမင်းစားတယ်။



## Exercise No. (167)

**Rewrite the following sentences choosing the correct form of the verbs given in parentheses.**

ကွင်းထဲမှာပေးထားတဲ့ ကြိယာပုံစံအမှန်ကို ရွေးချယ်ပြီး ဝါကျများကို ပြန်ရေးပါ။

1. U Tun said that she (will/would) be given some books.
2. The poor woman said that she (can/could) not buy the new dress.
3. He asked me what time it (is/was).
4. The girl told me that her name (is/was) Sanda.
5. I didn't know where they (live/lived).
6. The teacher said that we (may/might) go home.
7. U Sein said that he (has/had) seen his old friend.
8. The judge found out that he (is/was) guilty.
9. He thought it (is/was) going to rain.
10. He saw that the clock (has/had) stopped.
11. The students tried hard that they (may/might) succeed.
12. I was so tired that I (can/could) hardly stand.
13. I was sitting when the telephone bell (rings/rang) again.
14. We thought we (will/would) be late for school.
15. She never thought that she (will/would) see her brother again.

## Exercise No. (168)

**Remembering the rule covering the "Sequence of Tenses", change each of the following sentences to past time.**

အောက်ပါဝါကျများကို **Past Tense** ပြောင်းပါ။

1. Our father says he may be late.
   (Our father said he might be late.)
2. She swears she has never loved the other boys before.
3. We hope we will pass the examination.
4. He says he cannot do the homework.
5. U Nyunt says he is very busy.
6. I think she is innocent.
7. I am certain the teacher will punish the naughty boy.
8. The newspaper says the weather today will be hot.

9. She says she cannot speak English.
10. I think I may finish my work by three o' clock.
11. She doesn't think she will succeed.
12. He promises that he will not tell lies again.
13. She says that she has a bad cold.
14. The boy says that he has known the girl.
15. I am sure that she will come tomorrow.
16. She promises that the error will not occur again.
17. I buy the book because it is interesting.
18. She weeps because she is sad.
19. We are certain that prices will go up soon.
20. The merchant says that prices are sure to rise.

## *Exercise No. (169)*

**Change the following sentences from the past to the present tense.**
**အောက်ပါဝါကျများကို Past Tense မှ Present Tense သို့ပြောင်းပါ။**

1. She said she loved her father.
   (She says she loves her father.)
2. I did not think he would pass the examination.
3. Did she say she would come?
4. Did they promise they would tell the truth?
5. Did you think it would rain heavily?
6. I was sure U Phyu was honest.
7. The judge declared that the prisoner was guilty.
8. The newspaper said it would rain today.
9. She said she could not understand what I meant.
10. He said he would leave for Pyin-Oo-Lwin.
11. She said her father was U Han.
12. We hoped we might reach home in time.
13. He said he had done the homework.
14. He said he would bring the book tomorrow.
15. The girl complained that she had a headache.
16. She promised that she would never go with him.
17. She said her father was a doctor.
18. They thought that she would buy a car.
19. He said he was too tired to walk.
20. The girl said she was old enough to go to school.



## EXCEPTIONS ခြွင်းချက်များ

### *Exception (1)*
ခြွင်းချက် (၁)

ပဓာနဝါကျပိုင်း Principal clause ထဲက (main verb) ကို အတိတ်ကြိယာပုံစံ (Past Tense) နဲ့ ရေးထားပေမယ့် Subordinate clause မှီခိုဝါကျမှာ ဖော်ပြချင်တဲ့ အကြောင်းအရာဟာ ...

- "ယေဘုယျဖြစ်လေ့ဖြစ်ထရှိတဲ့ အကြောင်းတွေ"
- "အမှန်တရားတွေ"

ဆိုရင်တော့ မှီခို ဝါကျပိုင်းက ကြိယာကို Present Tense နဲ့ပဲ ရေးရပါတယ်။

ဥပမာ

1. He *learnt* at school that the earth *goes* round the sun.
   ကျောင်းမှာ သင်ယူခဲ့ရတာက အတိတ်ကဖြစ်ရပ် ဒါကြောင့် Past tense ကို သုံးတယ်။
   ကမ္ဘာက နေကို ပတ်တယ်ဆိုတဲ့ အကြောင်းအရာကတော့ အမှန်တရား၊ ဒါကြောင့် Present Tense နဲ့ ရေးရပါတယ်။
2. I *was* told that his grandmother *is* hard of hearing.
   သူ့အဖွား နားလေးတယ်ဆိုတာ ကျွန်တော့်ကိုပြောခဲ့တယ်။
   (ပြောခဲ့တာက အတိတ်က၊ ဒါကြောင့် Past Tense ၊ သူ့အဖွား နားလေးတာကတော့ အရှိတရား၊ အမှန်တရား၊ ဒါကြောင့် Present Tense)
3. The teacher *taught* me that unity *is* strength.
   "ညီညွတ်ခြင်းသည်အင်အား" ဖြစ်သည်လို့ ဆရာကသင်ပေးခဲ့တယ်။
   (သင်ပေးခဲ့တာကအတိတ်က၊ ဒါပေမယ့် "ညီညွတ်ခြင်းသည် အင်အားဖြစ်သည်" ဆိုတာက အမှန်တရား။)

### *Exception (2)*
ခြွင်းချက် (၂)

ပဓာနဝါကျပိုင်းက ကြိယာကို Past Tense နဲ့ရေးရင် ကျန်ကြိယာကို (Past Tense) နဲ့ ရေးရိုးဆိုပေမယ့် (Subordinate clause) မှီခိုဝါကျပိုင်းကို နှိုင်းယှဉ်မှုပြ စကားလုံးတွေဖြစ်တဲ့ "as, than, as well as" တို့နဲ့ အစပြုပြီး နှိုင်းယှဉ်ရေးသားထားတာဆိုရင်တော့ အဲဒီဝါကျပိုင်း အလိုက်ရှိတဲ့ ကြိယာကို Present Tense, Past Tense, Future Tense သင့်ရာနဲ့ ရေးသား နိုင်ပါတယ်။

ဥပမာ

1. Ko Tu *was* not so fat as he *is* now.
ကိုတူးဟာ အရင်က ခုလောက် မဝဘူး။
(အရင်က မဝတာက အတိတ်ကဖြစ်ခဲ့တဲ့ ဖြစ်ရပ်၊ ဒါကြောင့် Past Tense နဲ့ ရေးရပါတယ်။ ခုလောလောဆယ် ဝနေတာက ခုဖြစ်နေတဲ့ဖြစ်ရပ်၊ ဒါကြောင့် Present Tense နဲ့ ရေးရပါတယ်။)
2. U Chit *was* not so rich as he *is* now.
3. I *loved* my lover better than I *love* myself.

ပိုပြီးရှင်းသွားအောင် အောက်ကဇယားလေးကို လေ့လာကြည့်ပါ။

| Main clause | Subordinate clause |
|---|---|
| He *learnt* Chemistry | 1. better than he *learns* Physics.<br>2. better than he *learnt* Physics.<br>3. better than he *will learn* Physics. |
| He *learnt* Chemistry | 1. as well as he *learns* Physics.<br>2. as well as he *learnt* Physics.<br>3. as well as he *will learn* Physics. |

### *Exception (3)*
### ခြွင်းချက် (၃)

(Subordinate clause) မှီခိုဝါကျကို အဆက်ပုဒ် "*since*" နဲ့ စပြီးရေးထားမယ်ဆိုရင်တော့
- Principal clause ပဓာန ဝါကျပိုင်းက ကြိယာကို Present Perfect Tense
- Subordinate clause မှီခိုဝါကျပိုင်းက ကြိယာကို Past Tense နဲ့ ရေးရပါတယ်။

### အတိုချုပ်

- Since နောက်က ကြိယာကို Past Tense
- ပဓာန ကြိယာကို Present perfect



ဥပမာ

1. We *have been* poor since our father died.
အဖေ သေကတည်းက ကျွန်တော်တို့ ဆင်းရဲသွားတာ။
(အဖေကတော့ အတိတ်တစ်ချိန်က သေခဲ့တာ။ ဒါကြောင့် Past Tense နဲ့ ရေးရတယ်၊ ဆင်းရဲတာကတော့ အဖေသေကတည်းက ယခုပြောနေတဲ့ အချိန်အထိ အကျိုးဆက်ရှိနေသေးတယ်။ ဒါကြောင့် Present Perfect Tense သုံးပါတယ်။)

Principal clause = We have been poor.
Subordinate clause = since our father died.

2. I haven't eaten any meat since I was a boy.
ကလေးဘဝကတည်းက အသားမစားဘူး။
(ကလေးဘဝ ဖြစ်ခဲ့တာက အတိတ်က ဖြစ်ရပ်၊ ယခု လူကြီးဖြစ်နေပေမယ့် အသားမစားဘူးဆိုတဲ့ ဖြစ်ရပ်က ဆက်လက်ရှိနေတုန်း၊ အကျိုးဆက်ရှိနေတုန်း။)
3. I haven't had time to read the newspaper since I was ill.
ဖျားကတည်းက သတင်းစာ မဖတ်ရသေးဘူး။
(ဖတ်ဖို့ အချိန်မရဘူး။) ( မဖတ်နိုင်ဘူး။)
(ဖျားတာက အတိတ်တစ်ချိန်က သတင်းစာဖတ်ဖို့ အချိန်မရသေးတာက ခုထိ။)

## *Exercise No. (170)*

**Insert the correct tense of the verb in the following.**
အောက်ပါ ဂွက်လပ်များတွင် မှန်ကန်သော ကြိယာပုံစံဖြင့် ဖြည့်ပါ။

1. (discover) Newton ........... that the force of gravitation makes apple fall.
2. (move) Galileo maintained that the earth ........... round the sun.
3. (be) Our father said that honesty ........... always the best policy.
4. (be) Euclid proved that the three angels of a triangle ........... equal to two right angles.
5. (rise) The teacher taught us that the sun ........... in the east.
6. (bathe) The girl said that she ........... twice a day.
7. (be) I was told that your mother ........... a school teacher.

| | | |
|---|---|---|
| 8. | (be) | Mother taught me that character .......... strength. |
| 9. | (be) | The child was taught that fire ........... hot. |
| 10. | (float) | The child knew that ice ........... in water. |
| 11. | (help) | I helped her more than I ........... my own children. |
| 12. | (value) | He valued his friendship more than he ........... mine. |
| 13. | (see) | I then saw him oftener than I ........... him now. |
| 14. | (love) | She loved you better than she ........... me. |
| 15. | (be) | The old man was not so weak as he ........... now. |
| 16. | (do) | They did not do it like as we ........... it now. |
| 17. | (live) | I ........... here since my father died. |
| 18. | (be) | He knew that the road ........... under water. |
| 19. | (come) | He said that I should go when he ........... . |
| 20. | (spend) | Her mother asked where she ........... the night. |

## RULE 2
## စည်းကမ်းချက် (၂)

Principal clause အတွင်းမှာ ရှိတဲ့ ပဓာန ကြိယာဟာ Present Tense (သို့) Future Tense ဖြစ်နေရင်တော့၊ ကျန်ကြိယာတွေကို သင့်သလို (Present, Past, Future ) ရေးနိုင်ပါတယ်။

ဥပမာ

1. I *think* she *is* honest.
   (ခုပြောနေတဲ့အချိန်မှာ သူမဟာ ရိုးသားတယ်လို့ထင်ကြောင်း ဖော်ပြတယ်။)
2. I *think* she *was* honest.
   (အတိတ်တစ်ချိန်က သူမဟာ ရိုးသားခဲ့တယ်လို့ထင်ကြောင်း ဖော်ပြတယ်။)
3. I *think* she *will be* honest.
   (နောင်အနာဂတ်ကာလမှာလဲ ရိုးသားဦးမှာပဲလို့ ထင်ကြောင်း ဖော်ပြတယ်၊ ကြိုတင်ပြီး ယုံကြည်ထင်မြင်ထားတာ။)



| Main clause | Subordinate clause |
|---|---|
| 1. I *think* | 1. she *is* honest.<br>2. she *was* honest.<br>3. she *will be* honest. |
| 2. I *will think* | 1. she *is* honest.<br>2. she *was* honest.<br>3. she *will be* honest. |
| 3. She *say* | 1. she *tells* the truth.<br>2. she *told* the truth.<br>3. she *will tell* the truth. |
| 4. She *will say* | 1. she *tells* the truth.<br>2. she *told* the truth.<br>3. she *will tell* the truth. |

## CONJUNCTION OF PURPOSE

အောက်မှာဖော်ပြထားတဲ့ ဝါကျလေးတွေထဲက ကြိယာတွေကို သတိပြုမှတ်သားပါ။

1. He *tries* hard (so) that he *may pass* the examination.
   စာမေးပွဲ အောင်မြင်စေရန် (အတွက်) သူကြိုးစားတယ်။

   main verb = present
   dependent verb = present

2. He *will try* hard so that he *may pass* the examination.
   စာမေးပွဲ အောင်ဖို့အတွက် သူကြိုးစားလိမ့်မယ်။

   main verb = future tense
   dependent verb = present

3. He *tried* hard so that he *might pass* the examination.
   စာမေးပွဲ အောင်မြင်စေရန် သူကြိုးစားခဲ့တယ်။

   main verb = past tense
   dependent verb = past tense

## (A) THAT, SO THAT, IN ORDER THAT

Subordinate clause မှီခိုဝါကျပိုင်းကို ရည်ရွယ်ချက်ပြ အဆက်ပုဒ်တွေ (conjunction of purpose) ဖြစ်တဲ့ that, so that, in order that တို့နဲ့ အစပြုရေးသားထားတာဆိုရင်တော့ ...

- main verb ကို present tense တို့ future tense တို့နဲ့ ရေးထားရင် ကျန်ကြိယာ ကို "may" နဲ့ တွဲဖက်ရေးသားပါ။
- main verb ကို past tense နဲ့ ရေးထားရင် ကျန်ကြိယာကို "might" နဲ့ တွဲဖက်ရေးသားပါ။

1. I *give* him some money so that he ***may*** buy new clothes.
2. I *will give* him some money so that he ***may*** buy new clothes.
3. I *gave* him some money so that he ***might*** buy new clothes.

## (B) LEST

lest = (ဖြစ်မည်) စိုး၍ - စိုးရိမ်၍၊ မ(ဖြစ်) စေရန်
subordinate clause မှီခိုဝါကျပိုင်းကို "lest" နဲ့ အစပြု ရေးသားထားတယ်ဆိုရင်တော့ ...

- Main clause မှာ ဘာ Tense နဲ့ပဲရေးရေး
- ကျန်ဝါကျပိုင်းက (lest နောက်က) ကြိယာကို should နဲ့ တွဲဖက်ရေးသားရပါတယ်။

ဥပမာ

1. I *try* hard lest I *should* fail in the examination.
စာမေးပွဲကျမှာစိုး၍ (မကျစေရန်) ကျွန်တော် **ကြိုးစားပါသည်။**
2. I *tried* hard lest I *should* fail in the examination.
စာမေးပွဲကျမှာစိုး၍ (မကျစေရန်) ကျွန်တော် **ကြိုးစားခဲ့ပါသည်။**
3. I *will try* hard lest I *should* fail in the examination.
စာမေးပွဲကျမှာစိုး၍ (မကျစေရန်) ကျွန်တော် **ကြိုးစားပါမည်။**
4. He *runs* quickly lest he *should* miss the train.
ရထားမမီမှာစိုး၍ သူ လျင်မြန်စွာ **ပြေးသည်။**
5. He *ran* quickly lest he *should* miss the train.
ရထားမမီမှာစိုး၍ သူ လျင်မြန်စွာ **ပြေးခဲ့သည်။**
6. He *will run* quickly lest he *should* miss the train.
ရထားမမီမှာစိုး၍ သူ လျင်မြန်စွာ **ပြေးလိမ့်မည်။**



## (C) ADJECTIVE CLAUSE

- Main clause မှာရှိတဲ့ ကြိယာကို Present Tense (သို့) Past Tense ဘယ်ကာလနဲ့ပဲ ရေးထား၊ ရေးထား ...
- Subordinate clause ဟာ Adjective clause ဖြစ်နေမယ်ဆိုရင်တော့
- Adjective clause ထဲက ကြိယာဟာ ဆိုလိုချင်တဲ့ အဓိပ္ပာယ်ပေါ်မူတည်ပြီး၊ ဘယ်ကာလနဲ့မဆို ရေးသားနိုင်ပါတယ်။

| **Main clause** | **Subordinate clause** |
|---|---|
| 1. I *love* the girl | 1. who *tells* the truth.<br>2. who *told* the truth.<br>3. who *will tell* the truth. |
| 2. I *loved* the girl | 1. who *tells* the truth.<br>2. who *told* the truth.<br>3. who *will tell* the truth. |
| ကျွန်ုပ်သည် အမှန်ကိုပြောသော (ပြောခဲ့သော၊ ပြောမည်ဖြစ်သော) မိန်းကလေးကို ချစ်သည် (ချစ်ခဲ့သည်)။ | |
| 1. I *go* to the place | 1. where he *lives*.<br>2. where he *lived*.<br>3. where he *will live*. |
| 2. I *went* to the place | 1. where he *lives*.<br>2. where he *lived*.<br>3. where he *will live*. |
| ကျွန်ုပ်သည် သူနေသော (နေခဲ့သော၊ နေမည့်) နေရာသို့ သွားသည်။ (သွားခဲ့သည်)။ | |

### *Exercise No. (171)*

**Insert the correct tense of the verb in the following.**

1. (may) I gave him the book so that he .......... study the subject at home.
2. (may) I will explain the matter in order that he .......... understand my wishes.
3. (get) I hope I .......... better by tomorrow.
4. (try) If he .........., he will succeed.

5. (ask) He .......... me where I go.
6. (sleep) When he .........., he usually dreams.
7. (visit) When they go to town, they .......... their mother.
8. (hear) When children .......... loud noises, they are frightened.
9. (shout) When the techer is angry, he .......... at the pupils.
10. (stay) Whenever they go to town, they .......... in that hotel.
11. (bark) The dog .......... as soon as it hears a noise.
12. (wash) Before he eats, he .......... his nands.
13. (say) Before she goes to bed, she .......... her prayers.
14. (finish) If she .......... . her work, she will go to town.
15. (try) Unless you .......... . you will lose.
16. (get) If you .......... . you will lose.
17. (visit) Three years have passed, since I .......... your town.
18. (say) He .......... there will be no trouble.
19. (be) You will think that we .......... not interested in our lessons.

## Exercise No. (172)

**Insert the correct tense of the verb in the following.**

1. (think) I .......... that he is here.
2. (be) I .......... sorry that you can't come.
3. (say) He .......... that he would come.
4. (be) There can be no doubt that he .......... wrong.
5. (can) The box was so heavy that I .......... not move it.
6. (feel) He was so tired that he .......... asleep.
7. (can) It was such a heavy one that I .......... not move it.
8. (run) He .......... with such a speed that I could not catch him.
9. (belive) He :.......... that his father is right.
10. (meet) They talked about old times whenever they ......... each other.
11. (see) The robbers felt worried when they .......... the policeman.
12. (arrive) They reached the station just as the train .......... .
13. (tell) He .......... them about the accident after he recovered.
14. (feel) After she had taken her medicine, she .......... much better.



15. (like) You may eat whatever you .......... .
16. (ride) He .......... as swiftly as he could.
17. (run) They .......... because they were in a hurry.
18. (come) She .......... to see me as often as she can.
19. (die) My mother was sixty seven years old when she ..........
20. (fail) He did his best and yet he .......... .

## Exercise No. (173)

**Insert the correct tense of the verb in the following.**

1. (think) I .......... that he would come out first.
2. (reach) The train left before I .......... the station.
3. (do) He used to do better than he .......... now.
4. (know) I did what I .......... was right.
5. (talk) He was such a brilliant student that the teachers stil .......... about him.
6. (be) Life is short but love .......... long.
7. (want) That is not what they .......... .
8. (say) They laughed at what I .......... .
9. (expect) I .......... that she will come.
10. (have) The more you .........., the more you want.
11. (dislike) He who likes borrowing .......... paying.
12. (wait) Everything comes to those who .......... .
13. (buy) Fools build houses and wise men .......... them.
14. (help) God helps those who .......... themselves.
15. (can) Lend only what you .......... afford to lose.

# CHAPTER XXIX

# CONDITIONS

# CONDITIONAL SENTENCES
# IF အကယ်၍ ... လျှင်

အကယ်၍ ငါ့မှာသာ ပိုက်ဆံတွေ အများကြီးရှိရင်၊ စိန်လည်ဆွဲကြီး ဝယ်ပစ်လိုက်မယ်။

အကယ်၍ ငါသာ ငှက်ကလေးတစ်ကောင်ဖြစ်ခဲ့ရင် ငါ့ချစ်သူဆီ ပျံသွားမှာပဲ။

အကယ်၍ မင်းသာ ခေါက်ဆွဲကြော်ဝယ်လာမယ်မှန်းသိရင် ငါထမင်းစားမထားပါဘူးကွာ။

စသည်ဖြင့် အခြေအနေ အကြောင်းအရာတစ်ရပ်ပေါ်မူတည်ပြီး အခြားအခြေအနေတစ်ရပ်ကို လုပ်မယ်၊ မလုပ်ဘူး (သို့မဟုတ်) အခြား အခြေအနေတစ်ရပ် ဖြစ်ပျက်မယ်၊ မဖြစ်ပျက်ဘူးလို့ ဖော်ပြတဲ့ ဝါကျကလေးတွေကို (Conditional Sentences) လို့ ခေါ်ပါတယ်။

ဥပမာ

1. If you try hard, you will pass the examination.
   အကယ်၍ မင်းသာ ပြင်းပြင်းထန်ထန် ကြိုးစားရင် စာမေးပွဲအောင်လိမ့်မယ်။
2. If he were a tiger, he would kill me.
   သူသာ ကျားကြီးတစ်ကောင်ဖြစ်ခဲ့ရင် သူငါ့ကို သတ်လိမ့်မယ်။
3. If you had telephoned me, I would have waited for you.
   မင်းသာ ငါ့ကို တယ်လီဖုန်းဆက်ခဲ့ရင် မင်းကိုငါ စောင့်နေမှာပေါ့။
   (မင်းဖုန်းမဆက်လို့ ငါမစောင့်၊

အဲဒီလို အခြေအနေပြ (Conditional Sentence)တိုင်းမှာ နှစ်ပိုင်းရှိပါတယ်။

1. If နဲ့ အစပြုပြီးရေးတဲ့ ဝါကျပိုင်းကို If-clause (Dependent clause) လို့ ခေါ်ပါတယ်။
2. ကျန်တဲ့ ဝါကျပိုင်းကိုတော့ Main clause လို့ ခေါ်ပါတယ်။

| | | |
|---|---|---|
| If you try hard | = | If-clause |
| You will pass the examination | = | Main clause |

If-clause နဲ့ Main clause ကို ရှေ့နဲ့နောက် နေရာပြောင်းပြီး ရေးဖွဲ့လို့လဲရပါတယ်၊

ဥပမာ If you try hard, you will pass the examination. (OR)
You will pass the examination,if you try hard.

Conditional Sentence တွေကို အမျိုးအစားအားဖြင့် (၃) မျိုး ခွဲခြားထားပါတယ်။

1. Future Possible Conditions.
   အနာဂတ်ကာလမှာ တကယ်ဖြစ်ပျက်နိုင်မယ့်အခြေအနေ။
2. Present Unreal Conditions.
   ယခု (ပစ္စုပ္ပန်) ကာလမှာ အမှန်တကယ်မဟုတ်တဲ့ အမှန်တကယ် မဖြစ်ပျက်တဲ့ အခြေအနေ
3. Past Unreal Conditions
   ပြီးခဲ့တဲ့ (အတိတ်) ကာလမှာ အမှန်တကယ်မဟုတ်ခဲ့တဲ့ အမှန်တကယ် မဖြစ်ပျက်ခဲ့တဲ့ အခြေအနေတို့ဖြစ်ပါတယ်။

## FUTURE POSSIBLE CONDITIONS (TYPE - 1)

အခြေအနေ အဖြစ်အပျက်တစ်ခုပေါ်မူတည်ပြီး၊ အခြားအခြေအနေ အဖြစ်အပျက်တစ်ခုဟာ အနာဂတ်ကာလမှာ ဖြစ်ပျက်မယ်၊ မဖြစ်ပျက်ဘူးလို့ ဖော်ပြတဲ့ ဝါကျတွေကို (Future Possible Condition) လို့ ခေါ်ပါတယ်။

အဲဒီဝါကျမျိုးမှာ ....

**If-clause** ဝါကျပိုင်းမှာရှိတဲ့ ကြိယာကို **Present Tense** နဲ့ ရေးသားရပါတယ်။
**Main Clause** ဝါကျပိုင်းမှာရှိတဲ့ ကြိယာကို **will** (သို့) **shall** (သို့) **can** နဲ့တွဲဖက် ရေးသားရပါတယ်။

အောက်မှာဖော်ပြထားတဲ့ ဝါကျလေးတွေကို လေ့လာကြည့်ပါ။

1. If it rains, we will not go to the park.
   အကယ်၍ မိုးရွာရင်တော့ တို့ ပန်းခြံကိုသွားမယ်မဟုတ်ဘူး။
2. If the weather is fine, we will go to the park..
   အကယ်၍ မိုးလေဝသ သာယာရင် တို့ ပန်းခြံကို သွားကြမယ်။
3. If it does not rain, we will go on a picnic.
   အကယ်၍ မိုးသာမရွာရင် တို့ ပျော်ပွဲစားထွက်ကြမယ်။
4. If I have time tomorrow, I will visit you.
   မနက်ဖြန်မှာ အချိန်သာရရင် ငါ မင်းဆီကို လာလည်မယ်။



5. If he has enough money, he will buy a car.
   အကယ်၍ သူ့မှာသာ လုံလောက်တဲ့ပိုက်ဆံရှိရင် ကားတစ်စီးဝယ်မှာပဲ။
6. If you attend class regularly, you will learn much English.
   မင်းသာ အတန်းမှန်မှန်တက်ရင် အင်္ဂလိပ်စာ အများကြီးတတ်လိမ့်မယ်။
7. If they leave early, they will get there in time.
   အကယ်၍ သူတို့သာ စောစောလေး ထွက်သွားရင် အဲဒီနေရာကိုအချိန်မီရောက်လိမ့်မယ်။

## PRESENT UNREAL CONDITIONS (TYPE - 2)

ယခု (ပစ္စုပ္ပန်) ကာလမှာ၊ အခြေအနေ အဖြစ်အပျက်တစ်ခုဟာ တကယ်မဖြစ်ပျက်ဘူး။ ဒါပေမယ့် အကယ်၍များ ဖြစ်ပျက်ရင် ... လို့ မှန်းဆတင်စားပြောဆိုတဲ့ ဝါကျတွေဖြစ်ပါတယ်။ အဲဒီ (Present Unreal Condition ) ဝါကျမှာ ...

**If clause** ဝါကျပိုင်းမှာရှိတဲ့ ကြိယာကို **Past Tense** နဲ့ ရေးသားရပါတယ်။
**Main clause** ဝါကျပိုင်းမှာရှိတဲ့ကြိယာကို **would** (သို့) **should** (သို့) **could** နဲ့ တွဲဖက်ရေးသားရပါတယ်။

အောက်မှာ ဖော်ပြထားတဲ့ ဝါကျလေးတွေကို လေ့လာကြည့်ရို့။

1. If I had the money, I would buy a new car.
   ငါ့မှာသာ ပိုက်ဆံရှိရင် ကားအသစ်တစ်စီးဝယ်မှာပဲ။
   ငါ့မှာ (တကယ်က) ပိုက်ဆံမရှိဘူး၊ ဒါကြောင့် ကားအသစ်လဲ မဝယ်နိုင်ဘူးလို့ အဓိပ္ပာယ်ရတယ်။
2. If he studied harder, he would pass the examination easily.
   သူသာ ပိုပြီးကြိုးစားလေ့လာရင် စာမေးပွဲကို လွယ်လွယ်ကူကူအောင်မှာပဲ။
   (ဒါပေမယ့် တကယ်တမ်းကျတော့ မကြိုးစားဘူးလို့ ဆိုလိုတယ်။)
3. If I were King, you would be Queen.
   ငါသာ ဘုရင်ဖြစ်ရင် မင်းလဲမိဖုရားဖြစ်မယ်။
   (အခုတော့ ငါကလဲ ဘုရင်မဟုတ်တော့ မင်းလဲ မိဖုရားမဟုတ်တော့ဘူးပေါ့.. လို့ ဆိုလိုတယ်။)
4. If he knew how to drive, he would buy a car.
   သူသာ ကားမောင်းတတ်ခဲ့ရင် ကားတစ်စီး ဝယ်မှာပဲ။
   (တကယ်တမ်းကျတော့ ကားမမောင်းတတ်လို့ မဝယ်ဘူး . . . လို့ ဆိုလိုတယ်။)

5. If I didn't live so far away, I would walk to school every day.
   ငါသာ အဝေးကြီးမှာ နေနေတာ မဟုတ်ဘူးဆိုရင် ကျောင်းကို နေ့တိုင်းလမ်းလျှောက်ပြီးသွားမှာပဲ။
   (တကယ်တမ်းကျတော့ ကျောင်းနဲ့အဝေးကြီးမှာ နေနေရတဲ့အတွက် လမ်းလျှောက်ပြီးသွားလို့မရဘူးလို့ ဆိုလိုတယ်)

**သတိပြုဖို့**

ဒီဝါကျတွေမှာ ကြိယာကို Past Tense နဲ့ ရေးထားပေမယ့်၊ အမှန်တကယ်အားဖြင့် အတိတ်က အကျိုးဆက်ပြတ်တဲ့ (Past Tense) ဖြစ်ရပ်တွေကို ရည်ညွှန်းဖော်ပြတာ မဟုတ်ပါဘူး။ ယခုလောလောဆယ်ကာလမှာ ရှိနေ၊ ဖြစ်နေတဲ့ အခြေအနေတစ်ရပ်ပေါ်မူတည်ပြီး မှန်းဆတင်စားပြောဆိုတဲ့ ဖြစ်ရပ်ကိုသာ ရည်ညွှန်းဖော်ပြတာ ဖြစ်ပါတယ်။

## PAST UNREAL CONDITIONS (TYPE - 3)

အတိတ်ကာလတုန်းက အခြေအနေ အဖြစ်အပျက်တစ်ခုဟာ တကယ်မဖြစ်ပျက်ခဲ့ဘူး၊ ဒါပေမယ့် အကယ်၍များ ဖြစ်ပျက်ခဲ့ရင်လို့ မှန်းဆတင်စားပြောဆိုတဲ့ဝါကျတွေ ဖြစ်ပါတယ်။ အဲဒီ **(Past Unreal Condition )** ဝါကျမှာ ...

- **If-clause** ဝါကျပိုင်းမှာရှိတဲ့ ကြိယာကို **Past Perfect Tense** နဲ့ ရေးသားရပါတယ်။
- **Main clause** ဝါကျပိုင်းမှာရှိတဲ့ကြိယာကို **would have** (သို့) **should have** (သို့) **could have + V3** နဲ့ တွဲဖက်ရေးသားရပါတယ်။

အောက်မှာ ဖော်ပြထားတဲ့ ဝါကျလေးတွေကို လေ့လာကြည့်ဖို့။

1. If I had known about this yesterday, I would have bought the books.
   အကယ်၍ ဒီကိစ္စကို မနေ့ကသာ သိခဲ့ရင် စာအုပ်တွေကို ဝယ်ပြီးပြီပေါ့။
   (မသိခဲ့လို့၊ မဝယ်ခဲ့မိတာလို့ ဆိုလိုပါတယ်။)
2. If it had not rained so hard, we would have been able to make a trip.
   အကယ်၍ မိုးသာ သဲသဲမဲမဲ မရွာခဲ့ရင် တို့တစ်တွေ ခရီးထွက်နိုင်ခဲ့မှာ။
   (မိုးသည်းလို့ ခရီးမထွက်နိုင်ခဲ့ဘူးလို့ ဆိုလိုတယ်)



3. If I had received an invitation, I would have gone with you to the wedding.
   အကယ်၍ ငါသာ ဖိတ်စာတစ်စောင်လောက် ရခဲ့ပြီးရင်၊ မင်းနဲ့အတူ မင်္ဂလာဆောင်ကို သွားပြီးပြီပေါ့။
   (ဖိတ်စာ မရလို့၊ မသွားခဲ့ရဘူးလို့ဆိုလိုတယ်)
4. If I had had enough money, I would have bought new clothes.
   အကယ်၍ ငါ့မှာသာ ပိုက်ဆံလုံလုံလောက်လောက် ရှိခဲ့ရင် အဝတ်အစားသစ်တွေ ဝယ်ပြီးပြီပေါ့။
   (ပိုက်ဆံမရှိလို့၊ မဝယ်ခဲ့ရဘူးလို့ ဆိုလိုတယ်)
5. If the weather yesterday had been fine, we would have gone on a picnic.
   အကယ်၍ မနေ့က မိုးလေဝသဟာ သာယာခဲ့ရင် တို့တွေ ပျော်ပွဲစားထွက်ပြီးပြီပေါ့။
   (မိုးလေဝသ မသာယာလို့ မထွက်ခဲ့ရဘူးလို့ ဆိုလိုတယ်)
6. If yesterday had been a holiday, we would have gone to the pagoda.
   အကယ်၍ မနေ့ကသာ အားလပ်ရက်ဖြစ်ခဲ့ရင် တို့တွေ ဘုရားကိုသွားပြီးပြီပေါ့။
   (မနေ့က အားလပ်ရက် ရုံပိတ်ရက်မဟုတ်၍ မသွားခဲ့နိုင်လို့ ဆိုလိုပါတယ်။)
7. If I had known you were waiting for me, I would have hurried to get here.
   အကယ်၍ မင်းစောင့်ဆိုင်းနေတယ်ဆိုတာကို ငါသာသိခဲ့ရင် ဒီနေရာကို ငါအမြန်လာပြီးပြီပေါ့။
   (စောင့်နေမှန်း မသိလို့ မလာခဲ့ရဘူးလို့ ဆိုလိုပါတယ်)

**သတိပြုဖို့**

ဒီဝါကျတွေမှာဆိုလိုတဲ့ အဓိပ္ပာယ်သွားကို ဆန့်ကျင်ဘက်သဘော ကောက်ယူရမယ့် (implied negative) သဘောရှိကြောင်း သတိပြုရပါမယ်။

**A conditional sentence consists of two parts - the condition (or If clause) and the answer to it.**

**Most conditions fall into three forms. These three forms are:**

1. **Future - Possible (Present Tense - answered by future tense)**
   **If you study hard, you will learn English quickly.**

> A conditional sentence consists of two parts - the condition (or If clause) and the answer to it.
>
> Most conditions fall into three forms. These three forms are:
>
> 1. Future - Possible (Present Tense - answered by future tense)
> *If you study hard, you will learn English quickly.*
> 2. Present - Unreal (Past Tense - answered by conditional)
> *If you studied hard* (but you do not), *you would learn English quickly.*
> 3. Past - Unreal (Past Perfect - answered by past conditional)
> *If you had studied hard* (but you did not), *you would have learned English quickly.*
>
> *GRADED EXERCISES IN ENGLISH (PAGE. 62)*
> *(FOR THE FOREIGN BORN)*

အထက်မှာ ဖော်ပြခဲ့တဲ့ Conditional Sentences ပုံစံ (၃) မျိုးကို အလွတ်ရအောင် ကျက်ပါ။ အလွတ်မရရင် ရောနှောရှုပ်ထွေးတတ်ပါတယ်။

*Exercise No. (174)*

**Give the three conditional forms of each of the sentences below.**

အောက်ပါ ဝါကျများကို **Conditional** ပုံစံ (၃) မျိုးလုံးနဲ့ ပြန်ရေးပြပါ။

**E.g.**

1. If he (study) hard, he certainly (succeed).
   (a) If he studies hard, he will certainly succeed.
   (b) If he studied hard, he would certainly succeed.
   (c) If he had studied hard, he would have certainly succeeded.
2. If the rain (stop), I (go) to school.
3. If I (make) a mistake, I (try) to remedy it.
4. If I (find) the lost pen, I (give) it to you.
5. If he (study) his lessons well, he (pass) the examination.
6. If you (do) the same mistake again, the teacher (be) very angry.
7. If they (work) hard today, they (have) much money.
8. If the rich man (like) the house, he (buy) it.
9. If I (have) enough money, I (buy) a new car.
10. If I (am) hungry, I (eat) these fruits.
11. If you (sign) the agreement, I (let) you have the money.
12. If Hnin Hnin (be) here, she (know) the answer.



13. If the hat (suit) me, I (buy) it.
14. If the grass (need) cutting, I (cut) it.
15. If I (have) a typewriter, I (type) it myself.

## CONDITIONAL SENTENCES (TYPE 1)
## (If + present) + Future

*Exercise No. (175)*

**Rewrite each sentence with the correct form of the verb given in brackets.**

ကွင်းအတွင်းရှိ ကြိယာကို သင့်လျော်အောင် ပြောင်းပြီး အောက်ပါဝါကျများကို ပြန်လည်ရေးသားပါ။

(Q) If the weather (get) colder, we will buy warm clothes.
(A) If the weather *gets* colder, we will buy warm clothes.
(Q) If I have enough money, I (*buy*) a diamond ring.
(A) If I have enough money, I *will buy* a diamond ring.

1. If Aye Aye (call) me on the telephone, I will speak to her.
2. If you save your money, you (be) able to buy a house.
3. If you ask the teacher, she (tell) you the answer.
4. If you are kind to me, I (be) good to you.
5. I (pay) him well,if he does the work properly.
6. I (go) if you want me to.
7. If it (rain), we shan't have the picnic.
8. If I (receive) the news, I shall let you know.
9. You (see) the Shwedagon pagoda,it you go to Yangon.
10. If she (drink) that, it will kill her.
11. If they leave now, they (catch) the train.
12. If the dog (be) hungry, I will give it some food.
13. You (be) very cold if you,don't wear the thick coat.
14. If you are not more careful in the future, you (have) an accident.
15. If the weather (be) bad tomorrow, we will not go to the park.

Future Possible Condition (Type I) ကို သေသေချာချာ လေ့လာပြီးပြီဆိုရင် အောက်မှာဖော်ပြထားတဲ့ လေ့ကျင့်ခန်းကလေးတွေကို ဖြေဆိုလေ့ကျင့်ကြည့်ပါဦး။

## *Exercise No. (176)*

**Fill the blanks with the most suitable form of the verb given in brackets.**

1. (stop) If the rain .........., I shall go for a walk.
2. (be) If you .......... lazy, you will not succeed.
3. (work) If she .......... hard, she will pass her examination.
4. (call) If you .......... him, he will come.
5. (eat) If you .......... all these mangoes, you will be ill.
6. (go) If he .......... into the garden, the dog will chase him.
7. (see) If I .......... him, I will give him the books.
8. (have) If she .......... the money, she will buy the diamond ring.
9. (find) If I .......... your lost book, I shall telephone you at once.
10. (read) If you .......... in bad light, you will ruin your eyes.
11. (buy) If she has much money, she .......... new dresses.
12. (pass) If they study their lessons well, they .......... the examination.
13. (be) If the war comes, the nation .......... ready.
14. (try) If I am feeling tomorrow, I .......... to eat some food.
15. (give) If I see her, I .......... her your message.
16. (arrest) If the police catch the thief, they .......... him.
17. (go) If you are late, I .......... without you.
18. (be) If you turn out the lights, we .......... in the dark.
19. (have) If you save your money, you .......... much money.
20. (see) If i come, I .......... you.
21. (not be) If you .......... careful, you will break the glasses.
22. (not be) If she .......... angry, she will not beat her children.
23. (not be) If I .......... healthy, I will not go to Mandalay.
24. (not have) If I .......... enough money, I will not buy a car.
25. (not eat) If you .......... green mangoes, you will not be ill.
26. (not ask) If they .......... the teacher, she will not explain it to them.
27. (not invite) If they .......... me, I will not go to the party.
28. (not rise) If the river .......... any higher, we will not have to move upstairs.
29. (not work) If you .......... very hard, you will not be sucessful.
30. (not hear) If he .......... about this, he will not be very furious.
31. (not make) If I do not have hot water, I .......... the tea.
32. (not bite) If you do not beat the dog, it .......... you.
33. (not be) If you start at once, you .......... late for the train.



34. (not let) If the students come late, the teacher .......... them in.
35. (not believe) If you tell more lies, I .......... what you say.
36. (not be) If I don't have enough money, I .......... able to buy a house.
37. (not work) If you don't pay her regularly, she .......... for me at all.
38. (not get) If he takes his umbrella, he .......... wet.
39. (not go) If the weather is bad, we .......... on a picnic.
40. (not have) If the driver is careful, he .......... an accident.
41. (not like) If you .......... this longyi, I'll bring you another.
42. (you, buy) If you like this longyi, .......... it?
43. (you, give) If you see him, .......... him my message?
44. (you, eat) If I give you sweet mangoes, .......... them at once?
45. (you, repay) If I lend you some money, when .......... me?
46. (you, go) If it does not rain, .......... on a picnic tomorrow?
47. (he, have) If the dog bites him, .......... to go to the hospital?
48. (you, let) If she writes to you, .......... me know?
49. (you, call) If you have time, .......... me tomorrow?
50. (she, pass) If Aye Aye tries hard, .......... the examination?

**မှတ်ရန် (၁)**

* "If-clause" မှာရှိတဲ့ ကြိယာဟာ
Present Tense ဆိုရင် ...

* Main Cluase မှာရှိတဲ့ကြိယာကို will (သို့) shall နဲ့ တွဲဖက်ရေးသားရကြောင်း အပေါ်မှာ ရှင်းပြခဲ့ပြီးဖြစ်ပါတယ်။

* တစ်ခါတစ်ရံ will ရဲ့အစား can တို့၊ may တို့နဲ့လဲ တွဲဖက်ရေးသားနိုင်ပါတယ်။

ဥပမာ

1. If my father *comes*, he *can help* us.
အဖေသာလာရင် တို့ကို ကူညီနိုင်မှာပဲ။
2. If he has enough money, he may buy this car.
သူ့မှာသာ ပိုက်ဆံလုံလုံလောက်လောက်ရှိရင် ဒီကားကို သူ ဝယ် (ကောင်း) ဝယ်နိုင်တယ်။

3. If they *leave* early, they *can get* there on time.
သူတို့သာ အစောကြီး ထွက်(ခွာ) မယ်ဆိုရင် အဲဒီနေရာကို အချိန်မှန် ရောက်နိုင်တယ်။
4. If he knows the truth, he may be angry.
သူသာ အမှန်ကိုသိသွားရင် စိတ်ဆိုး(ချင်) စိတ်ဆိုးနိုင်တယ်။
5. If you do not waste your money, you can be rich.
မင်းသာ ပိုက်ဆံကို ဖြုန်းမပစ်ရင် ချမ်းသာနိုင်တယ်။

> Since both *can* and *may* often have a future significance they are frequently used in the "main" or "answer clause" of conditional statements instead of *will*.
>
> *REGENTS ENGLISH WORK BOOK II (PAGE 1?2)*

> Present Tense with *may* or *can*
>
> The future Tense (shall/will) when used in conditional sentences expresses a certain result. If instead of certainty we wish to express possibility, we must use *may* instead of *shall/will*.
>
> e.g. If he starts now, he *will be* in time. (certain result)
> If he starts now, he *may be* in time. (possible result)
>
> *"may"* or *"can"* can also express permission ("can" is the most usual):
>
> e.g. If you are in a hurry, you *can take* my car. (permission)
>
> *A PRACTICAL ENGLISH GRAMMAR (PAGE. 164)*

မှတ်ရန် (၂)

* "If - clause" မှာ ရှိတဲ့ ကြိယာ Present Tense သာဆိုရင်
* "Main clause" မှာ ရှိတဲ့ ကြိယာကို "will, shall, can, may တို့နဲ့ တွဲဖက် ရေးသား ရတယ်လို့ ဆိုပေမယ့်
* "Main clause" အတွင်းမှာ ဖော်ပြရေးသားထားတဲ့ အကြောင်းအရာဟာ အမိန့်ပေး ဝါကျ၊ အမိန့်ပေး စေခိုင်း၊ ပန်ကြားတဲ့ ပုဒ်တွေ ဖြစ်နေရင် Main clause မှာ ရှိတဲ့ ကြိယာကို Present Tense နဲ့ပဲ ရေးသားရပါတယ်။



ဥပမာ 1. If you want to pass the examination, study your lessons regularly.
စာမေးပွဲ အောင်ချင်ရင် ပုံမှန်မှန် ကျက်ပါ။

2. If you do not believe what they say, ask your father.
သူတို့ပြောတာကို မယုံရင်၊ မင်းအဖေကို မေးကြည့်ပါ။

3. If you want to be healthy, don't eat over - ripe fruits.
ကျန်းမာချင်ရင်၊ အမှည့်လွန်တဲ့ အသီးတွေ မစားနဲ့။

4. If you have much money, please lend me some.
မင်းမှာ ပိုက်ဆံအများကြီးရှိရင်၊ ငါ့ကို နည်းနည်းလောက် ချေးပါကွာ။

5. If Aye Aye comes here, don't say anything to her about it
အေးအေးလာရင်၊ သူ(မ)ကို ဒါနဲ့ ပတ်သက်ပြီး ဘာမှ မပြောပါနဲ့။

6. If you find any mistakes on the paper, show them to the teacher.
စာရွက်ပေါ်မှာ အမှားတွေ တွေ့ရင်၊ ဆရာ့ကို သွားပြပါ။

7. If you do not understand, please ask the teacher.
မင်းနားမလည်ရင် ဆရာ့ကို မေးပါ။

မှတ်ရန် (၃)

* "If-Clause" အတွင်းမှာရှိတဲ့ ကြိယာဟာ Present Tense ဖြစ်နေပေမယ့်
* Main Cluase အတွင်းမှာ ဖော်ပြထားတဲ့ အကြောင်းအရာဟာ
  - အမှန်တရားတွေ
  - လုပ်လေ့လုပ်ထရှိတဲ့ အကျင့်စရိုက်ကို ဖော်ပြတာတွေ
  - သဘာဝ နိယာမတရား (natural laws) တွေ ဖြစ်မယ်ဆိုရင်တော့
* Main Clause ထဲက ကြိယာကို Present Tense နဲ့ပဲ ရေးသားရပါတယ်။

ဥပမာ 1. My dog always *barks* if it *hears* strange sounds.
ထူးဆန်းတဲ့ (ထူးခြားတဲ့) အသံတွေကြားရင်၊ ကျွန်တော့်ခွေးက အမြဲတမ်းဟောင်တယ်။ (အကျင့်စရိုက်)

2. If I *am* free, I usually go to the pagoda.
ကျွန်တော်အားရင် ဘုရားကိုသွားလေ့ရှိတယ်။ (အကျင့်)
3. A mother is always happy, if her children are clever.
သားသမီးတွေ လိမ္မာရင် မိခင်ဟာ စိတ်ချမ်းသာတယ်။ (အမှန်တရား)
4. A teacher is always happy if his students study hard.
တပည့်တွေ ကြိုးစားရင် ဆရာက ကျေနပ်ဝမ်းသာတယ်။ (အမှန်တရား)
5. If water is heated, evaporation takes place.
ရေကို အပူပေးရင် အငွေ့ပျံမှုဖြစ်တယ်။ (သဘာဝ နိယာမတရား)

(a) Two present tenses instead of Present - (and) Future

Two present tenses are used to express natural laws and automatic results.

e.g. If you *heat* ice, it *turns* to water.
If we *are* cold, we *shiver*.

(b) Present tense with imperative.

In the first type of conditional sentence the main clause may contain an imperative instead of a future tense.

e.g. If you *see* him, tell him to *write* to me.
*Don't go* outside the harbour if the wind *is* very strong.

*A PRACTICAL ENGLISH GRAMMAR (PAGE. 164)*

### *Exercise No. (177)*

**Fill the blanks with the most suitable form of the verb given in brackets.**

1. (get) If you add 2 to 2, you ..... 4.
2. (add) If the tea is too strong, ..... some more water.
3. (make) If I ..... a mistake, the teacher always finds it.
4. (ask) If you have any trouble with this lesson, ..... it to the teacher.
5. (report) If a policeman sees anything unusual, he usually ..... it.



6. (get) If the train gets to my station late, I ..... to my office late.
7. (be) If he ..... hungry, he is short tempered. It's his habit.
8. (say) Lay Lay usually gets angry if we ..... anything about his weakness.
9. (be) If a person ..... rich and healthy, he is happy.
10. (complain) If there is not enough rain in the rainy season, farmers always ....... .
11. (take) If you are ill, ..... the medicine.
12. (lend) If you have some money, please ..... me ten kyats.
13. (beat) If we do not do our homework, the teacher always .... us.
14. (telephone) If you find my lost purse, please ..... me.
15. (look) If you don't understand this sentence, ..... up the words in your dictionary.

In other cases, the present tense after "if" may indicate present time, not future. If so, various tense patterns are possible, but one is especially common.

Type 1 (a) : (If + present) + present
If anyone has ability, he is promoted.
This type indicates a regular occurrence.

*PRACTICAL ENGLISH USAGE. (PAGE. 105)*

**မှတ်ရန် (၄)**

"If-clause" အတွင်းမှာရှိတဲ့ ကြိယာကို will, shall နဲ့ တွဲဖက်ပြီးတော့
If you will have much money, you will buy a car.
If you will try hard, you will pass the examination. စသည်ဖြင့် မရေးရပါဘူး။

In English, the Future Tense *must never be used* in the "if" clause.

*RRACTICAL ENGLISH USAGE (PAGE. 105)*

## CONDITIONAL SENTENCES (TYPE 2)
## (If + Past) + Conditional

### Exercise No. (178)

**Rewrite each sentence with the correct form of the verb given in brackets.**

ကွင်းအတွင်းရှိ ကြိယာကို ပုံစံအမှန်သို့ပြောင်းပြီး အောက်ပါဝါကျများကို ပြန်လည်ရေးသားပါ။

**E.g**

1. (Q) If I (have) much money, I would lend you.
   (A) If I *had* much money, I would lend you.
2. (Q) If she (know) all of the details, she would tell me.
   (A) If she *knew* all of the details, she would tell me.
3. (Q) If she (be) a boy, she would play football.
   (A) If she *were* a boy, she would play football.
4. (Q) If I were a tiger, I (kill) you.
   (A) If I were a tiger, I *would kill* you.
5. (Q) If she had more free time, she (go) to Ngapali.
   (A) If she had more free time, she *would go* to Ngapali.

1. If I (know) how to drive, I would buy a car.
2. If we (have) a good teacher, we would make more progress.
3. If Aye Mar (study) well, she would get better marks.
4. If they (invite) me, I would go to beach with them.
5. If she (have) more practice in conversation, she would speak English much better.
6. If he had a day off tomorrow, he (go) to the movies.
7. If they studied together, they (make) more progress.
8. If I had a good book, I (stay) at home and read.
9. Almost everyone (be) frightened, if they announced the news.
10. The world (be) a better place if there were no war and hatred.
11. If I (be) in your place, I would accept Aung Aung's offer.
12. The students (get) higher marks if they studied harder.
13. If I were you, I (be) very careful with my work.
14. If I had a car, I (drive) to Mandalay on my vacation.
15. If you asked me, I (help) you.



### Exercise No. (179)

**Fill the blanks with the most suitable form of the verb given in brackets.**

1. If he (ask) me, I would help him.
2. If I (know) your address, I would write a letter to you.
3. If you (work) more slowly, you would not make so many mistakes.
4. If she (know) that it was wrong, she would not do it.
5. If they (sleep) under a mosquito net, they would not be stung so often.
6. I would take a trip to Mandalay if I (have) a car.
7. I would write one book after another if I (had) more time.
8. She would get better marks if she (work) harder.
9. He would take a trip to England, if he (speak) English well.
10. The students would pass the examination if they (spend) more time on their lessons.
11. If I had much money, I (buy) a house.
12. If you asked him, he (consider) it.
13. If I made a mistake, the teacher (punish) me.
14. If we do not understand him, U Kyaw Win (speak) more slowly.
15. If you studied these lessons carefully, you (understand) them clearly.
16. Your hens (lay) eggs for you if you fed them properly.
17. We (earn) more money if we worked harder.
18. The pupils (understand) their teacher if she spoke more carefully.
19. U Lwin (give) up teaching if he did not enjoy it so much.
20. I (ask) my teacher if I did not understand it.

Conditional Sentences (Type 2) လေ့ကျင့်ခန်းတွေမှာ If-clause အတွင်းရှိ ကြိယာတွေ Past Tense အတိတ်ကြိယာတွေဖြစ်ကြောင်း ရှင်းပြခဲ့ပြီးဖြစ်ပါတယ်။

Verb to be နဲ့ရေးမယ်ဆိုရင်တော့ V/be ရဲ့ အတိတ်ကြိယာ "were" နဲ့ ရေးသားရပါတယ်။

In the case of the Verb to be, however, we must use a special (subjunctive) form in all "If-clause" of this type.

This form is as follows:

| | | |
|---|---|---|
| (If) | I were | We were |
| | You were | You were |
| | (He, She, It) were | They were |

*REGENTS ENGLISH WORK BOOK II (PAGE. 106)*

## Exercise No. (180)

**Put the verbs in brackets into the correct tenses.**

1. If I (be) you, I would not go with her.
2. If she (be) not very busy, she would come with me.
3. If he (be) my father, I would ask him about it.
4. If today (be) Sunday, I would go to church.
5. If he (be) an actor, all the girls would admire him.
6. We would not have to work if today (be) a holiday.
7. If Tint Tint (be) my wife, I would slap her.
8. If she were my mother, I (tell) her the truth.
9. If I were a millionaire, I (buy) this house and car.
10. If he were a rich man, all of his friends (come) to him.
11. If she were more beautiful, she (be) very proud.
12. If I (be) not so tired tonight; I would not go to bed early.
13. If she (be) clever, she would never say such a thing.
14. If you were a fish, the cat (eat) you.
15. If she were a bird, she (fly) in the air.

**သတိပြုရမယ့်အချက်**

If-cluase ကြိယာထဲမှာ verb to be ကိုအမြဲတမ်း(were) နဲ့ပဲ ရေးရမယ်လို့လဲ တရားသေ၊ ပုံသေမှတ်မထားရပါဘူး။

စာရေးသူအနေနဲ့ လုံးဝမဖြစ်နိုင်တဲ့ အကြောင်းအရာကို တင်စားပြီး ပြောဆိုချင်တဲ့အခါ မဖြစ်တာကို ဖြစ်ခဲ့ရင်လို့ စိတ်ကူးယဉ်ပြီး ပြောဆိုချင်တဲ့အခါမှာတော့ "were" ကို သုံးရပါတယ်၊



အဲဒီရည်ရွယ်ချက်နဲ့မှ မဟုတ်ဘဲ၊ အခြားအကြောင်းအရာ ကိစ္စတွေအတွက်ဆိုရင်တော့ were အစား was နဲ့လဲ တွဲဖက်ရေးသားနိုင်ပါတယ်။

အတိတ်က ပြီးခဲ့တဲ့ဖြစ်ရပ်တွေကို ဖော်ပြမယ်၊ ပြီးခဲ့တဲ့ အတိတ်ကာလကို တမ်းတမှန်းဆ ပြောဆိုမယ် (when you look back on the past and remember things that often happened) ဆိုရင်တော့ (genuine past tense) အတိတ်ကြိယာ was ကို သုံးရပါတယ်။

ဥပမာ

When we were children, we lived by the sea. In summer, if the weather *was* fine, we would all get up early and go for a swim.

*ENGLISH GRAMMAR IN USE (PAGE. 78)*
*RAYMOND MURPHY*
*CAMBRIDGE UNIVERSITY PRESS*

If an escaped slave *was* captured, he was immediately shot.

*PRACTICAL ENGLISH USAGE (PAGE. 107)*
*(FOR OVERSEAS STUDENTS)*
*P. S. TREGIDGO*

အခြားရည်ရွယ်ချက်တွေနဲ့ သုံးတဲ့အခါမှာလဲ If- clause ရဲ့နောက်က were မလိုက်ဘဲ was နဲ့ တွဲဖက် ရေးသားပုံလေးတွေကို သတိပြုလေ့လာကြည့်ပါဦး။

If the weather *was* fine (Past), I *should* go out. (Conditional)

*AN INTERMEDIATE ENGLISH COURSE (PAGE. 48)*
*D. H. SPENCER AND A. S. HORNBY*

I should not mind so much, if I *was* so busy.

*A HANDBOOK OF ENGLISH GRAMMAR (PAGE. 218)*
*R. W. ZANDVOORT*

ဆိုတဲ့ ဝါကျတွေမှာတော့ စိတ်ကူးယဉ်တင်စားတဲ့သဘော ရည်ရွယ်ချက်နဲ့ ရေးထားတာ မဟုတ်ပါဘူး။ ဒါကြောင့် was နဲ့ တွဲဖက်ရေးသားထားတာကို တွေ့ရပါလိမ့်မယ်။

> " ... We must remember that we very often use 'if' in a sentence without using a conditional tense."
>
> " ... When we use such conditional sentences to talk about things that may well happen or have happened the verbs behave just as freely with 'if' as with other common conjunctions, such as 'when' or 'because'. "
>
> *IMPROVE YOUR ENGLISH (PAGE. 93)*
> *D. Y. MORGAN*

ဒါကြောင့် If- clause ရဲ့နောက်မှာ "were" နဲ့ တွဲဖက်ပြီး ရေးသားရမလား၊ "was" နဲ့ တွဲဖက်ပြီး ရေးသားရမလားဆိုတာ စာရေးသူရဲ့ရည်ရွယ်ချက်နဲ့ ရေးသားတဲ့ အကြောင်းအရာ၊ အဖြစ်အပျက်ပေါ်မူတည်ပြီးတော့ပဲ ဆုံးဖြတ်ရပါတယ်။

ကဲ ... အောက်က ဝါကျလေး (၂) ကြောင်းကို ယှဉ်တွဲပြီး လေ့လာကြည့်ပါဦး။

> 1. If the children broke my pen, I should be very annoyed.
>
> *(IMPROVE YOUR ENGLISH)*

ကလေးတွေသာ ငါ့မင်တံကို ချိုးပစ်ခဲ့ရင် ငါတော့ တော်တော်စိတ်အနှောင့်အယှက်ဖြစ်မှာပဲ ဆိုတဲ့ဝါကျမှာ ကလေးတွေက မင်တံကို တကယ်မချိုးသေးဘူး။ အကယ်၍ ချိုးခဲ့ရင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ broke ကို (Unreal Past) အနေနဲ့ ရေးထားတာ ဖြစ်ပါတယ်။

> 2. If the children broke your pen, it was your fault for leaving it where they could play with it.
>
> *(IMPROVE YOUR ENGLISH)*

ကလေးတွေက မင်းရဲ့မင်တံကို ချိုးဖဲ့ခဲ့ရင်လဲ ကလေးတွေ ကစားနိုင်လောက်တဲ့နေရာမှာ ထားခဲ့တာ မင်းရဲ့အပြစ်ပဲ။

ဆိုတဲ့ဝါကျမှာတော့ broke ကို (genuine past) အနေနဲ့ ရေးထားတာဖြစ်တယ်။ (imaginary event in the future) အနေနဲ့ ရေးထားတာ မဟုတ်ပါဘူး။

"If" နဲ့ ရေးတဲ့အခါ Conditional Tense နဲ့ သာမက အကြောင်းအရာ အဖြစ်အပျက်ပေါ်မူတည်ပြီး when, because စတဲ့ အခြား conjunction တွေလိုပဲ (လွတ်လွတ်လပ်လပ်) သင့်သလို ရေးနိုင်ပါတယ်။

ကဲ ... အောက်က ဥပမာလေးကိုလဲ လေ့လာကြည့်ပါဦး။



> If Tom *were* there, he would help her.
>
> (By using *were* instead of *was* the speaker implies that Tom isn't there.)
>
> If Tom *was* at the party, he would help her.
>
> (Implies that it is quite possible that he may have been there.)
>
> There is practically no difference between "If I was" and "If I were" but the latter is preferred in imaginary suppositions.
>
> *A PRACTICAL ENGLISH GRAMMAR (PAGE. 165)*
> *(FOR FOREIGN STUDENTS)*

ဒါကြောင့် If clause မှာ were ပဲ လိုက်ရမယ်ဆိုပြီး ပုံသေမမှတ်ရပါဘူး။ အကြောင်းအရာ အဖြစ်အပျက်ပေါ်မူတည်ပြီး ကြိယာကို သင့်သလို တွဲဖက်ရေးသားရပါတယ်။

## CONDITIONAL SENTENCES (TYPE 3)
## (If + Past Perfect) + Conditional Perfect

### *Exercise No. (181)*

**Rewrite each sentence with the correct form of the verb given in bracket.**

လွှင်းအတွင်းရှိ ကြိယာကို ပုံစံအမှန်သို့ပြောင်းပြီး အောက်ပါဝါကျများကို ပြန်လည်ရေးသားပါ။

E.g

1. (Q) If you (go) there, you would have seen what I meant.
   (A) If you *had gone* there, you would have seen what I meant.
2. (Q) If he (help) me, I would have done this work.
   (A) If he *had helped* me, I would have done this work.
3. (Q) If she had studied more, she (pass) her examination.
   (A) If she had studied more, she *would have passed* her examination.

1. If I (know) your telephone number, I would have called you.
2. If she had had time, she (go) with us.

3. We would have gone to the park if the weather (be) fine yesterday.
4. If yesterday (be) a holiday, all the offices would have been closed.
5. If you (do) as I told you, you would have succeeded.
6. If I (eat) too much, I would have been ill.
7. He would have come if you (call) him.
8. If she (leave) earlier, she would have caught the bus.
9. If you (wait), she would have come.
10. If I (see) you, I would have spoken to you.
11. If the travellers had been thirsty, they (drink) some water.
12. If you had taken a taxi, you (catch) the train.
13. We (go) to Ngapali if we had had the time.
14. If I had been in your place, I (tell) the truth.
15. If she had called me, I (be) glad to meet her.
16. The teacher wouldn't have punished the boy if he (tell) the truth.
17. You wouldn't have caught cold, if you (wear) the overcoat.
18. If I had known it was going to rain, I (bring) the umbrella.
19. If he (be) able to swim, he wouldn't have been drowned.
20. If you had come to me, I (give) it to you.

*Exercise No. (182)*

**Put the verbs in brackets into the correct tenses.**

1. If you (tell) me the truth, I would not have punished you.
2. If I (know) your address, I would have come to you.
3. If he (study) at Yangon University, I should have met him there.
4. If they (pass) the tenth standard examination, they would have gone to University.
5. He would have bought a car if he (know) how to drive.
6. I would have believed it if I (see) it with my own eyes.
7. They would not have made so many mistakes if they (discuss) the plan in detail.
8. He would have been less angry if his daughter (tell) him the truth.
9. He would have become a famous writer if he (had) more luck.
10. I could have solved the problem if I (know) about this yesterday.



11. If I had known you were waiting for me, I (hurry) to get there.
12. If you had come along with them, you (see) a good show.
13. If I had received an invitation, I (go) to the party.
14. If she had thought that it was right, she (decide) to do it.
15. If your message had come, I (buy) this car
16. All the passengers would have been killed if the driver (be) careless.
17. I (know) what to do if you had telephoned me.
18. She (be) a poor woman if she had married for love.
19. We (be) able to go on a picnic if it had not rained so hard.
20. If she had had the money, she (lend) it to me.

## CONDITIONAL SENTENCES (MIXED TYPES)

*Exercise No. (183)*

**Put the verb in brackets into the correct tenses.**

1. If taxes were reduced, people (be) very happy.
2. If you are cruel to your wife, she (leave) you.
3. If she had not done the homework, she (be) beaten by the teacher.
4. He would have come if he (be) free.
5. The whole world (be) in danger if an atomic war broke out.
6. If you do not give me back my diamond ring, I (call) the police.
7. The crops (fail) next year if we had no rain.
8. If you (stop) smoking, you will feel healthier.
9. What would you do if you (be) bitten by a snake?
10. If she sells her car, she (get) much money for it.
11. If we caught the 8:30 train, we (arrive) very early.
12. If I (be) you, I would not buy this book.
13. If he (be) angry, he will beat his children.
14. If she (have) much knowledge, she can solve the problem.
15. If he (have) good friends, he would not be in trouble.
16. If he doesn't work harder, he (fail) in the examination.
17. We (get) wet if it rains.
18. If he invites me, I (be) glad to go.
19. If the children don't come home early, their mother (get) angry.

20. If you (eat) these green mangoes, you would be sick.
21. If we had a big garden, we (grow) roses.
22. If she had a sewing machine, she (sew) her own clothes.
23. I would have gone to many places, if I (have) a car.
24. I would rule my people if I (be) a king.
25. If I had a magic carpet, I (fly) to the moon.
26. If she were an artist, she (paint) my picture.
27. If he were rich, he (go) round the world.
28. I would have lent you the money if I (know) you wanted it.
29. If I (have) an extra pen, I would have lent it to you.
30. She (stop) to talk to me if she had not been in such a hurry.

***



# MODAL VERBS

# MODAL VERBS

can, could, may, might, must, shall, should, will, would ဆိုတဲ့ စကားလုံးတွေ ကို Modal Verbs လို့ ခေါ်ပါတယ်။ သူတို့ကို Modal Auxiliaries လို့လဲ ခေါ်ပါတယ်။ Modal Verb တစ်လုံးချင်းကို အသေးစိတ် လေ့လာကြည့်ကြပါစို့။

## CAN = နိုင်သည်၊

၁။ တစ်စုံတစ်ခု ဖြစ်ပျက်နိုင်တယ်၊ တစ်စုံတစ်ယောက်က တစ်စုံတစ်ရာကို ပြုလုပ်နိုင်စွမ်းရှိတယ် ဆိုတဲ့ အဓိပ္ပာယ်နဲ့ သုံးပါတယ်။

> Can is used to express possibility as well as ability.
>
> *ELEMENTARY EXERCISES (PAGE. 26)*
> *A. .. HORNBY*

ဥပမာ
1. I can eat fish every day if I want to.
   ငါသာ စားချင်ရင်၊ နေ့တိုင်း ငါးဟင်းစားနိုင်တယ်။
2. We can see the pagoda from our window.
   ကျွန်တော်တို့ ပြတင်းပေါက်ကနေပြီး ဘုရားကို (ဖူး) တွေ့မြင်နိုင်တယ်။

၂။ can ဟာ Present Tense ဖြစ်ပေမယ့် အနာဂတ်ကာလ (Future Tense) ကို ရည်ညွှန်းပြီး တော့လဲ အသုံးပြုနိုင်ပါတယ်။

ဥပမာ We can hold another meeting tomorrow.
မနက်ဖြန်မှာ အစည်းအဝေးတစ်ခုကို ကျင်းပပြုလုပ်နိုင်ပါတယ်။

I'm afraid I can't come to your party next week.
နောက်အပတ်မှာ ကျင်းပမယ့် မင်းရဲ့ပါတီပွဲကို မလာနိုင်မှာစိုးတယ်။

ဒါပေမယ့် ပြုလုပ်နိုင်လိမ့်မယ်၊ ဆောင်ရွက်နိုင်လိမ့်မယ်လို့ အနာဂတ်ကာလရဲ့ အဓိပ္ပာယ်ကို ပိုပြီးတိကျပေါ်လွင်အောင် ရေးချင်ရင်တော့ will (shall) be able to နဲ့ ရေးရပါတယ်။

> e.g. I *will be able* to come to your party tomorrow.
> The form *can* is only used in the future to express permission.
> To express ability, therefore, we have only one form *shall/will be able.*
>
> *A PRACTICAL ENGLISH GRAMMAR (PAGE. 97)*

၃။ can ကို ခွင့်ပြုတဲ့သဘော (to express permission) နဲ့လဲ သုံးကြပါတယ်။

ဥပမာ You can go home early today.
(i.e, you have my permission.)
ဒီနေ့ မင်းအိမ်ကို စောစောပြန်နိုင်တယ်။ (မင်းကိုငါ ပြန်ခွင့်ပြုတယ်။)

အဲဒီလို ခွင့်ပြုတဲ့သဘောနဲ့ဆိုရင် may နဲ့ သုံးသင့်တယ်လို့ ရှေးရိုးသဒ္ဒါဆရာတွေက ဖွင့်ဆိုပေမယ့် လက်တွေ့တကယ်အသုံးမှာတော့ … can ကိုလဲ အင်္ဂလိပ်လူမျိုးတွေ သုံးလေ့ရှိပါတယ်။ အထူးသဖြင့် အင်္ဂလိပ်စကားပြောမှာ သုံးကြပါတယ်။

> In cases like this, "can" takes over the work of "may", English people, especially grammarians, object to this and say it is wrong, but it is often done that it must be accepted as idiomatic and correct, at least in the spoken English.
>
> *P. E. U (PAGE. 124)*

> "Can" has two main uses.
>
> 1. To express permission or possibility (= may)
>    e.g. You can go now.
> 2. To express ability or capacity (= know how to)
>    e.g. I can swim very well.
>
> Future: 1. can
> 2. shall (will) be able to
>
> Past: 1. could
> 2. could or was (were) able to
>
> *L. E. S. (PAGE. 45)*



၄။ can ကို လက်ရှိလောလောဆယ် (in reference to ability which is limited to the present moment) အချိန်ကာလမှာ အလုပ်တစ်ခုကို လုပ်နိုင်တယ်လို့ ဖော်ပြချင်တဲ့ အခါမှာလဲ သုံးပါတယ်။

You can read this book right now.

ခုချက်ချင်းပဲ ဒီစာအုပ်ကို မင်းဖတ်နိုင်တယ်။

၅။ can ကို အတိတ်ကာလအတွက် ရည်ညွှန်းချက်သဘောနဲ့ ဘယ်တော့မှ မသုံးရပါဘူး။

၆။ can't help ကတော့ idiom ဖြစ်တယ်၊ သူ့နောက်က ကြိယာကို -ing ပုံစံနဲ့ ရေးသားရပါတယ်။ သူရဲ့အတိတ်ကြိယာပုံစံက couldn't help ဖြစ်ပါတယ်။

ဥပမာ I can't help laughing.
မရယ်ဘဲ မနေနိုင်ဘူး။

I can't help sleeping.
မအိပ်ဘဲ မနေနိုင်ဘူး။

They couldn't help watching television.
ရုပ်မြင်သံကြား မကြည့်ဘဲ မနေနိုင်ဘူး။

## COULD = နိုင်ခဲ့သည်။

၁။ can ရဲ့ (Past Tense) အတိတ်ကြိယာ (လုပ်) နိုင်ခဲ့သည်ဆိုတဲ့ အဓိပ္ပာယ်နဲ့ သုံးပါတယ်။

| | | | | | |
|---|---|---|---|---|---|
| see | = | မြင်သည်။ | hear | = | ကြားသည်။ |
| smell | = | အနံ့ရသည်။ | taste | = | အရသာခံစားသည်။ |
| feel | = | ထိတွေ့ခံစားသည်။ | understand | = | နားလည်သည်။ |
| remember | = | သတိရသည်။ | | | |

ဆိုတဲ့ ကြိယာစကားလုံးတွေနဲ့ များသောအားဖြင့် တွဲဖက်ရေးသား သုံးနှုန်းလေ့ရှိပါတယ်။

1. When we went into the kitchen, we could smell burning.
   မီးဖိုချောင်ထဲ ကျွန်တော်တို့ဝင်သွားတော့ ညှော်နံ့ရတယ်။

2. When we woke up, we could hear a loud noise.
အိပ်ရာကနိုးတော့ ကျယ်လောင်တဲ့အသံကို ကျွန်တော်တို့ ကြားတယ်။

3. U Kyaw Win spoke very quickly but his wife could understand what he was saying.
ဦးကျော်ဝင်း စကားပြောတာ သိပ်မြန်တယ်၊ ဒါပေမယ့် သူ့မိန်းမကတော့ သူဘာပြောနေတယ်ဆိုတာ နားလည်တယ်။

4. I didn't know you could play the piano. (= you were able to)
မင်းစန္ဒရားတီးတတ်မှန်း ငါမသိခဲ့ဘူး။

5. I told him I could swim. (= I was able to)
ငါ ရေကူးတတ်တယ်လို့ သူ့ကို ပြောခဲ့တယ်။

၂။ could ကို can ရဲ့ အတိတ်ကြိယာအဖြစ်သုံးတာနဲ့ Direct Speech ကနေ indirect Speech ပြောင်းတဲ့အခါ can ကို could သို့ ပြောင်းရပါတယ်။

ဥပမာ 1. (D.S) She said, "I *can* buy this car."
(I. S) She said that she *could* buy that car.

၃။ could ကို Conditional Sentences ပုံစံ(၂)နဲ့ (၃) ရဲ့ Main Clause (Result Clause) အတွင်းမှာ ထားပြီးတော့လဲ သုံးပါတယ်။ စာမျက်နှာ (၆၁၃) မှာ အသေးစိတ် ပြန်ကြည့်ပါ။

ဥပမာ 1. *If* he won a scholarship next year, he *could* be able to study abroad.
သူဟာ ပညာသင် ထောက်ပံ့ကြေးရခဲ့ရင် နိုင်ငံခြားကို ပညာသင်သွားနိုင်ခဲ့မှာ။

2. *If* he *had* left in time, he *could have caught* the train.
သူဟာ အချိန်မီ ထွက်(သွား) ခဲ့ရင် ရထားမီမှာ။



၄။ could ဆိုတာ can ရဲ့ အတိတ်ကြိယာအဖြစ်နဲ့ သုံးတယ်ဆိုပြီး ပုံသေမမှတ်ထားရပါဘူး။ can ရော could ရော နှစ်မျိုးစလုံးကို Present Tense ပစ္စုပ္ပန်ကာလအဖြစ်နဲ့ သုံးနိုင်ပါတယ်။

(က) can နဲ့ သုံးရင် အလုပ်တစ်ခုကို လုပ်နိုင်တယ်၊ တကယ်လဲ လုပ်တယ်လို့ အဓိပ္ပာယ်ရပါတယ်။

(ခ) could နဲ့ သုံးရင် အလုပ်တစ်ခုကို လုပ်မယ်ဆိုရင်တော့ လုပ်နိုင်တယ်။ ဒါပေမယ့် အကြောင်းတစ်ခုခုကြောင့် မလုပ်ဘူးလို့ အဓိပ္ပာယ်ရပါတယ်။

ဥပမာ 1.(a) I can buy vegetables at a shop near our house.
အိမ်နားကဆိုင်မှာ ဝယ်နိုင်တယ်။ (တကယ်လဲ ဝယ် ဘယ်)

(b) I could buy vegetables at a shop near our house.
အိမ်နားကဆိုင်မှာ ဝယ်နိုင်တယ်။ (ဒါပေမယ့် မဝယ်ဘူး)

2.(a) I can take Mary to school by car every day.
မေရီကို ကားနဲ့ နေ့တိုင်း ခေါ်သွားနိုင်တယ် (တကယ်လဲခေါ်တယ်)

(b) I could take Mary to school by car every day, but it is better for her to walk.
မေရီကို ကားနဲ့ခေါ်သွားနိုင်တယ်၊ ဒါပေမယ့် လမ်းလျှောက်ပြီးသွားရင် ပိုကောင်းတာမို့ (ကားနဲ့မခေါ်ဘူး)လို့ဆိုလိုတယ်။

IMPROVE YOUR ENGLISH (P. 83-84)

၅။ can, could နှစ်လုံးစလုံးကို အနာဂတ်အဓိပ္ပာယ် (Future Tense) နဲ့လဲသုံးနိုင်ပါတယ်။ အဓိပ္ပာယ်ကွာခြားမှုကတော့ အပေါ်နံပါတ် (၄) မှာ ဖော်ပြထားတဲ့ (Present Tense) တုန်းက အတိုင်းပါပဲ။

> When we use "can" and "could" with Present Infinitive to speak about the Future, there is a similar difference in meaning.
>
> When "can" is used, what can be done is possible and likely, when "could" is used, what can be done is possible but unlikely. Here are two more examples:
>
> When we go to Mandalay we can go by air.
>
> We could go to Mandalay by train but it will be quicker to fly.
>
> *IMPROVE YOUR ENGLISH (PAGE. 84)*

၆။ could ကို အတိတ်တစ်ချိန်က အလုပ်တစ်ခုကို လုပ်နိုင်စွမ်းရှိတယ်၊ ယခုပြောဆိုနေချိန်မှာတော့ မရှိတော့ဘူးဆိုတဲ့ အဓိပ္ပာယ်နဲ့လဲ သုံးနိုင်ပါတယ်။

1. Until a short time ago, U Kyaw could read for a long time without getting a headche.
   မကြာမီလေးအချိန်ထိ ဦးကျော်ဟာ စာကိုဆက်တိုက်ဖတ်နိုင်ခဲ့တယ်၊ ဖတ်လို့ ခေါင်းတွေဘာတွေ မကိုက်ဘူး။
   (အခုတော့ မဖတ်နိုင်၊ ဖတ်ရင် ခေါင်းကိုက်လာတယ်လို့ ဆိုလိုတယ်။)

2. He can't play tennis very well now but he could play when he was younger.
   အခုတော့ တင်းနစ်ကောင်းကောင်း မကစားနိုင်တော့ဘူး၊ ဒါပေမယ့် ဒီထက် အသက်ငယ်တုန်းကတော့ ကစားနိုင်ခဲ့တယ်။

၇။ ***Could do နဲ့ Could have done***

could (do) ကို can (do) ရဲ့ အတိတ်ကြိယာအဖြစ်နဲ့ သုံးတဲ့အကြောင်း အထက်မှာ ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။ (သို့သော်) တစ်ခါတစ်ရံ ပစ္စုပ္ပန်ကာလ (Present) အနာဂတ်ကာလ (Future) အဓိပ္ပာယ်တွေနဲ့လဲ သုံးနိုင်ပါတယ်။

ဥပမာ
- "What shall we do this evening?"
  "We could go to the cinema."
  ဒီနေ့ညနေ ဘာလုပ်ကြမလဲ။
  ရုပ်ရှင်သွားနိုင်တာပေါ့။
- When you go to Mandalay, you could stay with your uncle.
  မင်း မန္တလေးကိုရောက်တဲ့အခါ မင်းရဲ့ဦးလေး (ဆီမှာ) တည်းခိုနိုင်တာပေါ့။

ဒီဝါကျတွေကို can နဲ့လဲ အစားထိုးပြီး ရေးသားနိုင်ပါတယ်။

> "Can" is also possible in these sentences.
> "Could" is more unsure than "can".
>
> *E. G. IN USE (PAGE. 54)*



၈။ could (do) ကို အနာဂတ်ကာလမှာ ဖြစ်နိုင်တဲ့ဖြစ်ရပ် (about possible future happenings) တွေ အတွက်လဲ သုံးကြပါတယ်။

ဥပမာ There could be another rise in the price of oil. (It is possible that there will be.)
နောက်ထပ် ဆီဈေးတက်နိုင်တယ်။

၉။ could ကို would be able to (ပြုလုပ်နိုင်လိမ့်မယ်) ဆိုတဲ့ အဓိပ္ပာယ်နဲ့လဲ သုံးပါတယ်။

> Sometimes "*could*" means "*would be able to*".
> - Why *doesn't* Tom apply for the job?
>   He *could get* it.
> - I *don't* know how she works 14 hours a day. I *couldn't* do it.
>
> *E. G. IN USE (PAGE. 54)*

Could do ရဲ့ အတိတ်ကြိယာပုံစံဟာ Could have done ဖြစ်ပါတယ်။ အတိတ်က အလုပ်တစ်ခုကို လုပ်မယ်ဆိုရင် လုပ်နိုင်တယ်၊ အခွင့်အရေးရခဲ့တယ်။ ဒါပေမယ့် မလုပ်ဖြစ်ခဲ့ဘူးဆိုတဲ့ အဓိပ္ပာယ်နဲ့ သုံးပါတယ်။

Why didn't Ko Tu apply for the job? He could have got it. (He had the ability to get it)
ဘာဖြစ်လို့ ကိုတူးက ဒီအလုပ်ကို မလျှောက်တာလဲ၊ သူ ရနိုင်သားနဲ့။
(ရနိုင်တဲ့ အရည်အချင်း စွမ်းရည်ရှိတယ်)

Could (do) နဲ့ Could have (done)ရဲ့ ကွာခြားတဲ့ အသုံးအနှုန်းလေးတွေကို မှတ်သားပြီး လေ့လာကြည့်ပါ။

1. (a) She *doesn't* want to stay with Linda. But she *could stay* with Linda.
   (b) She *didn't* want to stay with Linda. But she *could have stayed* with Linda.
2. (a) He *doesn't* want to help us. But he *could help* us.
   (b) He *didn't* want to help us. But he *could have helped* us.
3. (a) They *don't* want to lend us any money. But they *could lend* us some (money).
   (b) They *didn't* want to lend us any money. But they *could have lent* us some (money).

*E. G. IN USE (PAGE. 55)*

## COULD နှင့် ABLE TO

အလုပ်တစ်ခုကို လုပ်နိုင်တဲ့အရည်အချင်း ရှိခဲ့တယ်။ ဒါပေမယ့် တကယ်လက်တွေ့မှာ မလုပ်ခဲ့ဘူးဆိုတဲ့ အဓိပ္ပာယ်နဲ့ဆိုရင် could ကို သုံးရတယ်။

ဥပမာ They could build a house last year.
မနှစ်က သူတို့ အိမ်တစ်လုံးဆောက်နိုင်ခဲ့တယ်။ (ဒါပေမယ့် မဆောက် ခဲ့ဘူးလို့ ဆိုလိုတယ်။)

အလုပ်တစ်ခုကို လုပ်နိုင်တဲ့ အရည်အချင်းလဲရှိတယ်။ တကယ်ဖြစ်မြောက်အောင်လဲ လုပ်ခဲ့တယ်ဆိုရင် was/ were able to ကို သုံးရပါတယ်။

ဥပမာ They were able to build a house last year.
မနှစ်က သူတို့ အိမ်တစ်လုံးဆောက်နိုင်ခဲ့တယ်။ (တကယ်လဲ ဆောက်ခဲ့တယ်လို့ ဆိုလိုတယ်။)



But if you mean that someone managed to do something in one particular situation, you have to use *was/were able* to.(not *could*).

The fire spread through the building very quickly but everyone was able (= managed) to escape. (not *could escape*)

They didn't want to come with us at first but in the end we *were able* (= managed) to persuade them. (not *could persuade*)

*E. G. IN USE (PAGE. 52)*

## MAY = နိုင်သည်

၁။ တစ်စုံတစ်ခုကို ပြုလုပ်နိုင်ကြောင်း၊ ပြုလုပ်ခွင့်ရှိကြောင်း (ပြန်နိုင်ပြီ၊ သွားနိုင်ပြီ စသည်ဖြင့်) အခွင့်ပြုတဲ့သဘော။
(ပြန်နိုင်ပါပြီလား၊ သွားနိုင်ပါပြီလား စသည်ဖြင့်) အခွင့်တောင်းတဲ့သဘောအဓိပ္ပာယ်နဲ့ သုံးပါတယ်။)
ရေးသားပြောဆိုတဲ့ဝါကျအတွင်း အချိန်ပြပုဒ်ကို ဖော်ပြမထားရင်တော့ ယခုလောလောဆယ် ပြောဆိုရေးသားနေချိန်ကို ရည်ညွှန်းပါတယ်။

ဥပမာ May I go home?
ကျွန်တော် အိမ်ကိုပြန်ခွင့်ရှိပါပြီလား။ (ကျွန်တော့်ကို အိမ်ပြန်ခွင့်ပြုပါ)
You may go home.
မင်း အိမ်ကိုပြန်နိုင်ပါပြီ။ (ယခုပြောချိန်မှာ ပြန်ခွင့်ပေးတဲ့သဘော)

၂။ May ရဲ့ အနာဂတ် ကာလ အသုံး

မရောက်ရှိသေးတဲ့ကာလ (Future) ကို ညွှန်ထားတဲ့ အချိန်ပြပုဒ်တွေနဲ့ ယှဉ်တွဲပြီး ရေးသားပြောဆိုရင်တော့ အနာဂတ်ကာလကို ရည်ညွှန်းပါတယ်။

You may go home at 4:30 this evening.
ညနေ လေးနာရီခွဲရောက်ရင် မင်းအိမ်ကိုပြန်နိုင်ပါပြီ။ (ကြိုပြီးခွင့်ပေးတာ)

၃။ အတိတ်ကာလမှာ ရရှိခဲ့တဲ့ ခွင့်ပြုမှု၊ ခွင့်တောင်းမှုတွေကို ဘယ်တော့မှ may နဲ့ တွဲဖက်ပြီး မသုံးရပါဘူး။ အတိတ်ကာလက ခွင့်ပြုမှုအကြောင်း ဖော်ပြချင်ရင် …

- Nu Nu *had permission* to leave at 4:30 yesterday.
- Nu Nu *was allowed* to leave at 4:30 yesterday.

နုနုကို မနေ့က လေးနာရီခွဲမှာ အိမ်ပြန်ခွင့်ပြုခဲ့တယ် - စသည်ဖြင့် ရေးသားရပါမယ်။

၄။ အနာဂတ်ကာလမှာ တစ်ခုခုဖြစ်ချင်ဖြစ်လာနိုင်တယ်ဆိုတဲ့ ကြိုတင်မှန်းဆပြောဆိုတဲ့သဘောနဲ့လဲ may ကို သုံးနိုင်ပါတယ်။

ဥပမာ It may rain tomorrow.
မနက်ဖြန်မှာ မိုးရွာချင်ရွာနိုင်တယ်။

၅။ ပစ္စုပ္ပန်ကာလ (ယခုပြောဆိုနေချိန်) မှာ တစ်ခုခုဖြစ်ချင်ဖြစ်နိုင်တယ်၊ ဖြစ်ကောင်းဖြစ်နိုင်တယ်လို့ မှန်းဆပြောဆိုချင်ရင်လဲ may ကို သုံးနိုင်ပါတယ်။

အဲဒီလို သုံးချင်ရင် ကြိယာကို (- ing ပါတဲ့) Verb Phrase နဲ့တွဲဖက်ရေးသားရပါတယ်။ ဘယ်နေရာမှာ ဖြစ်ပျက်နိုင်တယ်ဆိုတဲ့ နေရာပြပုဒ်ကိုလဲ ဖော်ပြရေးသားရပါမယ်။

ဥပမာ It *may be raining* in *Yangon* right now.
ခုအချိန်ဆို ရန်ကုန်မှာ မိုးရွာချင်ရွာနေမှာ …

၆။ အတိတ်ကာလမှာ တစ်ခုခုဖြစ်ကောင်းဖြစ်ခဲ့မှာပဲလို့ မှန်းဆပြောဆိုချင်ရင်တော့ may have + V3 ပုံစံနဲ့ ရေးရပါတယ်။

ဥပမာ It may have rained in Yangon yesterday.
ရန်ကုန်မှာ မနေ့က မိုးရွာကောင်း ရွာနိုင်ခဲ့တယ်။



## MIGHT = နိုင်ခဲ့သည်

၁။ အဖြစ်အပျက် တစ်စုံတစ်ရာ၊ ဖြစ်ကောင်းဖြစ်လာနိုင်တယ်လို့ မှန်းဆပြောဆိုတဲ့သဘောနဲ့ might ကို သုံးပါတယ်။
ဘယ်အချိန်မှာ ဖြစ်ပျက်တယ်ဆိုတဲ့အချိန်ပြပုဒ်ကို ဖော်ပြမထားရင်၊ အနာဂတ်ကာလကို ရည်ညွှန်းပါတယ်။ တစ်ခါတစ်ရံ အလွန်နီးကပ်တဲ့ အနာဂတ်ကာလကို ရည်ညွှန်းပါတယ်။ တစ်ခါတရံကြတော့ လက်ရှိ လောလောဆယ် ပြောဆိုနေတဲ့ ကာလကို ရည်ညွှန်း ပါတယ်။

ဥပမာ It might rain. (very near future)
မိုးရွာနိုင်တယ်(မကြာခင်တွင်ရွာတော့မယ်ထင်တယ်ဆိုပြီး မှန်းဆပြောဆိုတာ။)
Our grandfather, U Lay Myint, might need glasses. (right now)
ကျွန်တော်တို့အဘိုး ဦးလေးမြင့်အနေနဲ့ မျက်မှန်တော့ လိုမယ်ထင်တယ်။
(ယခုပြောဆိုနေတဲ့အချိန်မှာ လိုမယ်ထင်တယ်လို့ပြောတာ။)

၂။ ပစ္စုပ္ပန်ကာလ (ယခုပြောဆိုနေချိန်) မှာ တစ်ခုခုဖြစ်ချင်ဖြစ်နိုင်တယ်၊ ဖြစ်ကောင်းဖြစ်နိုင်တယ်လို့ မှန်းဆပြောဆိုချင်ရင်လဲ might ကို သုံးနိုင်ပါတယ်။ may နဲ့ သုံးပုံခြင်း အတူတူပဲဖြစ်တယ်။

ဥပမာ It might be raining in Yangon now.
ခုချိန်ဆို ရန်ကုန်မှာ မိုးရွာချင်ရွာနေမှာ။

အနာဂတ်အချိန်ပြပုဒ်တစ်ခုခုနဲ့တွဲဖက်ပြီး ရေးသားမယ်ဆိုရင်တော့ အနာဂတ်ကာလကို တိတိကျကျ ရည်ညွှန်းပါတယ်။

ဥပမာ It might rain tomorrow.
မနက်ဖြန်မှာ မိုးရွာနိုင်တယ်။ (ရွာချင်ရွာမယ်။)

၃။ အတိတ်ကာလမှာ တစ်ခုခုဖြစ်ကောင်းဖြစ်ခဲ့မှာပဲလို့ မှန်းဆပြောဆိုချင်ရင်တော့ might have + V3 ပုံစံနဲ့ ရေးရပါတယ်။ may နဲ့ သုံးပုံခြင်း အတူတူပဲဖြစ်ပါတယ်။

ဥပမာ It might have rained in Yangon yesterday.
ရန်ကုန်မှာ မနေ့က မိုးရွာကောင်းရွာခဲ့နိုင်တယ်။

၄။ Direct Speech ကနေ Indirect Speech ကို ပြောင်းတဲ့အခါမှာတော့ might ကို may ရဲ့ အတိတ်ကြိယာအဖြစ် ပြောင်းလဲရေးသားရပါတယ်။

1. (D.S.) The teacher said to Thidar, "You may go home."
   (I. S.) The teacher told Thidar that she might go home.
2. (D.S.) Yan Aung said to his wife, "I may be late."
   (I. S.) Yan Aung told his wife that he might be late.

၅။ Clause (ဝါကျပိုင်း) ၂ ခုနဲ့ ဆက်စပ်ပြီး ရေးတဲ့ဝါကျတွေမှာ အဓိကဝါကျပိုင်းက ကြိယာ (Main Verb) က Past Tense ဖြစ်နေရင် ကျန်ဝါကျပိုင်းမှာ ရှိတဲ့ကြိယာကို might နဲ့ ယှဉ်တွဲ ပြီး သုံးရပါတယ်။

ဥပမာ

1. I *thought* that she *might* come.
   သူလာချင်လာမယ်လို့ ကျွန်တော်ထင်ခဲ့တယ်။
2. They *said* that the colour *might fade* when it was washed.
   ရေလျှော်လိုက်ရင် အရောင်ကျွတ်နိုင်တယ်လို့ ပြောတယ်။

## MAY နဲ့ MIGHT

ယေဘုယျသဘောနဲ့ ပြောရင်တော့

- Might ဟာ May ရဲ့အတိတ်ကြိယာဖြစ်တယ်။
- May နဲ့ Might နှစ်လုံးစလုံးကို

(a) permission = ခွင့်ပြုခြင်း
(b) possibility = ဖြစ်နိုင်ချေရှိခြင်း (မသေချာမှု)
သဘောနဲ့ အသုံးပြုပါတယ်။

- ဒါပေမယ့် Might ကို May ရဲ့ အတိတ်ကြိယာသာဖြစ်တယ်လို့ တရားသေမှတ်မထားရပါဘူး။ Might ရဲ့ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ကာလသုံးမျိုးလုံးရဲ့ အသုံးအနှုန်းကို အထက်မှာ ဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။



အောက်မှာဖော်ပြထားတဲ့ အသုံးအနှုန်းလေးတွေကို ထပ်မံပြီး လေ့လာကြည့်ပါဦး။

- May I use your phone?
- Might I use your phone?

ခင်ဗျားရဲ့တယ်လီဖုန်းကို သုံးခွင့်ပြုပါဗျာ …လို့ ခွင့်တောင်းတဲ့သဘောနဲ့ သုံးတာချင်း အတူတူပါပဲ။

သို့သော်လည်း Might နဲ့ သုံးတာက ပိုပြီး ယဉ်ကျေးတဲ့သဘောကို ဆောင်ပါတယ်။

> "Might I?" can be used instead of "May I?" when asking permission and is a more polite form.
>
> *A. P. E. G. (PAGE. 92)*

## MAY နဲ့ MIGHT ရဲ့ ပစ္စုပ္ပန်နဲ့ အနာဂတ်

ပစ္စုပ္ပန်နဲ့ အနာဂတ်ကာလ (၂) မျိုးလုံးမှာ အကြောင်းအရာ အဖြစ်အပျက်တစ်ခု ဖြစ်ချင်ဖြစ်မယ်၊ (ဖြစ်ချင်မှလဲဖြစ်မယ်) ၊ ဖြစ်နိုင်တဲ့အလားအလာ (Possibility) တော့ ရှိတယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ ရေးသားချင်ရင်တော့ May ရော Might ပါ နှစ်မျိုးစလုံးနဲ့ သုံးနိုင်ပါတယ်။

ဥပမာ

1. (a) He *may* come today. (perhaps he will come, perhaps not.)
   (b) He *might* come today. (perhaps he will come, perhaps not.)
   သူ ဒီနေ့လာနိုင်တယ်။ (ရောက်လာချင်လဲ ရောက်လာမယ်၊ ရောက်ချင်မှလဲ ရောက်မယ်။)
2. (a) He *may* come tomorrow.
   (b) He *might* come tomorrow.
   သူမနက်ဖြန် လာနိုင်တယ်။ ( လာချင်လဲ လာလိမ့်မယ်၊ လာချင်မှလဲ လာလိမ့်မယ်)

ဖြစ်နိုင်မှုအလားအလာနဲ့၊ မသေချာမှုသဘောနဲ့ သုံးတာချင်းအတူတူဖြစ်ပေမယ့် might နဲ့ သုံးတဲ့အခါမှာ may နဲ့ သုံးတာထက် ပိုပြီးမသေချာမှုသဘောကို ဆောင်ပါတယ်။

He may come = ဆိုတာက လာချင်လာမယ်၊ လာချင်မှလဲ လာမယ်၊ ဒါပေမယ့် လာဖို့ဘက်ကများတယ်လို့ ဆိုလိုတယ်။

He might come = ဆိုတာက လာချင်လာမယ်၊ လာချင်မှလဲ လာမယ်၊ ဒါပေမယ့် မလာဖို့ဘက်က များတယ်လို့ ဆိုလိုတယ်။

> "Might" used with a present or future meaning expresses greater doubt than "May".
>
> *A. P. E. G. (PAGE. 93)*

ဖြစ်ချင်ဖြစ်မယ်၊ မဖြစ်ချင်မဖြစ်ဘူးဆိုတဲ့ (uncertainty) မသေချာမှုသဘော မရှိရင်တော့ may တို့ might တို့ကို မသုံးရပါဘူး။

ဥပမာ We *may have* a storm tonight.
ဒီနေ့ည မုန်တိုင်းတိုက်ချင် တိုက်လိမ့်မယ်။ (မသေချာ)

We *will have* a storm tonight.
ဒီနေ့ည မုန်တိုင်းတိုက်လိမ့်မယ်။ (သေချာတယ်)

The fish *may be* dead.
ငါးက သေနေတာဖြစ်နိုင်တယ်။ (မသေချာ)

The fish *is* dead.
ငါးက အသေကြီး။ (သေချာတယ်)

> If there is no uncertainty, we use the Future or Present Tense of the verb without "may".
>
> *PRACTICAL ENGLISH USAGE (PAGE. 129)*



## MAY နဲ့ MIGHT ရဲ့ အတိတ်ကာလ

အတိတ်ကာလမှာ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တစ်ခုကို ဆင်ခြင်တွေးဆပြီး ဒီလိုဖြစ်နိုင်တယ်၊ မဖြစ်နိုင်ဘူးစသည်ဖြင့် ဖြစ်နိုင်ချေအလားအလာ မသေချာမှုကို ဖော်ပြချင်ရင်တော့ may have + V3, might have + V3 ကြိယာတွဲပုံစံနဲ့ ရေးသားပါတယ်။

ဥပမာ He may have gone.
He might have gone.
သူသွားပြီ (ထင်တယ်)
} It is possible that he went.

may/ might + perfect infinitive is used in speculations about past actions.

> Might" can be used instead of "may" to emphasize the doubt and must be used when the main verb is in the Past Tense.
>
> *P. E. G. (PAGE. 93)*

## May နဲ့ Might ရဲ့ Continuous Form

အနာဂတ်ရဲ့ တိကျတဲ့အချိန်တစ်ချိန်မှာ အလုပ်တစ်ခုကို လုပ်နေကောင်းလုပ်နေလိမ့်မယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့သုံးချင်ရင် may/ might + be+ V-ing ကြိယာတွဲပုံစံနဲ့ ရေးသားရပါတယ်။

ဥပမာ Don't phone at 8:30. I *may (or might) be watching* the football match on television.
၈ နာရီခွဲမှာ ငါ့ဆီကို ဖုန်းမဆက်နဲ့ T.V. မှာ ဘောလုံးပွဲကြည့်ချင်ကြည့်နေမှာ (မသေချာ။)
I *will be watching* လို့ ရေးမယ်၊ ပြောမယ်ဆိုရင်တော့ သေချာတဲ့ သဘောအဓိပ္ပာယ်ကို ဆောင်ပါတယ်။

အနာဂတ်ကာလမှာ အစီအစဉ်တစ်ခုရှိကောင်းရှိမယ်ဆိုတဲ့ သဘောကို ဖော်ပြချင်ရင်လည်း *may/ might + be + V-ing* ကြိယာတွဲပုံစံနဲ့ ရေးရပါတယ်။

ဥပမာ I may (or) might be going to Ngapali in April.

ဧပြီလမှာ ငပလီကို ငါသွားမလို့၊ (သွားဖြစ်ချင် သွားဖြစ်မယ်။) တိတိကျကျ သေသေချာချာ သွားဖြစ်မယ်ဆိုရင်တော့ ...

I am going to Ngapali in April.

ဧပြီလမှာ ငပလီကို ငါသွားမလို့။

## ဆုတောင်းတဲ့ သဘောနဲ့ သုံးတဲ့ MAY

ဝါကျရဲ့ရှေ့ဆုံးမှာ May ကို ထားပြီး ဆန္ဒပြုတဲ့၊ ဆုတောင်းတဲ့သဘောနဲ့ သုံးနိုင်ပါတယ်။

ဥပမာ - May they live long!

သက်တော်ရာကျော်ရှည်ပါစေ။

- May you both be happy!

မင်းတို့နှစ်ယောက် ပြုံးပျော်နိုင်ကြပါစေကွာ။

- May you always be happy!

မင်း ထာဝရ စိတ်ရွှင်လန်း ချမ်းမြေ့ပါစေ။

- May you all pass the examination!

မင်းတို့အားလုံး စာမေးပွဲအောင်ကြပါစေသော်ဝ် စသည်ဖြင့် ....

ဒါပေမယ့် ဒီလိုအရေးအသား အသုံးအနှုန်းကို Modern English မှာ အသုံးနည်းသွားပါပြီ။ May အစား "I hope ... will" ပုံစံနဲ့ ရေးကြပြောကြပါတယ်။

> "May" is used to express "wishes" and "hopes".
>
> *A. S. HORNBY'S LEARNER'S D. OF CURRENT ENGLISH (PAGE. 534)*

> "May you always be happy!"
>
> This use sounds a little solemn nowadays, and in normal speech we prefer "I hope".
>
> e.g. "I hope you will always be happy."



> Note that the word "hope" always implies "a wish". The things we hope are the things we desire. If you do not realize this, you will make some very bad mistakes with this word.
>
> Moreover do not confuse this use of "May you" (a statement expressing a wish) with "Will you" (a question seeking permission).
>
> e.g. Do not say "May you allow me to go"
>
> when you mean, "Will you allow me to go?".
>
> *P. E. U (PAGE. 129)*

## အကြံပေးတဲ့သဘောနဲ့ သုံးတဲ့ MIGHT

1. You might be more careful with your work.

   အလုပ်ကိုပိုပြီး မင်းဂရုစိုက်ပါ။

2. You might be more careful about what you say.

   မင်းပြောတာဆိုတာ ပိုပြီး ဂရုစိုက် (ဆင်ခြင်) စသည်ဖြင့် might ကို အကြံပေးတဲ့ သဘောအဓိပ္ပာယ်နဲ့လည်း သုံးနှုန်းရေးသားနိုင်ပါတယ်။

> One special use of "might" only is to make suggestions.
>
> "You might be more careful with your cigarettes. You've burnt a hole in your new suit."
>
> *IMPROVE YOUR ENGLISH (PAGE. 83)*

## MUST = ရမည်

must ကို လိုအပ်သည်၊ (necessity) ဆိုတဲ့ သဘောနဲ့ အဓိပ္ပာယ်နဲ့သုံးနှုန်းရေးသားပါတယ်။

၁။ အချိန်ပြပုဒ် (Time expression) ကို ဖော်ပြမထားရင် ယေဘုယျအမှန်တရားကို ဖော်ပြပါတယ်။

ဥပမာ One must eat to live.

အသက်ရှင်ရန်အတွက် အစားအသောက် စားရမည်။ (စားရန်လိုအပ်သည်)

၂။ ပစ္စုပ္ပန်ကာလနဲ့ အနာဂတ်ကာလမှာ အလုပ်တစ်ခုကိုလုပ်ဖို့ လိုအပ်တယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့လဲ must ကို အသုံးပြုရပါတယ်။

ဥပမာ 1. We must send the patient to hospital right now.
ခုပဲ .. လူမမာကို ဆေးရုံပို့ရမယ်။

2. We must send the patient to hospital tomorrow.
မနက်ဖြန်ကျရင် လူမမာကို ဆေးရုံပို့ရမယ်။

၃။ (Present) ပစ္စုပ္ပန်ကာလနဲ့ (Future) အနာဂတ်ကာလ အဓိပ္ပာယ်နဲ့သုံးတဲ့ must ဆိုရင်

**(a)** အမိန့်ပေးတဲ့ **(command)** သဘောနဲ့ သုံးပါတယ်။

ဥပမာ 1. You must come immediately.
မင်း ချက်ချင်းလာရမယ်။

2. The taxi must be ready tomorrow morning at 6:00.
မနက်ဖြန် မနက် (၆) နာရီမှာ အငှားကားအဆင်သင့် ဖြစ်နေရမယ်။

**(b)** မရှောင်လွှဲနိုင်တဲ့ **(unavoidable)** သဘောနဲ့လည်း သုံးပါတယ်။

All men must die.
လူသားအားလုံး သေကြရမယ်။

**(c)** ပြုလုပ်ရန်လိုအပ်တဲ့ **(necessary to do)** သဘောနဲ့လဲ သုံးပါတယ်။
(အမိန့်ပေးတဲ့သဘော တာဝန်ရှိတဲ့သဘော အဓိပ္ပာယ်သက်ရောက်ပါတယ်)

1. Soldiers must obey orders.
စစ်သားတွေဟာ အမိန့်နာခံရမယ်။

2. You must do as you are told.
မင်းကို ပြောထားတဲ့အတိုင်း လုပ်ရမယ်။

**(d)** ဖြစ်ပျက်ပြုလုပ်မှာ သေချာတဲ့ **(certain to be)** သဘောနဲ့လဲ သုံးပါတယ်။

This man is always talking to himself and doing strange things. I have reasons to believe that he is mad.



***He must be mad***

ဒီလူက သူဟာသူ တစ်ယောက်တည်း စကားတွေပြော၊ ထူးထူးဆန်းဆန်းတွေလုပ်နဲ့ဆိုတော့ ဒီလူ ရူးနေတာဖြစ်ရမယ်။ (ရူးနေတာ သေချာတယ်)

When we use "must" of present and future, with a Present Infinitive, we can use it to say that something has to be done or to say that something is certain.

*IMPROVE YOUR ENGLISH (PAGE. 79)*

211. A rather different use "must" is illustrated in the following:

92. I must be dreaming!
93. He must have gone away: the house is deserted.
94. They are so alike that they must be related.
95. He is always hoeing: he must like doing it.
Here it indicates *"certainty"*.

e.g. "I am certainly dreaming."
"It is certain that he has gone away."

The idea is that we are forced to come to this conclusion, since no other is possible. "Have to" is impossible in these cases.

*P. E. U (PAGE. 148)*

## MUST နှင့် HAVE TO

**must = ရမည်** **have to = ရသည်။**

တာဝန်ရှိတဲ့သဘော၊ မလုပ်မဖြစ် လုပ်ရတဲ့ သဘောတွေကို ဖော်ပြပြောဆိုချင်တဲ့အခါ must နဲ့ have to ကို သုံးရပါတယ်။

ပြောဆိုရေးသားသူ ကိုယ်တိုင်ရဲ့ စိတ်ဆန္ဒအရ မလုပ်မဖြစ်လုပ်ရမယ်ဆိုတဲ့ သဘောနဲ့ဆိုရင် must ကို သုံးရပါတယ်။

ပြင်ပ ပတ်ဝန်းကျင် အခြေအနေတစ်ရပ်ရပ်ကြောင့် မလုပ်မဖြစ်လို့ လုပ်ရတယ်ဆိုတဲ့ သဘောနဲ့ဆိုရင် have to ကို သုံးရပါတယ်။

> There is usually a difference of meaning between the Present Tense forms "must" and "have to" in affirmative statements.
>
> "*Must*" expresses obligation or compulsion *from the speaker's viewpoint*.
>
> "*Have to*" expresses *external* obligation.
>
> *L. E. S. (PAGE. 38)*

ဥပမာ 1. We must begin before five. (or we shan't finish in time for our supper.)
ငါးနာရီမထိုးခင် အလုပ်ကို စလုပ်ရမယ်၊ ပြီးတဲ့အချိန် နောက်ကျမှာစိုးလို့ပြောတဲ့ လူကိုယ်တိုင်ရဲ့စိတ်က (မလုပ်ရင် မဖြစ်လို့) လုပ်မယ်လို့ ပြောတဲ့စကား။

2. We have to begin before five. (that's the time arran[illegible]d.)
ငါးနာရီမထိုးခင် အလုပ် စလုပ်ရတယ်၊ (အလုပ်စလုပ်ရမယ့်အချိန်ကို သတ်မှ[illegible]ပြီး သားမို့၊ မလုပ်ရင်မဖြစ်တဲ့အတွက် လုပ်ရတယ်လို့ ပြောတဲ့စကား။)

3. I *must* write to Hnin Hnin. I haven't write to her for ages. (The speaker personally feels that he must write to Hnin Hnin.)
စာမရေးတာလဲကြာပြီ၊ နှင်းနှင်းဆီကို စာရေးရဦးမယ်၊ (ပြောတဲ့လူကိုယ်တိုင်က ကိုယ့်ဟာကိုယ် ရေးမယ်လို့ပြောတာ ရေးချင်လို့။)

4. Aye Aye's eyes are not very good. She *has to* wear glasses for reading.
အေးအေး မျက်စိသိပ်မကောင်းဘူး၊ စာဖတ်ရင် မျက်မှန်တပ်ရတယ်။ (မတပ်ရင် မမြင်ရလို့၊ မတပ်ရင်မဖြစ်လို့ တပ်ရတာ။)

> There is sometimes a difference between "*must*" and "*have to*".
>
> With "*must*" the speaker is giving his own feelings, saying what he thinks is necessary.
>
> With "*have to*" the speaker is not giving his own feelings. He is just giving facts.
>
> *E. G. IN USE (PAGE. 64)*

ဒါပေမယ့် လိုအပ်လို့လုပ်တယ်၊ လိုအပ်တယ် (necessary to do) ဆိုတဲ့ အဓိပ္ပာယ်နဲ့ သုံးတာ ဆိုရင်တော့ must နဲ့ have to ဘယ်စကားလုံးနဲ့ပဲသုံးသုံး သုံးလို့ရပါတယ်။



> We use must (do) and have to (do) to say that it is necessary to do something. Often it doesn't matter which you use:
>
> - O dear, it's later than I thought I $\frac{\text{must}}{\text{have to}}$ go now.
> - You $\frac{\text{must}}{\text{have to}}$ have a passport to visit most foreign countries.
>
> *E. G. IN USE (PAGE. 64)*

> To express necessity or strong obligation in English we generally use "*must*" or "*have to*". Today we are inclined to use "*must*" for the expression of orders and commands, while for everyday expressions of necessity we use "*have to*". In many cases, however, "*must*" and "*have to*" have the same meanin[illegible]
>
> - John *has to* work tonight.
> - John *must* work tonight.
> - We *must* leave early.
> - We *have to* leave early.
>
> *R. E. W. II (PAGE. 32)*

MUST ကို Present Tense နဲ့ Future Tense (ပစ္စုပ္ပန်နဲ့ အနာဂတ်) ကာလနှစ်မျိုး
အတွက် ဖော်ပြရေးသားနိုင်ပါတယ်။

ဥပမာ *We must* go now. (Present)
ကျွန်တော်တို့ အခု (ယခု) သွားရမယ်။

*We must* leave tomorrow. ( Future )
ကျွန်တော်တို့ မနက်ဖြန်ကျရင် ထွက်ခွာရမယ်။

HAVE TO ကိုတော့ ကာလအားလုံးအတွက် ဖော်ပြရေးသားနိုင်ပါတယ်။

ဥပမာ 1. *I have to go* to hospital. (Present)
ဆေးရုံသွား (တက်) ရတယ်။

2. I *had to* go to hospital. (Past)
ဆေးရုံသွား (တက်) ခဲ့ရတယ်။

3. I *will have to* go to hospital. (Future)
ဆေးရုံသွား (တက်) ရလိမ့်မယ်။

4. I *might have to* go to hospital. (Infinitive)
ဆေးရုံသွား (တက်) ချင် တက်ရနိုင်တယ်။

5. Have you ever *had to* go to hospital? (Present Perfect)
မင်းဆေးရုံသွား (တက်) ဖူးသလား။

**သတိပြုဖို့**

ပစ္စုပ္ပန်နဲ့ အတိတ်ကာလပြကြိယာ (has to, have to, had to) တို့နဲ့ ရေးဖွဲ့ထားတဲ့ ဝါကျတွေကို ငြင်းဆိုဝါကျ (သို့) မေးခွန်းဝါကျအဖြစ် ပြောင်းလဲရေးဖွဲ့ချင်ရင်တော့ do, does, did သင့်တော်ရာ တစ်လုံးလုံး ဖော်ပေးရပါတယ်။ has, have, had တွေရဲ့အနားမှာ not ကပ်ထည့်ပြီး ငြင်းဆိုဝါကျ ပြောင်းတာတို့ has, have, had ကို ဝါကျရဲ့ ရှေ့ပို့ပြီး မေးခွန်း ဝါကျ ပြောင်းတာတို့ မလုပ်ရပါဘူး။

ဥပမာ 1. I *have to go* to hospital.
I *do not have to go* to hospital. (have not to လို့ မရေးရ)
*Do* you *have to* go to hospital?
(Have you to go လို့ မရေးရ)

2. She *has to* wear glasses.
She *does not have* to wear glasses.
*Does* she *have* to wear glasses?

3. He *had to* sell his car.
He *did not have* to sell his car.
*Did* he *have to* sell his car?



## MUST နှင့် MUST NOT

MUST ကို ပြုလုပ်ရမယ်၊ (သွားရမယ်၊ စားရမယ်) လို့ အမိန့်ပေးတဲ့သဘောနဲ့သုံးရင် အတိတ်ကြိယာပုံစံ၊ အနာဂတ်ကြိယာပုံစံတို့ မရှိပါဘူး။

- You *must finish* your work before you go home.
အိမ်မပြန်ခင် အလုပ်ကို အပြီးလုပ်ရမယ်။ (လုပ်ပါ)
- You *must write* your exercise neatly.
လေ့ကျင့်ခန်းကို သေသေသပ်သပ် ရေးပါ။

MUST NOT ကို မပြုလုပ်ရဘူး၊ (မသွားရ၊ မစားရ) လို့ တားမြစ်တဲ့သဘော (မပြုလုပ်ရန် အမိန့်ပေးတဲ့သဘော) နဲ့ သုံးပါတယ်။

- You mustn't play football in the street.
လမ်းပေါ်မှာ ဘောလုံးမကစားရဘူး။
- People must not try to feed these animals.
တိရစ္ဆာန်များကို အစာမကျွေးရ။

**AM - IS - ARE + NOT TO = မပြုလုပ်ရ**

is not to, are not to, စတဲ့ စကားလုံးတွေကိုလည်း မပြုလုပ်ရန် ပေးတဲ့အမိန့်၊ မပြုလုပ်ရန် တားမြစ်ပိတ်ပင်တားမှုတွေမှာ သုံးရပါတယ်။

ဥပမာ He says I *am not to tell* you about this.
မင်းကို ဒီကိစ္စမပြောဖို့ သူက ငါ့ကို တားမြစ်ထားတယ်။

## MUST ရဲ့ ငြင်းဆိုပုံစံနှစ်မျိုး
## MUST NOT နှင့် NEED NOT

Must ရဲ့ အဓိပ္ပာယ် အသုံးအနှုန်းကိုယ်တိုင်က နှစ်မျိုးရှိနေတဲ့အတွက် သူ့ရဲ့ဆိုလိုချက် အဓိပ္ပာယ်သွားပေါ် မူတည်ပြီး ငြင်းဆိုပုံစံလည်း နှစ်မျိုးထွက်လာပါတယ်။

Must (သွားရမယ်၊ လာရမယ်၊ လုပ်ရမယ်) လို့ အမိန့်ပေးတဲ့သဘောနဲ့သုံးတဲ့ must ကို (မသွားရ၊ မလာရ၊ မလုပ်ရ) လို့ တားမြစ်အမိန့်ပေးတဲ့သဘောနဲ့ ငြင်းဆိုပုံစံအဖြစ် သုံးချင်ရင် mustn't (must not) ကို သုံးရမယ်။

ဥပမာ - You must do it now.
ဒါကို မင်းအခုလုပ်ရမယ်။ (အမိန့်ပေး)

- You must not do it now.
  ဒါကို မင်း ခုမလုပ်ရဘူး။ (တားမြစ်)
- Cars *must* be parked in front of the school.
  ကျောင်းရှေ့မှာ ကားရပ်ရမယ်။ (အမိန့်ပေး)
- Cars *must not be parked* in front of the school.
  ကျောင်းရှေ့မှာ ကားမရပ်ရ။ (တားမြစ်)

2. Must (သွားဖို့၊ လာဖို့လိုအပ်တယ်၊ တာဝန်ရှိတယ်) ဆိုတဲ့ သဘောအဓိပ္ပာယ်နဲ့ သုံးထား တဲ့ must ကို ငြင်းဆိုဝါကျအဖြစ် ပြောင်းချင်ရင်၊ သုံးချင်ရင်တော့ ...သွားဖို့၊ လာဖို့ မလိုအပ်ဘူးဆိုတဲ့သဘောနဲ့ must ရဲ့ ငြင်းဆိုပုံစံအဖြစ် needn't (need not) ကို သုံးရမယ်။

ဥပမာ Must I go to Mandalay tomorrow?
မနက်ဖြန် မန္တလေးကို သွားရမလား။
Oh no, you needn't go.
ဟင့်အင်း သွားဖို့မလိုပါဘူး။

**သတိပြု**

needn't အစား doesn't need to, don't need to, didn't need to တို့ကိုလဲ သုံးနိုင်ပါတယ်။

**MUST**

Its main meaning suggests a "*command*" or an "*obligation*".

*B. E. G. IV (PAGE. 76)*

**Negative**

A peculiar thing about the negative of "*must*" *is that there are two negatives according to the meaning. Sometimes the opposite of* "must" *is* "must not" *(mustn't), and sometimes it is* "need not" *(needn't).*

- Use "*mustn't*" when the *meaning suggests a command.*
- Use "*needn't*" when the meaning is "it is not necessary".

*BRIGHTER ENGLISH GRAMMAR IV (PAGE. 77)*



"Must not" and "am - is - are + not to" are prohibitions. (Negative Commands)

To express the absence of obligation or necessity to do something (that is, the opposite of "must"), the form "need not" is used.

*LIVING ENGLISH STRUCTURE (PAGE. 36, 37)*

**MUST**

Notice that the negative form "mustn't" is a negative obligation; the opposite of "*must*" is "*needn't*". This is important for correct responses.

e.g.
- "He needn't do that, need he?"
- "Yes, I'm afraid he *must*."
- "Must I go?"
- "No, you needn't."

**HAVE TO**

The above distinctions are also made in the "*have to*" forms.

| *Obligation* | *No obligation* | *Prohibition* |
|---|---|---|
| He must go | He needn't go | He mustn't go |
| He has to go | He doesn't have to go | He isn't to go |
| He has got to go | He hasn't got to go | He hasn't to go |

*L. E. S. (PAGE. 49)*

| | | |
|---|---|---|
| **He must go** | **He needn't go** | **He mustn't go** |
| **He has to go** | **He doesn't have to go** | **He isn't to go** |
| **He has got to go** | **He hasn't got to go** | **He hasn't to go** |

L.E.S. (P. 49)

## MUSTN'T နှင့် DON'T HAVE TO

musn't နဲ့ don't have to တို့ရဲ့ အသုံးနဲ့ ဆိုလိုချက်က လုံးဝကွဲပြားခြားနားပါတယ်။

- You mustn't tell anyone what I said.
  (Don't tell anyone)
  ငါပြောတာတွေကို ဘယ်သူ့ကိုမှ ပြန်မပြောရဘူး။

- I promised I'd be on time. I mustn't be late.
  (= I must be on time.)
  အချိန်မှန်ရောက်ဖို့ ကတိပေးပါတယ်ကွာ၊ နောက်မကျစေရပါဘူး။

mustn't ကို သုံးရင် (it is necessary that you do not do it.) ပြုလုပ်ဆောင်ရွက်ခြင်း မပြုရလို့ တားမြစ်တဲ့သဘော၊ လိုက်နာဖို့ လိုအပ်တယ်ဆိုတဲ့သဘော သက်ရောက်ပါတယ်။

don't have to ကိုသုံးရင် (it is not necessary to do it; you don't need to do it.)

ပြုလုပ်ဖို့ မလိုအပ်ဘူးဆိုတဲ့သဘော သက်ရောက်ပါတယ်။

- She stayed in bed this morning because she didn't have to go to work.

အလုပ်သွားစရာမလိုလို့၊ ဒီမနက် အိပ်ရာထဲက မထသေးဘူး။(အိပ်နေတုန်း၊အနားယူနေတုန်း) ခါတိုင်းလို စောစောထဖို့ မလိုအပ်ဘူးဆိုတဲ့သဘော။

## MUST ရဲ့ အတိတ်ပုံစံနှစ်မျိုး HAD TO နဲ့ MUST + PERFECT INFINITIVE

1. (obligation or Necessity) တာဝန်ရှိတယ်၊ လိုအပ်တယ်ဆိုတဲ့ သဘောအဓိပ္ပာယ်နဲ့ သုံးတဲ့ Must ရဲ့ Past Tense ကြိယာပုံစံဟာ Had to ဖြစ်ပါတယ်။

> e.g. I *must* do it. (Present)
> I *had to* do it. (Past)
>
> "Had to" is an obligation in the past.
>
> *I. E. S. (PAGE. 37)*



> "Must" has no past form. Therefore, use "*had to*" to express necessity in the past.
>
> e.g. I must work tonight.
> I *had to* work last night.
>
> *GRADED EXERCISES IN ENGLISH (PAGE. 12)*

2. အဖြစ်အပျက် အကြောင်းအရာတစ်ခုနဲ့ပတ်သက်ပြီး (Certainty) သေချာမှုရှိတယ်ဆိုတဲ့သဘော အဓိပ္ပာယ်နဲ့သုံးတဲ့ Must ရဲ့ Past Tense ကြိယာပုံစံဟာ Must + Perfect Infinitive (must have + V3) ပုံစံဖြစ်ပါတယ်။

> e.g. My father *must have written* this letter a week ago.
> (She is *certain* that her father wrote the letter a week ago.)
>
> *IMPROVE YOUR ENGLISH (PAGE. 79)*

> The prisoner *must have escaped* this way for here are his foot prints.
>
> *A PRACTICAL ENGLISH GRAMMAR (PAGE. 109)*

## ထင်မြင်ယူဆချက်ကို ဖော်ပြတဲ့ MUST

သိသာ၊ မြင်သာတဲ့ အကြောင်းအရာ၊ အဖြစ်အပျက်တစ်ခုပေါ်မူတည်ပြီး ဒီလိုဖြစ်ရမယ်၊ ဒီလိုဖြစ်မှာပဲလို့၊ မိမိထင်မြင်ဖော်ပြချင်ရင်လည်း must ကို အသုံးပြုပြီး ဖော်ပြရပါတယ်။

ဥပမာ

1. He is not in school. He is not at home. He has a friend near the school.
   *He must be at his friend's house.*
   သူ ကျောင်းမှာလဲ မရှိဘူး၊ အိမ်မှာလဲ မရှိဘူး၊ ကျောင်းနားမှာတော့ သူငယ်ချင်းတစ်ယောက်ရှိတယ်။
   သူငယ်ချင်းအိမ်မှာ သူရှိရမယ်။

2. She has just read a letter. She is smiling. *She must be very pleased with the letter.*
   စာတစ်စောင်ကို ခုလေးတင် သူဖတ်ပြီးရုံ ရှိသေးတယ်။ သူပြုံးနေတယ်။ သူစာကိုရလို့ ကျေနပ်ဝမ်းသာနေတာဖြစ်ရမယ်။

အဲဒီလို သိသာမြင်သာတဲ့ အကြောင်းအချက်ပေါ်မူတည်ပြီး မိမိရဲ့ထင်မြင်ချက်ကို ဖော်ပြတဲ့အခါ ...

လက်ရှိ လောလောဆယ် (Present) မှာ ဖြစ်ပျက်တဲ့ အကြောင်းအရာပေါ် မူတည်ပြီး ထင်မြင်ချက်ပေးတာဆိုရင် ကြိယာတွဲက ...

| | |
|---|---|
| - must + V1 | (must know) |
| - must + be + Noun | (must be a doctor) |
| - must + be + Adj | (must be very fat) |
| - must + be + V-ing | (must be coming) |

ဥပမာ

1. (a) The patients come to him every day.
   (b) It is very likely that he is a doctor.
   *He must be a doctor.*
   သူ့ဆီကို လူမမာတွေ နေ့တိုင်းလာတယ်၊ သူ့ကိုကြည့်ရတာ ဆရာဝန်တစ်ယောက်ဖြစ်ဟန်တူတယ်။
   သူ ဆရာဝန်တစ်ယောက်ဖြစ်ရမယ်။
2. (a) He hasn't eaten anything since last night.
   (b) It is ten o' clock now.
   *He must be very hungry now.*
   မနေ့ညကတည်းက သူ ဘာမှ မစားရသေးဘူး။ ခုလဲ (၁၀) နာရီထိုးနေပြီ၊ သူ အခုဆိုရင် အရမ်းကိုဆာနေမှာပဲ။
3. (a) My friend said he would be at my house at nine and it's ten past nine now.
   (b) I am sure he is waiting for me at home.
   *He must be waiting for me at home.*
   ကျွန်တော့်သူငယ်ချင်းက ကျွန်တော့်အိမ်မှာ (၉) နာရီကျရင် ရောက်မယ်လို့ ပြောခဲ့တယ်၊ ခု (၉) နာရီထိုးပြီးလို့ (၁၀)မိနစ်တောင် ကျော်နေပြီ၊ ကျွန်တော်ကိုနိုး(?)သေပြောခဲ့တယ်။ သူတော့ ကျွန်တော်ကို အိမ်က စောင့်နေလောက်ပြီ။
   သူ ကျွန်တော့်ကို အိမ်က စောင့်နေတာဖြစ်ရမယ်။

အတိတ်ကာလ (Past) မှာ ဖြစ်ပျက်ခဲ့တဲ့ အကြောင်းအရာပေါ်မူတည်ပြီး ထင်မြင်ချက်ပေးတာဆိုရင် ကြိယာတွဲက ...

| | |
|---|---|
| - must + have + V3 | (must have known.) |
| - must + have been + Noun | (must have been a doctor.) |
| - must + have been + Adj. | (must have been very fat.) |
| - must + have been + V-ing | (must have been sleeping.) |
| - must + have been + V3 | (must have been sold.) |



ဥပမာ

1. (a) Your mother is very patient and she explains things ver well.
   (b) I think *she was a teacher before.*
   *She must have been a teacher before.*
   မင်းအမေက စိတ်လဲရှည်တယ်၊ အရာရာကိုလည်း သေသေချာချာ ရှင်းပြတယ်။
   မင်းအမေက အရင်က ကျောင်းဆရာမတစ်ယောက်လို့ ငါထင်တယ်။
   သူမဟာ အရင်က ကျောင်းဆရာမ ဖြစ်ခဲ့ရမယ်။
2. (a) Our dog was very healthy but it died suddenly last night.
   (b) It is very likely that *our dog was poisoned.*
   *Our dog must have been poisoned.*
   ကျွန်တော်တို့ခွေးက ကျန်းကျန်းမာမာ အကောင်းကြီး၊ ဒါပေမယ့် မနေ့က ရုတ်တရက် သေသွားခဲ့တယ်။ အဆိပ်မိပြီးသေတာဖြစ်ဖို့များတယ်။
   ကျွန်တော်တို့ခွေး အဆိပ်မိခဲ့တာဖြစ်ရမယ်။
3. (a) The girl's face looks very familiar to me.
   (b) It is most likely that *I knew her before.*
   *I must have known her before.*
   ဒီကောင်မလေးရဲ့ မျက်နှာကြည့်ရတာ တော်တော့်ကို ရင်းနှီးကျွမ်းဝင်သိရှိဖူး သလိုပဲ၊ သူ့ကို အရင်က သိခဲ့ဖူးတာဖြစ်နိုင်တယ်။
   ငါ သူ့ကို အရင်က သိကျွမ်းခဲ့ဖူးတာ ဖြစ်ရမယ်။

**သတိပြုဖို့**

အဲဒီလို ထင်မြင်ချက်ကို ဖော်ပြတဲ့ဝါကျတွေကို ရေးဖွဲ့တဲ့အခါ ...

၁- Present နဲ့ Past အတွက်သာ ရေးဖွဲ့နိုင်ပါတယ်။
၂- Future အတွက်ကြိုတင် ထင်မြင်ချက် သဘောနဲ့ မရေးရပါဘူး။
၃- (Affirmative) ရိုးရိုးဝါကျ၊ အဟုတ်ဝါကျတွေအဖြစ်နဲ့သာ ရေးရပါတယ်။
(Negative) ငြင်းဆိုဝါကျ၊ မဟုတ်ဝါကျအဖြစ်နဲ့ မရေးရပါဘူး။

## SHALL = ပါမည်

၁။ မဖြစ်သေးတဲ့ အနာဂတ်ကာလမှာ အလုပ်တစ်ခုကို ပြုလုပ်လိမ့်မယ်လို့ ဖော်ပြချင်တဲ့အခါ …
I, We (first person) နာမ်စားတွေနဲ့ Shall ကို တွဲဖက်ရေးသားရပါတယ်။

ဥပမာ I *shall go* to Mandalay tomorrow.
မနက်ဖြန်မှာ ငါ မန္တလေးကို သွားမလို့ (သွားမယ်။)
We *shall buy* a house next year.
လာမယ့်နှစ်မှာ တို့အိမ်တစ်လုံးဝယ်မလို့။

၂။ You, He, She, It, They (စတဲ့ second and third persons) နာမ်စားတွေနဲ့ shall ကို တွဲဖက်ပြီး သုံးမယ်ဆိုရင်တော့ တာဝန်ရှိတဲ့သဘော၊ လိုအပ်တဲ့သဘော၊ အမိန့်ပေးတဲ့သဘော …
To express *obligation* i.e. force, command, necessity… အဓိပ္ပာယ်တွေနဲ့ဖြစ်စေ၊ ကတိပေးတဲ့သဘော၊ အနိုင်အမာ ဆုံးဖြတ်တဲ့သဘော၊ အဓိပ္ပာယ် တွေနဲ့ဖြစ်စေ သုံးတာဖြစ်ပါတယ်။

ဥပမာ You *shall* have a book.
မင်းစာအုပ်တစ်အုပ် ရလိမ့်မယ်၊ (ရစေရမယ်) ဆိုတဲ့ ဝါကျရဲ့အဓိပ္ပာယ်က …
I will give you a book.
မင်းကို ငါ စာအုပ်တစ်အုပ် ပေးမယ်လို့ ဆိုလိုတာ။

**ဒါပေမယ့်**

အဲဒီအဓိပ္ပာယ် ဖွင့်ဆိုချက်ဟာ ရှေးရိုးသဒ္ဒါကျမ်းဟောင်းကြီးတွေထဲမှာပဲ ကျန်ပါတော့တယ်။ ခေတ်သစ်အင်္ဂလိပ်စာ[illegible]အနှုန်းမှာ ဒီသဘောနဲ့သုံးတဲ့ shall ရဲ့ အသုံးဟာ ပျောက်ကွယ်သလောက် ဖြစ်နေပါပြီ။

> In common everyday English, however, "shall" expressing obligation has almost disappeared. Obligation is now expressed in other ways,
> e.g. "should", "must", "have to", etc. and "will" is used when there is a strong idea of future time.
>
> *PRACTICAL ENGLISH USAGE. (PAGE. 140)*



> Both these uses are old fashioned and formal and normally avoided in Modern English.
>
> *A. P. E. GRAMMAR (PAGE. 172)*

ဒါကြောင့် shall ကို အဓိကအားဖြင့် အောက်မှဖော်ပြထားတဲ့ အချက်နှစ်ချက်မှာပဲ သုံးလေ့ရှိပါတယ်။

၁။ Shall ကို I, We (First Person) တွေကို Subject အဖြစ်ထားပြီး မေးခွန်းဝါကျရေးဖွဲ့တဲ့အခါမှာ

ဥပမာ Shall I come with him?
ကျွန်တော် သူနဲ့လာရမလား။
Shall we dance?
တို့တွေ ကကြမှာလား။

ဒါပေမယ့် အချို့နိုင်ငံတွေမှာ Will I? Will we? ဆိုပြီးတော့ သုံးနှုန်းမှုတွေ များလာနေပြီဖြစ်ပါတယ်။

> In some parts of the English-speaking world, notably Ireland, Scotland, an' parts of America, the use of "will" is almost universal, even in the first person questions.
>
> *LIVING ENGLISH STRUCTURE (PAGE. 133)*

၂။ Clause (ဝါကျပိုင်း) နှစ်ခုနဲ့ဆက်ပြီးရေးထားတဲ့ ဝါကျမှာ …
Clause (ဝါကျပိုင်း) တစ်ခုကို If, Unless, When အစရှိတဲ့ စကားလုံးတွေနဲ့ အစပြုပြီး ရေးဖွဲ့ထားရင် ကျန်ဝါကျပိုင်း အတွင်းမှာရှိတဲ့ (Subject) ကတ္တား I, We တို့ကို Shall နဲ့ တွဲဖက်ရေးသား သင့်တယ်။

ဥပမာ
1. *If* the dog bites me, I *shall go* to hospital.
   ငါ့ကိုသာ ခွေးကိုက်ရင် ဆေးရုံသွားမှာပဲ။
2. *Unless* you pass the examinatio ., I *shall not give* you a prize.
   မင်းစာမေးပွဲမအောင်ရင် ငါဆု[illegible]းမယ် မဟုတ်ဘူး။
3. *When* it rains, we *shall plough* the fields.
   မိုးရွာတဲ့အခါ တို့တွေ လယ်ထွန်ကြမယ်။

ဒီဝါကျတွေမှာ ပြုလုပ်သူရဲ့ ဆန္ဒမပါဘဲ၊ ပြင်ပအခြေအနေတစ်ရပ်ရပ်အပေါ်မှာ အမှီပြုအခြေခံပြီး၊ အခြားအခြေအနေတစ်ရပ်အကြောင်းကို ပြောတာဖြစ်တယ်။ ဒါကြောင့် shall နဲ့ပဲ သုံးသင့်ပါတယ်။ will နဲ့ တွဲဖက်ပြီး မသုံးသင့်ပါဘူး။

## SHOULD = ခဲ့လိမ့်မည်၊ သင့်သည်

၁။ should ဟာ shall ရဲ့ အတိတ်ကြိယာဖြစ်ပါတယ်။ ဒါကြောင့် Direct က Indirect သို့ ပြောင်းတဲ့အခါ shall အစား should ကို ပြောင်းရပါတယ်။

ဥပမာ 1. (D.S) I said, "I shall come tomorrow."
(I. S) I said that I should come the next day.
(I would လို့ သုံးရင်လဲ ရပါတယ်)

2. (D.S) He said, "I *shall* buy a car."
(I. S) He said that he *would buy* a car.

(ပြောသူက he ဖြစ်နေတော့၊ ပြောစကားအတွင်းက I ကို he ပြောင်းရတယ်။ ဒါကြောင့် he နဲ့ တွဲတဲ့ shall ရဲ့ Past Tense ကို would သို့ ပြောင်းလဲရေးသားရပုံကို သတိပြုပါ။)

၂။ should ကို shall ရဲ့ အတိတ်ကြိယာအနေနဲ့ မဟုတ်ဘဲ၊ အခြားအသုံးအနှုန်းတွေနဲ့လည်း သုံးပါသေးတယ်။ အလုပ်တစ်ခုကို ပြုလုပ်သင့်တယ်၊ ဆောင်ရွက်သင့်တယ်ဆိုတဲ့ (obligation and duty) တာဝန်ဝိုင်းကို ဖော်ပြချင်တဲ့အခါ၊ (advice) အကြံဉာဏ်ပေးတဲ့သဘောနဲ့ ဖော်ပြချင်တဲ့အခါတွေမှာလဲ should ကို သုံးပါတယ်။

ဥပမာ 1. You *should* pay what you owe.
မင်းပေးရမယ့် အကြွေးရှိရင် ပြန်ပေးသင့်တယ်။
(ပေးစရာရှိတာတွေကို ပေးဖို့ တာဝန်ရှိတယ်)

2. A rich man *should* use his wealth for the good of others.
ချမ်းသာတဲ့လူ (သူဌေး) တစ်ယောက်ဟာ သူ့ရဲ့စည်းစိမ်ချမ်းသာတွေကို အခြားသူတွေရဲ့ ကောင်းကျိုးအတွက် အသုံးပြုသင့်တယ်။

3. You *should* read the newspaper every day.
သတင်းစာကို နေ့တိုင်းဖတ်သင့်တယ်။

4. You *should* buy a new shirt. It is too old for you to wear.
မင်း ရှပ်အင်္ကျီ အသစ်တစ်ထည် ဝယ်သင့်တယ်၊ ဒီဟာက (ခု ဝတ်ထားတာက) ဟောင်းလွန်းနေပြီ။



5. The play was extremely funny. You *should* go and see it.
ပြဇာတ်က သိပ်ရယ်ရတာပဲ၊ မင်းသွားပြီးကြည့်သင့်တယ်။

## WILL = လိမ့်မည်

၁။ အနာဂတ်ကာလမှာ တစ်စုံတစ်ခုကို ပြုလုပ်မယ်ဆိုတဲ့သဘောနဲ့ သုံးပါတယ်။
ရှေးခေတ်သဒ္ဒါကျမ်းတွေ အလိုအရကတော့ second and third persons တွေနဲ့ တွဲဖက်ပြီး သုံးရင်၊ ရိုးရိုးအနာဂတ်ကာလကို ဖော်ပြတယ်။

I, We စတဲ့ First person တွေနဲ့ ယှဉ်တွဲပြီးသုံးရင် ကတိပြုတဲ့သဘော၊ အနိုင်အမာ ဆုံးဖြတ်တဲ့သဘော သက်ရောက်တယ်လို့ ဖော်ပြပါတယ်။

ဒါပေမယ့် ဒီနေ့ခေတ် အင်္ဂလိပ်စာ အသုံးအနှုန်းမှာတော့ will ကို person (၃) မျိုးလုံးနဲ့ ယှဉ်တွဲပြီး သုံးနိုင်ပါတယ်။ သုံးကြပါတယ်။

The classic rules, however, governing *shall* and *will* are as follows:

(a) Use *"shall"* in the first person and *"will"* in the second and third *to express simple future action.*

e.g. I *shall meet* him at three o'clock.
He *will be* here at noon.

(b) Use *"will"* in the first person and *"shall"* in the second and third persons *to express promise or determination.*

e.g. I *will do* it no matter what happens.
He *shall not* spend another penny of my money.

Distinctions between *"shall"* and *"will"* are fast disappearing in Modern English,

"shall", except in isolated uses, seems to be disappearing altogether from current speech, being replaced by the phrase "going to" and

*"will"* appears to be in use now in all three persons to express promise or determination.

*GRADED EXERCISES IN ENGLISH (PAGE. 108)*

၂။ (Request) ပန်ကြားတဲ့၊ တစ်ဖက်သားရဲ့ဆန္ဒ (desire or willingness) ကို မေးစမ်းတဲ့ မေးမြန်းတဲ့သဘောနဲ့လဲ သုံးပါတယ်။

ဥပမာ 1. Will you type this, please?
ကျေးဇူးပြုပြီး လက်နှိပ်စက် ရိုက်ပေးနိုင်ပါလားဗျာ။

2. Will you have another cup of tea? (i.e is that your desire?)
လက်ဖက်ရည် နောက်တစ်ခွက်လောက် ထပ်ယူပါဦး။
(ယူဦးမလား၊ ယူချင် (သောက်ချင်) တဲ့ ဆန္ဒ ရှိသလား။)

3. Will you post this letter for me, please?
(i.e. are you willing?)
ကျွန်တော့်စာလေး ထည့်ပေးမလားဗျာ။

> "Would you?" can also be used for a request in the present:
> e.g. Would you show me the way to the station?
> Would you give him this letter?
> *"Would you?"* is less authoritative than *"Will you?"*.
> *A. P. E. GRAMMAR (PAGE. 169)*

၃။ Will ကို ရိုးရိုးဝါကျ (affirmative) နဲ့ ယှဉ်တွဲပြီး အမိန့်ပေးတဲ့သဘောနဲ့လဲ သုံးပါတယ်။

ဥပမာ 1. "Will you keep quiet!" (or)
"Keep quiet, will you!"
တိတ်တိတ်နေကြစမ်း။

2. "You will stay here."
မင်းတို့ ဒီမှာနေရမယ်။

3. "You will work here under U Kyaw."
မင်းတို့ ဦးကျော်ရဲ့လက်အောက်မှာ အလုပ်လုပ်ရမယ်။

ပြောသူ၊ အမိန့်ပေးသူအနေနဲ့ အပြောခံရသူ၊ အမိန့်ပေးခံရသူဟာ အမိန့်ညွှန်ကြားစာကို နာခံလိမ့်မယ် လို့ မျှော်လင့်ထားတဲ့အခါတွေမှာသာ will ကို အသုံးပြုပြီး အမိန့်ပေးဝါကျကို တည်ဆောက်ရပါတယ်။



၄။ (habit) အကျင့်စရိုက်ကို ဖော်ပြတဲ့သဘောနဲ့လဲ will ကို အသုံးပြုနိုင်ပါသေးတယ်။ အကျင့်စရိုက်ကို ဖော်ပြချင်ရင် သာမန်အားဖြင့် Present Tense နဲ့ပဲ ဖော်ပြလေ့ရှိပါတယ်။

ဥပမာ A dog usually *obeys* his master.
ခွေးဟာ သခင်ရဲ့အမိန့်ကို နာခံလေ့ရှိတယ်။
(ခွေးရဲ့အကျင့်ကို ဖော်ပြတယ်)

## ဒါပေမယ့်

A dog will usually obey his master.

လို့ ဝါကျကိုရေးဖွဲ့ရင်တော့ သီးသန့်ခွေးတစ်ကောင်ရဲ့ အကျင့်ကို ဖော်ပြတာ မဟုတ်ဘဲ ခွေးတိုင်း၊ ခွေးတိုင်းဟာ သခင်ရဲ့အမိန့်ကို နာခံတတ်တဲ့ စရိုက်သဘာဝရှိတယ်လို့ ခွေးကို အလေးအနက်ထား ဦးစားပေးဖော်ပြထားတာဖြစ်ပါတယ်။

> ...when we wish to emphasize the characteristics of the performer rather than the action performed.
> ***A.P. E GRAMMAR (PAGE. 170)***

၅။ ပြောဆိုရေးသားသူအနေနဲ့ မနှစ်မြို့တဲ့ တစ်ဖက်သားရဲ့ ခေါင်းမာတဲ့၊ မပြုပြင်တဲ့ အကျင့်စရိုက်ကို ဖော်ပြချင်ရင်လဲ will ကို အသုံးပြုနိုင်ပါတယ်။

ဥပမာ My husband *will* drop ash on the carpet.

ယောက်ျားဖြစ်သူက ဆေးလိပ်သောက်ပြီးရင် ပြာကို ပြာခံခွက်ထဲ ထည့်လေ့ မရှိဘူး။ ကြမ်းပြင်ပေါ်၊ ကော်ဇောပေါ်ပဲ ချလေ့ရှိတယ်။
ဘယ်လောက်ပြောပြော၊ ဘယ်နှစ်ကြိမ်ပြောပြော မပြင်ဘူး၊ အမြဲတမ်းကော်ဇောပေါ်ပဲ ချလေ့ရှိလို့ ဇနီးဖြစ်သူက စိတ်ပျက်နေတယ်၊ စိတ်အနှောင့်အယှက်ဖြစ်နေတယ်ဆိုရင် သူ့ ယောက်ျားရဲ့ အကျင့်ကို -
"ကျွန်မယောက်ျားကတော့ ဆေးလိပ်ပြာကို(ကြမ်းပြင်ပေါ်)ကော်ဇောပေါ်ချ(ပြ)ပါလိမ့်မယ်ရှင်" လို့ ဖော်ပြရေးသားနိုင်ပါတယ်။

၆။ *If clause* အတွင်းမှာ သုံးတဲ့ *"will"* နဲ့ *"would"*

ယေဘုယျသဘောနဲ့ ပြောရရင်တော့ Conditional Sentences တွေရေးဖွဲ့တဲ့အခါ If clause အတွင်းမှာရှိတဲ့ကြိယာကို will သို့မဟုတ် would နဲ့ တွဲဖက်ပြီး မရေးရပါဘူး။ ဒါပေမယ့် ယဉ်ကျေးဖွယ်ရာ ပန်ကြားတဲ့၊ တောင်းဆိုတဲ့သဘောနဲ့ သုံးတဲ့ဝါကျတွေမှာတော့ If clause အတွင်းမှာရှိတဲ့ ကြိယာကို will, would တို့နဲ့ တွဲဖက်ရေးသားနိုင်ပါတယ်။

ဥပမာ If you will/ would kindly wait a moment, I'll come along with you.
ကျေးဇူးပြုပြီး ခဏလေးလောက် စောင့်နိုင်မယ်ဆိုရင်၊ ကျွန်တော်ခင်ဗျားနဲ့အတူ လိုက်ပါမယ်။

I shall be glad if you will kindly come and see me.
ကျေးဇူးပြုပြီး ကျွန်တော့်ကို လာရောက်တွေ့ဆုံမယ်ဆိုရင်တော့ ဝမ်းမြောက်ဝမ်းသာရှိရပါမယ်။

I would be very grateful if you would send me your price list.
လူကြီးမင်းတို့ရဲ့ဈေးနှုန်းစာရင်းကိုပို့ပေးမယ်ဆိုရင်အလွန်ကျေးဇူးတင်ရပါမယ်။

> Normally future and conditional forms are not possible in an if - clause, but there are certain exceptions.
>
> (a) *"will/ would"* may be used to express a polite request in types 1 and 2.
>
> *Both can be used in type 1.*
>
> e.g. - If you will/ would kindly wait a moment, I'll call Mr. Pitt.
> - If you wouldn't mind waiting a moment, I'll go and get a taxi.
>
> *"would", "but not", "will" for type 2.*
>
> e.g. - If you would let me have an answer by return, I should be very grateful. (very common in business letters.)
>
> *A. P. E. G. (PAGE. 163)*

> Sometimes it is possible to say *"if ... would"*, especially when you ask someone to do something in a formal way.
>
> *E. G. IN USE (PAGE. 72)*



If ရဲ့နောက်က will နဲ့ တွဲဖက်ရေးသားနိုင်တဲ့ အသုံးတစ်မျိုးရှိပါသေးတယ်။

Can I? Shall I? May I? တို့နဲ့ အစပြုပြီးမေးတဲ့ ပန်ကြားချက်၊ ပြောဆိုချက်တစ်ခုကို လက်ခံတဲ့သဘောနဲ့ ရေးသားသုံးနှုန်းမယ်ဆိုရင် "If you will" ကို အသုံးပြုပြီး ရေးရပါတယ်

> - "Shall I lend you this book? "Yes, *if you will*."
> - "May I show you the way? "Yes, *if you will*."
>
> The phrase "if you will" is often used when we are accepting an offer beginning with "Shall I?", "Can I?", "May I?", etc.
>
> - "Can I help you?" "Yes, please, if you will."
>
> *PRACTICAL ENGLISH USAGE (PAGE. 135)*

## WOULD = ချဲ့ထိမ်မည်

၁။ would ဟာ will ရဲ့ အတိတ်ကြိယာဖြစ်ပါတယ်။ ဒါကြောင့် Direct Speech က Indirect Speech သို့ ပြောင်းတဲ့အခါ will ကို would ပြောင်းပေးရပါတယ်။

ဥပမာ - She said, "I *will study* English."
She said that she *would study* English.

- The boy said, "I *will do* my homewrok."
The boy said that he *would do* his homework.

၂။ would ကို Conditional Sentences ပုံစံ (၂) နဲ့ (၃) ရဲ့ Main clause (Result clause) အတွင်းမှာထားပြီးတော့လဲ သုံးပါတယ်။

ဥပမာ
1. *If* he *had* much money, he *would build* a house.
2. *If* she *were* a tiger, she *would kill* me.
3. If they *had done* the homework, the teacher *would not* have punished them.
4. If I *had had* enough money, I *would have bought* a car.

၃။ would ကို willရဲ့ အတိတ်ကြိယာဖြစ်တယ်လို့ တရားသေ ပုံသေမှတ်မထားရပါဘူး။ အတိတ်ကြိယာသဘောမဟုတ်တဲ့ အခြားအသုံးအနှုန်းတွေလဲ ရှိပါသေးတယ်။

(က) တစ်စုံတစ်ယောက်ကို တစ်ခုခုပြုလုပ်ပေးဖို့ ပန်ကြားတဲ့အခါမှာ would ကို သုံးပါတယ်။

ဥပမာ Would you open the window, please?
ကျေးဇူးပြုပြီး ပြတင်းပေါက်လေး ဖွင့်ပေးပါဗျာ။

Would you shut the door?
တံခါးလေး ပိတ်ပေးပါလား·······ဗျာ။

ဆိုတဲ့ဝါကျတွေမှာ would ကို အတိတ်ကြိယာတွေအဖြစ် သုံးထားတာ မဟုတ်ပါဘူး။ (Present Meaning) ပဲ ဖြစ်ပါတယ်။

သို့သော် Will နဲ့ သုံးတာထက် ပိုပြီး ယဉ်ကျေးတဲ့သဘောကို ဆောင်ပါတယ်။

> *"Would you?"* is less authoritative than *"Will you?"*.
>
> *A. P. E. GRAMMAR (PAGE. 169)*

- Would you mind နဲ့ သုံးရင်တော့ နောက်က (gerund) V-ing ပုံစံနဲ့ တွဲဖက်ရေးသား ရပါတယ်။

- Would you mind opening the window?
ကျေးဇူးပြုပြီး ပြတင်းပေါက်ကလေး ဖွင့်ပါလားဗျာ။

(ခ) Would like = want အလိုရှိသည်။ ဆန္ဒရှိသည်ဆိုတဲ့ အဓိပ္ပာယ်နဲ့လည်း would ကို သုံးပါတယ်။

I want to see your father.
ငါ မင်းအဖေကို တွေ့ချင်လို့။ ··· လို့ ရေးမယ့်ပြောမယ့်အစား

I would like to see your father.
ငါ မင်းအဖေကို တွေ့ချင်လို့ပါ ··· လို့ ရေးတာက ပိုပြီး ယဉ်ကျေးတဲ့သဘော ရှိပါတယ်။

ငြင်းဆိုဝါကျအနေနဲ့ ရေးမယ်ဆိုရင်တော့ do not want နဲ့ တွဲဖက်ရေးသားရပါတယ်။ would not like နဲ့ မရေးရပါဘူး။



> In the negative, however, we must use *"do not want"*, as *"would not like"* means "would dislike".
>
> *A. P. E. GRAMMAR (PAGE. 171)*

> *Should* and *would* are sometimes used to express *wishes*.
>
> e.g. - I should like to know what they are doing.
> (I wish to know what they are doing.)
>
> - He would like to know what time he may call on you.
> (He wishes to know, what time he may call on you.)
>
> *A. S. HORNBY ELEMENTARY ENGLISH (PAGE. 25)*

## OTHER USES OF THE AUXLIARIES
## USED TO = လေ့ ... ရှိသည်

အလုပ်တစ်ခုကို အတိတ်တစ်ချိန်က ပြုလေ့လုပ်လေ့ရှိတယ်၊ ဒါပေမယ့် ယခုပြောဆိုနေတဲ့အချိန်မှာတော့ အဲဒီအလေ့အကျင့် မရှိတော့ဘူး ···ဆိုတဲ့သဘောနဲ့ used to ကို အသုံးပြုရပါတယ်။

ဥပမာ U Kyaw Myint used to smoke. He used to smoke 10 cigarettes a day.
ဦးကျော်မြင့် က ဆေးလိပ်သောက်တဲ့အကျင့် ရှိခဲ့တယ်၊ တစ်နေ့ကို ဆေးလိပ် (၁၀) လိပ် သောက်လေ့ ရှိခဲ့တယ်။

ဆိုတဲ့ ဝါကျရဲ့ဆိုလိုချက်က ဦးကျော်မြင့် ဟိုတုန်းက ဆေးလိပ်သောက်ခဲ့တယ်၊ ယခု ပြောဆိုနေတဲ့အချိန်မှာတော့ အဲဒီအကျင့်မရှိတော့ဘူး၊ မသောက်တော့ဘူး ··· လို့ ဆိုလိုပါတယ်။

**သတိပြုရန်**

စာပေအတွေ့အကြုံ နုနယ်တဲ့ ကျောင်းသား/သူများ အနေနဲ့ ယခုလောလောဆယ်ထိ ဖြစ်ပျက်တည်ရှိနေတဲ့ အကျင့်စရိုက်တွေကို ဖော်ပြတဲ့အခါမှာ "used to" နဲ့ ယှဉ်တွဲပြီး မှားယွင်းရေးသားမိတတ်ပါတယ်။

ယခုထိ တည်ရှိနေတဲ့အကျင့်ကို ဖော်ပြရင် Simple Present Tense နဲ့ပဲ ရေးသားရပါတယ်။

ဥပမာ 1. (a) U Kyaw Myint smokes 10 cigarettes a day.
ဦးကျော်မြင့် တစ်နေ့ကို ဆေးလိပ် (၁၀) လိပ်သောက်တယ်။
(ယခု ပြောဆိုနေချိန်ထိလဲ သောက်လေ့ရှိတယ်။)

(b) U Kyaw Myint used to smoke 10 cigarettes a day.
အတိတ်က သောက်ခဲ့တာ၊ ယခု မသောက်တော့ဘူး။

Used to နဲ့ ရေးထားတဲ့ ဝါကျတွေကို ငြင်းဆိုဝါကျပြောင်းရင် used ရဲ့ အနားမှာကပ်ပြီး not ထည့်ပေးရပါတယ်။

ဥပမာ He used to play tennis.
He usedn't (usen't) to play tennis.

- used to နဲ့ ရေးထားတဲ့ဝါကျတွေကို မေးခွန်းဝါကျအဖြစ် ပြောင်းရင်တော့ used ကို ဝါကျရဲ့ ရှေ့သို့ပို့ရပါတယ်။

ဥပမာ She used to do her work carelessly.
Used she to do her work carelessly?

ဒါပေမယ့်
ဒီနေ့ခေတ် အင်္ဂလိပ်စာ အသုံးအနှုန်းမှာတော့ ငြင်းဆိုဝါကျနဲ့၊ မေးခွန်းဝါကျပြောင်းဖို့အတွက် Did ကို အသုံးပြုပြီးတော့လည်း ရေးဖွဲ့ကြပါတယ်။

ဥပမာ ။ ။ (ငြင်းဆို)

- He used to go to bed early.
He usedn't to go to bed early.
(or) He didn't use to go to bed early.

(မေးခွန်း)

- He used to go to bed early.
Used he to go to bed early? (or)
Did he use to go to bed early?

**In the negative and interrogative it is conjugated without the auxiliary verb "*do*", but in present-day English it is quite common to find it conjugated with the auxiliary verb "*do*".**



In the negative and interrogative it is conjugated without the auxiliary verb *"do"*, but in present-day English it is quite common to find it conjugated with the auxiliary verb *"do"*.

e.g.
- Used he to visit you regularly?
- Did he use to visit you regularly?
- She used to grumble very much.
- She usedn't (usen't) to grumble very much.
- Used she to grumble very much?
- Did she use to grumble very much?

Note also the interrogative phrases in the following example:

- I used to live in London.
  Did you? (or) Used you?.
- You used to live in London, didn't you? (or) usedn't you?

Note that the final sounds of this verbs are *st*, not *zd*.

*ELEMENTARY ENGLISH (PAGE. 32)*

The normal question form is *did ..... use to ......* ?
- Did you *use to eat* a lot of sweets when you were a child?

The negative form is *didn't use to ........* (or *used not to*.)
- Jack *didn't use to go* out very often until he met Jill.

*E. G. IN USE (PAGE. 50)*

(E. G. IN USE P. 50)

## OUGHT TO = သင့်သည်။

ပြုလုပ်သင့်တယ်၊ ဆောင်ရွက်သင့်တယ်ဆိုတဲ့ (တာဝန်ရှိတဲ့၊ လုပ်သင့်တဲ့) သဘောအဓိပ္ပာယ်ကို ဖော်ပြချင်ရင် ought to ကို အသုံးပြုရပါတယ်။ (သင့်သည်လို့ အဓိပ္ပာယ်ထွက်တဲ့ should နဲ့ အသုံးတူပါတယ်။)

၁။ ought to ကို ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် ကာလသုံးမျိုးလုံးအတွက် သုံးနိုင်ပါတယ်။

ပစ္စုပ္ပန်နဲ့ အနာဂတ်ကာလမှာ ought to ကို သုံးရင် အလုပ်တစ်ခုကို လုပ်သင့်တယ်၊ လုပ်ထိုက်တယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့သုံးတာဖြစ်ပါတယ်။ အဲဒီ အဓိပ္ပာယ်နဲ့ အတိတ်ကာလအတွက် မသုံးရ ပါဘူး။ အတိတ်ကာလအတွက် ought to ကို သုံးရင်တော့ အလုပ်တစ်ခုကို အတိတ်က လုပ်သင့်လုပ် ထိုက်ခဲ့တာ မှန်တယ်၊ ဒါပေမယ့် မလုပ်ဖြစ်ခဲ့ဘူးဆိုတဲ့ အဓိပ္ပာယ်နဲ့ သုံးတာ ဖြစ်ပါတယ်။

Present Tense နဲ့ Future Tense အတွက် ought to ပုံစံကို သုံးရပါတယ်။

ဥပမာ - Ought he to go? Yes, he ought.
သူသွားသင့်သလား။ အင်း ‥ သွားသင့်ပါတယ်။

- You oughi to start at once.
မင်းတို့ ချက်ချင်းပဲ စ(တင်) လုပ်သင့်တယ်။

- Such things ought not to be allowed.
ဒါမျိုးတွေ ခွင့်မပြုသင့်ဘူး။

Past tense အတွက် Ought to have + V3 ပုံစံကို သုံးရပါတယ်။
ဒါပေမယ့်
("ပြုလုပ်သင့်ခဲ့တယ်၊ ပြုလုပ်ခဲ့ဖို့ကောင်းတယ်၊ ဒါပေမယ့် မလုပ်ဖြစ်ခဲ့ဘူး။)ဆိုတဲ့ သဘော အဓိပ္ပာယ် သက်ရောက်ပါတယ်။

ဥပမာ - I am feeling sick. I *ought not to have eaten* green mangoes.
နေမကောင်းဘူးကွာ၊ သရက်သီးစိမ်းတွေ မစားသင့်ခဲ့ဘူး။
(ဒါပေမယ့် စားမိခဲ့တယ်လို့ ဆိုလိုပါတယ်။)

- I *ought to have studied* my lessons regularly.
စာတွေမှန်မှန်ကျက်ခဲ့ဖို့ သင့်တယ်။
(တကယ်က မကျက်ခဲ့လို့ ပြောတဲ့စကား)

- You *ought to have told* me that yesterday.
ဒီအကြောင်းကို မင်းမနေ့က ငါ့ကိုပြောခဲ့သင့်တာပေါ့။ (တကယ်က မပြောခဲ့လို့ ပြောတဲ့ စကား)

- You *ought to have done* earlier.
မင်း စောစောက လုပ်ခဲ့သင့်တာပေါ့ (မလုပ်ခဲ့လို့ ပြောတဲ့ စကား)

- He *ought to have done* his homework last night.
မနေ့ညက သူ့အိမ်စာတွေ လုပ်သင်ခဲ့တယ်။
(ဒါပေမယ့် မလုပ်ခဲ့ဘူးလို့ ဆိုလိုပါတယ်။)



Ought is also used in the past in the same way as should. In the case of ought, however, the past form is obtained by changing the infinitive of the accompanying verb to perfect form.

e.g. You *ought to have prepared* your homework before coming to class.
I *ought to have telephoned* Mr. Smith this morning. (but I forgot to do so.)

*GRADED EXERCISES (PAGE. 67)*

***I ought to have telephoned* Mr. Smith this morning. (but I forgot to do so.)**

Graded Exercises (P. 67)

၂။ ought to ကို subject အနည်းကိန်း အများကိန်း နှစ်မျိုးလုံးနဲ့ တွဲဖက်ရေးသားနိုင်ပါတယ်။

ဥပမာ - We ought to study English.
(ကျွန်ုပ်) တို့ အင်္ဂလိပ်စာကို လေ့လာသင့်တယ်။

- He ought to go to school.
သူ ကျောင်းတက် (သွား) သင့်တယ်။

- I ought to read the newspaper.
ငါ သတင်းစာဖတ်သင့်တယ်။

၃။ ought to နဲ့ ရေးထားတဲ့ ဝါကျတစ်ကြောင်းကို ငြင်းဆိုဝါကျပြောင်းမယ်ဆိုရင် ought ရဲ့အနားမှာကပ်ပြီး not ထည့်ရတယ်။
မေးခွန်း ဝါကျပြောင်းမယ်ဆိုရင်တော့ ought ကို ဝါကျရဲ့ရှေ့သို့ ဂိုရပါတယ်။

ဥပမာ They ought to play football.
They ought not to play football.
Ought they to play football?

မိမိဆိုလိုချင်တဲ့ အဓိပ္ပာယ် အယူအဆပေါ်မူတည်ပြီး …

**I told him that he ought to have done it. (i.e. in the past)** လို့လဲ ရေးနိုင်ပါတယ်။

> Ought has no Past Tense, no Infinitive and no Participles. Ought is used as a Past Tense in Reported Speech.
>
> e.g. - He asked me what ought to be done.
> - He said that he ought to be in his office.
>
> It also refers to the Past when it is followed by a Perfect Infinitive.
>
> e.g. - The work ought to have been done long ago.
>
> *ELEMENTARY ENGLISH (PAGE. 28)*

၅။ အချိန်ပြပုဒ်တွေမပါဘဲ၊ ဖော်ပြရေးသားရင်တော့ ယေဘုယျသဘောကို ဆောင်ပါတယ်။

ဥပမာ - We ought to get up early.
(ကျွန်ုပ်တို့) အိပ်ရာက စောစောထသင့်တယ်။
- Every student ought to study the lessons regularly.
ကျောင်းသားတိုင်း စာမှန်မှန်ကျက်သင့်တယ်။
- We ought to obey our parents.
(ကျွန်ုပ်တို့) မိဘစကားကို နားထောင်သင့်တယ်။

၆။ အနာဂတ် အချိန်ပြပုဒ်နဲ့ယှဉ်တွဲပြီးသုံးရင်တော့ အနာဂတ်ကာလမှာ ဖြစ်ရပ်တစ်ခုကို ပြုလုပ်သင့်ကြောင်း ဖော်ပြသုံးနှုန်းတာဖြစ်ပါတယ်။

ဥပမာ - They ought to do it tomorrow.
ဒါကို (သူတို့) မနက်ဖြန်မှ လုပ်သင့်တယ်။
- He ought to buy this house next year.
ဒီအိမ်ကို လာမယ့်နှစ်မှာ ဝယ်သင့်တယ်။

၇။ ယခုလောလောဆယ် ပစ္စုပ္ပန်ကာလမှာ အလုပ်တစ်ခုကို လုပ်ဆောင်သင့်ကြောင်း ဖော်ပြချင်ရင်တော့ … ought to be + V-ing ပုံစံကို အသုံးပြုပြီး ရေးသားရပါတယ်။

You ought to be sleeping now.
မင်း ခုအိပ်သင့်နေပြီ။



၈။ အကြံပေးတဲ့သဘော၊ အလိုရှိအပ်တဲ့သဘော (what is advisable, desirable on right) နဲ့လဲ သုံးလို့ရပါတယ်။

ဥပမာ 1. There ought to be more buses during the rush hours.
လူကြပ်တဲ့အချိန်မှာ ဘတ်စ်ကားတွေ (ပိုမိုပြီး) တိုးပြေးဆွဲသင့်တယ်။
2. You ought (i.e. I advise you) to see that new film at the Odeon.
ရုပ်ရှင်အသစ်ကို မင်းသွားကြည့်သင့်တယ်။ (အကြံပေး)
3. Coffee ought to be drunk while it is hot.
ကော်ဖီဆိုတာ ပူပူလေးသောက်သင့်တယ်။

၉။ ဖြစ်နိုင်တဲ့သဘော (probability) နဲ့လည်း သုံးနိုင်ပါတယ်။

ဥပမာ 1. If he started at nine, he ought to be here now.
သူ ၉ နာရီကထွက်ခဲ့ရင် ခု သူဒီမှာ ရောက်နေသင့်တယ်။
2. That ought to be enough fish for three people, I think.
ငါးတွေက လူသုံးယောက်စာအတွက်တော့ လုံလောက်မယ်လို့ ငါထင်တယ်။
3. Mar Mar Min ought to win the race.
မာမာမင်း ပြိုင်ပွဲမှာ နိုင်လောက်တယ်။

## OUGHT နဲ့ SHOULD

Ought အကြောင်းကို အပေါ်မှာ ရှင်းပြခဲ့ပြီး ဖြစ်ပါတယ်။

Ought နဲ့ အဓိပ္ပာယ်တူ "သင့်သည်" ဆိုတဲ့ (duty or obligation) သဘော၊ အဓိပ္ပာယ်နဲ့သုံးတဲ့ should ရဲ့ အသုံးအနှုန်းကိုလည်း သတိပြုမှတ်သားရပါမယ်။

ပစ္စုပ္ပန်နဲ့ အနာဂတ်ကာလကို ရည်ညွှန်းဖော်ပြချင်ရင်တော့ should + V1 (Present) ပုံစံကို သုံးရပါတယ်။

ဥပမာ - You should study your lessons.
မင်း စာကျက်သင့်တယ်။

- I should answer this question.
  ဒီမေးခွန်းကို ငါဖြေသင့်တယ်။

Should ရဲ့ဆိုလိုချက် အဓိပ္ပာယ်ကိုတော့ သတိပြုရပါမယ်။ should နဲ့ ရေးထားရင် ရေးထားတဲ့ဝါကျရဲ့ ဆန့်ကျင်ဘက်အဓိပ္ပာယ်ကို ကောက်ယူရပါတယ်။

- You should study your lessons.
  "မင်း စာကျက်သင့်တယ်" ဆိုတဲ့ဝါကျဟာ စာမကျက်လို့ ပြောတာဖြစ်တယ်။
- I should answer this question.
  "ငါ ဒီမေးခွန်းကို ဖြေသင့်တယ်" ဆိုတာ ဒီမေးခွန်းကို မဖြေဖြစ်လို့ ပြောတယ်လို့ အဓိပ္ပာယ်ကောက်ယူရပါတယ်။

❁

အတိတ်ကာလကို ရည်ညွှန်း ဖော်ပြချင်ရင်တော့ should have + V3 ပုံစံကို အသုံးပြုရပါတယ်။

အတိတ်တစ်ချိန်က အလုပ်တစ်ခုကို ပြုလုပ်သင့်ခဲ့တာမှန်တယ်၊ တကယ်တမ်း အဲဒီလုပ်သင့်လုပ်ထိုက်တာကို မလုပ်ခဲ့ဘူးဆိုတဲ့ အဓိပ္ပာယ်သက်ရောက်ပါတယ်။

အဲဒီလို လုပ်သင့်တဲ့အလုပ်ကို မလုပ်ဖြစ်ခဲ့တာ၊ မလုပ်သင့်တဲ့အလုပ်ကို လုပ်ခဲ့မိတာတွေကို ဖော်ပြချင်ရင် should have + V3 ပုံစံကို သုံးရပါတယ်။

ဥပမာ He should have studied before his examination.
(but he did not.)
စာမေးပွဲမတိုင်ခင်က သူစာကျက်ခဲ့ သင့်တာပေါ့။ (စာမကျက်ခဲ့လို့ ပြောတာ)

You should not have told him the truth.
(but you did.)
မင်း သူ့ကို အမှန်တွေ သွားမပြောသင့်ခဲ့ဘူး။ (ဒါပေမယ့် မင်းက အမှန်ကို သွားပြောခဲ့မိတယ်လို့ ဆိုလိုတယ်။)

❁



### Exercise No. (184)

**Supply the corrrect form of *should* in the following.**

1. I .......... (study) my lessons today.
2. I .......... (do) my homework last night.
3. She .......... (go) to the doctor tomorrow.
4. She .......... (go) to the doctor last week.
5. You .......... (send) this cable to Mandalay yesterday.
6. Everybody .......... (learn) English every day.
7. They .......... (learn) English last year before they went to America.
8. You .......... (reply) this letter as soon as you received it.
9. You .......... (hear) Cho Pyone's song last night. It was ver sweet.
10. If I were you, I .......... (sell) this old car.
11. If I had known your address, I .......... (write) to you.
12. He .......... (tell) her about it yesterday.
13. We .......... (see) that film when it was here last week.
14. She .......... (know) by now that it is impossible.
15. She .......... (know) by then that it was impossible.

❁

### Exercise No. (185)

**Supply the correct form of *"ought"* in the following.**

1. You .......... (pay) what you owe.
2. We .......... (finish) our work before we go out.
3. We .......... (finish) our work yesterday.
4. You .......... (do) it tomorrow.
5. You .......... (not smoke) so much, you are wasting your money.
6. You .......... (take) those books back to the library last week.
7. We .......... (not cross) the road when the lights are red.
8. We .......... (not cross) the road when the lights were red.
9. She .......... (obey) her parents.
10. You .......... (wait) till the lights were green before crossing the road.
11. You .......... (buy) a new pen: this one is broken.
12. Aye Aye .......... (study) harder if she wishes to pass.
13. You .......... (begin) to study English a long time ago.
14. We .......... (be) more careful of our health.
15. You .......... (go) to the play with us last night.

❁

## SHOULD နဲ့ HAVE TO

Should ရော၊ have to နှစ်ခုလုံးကို အလုပ်တစ်ခုနဲ့ပတ်သက်ပြီး လုပ်သင့်လုပ်ထိုက်တဲ့ (duty and obligation) သဘောနဲ့ ရေးသားပြောဆိုတဲ့အခါမှာ သုံးပါတယ်။ ဒါပေမယ့် ..

should = ကို လုပ်သင့်လုပ်ထိုက်ရက်သားနဲ့ မလုပ်ဖြစ်တဲ့အခါမှာ သုံးပါတယ်။
have to = ကို လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်ဖြစ်တဲ့အတွက် လုပ်တယ်၊ လုပ်ဖြစ်တယ်လို့ ဖော်ပြချင်တဲ့အခါမှာ သုံးပါတယ်။

### *Exercise No. (186)*

**In the blanks of the sentences below, supply the proper form of either "*should*" or "*have to*".**

1. I ........... (go) to Ngapali tomorrow. (And I shall go.)
2. I ........... (go) to Ngapali last week but I was too busy.
3. He ........... (do) his homewrok yesterday, but he was too tired and went to bed early.
4. I ........... (call) U Mya Win yesterday but I forgot.
5. I wanted to go to the movie last night, but I ........... (stay) at home and study my lessons.
6. I am sorry I could not visit you last night, but I ........... (work) very late.
7. U Chit Swe could not come to his office because he ........... (attend) a meeting.
8. You ........... (ask) permission before you went back home yesterday. The teacher was very angry.
9. She is seriously ill. She ........... (take) the medicine.
10. I have a bad toothache. I ........... (go) to the dentist.
11. She ........... (go) to the doctor yesterday as she was ill.
12. The children don't ........... (go) to school on Sundays and holidays.
13. He is in debt and is very poor now. He ........... (sell) his car.
14. I ........... (write) this letter last week (but I did not do it.)
15. She ........... (buy) oil yesterday but she forgot.



## NEED = လိုအပ်သည်

Need ကို ကြိယာအနေနဲ့သုံးရင် အသုံးနှစ်မျိုးရှိပါတယ်။

(a) Ordinary Verb လိုအပ်သည် လိုချင်နေသည်ဆိုတဲ့ ရိုးရိုးအဓိပ္ပာယ်နဲ့ သုံးတဲ့ need

(b) Defective Verb တာဝန် (သို့) လိုအပ်ချက်တစ်ခုခုအရ အလုပ် တစ်ခုကို လုပ်ဖို့ လိုအပ်တယ်၊ (သို့) မလိုအပ်ဘူး။ (to be under an obligation to do something, to be under a necessity to do something) ဆိုတဲ့ အဓိပ္ပာယ်နဲ့သုံးတဲ့ need တို့ ဖြစ်ကြပါတယ်။

(a) ရိုးရိုးကြိယာ (need) ကို စားသည်၊ သောက်သည်၊ နေသည်၊ ထိုင်သည်၊ သွားသည်၊ လာသည် ဆိုတဲ့ အခြားကြိယာတွေလိုပဲ သုံးရပါတယ်။

ဥပမာ

1. We *need* warm clothes in the cold season.
   ဆောင်းတွင်းမှာ အနွေးထည် လိုအပ်တယ်။
2. You *will need* warm clothes when you go to Taunggyi.
   တောင်ကြီးကို သွားတဲ့အခါ အနွေးထည်လိုလိမ့်မယ်။
3. He *needed* much money last year.
   မနှစ်က သူ ပိုက်ဆံအများကြီး လိုခဲ့တာပေါ့။
4. *Do you need* warm clothes?
   မင်းအနွေးထည်တွေ လိုသလား။
5. We *do not need* warm clothes.
   အနွေးထည်တွေ မလိုပါဘူး။

(Ordinary verb) ရိုးရိုးကြိယာအနေနဲ့ ရေးတဲ့အခါကာလ (Tense) အမျိုးမျိုးနဲ့ ရေးသားနိုင် ပါတယ်။ မေးခွန်း (သို့မဟုတ်) ငြင်းဆိုဝါကျများအဖြစ် ရေးမယ်ဆိုရင်လဲ Do, Does, Did သင့်တော်ရာ အကူကြိယာ တစ်လုံးလုံးနဲ့ တွဲဖက်ရေးသားရပါတယ်။

(b) need ကို တာဝန် (သို့မဟုတ်) လိုအပ်ချက်တစ်ခုခုအရ လုပ်ဖို့လိုအပ်တယ်၊ မလိုအပ်ဘူးဆိုတဲ့ အဓိပ္ပာယ်နဲ့သုံးတဲ့ Defective Verb ဆိုရင်တော့ …

- Simple Present Tense တစ်မျိုးတည်းနဲ့ပဲ သုံးရပါတယ်။
- မေးခွန်းဝါကျအဖြစ် ရေးမယ်ဆိုရင် need ကို ဝါကျရဲ့ရှေ့သို့ ပို့ရပါတယ်။
- ငြင်းဆိုဝါကျအဖြစ် ရေးမယ်ဆိုရင် need အနားမှာကပ်ပြီး not ထည့်ရပါတယ်။
- need ကို မေးခွန်းနဲ့ ငြင်းဆိုဝါကျတွေမှာသာ သုံးရပါတယ်။

ဥပမာ
- Need you go so soon?
  ဒီလောက် စောစောသွားဖို့ လိုအပ်လို့လား။
- You needn't go yet, need you?
  မင်းသွားဖို့ မလိုအပ်သေးပါဘူး၊ လိုအပ်လို့လား။
- I needn't go.
  ငါသွားဖို့ မလိုအပ်ပါဘူး။

need ကို မေးခွန်းဝါကျနဲ့ ငြင်းဆိုဝါကျတွေမှာ သုံးရကြောင်း အပေါ်မှာ ဖော်ပြခဲ့ပြီးဖြစ်ပါတယ်၊ ရိုးရိုးဝါကျ၊ အဟုတ်ဝါကျ (Affirmative) အနေနဲ့ သုံးမယ်ဆိုရင် have to, must စသည်တို့နဲ့ ရေးသားရပါတယ်။

ဥပမာ ငါသွားဖို့ လိုအပ်တယ်ဆိုတဲ့ (Affirmative) သဘော ရေးမယ်ဆိုရင် …
1. I have to go.
2. I must go.
3. It is necessary for me to go.
4. I am obliged to go.

စသည်ဖြင့် ရေးသားရပါတယ်။

Direct Speech ကနေ Indirect Speech ပြောင်းတဲ့အခါမှာတော့ need not ကို အတိတ်ကာလ ရည်ညွှန်းတဲ့သဘောနဲ့ သုံးနိုင်ပါတယ်။

ဥပမာ He said to the children, "You need not stay."
He told the children that they need not stay.

need not + have + V3 ပုံစံနဲ့ ရေးမယ်ဆိုရင်တော့ အတိတ်ကဖြစ်စဉ်တစ်ခုခုကို ရည်ညွှန်းသုံးနှုန်းတာ ဖြစ်ပါတယ်။ အတိတ်က အလုပ်တစ်ခုကိုလုပ်ဖို့ မလိုအပ်ဘူး၊ ဒါပေမယ့် လုပ်ခဲ့တယ်ဆိုတဲ့ သဘောအဓိပ္ပာယ်နဲ့ သုံးပါတယ်။

ဥပမာ We *need not have hurried* so much.
တို့တွေ ဒီလောက် အလျှင်စလို ကတိုက်ကရိုက်လုပ်ဖို့ မလိုအပ်ခဲ့ပါဘူး။



> *Need not* with a perfect infinitive may refer to the past.
> *ELEMENTARY ENGLISH (PAGE. 29)*

**သတိပြုဖို့**

need ကို (ordinary verb) ရိုးရိုးကြိယာအဖြစ် သုံးနှုန်းရေးသားတဲ့အခါ သတိပြုပါ။

Present Tense အနေနဲ့ ရေးတဲ့အခါ Subject (ကတ္တား) က He, She, It စတဲ့ အနည်းကိန်းတွေဖြစ်နေရင် need မှာ "s" ထည့်ပေးရပါတယ်။

ဥပမာ He *needs a new book.*
သူ စာအုပ်တစ်အုပ်လိုတယ်။

need ကို (Defective Verb) အဖြစ် သုံးနှုန်းရေးသားမယ်ဆိုရင်တော့ Subject (ကတ္တား) အနည်းကိန်း ဖြစ်ပေမယ့်လဲ need မှာ "s" ထည့် မပေးရပါဘူး။

ဥပမာ He need not go at once.
သူ အခုချက်ချင်း သွားဖို့ မလိုအပ်ဘူး။

## NEED ကို ငြင်းဆိုဝါကျအဖြစ် ရေးတဲ့အခါ သတိပြုဖို့

need ကို ကြိယာအဖြစ်သုံးတဲ့အခါ အသုံးနှစ်မျိုးရှိကြောင်း အပေါ်မှာ ရှင်းပြခဲ့ပြီးဖြစ်ပါတယ်။

(need ရဲ့ အသုံးအနှုန်းပေါ်မူတည်ပြီး) ငြင်းဆိုဝါကျရေးဖွဲ့တဲ့အခါ need not နဲ့ (do, does, did + not) နှစ်မျိုးလုံး ရေးသားနိုင်တယ်။

need not (needn't) နဲ့ ရေးတဲ့အခါ၊ ကြိယာရဲ့ရှေ့က "to" ခံမပေးရပါဘူး၊ to နဲ့ တွဲဖက်ပြီး မရေးရပါဘူး။ (do, does, did + not) နဲ့ ရေးမယ်ဆိုရင်တော့ to နဲ့ တွဲဖက်ပြီးရေးသားရပါတယ်။

ဥပမာ Present Tense ဆိုရင် …
1. We needn't go back yet. (OR)
   We do not need to go back yet.

Past Tense ဆိုရင် …
2. We needn't have gone back yet. (OR)
   We didn't need to go back yet.

> Sometimes *"need"* has *"needn't"* and sometimes it has *"don't need"* as its negative. When it is followed by "to + infinitive", the negative must be "don't need". When it is followed by an infinitive without "to", it is *"needn't"*.
>
> *A GUIDE TO CORRECT ENGLISH (PAGE. 288)*
> *(L. A. HILL)*

> Instead of *"needn't"* you can use *"don't/ doesn't need to"*.
>
> *ENGLISH GRAMMAR IN USE (PAGE. 66)*

## DIDN'T NEED TO နဲ့ NEEDN'T HAVE ရဲ့ ကွာခြားချက်

အလုပ်တစ်ခုကို လုပ်ဖို့မလိုအပ်ဘူး … ဆိုတဲ့ အဓိပ္ပာယ်နဲ့ ရေးဖွဲ့မယ်ဆိုရင် didn't need to (သို့) needn't have နှစ်မျိုးလုံးနဲ့ ရေးသားနိုင်ပါတယ်၊ ဒါပေမယ့် ဆိုလိုတဲ့သဘောကတော့ ကွာခြားပါတယ်။

- အဲဒီအလုပ်ကို လုပ်ဖို့ မလိုအပ်ဘူးဆိုတာ လုပ်နေတဲ့အချိန်မှာ သိရက်သားနဲ့လုပ်တာ (သို့မဟုတ်) မလုပ်တာဆိုရင် didn't need to ကို သုံးရပါတယ်။
- လုပ်နေတဲ့အချိန်မှာ လုပ်ဖို့မလိုအပ်ဘူးဆိုတာ မသိရင် needn't have ကို သုံးရပါတယ်။

ဥပမာ
- I didn't need to go, so I didn't go.
  သွားဖို့မလိုအပ်ဘူး (ဆိုတာသိတယ်) ဒါကြောင့် ငါ မသွားခဲ့ဘူး။
- I didn't need to go but I decided to go anyway.
  သွားဖို့မလိုအပ်ဘူး (ဆိုတာသိတယ်) ဒါပေမယ့် ဘယ်နည်းနဲ့ဖြစ်ဖြစ် သွားဖို့ ဆုံးဖြတ်ခဲ့တယ်။
- I needn't have gone. (= I went - this was unnecessary, but I didn't know at the time that it was unnecessary)
  သွားဖို့ မလိုအပ်ဘူး (ဆိုတာ မသိခဲ့လို့ သွားခဲ့မိတယ် … လို့ ဆိုလိုပါတယ်)



> - We use *"didn't need to"* to say that an action was unnecess. This was known at the time of the action.
> - When we use *"needn't have"*, it was not known at the time that the action was not necessary.
>
> *ENGLISH GRAMMAR IN USE (PAGE. 66)*

## DARE = ဝံ့စားသည်။

Dare ကို အဓိကအားဖြင့် မေးခွန်းနဲ့ ငြင်းဆိုဝါကျတွေ conditional Sentence တွေ ရှိဟသံသယကို ဖော်ပြချင်တဲ့ ဝါကျတွေမှာ သုံးပါတယ်။

- မေးခွန်းဝါကျအဖြစ် ရေးမယ်ဆိုရင် Dare ကို ဝါကျရဲ့ရှေ့မှာထားပြီး ရေးရပါတယ်။
- ငြင ဆိုဝါကျအဖြစ် ရေးမယ်ဆိုရင်တော့ Dare ရဲ့အနားမှာ not ကပ်ထည့်ရပါတယ်။
- dare not ရဲ့ အတိုကောက်ပုံစံက daren't ဖြစ်ပါတယ်။

ဥပမာ
- Dare you jump from the top of that building?
  အဲဒီ အဆောက်အဦရဲ့အပေါ်ကနေ မင်းခုန်ချရဲသလား။
- I dare not jump from the top of that building.
  အဲဒီ အဆောက်အဦပေါ်ကနေ ငါ ခုန်မချရဲဘူး။
- I don't know whether he dare try.
  I daren't do it.
  သူတော့ ခုန်ချရဲ၊ မရဲ မသိဘူး။ ငါတော့ မလုပ်ရဲဘူး။
- Dare you go there alone?
  အဲဒီနေရာကို မင်းတစ်ယောက်တည်း သွားရဲလား။ (သွားဝံ့လား)
- I dare not go there alone.
  ငါ တစ်ယောက်တည်း မသွားရဲဘူး။

**သတိပြုဖို့**

Subject အနည်းကိန်း (He, She, It, … စသည်) တွေနဲ့ တွဲဖက်ရေးသားတဲ့အခါမှာလဲ dare ကို s နဲ့တွဲဖက်ပြီး (Present Tense အနည်းကိန်းအနေနဲ့) မရေးရပါဘူး။

ဥပမာ
- Dare he do it?
  ဒါကို သူလုပ်ရဲသလား။

- He dare not do it.
  သူ မလုပ်ရဲဘူး။

dare ကို မေးခွန်း၊ ငြင်းဆိုဝါကျတွေအဖြစ် ရေးဖွဲ့တဲ့အခါ အကူကြိယာ V/Do နဲ့ တွဲဖက်ပြီးတော့လည်း ရေးသားနိုင်ပါတယ်။

ဥပမာ

- Dare he go there? ကို
  Does he dare *to* go there?
- Dare he do it? ကို
  Does he dare *to* do it?
- He dare not do it. ကို
  He does not dare *to* do it.
- He dared not visit me. ကို
  He didn't dare to visit me.

စသည်ဖြင့် ပြောင်းလဲရေးသားနိုင်ပါသေးတယ်၊ အကူကြိယာ Do, Does, Did နဲ့ တွဲဖက်ရေးသားမယ်ဆိုရင် ကြိယာရဲ့ရှေ့က to ခံပေးရပါတယ်။ ဒီနေ့ခေတ် အသုံးအနှုန်းမှာတော့ V/Do ဖော်ပြီး သုံးတာက များပါတယ်။

> Note that when conjugated without the auxiliary verb *"do"*, the infinitive is used without *"to"*.
> e.g. I dare not go there.
> But when conjugated with the auxiliary verb *"do"*, the infinitive requires *"to"*.
> e.g. He didn't dare *to* visit me.
> In present-day English the forms with *"do"* seem to be becoming more frequent.
> *ELEMENTARY ENGLISH IN USE (PAGE. 30)*

# CHAPTER XXXI



# PUNCTUATION

# PUNCTUATION

Punctuation ဆိုတာ ရေးသားထားတဲ့ ဝါကျလေးတွေကို ဖတ်ရှုတဲ့အခါ၊ ဖတ်တဲ့သူ အလွယ်တကူ ဖတ်နိုင်စေဖို့ ရေးထားတဲ့ဝါကျရဲ့ဆိုလိုချက်ကို ပြတ်ပြတ်သားသား ထင်ထင်ရှားရှား နားလည်စေဖို့အတွက် ဝါကျတွေကို ပုဒ်ဖြတ်ပေးတာဖြစ်ပါတယ်။ ပုဒ်ဖြတ်တဲ့ အခါ၊ အောက်မှာ ဖော်ပြထားတဲ့ အမှတ်အသားလေးတွေကို အသုံးပြုရပါတယ်။

| **Name** (အမည်) | **Punctuation Mark** (အမှတ်အသား) |
|---|---|
| 1. Full Stop | . |
| 2. Question Mark | ? |
| 3. Exclamation Mark | ! |
| 4. Comma | , |
| 5. Colon | : |
| 6. Semicolon | ; |
| 7. Dash | – |
| 8. Parentheses also brackets | ( ) |
| 9. Quotation Marks | ' ' " " |
| 10. Hyphen | - |
| 11. Apostrophe | ' |

## THE FULL STOP ( . )

၁။ (မေးခွန်းဝါကျနဲ့ အာမေဋိတ်ဝါကျတွေကလွဲရင်) ဝါကျတစ်ကြောင်းကို အဆုံးသတ်တိုင်း (.) Full stop ကို ထည့်ပေးရပါတယ်။

ဥပမာ I told him the story. (Statement)
Sit down. (Command)
Will you come tomorrow? (Question)
He cried, "Help! Help!" (Exclamation)

၂။ အတိုကောက် စာလုံးတွေရဲ့အဆုံးမှာလဲ (.) Full stop ထည့်ပေးရပါတယ်။

ဥပမာ M.A (= Master of Arts.)
U.S.A. (= Unites States of America)
e.g. (= Latin *exempli gratia*)
= for example
Nov. = November

**သတိပြုဖို့**

စာလုံးတစ်လုံးကို အတိုကောက် အကျဉ်းချုံးပုံစံနဲ့ ရေးတဲ့အခါ အဲဒီစာလုံးရဲ့ အစ စာလုံးနဲ့ အဆုံးစာလုံးနှစ်လုံးကို ပေါင်းစပ်အကျဉ်းချုပ်ပြီး ရေးထားတဲ့ အတိုကောက်ပုံစံဆိုရင်တော့ သူတို့ရဲ့အဆုံးမှာ (.) Full Stop ကို မထည့်ဘဲလဲ ရေးသားနိုင်ပါသေယ်၊ ထည့်ချင်ရင်လဲ ထည့်နိုင်ပါတယ်။

ဥပမာ
Dr. = (Doctor)
Mr = (Mister)
Mt = (Mount)
Mt. Everest
Mrs = (Mistress)

## QUESTION MARK ( ? )

မေးခွန်းဝါကျအသီးသီးရဲ့အဆုံးမှာ (?) Question Mark ကို ထည့်ပေးရပါတယ်။

ဥပမာ
Is she an actress?
Have you done the homework?
Will you help me?
Do you like tea?
What is your name?
How old are you?

**သတိပြုဖို့**

Direct Speech ရဲ့ ပြောစကားအတွင်းက မေးခွန်းဝါကျအဆုံးမှာ (?) ပါပေမယ့် Indirect Speech ပြောင်းတဲ့အခါ Indirect question ဝါကျရဲ့အဆုံးမှာ (?) ကို ထည့်မပေးရပါဘူး။

ဥပမာ
1. (D.S) I said to her, "Why are you late?"
(I. S) I told her why she was late.
2. (D.S) She said to Yan Aung, "Are you busy today?"
(I. S) She told Yan Aung if he was busy that day.



## THE EXCLAMATION MARK ( ! )

အာမေဋိတ် စကားလုံးတို့၊ အာမေဋိတ် ဝါကျတို့ရဲ့ အဆုံးမှာ Exclamation Mark ကို ထည့်ပေးရပါတယ်။

ဥပမာ
- Oh!, Hey!, Alas!, Hello!
- What a beautiful girl!
လှလိုက်တဲ့ မိန်းကလေး
- How cold this room is!
အေးလိုက်တဲ့ အခန်း

## THE COMMA ( , )

(Punctuation) အမှတ်အသားတွေထဲမှာ Comma ဟာ အသုံးအများဆုံး အမှတ်အသားဖြစ်ပါတယ်။

မိမိရေးသားနေတဲ့ ဝါကျကို ဖတ်ရှုသူ ရှင်းရှင်းလင်းလင်း နားလည်စေဖို့ ပုဒ်ဖြတ်သင့်တယ်။ ပုဒ်ဖြတ်ဖို့ လိုအပ်တယ်လို့ သတ်မှတ်ထားတဲ့နေရာလေးတွေမှာ (,) comma ကို ထည့်ပေးရပါတယ်။ comma ကို (များသောအားဖြင့်) အောက်မှာ ဖော်ပြထားတဲ့ နေရာတွေမှာ သုံးပါတယ်။

(၁) စကားလုံး သုံးလေးငါးလုံးကို (and) သို့ (or) နဲ့ ဆက်တဲ့အခါ အဲဒီစကားလုံး အသီးသီးရဲ့ကြားမှာ Comma ထည့်ပေးရတယ်။

ဥပမာ
1. We can see **red**, **pink**, **yellow** and **white** roses in the garden.
2. He may be **honest**, **simple** or **kind**.

(၂) Nouns in Apposition တွေနဲ့ ရေးတဲ့အခါ အထူးပြုပုဒ်နဲ့ မူတည်ပုဒ်ရဲ့ကြားမှာ Comma ထည့်ပေးရတယ်။

ဥပမာ
1. U Su, our teacher, goes to school.
2. Cho Cho, a singer, and Moe Moe, a dancer, are friends.

(၃) အပြောခံရသူ၊ အမေးခံရသူနဲ့ အခြားစကားလုံး (သို့) ဝါကျရဲ့ကြားမှာ Comma ထည့်ပေးရတယ်။

ဥပမာ
1. "What is it, dear?" asked Sue.
2. "I will come to you, Thet Thet," said Than Than.

(၄) Clause တချို့ရဲ့ကြားမှာ Comma ထည့်ပေးရတယ်။

ဥပမာ 1. If you try hard, you will pass the examination.
2. When I see my friend, she is very happy.
3. You should study regula:ly, or you will fail in the examination.

❊

(၅) Sentence Modifier နဲ့ Sentence ရဲ့ကြားမှာ Comma ထည့်ပေးရတယ်။

ဥပမာ 1. Sitting under a tree, she waited for her friend.
2. Sitting at the table, Htay Htay does he: homework.

❊

(၆) အောက်မှာဖော်ပြပါထားတဲ့ စကားလုံးတွေ၊ စကားစုတွေရဲ့ အဆုံးမှာ Comma ခံပေးရတယ်။

| | | |
|---|---|---|
| 1. Therefore | 2. However | 3. Then |
| 4. Moreover | 5. Besides | 6. That is |
| 7. For instance | 8. For example | 9. By the way |
| 10. In fact | 11. At last | 12. Finally |

ဥပမာ 1. Driving in the night is dangerous and one should, there fore, be very careful.
2. In fact, I don't even know her name.

❊

(၇) ရှည်လျားတဲ့ဝါကျတွေကို and, as, for, or စတဲ့ Conjunction တွေနဲ့ ဆက်တဲ့အခါ Comma ထည့်ပေးရတယ်။

ဥပမာ 1. We had been looking forward to meeting Nyo N yo's husband, but discovered that he was not as pleasant as we had hoped.

❊

(၈) လူတစ်ယောက် ပြောတဲ့စကားကို အဲဒီလူပြောတဲ့အတိုင်း အတိအကျဖော်ပြတဲ့ Direct Speech နဲ့ ရေးတဲ့ဝါကျတွေမှာ - အဲဒီ ပြောစကား နဲ့ ဝါကျထဲမှာရှိတဲ့ ကျန်စကားလုံးတွေရဲ့ကြားမှာ Comma ထည့်ပေးရတယ်။



ဥပမာ 1. Aung Thu said, "I love you more than I can say."
2. "Do the homework," said the teacher.
3. "Study your lessons, "said U Win, "or you will fail in the examination."

**ခြွင်းချက်**

တိုက်ရိုက်ပြောစကားဟာ မေးခွန်းတို့၊ အာမေဍိတ်ဝါကျတို့ဖြစ်နေရင်တော့ Comma မထည့်ရပါဘူး။

ဥပမာ "What are you doing?", said Hay Mar.
"How clever you are!" said Soe Soe.

❊

